အာဒိစ္စဝံသ၊ ပဝရနေနှုန်း၊ ရွှေဘုန်းတော်သခင်၊ မြန်မာဘုရင်
အရှင် ကောရာဇ်မင်းမြတ်တို့ အုပ်ချုပ်စိုးစံတော်မူစဉ်ကာလ
လွှတ်ရုံးငါးရပ်နှင့်တကွ
ထီးနန်းတွင် ပြောဆိုသုံးနှုန်းသည့် စကားရပ်များကို
ပြတ်သားရှင်းလင်းစွာ
အဓိပ္ပါယတ္ထ ဖွင့်ဆိုပြအပ်သော

# ရွှေနန်းသုံး
# ဝေါဟာရအဘိဓာန်

## ပဌမတွဲ

ပင်စင်အငြိမ်းစား-ဝန်ထောက်မင်း
ဦးမောင်မောင်တင်-K. S. M., A. T. M. စီရင်ရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၃၇ ဒီဇင်ဘာလ ၁၉၇၅

၁၁၃၇၉

အာဒိစ္စဝံသ၊ ပဝရနေနန်း၊ ရွှေဘုန်းတော်သခင်၊ မြန်မာဘုရင်
အရှင် ကောရာဇ်မင်းမြတ်တို့ အုပ်ချုပ်စိုးစံတော်မူစဉ်ကာလ
လွှတ်ရုံး ငါးရပ်နှင့်တကွ
ထီးနန်းတွင် ပြောဆိုသုံးနှုန်းသည့် စကားရပ်များကို
ပြတ်သားရှင်းလင်းစွာ
အဓိပ္ပါယ်ဖွင့်ဆိုပြအပ်သော

# ရွှေနန်းသုံး
# ဝေါဟာရအဘိဓာန်

## ပဉ္စမတွဲ

ပင်စင်အငြိမ်းစား-ဝန်ထောက်မင်း
ဦးမောင်မောင်တင်-K. S. M., A. T. M. စီရင်ရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ နိုဝင်ဘာလ ၁၉၇၅

မူပိုင်စာအုပ်ရှင်–ဦးတင်မောင်မောင်ကလေး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေး
ဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး
ဦးလှမောင် M.A., M.S., B.L ( မှတ်ပုံတင်အမှတ် ၀၁၇၉/၀၅ ၂၂)က
ပုံနှိပ်ထုတ်ဝေသည်။



ရွှေနန်းသုံး ဝေါဟာရအဘိဓာန်ကျမ်းကို ရေးသားစီရင်သူ
ပင်စင်အငြိမ်းစား ဝန်ထောက်–မောင်မောင်တင် K.S.M.A.T.M. ၏ပုံ

# နိဒါန်း

မြန်မာထီးနန်း၊ ရွှေကြငှန်းထက်၊ ရှစ်ခန်းပလ္လင်၊ မြက်စုံဆင်၍၊ ဥကင်ပတ္တမြား၊ တိုင်းကားနိုင်ငံ၊ အုပ်စိုးစံသည့်၊ ဒိသမ္ပတေ့၊ ဘုန်းဟော့ရာဇိန်၊ ကွာပိန္ဒရိ၊ ဇနိန္ဒိတို့၊ မရှိကွယ်ပ၊ ပရိစ္ဆေဒ၊ သံဝစ္ဆရကား၊ ငါးဆယ့်ငါးနှစ်၊ စင်စစ်ရောက်ရာ၊ သေနာပတိ၊ မည်ရှိဂုဏ်ကြီး၊ အသီးသီးနှင့်၊ ရွှေထီးရွှေနန်း၊ မင်းခမ်းတော်စု၊ ခေါ်မှုသညာ၊ ကျွမ်းလိမ်မာသော၊ မဟာမတ္တ၊ အမစ္စတို့၊ ကင်းပမျို၊ နဒ္ဒိခုဝယ်၊ ဆိုဘွယ်လောက်စွာ၊ ခေတ်ချိန်ခါ၌၊ နောင်လာနောက်သား၊ ယွင်းမမှားရအောင်၊ ရွှေတောင်ဘုံနန်း၊ ထွတ်ကြငှန်း၌၊ ပွင့်လန်းစဉ်လာ၊ လောကဗျူဟာ၊ မင်းရေးရာနှင့်၊ များစွာရှေးထုံး၊ မင်းသုံးမင်းဆောင်၊ အဆောင်မက၊ ဂေါဟာရဖြင့်၊ များလှသင်္ချာ၊ ဆိုဘွယ်ရာကို၊ သချာဂန၊ ထုတ်ဖော်ပြသည့်၊ နိဒါနသိမ်းကျုံး၊ တလုံးတစည်း၊ နိဿယည်းပြုရာ၊ အက္ခရာလေခ၊ ဂန္ထကျမ်းမူ၊ တဆူမှန်ဘိ၊ မြန်ဘူမိတွင်၊ မရှိလစ်ဟင်း၊ ဖြစ်ခဲ့ခြင်းကြောင့်၊ နန်းတွင်းဂေါဟာ၊ သဘောလာကို၊ ယထာဘူတ၊ မှန်ကန်ကျအောင်၊ ညွှန်ပြရှေးထုံး၊ ရွှေနန်းသုံးဟု၊ စီကုံးပြု၍၊ ပေါင်းစုရေးသားပါသတည်း။

ယခုခေတ် သမယ၊ ပစ္စက္ခ၌၊ ဒေသန္တကို၊ မြန်ဘူမိတွင်၊ ဘုရင်သမ္မုတိ၊ မရှိထင်လင်း၊ အကြောင်းရင်းကြောင့်၊ မင်းနှင့်ဆိုင်ရာ၊ ခမ်းနားမှာလည်း၊ ဘယ်ခါသုံးမည်၊ နှလုံးရည်လျက်၊ မြွက်၍တုစ္ဆ၊ အပ္ပသုတပုဂ္ဂိုလ်၊ မလိုစကား၊ သို့တိုင်ငြားလိမ့်၊ စဉ်းစားဘွယ်ရာ၊ အကြောင်းမှာကား၊ ကဗျာဗန္ဓ၊ ကဗျာ့ဝိညူ၊ ပါရဂူထိုတို၊ စာဆိုပညာရှိ၊ ကဝိအများတို့၊ ရေးသားစီကုံ၊ ထုံးဥပဒည်း၊ ရှေးသုံးရေးနည်း၊ ကမ္ဗည်းကျောက်စာ၊ ရာဇဝင်ကျမ်း၊ တတ်ကျွမ်းရေးပြု၊ ရတုရကန်၊ အဲအန်မော်ကွန်း၊ ပေါ်ထွန်းနန်းတွင်း၊ ချေင်းသာယာ၊ ပျို့လင်္ကာနှင့်၊ ကဗျာမြောက်မြား ကင်ရှားဂန္ထ၊ ဖြင့်ပေါ်လှသား၊ မြန်မာ့ကျက်သရေ၊ ပြည့်လင်းဝေအောင်၊ နောင်အနာဂတ်၊ ရှည်လတ်စဉ်လာ၊ ကမ္ဘာပတ်လုံး၊ မဆုံးမခြင်း၊ ထင်လင်းစဉ်ရှည်၊ တည်ရစ်မည်ဖြစ်ရကား၊ နောင်လာနောက်သား၊

သုတပွါးအောင်၊ လိုလားဆန္ဒ၊ ရှိပါလှ၍၊ ရှေးကစာဟောင်း၊ ကဗျာကောင်းတွင်၊ အကြောင်းထူးခြား၊ ထီးနန်းများ၏၊ ကြောင်းလျှားပါသမျှ၊ ဝိသေသဖြင့်၊ ဝါစကကို၊ ကျနစိပ္ပါယ်၊ သိနိုင်ဘွယ်အောင်၊ တစောင်တဘွဲ့၊ ပြဆိုခဲ့သော၊ လောကသင်္ကေတ၊ နိဿယဖြင့်၊ ရဘို့မမြင်၊ ကျွန်ုပ်ထင်မြင်၊ ဆင်ခြင်မိသောကြောင့်၊ ဤသည့် အဘိဓာန်၊ နန်းသုံးမှန်ကို၊ သရုပ်သကန်နှင့်တကွ ပြဆိုပါသတည်း။

ရတနာပုဏ္ဏ၊ နန်းသိင်္ဂကို၊ ပဌမပလ္လင်၊ ဥကင်ဘုံမြင့်၊ ပစ္စုဘွင့်သော၊ မင်းမင့်သခင်၊ ဘဝရှင်လက်ထက်တော်မှ၊ သားတော်ဒုတိယဘုံပျံ၊ ရွှေနန်းစံမင်းတရား လက်ထက်တော်ရောက်၊ မင်းနှစ်ဆက်မြောက်၊ အရှေ့အနောက်၊ ထီးပေါက် နန်းပေါက်၊ တောက်လျှောက်ဝင်ထွက်၊ ငယ်စဉ်သက်မှ၊ အာဒိကမ္မိကအဘ မြင်းမှူးမင်းသား၊ ဘိုးကား ဓမ္မရာဇာခံ မင်းသားကြီး၊ ရွှေထီးလေးချက်၊ ဝင်းဝင်းလက်အောင်၊ ဆောင်းလျက်မိုးကာ၊ မဟာဆွေတော်၊ မျိုးတော်အစစ်၊ ဖြစ်သည်နှင့်အညီ၊ နည်းမှီမြောက်မြား၊ မှတ်သားသုတ၊ ဒိဋ္ဌမျက်မြင်၊ ဘုရင်စံခန်း၊ ထီးနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံတွေ့ဘိ၊ ရှိလေသမျှ၊ ကုံမလည်း၊ သဲလွန်စတွေ့၊ ရသရွှေကို၊ မမေ့အပ်စွာ၊ သာရဏီယကထာ၊ ကောင်းမွန်စွာကို၊ လေ့လာဆည်းပူး၊ ထိုကျေးဇူးကြောင့်၊ အနှောင့်အယှက်၊ ခဲခက်မရှိ၊ ပကတိဘုန်းရောင်၊ ကုန်းဘောင်ရာဇဝင်၊ ဘုရင်ဆယ့်တဆက်၊ ထိုအနက်မှ၊ နှစ်ဆက်ကြွင်းကျန်၊ ရေးသားရန်ကို၊ အမြန်စီရင်၍၊ စက်တင်ပုံနှိပ်ပြီး၊ မင်းကြီးကင်းဝန်၊ မတ်မွန်သမိုင်း၊ တိုင်းသိကျော်ကြား၊ ရွာစည်ရွာစား၊ ထင်ရှားဗျတ္တိ၊ ကဝိကဝေ၊ စလေဦးပုည၏၊ အတ္ထ+ဥပ္ပတ္တိ၊ သိသမျှတိုင်း၊ သမိုင်းယဉ်စွာ၊ ထိုမှလာသော်၊ မဟာဗောဓိ၊ အတုလိယဂိုဏ်း၊ စာသမိုင်းနှင့်၊ တုနှိုင်းဘက်ကွာ၊ မယှဉ်သာသော၊ မဟာမုနိ၊ ဇိနရုပ်ပွါး၊ မြတ်ဘုရား၏၊ ထားရပ်တန်ဆောင်း၊ ကျောင်းတော်ရှေ့ပါး၊ ငွါးငွါးစွင့်စွင့်၊ မြင့်မောက်ဝင်းထိန်၊ သိမ်ပြာသာဒ်ကြီး၊ ရွှေရောင်ညီး၏၊ ကမ္ပည်းထင်စွာ၊ သမိုင်းစာနှင့်၊ ပညာလုံလောက်၊ တမ်းခွန်ဆောက်သည့်၊ ကျောက်စာဝန်မင်း၊ ပုံ့သင်းလွှံကျော်၊ တော်စိန်ခို-C. I. E., I. S. O., K. I. H. ၏ တိုက်တွန်းချက် အရ၊ သာသနာနုဂ္ဂဟ ပကာသနီ၊ ကျမ်းဂမ္ဘီကိုရင်း၊ ကျိုးကြောင်းခြင်းရာ၊ ရှာဖွေကောက်နုတ်၊ ဖော်ပြထုတ်ရန်၊ ပဌမပြန် ကော်မီတီ

ဂိုဏ်း၊ တိုင်းသိ ပြည်ကျော်၊ လှုံ့ဆင်ပေါ်သော၊ ဝတ်လုံတော်ရမင်း **ဦးစံရွှေနှင့် ဦးကျော်ရန်** စသော ပညာရှိ လူကြီးမင်းများက၊ ဥယျောဇန၊ ဝါစကဖြင့်၊မိန့်ဟမြွက်ကြားချက်အရ၊ ပဌမပြုန် ဒီပကစာတမ်း၊ ထိုသိုကျမ်းတို့ပြင်၊ ဘုရင်စိုးစံ၊ ရွှေနန်းပျံ၌၊ သိုက်မြိုက်ယဉ်စွာ၊ စဉ်အလာက၊ သညာခေါ်ဝေါ်၊အမိန့်တော်နှင့်၊ ထင်ပေါ်ရေးထုံး၊ နန်းသုံး ဝေါဟာ၊ ဤကျမ်းစာကို၊ ရာဇဝင်ချုပ်, ရာဇဝင်ကျယ်၊ သွယ်သွယ် မှတ်စု, မှတ်တမ်းတို့မှ၊ ဒဋ္ဌိကမ္မ၊ သုတမင်္ဂလာ၊ ထူးမြတ်ရာကို၊ ယူကာ ပေါင်းထုပ်၊ ရွှေအိုးမြှုပ်သို့၊ ကျွန်ုပ်ပင်စင် အငြိမ်းစား ဝန်ထောက် **မောင်မောင်တင်** K. S. M., A. T. M. သည်၊ ရွယ်လျှင်သက်ဆစ်၊ အနှစ်ခုနစ်ဆယ်၊ စွန်းကယ်ပဥ္စ၊ ရောက်ကာလ၌၊ သုတကာမ၊ သုတရေ၊ သုတသန္နိစယ ပုဂ္ဂိုလ်တို့ အကျိုးငှါ၊ မေတ္တာရည်သန်၍၊ အဘိဓာန်နန်းသုံး၊ ရေးကထုံးကို၊ ပေါင်းရုံး ပြုဆိုပါသတည်း။

### ရွှေနန်းသုံး ဝေါဟာရအဘိဓာန်

### ကျမ်းပြုသူ

# ဦးမောင်မောင်တင်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

**မျိုးရိုးဇာတိ။** ။ဦးမောင်မောင်တင်၏ မျိုးရိုး ဇာတိမှာ—တတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်သည့် ကုန်းဘောင်မင်းဆက် မင်းဆွေစိုးမျိုးဖြစ်သည်၊ အလောင်းမင်းတရားကြီး၏သားတော် ဆင်ဖြူရှင်မင်းတရားနှင့် ယိုးဒယားဘုရင်၏ သမီးတော် (ကျောက်ဖွားစော)ဘွဲ့ခံ ဥပစောပတိ(သခင်ဥ) တို့စုံဖက်ရာတွင် သမီးတော် ထန်းတပင်မြို့စား သီရိပဘာဒေဝီကို ဖွားမြင်သည်။

ယင်းသမီးတော် သီရိပဘာဒေဝီနှင့် ဘိုးတော်မင်းတရားကြီး၏ သားတော် ကောလင်းမင်းသား မင်းရဲမြတ်စွာတို့ စုံဖက်ပြန်ရာတွင် သားတော် သီရိသုဓမ္မရာဇာကို ဖွားမြင်သည်။ နေရာတော်ရ မင်းသားကြီးဖြစ်သည်။

ယင်း မင်းသားကြီး သီရိသုဓမ္မရာဇာနှင့် ယိုးဒယားမင်း၏ မြေးတော် မွန်သစ်တို့စုံဖက်လေရာ သားတော် မြင်းမှူးမင်းသား မင်းရဲသီဟကျော် ထိပ်တင်မောင်ကို ဖွားမြင်သည်။

ယင်း မင်းရဲသီဟကျော်ထိပ်တင်မောင်နှင့် မယ်တော်မွန်သစ်၏ တူမတော် ခင်ယုတို့ စုံဖက်သောအခါ ဤ ရွှေနန်းသုံးဝေါဟာရအဘိဓာန်ကျမ်းနှင့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ၃-တွဲစသော ကျမ်းပေါင်းများစွာတို့ကို ပြုစုသူ ဦးမောင်မောင်တင်ကို ဖွားမြင်သည်။

**ဖွားမြင်သည့်သက္ကရာဇ်။** ။ဦးမောင်မောင်တင်ကို ၁၂၂၈-ခုနှစ် ဝါခေါင်လဆန်း ၁၀-ရက် တနင်းလာနေ့ နံနက် ၈-နာရီအချိန်တွင် မန္တလေးမြို့ နန်းမြို့တွင်းရှိ(အင်္ဂလိပ်အစိုးရ လက်ထက်၌ ကပ္ပွဲရုံကလပ် ခေတ္တလုပ်ထားသည့်)ဘိုးတော်မင်းသားကြီး သီရိသုဓမ္မရာဇာ၏ အိမ်တော်၌ ဖွားမြင်သည်။

**မင်းတုန်းမင်းထံခစား။** ။ဦးမောင်မောင်တင်(ခုနစ်နှစ်)၇-နှစ်သားအရွယ်မှစ၍ ၁၁-နှစ်သားအရွယ်အထိ မင်းတုန်းမင်းတရားကြီး အပါးတော်၌ခစားရသည်။ မင်းတုန်းမင်းတရားကြီး၏ သားတော်၊ တူတော်၊ စော်ဘွား ကြီးများ၏ သားတော်ကလေးများနှင့်အတူ (ဘိနပ်တော်) အမှုထမ်း၍ ခစားရရသည်၊ (ဘုရင်မင်းမြတ်တို့၏ အပါးတွင် နေ့အလှည့် ညဥ့်အလှည့်ဖြင့် အနီးကပ်ဆုံး ခစားကြရသူများမှာ အန္တရာယ် မပြုနိုင်မည့် ကလေးသူငယ် အရွယ်များသာ ဖြစ်သည်၊) ၎င်းကလေးသူငယ်များကလည်း ဆွေတော် မျိုးတော်များနှင့် ဘုရင်မွေးစားထားသော စော်ဘွားကြီးများ၏ သားကလေးများသာ ဖြစ်ရသည်။

**ဘိနပ်တော်ခင်း။** ။ဘိနပ်တော် အမှုထမ်းရသည်မှာ– ဘုရင်မင်းမြတ် အပါးတော်၌ အလှည့်ကျ ဒေါင်းတောင်ခပ်ရသည်၊ သွက်လက်ပေါ့ပါးစွာ ဘုရင်ကြီးခိုင်းစေသမျှ ဘောင်ရွက်၍ ခစားနေရသည်၊ အဆောင်တော်တွင်းမှ ထွက်ကြွသည့်အခါတွင် ဘုရင်မင်းမြတ် ခိုင်းစေသောသူက ဘိနပ်တော်ကို ခင်း၍ ပေးရသည်၊ ၎င်းအခိုင်းခံရသော သူငယ်အား ဆုအဖြစ် ဘုရင်မင်းမြတ် အဆောင်တော်တွင်းသို့ ပြန်ဝင်လာသောအခါ၌ အဆောင်ဝတွင်ချိတ်ဆွဲထားသည့် အရုပ်မျိုးစုံမှ အရုပ်တရုပ်ကို ဖြုတ်၍ ပေးသနားခံရသည်၊ သို့ဖြစ်၍ ကလေးငယ်များသည် အမြဲမပြတ် ဘုရင်မင်းမြတ်ကြီး၏ အရိပ်အခြေကို အကဲခပ်၍ နေကြရသည်၊ ကလေးတို့ဘ၁၀ အရုပ်ဆုကို မျှော်ကိုး၍ ဘုရင်မင်းမြတ် ခိုင်းစေရန်ကို မြော်လင့်တောင့်တ၍ ဖြတ်ဖြတ်လတ်လတ် ရှိနေကြပေသည်။

**ရှင်သာမဏေ။** ။ဦးမောင်မောင်တင် ၁၀-နှစ်ပြည့်သောအခါ၌ မင်းတုန်းမင်းတရားကြီး၏ သားတော်၊ တူတော်များနှင့်အတူ မန္တလေးတောင်ခြေရှိ ရွှေကျောင်တိုက်တော်တွင် ရှင်သာမဏေပြုသည်၊ ၎င်းကျောင်း၌ပင် ရှင်သာမဏေထွက်၍ လူဝတ်နှင့် အသက် ၁၅-နှစ်အရွယ်အထိ မြန်မာစာပေကို သင်ကြားသည်။

**သီပေါမင်းလက်ထက်။** ။မြန်မာစာပေ ကောင်းစွာ တတ်မြောက်ပြီးနောက် သီပေါမင်းတရား လက်ထက်တော်တွင် ဆွေတော်မျိုးတော် မင်းသားငယ်များအား အင်္ဂလိပ်စာသင်စေသည်၊ စာသင်ကျောင်းမှာ အင်္ဂလိပ်တို့၏ သံတဲနေရာတွင် အင်္ဂလိပ်ဘုန်းကြီး (Brother Mark) မြန်မာခေါ် ဆရာမှတ်ကြီးကျောင်းဖြစ်သည်၊ ယင်းကျောင်းတွင် အင်္ဂလိပ်စာ သင်ခွင့်ရသော ကျောင်းသားအား စကောလားရှစ်ကဲ့သို့ တလလျှင် ရိက္ခာတော်ငွေ ၁၅-ကျပ် (တဆယ့်ငါးကျပ်) ရရှိသည်။

ဦးမောင်မောင်တင်လည်း ရိက္ခာတော်ငွေ ၁၅-ကျပ် ရ၍ စာသင်ခွင့်ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်၊ သို့သော် ဘခမည်းတော်ဖြစ်သည့် မြင်းမှူးမင်းသား မင်းရဲသီဟကျော် ထိပ်တင်မောင်၏ စိတ်တွင် အင်္ဂလိပ်စာပေ သင်ကြားတတ်မြောက်သျှင် မိစ္ဆာဒိဋ္ဌိတို့အယူသို့ ကူးပြောင်းလေမည်လောဟု လွန်စွာ စိုးရိမ်ပူပန်သောကြောင့် ကြာရှည်စွာ သင်ခွင့် မရခဲ့ပေ။

အင်္ဂလိပ်စာသင်ခြင်းမှ ရပ်ဆိုင်းပြီး ၁၅-နှစ်ကျော်အရွယ်တွင် ဖခင်မြင်းမှူးမင်းသားနှင့်အတူ နန်းတွင်း၌ အခစားဝင်ရသည်။

**ပါတော်မူစဉ်က။** ။ဦးမောင်မောင်တင် ၁၉-နှစ်သားအရွယ်တွင် သီပေါမင်း ပါတော်မူသည်၊ ဦးမောင်မောင်တင်၌ မွေးချင်းသုံးဦး ရှိသည်၊ အမတော် ပင်မြိုင်မြို့စားမင်းသမီးနှင့် နှမငယ် ချွန်းတောင်မြို့စားမင်းသမီး တို့ ဖြစ်ကြသည်၊ အမတော်တဝမ်းကွဲတော်သူမှာ သီပေါမင်း၏ သမီးတော်ကြီး အရှင်ထိပ်စုမြတ်ဘုရား၏ နို့ထိမ်းတော် တောင်ဇင်မြို့စား မင်းသမီးဖြစ်သည်။

၁၂၄၇-ခုနှစ် သီပေါမင်းနှင့်တကွ မိဖုရားကြီး သမီးတော်များကို အင်္ဂလိပ် စစ်တပ်များ ဝိုင်းရံ၍ ယူဆောင်သွားသောအခါတွင် မင်းမိဖုရားတို့နှင့်အတူ တောင်ဇင်မင်းသမီး၊ ချွန်းတောင်မင်းသမီးတို့လည်း လိုက်ပါသွားကြသည်။

**တောခိုတော်လှန်ခြင်း။** ။ထိုကဲ့သို့ မိမိတို့၏ဘုရင်၊ မိဖုရား၊ သမီးတော်များနှင့် တကွ သွေးရင်းသားရင်း ဆွေမျိုးများကို ရန်သူ ကုလားဖြူ စစ်တပ်များက သင်္ဘောပေါ်သို့ တင်ယူခေါ်ဆောင်သွားခြင်းကို ကိုယ်တိုင်တွေ့မြင်လိုက်ရသောကြောင့် မခံမရပ်နိုင်ဖြစ်ကာ နန်းမြို့တွင်းသို့ပြန်လာ

ပြီးလျှင် ရသမျှလူသူ လက်နက်အင်အားစုဆောင်း၍ မန္တလေးမြို့မှ ထွက်ခွါပြီး ဗြိတိသျှတို့ကို တနှစ်ကြာ ခုခံခဲ့လေသည်၊ ဦးမောင်မောင်တင်နှင့်အတူ အလွန်သွေးကြွနေကြသူ မြန်မာလူမျိုး လူငယ်များတို့သည်လည်း မန်စီ မန်လောင် ဝန်းသိုစသော နယ်များတွင် တောခိုပုန်းအောင်း၍ အတူတကွ လာသမျှသော ဗြိတိသျှတို့ကို ခုခံတိုက်ခိုက်၍ နေသည်။

**လွတ်ငြိမ်းချမ်းသာခွင့်။** ။ဗြိတိသျှတို့ကား ပရိယာယ်နှင့်ပညာဉာဏ် အလွန်ကြွယ်ဝကြသည့်အတိုင်း မန္တလေးမြို့၌ ကျန်ရှိနေရစ်ကြသူ ပုဂံမင်း မင်းတုန်းမင်းတို့၏ မိဖုရားကြီးများနှင့် မှူးကြီးမတ်ရာ သေနာပတိကြီးဟိုထံမှတဆင့် လက်နက်ချဝင်ရောက်သူတို့အား လွတ်ငြိမ်းချမ်းသာခွင့်များ လုံးဝပေးမည်ဟူသော အမိန့်ကြော်ငြာများကိုလည်း ထုတ်ပြန်သည်။

ဝန်းသိုနယ်တတိုက်၌ ပုန်ကန်ထကြွနေသူ မင်းသားကို အရှင်ဖမ်းမိလျှင် ဆုငွေသုံးထောင်( ၃၀၀၀ိ/– ) အသေမိလျှင် ဆုငွေတထောင်( ၁၀၀၀ိ/– )ဟုလည်း ဆုထုတ်၍ ကြော်ငြာသည်။

ဦးမောင်မောင်တင်နှင့် အပေါင်းပါတို့သည်လည်း လရှည်ရက်များ တောတောင်တွင်းဝယ် ငွေကြေးအထောက်အပံ့မရှိသောကြောင့် ခဲယမ်းမီးကျောက်တို့လည်း ချို့တဲ့လာသည်၊ စာရေးရိက္ခာတို့လဲ ပြတ်လပ်သဖြင့် သူပုန်ဘဝဖြင့် ကြာရှည်ရပ်တည်ရန် ခက်ခဲ၍လာသည်။ နောက်လိုက်နောက်ပါများတို့လည်း အစစဆင်းရဲ ကျပ်တည်း၍လာသည့်ပြင် သားသမီး သားမယား မိဘဆွေမျိုးတို့နှင့် ကြာရှည်ခွဲခွါနေကြရခြင်းတို့ကြောင့် စိတ်ဓာတ်များ ကျဆင်းလာကြလေသည်။

အချို့သော သစ္စာဖောက်နောက်လိုက်များကလည်း ဆုငွေကိုမက်မော၍ ဦးမောင်မောင်တင်အား ဖမ်းဆီးပြီး ဆုငွေယူရန်ကိုပင် အကြံရှိလာကြောင်း သိရှိရိပ်မိသောအခါ လူယုံတပည့်တယောက်ကို ခေါ်၍ တောလမ်းခရီးဖြင့် မန္တလေးမြို့သို့ ပြန်၍ဝင်ခဲ့ရလေသည်။

**မြို့ပြန်ခို။** ။မန္တလေးမြို့သို့ ရောက်သောအခါ မိဘများအား ရှတ်တရက်ရှာဖွေ၍ မတွေ့ရချေ။ မိဘများကား ဗြိတိသျှအစိုးရတို့က နန်းမြို့

တွင်း၌ နေကြသော ဆွေတော်မျိုးတော်နှင့်တကွ မှူးကြီးမတ်ရာများပါမကျန် မြန်မာလူမျိုးအားလုံးတို့အား နန်းမြို့တွင်းမှာ နေခွင့်မပြုဘဲ စစ်တပ်များသာ ထားသည်။ သို့ဖြစ်၍ ဦးမောင်မောင်တင်၏ မိဘများလည်း နန်းမြို့ပြင် အာဋဝီ တံခါးအနီး၌ ပြောင်းရွှေ့နေထိုင်ရသည်။ ဦးမောင်မောင်တင်လည်း ရုပ်ဖျောက် ၍ မိဘများအား ရှာဖွေရလေသည်။

ဖခင်မြင်းမှူးမင်းသားလည်း တဦးတည်းဖြစ်သော သားအား အမြဲမပြတ် တမ်းတ၍ ရောဂါမအေးဖြစ်နေစဉ် မမြော်လင့်ဘဲ သားပြန်လည်ရောက်ရှိလာ သောကြောင့် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရှာသည်၊ သို့သော် မင်းပြစ်မင်း ဒဏ် မကင်းရှိနေခြင်းအတွက် လွန်စွာပူပန်ရလေသည်။

**ပြန်ဝင်။** ။ဗြိတိသျှတို့ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအရ အမ တော်ဖြစ်သော (သီရိတိလောကမဟာရတနာဒေဝီ) ဘွဲ့ခံ ပုဂံ မင်း၏ မိဖုရားခေါင်ကြီး အထံတော်သို့ သွားရောက်၍ အမြန် ဦးမောင်မောင် တင်အား ဖခင်မင်းသားကြီးက အပ်နှံလေသည်။ ၎င်းမိဖုရားကြီးကလည်း ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံသည့် ကင်းဝန်မင်းကြီးအား စာရေး၍ခေါ်ယူပြီး ၎င်းနှင့် တိုင်ပင်ရလေသည်။ ကင်းဝန်မင်းကြီး၏ အကြံပေးချက်ဖြင့် မိဖုရား ကြီးက မန္တလေးမြို့ရှိ အစိုးရတို့ထံ စာရေး၍ အကြောင်းကြားသည်။

**ရန်ကုန်သို့။** ။ထိုအခါ မိဖုရားကြီးနှင့်အတူ ဦးမောင်မောင်တင်ကိုပါ မန္တလေး ဝန်ရှင်တော်မင်းကြီးက ဖိတ်ခေါ်၍ အအပ်ခံယူသည်။ မင်း ကြီးကိုယ်တိုင် မိဖုရားကြီးနှင့် တူတော် ဦးမောင်မောင်တင်အား ကောင်းမွန် ယဉ်ကျေးစွာဧည့်ခံသည်၊ ၎င်းပြင် မိဖုရားကြီးအား ရန်ကုန်မြို့က ရွှေတိဂုံစေတီ တော်အား သွားရောက် ဖူးမြော်လိုပါက မီးသင်္ဘောဖြင့် ပို့ပေးမည်အကြောင်း မိဖုရားကြီးခေါ်လိုသည့် ဆွေတော် မျိုးတော် နောက်လိုက်နောက်ပါများနှင့် တူတော်မင်းသားကိုလည်း ပါအောင် ခေါ်ခဲ့ရန် ဖိတ်ကြားသည်။ မိဖုရားကြီး စိတ်တွင် ရွှေတိဂုံဘုရားကိုလည်း ဖူးမြော်လို၍ ရန်ကုန်မြို့သို့ လိုက်ပါသွားကြ ရသော ဆွေတော်မျိုးတော်များနှင့်လည်း အလွန်ပြန်လည် တွေ့ဆုံလိုသော် လည်း ရုတ်တရက် စကားမပြန်သေးဘဲ စဉ်းစားပါဦးမည်ဟုသာ အဖြေပေးခဲ့ လေသည်။

မိဖုရားကြီးက သွားရန် သင့် မသင့်ကို ကင်းဝန်မင်းကြီးအစရှိသော ပုဂ္ဂိုလ်များနှင့် တိုင်ပင်သောအခါ သွားလိုက အရှင်မိဖုရားကြီး ထွက်တော်မူသင့်ကြောင်း လျှောက်ထားကြသဖြင့် ဗြိတိသျှအစိုးရတို့ထံ ရန်ကုန်သို့ ဘုရားဖူးကြွလိုကြောင်း စာပြန်လိုက်သည်။

ပုဂံမိဖုရားကြီးနှင့်တကွ နောက်လိုက်နောက်ပါ နှစ်ဆယ်ကျော်နှင့် ဦးမောင်မောင်တင်တို့လည်း ဗြိတိသျှအစိုးရတို့က စီစဉ်ပေးသော မီးသင်္ဘောဖြင့် ရန်ကုန်မြို့သို့ ကောင်းမွန်ချမ်းသာစွာ သွားကြသည်။

ရန်ကုန်တွင်။　။ထိုအခါ ပုဂံမိဖုရားကြီး၏ ညီမတော်ဖြစ်သော သရစိမ်းမိဖုရားသည် (Lancaster Rd.) လန်ကစ်စတာလမ်းတွင် ဝင်းကျယ်ကြီးအတွင်း နှစ်ထပ်တိုက်အိမ်ကြီးဖြင့် စံနေတော်မူသည်၊ ဗြိတိသျှအစိုးရတို့က ရိက္ခာဘာဏ္ဍာ လစဉ် ပေးသည်၊ ပုဂံမိဖုရားကြီးလည်း ၎င်း အိမ်တော်တွင် တည်းခိုသည်၊ ရန်ကုန်တွင် မိဖုရားကြီးနေစဉ်အခါတွင် အစောင့်အရှောက်နှင့် စီးရန် ဘာဂီရထားမှစ၍ လိုလေသေးမရှိ ပေးထားသည်၊ (ဘာဂီရထားဆိုသည်မှာ မြင်းကသော အင်္ဂလိပ်ရထား ဖြစ်သည်။)

မဟာဝန်ရှင်တော်မင်းကြီးက လဘက်ရည်ပွဲကို ဖိတ်ခေါ်သည်၊ မင်းကြီးကိုယ်တိုင်က ခရိုးဦးကြိုပြု၍ မိဖုရားကြီးအား အလွန်အရိုအသေပေး၍ ကျွေးမွေးညှဉ့်ခံသည်။ အလွန်အကြိုးကြီးခဲ့သည့် ဦးမောင်မောင်တင်၏ စိတ်များသည် ပြောင်းပျောင်းသလို ရှိလာတော့သည်၊ ရန်ကုန်မြို့တွင် နေထိုင်ကြသည့် ဆွေတော်မျိုးတော်၊ မိဖုရားများ၊ မှူးမတ်ကြီးများနှင့်တကွ အပျိုတော်များပါမကျန် ဗြိတိသျှအစိုးရတို့က ကောင်းမွန်စွာ စောင့်ရှောက်၍ ရိက္ခာများ အထိုက်အလျောက် ပေးထားခြင်း၊ ချမ်းသာစွာ နေရခြင်းများတို့ကို တွေ့မြင်ရသောအခါ ဦးမောင်မောင်တင်စိတ်တွင် ကျေးဇူးတင်မိတော့သည်။

တွေ့ရှိရသော ဗြိတိသျှအစိုးရကြီးငယ်တို့ အားလုံးကပင် ဦးမောင်မောင်တင်အား ပြုံးရွှင်ချိုသာစွာပင် ဆက်ဆံကြသည်၊ ဦးသိန်း၊ ဦးရှိန်း၊ ဦးဖိန်းတို့ကို ထိုစဉ်အခါက အင်္ဂလိပ်စကားပြန်များအဖြစ်နှင့် တွေ့ခဲ့ရသည်။

**မန္တလေး မပြန်မီ။** ။ဦးမောင်မောင်တင်တို့ ရန်ကုန်မှ မပြန်မီ တနေ့တွင် ရွှေတိဂုံဘုရား၏ အနောက်မုခ်ရှိ စစ်တပ်အတွင်းသို့ ဦးမောင်မောင်တင်တဦးတည်းကိုသာ ဖိတ်ခေါ်၍ လက်နက်မျိုးစုံတို့ကို လိုက်လံပြသသည်၊ လက်နက်တိုက်များ သေနတ်များနှင့် အမြောက်များပါ မကျန်ပြသည်၊ ပစ်ပုံပစ်နည်းတို့ကိုလည်း အင်္ဂလိပ်မျက်နှာဖြူဧစ်ဗိုလ်ကိုယ်တိုင် စိတ်ရှည်လက်ရှည် ပြသ၍ မေးသမျှကိုလည်း ဖြေသည်၊ ပြုံးရွှင်သော မျက်နှာနှင့်ပင်ဖြစ်သည်။ အင်္ဂလိပ်မျက်နှာဖြူလူမျိုးတို့က ပရိယာယ် အလွန် ကြွယ်ဝကြပေသည်။ သူတို့၏ လက်နက်အင်အားများကိုမြင်ရသော ဦးမောင်မောင်တင်သည် မိမိတိုက်ပွဲဝင်ခဲ့သော လက်နက်တို့နှင့် ကွာခြားလွန်းလှသည်ကို ကောင်းစွာမြင်သိရလေပြီ။

**ဝမ်းနည်းကြေကွဲ။** ။ဦးမောင်မောင်တင်၌ကား ကြောက်စိတ်မဝင်ပေ၊ ဤကဲ့သို့သောလက်နက်မျိုးတွေကိုသာ ငါတို့ရလျှင် ကောင်းလေစွဟုပင် အောက်မေ့မိသည်။ လက်နက်အင်အားချင်း မမျှ၍သာ အလျှော့ပေးရခြင်းအတွက် စိတ်တွင် အမျိုးမျိုး တွေးတောစဉ်းစား၍သာ နေမိတော့သည်။ စိတ်ရှည် လက်ရှည်ဖြင့် လက်နက်များကို ပြသနေသော်လည်း ဒါး၊ လှံ၊ သေနတ်တို့ကို ခုံမင်၍ ဝါသနာပါလှသော ဦးမောင်မောင်တင်စိတ်တွင် ကြာရှည် ကြည့်လိုစိတ် မရှိတော့ပေ၊ ပြန်ရန်နှုတ်ဆက်သည်၊ အလွန်ပါးနပ်သော ဗြိတိသျှတို့ကား နှုတ်ဖြင့် မပြောဘဲ သူတို့၏အင်အားကို လက်တွေ့ ပြသခြင်းဖြစ်ပေသည်။ ဦးမောင်မောင်တင်၏စိတ်တွင် ဝမ်းနည်းကြေကွဲလျက် ဤမျှအင်အားကြီးသော ရန်သူတို့၏လက်တွင်းမှ မည်ကဲ့သို့ ဗိုမြန်မာလူမျိုးတွေလွတ်မြောက်နိုင်ပါမည်နည်းဟု စဉ်းစားရင်း မျက်ရည်များပင် စို့ခဲ့လေသည်။ မိမိတောခိုပုန်ကန်ခဲ့ခြင်းကိစ္စကို မည်သူကမှ မမေးမမြန်း လုံးဝ အရေးမယူ မသိလေဟန်ဖြင့်သာ နေကြလေသည်။

ရန်ကုန်မြို့မှ ပြန်မည့်အကြောင်း မိဖုရားကြီးက အမိန့်ရှိသောအခါ အတွင်းဝန်ကြီး လာရောက် နှုတ်ဆက်သည်။ ထိုအခါတွင်မှ မိဖုရားကြီးအား စကားပြန်နှင့် လျှောက်ထားသည်မှာ တူတော်မောင် အလုပ်လုပ်လိုသည်ဖြစ်စေ ပညာများ သင်လိုသည်ဖြစ်စေ မန္တလေးမြို့ရှိ ဝန်ရှင်တော်မင်းကြီးထံတွင် အကြောင်း

ကြားနိုင်ကြောင်း၊ လိုသော အကူအညီများကို တောင်းနိုင်ပါသည်ဟု စကား ကမ်းလှမ်းလိုက်လေသည်။

**မန္တလေးပြန်ရောက်။** ။ဦးမောင်မောင်တင်လည်း မန္တလေးသို့ပြန်ရောက်ပြီး မိဘများနှင့်ပင် ကောင်းမွန် အေးဆေးစွာ နေသည်။ သို့သော် အမြဲမပြတ် အစိုးရဟို၏ စုံစမ်း ထောက်လှမ်းနေခြင်းကိုတော့ သိရသည်၊ တနေ့တခြား နေရေး သွားရေး ကျဉ်းမြောင်းလာလေပြီ။

သို့ဖြစ်၍ ခင်မင်ရင်းနှီးသော မိတ်ဆွေများနှင့် တိုင်ပင်၍ ဗြိတိသျှအစိုးရတို့၏ ဘေးရန်မှ ကင်းစေရန်အတွက် မြေတိုင်းကျောင်းသို့ ဝင်၍ မြေတိုင်းပညာကို မြေတိုင်းအင်စပက်တော် ဦးခက်၏ အကူအညီဖြင့် သင်ကြားသည်။

ထိုအခါ မြေတိုင်းကျောင်းအုပ်ကြီးမှာ အင်္ဂလိပ်မျက်နှာဖြူလူမျိုး ဖြစ်သည်၊ အမြဲ လူကဲခပ်သည်၊ကြိုးကြိုးစားစား ပညာသင်ယူသူ ဦးမောင်မောင်တင်အား အခွင့်အရေးထူးများ ပေးသည်၊ ၆-လမျှသာ မြေတိုင်းပညာ သင်ကြားရသည်။

**ပင်လယ်ဘူးမြို့အုပ်။** ။၁၂၅၃-ခုနှစ်တွင် ပင်လယ်ဘူး မြို့အုပ် ခန့်အပ်သည်၊ ထိုကဲ့သို့ နှစ်များမကြာမီအတွင်းမှာပင် မိမိ နေထိုင်ခဲ့ဘူးသည့် ရပ်ရွာသို့ ပြန်လည်ရောက်ရခြင်းသည် အိပ်မက်သဖွယ် ဖြစ်တော့သည်၊ တချိန်က မိမိ၏ နောက်လိုက်နောက်ပါတပည့်များ ဖြစ်ခဲ့ကြသောသူများ အချို့လည်း ဟောတွင်း ကျန်ရစ်၍ ဓားပြဗိုလ်ကြီးများ ဖြစ်နေကြသည်၊ ၎င်းတို့အား ချော့မော့သိမ်းသွင်းခြင်း လက်နက်ချစေခြင်းတို့ဖြင့် မိမိပုန်ကန် ထကြွခဲ့သည့် နယ်ကို တနှစ်အတွင်း အေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့လေသည်။ ကျေးဇူးသစ္စာရှိကြသော တပည့်တို့အားလည်း ပြန်လည်၍ ကယ်ဆယ်နိုင်ခဲ့လေသည်။

**ပြည့်ထိပ်တင်ဆင့်နှင့် ထိပ်းပြား လက်ထပ်** ငရွှေဘိုမင်း၏ သားတော် အကြီးဆုံးဖြစ်သည့် ပုဂံမင်း၊ မင်းတုန်းမင်း၊အိမ်ရှေ့မင်းတို့၏ နောင်တော် အကြီးဆုံး သီရိမဟာသီဟသူရ ဓမ္မရာဇာပြည်မင်းနှင့် တောင်ငူမင်းသမီးတော် ခဲပေါင်မြို့စား သီရိသုမဟာမင်္ဂလာဒေဝီတို့ စုံဖက်ရာတွင် သားတော် မြင်းမူးမင်းသား မင်းရဲသီရိရာဇကျော် ထိပ်တင်တုတ်ကို ဖွားမြင်သည်။ ယင်း ထိပ်တင်တုတ်နှင့် ရက္ကန်းတော်အုပ် မင်းသားကြီး မင်းရဲကျော်ခေါင်၏ သမီး

တော်ထိပ်တင်ညွန့်တို့ စုံဖက်ရာတွင် သမီးတော်ပြည့်ထိပ်တင်ဆင့်ကိုဖွားမြင်သည်။ ၁၂၅၄-ခုနှစ်တွင် ဦးမောင်မောင်တင်သည် ယင်းပြည့်ထိပ်တင်ဆင့်နှင့် လက်ထပ်ထိမ်းမြားသည်၊ သားသမီး တကျိပ်ကျော်ထွန်းကားသည်။

**ကုန်းဘောင်ဆက် ပဋမနိုပ်** ၁၂၆၀-ခုနှစ်တွင် စဉ့်ကိုင်မြို့သို့ပြောင်းရွှေ၍ မြို့ပိုင်အဖြစ် အမှုထမ်းသည်၊ ၁၂၆၇-ခုနှစ်တွင် စဉ့်ကိုင်မြို့မှာနေစဉ် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ဆက်လက်ရေးသားပုံနှိပ်သည်။

ကျောက်ဆည်၊မြစ်သားမြို့များသို့ နယ်ပိုင်ဝန်ထောက်အဖြစ်နှင့် ပြောင်းရွှေနေထိုင်ရသည်။

၁၂၆၈-ခုနှစ်တွင် ( E.A.C. )အမြဲတမ်း စစ်ကဲကြီးဖြစ်သည်။

ယင်း ၁၂၆၈-ခုနှစ်တွင်ပင်( A.T.M. )အမှုထမ်းကောင်းရွှေတံဆိပ်ရသည်၊ ရေဦးမြို့ နယ်ပိုင်ဝန်ထောက်အဖြစ်နှင့် ပြောင်းရွှေ့သည်။

၁၂၇၄-ခုနှစ်တွင်(K. S. M.) ကျက်သရေဆောင် ရွှေစလွယ်ရမင်းဟူသော ဘွဲ့ကို ရသည်၊ မုံရွာမြို့တွင် ဒုတိယအရေးပိုင်ရာထူးကို ထမ်းရွက်ပြီးနောက် ၁၂၈၄-ခုနှစ်တွင် ပင်စင်အငြိမ်းစားယူခဲ့သည်။

**အငြိမ်းစား ကုန်းဘောင်ဆက် ဒုတိယအကြိမ်နှိပ်** ၁၂၈၄-ခု ပင်စင်အငြိမ်းစားယူပြီးလျှင် မန္တလေးမြို့ အာဠဝီလမ်းတွင် နေထိုင်သည်။ ၎င်း ၁၂၈၄-ခုနှစ်တွင်ပင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ထပ်မံဖြည့်စွက်၍ ၃-တွဲခွဲလျက် ဒုတိယအကြိမ် မန္တလေးဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

**မဟာဒါန်ဝန်။** ။၁၂၈၇-ခုနှစ်တွင် ဦးမောင်မောင်တင်အား မြန်မာပြည်ဘုရင်ခံက မဟာဒါန်ဝန်ရာထူးကို ခန့်အပ်သည်။ ၁၃၀၂-ခုနှစ်အထိ ၁၅-နှစ်တိုင်အောင် မဟာဒါန်ဝန်ရာထူးကို ထမ်းဆောင်ခဲ့ရသည်။

ဦးမောင်မောင်တင် မဟာဒါန်ဝန်အဖြစ် ထမ်းရွက်စဉ်အခါတွင် သာသနာတော်သန့်ရှင်းရေး၊ ကြီးပွါးရေးများကို အားသွန်ခွန်စိုက် ကြိုးစားခဲ့သည်၊

သာသနာတော်၏ အညစ်အကြေးဟူသမျှတို့ကို ပြတ်သားစွာ အရေးယူခဲ့သည်၊ ချီးမြှောက်သင့်သော ညောင်ရမ်းဆရာတော်ဘုရားကြီးများကဲ့သို့သော ဆရာတော် သံဃာတော် အရှင်မြတ်တို့အားလည်း ရှာဖွေပင့်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်း၊ အစိုးရတို့ထံမှ လစဉ်အလှူတော်ငွေများ ဆက်ကပ်ခွင့်ရအောင် ဆောင်ရွက်ခြင်း၊ နှစ်စဉ်မပျက် ပထမပြန်စာမေးပွဲ၊ သုဓမ္မာစာမေးပွဲ၊ အိမ်တော်ရာစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် သံဃာတော်များ၏အကျိုးများကို ဆောင်ရွက်ခြင်း၊ တံခွန်တိုင်တွင် သီတင်းသုံးတော်မူသည့် မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် နှစ်ပေါင်းများစွာ သာသနာတော်အကျိုးများကို သည်ပိုးထမ်းဆောင်ခဲ့လေသည်။

**စာပေ၊ ပုရပိုက်နှင့် ရှေးဟောင်းပစ္စည်းများ** ဦးပေါင်မောင်တင်သည် မန္တလေးမြို့တွင် သာသနာရေး၊ ဘာသာရေး၊ အမျိုးသားရေး၊ လူမှုရေးများကို တတ်စွမ်းသမျှ အဖက်ဖက်က ဆောင်ရွက်၍ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်အထိ နေထိုင်သည်၊ ၎င်းနေထိုင်သော မန္တလေးမြို့အာဋ္ဌဝိလမ်းရှိတိုက်တွင် ဦးမောင်မောင်တင် ငွေကြေးအမြောက်အမြား အကုန်ခံ၍ ရှာဖွေစုဆောင်းခဲ့သည့် ရုပ်စုံရွှေရေးပုရပိုက်ဖြူများ၊ နန်းတွင်းမှတ်တမ်းပုရပိုက်ဆူရေ သေးဆောင်ကျော်၊ ပေမူ ထုပ်ရေပေါင်းများစွာ၊ နန်းတွင်းရိုက်ဇာတ်တော်များ၊ မှန်နန်းရာဇဝင်မှစ၍ ရှေးစာဟောင်း ပေမဲဟောင်း မြောက်မြားစွာနှင့်—

ဦးမောင်မောင်တင်ကိုယ်တိုင် ပြုစုရေးသားသော—

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ၃-တွဲနှင့်

ရိုက်ပြီးဖြစ်သည့် ရွှေနန်းသုံးဝေါဟာရအဘိဓာန်ပထမတွဲ၊

ဦးပုညအတ္ထုပ္ပတ္တိ၊

ကင်းဝန်မင်းကြီးအတ္ထုပ္ပတ္တိ၊

သာသနာနုဂ္ဂဟပကာသနီကျမ်း၊

ပထမပြန်ဒီပကစာတမ်း၊

ကောင်းမှုတော်ဘုရားကြီးသမိုင်း၊

မဟာဗောဓိသား ရုပ်ပွါးတော်သမိုင်း၊

သုတဝဇ္ဇနစာတမ်းများအပြင်

တိုးတက်ရေးမဂ္ဂဇင်းတွင် လစဉ်ရေးသည့် လွှတ်ရုံးငါးရပ် ဆောင်းပါးများ၊ မြန်မာအင်ပါယာကို တိုးချဲ့ခဲ့သော အလောင်းမင်းတရားကြီး၏ အကြောင်းရင်း စကားဆောင်းပါးများ၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော် တတိယတွဲတွင် ဓာတ်ပုံများ ထည့်သွင်းပုံနှိပ်ပြီး အုပ်ရေ တထောင်ခန့်။

စာအုပ်အဖြစ် မရိုက်နှိပ်ရသေးသော စာမူများမှာ—

ရွှေနန်းသုံးဝေါဟာရအဘိဓာန် ဒုတိယတွဲ၊

မင်းကြီး ဦးစ အတ္ထုပ္ပတ္တိ၊

နန်းမတော် မမြကလေး၊

လှိုင်ထိပ်ခေါင်တင်၊

စလင်းစုဘုရား၊

ထိပ်စုမြတ်ဘုရားကြီးတို့၏ အတွင်းရေး၊

ဒိုင်းခင်ခင်စသည့် ရာဇဝင်ထင်ရှားသည့် မင်းသမီးတို့၏ အတွင်းရေး အကြောင်းများဖြစ်သည်၊မင်းမိဖုရားတို့၏ အသုံးအဆောင်များဖြစ်သည့် ဝတ်လဲ တော်များနှင့်တကွ အနံ ၅-ပေ၊ အမြင့် ၆-ပေရှိ ခြူးပန်း ခြူးနွယ်တို့ဖြင့် စီခြယ်ထားသည့် ဘုရင်မိဖုရားတို့၏ မှန်ကြီးများ၊ ရွှေဘိုမင်း၏ သားမြီးယပ်ရိုး၊ (ဆင်စွယ်ပန်းပု ထုထားသည်) ဝန်ကြီးများ ဆောင်းသည့် ဘောင်း၊ ဝတ်လုံ အစစ်များ၊ စုဖုရားလတ်(မိဖုရားကြီး)အား ပြင်သစ်က ဆက်သသည့် ပုလဲများ စီထားသည့် လက်ဝတ်ရတနာထည့်သည့် သေတ္တာနှင့်တကွ ရှေးမင်း မိဖုရားတို့၏ အသုံးအဆောင်များဖြစ်သည့် ဘီး မှန် ပုတီး နားဒွောင်းမှစ၍ အင်္ကျီ ထမီများ တို့ကို နောင်လာ နောက်သားများ ကြည့်ရှုရန် ပြတိုက်များသို့ လှူဒါန်းရန် ဦးမောင်မောင်တင်က ရည်မှန်း၍ စုဆောင်းသိမ်းဆည်းထားသည်။

**ရွှေနန်းသုံး (ခ)—ပ-မ-သ-စ**

**ပျက်စီးဆုံးရှုံးမှု။**　။ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ မန္တလေးမြို့တွင် မနေဝန့်သဖြင့် မေမြို့သို့ ရှောင်တိမ်းနေစဉ် အင်္ဂလိပ်များ ဆုတ်ခွာပြီးနောက် တရုပ်စစ်သားများက ဦးမောင်မောင်တင်၏တိုက်ကို အစောင့်များအား မောင်းထုတ်၍ မီးရှို့ဖျက်ဆီးလေသည်။

ဦးမောင်မောင်တင် နှစ်ပေါင်းများစွာ စုဆောင်းခဲ့သော ပစ္စည်းဥစ္စာများနှင့် အဘိုးမဖြတ်နိုင်အောင် တန်ဘိုးရှိလှသည့် ရှေးဟောင်း အမွေအနှစ်နှင့် ရေးသားပြုစုခဲ့သည့် စာပေအပေါင်းတို့သည် မီးလောင်ဖျက်ဆီးခြင်း ခံရလေသည်။

**မူပွါးပုရပိုက်များ။**　။အချို့ရုပ်စုံ ပုရပိုက်ဖြူများကို ဘိလပ်နှင့် ဘားနပ်ပိဋကတ်တိုက်တွင် ထားရန်ရင်း၊ သီပေါစော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးမိတ် စော်ဘွားကြီးတို့က ပုံတူကူးယူပေးပါရန် တောင်းပန်၍ရင်းနန်းတွင်း ရုပ်စုံပုရပိုက်အချို့တို့ကို ကူးယူပေးရဘူးလေသည်။

ထိုကဲ့သို့ ဦးမောင်မောင်တင် အလွန်နှစ်သက်မြတ်နိုးသည့် စာပေများ ပျက်စီးဆုံးရှုံးသည့် သတင်းကို ဦးမောင်မောင်တင် စိတ်ထိခိုက်မည်စိုး၍ ဇနီးသားသမီးတို့က ရုတ်တရက် မပြောဝန့်ကြချေ။ သို့သော် ဦးမောင်မောင်တင်ကား ဇနီး သားသမီးများ ထင်သကဲ့သို့ မဟုတ်ပေ၊ တိုက်နှင့်တကွ စာပေပစ္စည်းများအားလုံး ပျက်စီးဆုံးရှုံးသည့်သတင်းကို ကြားသိရသောအခါတွင် မျက်နှာမပျက် ခပ်ပြုံးပြုံး ပင် တရားနှလုံးသွင်းလျက် ဖြစ်လာသမျှတို့သည် အပျက်နှင့်ဆုံးရခြင်း ဓမ္မတာဘဲ၊ ဤတိုက်တာ အိမ်ရာပစ္စည်းတို့နှင့် ယခု မကွဲလဲ နောင်ကွဲရမည်၊ ပစ္စည်းက မစွန့်လဲ လူက စွန့်ရမည်၊ ယခု လူက မစွန့်ဘဲ ပစ္စည်းကအရင်စွန့်ပေတာဘဲဟု ပြောဆို၍ ဇနီး သားသမီးတို့အား တရားပြ၍ အားပေးစကားများ ပြောဆို နှစ်သိမ့်သည်။

**မေမြို့၌ ဂျပန်ခေတ်နှင့် အမျိုးသား ခေါင်းဆောင်ကြီးများ**　မြန်မာပြည်ကို ဂျပန်များဝင်ရောက်နေစဉ်အခါနတွင် ဦးမောင်မောင်တင် မေမြို့၌ပင်နေထိုင်သည်၊ ဂျပန် နှစ်ပတ်လည် ဆုတောင်းပွဲသို့ တက်ရောက်ရန် လာကြသော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ သခင်ဘစိန်၊ သခင်ထွန်းအုပ်နှင့်တကွ ဂျပန်ခေတ် ခေါင်းဆောင်

ကြီးများ အထက် မြန်မာပြည်သို့ လာကြသောအခါ ဦးမောင်မောင်တင်အား မန္တလေးမြို့တွင် မတွေ့ကြ၍ မေမြို့တွင် နေထိုင်ကြောင်း ကြားသိကြသဖြင့် တွေ့အောင် ရှာဖွေကြသည်၊ တွေ့ကြရသောအခါ မြန်မာပညာရှိကြီး အနေဖြင့် လေးစားစွာ လာရောက် နှုတ်ဆက်ကြသည်၊ ဝမ်းသာအားရစွာဖြင့် မကြာမီ မြန်မာပြည်ကြီး လွတ်လပ်ရေးရတော့မည်ဟု ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီး များထံမှ သိရသောအခါ ဦးမောင်မောင်တင်မှာ အလွန် အားရဝမ်းသာခြင်း ဖြစ်သည်၊ နောက်များမကြာမီ မြန်မာပြည်လွတ်လပ်ရေး ရပြီဟု သတင်းစကား ကြားရသော အခါ၌ ငါတို့ မသေမီ ကျွန်ဘဝက လွတ်လပ်ရပေသည်ဟု ဝမ်း မြောက်ဝမ်းသာ ဖြစ်လေသည်။

**တောင်ကြီး၌ ကွယ်လွန်။** ။၁၉၄၅-ခု ဇန္နဝါရီလအထိ ကောင်းမွန်ကျန်းမာစွာ ရှိသည်၊ မေမြို့သို့ လိပ်ကန်တို့ဘက်မှ နေ့စဉ်လိုပင် လေယာဉ်ပျံများဖြင့် ဗုံးကြဲခြင်း စက်သေနတ်များနှင့် ပစ်ခြင်းတို့ကြောင့် တောင်ကြီးမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။

၁၉၄၅-ခု မတ်လတွင် ဦးမောင်မောင်တင်၌ ဝမ်းကိုက်ရောဂါ စွဲကပ်လာ သောကြောင့် ဆရာဝန်များနှင့် ကုသရာ နှစ်ကြိမ်တိုင် ပျောက်ကင်းသည်၊ တတိယအကြိမ် ပြန်လည်ဖြစ်သောအခါတွင် ရောဂါသက်သာခြင်း မရှိဘဲ ၁၉၄၅-ခု မတ်လ ၂၃-ရက်နေ့ နံနက် ၄-နာရီအချိန်တွင် ကွယ်လွန် အနိစ္စရောက် လေသည်၊ တောင်ကြီးတွင် မီးသင်္ဂြိုဟ်၍ အရိုးကို မေမြို့တွင် အုတ်ဂူပြာသာဒ် အတွင်း ထည့်သွင်းမြှုပ်နှံသည်။

ဦးမောင်မောင်တင်၏ ဘဝတသက်တာ တလျှောက်တွင် ပြုလုပ်ခဲ့သည့် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှုဒေါင့် ၃-မျိုး ခွဲခြား၍ သုံးသပ်ပါအံ့။

**အမျိုးသားရေး (၁) တော်လှန်ရေး။** ။အမျိုးသားရေးရှုဒေါင့်မှ ကြည့်သော် ဦးမောင်မောင်တင်သည် မြန်မာ့ အချုပ်အခြာ အာဏာပိုင် လွတ်လပ်ရေးကို ကုလားဖြူတို့ထံမှ ပြန်ရအောင် သူ့အတိုင်းအတာနှင့်သူ လက်နက်ကိုင်စွဲကာ တိုက်ပွဲဝင် တော်လှန်ခဏ်း ဖွင့်ခဲ့ သော်လည်း အားမတန် မာန်လျှော့၍ စွန့်လွှတ်ခဲ့ရပေသည်၊ မအောင်မြင်ပေ၊

တယောက်ကောင်း တစုကောင်းဖြင့် မအောင်မြင်နိုင်ကြောင်း သိ၍ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး အသက်မွေးဝမ်းကြောင်းအလုပ်ကို ရှာရတော့သည်။

အသက်မွေးဝမ်းကြောင်းကိစ္စ ပြုလုပ်ဆောင်ရွက်နေရင်းပင် မြန်မာ့ယဉ်ကျေးမှု မတိမ်ကောစေရန် ရည်ရွယ်၍ အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကာလ ၃-ပါး အဆက်အစပ်အကျိုးငှါ အမျိုးသားရေးကိစ္စကို မျက်ခြည်မပြတ် ငွေကုန်လူပန်းခံ၍ ဆောင်ရွက်ခဲ့ပေသည်၊ စဉ့်ကိုင်မြို့တွင် မြို့အုပ်အဖြစ် ဆောင်ရွက်နေရစဉ်မှာပင် ၁၂၆၇-ခုနှစ်၌ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ၃-ကျမ်းတွဲကို တအုပ်ထည်းပြု၍ ပုံနှိပ်ထုတ်ဝေခဲ့ပေသည်၊ နှစ်ပေါင်း ၃၀-ကျော် အဆက်ပြတ်နေသော ကုန်းဘောင်မဟာရာဇဝင်ကို ဆက်လိုက်သဖြင့် မြန်မာရာဇဝင် ကွက်လပ်ကို တသားတည်းဖြစ်အောင် ဖြည့်စွက်ခြင်းပင် ဖြစ်ပေသည်။

**အမျိုးသားရေး (၂) လက်နက်မှ ကလောင်သို့။** ။တနည်းဆိုသော် ဦးမောင်မောင်တင်သည် လက်နက်ကိုင်စွဲ တိုက်ပွဲဝင်ခြင်းမှ လက်နက်အစား ကလောင်တိုက်ပွဲဘက်သို့ ကူးပြောင်းလိုက်ခြင်းပင်ဟု ဆိုနိုင်ပေသည်။

ကလောင်တိုက်ပွဲမှာ ရေရှည်တိုက်ပွဲမျိုး ဖြစ်ပေသည်၊ နယ်ချဲ့ ဟူသမျှတို့၏ အကြီးဆုံး အကြောက်ရွံ့ဆုံး ရန်သူမှာ "အမျိုးသား မျိုးချစ်စိတ်"ပင် မဟုတ်ပါလော၊ ထိုမျိုးချစ်စိတ်၏အခြေခံမှာလည်း ရာဇဝင်သမိုင်းပင် မဟုတ်ပါလော၊ မျိုးချစ်စိတ်ကို မည်သည့်လက်နက် မည်သည့်နယ်ချဲ့ကမှ မနိုင်၊ နောက်ဆုံးတွင် မျိုးချစ်စိတ်ကို အရှိန်းပေးရသည်မှာ ကမ္ဘာ့ရာဇဝင်သမိုင်း၏ အစဉ်အလာ ဓမ္မတာကြီးပင် မဟုတ်ပါလော၊ တိုင်းပြည်နှင့်လူမျိုး၏ တည်တံ့ ခိုင်မြဲ တိုးတက်ရေး အတွက်မှာလည်း မျိုးချစ်စိတ်သည်ပင် အခြေခံကြီးမဟုတ်ပါလော၊

**ရာဇဝင်သမိုင်းပြုစုသူ၏ ဂုဏ်ရည်။** ။မြန်မာ့ရာဇဝင်တွင် ကွက်လပ်ဖြစ်နေမည့် ကုန်းဘောင်ခေတ် နောက်ပိုင်းကို ကိုယ်ကျိုးမဖက် အမျိုးသားရေးအတွက် တသားတည်းဖြစ်အောင် ဖြည့်စွက်လိုက်ခြင်းသည် ဦးမောင်မောင်တင်၏ ထူးခြားပြောင်မြောက်သောသတ္တိဟုပင် ထပ်ဆင့်၍ ဆိုချင်သည်။

ရာဇဝင်သမိုင်းပြုစုသူတိုင်းတွင် ရှိအပ်သည့် အဓိကအရည်အချင်းဂုဏ်ရည်မှာ အဖြစ်အပျက် အမှန်နှင့် အပြည့်အစုံကို ရအောင် ဇွဲကောင်းကောင်းဖြင့် ရှာဖွေ စုဆောင်းခြင်းနှင့် ထိုမှတ်တမ်းကို အချိန်ကာလ၏ မှတ်ကျောက် အတင်ခံနိုင်ရန် တင်ပြဝံ့သည့် သတ္တိမျိုးရှိရခြင်းပင် ဖြစ်ပေသည်၊ ထိုသို့အမှန်ကို မှတ်တမ်းတင်ဝံ့ ခြင်း၊ အချိန်ကာလ၏ မှတ်ကျောက်ကို အတင်ခံဝံ့ခြင်းသည် အပေါ်စားသတ္တိ၊ သာမညသတ္တိမျိုးဟု မဆိုသာပေ၊ ထူးခြား ပြောင်မြောက်သော သတ္တိမျိုးပင် ဖြစ်သည်ဟု ဆိုရပေမည်။

ရေးသားပြုစုသည့် ရာဇဝင်သမိုင်းပါ မှတ်တမ်းအမှန်များကို ကြိုက်သူ မကြိုက်သူများ ရှိကြမည်မှာ ဓမ္မတာပင်၊ သူတို့က လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ငြင်းခုံမည် အလွဲသုံးစားပြုမည်၊ အမှန်ကို သရုပ်ပျက်စေမည်၊ ဝေဖန် မည် အသုံးချမည် မှတ်ကျောက်တင် စစ်ဆေးမည် စသည်ဖြင့် ပြုလုပ်ခံရမည်မှာ လည်း ဓမ္မတာပင်၊ မထူးဆန်းပေ။

ရာဇဝင်သမိုင်း၏ အဓိကလိုအပ်ချက်မှာ မှတ်တမ်းများ ပြည့်စုံ၍ မှန်ကန်ရန် သာ ဖြစ်သည်၊ ထိုအချက်မှာ အလွန်အရေးကြီးသော အချက်ပင်၊ ၎င်းတို့ မှန်ကန်ပြည့်စုံက "တရားသည် သူသဘောကို သူဆောင်၏"ဟု ဆိုသကဲ့သို့ ရာဇဝင်သမိုင်း၏ သဘောတရားသည်လည်း သူသဘောကို သူဆောင်ရမည်မှာ မုချကေန် အမှန်မလွဲပေ၊ ဥပမာ ဖိနှိပ်မှုနှင့်အမျှ တွန်းလှန်မှုရှိသည်၊ လူများ ကြွယ်ဝမှ တိုင်းပြည်ကြွယ်ဝသည်၊ အမျိုးသားစိတ်ကို တသက်လုံး ဖိနှိပ်၍မရ စသည့် ရာဇဝင်သမိုင်း သဘောတရား အများအပြားကို ဆိုလိုသည်၊ မှတ်တမ်း များ အချက်အလက်များ မှန်ကန်ပြည့်စုံခြင်းနှင့် ရာဇဝင်သမိုင်း၏ နိယာမ သဘောသာလျှင် အရေးအကြီးဆုံး ဖြစ်သည်ကို ရာဇဝင်သမိုင်း လိုက်စား လေ့လာသူများ အသိပင်။

**ရာဇဝင်တွင် သူ့အမြင် ကိုယ့်အမြင်။** ။ရာဇဝင်သမိုင်း ပြုစုသူက ၎င်း၏ မှတ်တမ်းမှတ်စု အချက်အလက်အပေါ်တွင် မူတည် အခြေပြုကာ ရှေ့နောက်စီစဉ်ခြင်း၊ ချိန်ဆခြင်း၊ ချိန်ထိုးခြင်း၊ ဆက်စပ် ခြင်း၊ အမှားအမှန် ပိုင်းဖြတ်ခြင်း၊ ခွဲဝေခြင်း၊ တိုင်းတာခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ နှိုင်းယှဉ်ခြင်း၊ဝေဖန်ခြင်း၊ ဖွင့်ဆိုခြင်း စသည့်ကိစ္စအရပ်ရပ်တို့မှာ

သူ့သဘောနှင့် သူသာ ဖြစ်သည်၊ ရာဇဝင်သမိုင်း၏ မှတ်တမ်းများ ပြည့်စုံ မှန်ကန်ခြင်းလောက် အရေးမကြီးလှပေ၊ ဥပမာ နယ်ချဲ့ ရာဇဝင်သမိုင်းဆရာက သူကိုက်ရာ လက်လှမ်းမှီရာ အမှန် မှတ်တမ်းတချို့ကိုသာ မူတည်ပြီး အပြည့် အစုံမဟုတ်ဘဲ သူ့အယူအဆနှင့်သူ တဖက်လှရေးမည်မှာ ဓမ္မတာပင်။

ထို့အတူ နယ်ချဲ့ဆန့်ကျင်သူကလည်း ထိုအမှန် မှတ်တမ်းကိုပင် အခြေခံ၍ သူ့အမြင်နှင့်သူ ရေးသားဆုံးဖြတ်မည်မှာလည်း ဓမ္မတာပင် ဖြစ်ပေသည်၊ ဒေသ အလိုက် ကာလအလိုက် ပယောဂအလိုက် ပုဂ္ဂိုလ်အလိုက် စသည်ဖြင့် ရာဇဝင် သမိုင်းဖြစ်ရပ်ကို မိမိတို့လိုသလို အသုံးချသွားခြင်းမျိုးက များသဖြင့် အရေးမကြီး လှပေ၊ မှတ်တမ်းမှတ်စု စသည်တို့၏ ပြည့်စုံမှန်ကန်ခြင်းကသာ အလွန် အရေးကြီး လှပေသည်၊ ဥပမာ ဒဂုန်အမည်က ရန်ကုန်အမည်သို့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ပြောင်းလိုက်သည်၊ ဤအချက်သည် မှန်ကန်သော ရာဇဝင် မှတ်တမ်းပင်၊ မငြင်းနိုင်။

အလောင်းမင်းတရားကြီးသည် မြန်မာနိုင်ငံတဝှမ်းလုံးကို စည်းရုံးနိုင်စွမ်း ရှိသည့် အာဇာနည် အမျိုးသား ခေါင်းဆောင်ကြီးများအနက် တဦးဖြစ်ခဲ့သည်၊ ဤ အချက်လည်း မှန်ကန်သော ရာဇဝင်မှတ်တမ်းပင်၊ မငြင်းနိုင်၊ မြန်မာနိုင်ငံ၏ မြို့တော်တွင်မူ ၎င်းနှင့်ထိုက်တန်သည့် ဂုဏ်ပြု အမှတ်အသား အမည်နာမ မရှိ သည်လည်း မှန်၏၊ ကြိုက်သလို ဝေဖန်နိုင်ကြပေသည်၊ ဘိုးတော်ဘုရားသည် မင်းကွန်းစေတီတော်ကြီးကို တည်ဆောက်သည်၊ မှန်၏၊ အပြီးမသတ်သည် လည်းမှန်၏၊ ကြိုက်သလို ဝေဖန်နိုင်၏၊ သားတော်အိမ်ရှေ့မင်းသည် ရခိုင်ပြည်မှ မဟာမြတ်မုနိရုပ်ပွါးတော်မြတ်ကို ပင့်ဆောင်လာ၏၊ မှန်၏၊ ရခိုင်ပြည်ကဘုရား ကို မြန်မာမင်းနှင့်တကွ မြန်မာများက ရိုသေစွာ ပူဇော်ကန်တော့ကြသည်၊ ဤသည်လည်း မှန်၏၊ ကြိုက်သလို ဝေဖန်နိုင်၏၊ ဥပမာအများပင် ရှိသည်။

**မေးခွန်း ၂-ခု။** ။မှန်ကန်ပြည့်စုံသည့် မှတ်တမ်းမှတ်စုများအပေါ် မူတည်၍ ရေးသားပြုစုသည့် တိုင်းပြည်နှင့်လူမျိုး၏ နိုင်ငံရေး၊ စီးပွါး ရေး၊ လူမှုရေး၊ ဘာသာ သာသနာရေးစသည့် အကြောင်းအရာ အထွေထွေကို သာ ရာဇဝင်သမိုင်းဟု ဆိုရသည်၊ စိတ်ကူးယဉ်ရေးက ဝတ္ထုမျှသာပင်၊ ဦးမောင်မောင်တင် ပြုစုရေးသားသည့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်

ကြီးတွင် အခြေခံသော မှတ်တမ်းများမှာ ပြည့်စုံပါ၏လော၊ မှန်ကန်ပါ၏လော ဟု မေးရန်ရှိသည်၊ ၎င်း၏အယူအဆသဘောကိုမူ အချိန်ကာလကသာ အဆုံး အမြတ်ပေးရမည်ဖြစ်သောကြောင့် မှန်မမှန်ကို အငြင်းပွားရန်မလိုပေ၊ အထက် ပါမေးခွန်း ၂-ရပ်ကို အချက် ၂-ချက်က ထောက်ခံလျက်ရှိကြောင်း အောက် ဖော်ပြပါအံ့။

**ပဌမအချက်။** ။ပဌမအချက်မှာကား သီပေါမင်းတရား ပါတော်မူပြီးနောက် အနှစ် ၂၀-အတွင်း ရေးသားပြုစုသောကြောင့် ကာလအပိုင်း အခြားအားဖြင့် မကွာဝေးလှသေး၍တကြောင်း၊ မင်းမိဖုရား မင်းညီမင်းသား ဆွေတော်မျိုးတော် မှူးတော်မတ်တော် အများအပြား အသက်ထင်ရှား ရှိနေ သေးသည်က တကြောင်း၊ အင်္ဂလိပ်သိမ်းသောအခါ မြန်မာမင်းများ၏ မှတ်စု မှတ်တမ်း၊ ပေထုပ်ပုရပိုက်စသည်တို့ မပျက်မစီးပဲ ကျန်ရှိနေခဲ့သေးသဖြင့် ရှာဖွေစုဆောင်းရခြင်း မခက်လှ၍တကြောင်း ထိုအကြောင်း ၃-ရပ်ကြောင့် ဦးမောင်မောင်တင်ပြုစုသည့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် လိုအပ်သည့် အချက်အလက် မှတ်စုမှတ်တမ်းများမှာ ပြည့်လည်း ပြည့်စုံ၏၊ မှန်လည်းမှန်ကန်၏ဟု ဆိုနိုင်ပေသည်။

**ဒု-အချက်။** ။ဒုတိယအချက်မှာ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ရေးသားပြုစုရာတွင် သက်တော်ထင်ရှားရှိ၍ အကူအညီပေးခဲ့ သည့် ပညာရှင်ပုဂ္ဂိုလ်ကြီးများမှာ အောက်ပါအတိုင်းပင် (တ-တွဲနှာ ၁၇၂-၃) –

(၁) သိရိပဝရ မဟာသုဓမ္မရာဇာ ဥပရာဇာအိမ်ရှေ့မင်း၏သားတော် တောင် ဇင်မြို့စား မင်းသားကြီးစသော မင်းညီမင်းသား၊ မင်းမိဖုရား ဆွေတော်မျိုးတော်များ။

(၂) ဝန်ထောက်တော် ပက်မစ္စပ်မြို့စား မင်းကြီးမင်းထင်ပဟာစည်သူ စသော မှူးတော်မတ်တော် လွှတ်ရုံး ပြဲတိုက်အရာရှိကြီးများ။

(၃) မင်းကြီး မင်းလှမဟာဇေယျနန္ဒသင်္ကြံ၊ ပေါက်မြိုင်အတွင်းဝန် ဦးလှဘူး။

(၄) မင်းထင်မင်းလှရာဇာ သံတော်ဆင့်ကြီး ဦးဆုပန်။

(၅) နေမျိုးမင်းထင်ရာဇာ ပြဲတိုက် သံတော်ဆင့် ဦးဘိုးကြွယ်။

(၆) နေမျိုးမင်းထင်ရာဇာ ပြဲတိုက်သံတော်ဆင့် ဦးတုပ်ကြီး။
(၎င်းမှာ အိမ်ရှေ့မင်း၏သားမက်ဖြစ်သည်)

ထို ဒု-အချက်ကို ထောက်ရှု၍လည်း ဦးမောင်မောင်တင်ပြုစုသော ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ပါရှိသည့် အချက်အလက် မှတ်စု မှတ်တမ်းများသည် ပြည့်စုံမှန်ကန်ကြောင်း ယူဆနိုင်ပေသည်။

အချုပ်ဆိုသော် မှားလျှင် ထောက်ပြမည့်သူ ပြင်ဆင်ပေးမည့်သူ ဝေဖန်မည့်သူ ကန့်ကွက်မည့်သူ ယိုနေလျှင်လည်း ဖြည့်စွက်ပေးမည့်သူ အကြံဉာဏ်ပေးမည့်သူ အကူအညီပေးမည့်သူ ရှာဖွေစုဆောင်းပေးမည့်သူ အများအပြား အဆင့်အတန်းမြင့်မြင့်နှင့် ရှိနေသေးသည်ဆိုသော အချက်ပင် ဖြစ်သည်။

ဤကား ဦးမောင်မောင်တင်၏ ထူးကဲသော အရေးပါသည့်အမျိုးသားကိစ္စ အောင်မြင်မှုတရပ်ပင်တည်း၊

**အမျိုးသားရေး (၃) ရွှေနန်းသုံးဝေါဟာရ။** ။အခြားအမျိုးသားရေးကိစ္စကြီး တခုကား ကျန်သေး၏၊ ထိုကား အခြားမဟုတ်၊ ယခုပုံနှိပ်သည့် ရွှေနန်းသုံးဝေါဟာရအဘိဓာန်ပင် ဖြစ်ပေသည်၊ ဤကိစ္စတွင်လည်း ကိုယ်ကျိုးမဖက်သော ဇွဲသတ္တိ အထူးလိုအပ်လှပေသည်၊ အဘိဓာန်ကို ပြုစု တင်ပြဖို့သော သတ္တိဇွဲကား ရာဇဝင်ရေးသားပြုစုသော သတ္တိဇွဲထက် အဆင့်မနိမ့်ပေ၊ အချိန်ကာလ၏မှတ်ကျောက်, စာပေပညာရှင်တို့၏ မှတ်ကျောက်ကို အတင်ခံနိုင်စွမ်း ရှိရပေသည်၊ အဘိဓာန်ရေးသားပြုစုသည်ကို အမျိုးသားကိစ္စရပ်အဖြစ် ထည့်သွင်းရခြင်းမှာ ၎င်းသည် အမျိုးသားစာပေ၏ တည်ငြိမ်မှုကို ဖြစ်စေ၍ ထိုမှတဆင့် စာပေတိုးတက်မှုကို ဖြစ်စေနိုင်၏၊ ထိုမှ တဆင့် တမျိုးသားလုံး တိုးတက်စည်ပင်ပြန့်ပွါးခိုင်မြဲ တည်တံ့မှုတို့နှင့် အကျိုးဆက်စပ်လျက်ရှိသောကြောင့် ဖြစ်ပေသည်။

မြန်မာစာပေသည် သမိုင်းတလျှောက်တွင် အစဉ်အဆက်မပြတ် ခိုင်ခံ့တည်တံ့စွာ ဆက်စပ်ရပ်တည်လျက် ရှိပေသည်၊ ၎င်းကို ခေတ်အားလျော်စွာ အပိုင်းခွဲထား၏၊ ထိုခေတ်များအနက် ကုန်းဘောင်ခေတ်သည် သက်ဦးဆံပိုင်

တို့၏ နောက်ဆုံးခေတ် ဖြစ်ပေသည်၊ ခေတ်အသီးသီးတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာက ပေါက်ဖွားထွန်းကား ပေါ်ထွက်လာသော စာပေများသည် အလွန် အဘိုးထိုက်တန်သော ရွှေ ငွေ ကျောက်သံပတ္တမြား စသည့် ရတနာ ၇-ပါးနှင့် တူ၏၊ ၎င်းတို့ကို ခေတ်အလိုက် ခွဲခြား၍ အလွန် ခိုင်ခံ့ လုံခြုံသော ဘဏ္ဍာတော်တိုက်ကြီးများ တခုစီအတွင်း နောင်လာ နောက်သားများနှင့် အမျိုးသားတည်တံ့ရေးအတွက် စိတ်ချရသော သော့လောက်များဖြင့် ပိတ်ထားသည်နှင့် တူ၏၊ ထို စိတ်ချရသော သော့များဖြင့် ဖွင့်မှသာ သော့ခလောက်များ ပွင့်၍ ထိုဘဏ္ဍာတော်တိုက်ကြီးအတွင်းတွင် သိမ်းဆည်းထားသော အဘိုးအနဂ္ဃတန်သည့် ရွှေငွေရတနာနှင့်တူသည့် စာပန်းဝတ်ရည်ကို သောက်ယူသုံးဆောင်နိုင်ပေသည်၊ ထိုဥပမာကဲ့သို့ အချို့ခေတ် စာပေကို ပါဠိ အဘိဓာန်သော့ဖြင့် ဖွင့်မှ သော့ခလောက်ပွင့်ကာ စာပေ၏ အရသာ အပြည့် အဝကို ရယူနိုင်ပေသည်။

အချို့ခေတ် စာပေကို ပေါရာဏအဘိဓာန် သော့ဖြင့် ဖွင့်မှ ပွင့်နိုင်သည်၊ ထိုအတူ ကုန်းဘောင်ခေတ် စာပေ ဘဏ္ဍာတော်တိုက်ကြီးကို အထူးသဖြင့် နန်းတွင်းနှင့် မြန်မာမင်းများ အုပ်ချုပ်ပုံ အဝေါ်အဝေါ် အသုံးအနှုန်းနှင့် ပတ်သက်သည့် ကိစ္စများတွင် “ရွှေနန်းသုံးဝေါဟာရအဘိဓာန်” သော့ဖြင့် ဖွင့်မှ ပွင့်ပေမည်၊ မြန်မာစာပေကို နက်နက်နဲနဲ စပ်စပ်စုစု လိုက်စားသူများအတွက်မူ ပါဠိ အဘိဓာန် ပေါရာဏအဘိဓာန်များမှာ မရှိလျှင် မဖြစ်သည့် သော့များကဲ့သို့ ရွှေနန်းသုံးဝေါဟာရလည်း မရှိ မဖြစ်သော သော့တချောင်း ဖြစ်ပေသည်၊ (ဒု-တွဲအတွက် စာမူမှာ ဒုကမ္ဘာစစ်ကြီးအတွင်း ပျက်စီး ဆုံးရှုံးခဲ့ရသဖြင့် စာပေလိုက်စားသူများအဘို့ ဝမ်းနည်းစရာပင်။)

ဦးမောင်မောင်တင်နှင့် ပတ်သက်သည့် အမျိုးသားရေးကိစ္စများကို ချုပ်ဆို ရသော်—

(၁) အင်္ဂလိပ်ကို လက်နက်ကိုင် တော်လှန်ခဲ့ခြင်း၊
(၂) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို အပြီးသတ်နိုင်ခဲ့ခြင်း၊
(၃) မြန်မာစာပေယဉ်ကျေးမှု၏ သော့တချောင်းဖြစ်သည့် ရွှေနန်းသုံး ဝေါဟာရအဘိဓာန်ကို ရေးသားပြုစုခဲ့ခြင်းများ ဖြစ်ပေသည်။

**သာသနာနှင့် အုပ်ချုပ်ရေး ရှုဒေါင့်များ။** ။သာသနာရေး ရှုဒေါင့်မှ ကြည့်လျှင် မဟာဒါန်ဝန်အဖြစ် ၁၅-နှစ်ကျော် သာသနာရေး အဝဝ ဆောင်ရွက်ပုံအကျဉ်းကို အထက်တွင် ဖော်ပြပြီးဖြစ်၍ မချဲ့လိုတော့ပေ။

အုပ်ချုပ်ရေးရှုဒေါင့်မှ ကြည့်လျှင်လည်း K.S.M A.T.M· ဘွဲ့တံဆိပ် ၂-ထပ်ကွမ်း ရခဲ့၍ အထူးဖော်ပြရန် မလိုပေ။

**ဘာသာရေးရှုဒေါင့်။** ။ယခု ဘာသာရေးရှုဒေါင့် (ဝါ)စာပေရှုဒေါင့်မှ ကြည့်ကြပါဦး။ ရှေးဦးစွာ စိစစ်ရမည့်အချက်မှာ ဦးမောင်မောင်တင်သည် ရှာဖွေစုဆောင်း စီစဉ်၊ ဆက်စပ်၊ မှတ်သား၍ တည်တံ့ခိုင်မြဲသည့် အမျိုးစာပေ စကားပြေ ရေးသားပြုစုတင်ပြဖော်ထုတ်သူ သက်သက်ပင်လော၊ ဤမျှသာ မကသေးဘဲ အနုစာပေသက်ဝင်ရာ လင်္ကာ သီချင်းစသည်တို့တွင်လည်း အထက်တန်း ပေါက်ရောက်ပါ၏လောဟူသော အချက်ပင် ဖြစ်သည်၊ အကဲခပ် အကဲဖြတ်နိုင်ရန် ညွှန်ပြရသော် ယခု ပုံနှိပ်သည့် ရွှေနန်းသုံး ဝေါဟာရ၏ နိဒါန်းကို ဘတ်ရှုက လင်္ကာသွားအဆင့်ကို ခန့်မှန်းနိုင်ပေမည်၊ ၎င်းပြင် ကုန်းဘောင်ခေတ် အထူးသဖြင့် နောက်ပိုင်းတွင် ရေပန်းစားခဲ့သော သီချင်းသက်ဝင်ရာ ကဗျာမျိုးဖြစ်သည့် ဒွေးချိုး လေးချိုး (သံချို) ဘောလယ် တေးထပ် တို့တွင် မည်မျှ အဆင့်အတန်းရှိသည်ကို သိသာနိုင်ရန် သံချိုပါရဂူဟု ကျော်ကြားသည့် မောင်းထောင် ဦးကျော်လှနှင့် မုံရွာနယ်ပိုင်အဖြစ်အမှုထမ်းစဉ်က ဦးမောင်မောင်တင်တို့ တဦးနှင့်တဦး အပြန်အလှန် ရေးသားကြသည့် သံချိုများကို "သုတဝဍ္ဍနစာတမ်း"မှ မူရင်းအတိုင်း ကောက်နုတ် ဖော်ပြလိုက်သည်။

(မှတ်ချက်—၎င်းသံချိုကို ၁၂၉၀-ခုနှစ်၊ တပေါင်းလတွင် မန္တလေးမြို့၌ စတင် တည်ထောင်သည့် ဝန်ကြီးများဖြစ်သော ဆာရေဂျ အေ မောင်ကြီး၊ ဆာအရိန်၊ ဦးဘတင်၊ ဝက်မစွပ်မြို့စားကြီး မင်းကြီးမင်းထင် မဟာစည်သူတို့ကို နာယကအဖြစ်ထားကာ ဥက္ကဋ္ဌ ဦးမောင်မောင်ကျော် K S M A T M၊ ဒုဥက္ကဋ္ဌ ဦးဖိုးထူး၊ စက္ကတေရီ ဦးထင်၊ ဒု ဦးဘတင် (ရွှေပြည်)နှင့် အခြား

မြန်မာပညာရှင်ကြီးများ ပါဝင်ထုတ်ဝေသည့် "သုတဝဓုနစာတမ်း" အတွဲ ၁ နံပါတ် ၃-မှ ကောက်နုတ်ဖော်ပြသည်။)

## ဦးကျော်လှ သံချို

"၁၂၇၈-ခုနှစ်၊ တော်သလင်းလ၊ မုံရွာ နယ်ပိုင်ဝန်ထောက်မင်း၊ ဘုတလင်ရုံး စစ်ဆေးရန် ၎င်းမြို့ဗိုလ်တဲ၌ တည်းခိုနေခိုက်တွင် ဘုတလင်မြို့နယ် မောင်းထောင် ရွာနေ ရုပ်စုံဆရာ ဦးကျော်လှက သဿမေဓ အခွန်တော် လွတ်လိုကြောင်းကို ပုရပိုက်ကံ့ကူ ကလောင်စက္ကူမပါဘဲ နှုတ်လွတ်ဆို၍ လျှောက်ထားသော သံချို။

**ဦးကျော်လှ။** ။'မြေပထဗျာ ကြွေကာ ပြုန်းလို့၊ ကမ္ဘာအဆုံးတိုင် ရာဝင် ပြောင်မဲ့၊ ပြည်ကုန်းဘောင် နွယ်တော်ဆက်တွင်မှ၊ ဘုန်းကျက် သရေ နေလိုလျှံတဲ့၊ ရွှေဘိုစံ-ဘေးဘော်ဓမ္မရာဇ်၏၊ မြေးတော်မြစ်နေတွေ့ရာ။

ရတနာသိင် အာဟိန်မိက၊ သာကီဆွေ မွေခံမှန်သောကြောင့်၊ ပြေလန်ဒန် ဘုရင်ဘုန်းက၊ ရွှေကုန်းဘောင် မြောက်ညာတိုင်း၏၊ နောက်ပိုင်းမှီ ဒိပဲးယင်း တည့်၊ စီးဆင်းခွေ မြစ်ငယ်မူးနှင့်၊ ရေဦးဝယ် ဟယ်တဲ့ရုံးက၊ နယ်လုံးပိုင် ဂုဏ် သမ္ဘာကြောင့်၊ မုံရွာမှာ ခြုံကာမူးစေဟု၊ ရာထူးခံအလွန်မြောက်တဲ့၊ ဝန်ထောက် တော် နှလုံးသိမ်မွေ့ပါဘိ၊ ဘုန်းရှိန်ငွေ့ဖြာ။

ကြင့်နှန်းဗွေ မန်းမြေကနက်တွင်မှ၊နန်းနှစ်ဆက်တိုင်ဖြေဖျော်လို့၊ရွှေနားတော် ဆင်ကာညောင်းရတဲ့၊ ရွာမောင်းလောင် ကျွန်တော်နှင့် ပျော့မိလျှင်၊ ကြောင်း စေ့မြေ့ မေးမြန်းရှာ၊ ချမ်းစွာ ဆုတောင်း။

သက္ကရာဇ်အရွယ် ရှစ်ဆယ်နီးချည်ပေါ့၊ မယ်ကြီးမို ဘိုးဖိုးနှင့် ဖွားကြတဲ့၊ ကိုယ်သားတွေ အပါးနေ မရှိချေဘု၊ စုဟိကာ ဝိညာဉ်ချုပ်နှင့်လို့၊ ချက်ပြုတ်ကာ ရေပူအေးနှင့်၊လုပ်ကျွေးသူ ပေလာကန်ရော့၊ ဒုက္ခဟံအလွန်ရောက်သော်ကြောင့်၊ ဝန်ထောက်တော် ပညာရှိတဲ့၊ ဇာတိဟာခြေ နေညွန့်သွေးပေဟို၊ နှစ်ကြေးငွေ သဿမေဓတို့၊ တကျေးတရွာ မပြေးမခွါကြနိုင်ဘု၊ အေးစာစောင် ရေးကာသလို့ ရယ်၊ ပေးမပါကြောင်း။'

ဦးကျော်လှ၏ အခြေအနေကို မောင်းထောင်ရွာသို့ သွားရောက်စစ်ဆေးရာ ကိုယ်ပိုင် လယ်မြေများရှိသည်ကို တွေ့ရသဖြင့် အခွန်တော် ဥပဒေအရ ဒုက္ခိတ မဖြစ်ထိုက်သည့်အတွက် ဝန်ထောက်မင်းက ပြန်၍ ရေးပေးလိုက်သော သံချို။

**ဦးမောင်မောင်တင်။** ။'မန်းသိင်္ဂါနိမ္မာတန္နန်းတွင်မှ၊ မြတ်ဘုန်းတော်ပရမေနှင့်၊ ဒိသမ္ပတော စိုးစံမြန်းစဉ်က၊ သရေလျှမ်းမော် အခေါင် ချုပ်စေဘို့၊ ရွှေနန်းတော် တောင်စမုတ် (တွင်ဖြင့်)၊ ဆိုင်းရုပ်စုံ သဘင် ကျင်းပါ၍၊ ရွှေနားတော် ဖြေဖျော်လို့သွင်းခဲ့ရ၊ မင်းနှစ်ဆက်တိုင်။

ရှိပင်ကိုယ် ဉာဏ် ဇဝန၊ ကြံရလျှင် တခဏုပ်ကယ်နှင့်၊ စင်ရုပ်ကာ လက်တန်း စီက၊ ကျေသဒ္ဒါ ရွှေစာကျွမ်းသူမို့၊ သိကျမ်းဂန် ဝိဂြိုဟ် ဝစနတ်တွေနှင့်၊ ရှိသလို ညှိဆိုဟပ်ပါ၍၊ မြန်မာတွင် ကဗျာအစပ်မှာတော့၊ ဘိုးမဖြတ်နိုင်။

လောကဓံသင်္ခါရ၊ မဆွခေတ်ဟောင်းရယ်မှ၊ ဘဝအသစ် ပြောင်းသည့်နှယ်၊ ရွှေမောင်းထောင်ဂါမော်က၊ ဆရာကျော်လှပုဏ္ဏိ၊ ဟာနိအရွယ်ကျရှာ၍၊ အာဒိငယ် ပဌမကဲ့သို့၊ ရဇတငွေ ဓနအခြေ မဒွေးသည်ကြောင့်၊ တအိမ်တာ ချိန်စရာ ကြေးရယ်တို့၊ မပေးရန် လွတ်ပါကြောင်းကိုတဲ့၊ တောင်းအခွင့် သုံးနယ်ခရိုင်၊ ရုံးနယ်ပိုင်ထံရင်း။

အနုပ်ရှိသမျှ၊ ဒုက္ခိတ ချမ်းသာပေးသည်မတော့၊ မငွေးပလာ ကျေးရွာ အရပ်တွင်ဖြင့်၊ တရွေးအသပြာ ပေးစရာမကပ်သည့်ပြင်၊ တော်မွတ် တူမယှဉ်သာ တဲ့၊ လူဟင်စရာ အင်္ဂါချို့သူကမှ၊ သို့တမူ ဏရို့မယူ လွတ်သည်ကြောင့်၊ အရွတ်အို လူတသင်းတို့နှင့်၊ လွတ်လိုသူ တဆူ စာရင်းမှာတဲ့၊ မှူးသွင်းလျှင် ဂုဏ်အခြေသေး ပါလိမ့်၊ နှစ်ကျပ်ငွေ သဿမေကြေးကို၊ ပေးပမယွင်း။'

**၁၂၇၈-ခု၊ သီတင်းကျွတ်လအတွင်း**
**ဦးကျော်လှက မုံရွာနယ်ပိုင်**
**ဝန်ထောက်မင်းထံသို့ လူကြုံတွင် ရေးပေးလိုက်သောသံချို**

**ဦးကျော်လှ။** ။'လောင်းနတ်ရှင် တည်ထောင်သည့်၊ ပြည်ကုန်းဘောင် ရတနာ သိင်္ဃ၊ ရာဇနိန် ကွာပိန္ဒရီ၏၊ သာကီဝင် ဆွေတော်မြတ်ပေသမို့၊

ဘိလပ်စံကြည်ယုံလို့၊ ပြည်ရွှေမုံ ဝေပုံအဆုံးထိ၊ စေတလုံးပိုင် ရုံးထိုင်မြောက်ပေသည့်၊ ဘုန်းဝန်ထောက် တော်ထိပ်တင်။

သဘင်မှာ ပညာစွမ်းငယ်ကြောင့်၊ရတနာမန်းမြေ ငွေကနက်တွင်မှ၊ နေထွက်ဘုရင် နှစ်ဆက်ပင်သုံးသူမို့၊ တလင်ကုန်းမြေ ရုံးဗွေမြင့်သို့၊ နေမင့်နွယ်ရောက်လာဆိုက်တော့၊ လျှောက်လျှင်သနားရှာတတ်သော်ကြောင့်၊ နှစ်ပြားနှင်ကျပ်ငွေ သဿမေကင်းစေရ၊ ခံတွင်းလျှာ ပြုံးချိုအိန့်လို့၊ ဘုန်းမိန့်လျက်ပင်။

စေတနာအလွန်ရောက်သော်လဲ၊ ဝန်ထောက်တော် မဟာမျိုးက၊ ဇာတာညှိုးမှိန် အမိုးအိမ်စုတ်ကယ်နှင့်၊ စားမြိန်လုပ်ခါ ပြုတ်စရာမရှိလို့၊ ဒုက္ခိတာစိုးရိမ်ပန်းတဲ့၊ ကျိုးကန်းသူ လူမမာတို့နှင့်၊ နမူနာ အတူပါလို့သွင်းလျှင်ဖြင့်၊ သတင်းဂုဏ်သိသိသေးမည်ကြောင့်၊ နှစ်ကျပ်ငွေ သဿမေကြေးငယ်တို့၊ ပေးပေတော့ နှစ်တိုင်းအစဉ်၊ ခိုင်းချင်တဲ့ နောက်စကား။

အဝိဇ္ဇာ စိတ်မှာငြိလို့၊ ဒိဋ္ဌိတဏှာစတဲ့၊ မာနစေတသိက်ကယ်ကြောင့်၊ ပြေနိဗ္ဗာန်တက်နိုင်ခဲပါသတဲ့၊ လက်စွဲကျော် ဆရာလှင့်မှာ၊ ပရမတ်မွှာ ခတ်သဘာဝပေမို့၊ ပသာဒမစုံမက်ပါဘု၊ ဂုဏ်ကျက်သရေ ဘယ်လိုသေးစေတော့၊ ငွေကြေးမတွင် အလွန်ကြောက်သော်ကြောင့်၊ မသေသေးခင် ကျွန်တယောက်ကဲ့သို၊ ဝန်ထောက်တော် နယ်ပိုင်မင်းက၊ ရုပ်ရှိနာမ်သတ္တဝါချင်းဟာမို့၊ ဒုက္ခိတံပါစာရင်းတွေသို့၊ သွင်းပဘုရား။’

**စာပို့လာသူလူကြုံတွင် ဝန်ထောက်မင်းက ပြန်၍ရေးပေးလိုက်သောသံချိုဦးမောင်မောင်တင်။**

။‘မန်းဇေယျုံ ရွှေဘုံကနက်၊ ငွေရွက်ဖြူ ရှစ်ဆိုင်ဖွင့်စဉ်က၊ ပလ္လင်ဒီပါလျှံသည့်၊ သီဟာစံဘုရင်တို့ သုံးသူမို့၊ ညွန့်တုံးတွေ လူဗလချာနှင့်၊ နမူနာ တူစွာထားပါ၍၊ ဇယားပြင် အင်းခွင်ထက်မှာတဲ့၊စာရင်းပင် မသွင်းမတင်ရက်နိုင်ဘု၊ သင်းလျှင် အခက်ကြုံတော့တယ်။

ပုတခင်နေတဲ့ကုန်းဟာမို့၊ ဘုတလင် ရွှေဘွဲ့သုံးကြတဲ့၊မြို့ရိုးတွင် ကန်ရာသီက၊ ဉာဏ်ပါရမီ အခြေကောင်းလှသည့်၊ မြေမောင်းထောင် ဝိစက္ခဏောရယ်နှင့်၊ တလောဝယ်ကြုံတွေ့ဘူးပြန်တော့၊ ဆုံ၍နှစ်ဦးပင် အာလာပရယ်နှင့်၊ အဖြာဖြာ

ဝစနာသသည့်ပြင်၊ ဆရာလှ တအိမ်တွက်ကိုဖြင့်၊နှိမ်လျက်ပင် စိုက်ခါပေးမည်ဟု၊ နှုတ်ခြွေးဝန်ခံရင်းကို၊ ငြင်းလို့မကွယ်။

နောက်တဖန် လျှောက်ပြန်တဲ့စကားမှာတော့၊ မခြားသူငါ အများလူတကာ မကျန်ပ၊ ရုပ်နှင့်နာမ်သမူဟ၊ တူကြသည် တထေဝါမို့၊ ပြေအမတာရောက်နိုင်ခဲ့ အောင်ဖြင့်၊ လက်စွဲကျော်မာန်မာနတွေနှင့်၊ ဘဝတွင် ဂုဏ်မလုပ်လိုဟု၊ စုံရုပ်တ ပညာနှင့်၊ သာဘင်ဆရာ ဘိုးကျော်လှငယ်က၊ လမ်းပြချက် မှန်တကယ်၊ ဓမ္မခန်ဝယ် ညှိနိုင်း။

ကကြောင်းဆင်ခြေလာတဲ့၊ သခင်ပါ ဓမ္မာသဘောကိုဖြင့်၊ မနောတွင် အမှန်ကျသော်လဲ၊ လောကဝယ် ဂုဏ်မရှိပြန်တော့၊ နုံချိသည့်လူတကာက၊ ဇမ္ဗူမှာ သူငါမဲ့ပါ၍၊ ကဲ့ရဲ့မည့် အရပ်စကားတွေကြောင့်၊ နှစ်ကျပ်နှစ်ပြားငွေ ဒုက္ခအရေးကိုဖြင့်၊ စပ်ကြားနေ ကျုပ်က ပေးရော့မယ်၊ တော့နှစ်တိုင်း’။

သဿမေဓ အခွန်တော်ငွေ ခွဲတောင်းချိန်ရောက်သောကြောင့် မုံရွာနယ်ပိုင် ဝန်ထောက်မင်းက ဦးကျော်လှအတွက် ပေးဆောင်ရန်ငွေကို မောင်ထောင် ရွာသားတဦးထံမှာ အပ်နှံလိုက်ရာ ၎င်းလူမောင်ထောင်ရွာသို့မရောက်မီ သူကြီးက သဿမေဓတောင်းသဖြင့် ဦးကျော်လှကပင် ပေးဆောင်ရသောကြောင့် မုံရွာ နယ်ပိုင်ဝန်ထောက်မင်းထံသို့ **နောက်ထပ်ရေးပို့လိုက်သည့်သံချို**။

**ဦးကျော်လှ**။ ။‘သဿမေငွေမဆောင်ရအောင်၊ **အ**မတ်နေရခေါင်တော် ချွန် မြောက်တဲ့၊ ဝန်ထောက်တော် ကံဉာဏ်ထူးသူမို့၊ ပန်ဖူးမြော် လျှောက်ကင်ဘိတော့၊ သတိတော် သမ္ပဇဉ်နှင့်၊ ကြံဖန်လျှင် မေတ္တာရေးရယ် ကြောင့်၊ နှစ်ကြေးငွေ မဆောင်ရအောင်ပ၊ စောင်မတော်မူလိုက်အုံးမည်ဟု၊ တလင်ကုန်းမြေ ရုံးဌေ**စ**မုတ်ကယ်က၊ ဘုန်းရွှေ**နှုတ်အမိန့်တော်**။

နောက်တခါလျှောက်လွှာသတော့၊ **ကာယ**ကိုယ်အိုမစွမ်းရုံနှင့်၊ ကျိုးကန်းသူ လူမမာတို့လို၊ နမ္မူနာစုတ်ချာဘိ**သည်**ကြောင့်၊ ဒုက္ခိတာဘိုးကျော်လှငဲ့ကို၊ ခေါ်ကြ မည်မခံချင်နှင့်၊ ဉာဏ်ရှင်ရှင် ဖန်ဆင်တတ်သူက၊ ဒြပ်ဂုဏ်ခြေ**အ**နေကြောင့်၊ သဿမေ နှစ်ကျပ်ငွေကြေးငယ်တို့၊ ပေးပါလေ ခါနှစ်တိုင်းတဲ့၊ ခိုင်း၍သရော်။

သူကြီးအစုံ ခုံသမာနှင့်၊ မုံရွာတွင် ဆုံလာအုံးမိတော့၊ သည်ရုံးမှာ ကျွန်ုပ် စိုးသမျှ၊ သည်အဘိုးအို ရှည်တသက်ထိ၊ ငွေဆက်ကာ ကျွန်ုပ်သွင်းမည်ဟု၊ နှုတ်ခံတွင်းက မိန့်အာဘော်၊ စာမျှော်လို့ ညှိနှိုင်း။

ႇဘုန်းကြွယ်ကြွယ် ရုံးလယ်အချက်ကယ်က၊ ပြုံးလျက်သႆမျက်နှာပြုလိုက်သတဲ့၊ ကြက်ဥရောင် တိမ်တောင်မြေးကဲ့သို့၊ နောင်ရေးရာဘယ်လိုရှိမည်ဟု၊ ဝရိုးကို ညှာချင် သူကြီးခမြာပင် မသိနိုင်ဘု၊ သမာဓိတွေ ညှိလေအပ်တော့၊ နှစ်ကျပ်ကို ရှောင်ခါမသွေနှင့်၊ဆောင်ပါလေ ယခေါင်စာလာဟောင်းရယ်ကြောင့်၊ ထူးကဲစွာ တမူးတပဲသာလို့မတောင်းရှာဘု၊ ရွာမောင်းမြေရွှေထောင်ကျေးတွင်မှ၊ အမျှား တကာလို နှစ်ပြားအသပြာကိုပေးရုံနှင့်၊ မောင်လှကျော်သူ စောင်မတော်မူလို့ အေးပေရှဲ၊ ကြေးရင်းအတိုင်း။’

## နယ်ပိုင်ဝန်ထောက်မင်းက ဦးကျော်လှထံ ပြန်လိုက်သောသံချို

**ဦးမောင်မောင်တင်။** ။‘ဘဝအဆက်ဆက်၊ အနမတဂ် သံသရာက၊ ပန်ပတ္ထနာ ရေစက်အကြောင်းပေထင့်၊ မြေမောင်းထောင်လူကဝိ၊ ပဏ္ဍိအမော် ကျော်ဆရာသို့၊ ခေါ်တခါ မြင်လိုက်ဘူးရုံနှင့်၊ ထူးလှတဲ့-ချစ်ပိယေ။

သို့ကလောက်ပေမို့၊ ကရို့ကောက်သော်လဲ၊ ထို့နောက် ငွေတော်ခွဲရင်လ၊ ကျပ်ပဲပိုင်တချင်ရွေးကိုမျှ၊ ထင်ကြေးခံပါလို့ မခိုင်းပြီဟု၊ မှန်တိုင်းပဋိညာဏ်နှင့်၊ ကြိမ်ဖန်ဖန်ဝစီမြွက်ခဲ့၍၊ သည်အတွက် ဆောင်ရန်များကိုဖြင့်၊ မြူမသုန် လူကြုံ သွားကို၊ ပါးလိုက်ရချေ။

ဆိုင်းမတွဲသော်လဲ့၊ ခိုင်းတဲ့သူမရောက်သေးလို့ထင့်၊ ထောက်တွေးရယ် မညှာ တာသည့်၊ ရွာဆရာ သမာဓိတွေက၊ စာညှိကာထင်ပြန်တဲ့ ကြေးငွေကို၊ ပေးရမည် ကလန်က တောင်းသော်ကြောင့်၊ရွာမောင်းထောင် လူတကာတို့နှင့်၊ ဘသူမသာ တူစွာထမ်းရလို့၊ ချမ်းမြပေါ့ သဿမေ၊ နှစ်ကျပ်ငွေ-နှစ်ပြား။

ထိုကဗျာ ဆိုဝစနာ၊ မိပ္ပါယ်ရှင်းလိုက်တော့၊ မင်းသေဥ်လဉ်ကြောင် စံနေစဉ် က၊ ပုဂံပြေတွင် ရှင်မထီးကိုဘဲ့၊ အထင်မကြီးသူတွေ ပြစ်တင်စောသည့် သည်နှယ်၊ အလောတူ သဘောယူဘို့ ကောင်းတော့တယ်၊ မောင်းထောင့်စာသွား’။

ဦးကျော်လှနှင့် လေးဆစ်သံချို အပြန်အလှန်ရေးသော နယ်ပိုင်
ဝန်ထောက်မင်းသည် ယခု မန္တလေးမြို့တွင်နေသူ ပင်စင် အငြိမ်းစား
ဝန်ထောက်-မောင်မောင်တင် (I) K. S. M., A. T. M ဖြစ်သတည်း။”

(**စကားချပ်။** ။သဿမေဓအခွန်မှာ မင်းတုန်းမင်းကြီးလက်ထက်ကပင် ၁၀-ဘို့ ၁-ဘို့ စည်းကြပ်၍ ပေးဆောင်ကြရသော အခွန်တော် ဖြစ်သည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် သဿမေဓအခွန်ဥပဒေအရ ကောက်ခံသည်။ ကျေးရွာက တင်ပြောက်သည့် သမာဓိက မှုဆိုးမ အို-နာ-ကျိုး-ကန်း လူမမာ အသက်အို ဒုက္ခိတများကို ချန်လှပ်၍ အိမ်ထောင်အလိုက် ဆင်းရဲချမ်းသာ ဆုကြုံနိမ့်မြင့် ခွဲတမ်းချသည်၊ ၎င်းခွဲတမ်းကို ကျေးရွာသူကြီးက မြို့ပိုင်ထံ တင်ပြရသည်၊ မြို့ပိုင်က ထပ်မံ စစ်ဆေးရသည်၊ ထို့နောက် ကန့်ကွက်ပြုပြင်ပြင်ဆင်မှု မရှိက ခွဲတမ်းအတည်ပြု၍ အခွန်ခပြေစာကို သူကြီးအား ကောက်ခံစေရန် ထုတ်ပေးလိုက်သည်။

နယ်ပိုင်၏ ကျေးရွာသမာဓိဆုံးဖြတ်ချက်ကို လေးစားမှု၊ ဥပဒေကို တိကျစွာလိုက်နာမှုနှင့် ၎င်း၏ ဦးကျော်လှအပေါ် ထားသည့် စေတနာ ဖြူစင်သန့်ရှင်းမှုတို့ကို ပေါ်လွင်စေသည်နှင့်အမျှ ဦးကျော်လှ၏ သံချိုများမှာ ရသဂုဏ် ပြောင်မြောက်၍ ထွန်းတောက်လှပေတော့သည်။)

## အလွန်ထူးခြားသောမင်းသား

**နိဂုံး။** ။နိဂုံးချုပ် ဖော်ပြရသော် ဦးမောင်မောင်တင်သည် မင်းသားမလုပ်လို၊ မင်းသားပင်စင်ကိုပင် မလျှောက်မယူ၊ မင်းသားဟုပင် အခေါ် မခံချင်သော်လည်း ကုန်းဘောင်ခေတ် မင်းညီမင်းသား ဆွေတော်မျိုးတော်တို့နှင့်မတူ ထူးခြားချက်တခုရှိသည်၊ မင်းညီမင်းသားများမှာ အများအားဖြင့် လက်ရုံးရည်ဖြင့်သာ အချိန်ကုန်ခဲ့ကြရပေသည်၊စာပေဘက်တွင် တတ်မြောက်ကြသော်လည်း ထူးချွန်သူမှာ ၎င်းတို့အရေအတွက်နှင့် နှိုင်းယှဉ်လျှင် နည်းပါးကြောင်းတွေ့ကြလိမ့်မည်၊သီပေါမင်းသည် ပိဋကတ်တော်ကို မင်းသားဘဝက ပြန်ဆိုနိုင်၍ သာသနာရေးဘက်တွင် ထူးချွန်၏၊ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး (ရွှေဘိုမင်း၏သမီးတော်) ရတနာဒေဝီသည် ဗေဒင်ဘက်တွင် တဖက်ကမ်းခပ် တတ်မြောက်၍ ထူးချွန်ပေသည်၊ ပြင်စည်မင်းသား၊ ပုခန်းမင်းသား၊ ပြည်မင်း၊ နန်းမတော်မမြကလေး၊ လှိုင်ထိပ်ခေါင်တင် စသည်တို့သည်လည်း အနုစာပေ သီချင်းဘောလယ် တေးထပ်တွင် ထင်ပေါ်ကျော်စော၏၊ သို့သော် အရေအတွက်ကားနည်းလှပေသည်၊ ထိုရှုဒေါင့်မှကြည့်လျှင် ဦးမောင်မောင်တင်သည် ရာဇဝင်အဘိဓာန်များကို ပြုစုခဲ့၍ ထူးသောမင်းသားဖြစ်သည်ဟု ဆိုရပေမည်၊ အနုစာပေတွင်လည်း မင်းသားထဲမှ ခေတ်အဆင့်စံချိန်ကို မှီအောင်လိုက်နိုင်သူဖြစ်သည်ဟုပင် ဆိုနိုင်ကြောင်း ဖော်ပြရံပေသတည်း။

မြန်မာစာပေ တိုးတက် ပြန့်ပွါး စည်ပင် ခိုင်မြဲရေးကို
ဆောင်ရွက်နိုင်ကြ ပါစေသတည်း။

**မဟာသရေစည်သူ-ဦးချမ်းသာ**

၁၀-၁၀-၇၅

ရွှေနန်းသုံး ဝေါဟာရအဘိဓာန်

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၁ – ကောရာဇ်မင်းမြတ်အကြောင်း | .... | .... | ၁ |
| မင်းတို့ကျင့်ရာသော သင်္ဂဟတရားလေးပါးအကြောင်း | | .... | ၁ |
| သဿမေဓ | .... | .... | ၂ |
| ပုရိသမေဓ | .... | .... | ၂ |
| သမ္မာပါသ | .... | .... | ၂ |
| ဝါစာပေယျ | .... | .... | ၃ |
| ရာဇဂုဏ်ရှစ်ပါးအကြောင်း | .... | .... | ၃ |
| သိကြားမင်းကဲ့သို့ ကျင့်ခြင်း | .... | .... | ၃ |
| နေကဲ့သို့ ကျင့်ခြင်း | .... | .... | ၃ |
| လကဲ့သို့ ကျင့်ခြင်း | .... | .... | ၃ |
| လေကဲ့သို့ ကျင့်ခြင်း | .... | .... | ၃ |
| ယမမင်းကဲ့သို့ ကျင့်ခြင်း | .... | .... | ၄ |
| သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်း | .... | .... | ၄ |
| မြေကဲ့သို့ ကျင့်ခြင်း | .... | .... | ၄ |
| မိုးကဲ့သို့ ကျင့်ခြင်း | .... | .... | ၅ |
| ၂ – မိဘုရားအကြောင်း | .... | .... | ၅ |
| မိဘုရားနှင့် မိဖုရားအဆုံးအဖြတ် | .... | .... | ၆ |
| ၃ – အိမ်ရှေ့မင်းအကြောင်း | .... | .... | ၈ |
| အိမ်ရှေ့မင်း အင်္ဂါ ၅-ပါး | .... | .... | ၈ |
| အိမ်ရှေ့မင်း နန်းတော်ဝင်ပုံ | .... | .... | ၁၀ |

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန်


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၄ – မင်းညီမင်းသား | .... | .... | ၁၁ |
| မင်းသားနှင့်နေရာတော် | .... | .... | ၁၁ |
| ၅ – မြင်းမှူးမင်းသား | .... | .... | ၁၁ |
| လွှတ်တော်စာချွန်ရေးနည်း | .... | .... | ၁၂ |
| ၆ – တနေ့သုံးယံ ညီလာခံခြင်း | .... | .... | ၁၂ |
| နံနက် ညီလာခံကြီး | .... | .... | ၁၃ |
| နေ့ ညီလာခံ | .... | .... | ၁၃ |
| ည ညီလာခံ | .... | .... | ၁၄ |
| သက်တော်စောင့်လေးဦး | .... | .... | ၁၄ |
| ၇ – တနှစ်လျှင်သုံးကြိမ် ပွဲတက်ကန်တော့ခံသည့် အကြောင်း | | .... | ၁၅ |
| နှစ်သစ်ကန်တော့ခံ | .... | .... | ၁၅ |
| ဝါဝင်ကန်တော့ခံ | .... | .... | ၁၅ |
| ဝါကျွတ်ကန်တော့ခံ | .... | .... | ၁၅ |
| ၈ – မင်းခမ်းမင်းနား ခင်းကျင်းပုံ | .... | .... | ၁၆ |
| ကန်တော့ရန်ဝင်ပုံ | .... | .... | ၁၇ |
| မင်းနှင့်မိဖုရား ဝတ်ဆင်စံနေပုံ | .... | .... | ၁၈ |
| ဘိသိက်တော် ဆက်သပုံ | .... | .... | ၁၉ |
| လက်ဆောင်တော် ဆက်သပုံ | .... | .... | ၁၉ |
| ကန်တော့ဆက်သပုံ | .... | .... | ၁၉ |
| အခမ်းအနားရုပ်သိမ်းပုံ | .... | .... | ၂၀ |
| ၉ – ပွဲတက်နေရာတော် ချထားပုံ | .... | .... | ၂၀ |
| ဝဲဘက်နေရာ ၂၂၆ | .... | .... | ၂၀ |
| ယာဘက်နေရာ ၂၂၅ | .... | .... | ၂၁ |
| ရာထူးအလိုက် နေရာခင်းပုံ | .... | .... | ၂၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၁၀ – အနောက်ပွဲတက် ကန်တော့ခံတော်မူခြင်းအကြောင်း | | .... | ၂၁ |
| အမေးတော်သုံးရပ် | .... | .... | ၂၂ |
| တန်းဆာဆင်ယင် ဝင်ထွက်ရပုံ | .... | .... | ၂၂ |
| နေရာချထား ထိုင်ရပုံ | .... | .... | ၂၂ |
| အရှေ့အနောက် နေရာကွဲပြားပုံ | .... | .... | ၂၄ |
| ရာထူးအလိုက် နေရာခင်းပုံ | .... | .... | ၂၄ |
| ၁၁ – နေရာတော်နေ မနေအကြောင်း | .... | .... | ၂၄ |
| ၁၂ – ကတော့်မယားအကြောင်း | .... | .... | ၂၅ |
| ၁၃ – နေရာနေ အမိန့်တော် | .... | .... | ၂၅ |
| ၁၄ – အထက်အမေးတော်ခံ ကတော်ကြီး ၄-တို့ပြန်တမ်း | | .... | ၂၅ |
| ၁၅ – နောက်ကတော်ကြီးတို့ကို သနားတော်မူသည့် အမိန့်တော် .... | | | ၂၆ |
| ၁၆ – ရှေ့သွယ်နေရာတော်နေတို့ကို သနားတော်မူသည့် အမိန့်တော် | | | ၂၇ |
| ၁၇ – အနောက်ပွဲတက် နောက်သွယ် နေရာတော်နေတို့ကို သနားတော်မူသည့် အမိန့်တော် | .... | .... | ၂၉ |
| ၁၈ – အနောက်ပွဲတက် နေရာတော်နေတို့ကို သနားတော်မူသည့် အမိန့်တော် | .... | .... | ၃၀ |
| နန်းတော်သားများ | .... | .... | ၃၀ |
| ၁၉ – လက်သုံးတော်ကြီး | .... | .... | ၃၀ |
| ၂၀ – လက်သုံးတော်ကလေး | .... | .... | ၃၁ |
| ၂၁ – ကွမ်းရေတော် | .... | .... | ၃၁ |
| ၂၂ – လဘက်ရည်တော် | .... | .... | ၃၂ |
| ၂၃ – ထီးဖြူတော် | .... | .... | ၃၂ |
| ၂၄ – လေးဆယ်တော် | .... | .... | ၃၂ |
| ၂၅ – ငါးဆယ်တော် | .... | .... | ၃၃ |

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန်


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၂၆ – စာတော်ဘတ် | ၃၃ |
| စာတော်ဘတ်အင်္ဂါများ | ၃၃ |
| ဘတ်ရသည့် ကျမ်းစာများ | ၃၄ |
| ၂၇ — ဘိနပ်တော် | ၃၄ |
| ၂၈ – အတွင်းဘိနပ်တော် | ၃၄ |
| ဒေါင်းတောင်ဆက် | ၃၅ |
| ၂၉ – လက်စွဲကြီး | ၃၅ |
| ၃၀ – လက်စွဲကလေး | ၃၅ |
| ၃၁ – ဘုန်းတိုက်လက်စွဲ | ၃၅ |
| ၃၂ – ပလိုင်းလက်စွဲခေါ် ဘိကျပ်လက်စွဲ | ၃၆ |
| ၃၃ – မြောက်စမုတ်လက်စွဲ | ၃၆ |
| ၃၄ – တောင်စမုတ်လက်စွဲ | ၃၆ |
| ၃၅ – အနောက်စမုတ်လက်စွဲ | ၃၇ |
| ၃၆ – မင်္ဂလာလက်စွဲ | ၃၇ |
| ၃၇ – နတ်ရှင့်ရန်နိုင် | ၃၇ |
| ၃၈ – အလံနီစိုက်လူတော် | ၃၈ |
| ၃၉ – ရဲညွန့်လူတော် | ၃၈ |
| ၄၀ – သမားတော် | ၃၈ |
| ၄၁ – အနှိပ်တော် | ၃၉ |
| ၄၂ – မြွေသမားတော် | ၃၉ |
| ၄၃ – ကွမ်းခန်းကျွန်တော်မျိုး | ၄၀ |
| ၄၄ – ကွမ်းခန်းစာရေး | ၄၀ |
| ၄၅ – ဆုတော် လာဘ်တော် ပေးပုံ | ၄၁ |
| လစာနည်းလျက် ပြည့်စုံချမ်းသာကြခြင်း | ၄၁ |
| အလှူတော်ငွေ | ၄၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
| --- | --- | --- | --- |
| **အပျိုတော်များ** | .... | .... | **၄၁** |
| ၄၆ – မှန်နန်းအပျိုတော် | .... | .... | ၄၁ |
| ၄၇ – အငြိမ့်အပျိုတော် | .... | .... | ၄၂ |
| ၄၈ – မင်းမိဖုရားများကို ဘွဲ့ပေးပုံ အတန်းအဆင့် အကြောင်း | | .... | ၄၃ |
| ၄၉ – မင်းညီမင်းသားများကို ဘွဲ့ပေးပုံ အတန်းအဆင့် | | .... | ၄၄ |
| ၅၀ – လွှတ်တော် | .... | .... | ၄၄ |
| ၅၁ – လွှတ်တော်တည်ရှိရာဌာန | .... | .... | ၄၄ |
| လေှကားတော်များ | .... | .... | ၄၅ |
| ၅၂ – လွှတ်တော်ခေါ်ဝေါ်ခြင်းအကြောင်း | .... | .... | ၄၅ |
| **လွှတ်တော်အရာရှိများ** | .... | .... | **၄၆** |
| ၅၃ – ဝန်ကြီးမင်းပြန်တမ်းကြီးခံ | .... | .... | ၄၆ |
| လွှတ်တော်ဝန်ကြီးများတာဝန် | .... | .... | ၄၆ |
| ဝန်ကြီးခန့်အမိန့်တော်ပြန်တမ်း | .... | .... | ၄၇ |
| ၅၄ – ဝန်ထောက်ပြန်တမ်းကြီးခံ | .... | .... | ၄၈ |
| ဝန်ထောက်ခန့်အမိန့်တော်ပြန်တမ်း | .... | .... | ၄၈ |
| ဝန်ထောက်မည်ပုံ | .... | .... | ၄၈ |
| ၅၅ – အသည်ဝန်ပြန်တမ်းကြီးခံ | .... | .... | ၄၉ |
| အသည်ဝန်ခန့် အမိန့်တော်ပြန်တမ်း | .... | .... | ၅၀ |
| အသည်ဝန်၏ နေရာနှင့် အာဏာ | .... | .... | ၅၁ |
| ၅၆ – နားခံတော် | .... | .... | ၅၁ |
| အလုပ်တာဝန် | .... | .... | ၅၁ |
| အဆုံးစီရင်မိန့် ကျင့်ထုံး | .... | .... | ၅၂ |
| အမိန့်တော်ပြန်ပုံ | .... | .... | ၅၂ |
| ၅၇ – ပြောကြီးမှူး | .... | .... | ၅၃ |
| ဦးထုပ်ဌဿကွင်းတပ်ရပုံ | .... | .... | ၅၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၅၈ – ဝေါကြီးမှူး | .... | .... | ၅၃ |
| ၅၉ – စာရေးကြီး | .... | .... | ၅၄ |
| စာရေးအမျိုးမျိုး | .... | .... | ၅၄ |
| ၆၀ – တကြောင်းစာချွန် | .... | .... | ၅၄ |
| သတ်စုံရေးပုံ | .... | .... | ၅၅ |
| ၆၁ – နှစ်ကြောင်းစာချွန် | .... | .... | ၅၅ |
| ၆၂ – ထန်းဖူးစာခွေပုံနည်း | .... | .... | ၅၅ |
| ၆၃ – အမိန့်တော်ရေး | .... | .... | ၅၆ |
| ၆၄ – အသုံးစာရေး | .... | .... | ၅၆ |
| ၆၅ – အမှာတော်ရေး | .... | .... | ၅၆ |
| ၆၆ – အဝေးရောက်စာရေး | .... | .... | ၅၇ |
| ၆၇ – မြန်မာသံတော်ခံ | .... | .... | ၅၇ |
| ၆၈ – ရှမ်းသံတော်ခံ | .... | .... | ၅၇ |
| ၆၉ – လက်ဆောင်စာရေး | .... | .... | ၅၈ |
| ၇၀ – အသည်စာရေး | .... | .... | ၅၈ |
| ၇၁ – စာရေးကြီး စာဆိုတော် | .... | .... | ၅၈ |
| ၇၂ – ရုံးဆော် | .... | .... | ၅၉ |
| ၇၃ – နေရာချ | .... | .... | ၅၉ |
| ၇၄ – မြေတိုင်းစာရေး | .... | .... | ၆၀ |
| ၇၅ – အခွန်စာရေး | .... | .... | ၆၀ |
| ၇၆ – ကသောင်းမြောင်တိုက်စိုး | .... | .... | ၆၀ |
| ၇၇ – လက်ဆောင်ယူတိုက်စိုး | .... | .... | ၆၀ |
| **ပြဲတိုက်အရာရှိများ** | .... | .... | ၆၁ |
| ၇၈ – အတွင်းဝန် | .... | .... | ၆၁ |

## မာတိကာ

အကြောင်းအရာ


**အတွင်းဝန်ခံ အမိန့်တော်ပြန်တမ်း**

၇၉ – သံတော်ဆင့်

၈၀ – ပြဲတိုက်သံဆင့်

**ရှေ့ရုံးအရာရှိများ**

၈၁ – မြို့ဝန်

မြို့ဝန်ခန့် အမိန့်တော်ပြန်တမ်း

၈၂ – ထောင်မှူး

၈၃ – မြို့စာရေး

၈၄ – ရွှေပြည်စိုး

**အနောက်ရုံးအရာရှိများ**

၈၅ – အနောက်ဝန်

အနောက်ဝန်ခန့် အမိန့်တော်ပြန်တမ်း

၈၆ – အနောက်ဝန်စာရေး

၈၇ – ကတော်စာရေး

**တရားရုံးအရာရှိများ**

၈၈ – တရားသူကြီး

တရားသူကြီးခန့် အမိန့်တော်ပြန်တမ်း

၈၉ – တရားနာခံ

၉၀ – တရားစာရေး

၉၁ – အမိန့်တော်ရ

**ရွှေတိုက်အရာရှိများ**

၉၂ – ရွှေတိုက်ဝန်

ရွှေတိုက်ဝန်ခန့် အမိန့်တော်ပြန်တမ်း

ရွှေတိုက်ဝန်

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၉၃ – ရွှေတိုက်စိုး | .... | .... | ၇၅ |
| ၉၄ – ရွှေတိုက်ကြပ် | .... | .... | ၇၅ |
| **ဝန်ဝု မှူးစုများ** | .... | .... | ၇၆ |
| ၉၅ – ရွှေဝင်းမှူး | .... | .... | ၇၆ |
| **ဝင်းမှူးခန့် အမိန့်တော်ပြန်တမ်း** | .... | .... | ၇၆ |
| ၉၆ – စားတော်ဝန် | .... | .... | ၇၈ |
| ၉၇ – ကင်းဝန် | .... | .... | ၇၈ |
| ၉၈ – ခင်မမင်းဝန် | .... | .... | ၇၈ |
| **ခင်မမင်းဝန်ခန့် အမိန့်တော်ပြန်တမ်း** | .... | .... | ၇၈ |
| ၉၉ – စီးတော်မြင်းဝန် | .... | .... | ၈၀ |
| ၁၀၀ – ငွေခွန်ဝန် | .... | .... | ၈၀ |
| ၁၀၁ – ရွှေနန်းရိုး လမိုင်းဝန် | .... | .... | ၈၀ |
| ၁၀၂ – လမိုင်းဝန် | .... | .... | ၈၁ |
| ၁၀၃ – နိဗ္ဗာနပစ္စယ နာဂရာဇာဆင်မင်းအကြောင်း | | .... | ၈၂ |
| ၁၀၄ – ဆဒ္ဒန်ဆင်မင်းဝန် | .... | .... | ၁၀၁ |
| ဆဒ္ဒန်ဆင်မင်းဝန်ခန့် အမိန့်တော်ပြန်တမ်း | | .... | ၁၀၁ |
| ၁၀၅ – အောက်မားဝန် | .... | .... | ၁၀၃ |
| အောက်မားဆင်တော်များ တောသို့ဝင်သည့်အခါ ရှောင်ကြဉ်ရန် | | | ၁၀၆ |
| ၁၀၆ – ဆင်ဝန် | .... | .... | ၁၀၈ |
| ဆင်ဝန်ခန့် ပြန်တမ်း | .... | .... | ၁၀၈ |
| ၁၀၇ – မနက်ပလာဆင်ဝန် | .... | .... | ၁၀၉ |
| ၁၀၈ – လက်နက်တိုက်ဝန် | .... | .... | ၁၁၂ |
| ၁၀၉ – ကောင်ဟန်ဝန် | .... | .... | ၁၁၃ |
| ၁၁၀ – အမြောက်ဝန် | .... | .... | ၁၁၃ |

| အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၁၁ – ပန်းဘဲဝန် | | .... | .... | ၁၁၃ |
| ၁၁၂ – စက်ဝန် | | .... | .... | ၁၁၄ |
| ၁၁၃ – ယွန်းစုဝန် | | .... | .... | ၁၁၄ |
| ၁၁၄ – သံချက်ဝန် | | .... | .... | ၁၁၄ |
| ၁၁၅ – မဟာဒါန်ဝန် | | .... | .... | ၁၁၄ |
| မဟာဒါန်ဝန်ခန့် အမိန်တော်ပြန်တမ်း | | .... | .... | ၁၁၅ |
| ၁၁၆ – ဝတ်မြေဝန် | | .... | .... | ၁၁၆ |
| ၁၁၇ – တံဆိပ်ဝန် | | .... | .... | ၁၁၇ |
| ၁၁၈ – အမွေဝန် | | .... | .... | ၁၁၇ |
| အမွေဝန်ခန့် အမိန့်တော်ပြန်တမ်း | | .... | .... | ၁၁၇ |
| ၁၁၉ – ပုဏ္ဏားဝန် | | .... | .... | ၁၁၈ |
| ၁၂၀ – ကျုံးဝန် | | .... | .... | ၁၁၈ |
| ၁၂၁ – သစ်တောဝန် | | .... | .... | ၁၁၉ |
| ၁၂၂ – နန်းကံကျွေးဝန် | | .... | .... | ၁၁၈ |
| နန်းကံကျွေးဝန်ခန့် အမိန့်တော်ပြန်တမ်း | | .... | .... | ၁၁၉ |
| ၁၂၃ – အုတ်ဝန် | .... | .... | .... | ၁၂၀ |
| ၁၂၄ – ရေကြည်ဝန် | .... | .... | .... | ၁၂၂ |
| ၁၂၅ – ကုလားဝန် | .... | .... | .... | ၁၂၂ |
| ၁၂၆ – မြေလပ်ဝန် | .... | .... | .... | ၁၂၃ |
| ၁၂၇ – ဖောင်ဝန် | .... | .... | .... | ၁၂၃ |
| ဖောင်ဝန်ခန့် အမိန့်တော်ပြန်တမ်း | | .... | .... | ၁၂၃ |
| ၁၂၈ – အရွတ်ဝန် | .... | .... | .... | ၁၂၄ |
| ၁၂၉ – ဆတ္တာဝန် | .... | .... | .... | ၁၂၄ |
| ၁၃၀ – ဖန်ချက်ဝန် | .... | .... | .... | ၁၂၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၃၁ – မြေနန်းဝန် .... .... .... | ၁၂၅ |
| ၁၃၂ – ကျီဝန် .... .... .... | ၁၂၅ |
| ကျီဝန်ခန့် အမိန့်တော် .... .... .... | ၁၂၆ |
| ကျီဝန်ခန့် အမိန့်တော်ပြန်တမ်း .... .... | ၁၂၇ |
| ၁၃၃ – အဝေးကျီဝန် .... .... .... | ၁၂၈ |
| ၁၃၄ – မြေစွန်းဝန် .... .... .... | ၁၂၈ |
| ၁၃၅ – မြင်းစုကြီးဝန် .... .... .... | ၁၂၉ |
| မြင်းစုကြီးဝန်ခန့် အမိန့်တော်ပြန်တမ်း .... .... | ၁၂၉ |
| ၁၃၆ – ပုသိမ်မြို့ဝန် .... .... .... | ၁၃၀ |
| မဟာမင်းထင်မင်းခေါင် ပုသိမ်ဝန်ခန့်မှတ်စာ .... | ၁၃၀ |
| ၁၃၇ – မုတ္တမမြို့ဝန် .... .... .... | ၁၃၂ |
| မုတ္တမမြို့ဝန်ခန့် အမိန့်တော်ပြန်တမ်း .... .... | ၁၃၂ |
| ၁၃၈ – သံလျင်မြို့ ရေဝန် .... .... .... | ၁၃၄ |
| ရေဝန်ခန့် အမိန့်တော်ပြန်တမ်း .... .... | ၁၃၄ |
| တံဆိပ်ဒေးဝန်းတိုက် .... .... .... | ၁၃၅ |
| ၁၃၉ – နားခံခန့် အမိန့်တော်မှတ်စာ .... .... | ၁၃၆ |
| သံလျင်နားခံခန့် အမိန့်တော် ဖြန်တမ်း .... .... | ၁၃၆ |
| ၁၄၀ – စစ်ကဲ | |
| တောင်ငူမြို့ စစ်ကဲခန့် အမိန့်တော်မှတ်စာ .... | ၁၃၇ |
| ၁၄၁ – မိုးနဲဗိုလ်မှူးဝန်ကြီး .... .... .... | ၁၃၈ |
| မိုးနဲဗိုလ်မှူးဝန်ကြီးခန့် အမိန့်တော်ပြန်တမ်း .... | ၁၃၈ |
| ၁၄၂ – အောင်မြေနှင်းပုံ အကြောင်း .... .... | ၁၄၁ |
| ၁၄၃ – ရွှေတော်ပြေးမှူး .... .... .... | ၁၄၂ |
| ၁၄၄ – ဆီမီးထွန်းမှူး .... .... .... | ၁၄၂ |
| ၁၄၅ – တင်းထိမ်ရုံမှူး .... .... .... | ၁၄၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁၄၆ – သူရဲကြီးမှူး .... .... .... | ၁၄၃ |
| ၁၄၇ – အဆောင်နီမှူး .... .... | ၁၄၃ |
| ၁၄၈ – ရတနာလှေကားတော်မှူး .... .... | ၁၄၃ |
| ၁၄၉ – ရတနာထမ်းစင်မှူး .... .... | ၁၄၃ |
| ၁၅၀ – ကြီးမှူး .... .... | ၁၄၄ |
| ၁၅၁ – ပဟိုရ်စည်တီး .... .... | ၁၄၄ |
| ၁၅၂ – အောက်ရောက်လက်သမား .... .... | ၁၄၄ |
| ၁၅၃ – ဘဏ္ဍာတော်လက်သမား .... .... | ၁၄၅ |
| ၁၅၄ – ရွှေတိုက်လက်သမား .... .... | ၁၄၅ |
| ၁၅၅ – ဘွားဘက်ကျော် .... .... | ၁၄၅ |
| ၁၅၆ – ဒိုင်းတော် .... .... | ၁၄၅ |
| ၁၅၇ – ပွဲတော်ကြီး .... .... | ၁၄၆ |
| ၁၅၈ – ထောင်းခြင့် .... .... | ၁၄၆ |
| ၁၅၉ – ရေကြည်တော် .... .... | ၁၄၇ |
| ၁၆၀ – ခြေလျင်တော် .... .... | ၁၄၇ |
| ၁၆၁ – နတ်ကြီး ၁၅-ပါး .... .... | ၁၄၇ |
| ၁၆၂ – ပိဋကပေလုပ် မျဉ်းကိုင် .... .... | ၁၄၇ |
| ၁၆၃ – ဆင်စွယ်ပွတ် .... .... | ၁၄၈ |
| ၁၆၄ – ဒူးရင်းဥယျာဉ်တော်စောင့် .... .... | ၁၄၈ |
| ၁၆၅ – နွားနို့တော်ဆက် .... .... | ၁၄၈ |
| ၁၆၆ – ရှေ့တော်ပြေးအမှုထမ်း .... .... | ၁၄၈ |
| ၁၆၇ – စမြောင် .... .... | ၁၄၈ |
| ၁၆၈ – ကောင်ဟန်တန်း .... .... | ၁၄၉ |
| ၁၆၉ – ဆင်မင်းပျော်ဘွယ် .... .... | ၁၄၉ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၁၇၀ – ဝင်စည်တော် | .... | .... | ၁၄၉ |
| ၁၇၁ – မြန်မာဇာတ်ကြီး | .... | .... | ၁၄၉ |
| ၁၇၂ – ဂျွမ်းခရာပုံတောင် | .... | .... | ၁၅၀ |
| ၁၇၃ – အတွင်းဆိုင်း | .... | .... | ၁၅၀ |
| ၁၇၄ – ယိုးဒယားဇာတ်ကြီး | .... | .... | ၁၅၀ |
| ၁၇၅ – နာရီတော်စောင့်ပုဏ္ဏား | .... | .... | ၁၅၁ |
| ၁၇၆ – ရွှေဓား ကန်သာယာ ဟန်လင်းစည်တော်ရပ် | | .... | ၁၅၁ |
| ၁၇၇ – မင်္ဂလာရွှေမောင်း | .... | .... | ၁၅၂ |
| ၁၇၈ – လွှတ်စေ ၄-ရပ် ၄-တန်း | .... | .... | ၁၅၂ |
| ၁၇၉ – လွှတ်စောင့် | .... | .... | ၁၅၂ |
| ၁၈၀ – ဆီမီးထွန်း | .... | .... | ၁၅၂ |
| ၁၈၁ – လက်ဆောင်ယူ | .... | .... | ၁၅၃ |
| ၁၈၂ – နေရာချအမှုထမ်း | .... | .... | ၁၅၃ |
| ၁၈၃ – လှေကားတော် | .... | .... | ၁၅၃ |
| ၁၈၄ – ငှက်တော် | .... | .... | ၁၅၃ |
| ၁၈၅ – သူငယ်တော် | .... | .... | ၁၅၄ |
| ၁၈၆ – နောက်ရုံးစေ | .... | .... | ၁၅၄ |
| ၁၈၇ – အနောက်ထောင် | .... | .... | ၁၅၄ |
| ၁၈၈ – ရွှေချည်ထိုး | .... | .... | ၁၅၄ |
| ၁၈၉ – ဂုန္တန်ထိုး | .... | .... | ၁၅၅ |
| ၁၉၀ – ကြယ်ခတ် | .... | .... | ၁၅၅ |
| ၁၉၁ – ယပ်မား | .... | .... | ၁၅၅ |
| ၁၉၂ – ထီးဖြူတော်စောင့် | .... | .... | ၁၅၅ |
| ၁၉၃ – ရွှေတိုက် | .... | .... | ၁၅၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၁၉၄ – အချုပ်တိုက် | .... | .... | ၁၅၆ |
| ၁၉၅ – မင်းခမ်းတိုက် | .... | .... | ၁၅၆ |
| ၁၉၆ – ဆင်ကာ | .... | .... | ၁၅၇ |
| ၁၉၇ – မီးသွေးတိုက် | .... | .... | ၁၅၇ |
| ၁၉၈ – ဖြတ်လှ | .... | .... | ၁၅၇ |
| ၁၉၉ – ရုပ်စုံ မဟာစင်တော်ကြီး | .... | .... | ၁၅၇ |
| ၂၀၀ – ယမ်းပြန် ယမ်းထောင်း | .... | .... | ၁၅၈ |
| ၂၀၁ – မောင်းခတ် | .... | .... | ၁၅၈ |
| ၂၀၂ – သစ်ပွတ် | .... | .... | ၁၅၉ |
| ၂၀၃ – ကိုးသားပေါက် | .... | .... | ၁၅၉ |
| ၂၀၄ – ကျီတော် | .... | .... | ၁၆၁ |
| ၂၀၅ – ဝင့်သီး | .... | .... | ၁၆၁ |
| ၂၀၆ – ဗိုင်းတာ | .... | .... | ၁၆၁ |
| ၂၀၇ – စာပုံနှိပ် | .... | .... | ၁၆၂ |
| ၂၀၈ – ရွှေဇာယက် | .... | .... | ၁၆၂ |
| ၂၀၉ – သန့်စင်တော်ဆက် | .... | .... | ၁၆၃ |
| ၂၁၀ – မင်္ဂလာရထား | .... | .... | ၁၆၃ |
| ၂၁၁ – ချပ်ယက် | .... | .... | ၁၆၃ |
| ၂၁၂ – ဆေးသုတ် ကုလားအမှုထမ်း | .... | .... | ၁၆၃ |
| ၂၁၃ – ကွမ်းသီးတိုက်စောင့် | .... | .... | ၁၆၄ |
| ၂၁၄ – ဘီးတော်လုပ် | .... | .... | ၁၆၄ |
| ၂၁၅ – ပုရပိုက်ဖြူလုပ် | .... | .... | ၁၆၄ |
| ၂၁၆ – ထောင်လက်မထောက် | .... | .... | ၁၆၄ |
| ၂၁၇ – ဘုရားအရံစောင့် | .... | .... | ၁၆၄ |

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန်

အကြောင်းအရာ ... စာမျက်နှာ


၂၁၈ – ကျောင်းအရံစောင့် .... .... ၁၆၅
၂၁၉ – မရမ်အမှုထမ်း .... .... ၁၆၇
၂၂၀ – ပြော့အမှုထမ်း .... .... ၁၆၇
၂၂၁ – ပန်းပုအမှုထမ်း .... .... ၁၆၈
နန်းပြောက်မျိုး ၃၀ .... .... ၁၆၈
၂၂၂ – ပန်းတည်းအမှုထမ်း .... .... ၁၆၉
၂၂၃ – အတွင်းခိုင်း ပန်းထိမ်အမှုထမ်း .... .... ၁၆၉
၂၂၄ – ရွှေပန်းထိမ်အမှုထမ်း .... .... ၁၆၉
၂၂၅ – ကြေးပန်းထိမ်အမှုထမ်း .... .... ၁၇၀
၂၂၆ – လက်နက်တိုက်အမှုထမ်း .... .... ၁၇၁
၂၂၇ – ဆေးရေးပန်းချီ .... .... ၁၇၁
၂၂၈ – အရွှေရွှေပန်းချီ .... .... ၁၇၂
၂၂၉ – အနောက်ရွှေပန်းချီ .... .... ၁၇၂
၂၃၀ – ဒေါနပန်းတော်စိုက် .... .... ၁၇၃
၂၃၁ – ကျောက်သွေး .... .... ၁၇၃
၂၃၂ – တန်း ၄-တန်း .... .... ၁၇၃
၂၃၃ – ဆတ္တာအမှုထမ်း .... .... ၁၇၃
၂၃၄ – ကဝါအမှုထမ်း .... .... ၁၇၄
၂၃၅ – လက်ရအမှုထမ်း .... .... ၁၇၄
၂၃၆ – သင်္ဘောစက်ရုံ .... .... ၁၇၅
၂၃၇ – လွှစက်ရုံ .... .... ၁၇၅
၂၃၈ – သကြားစက်ရုံ .... .... ၁၇၅
၂၃၉ – သံစက်ရုံ .... .... ၁၇၅
၂၄၀ – ဂွမ်းကြိတ်ရုံ အမှုထမ်း .... .... ၁၇၆

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၂၄၁ – စစ်ကိုင်း သံဖိုစက်ရုံ | .... | .... | ၁၇၆ |
| ၂၄၂ – ယက်ကန်းစက်ရုံ | .... | .... | ၁၇၈ |
| ၂၄၃ – အမြောက်စက်ရုံ | .... | .... | ၁၇၈ |
| ၂၄၄ – သေနတ်လုပ်စက်ရုံ | .... | .... | ၁၇၉ |
| ၂၄၅ – တံဆိပ်စက်ရုံ | .... | .... | ၁၈၀ |
| ၂၄၆ – ဆန်ကြိတ်စက်ရုံ | .... | .... | ၁၈၁ |
| ၂၄၇ – လျှပ်စစ်မီးစက်ရုံ အမှုထမ်း | .... | .... | ၁၈၁ |
| ၂၄၈ – ဒင်္ဂါးစက်ရုံ | .... | .... | ၁၈၁ |
| ၂၄၉—မီးစက်ကိုင် အမှုထမ်း | .... | .... | ၁၈၂ |
| ၂၅၀ – စက်ရုံအမျိုးမျိုး အမှုထမ်း | .... | .... | ၁၈၂ |
| ၂၅၁ – ပန်းဘဲ အမှုထမ်း | .... | .... | ၁၈၃ |
| ၂၅၂ – ကုလားပန်းရံ အမှုထမ်း | .... | .... | ၁၈၃ |
| ၂၅၃ – သင်္ဘောစု အမှုထမ်း | .... | .... | ၁၈၃ |
| ၂၅၄ – သမ္ဗန်အစု အမှုထမ်း | .... | .... | ၁၈၄ |
| ၂၅၅ – လှေခုတ် လက်သမား | .... | .... | ၁၈၄ |
| ၂၅၆ – သရပတ် အမှုထမ်း | .... | .... | ၁၈၄ |
| ၂၅၇ – လှေအစု အမှုထမ်း | .... | .... | ၁၈၄ |
| ၂၅၈ – ဖောင်တော် အမှုထမ်း | .... | .... | ၁၈၅ |
| ၂၅၉ – ရွှေလှန် အမှုထမ်း | .... | .... | ၁၈၅ |
| ၂၆၀ – ဆင်မင်းမြက်ပို့ | .... | .... | ၁၈၆ |
| ၂၆၁ – ဆင်တိုင် | .... | .... | ၁၈၆ |
| ၂၆၂ – ကျုံးမှူး | .... | .... | ၁၈၇ |
| ၂၆၃ – ယရည်း | .... | .... | ၁၈၈ |
| ၂၆၄ – ဆင်စာချီ | .... | .... | ၁၈၈ |

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန်


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၂၆၅ – ဆင်အစီရင် | .... | .... | ၁၇၉ |
| ၂၆၆ – ဆင်မှူး | .... | .... | ၁၇၉ |
| ၂၆၇ – ဆင်းကဲ | .... | .... | ၁၇၉ |
| ၂၆၈ – ဆင် ဆေးသမား | .... | .... | ၁၇၉ |
| ၂၆၉ – ဆင်ဆော် | .... | .... | ၁၈၀ |
| ၂၇၀ – ထူးဆင် | .... | .... | ၁၈၀ |
| ၂၇၁ – စီးစုဆင်မတော် | .... | .... | ၁၈၁ |
| ၂၇၂ – ထူးဆင်မတော် | .... | .... | ၁၈၁ |
| ၂၇၃ – စီးတော်ကြီး | .... | .... | ၁၈၁ |
| ၂၇၄ – ရွှေးဆင် | .... | .... | ၁၈၁ |
| ၂၇၅ – ဝင်းဆင် | .... | .... | ၁၈၂ |
| ၂၇၆—ထမ်းဆင်တော် | .... | .... | ၁၈၂ |
| ၂၇၇ – ဝန်းရည်ဆင်တော် | .... | .... | ၁၈၂ |
| ၂၇၈ – မှိန်းသစ်ဆင်တော် | .... | .... | ၁၈၂ |
| ၂၇၉ – ကျင်းဆင် | .... | .... | ၁၈၃ |
| ၂၈၀ – ဆင်မျိုးခွဲခြားပုံ | .... | .... | ၁၈၃ |
| ၂၈၁ – ဆင်အမှုထမ်း | .... | .... | ၁၈၃ |
| ၂၈၂ – အောက်မားစာရေး | .... | .... | ၁၈၄ |
| ၂၈၃ – အောက်မားနှင့်ဆိုင်သည့် ဆင်အစီအရင် | .... | .... | ၁၈၄ |
| ၂၈၄ – အောက်မားနှင့်ဆိုင်သည့် ဆင်မှူး | .... | .... | ၁၈၄ |
| ၂၈၅ – အောက်မားအမှုထမ်း | .... | .... | ၁၈၄ |
| ၂၈၆ – ဆင်မင်းဝန်ထောက် | .... | .... | ၁၈၅ |
| ၂၈၇ – ဆင်မင်းနားခံ | .... | .... | ၁၈၅ |
| ၂၈၈ – ဆင်မင်းစာရေးကြီး | .... | .... | ၁၈၅ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၂၈၉ – ဆင်မင်းနောက်တော်ထိုင် | .... | .... | ၁၉၆ |
| ၂၉၀ – ဆင်တော်ပျော်ဘွယ် | .... | .... | ၁၉၆ |
| ၂၉၁ – ခနက်ပလာဆင်ဝန်စာရေး | .... | .... | ၁၉၆ |
| ၂၉၂ – ခနက်ပလာဆင်အမှုထမ်း | .... | .... | ၁၉၆ |
| ၂၉၃ – ဆင်တော်ဦးစီး,ကုန်းလယ်,နောက်ပွဲ ၃-ယောက်ကျ အမှုထမ်း | .... | .... | ၁၉၇ |
| ၂၉၄ – ဆင်တော်လက်ရှိ ဦးစီးနောက်ပွဲအမှုထမ်း.... | | .... | ၁၉၇ |
| ၂၉၅ – မင်္ဂလာအိမ်တော်ပါဆင် | .... | .... | ၁၉၇ |
| ၂၉၆ – ကသည်းမြင်း | .... | .... | ၁၉၇ |
| ၂၉၇ – အက္ကပတ်မြင်း | .... | .... | ၁၉၈ |
| ၂၉၈ – ရဲဘက်မြင်း | .... | .... | ၁၉၈ |
| ၂၉၉ – ရွှေပြည်ရန်အောင်မြင်း | .... | .... | ၂၀၀ |
| ၃၀၀ – မြင်းစုကြီး မြန်မာမြင်း | .... | .... | ၂၀၀ |
| ၃၀၁ – မြင်းစုကြီး ရှမ်းမြင်း | .... | .... | ၂၀၀ |
| ၃၀၂ – ဇင်းမယ်ပါမြင်း | .... | .... | ၂၀၁ |
| ၃၀၃ – နောက်တော်ပါမြင်း | .... | .... | ၂၀၁ |
| ၃၀၄ – သွေးသောက်လပ်မြင်း | .... | .... | ၂၀၁ |
| ၃၀၅ – လမိုင်းမြင်း | .... | .... | ၂၀၂ |
| ၃၀၆ – စီးတော်မြင်း | .... | .... | ၂၀၂ |
| ၃၀၇ – နန်းဦးမင်္ဂလာမြင်း | .... | .... | ၂၀၂ |
| ၃၀၈ – မင်္ဂလာရဲညွန့်မြင်း | .... | .... | ၂၀၂ |
| ၃၀၉ – မြင်းတိုင် မြင်းမွေး | .... | .... | ၂၀၃ |
| ၃၁၀ – ရန်ပုံခွင်းအမြောက် | .... | .... | ၂၀၃ |
| ၃၁၁ – လက်နက်စကြာ | .... | .... | ၂၀၆ |

အကြောင်းအရာ

၁၁၂ – အမြောက်တပ်များအမည် ....
၁၁၃ – ဒဝယ်၏အကြောင်း ....
၁၁၄ – မြောက်ဒဝယ် ....
၁၁၅ – တောင်ဒဝယ် ....
၁၁၆ – မြောက် ၁၅၀ ....
၁၁၇ – တောင် ၁၅၀ ....
၁၁၈ – မြောက်မာရဘင် ....
၁၁၉ – ရွှေပြည်မှန်ကင်း ....
၁၂၀ – နတ်စုလက်ဝဲ ....
၁၂၁ – နတ်စုလက်ယာ ....
၁၂၂ – ရွှေးလက်ဝဲ ....
၁၂၃ – ရွှေးလက်ယာ ....
၁၂၄ – လက်ဝဲကြောင်း ....
၁၂၅ – လက်ယာကြောင်း ....
၁၂၆ – တောင်မာရဘင် ....
၁၂၇ – ရွှေလှံသေနတ်အစု ....
၁၂၈ – နတ်ရှင့်ရွှေးအမှုထမ်း ....
၁၂၉ – ရွှေပြည်အမှုထမ်း ....
၁၃၀ – နောက်ဝန်းကျင်အမှုထမ်း ....
၁၃၁ – လင်းဇင်းအမှုထမ်း ....
၁၃၂ – ကင်းတားကုလားပျိုအမှုထမ်း ....
၁၃၃ – သူရဲအမှုထမ်း ....
၁၃၄ – တံခါးနီအမှုထမ်း ....
၁၃၅ – ဘုန်းတော်တိုးအမှုထမ်း ....

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၃၃၆ – ဘုန်းတော်ဖြစ်အမှုထမ်း | .... | .... | ၂၁၈ |
| ၃၃၇ – စို့လေးဆယ်ဒိုင်းအမှုထမ်း | .... | .... | ၂၁၉ |
| ၃၃၈ – ကောင်ဟန်အမှုထမ်း | .... | .... | ၂၁၉ |
| ၃၃၉ – ယွန်းစုအမှုထမ်း | .... | .... | ၂၁၉ |
| ၃၄၀ – ရွှေဝင်းအမှုထမ်း | .... | .... | ၂၂၀ |
| ၃၄၁ – လက်ဝဲဝင်းအမှုထမ်း | .... | .... | ၂၂၀ |
| ၃၄၂ – လက်ယာဝင်းအမှုထမ်း | .... | .... | ၂၂၀ |
| ၃၄၃ – အနောက်ဝင်းအမှုထမ်း | .... | .... | ၂၂၁ |
| ၃၄၄ – နံစ·မြေစိုက်နှင့် စာရံရခြင်းအကြောင်း | .... | .... | ၂၂၁ |
| ၃၄၅ – အမိန့်တော်များတွင်ပါသည့် စကားရပ် | .... | .... | ၂၂၁ |
| ၃၄၆ – တိုင်နှင့်ကျေး | .... | .... | ၂၂၁ |
| ၃၄၇ – သူရင်း | .... | .... | ၂၂၂ |
| ၃၄၈ – စုရင်း | .... | .... | ၂၂၂ |
| ၃၄၉ – စုခြား | .... | .... | ၂၂၂ |
| ၃၅၀ – စုကြီး | .... | .... | ၂၂၂ |
| ၃၅၁ – စုသေး | .... | .... | ၂၂၂ |
| ၃၅၂ – စုနု | .... | .... | ၂၂၂ |
| ၃၅၃ – စုကြမ်း | .... | .... | ၂၂၃ |
| ၃၅၄ – အမှုထမ်း အတန်းအဆင့် | .... | .... | ၂၂၃ |
| ၃၅၅ – လှေသင်းစာရေး | .... | .... | ၂၂၃ |
| ၃၅၆ – ဖောင်စာရေး | .... | .... | ၂၂၃ |
| ၃၅၇ – သင်္ဘောစာရေး | .... | .... | ၂၂၃ |
| ၃၅၈ – အခွန်စာရေး | .... | .... | ၂၂၄ |
| ၃၅၉ – ကျဲဝန်စာရေး | .... | .... | ၂၂၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၃၆၀ – ကျီစိုး | .... | .... | ၂၂၄ |
| ၃၆၁ – ဝေါစာရေး | .... | .... | ၂၂၄ |
| ၃၆၂ – ရွှေတိုက်စာရေး | .... | .... | ၂၂၄ |
| ၃၆၃ – သစ်တောစာရေး | .... | .... | ၂၂၄ |
| ၃၆၄ – အောက်မားစာရေးခန့် | .... | .... | ၂၂၄ |
| ၃၆၅ – ပန်းတည်းစာရေး | .... | .... | ၂၂၅ |
| ၃၆၆ – ဒေးဝန်းအကောက်စာရေး | .... | .... | ၂၂၅ |
| ၃၆၇ – ပန်းဘဲစာရေး | .... | .... | ၂၂၅ |
| ၃၆၈ – လယ်ဝန်စာရေး | .... | .... | ၂၂၅ |
| ၃၆၉ – အောင်ပင်လယ် လမိုင်းစာရေး | .... | .... | ၂၂၅ |
| ၃၇၀ – ဥယျာဉ်စာရေး | .... | .... | ၂၂၅ |
| ၃၇၁ – အချုပ်စာရေး | .... | .... | ၂၂၅ |
| ၃၇၂ – မဟာဒါန်စာရေး | .... | .... | ၂၂၆ |
| ၃၇၃ – ပညာသည်စာရေး | .... | .... | ၂၂၆ |
| ၃၇၄ – အမြောက်စာရေး | .... | .... | ၂၂၆ |
| ၃၇၅ – မြင်းစာရေး | .... | .... | ၂၂၆ |
| ၃၇၆ – ပညာရှိများ | .... | .... | ၂၂၇ |
| ၃၇၇ – သွေးသောက်စု ဖွဲ့တော်မူခြင်း | .... | .... | ၂၂၈ |
| ၃၇၈ – မီးရှူး မြင်တော်မူသည်ဟု ခေါ်ဝေါ်ရခြင်း | | .... | ၂၂၈ |
| ၃၇၉ – မီးရှူး မြင်သည့် အခမ်းအနား | .... | .... | ၂၂၉ |
| မင်္ဂလာပွဲ အမျိုးမျိုး | .... | .... | ၂၃၂ |
| မင်းပွဲသဘင် ဆင်ယင်ပုံ | .... | .... | ၂၃၃ |
| ကွမ်းဦးခွံ့ မင်္ဂလာ | .... | .... | ၂၃၄ |
| မင်္ဂလာ ၃-မျိုး | .... | .... | ၂၃၅ |
| မြယောဉ် မင်္ဂလာ | .... | .... | ၂၃၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၃၈၀ – အထိန်းတော် .... .... | ၂၃၈ |
| ၃၈၁ – အယတော် .... .... | ၂၃၈ |
| ၃၈၂ – အချီတော် .... .... | ၂၃၉ |
| ၃၈၃ – ဘွားမြင်သည် .... .... | ၂၃၉ |
| ၃၈၄ – ကေရာဇ်မင်းမြတ်ကို တင်ပုံလျှောက်ပုံ .... .... | ၂၃၉ |
| ၃၈၅ – ထိပ်ထားခေါ်ဝေါ်ရခြင်း .... .... | ၂၄၀ |
| ၃၈၆ – ကိုယ်လုပ်တော်ခေါ်ဝေါ်ရခြင်း .... .... | ၂၄၀ |
| ၃၈၇ – မြောက်သားတော် .... .... | ၂၄၁ |
| ၃၈၈ – နတ်ပြည်စံသည် .... .... | ၂၄၃ |
| ၃၈၉ – နတ်ရွာစံသည် .... .... | ၂၄၃ |
| ၃၉၀ – ကံတော်ကုန်သည် .... .... | ၂၄၃ |
| ၃၉၁ – ကံကုန်သည် .... .... | ၂၄၃ |
| ၃၉၂ – အိမ်တော်ခေါ်ဝေါ်ခြင်း .... .... | ၂၄၃ |
| ၃၉၃ – အိမ်ကို ဟော်ခေါ်ခြင်း .... .... | ၂၄၄ |
| ၃၉၄ – မှူးတော်မတ်တော်အိမ် .... .... | ၂၄၄ |
| ၃၉၅ – ရွှေကိုယ်တော်ကြီးဘုရား .... .... | ၂၄၄ |
| ၃၉၆ – ကိုယ်တော်မြတ်ဘုရား .... .... | ၂၄၄ |
| ၃၉၇ – ထိပ်တင်ခေါ်ရခြင်း .... .... | ၂၄၄ |
| ၃၉၈ – မောင်မောင်ခေါ်ရခြင်း .... .... | ၂၄၄ |
| ၃၉၉ – ထိပ်စုမြတ်ဘုရားကြီး .... .... | ၂၄၄ |
| ၄၀၀ – စုဘုရားခေါ်ဝေါ်ခြင်း .... .... | ၂၄၅ |
| ၄၀၁ – ထိပ်ခေါင်တင်ခေါ်ဝေါ်ရခြင်း .... .... | ၂၄၅ |
| ၄၀၂ – ထိပ်တင်ထည့်၍ ခေါ်ဝေါ်ရခြင်း .... .... | ၂၄၅ |
| ၄၀၃ – ခင်ခင်ထည့်၍ ခေါ်ဝေါ်ရခြင်း .... .... | ၂၄၅ |

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန်


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၄၀၄ – ရတနာပူရ-မြို့အင်းဝမြို့တော်အက္ခရာ | .... | .... | ၂၄၅ |
| ၄၀၅ – ရတနာသိင်္ဃ မြို့တော်အက္ခရာ | .... | .... | ၂၄၆ |
| ရတနာသိင်္ဃ မှန်ကြောင်း ပြဆိုခြင်း | .... | .... | ၂၅၂ |
| ၄၀၆ – အမရပူရမြို့တော် အက္ခရာ | .... | .... | ၂၅၃ |
| ၄၀၇ – ရတနာပုံမြို့တော် အက္ခရာ | .... | .... | ၂၅၄ |
| ၄၀၈ – မြန်မာဟု ခေါ်ဝေါ်ခြင်း | .... | .... | ၂၅၆ |
| ၄၀၉ – ရာဇသတ်ဥပဒေဟူ၍ မရှိခြင်းအကြောင်း | .... | .... | ၂၅၈ |
| ရာဇဒဏ် ၈-ပါး | .... | .... | ၂၅၉ |
| ၄၁၀ – တဆယ့်နှစ်မူ မင်းတိုင်း | .... | .... | ၂၆၁ |
| ၄၁၁ – အကြီးတော် | .... | .... | ၂၆၇ |
| ၄၁၂ – အကြီးစာရေး | .... | .... | ၂၆၈ |
| ၄၁၃ – ဘဏ္ဍာစာရေး | .... | .... | ၂၆၈ |
| ၄၁၄ – မှူးတော် မတ်တော်များကို ဘွဲ့ပေးပုံ အတန်းအဆင့် | | .... | ၂၆၈ |
| ၄၁၅ – သားတော်, သမီးတော်များကို မြို့စား ရွာစားပေးခြင်း | | .... | ၂၆၉ |
| ၄၁၆ – သားတော်, သမီးတော်များကို ဘွဲ့ပေးခြင်း | | .... | ၂၆၉ |
| ၄၁၇ – မြို့စား ရွာစားပေးပုံ | .... | .... | ၂၇၀ |
| ၄၁၈ – ဘိသိက် ၁၃-ပါးအကြောင်း | .... | .... | ၂၇၀ |
| နိဂုံး | .... | .... | ၂၇၂ |
| မင်း မိဖုရားများကို ဘွဲ့ပေးပုံ ဖြည့်စွက်ချက် | | .... | ၂၇၂ |


ရွှေနန်းသုံး ဝေါဟာရအဘိဓာန်မာတိကာ ပြီးပြီ။

# ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်

## ပဌမတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁-ကေရာဇ်မင်းမြတ်အကြောင်း

**မင်းကေရာဇ်** ဟူသည်မှာ—ကေသဒ္ဒါ-တခုဟော အနက်၊ အတုမရှိအမြတ် ဟူသော အနက်များကိုရသည်။ အတုမရှိ မြတ်သောမင်း ဆိုလိုသည် အဓိပ္ပါယ် ယူရမည်ဟူ၍ ရာဇသေဝကဒီပနီကျမ်းက ဆိုသည်။

ကေရာဇ်မင်းမြတ်တို့ ဆောင်ရွက်တော်မူမြဲကိစ္စမှာ တနေ့သုံးယံ ညီလာခံခြင်း၊ တိုင်းရေးပြည်မှု, သာသနာမှုနှင့်တကွ ကိုယ်တော်ရေးမှစ၍ တိုင်ပင်တော်မူသင့်သည်များကို တိုင်ပင် နှီးနှောတော်မူခြင်း၊ ရာဇဂုဏ် ၈-ပါးတို့နှင့် အမြဲပြည့်စုံကြောင်း အမြဲအားထုတ်တော်မူခြင်း၊ မင်းနှင့်ဆိုင်သော သင်္ဂဟ တရား လေးပါး, သူခပ်သိမ်းတို့နှင့်ဆိုင်သော သင်္ဂဟတရားလေးပါးတို့နှင့် ပြည့်စုံတော်မူအောင် အားထုတ်တော်မူခြင်းများသည် မင်း၏ မြဲသောအလုပ်ကိစ္စ မှတ်သင့်ချေသည်။

### မင်းတို့ကျင့်ရာသော သင်္ဂဟတရားလေးပါးအကြောင်း

စတုက[၁] ရှေ့မြေသေ၌နင်း မင်းတို့သည် တိုင်းနိုင်ငံသူ လူရှင်အပေါင်းတို့ အား သင်္ဂြိုဟ်ချီးမြှောက်ကြောင်း သင်္ဂဟတရား လေးပါးအပြားရှိ၏။ လေးပါး ဟူသော်ကား—သဿမေဓ၊ ပုရိသမေဓ၊ ဝါစာပေယျ၊ သမ္မာပါသ–ဟူ၍

---

၁။ အံ ၁-၃၄၁။

လေးပါး အပြားရှိ၏။ ဤသင်္ဂဟတရား လေးပါးတို့ဖြင့် ရှေးမြေသခင်မင်းတို့သည် တိုင်းနိုင်ငံသူ လူရှင်အပေါင်းတို့ကို သင်္ဂြိုဟ်ချီးမြှောက်ကုန်ရာ၏။

ထို့ကြောင့် အင်္ဂုတ္တရ သတ္တကနိပါတ်အဋ္ဌကထာ၊ သုတ္တနိပါတ် အဋ္ဌကထာများ၌—

"ပေါရာဏကာ ဓမ္မိကရာဇကာ ေလ ကိရ သဿမေဓံ ပုရိသမေဓံ သမ္မာပါသံ ဝါစာပေယျန္တိ စတ္တာရိ သင်္ဂဟဝတ္ထူနိ အဟေသုံ၊ ယေဟိ ရာဇာနော လောကံ သင်္ဂဏှိံသု"¹ -

ဟူ၍လာသည်။

ပေါရာဏကာ ဓမ္မိက ရာဇကာလေ၊ ရှေး တရားစောင့်ကုန်သော မင်းတို့လက်ထက်၌။ သဿမေဓံ၊ သဿမေဓလည်းကောင်း။ ပုရိသမေဓံ၊ ပုရိသမေဓလည်းကောင်း။ သမ္မာပါသံ၊သမ္မာပါသလည်းကောင်း။ဝါစာပေယျံ၊ဝါစာပေယျလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ သင်္ဂဟဝတ္ထူနိ၊ သင်္ဂဟဝတ္ထုတို့သည်။ အဟေသုံ ကိရ၊ ဖြစ်ကုန်သတတ်။ ယေဟိ၊ အကြင်သင်္ဂဟဝတ္ထုတို့ဖြင့်။ ရာဇာနော၊ မင်းတို့သည်။ လောကံ၊ တိုင်းနိုင်ငံသူ လူအပေါင်းကို။ သင်္ဂဏှိံသု၊ သင်္ဂြိုဟ်ချီးမြှောက်ကုန်၏။

**သဿမေဓ**။ ။ထိုလေးပါးတို့တွင် ကောက်ပဲ အစရှိကုန်သော အခွန်အတုတ်တို့ကို ဆယ်ဘို့ တဘို့သာ ခံယူခြင်းသည် သဿမေဓမည်၏။ ကောက်ပဲ အစရှိကုန်သော အခွန်အတုပ်ပြီးစေခြင်း၌ ပညာနှင့်ယှဉ် ဟူလိုသည်။

**ပုရိသမေဓ**။ ။သူရဲသူခက်တို့အား ခြောက်လတကြိမ် ထမင်းမျိုးရိက္ခာ ဖြစ်စေခြင်းသည် ပုရိသမေဓမည်၏။ သူရဲသူခက်တို့အား သင်္ဂြိုဟ်ချီးမြှောက်ခြင်း၌ ပညာနှင့်ယှဉ် ဟူလိုသည်။

**သမ္မာပါသ**။ ။သူဆင်းရဲတို့လက်၌ စာရင်းတင်ထား၍ အသပြာတထောင်၊ နှစ်ထောင်မျှလောက်သော ငွေကြေး ဥစ္စာပေးနှင့်၍ သုံးနှစ်လည်မှ အတိုးအပွါးမရှိ အရင်းအတိုင်းသာ ခံယူခြင်းသည် သမ္မာပါသ မည်၏။

---

၁။ အံ-ဋ္ဌ ၃-၁၉၃-၄။ သုတ္တနိ-ဋ္ဌ၊၂။၅၆။

လူတို့၏ နှလုံးကို ကျော့ကွင်းဖြင့် ဘွဲ့ချည်ထားဘိသကဲ့သို့ မြဲစွဲစေသဖြင့်သင်္ဂြိုဟ်-မစသည် မည်၏ ဟူလိုသည်။ ထမ်းပိုးခံယူခြင်းသည် သမ္မာပါသမည်၏ဟူသည်ကား ယခင်အဌကထာများနှင့်ရင်း အဘိဓာန်ဋီကာနှင့်ရင်း မညီလေ။

**ဝါစာပေယျ။** ။မူးမတ်, ကလန် သံပျင် အစရှိကုန်သောသူတို့ကို အမောင်, ဦးရှိး စသည်ဖြင့်သာယာချောင်စွာ ခေါ်ဝေါ်ပြောဆိုခြင်းသည် ဝါစာပေယျ မည်၏။ ချစ်ကြည်မြတ်နိုးဘွယ်သော စကားဖြင့် သင်္ဂြိုဟ် မ-စသည် ဟူလိုသည်။

**ရာဇဂုဏ်ရှစ်ပါးအကြောင်း။** ။အဌကဌ ရာဇဂုဏ်သည် ရှစ်ပါးအပြားရှိ၏။ ရှစ်ပါး ဟူသော်ကား—

သိကြားမင်းကဲ့သို့ ကျင့်ခြင်း၊ နေကဲ့သို့ ကျင့်ခြင်း၊ လ ကဲ့သို့ ကျင့်ခြင်း၊ လေကဲ့သို့ကျင့်ခြင်း၊ ယမ မင်းကဲ့သို့ ကျင့်ခြင်း၊ သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်း၊ မြေကြီးကဲ့သို့ ကျင့်ခြင်း၊ မိုးကဲ့သို့ ကျင့်ခြင်း၊ ဤ ရှစ်ပါးတို့တည်း။ ထိုရှစ်ပါးတို့တွင်—

**သိကြားမင်းကဲ့သို့ ကျင့်ခြင်း**ဟူသည်ကား—သိကြားမင်းသည် နတ်အပေါင်းတို့အား နှိမ်နင်းတန်သည်ကို နှိမ်နင်း၍ ချီးမြှောက်တန်သည်ကို ချီးမြှောက်သကဲ့သို့ ထို့အတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း သူမတော်တို့အား နှိမ်နင်း၍ သူတော်တို့အား ချီးမြှောက်ကုန်ရာသည်။

**နေကဲ့သို့ ကျင့်ခြင်း**ဟူသည်ကား—နေမင်းသည် ရောင်ခြည်တထောင်ဖြင့် ဖြည်းညှင်းသာယာစွာ မိုးရေကို ခန်းစေသကဲ့သို့ ထို့အတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း အခွန်အတုတ်ကို ဖြည်းညှင်းသာယာစွာ ခံယူကုန်ရာသည်။

**လကဲ့သို့ ကျင့်ခြင်း** ဟူသည်ကား—လပြည့်ဝန်းသည် မြင်မြင်သမျှကုန်သောသူတို့၏ ဝမ်းမြောက်ခြင်းကို ဖြစ်စေသကဲ့သို့ ထို့အတူ ရေမြေသေဌ်နင်း မင်းတို့သည်လည်း ရွှင်လန်းသာယာစွာ ပြောဆိုသဖြင့် မူးမတ်ပြည်သူ ရှင်လူအပေါင်းတို့အား ဝမ်းမြောက်ခြင်းကို ဖြစ်စေကုန်ရာသည်။

**လေကဲ့သို့ ကျင့်ခြင်း** ဟူသည်ကား—လေသည် သတ္တဝါ အပေါင်းတို့၏ ကိုယ်တွင်းသို့ဝင်၍ **သွား**သကဲ့သို့ ထို့အတူ ရေမြေသေဌ်နင်း မင်းတို့သည်လည်း

ခေပ်သိမ်းကုန်သော တိုင်းသားပြည်သူ လူရှင်အပေါင်းတို့၏ အမှုအရာချမ်းသာ ဆင်းရဲကိုရင်း မိမိတို့၏ အကျိုးအပြစ်ကိုရင်း ကိုယ်တိုင် လှည့်လည်၍ရင်း အမတ်သူလျှို ထား၍ရင်း သိအောင် ပြုကုန်ရာသည်။

ထို့ကြောင့် ဂန္ဓတိန္ဒုကဇာတ်၌ ဘုရားလောင်း တည်ပင်စောင့်နတ်မင်းသည် ဗြဟ္မဒတ်မင်းအား—

“ဥပဿုတိံ မဟာရာဇ၊ ရဋ္ဌေ ဇနပဒေ စရ။
တတ္ထ ဒိသွာ စ သုတွာ စ၊ တတော တံ ပဋိပဇ္ဇသိ”[၁] —

ဟူ၍ ဆုံးမဘူးချေသည်။

မဟာရာဇ၊ မင်းမြတ်။ ဥပဿုတိံ၊ ချောင်းမြောင်း၍ နားပါး ထောင်ခြင်းငှါ။ ရဋ္ဌေ၊ အလုံးစုံသော တိုင်း၌ရင်း။ ဇနပဒေ၊ ဇနပုဒ်၌ရင်း။ စရ၊ လှည့်လည်ဘိလော။ တတ္ထ၊ ထိုတိုင်းဇနပုဒ်၌။ စရန္တော၊ လှည့်လည်သော မင်းသည်။ ဒိသွာ စ၊ မြင်အပ်သည်ကို မြင်၍ရင်း။ သုတွာ စ၊ ကြားအပ်သည်ကို ကြား၍ရင်း။ တတော၊ ထိုနောက်မှ။ ဟိတံ၊ အစီးအပွါးကို။ ပဋိပဇ္ဇသိ၊ ကျင့်ရလတ္တံ့။

**ယမမင်းကဲ့သို့ ကျင့်ခြင်းဟူသည်ကား** — ယမ မင်းသည် ချစ်သောသူ၊ မုန်းသောသူ ဟူ၍ မရှိ။ ကံနှင့်လျော်စွာ ရောက်လာလျှင် စီရင်သကဲ့သို့ ထို့ အတူ ရေမြေသေဌ်နင်း မင်းတို့သည်လည်း ချစ်သောသူဟူ၍ရင်း မုန်းသော သူဟူ၍ရင်း မရွေးချယ်ဘဲ မျက်နှာကြီးငယ် မရှုယ်မထောက် အမှုနှင့်လျော်စွာ စီရင်ကုန်ရာသည်။

**သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်းဟူသည်ကား** — သမုဒ္ဒရာသည် ရေကို မတောင့်တ သကဲ့သို့ ထို့အတူ ရေမြေသေဌ်နင်း မင်းတို့သည်လည်း ဥစ္စာကို မတောင့်တဘဲ ထုံးစံရှိရာ ရထိုက်သမျှကိုသာ ခံယူကြကုန်ရာသည်။

**မြေကဲ့သို့ ကျင့်ခြင်း ဟူသည်ကား**— မြေကြီးသည် သတ္တဝါအပေါင်းတို့၏ မှီခိုကိုးကွယ်ရာဖြစ်သကဲ့သို့ ထို့အတူ ရေမြေသေဌ်နင်း မင်းတို့သည်လည်း

---

၁။ ခု-၅-နှာ ၃၉၇၊ ဇာတက-ဋ္ဌ ၅-၁၀၄။

သင်္ဂဟတရားလေးပါးဖြင့် ပြည်သူ လူအပေါင်းတို့၏ မှီခိုကိုးကွယ်ရာဖြစ်အောင် ကျင့်ဆောင်ကုန်ရာသည်။

**မိုးကဲ့သို့ ကျင့်ခြင်း** ဟူသည်ကား — မိုးသည် သတ္တဝါအပေါင်းတို့အား မိုးရေဖြင့် ရောင့်ရဲစေဘိကကဲ့သို့ ထို့အတူ ရေမြေသေဋ္ဌနင်း မင်းတို့သည်လည်း မှုထမ်း ရာထမ်းတို့အား မျိုးရိက္ခာ အဝတ်အစားဖြင့် ရောင့်ရဲစေကုန်ရာသည်။

## ၂-မိဘုရားအကြောင်း

"မဟေသီ သာဘိသေကာ" ဟူ၍ မာဂဓအဘိဓာန်စာကိုယ် (နှာ-၁၆၇)။ "သာဘိသေကာ လဒ္ဓါဘိသေကာ ရာဇိတ္ထီ မဟေသီ နာမ" ဟူ၍ ၎င်းဋီကာ (နှာ-၁၆၉) တို့၌ လာရကား သွန်းလောင်းအပ်သော အဘိသိက်ရှိသော မိဘုရားကြီးသည် မဟေသီ မည်၏။ ထို့ကြောင့် အဘိဓာန်ဋီကာ၌—

မဟ ပူဇာယံ၊ ကမ္မနိ ဏ္ဍသော၊ ဏ္ဍသော၊ တတော ဤ–

ဟူ၍ မိန့်အပ်၏။ မဟ၊ မဟသဒ္ဒါသည်။ ပူဇာယံ၊ ပူဇော်ခြင်း၌ ဖြစ်၏။ ကမ္မနိ၊ ကံအနက်၌။ ဏ္ဍသော၊ ဏ္ဍသ ပစ္စည်းသက်ရာ၏။ ဏ္ဍသော၊ ဏ္ဍသအက္ခရာကို။ ၎ါ၊ ပြေ။ တတော၊ ထို နေ့ခွင်မှ။ ဤ၊ ဤ ပစ္စည်း သက်ရာ၏။

တနည်းကား–များစွာကုန်သော မင်းမိန်းမတို့ကို စိုးမိုးတတ်သောကြောင့် မဟေသီ မည်၏။ ထို့ကြောင့် အဘိဓာန်ဋီကာ၌ပင်လျှင်—

မဟတိယော ရာဇိတ္ထိယော ဤသတိ အဘိဘဝတီတိ ဝါ မဟေသီ၊ ဤသ ဏ္ဍသရိယေ ဤ –

ဟူ၍ မိန့်အပ်၏။ ဝါ၊ တနည်းကား။ မဟတိယော၊ များစွာကုန်သော။ ရာဇိတ္ထိယော၊ မင်းမိန်းမတို့ကို။ ဤသတိ အဘိဘဝတိ၊ စိုးမိုးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟေသီ၊ မဟေသီ မည်၏။ ဤသ၊ ဤသ သဒ္ဒါသည်။ ဏ္ဍသရိယေ၊ စိုးမိုးခြင်း၌ ဖြစ်၏။ ဤ၊ ဤ ပစ္စည်းသက်။ ဤကား ဋီကာပါဌ်၏ အနက်။

မိဖုရားခေါင်ကြီးမှတပါး အခြား မင်းမိန်းမများသည် ဘောဂိနီ မည်၏။ အဘယ်ကြောင့် မိဖုရားခေါင်ကြီးမှတပါး အခြား မိန်းမများသည် ဘောဂိနီ-မည်သနည်း ဟူမူကား–စည်းစိမ်ရှိသောကြောင့် ဘောဂိနီ မည်၏။ ထို့ကြောင့် အဘိဓာန်ဋီကာ၌ "ဘောဂ ယောဂါ ဣနီ" ဟူ၍ မိန့်အပ်၏။ ဘောဂယောဂါ၊ စည်းစိမ်နှင့် ယှဉ်ရကား။ ဘောဂိနီ၊ ဘောဂိနီ မည်၏။ ဣနီ၊ ဣနီပစ္စည်း သက်ရာ၏။

မိဖုရားခေါင်ကြီးလည်း မင်းကဲ့သို့ အဘိသိက် ခံသင့်ကြောင်းကိုကား ယခင် ဆိုအပ်ခဲ့ကုန်ပြီးသော အဘိဓာန်စာကိုယ်ဋီကာနှင့် အဘိသိက်ခံသောမင်း၊ အဘိသိက်ခံသော မိဖုရားတို့၏ သားသည် ရာဇပုတ္တ မည်၏ ဟူ၍ လာသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ(နှာ-၅၀၁)များကို ထောက်၍ သိရာ၏။ မဟေသီ၊ အဘိသိက်ရှိသော မိဖုရားကြီးသည် ပူဇော်အပ်သောကြောင့်တည်း။

**မိဘုရားနှင့် မိဖုရား အဆုံးအဖြတ်။** ။မိဘုရားသည် ပြည်သူတို့၏ အမိဖြစ်သောကြောင့် သဒ္ဒါသူပစာအားဖြင့် "အမိဘုရား"ခေါ်ဝေါ်သည်။ အ-ကြေ၍ "**မိဘုရား**" ခေါ်ဝေါ်သည်။ အာလုပ်ပုဒ်ဖြစ်သတည်း။

သက္ကရာဇ် ၅၇၅-ခုနှစ်က ရေးထိုးသည့် လေးထောင့်ကန်-လှေးမျက်နှာဘုရားကျောက်စာတွင် "အမိဖုရှား စသော မောင်းမတော်ခပ်သိမ်း" ဟူ၍ ထို ပုဂံခေတ်က အ, မကြေပဲ "**အမိဘုရား**" ခေါ်ဝေါ်ရေးသားကြောင်း ထင်ရှားသည်။

သက္ကရာဇ် ၁၂၂၂-ခုနှစ် ရေး**ထိုး**သည့် မန္တလေး ရတနာပုံ ရွှေမြို့တော်တောင်ပြင် မဟာနွယ်စင်ရပ်ရှိ မဟာဗောဓိကျောက်စာတွင် "စတုသဋ္ဌိလက္ခဏာ၊ အင်္ဂါအနုဋ္ဌ၊ အစုံရှိသော နှမတော်မြတ် သိရီနတ်အား ကိုးပါးသော ကျောက်မျိုးတို့ဖြင့် ရစ်ဆင်ချယ်လှယ်အပ်သော ရတနာဥကင် ခုံပလ္လင်ထက် စကြာကမ္ဘာထီးရှက်နှုဖြင့် ပြည်သူ့မိမြတ် သတ်မှတ်တင့်ကဲ ချီးဝှဲ့ပြဋ္ဌာန်းတော်မူပြီးနောက်" ဟူ၍ မိဖုရားကြီးတင်တော်မူသည်ကို "**ပြည်သူ့မိမြတ် သတ်မှတ်သည်**" ဟူသော ဝေါဟာရဖြင့် ဆိုလေသည်။

သက္ကရာဇ် ၆၆၀-ခုနှစ် ရေးထိုးသည့် မိဘုရားစော ကျောက်စာတွင် " ရန်ခပ်သိမ်းကို နှိမ်နင်းနိုင်သော သီရိရာဇာ မည်သော မင်းကြီးများ ဖြစ်သော **မိဘုရားစော**သည် " ဟူ၍ရှင်း။

သက္ကရာဇ် ၁၁၇၃-ခုနှစ်၊ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ အရပ်ရှိ မဟာဗောဓိကျောက်စာတွင် " မြတ်သော မိဘုရားခေါင်ကြီးနှင့် တကွ " ဟူ၍ရှင်း၊ " သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီ အမည်တော်ရှိသော **တောင်မိဘုရားခေါင်ကြီး**နှင့် တကွ " ဟူ၍ရှင်း။

သက္ကရာဇ် ၁၂၀၅-ခုနှစ်၊ လောကမဏိစူဠာ ဘုရားကျောက်စာတွင် "တိုင်းနေပြည်သူ လူအများတို့အား သနားကရုဏာ မေတ္တာပင်စည် ခက်မတည်လျက် သက်ကြည်တော်မူသဖြင့် တောင် **မိဘုရားခေါင်ကြီး**" ဟူ၍ရှင်း။

သက္ကရာဇ် ၁၂၀၉-ခုနှစ်၊ ဆိတ်ပေါက်ဘုရား ကျောက်စာတွင် "မင်းညီ, မင်းသား၊ **မင်းမိဘုရား**၊ မှူးကြွားပေါက်ပြ"ဟူ၍ရှင်း။

သက္ကရာဇ် ၁၂၁၁-ခုနှစ်၊ စက်တော်ရာဘုရား ကျောက်စာတွင် "အဘိရူပ၊ ဒဿနက၊ စသည့်ကျေးဇူး၊ ထူးကဲလွန်မြတ်တော်မူသော ရှစ်သောင်းထွတ်ဖျား **မိဘုရားခေါင်ကြီး** ဘုရားနှင့်"ဟူ၍ရှင်း။

သက္ကရာဇ် ၁၂၂၁-ခုနှစ်၊ မန္တလေးတောင်ခြေ သုဓမ္မာကျောက်စာတွင် **"မြောက်နန်းတော်မိဘုရားသည်"**ဟူ၍ရှင်း။

သက္ကရာဇ် ၁၂၃၆-ခုနှစ်၊ ဗုဒ္ဓဂယာအရပ် မဟာဗောဓိကျောက်စာတွင် **"အခေါင်ညာထား၊ မိဘုရားမြတ်"** ဟူ၍ရှင်း အသီး အသီး ကျောက်ထက်အက္ခရာဖြင့် ထင်ထင်ရှားရှားရှိလေသည်။

သို့ပါလျက် အချို့က စက္ကူစာအုပ်ပြုလုပ်ရန် ကျောက်စာကို စက်တင်ပုံနှိပ်သည့်အခါ ကျောက်စာမူတွင် စတုတ္ထက္ခရာ **ဘ**ကုန်းနှင့် ရှိသည်ကို ဒုတိယက္ခရာ **ဖဦးထုပ်** သို့ လဲပြောင်းစက်တင်ပုံနှိပ်ကြသည့် အရာများစွာ တွေ့ရလေသည်။ ဤသို့ ရှေးပညာရှိတို့၏ ကျောက်စာအက္ခရာမူကို ပြင်ဆင်ခြင်းမှာ အလျှင်းပင် မသင့်ချေ။

အချို့သူတို့ကလည်း မန္တလေးရတနာပုံ ဒုတိယနန်းစံ မာရ်အောင်ရတနာ စေတီတော် ဒါယကာမင်းတရား လက်ထက်တော်ရောက်မှ မိဖုရားကြီး ဓားထက်သည်ကို ကြောက်ရွံ့ရသဖြင့် **ဖဦးထုပ်နှင့် ဘကုန်း** လဲပြောင်းပြီးကာလ "မိဖုရား" ဟု ရေးရလေဟန် မဟုတ်မမှန် လုပ်ကြံပြောဆိုကြလေသည်။

**မိဘုရား** ဟူသော ပုဒ်အက္ခရာကို ပုဂံခေတ်ကောင်းစားစဉ် လွန်ခဲ့သော အနှစ် ၉၀၀-လောက်ကပင် စတုတ္ထက္ခရာ ဘကုန်းတချောင်းငင် ဥသရနှင့် "**ဘု**"ဟူ၍ ၎င်း၊ ရကြီးအချတွင် ဝိသဇ္ဇနီနှင့် "**ရား**"ဟူ၍၎င်း အရေးအသားရှိခဲ့သည့်ပြင် ကုန်းဘောင် ပဌမအလောင်းမင်းတရားကြီးမှစ၍ တဆဲ့တဆက်သော မင်းတို့ လက်ထက် နန်းတော်,အိမ်တော်နှင့်တကွ လွှတ်ရုံးငါးရပ်တို့၌လည်း စတုတ္ထက္ခရာ **ဘကုန်း** နှင့်ချည်း ရေးသား သုံးနှုန်းခြင်း ဖြစ်လေသည်။ ထို့ကြောင့် မိဘုရား ဟူသော ပုဒ်အက္ခရာကို ရှေးကာလက ရှိဟောင်းဖြစ်သော ကျောက်စာမူ, ပေမူ, ပုရပိုက်မူတို့တွင် ပါသည့်အတိုင်း ရေးသားသင့်လေသည်။

## ၁-အိမ်ရှေမင်းအကြောင်း

အဘယ့်ကြောင့် အိမ်ရှေမင်းသည် ဥပရာဇာ မည်သနည်းဟူမူကား — ဥပ-သမီပေ ဌိတော ရာဇာတိ ဥပရာဇာ ဟူသော ဝစနတ္ထနှင့်အညီ ရေမြေသေဌ်နင်း မင်းအဖြစ်၏ အနီး၌ တည်တတ်သောကြောင့် ဥပရာဇာမည်၏။ ဥပသမီပေ၊ ရေမြေသေဌ်နင်း မင်းအဖြစ်၏ အနီး၌။ ဌိတော၊ တည်သော။ ရာဇာ၊ မင်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပရာဇာ၊ ဥပရာဇာမည်၏။

**အိမ်ရှေမင်းအင်္ဂါ ၅-ပါး။** ။အိမ်ရှေနန်းလျာ မဟာဥပရာဇာတို့ အင်္ဂါလက္ခဏာ ကား—

မိဘနှစ်ပါးစုံမှ ကောင်းစွာဖြစ်ခြင်း၊ အလွန် အဆင်းလှခြင်း၊ မယ်တော်, ခမည်းတော်, နောင်တော်တို့၏ နှလုံးကို ပွါးစေခြင်း၊ တိုင်းသားပြည်သူ လူရှင်ရဟန်းတို့၏ နှလုံးကို ပွါးစေခြင်း၊ ဆင်စီး, မြင်းစီး, ရထားစီး, လေးပစ်, လှံထိုး အစရှိကုန်သော အတတ်တို့၌ လေ့လာပွန်းတီး ပြီးစီးတတ်မြောက်ခြင်း၊ ဤသို့အားဖြင့် ငါးပါးတည်း။ ထို့ကြောင့် ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌—

"ဣဓ ဘိက္ခဝေ ရညော ခတ္တိယဿ မုဒ္ဓါဝသိတ္တဿ ဇေဋ္ဌော ပုတ္တော ဥဘတော သုဇာတော ဟောတိ မာတိတော စ ပိတိတော စ၊ အဘိရူပေါ ဟောတိ၊ မာတာ ပိတူနံ ပိယော ဟောတိ မနာပေါ၊ နေဂမဇာနပဒဿ ပိယော ဟောတိ မနာပေါ၊ ယာနိ တာနိ ရညံ ခတ္တိယာနံ မုဒ္ဓါဝသိတ္တာနံ သိပ္ပဋ္ဌာနာနိ ဟတ္ထိသ္မိံ ဝါ အဿသ္မိံ ဝါ ရထသ္မိံ ဝါ ဓနုသ္မိံ ဝါ ထရုသ္မိံ ဝါ၊ တတ္ထ သိက္ခိတော ဟောတိ အနဝယော"[၁] –

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ မုဒ္ဓါဝသိတ္တဿ၊ မုဒ္ဓါဘိသိက် ခံသော။ ခတ္တိယဿ၊ ရေမြေအရှင်ဖြစ်သော။ ရညော၊ မင်း၏။ ဇေဋ္ဌော ပုတ္တော၊ သားကြီးမင်းလျာသည်။ မာတိတော စ၊ အမိမှရင်း။ ပိတိတော စ၊ အဘမှရင်း။ ဥဘတော၊ နှစ်ပါးစုံကုန်သော သူတို့မှ။ သုဇာတော၊ ကောင်းစွာ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ အဘိရူပေါ၊ လွန်စွာ အဆင်းလှသည်။ ဟောတိ၊ ဖြစ်၏။ မာတာပိတူနံ၊ မိဘတို့သည်။ ပိယော၊ ချစ်အပ်သည်။ မနာပေါ၊ နှလုံးကို ပွါးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။ နေဂမဇာနပဒဿ၊ နိဂုံးဇနပုဒ်၌နေသော လူအပေါင်းသည်။ ပိယော၊ ချစ်အပ်သည်။ မနာပေါ၊ နှလုံးကို ပွါးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။ မုဒ္ဓါဝသိတ္တာနံ၊ မုဒ္ဓါဘိသိက်ခံကုန်သော။ ခတ္တိယာနံ၊ ရေမြေရှင်ဖြစ်ကုန်သော။ ရညံ၊ မင်းတို့၏။ ဟတ္ထိသ္မိံ ဝါ၊ ဆင်စီး အတတ်၌ရင်း။ အဿသ္မိံ ဝါ၊ မြင်းစီးအတတ်၌ရင်း။ ရထသ္မိံ ဝါ၊ ရထားစီး အတတ်၌ရင်း။ ဓနုသ္မိံ ဝါ၊ လေးအတတ်၌ရင်း။ ထရုသ္မိံ ဝါ၊ ဓားခုတ်လှံထိုး အတတ်၌ရင်း။ ယာနိ တာနိ သိပ္ပဋ္ဌာနာနိ၊ အကြင် အတတ်အကြောင်းအရာ တို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုအကြောင်းအရာတို့၌။ သိက္ခိတော၊ သင် အပ်ပြီးသည်။ အနဝယော၊ အကြွင်းမဲ့ တတ်မြောက်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် အိမ်ရှေ့နန်းလျာ မဟာဥပရာဇ်တို့၏ အင်္ဂါလက္ခဏာငါးပါးကို သိအပ်၏။ ဥဘတော သုဇာတ-ဟူ၍ မိဆွေ ဘမျိုး နှစ်ပါးတို့တွင် အဘမျိုး သာ ပဓာနဟူ၍ ဟောတော်မူသောကြောင့် အဘ မင်းဆွေ မင်းမျိုးဖြစ်က

---

၁။ အံ ၂-၁၃၅။

သုဇာတ မည်တော့သည်သာဟူ၍ သိအပ်၏။ အိမ်ရှေ့မင်းသည် စစ်မက်အရေးကိစ္စ ပေါ်ပေါက်လျှင် ချီတက်တိုက်ခိုက်ရခြင်း၊ ညီလာခံဝင်ရခြင်း၊ လွှတ်တက်၍ စီမံခန့်ခွဲတော်မူရခြင်း၊ ထို့ပြင် အထူးသဖြင့် အရေးကြီးသည့်ကိစ္စရှိလျှင် အချိန်အခါမရွေး နန်းတော်သို့ဝင်၍ ကေရာဇ်မင်းမြတ်နှင့် တွေ့ဆုံတိုင်ပင်နှီးနှောတော်မူရခြင်းစသော တိုင်းကျိုးပြည်ကျိုးများကို ရွက်ဆောင်တော်မူရသည်။

**အိမ်ရှေ့မင်း နန်းတော်ဝင်ပုံ။** ။အိမ်ရှေ့မင်းသည် ညီလာခံဝင်သည်မှတပါး ကေရာဇ်မင်းမြတ် ရှေ့တော်သို့ ဝင်လို၍ ရွှေနန်းတော် ဝင်လာသည့်အခါတိုင်း တောင်စမုတ်အနောက် တတာခန့်အကွာတွင် အရှေ့အနောက် ၂၁-တောင် ၂-မိုက်၊ တောင်မြောက် ၉-တောင် ၂-မိုက်ရှိ ကွန်းထောက်နန်းတော်မှာ ခေတ္တစံတော်မူရသည်။ အိမ်ရှေ့ဘုရား ဝင်တော်မူလာသောအကြောင်းကို မိန်းမစိုးက ကေရာဇ်မင်းမြတ် ရွှေနားတော်ကြား တင်လျှောက်ရသည်။ ထိုအခါ ရှေ့တော်သို့ ဝင်ရန် အမိန့်တော်ရှိသဖြင့် အိမ်ရှေ့မင်းလည်း ကေရာဇ်မင်းမြတ် စံတော်မူရာ အဆောင်တော်သို့ ဝင်ရောက်ခစားရသည်။

နောင်တော် ပုဂံရွှေနန်းရှင်ဘုရား ရွှေနန်းတော်သို့ ဝင်တော်မူလာလျှင်လည်း ယင်းသည့် ကွန်းထောက်နန်းတော်တွင် ခေတ္တစံတော်မူပြီးမှ မိန်းမစိုးတို့က ကေရာဇ်မင်းမြတ် ရွှေနားတော်ကြား လျှောက်ထားရသည်။ ထို့နောက် ပုဂံရွှေနန်းရှင်ဘုရား ညီတော်ရှိရာသို့ ထွက်တော်မူလာရာ ညီတော်မင်းတရားသည် အဆောင်တော်ဦးမှ ဒူးပဆစ်တုပ်ပျပ်လျက် ရှိခိုးလက်ယှက်ခါ ကြိုတော်မူသည်။ (ယခု ကွန်းထောက်နန်းတော်ကို အင်္ဂလိပ်မင်းလက်ထက်မှာ နှံ့သာနန်းတော်ဟူ၍ မှားယွင်းစွာ ကမ္ပည်းရေးထိုးထားသည်။ နှံ့သာနန်းတော်ကား မြောက်စမုတ် တောင်ဘက်မှာ ဖြစ်သည်။ ယခုအခါ ဖျက်သိမ်းရာ ပါသောကြောင့် မရှိချေ။ သို့ရာတွင် နန်းတော်ကြီးပုံစံ ပြုလုပ်ထားရာ၌ ၎င်းနှံ့သာနန်းတော်ကလေး ထင်ရှားရှိသည်)။

## ၄-မင်းညီ မင်းသား

မင်းဆိုသည်မှာ ဤနေရာတွင် ကောရာဇ်မင်းမြတ်ကို ယူရမည်။ မင်းကောရာဇ်၏ ညီတော်ဖြစ်သဖြင့် "မင်းညီ"ဆိုသည်။ မင်းကောရာဇ်၏ သားတော်ဖြစ်သဖြင့် "မင်းသား"ဆိုသည်။

**မင်းသားနှင့်နေရာတော်။** ။ထို့ပြင်မှတပါး မင်း၏သားတော် မဟုတ်သော်လည်း

(၁) လက်ဝဲနေရာကွက် ၉၊ လက်ယာနေရာကွက် ၉၊ ပေါင်း မင်းသားကြီးနေရာ ၁၈။

(၂) လက်ဝဲနေရာ ၉၊ လက်ယာနေရာ ၉၊ ပေါင်း မင်းသားလတ်နေရာ ၁၈။

(၃) လက်ဝဲနေရာ ၉၊ လက်ယာနေရာ ၉၊ ပေါင်း မြင်းမှူးမင်းသားနေရာ ၁၈-ရှိရာ—

၎င်း နေရာတော်နေ မင်းသားသုံးမျိုးပြင် နေရာတော်မနေရသည့် မင်းသားတမျိုးလည်း ရှိသည်။ ဤကဲ့သို့ မင်းသားအမည်အရည်နှင့် သူကောင်းပြုခံရသူတို့သည် မင်း၏ သားတော် မဟုတ်သော်လည်း "မင်းသား"ဟူ၍ ခေါ်ဝေါ်ရသည်။ ထိုမှတပါး မင်းသား မခေါ်နိုင်။ မင်း၏ညီတော် မြေးတော် မြစ်တော်ဟူ၍သာလျှင် ခေါ်ဝေါ်နိုင်သည်။

## ၅-မြင်းမှူးမင်းသား

မင်းညီမင်းသားတို့မှာ စစ်မက်အရေးပေါ်ပေါက်လျှင် ချီတက် တိုက်ခိုက်ရသည်။ ဤအခါ မြင်းမှူးမင်းသားဖြစ်သော ညီတော်, သားတော်က ကသည်းမြင်း, စောပွတ်အိုးမြင်း, အက္ကပတ်မြင်း, မြင်းစုကြီးမြင်း, ရှမ်းမြင်း, နောက်တော်ပါမြင်း, နန်းဦးမဂ်လာမြင်း, ရဲဘက်မြင်းစသော မြင်းတပ်များအနက် မြင်းတပ် တတပ်ကို အုပ်ချုပ်မှူးကွပ်၍ ချီတက်တိုက်ခိုက်ရသည်။ ထို့ကြောင့် မြင်းမှူးမင်းသားဟူ၍ အမိန့်တော်မှတ်သည်။

မင်းညီ, မင်းသားတို့မှာ စစ်မက် တိုက်ခိုက်ရန် မရှိသည့်အခါ ကေရာဇ် မင်းမြတ် ရှေ့တော် ဝင်ရောက် ခယမ်းရခြင်း၊ နှစ်စဉ် နယုန်လဆန်း ၈-ရက်နေ့က ဝါဆိုလဆန်း ၈ ရက်နေ့တိုင် သုဓမ္မာစရပ်တော်အတွင်း ပါဠိပဌမစာပြန်ပွဲ ကျင်းပရာသို့ သွားရောက်စာနာရခြင်း၊ တနှစ်လျှင် ၃-ကြိမ် ပွဲတက်ကန်တော့ ခံတော်မူသည်ကို မပျက်မကွက် ကန်တော့ဝင်ရခြင်း၊ ကေရာဇ်မင်းမြတ် အဝေး အနီး ထွက်တော်မူသည့်အခါ မင်းမထွက်မီ ရှေးဦးစွာ မြို့တွင်းက မြို့ပြင်သို့ ထွက်နှင့်ရသည်။ ဝင်တော်မူလျှင်လည်း ကေရာဇ်မင်းမြတ် ရွှေနန်းတော်သို့ ရောက်၍ အမြောက်သံ ၃-ချက် ကြားရပြီးနောက်မှ မြို့တွင်းသို့ ဝင်ရခြင်း နည်းလမ်းများကို လိုက်နာရသည်။

လွှတ်တော်က အကြောင်းကိစ္စရှိ၍ ဆင့်ဆိုလျှင် မင်းသားကို တိုက်ရိုက် မဆင့်ဆိုရ။ မင်းသား၏ အကြီးတော် အကြီးစာရေးတို့သို့ ထန်းဘူးညွန့်ရှည် တွင် နှစ်ကြောင်းစာချွန်ရေး၍ ဆင့်ဆိုရသည်။

## လွှတ်တော်စာချွန်ရေးနည်း

ကနောင်မင်းသား အကြီးတော် အကြီးစာရေးတို့ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘုရားရှင်မင်းတရားကြီး ဘုရား ဒက္ခိဏာရာမတိုက်သို့ သက္ကရာဇ် ၁၂၁၃-ခု၊ ပြာသိုလဆန်း ၅-ရက်နေ့ ထွက်တော်မူမည်ဖြစ်၍ ထွက်တော်မူလျှင် တပ်တော်ရှေ့၊ ဝင်တော်မူလျှင် တပ်တော်နောက်၊ နောက်တော် လိုက်ရမည်အကြောင်း ကနောင်မင်းသားသို့ လျှောက်ရမည်။ ။ဝန်မင်းများစာ။

## ၆-တနေ့သုံးယံ ညီလာခံခြင်း

မင်းကောင်းမင်းမြတ်တို့မည်သည် သာသနာတော်ကျိုး, တိုင်းကျိုး, ပြည် ကျိုးများကို အစဉ်မပြတ် ရွက်ဆောင်အားထုတ်တော်မူအပ်သော အပရိဟာ-နိယတရားနှင့်အညီ အထူးသဖြင့် အဌင်္ဂသီလဆောက်တည်တော်မူသည့် နေ့ ရက် တလလျှင် ရှစ်သီတင်းနေ့ရက်များမှတပါး ကျန်နေ့ရက်များမှာ မင်းမှုး

မင်းမတ် မင်းချင်း မင်းခစားတို့နှင့် နံနက်တကြိမ် နေ့တကြိမ် ညတကြိမ် သာသနာတော်ရေး တိုင်းရေးပြည်မှုများကို အစဉ်မပြတ် ဆွေးနွေး ရွက်ဆောင်တော်မူသည်။

**နံနက်ညီလာခံကြီး။** ။နံနက်တကြိမ် ညီလာခံကြီး၌ လွှတ်ရုံးငါးရပ် မှူးမတ် အရာရှိ ဝန်စု မှူးစုတို့မှာ အင်းကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်စေလျက် ဗိုလ်စုမှာ ဗိုလ်တို့ဝတ်ဆင်မြဲအတိုင်း ဝတ်ဆင်လျက် ဝင်ထွက် ခစားစေ၍ အမိန့်တော်ခံရန် လွှတ်တော်က ပြဲတိုက်တော်က သွင်းအပ်သည့် တိုင်းပြည်နိုင်ငံမှုနှင့်စပ်လျဉ်း၍ နေ့စဉ်လျှောက်ထားရသော ကြေးနန်းစာ အနီး အဝေး မြို့ဝန် စစ်ကဲ အရာရှိ စော်ဘွား မြို့စားတို့က တင်စာ လျှောက်စာ အမှု အလျှောက် လွှတ်တော်သွင်းစာများကို သံတော်ဆင့်တို့က ဖတ်လျှောက်စေရသည်။ အမှုအားလျော်စွာ စိစစ် မေးမြန်းတော်မူလျှင်လည်း ဝန်ကြီး အတွင်းဝန်တို့က တင်လျှောက်ကြရသည်။ ကျန် မှူးတော် မတ်တော် အရာရှိတို့မှာ ဦးတိုက် မေးမြန်းတော်မူသည့် အရာ ဝန်ကြီး အတွင်းဝန်တို့က ဆင့်ကဲ မေးမြန်းတင် လျှောက်စေသည့်အရာဖြစ်မှ ဦးတိုက်တင်လျှောက်ကြရသည်။ ဤကဲ့သို့ မေးမြန်း တင်လျှောက် ဆွေးနွေးတော်မူပြီးလျှင် ရာထူးခန့်ထား နုတ်ပယ်သည့်အရာ အမှုအလျှောက် ပိုင်းခြားဆုံးဖြတ်တော်မူသည့် အရာ၌စ၍ အမိန့်တော်မြွက် မှတ်သင့်သည့် အကြောင်းရှိလျှင်လည်း အမိန့်တော်ခွန်းအရ သံတော်ဆင့်က စီကုံးရေးသား ဖတ်လျှောက်ရသည်။ ယင်းသည့် အမိန့်တော်များကိုလည်း ညီလာခံ ကွဲသည့်နောက် သံတော်ဆင့်က နားခံတော်သို့အပ်၍ လွှတ်တော်သို့ ထုတ်ပြန်ရသည်။

**နေ့ညီလာခံ။** ။နေ့အခါ ဗိုလ်ရှုညီလာခံမှာ အတွင်းဝန် သံတော်ဆင့်တို့နှင့် ဝန်စု မှူးစု ဗိုလ်စု စုရေး စုကိုင်တို့ ဝင်ထွက် ခစားစေ၍ သဿမေဓမှု ပုရိသမေဓမှု အကောက်အခွန်တော်မှု ကုန်းကြောင်း, ရေကြောင်း စစ်မှု အလုပ်ရုံ စက်ရုံမှု စသည်များကို မေးမြန်းတင်လျှောက် ဆွေးနွေး ပြောဆို ပြီးလျှင် အမိန့်တော်မြွက်မှတ်ရန် ရှိလျှင်လည်း သံတော်ဆင့်တို့က မှတ်ပြန်မြဲ မှတ်ပြန်ရသည်။

**ည-ညီလာခံ။** ။ည-ညီလာခံမှာ နံနက်ညီလာခံ နေ့ညီလာခံ ဝင်ထွက်ခစားရသည့် အရာရှိတို့ကို အတွင်းတော် အိပ်ဘန်လှည့်ကျရာ ဝဲ, ယာ တလှည့်စီ ခွဲဝေ ဝင် ထွက် ခစားစေ၍ ရွှေမြို့တော်ဝန်တို့က ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံသည့် အကြောင်းအရာ, လွှတ်တော်မှာ လျှောက်ထားရသည့် မြို့ဝန်တို့ နေ့စဉ်လျှောက်လွှာ, အဝေးရောက်စာ ကြေးနန်းစာများကို ဖတ်လျှောက်ပြီးမှ တိုင်းရေးပြည်မှုမှ စ၍ အလုံးစုံ အခွင့်ရှိရာ တင်လျှောက်မေးမြန်း ဆွေးနွေးပြောဆို စီရင်ဆုံးဖြတ် အမိန့်တော်မြတ် မှတ်သင့်ရာ မှတ်ပြီးလျှင် အိပ်ဘန်တော် အလှည့်ကျ ဝင် ထွက်သည့် မှူးတော် မတ်တော် အရာရှိ၊ လက်သုံးတော်၊ လဘက်ရည်တော်၊ ကွမ်းရေတော်၊ ဘိနပ်တော်၊ ထီး ဓား လက်စွဲ၊ အဆောင်မြဲတို့ စာရင်းကို သံတော်ဆင့်က ဖတ်လျှောက်ပြီးမှ ဝင်တော်မူသည်။

ယင်းသည့်ညီလာခံ ၃-ရပ်တွင် အဝေးမြို့ဝန် စော်ဘွား မြို့စားတို့က ရှိခိုးလက်ဆောင်တော် အထူးဆက်သသည့် အရာ ရာကြီး, ထူးကြီး ခန့်ထားရန်ရှိသည့်အရာ မင်းခမ်း မင်းနား အကြီးအကျယ် ပြုလုပ်ရန် အခမ်းအနားစာရင်းများကို လျှောက်ထားရန်ရှိသည့်အရာ ခမ်းနားကြီးကျယ်စွာ အထူးအမိန့်တော်မှတ်ရန် ရှိသည့်အရာများမှာ နံနက်ညီလာခံကြီးတွင်မှသာ ဆက်သခန့်ထား ဖတ်လျှောက် မှတ်ပြန်ရလေသည်။

ညညီလာခံသဘင် ဝင် ထွက် ခစားကြရသည့် အဆောင်တော်များမှာ မှန်နန်းတော်ဦး စနုဆောင်တော်၊ ဇေတဝန်ဆောင်ဦး စနုဆောင်တော်၊ ရွှေဆောင်တော်ဦး ရွှေတိုက်ဆောင်တော်၊ တောင်နန်းတော်ဦး အဆောင်တော်များသို့ အလှည့်အလည် အလိုတော်ရှိရာ ဝင် ထွက် ခစားကြရသည်။

**သက်တော်စောင့် လေးဦး။** ။မှူးတော် မတ်တော် အရာရှိတို့အနက် ဝင်းတော်မှူး လေးဦးတို့မှာ "သဇိဝ" ဟူသော သက်တော်စောင့်အမတ်ဖြစ်ရကား ညီလာခံသဘင်မှစ၍ မည်သည့် အခမ်းအနားမဆို ဓားနက် ကျောက်စီဓားကို ဆောင်ကိုင် ဝင် ထွက် ခစားရသည်။

## ၇-တန္ဆောင်မုန်းလပြည့်သုံးကြိမ် ပွဲတက်ကန်တော့ခံသည့်အကြောင်း

တန္ဆောင်မုန်း နှစ်သစ် ဝါဝင် ဝါကျွတ် သုံးကြိမ်မြောက် **ကန်တော့ခံတော်မူ သည်**။

**နှစ်သစ်ကန်တော့ခံ**မှာ အတာတက်သည့်နောက် ရက်ပေါင်း လေးဆယ် မြောက် သင်္ကြန်ရာဇ် ဦးခေါင်းပေါ်ပြီးနောက်မှ ကန်တော့ခံတော်မူမြဲ ဖြစ်၍ ကဆုန်လ ဖြစ်စေ၊ နယုန်လ ဖြစ်စေ အမြဲမရှိ။

**ဝါဝင်ကန်တော့**မှာ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့။

**ဝါကျွတ်ကန်တော့**မှာ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ အစပြု၍ ၃-ရက် ကန်တော့ခံတော်မူသည်။

ပွဲတက်ကန်တော့ အခမ်းအနား ခန့်ထားဆင့်ဆို လုပ်ဆောင်ရသည်ကား— ကန်တော့ပွဲတက်အခါတော်နီးသည်ကာလ နှစ်သစ်ကန်တော့၊ ဝါဝင်ကန်တော့ ၂-ရပ်မှာ ရွှေဘဝါးတော်အောက်ရှိ နေရာတော်နေ မင်းသားကြီး မင်းသားလတ် မြင်းမှူးမင်းသား လွှတ်ရုံးငါးရပ် အရာရှိ မှူးတော် မတ်တော် ဝန်စု မှူးစု ဗိုလ်စု စုရေး စုကိုင် သူဌေး သူကြွယ် တို့နှင့် ရွှေမြို့တော်နှင့် ခရီးဝေးသည့် အဝေးမြို့ဝန် စော်ဘွားမြို့စား တို့အား ဆက်သမြဲ ရှိခိုးကန်တော့ လက်ဆောင်တော်များနှင့် ရွှေမျက်နှာတော်ကို အဖူးအမြော် လာရောက်ရန်၊ ကျန်အဝေးမြို့ဝန် စော်ဘွား မြို့စားတို့မှာ သင့်ရာအရာရှိ အမတ် မြို့စာရေးတို့ကို ကိုယ်စား လာရောက်စေရန်၊ ဝါကျွတ် ကန်တော့မှာ အဝေးမြို့ဝန် စော်ဘွား မြို့စားတို့အနက် နိုင်ငံတော် အစွန်အဖျား မြို့ဝန်အရာရှိ စော်ဘွား မြို့စားတို့ကို ချန်လှပ်၍ ကျန်အဝေးမြို့ဝန် စော်ဘွား မြို့စားတို့ လာရောက်စေရန် လွှတ်တော်က စာရင်းရန်တား ဆက်သွင်း အမိန့်တော်မြတ်ခံ၍ အသီးအသီး မှာထားဆင့်ဆိုရသည်။

ကန်တော့ပွဲတက် အခမ်းအနားတွင် ဆင့်ဆို ခင်းကျင်း ကန်တော့ဝင်ထွက် ကြရသည်မှာ——ရွှေမြို့တော်တံခါး ၁၂-ရပ်၊ ဝင်းတော် လေးမျက်နှာ တံခါး လေးရပ်များတွင် ဆင်သူရဲ၊ မြင်းသူရဲ၊ ခြေသည် သူရဲတို့ စစ်ဝတ်ကိရိယာစုံ ဆင်ယင်လျက် ခင်ကျင်းရသည်။

ရွှေနန်းတော် သစ်တပ် ပတ်လည်များမှာ ခြေသည်သူရဲ၊ မြင်းစီးသူရဲ ၂-မျိုး၊ ရွှေးတော်ယူတံခါးက တံခါးနီတော် ရှေ့ကမှာ ဆင်၊ မြင်း၊ ရထား၊ ခြေသည် စစ်အင်္ဂါလေးပါးစုံ၊ တံခါးနီတော်အတွင်း မြေနန်းတော်ဦးပတ်လည်များမှာ သူရဲကြီးတပ်နှင့် ခြေသည် သူရဲတပ်၊ သက္ကဒါန်တင်၊ ပေါင်းဝန်းတင်၊ နန်းပေါင်းတင်၊ ရွှေကွန်ခြာအုပ်၊ ရတနာမျိုး ကြိုးလုံးတင်အမည်ရ ဆင်ယာဉ်တော်၊ စာမရီဆင်၊ ဘက်ဝန်းတင်၊ ရတနာကတင်၊ ပကတိကုန်းတင် အမည်ရ မြင်းယာဉ်တော်၊ ရထားတော်၊ ယာဉ်တော်များနှင့် အတွင်း စိန်ဆိုင်း၊ မြဆိုင်း အကစုံများကို ခင်းကျင်းရသည်။ ဘုရားခုနစ်ဆူ အလှူတော်များနှင့် ရွှေတော်ပြေး စည်တော်စုံများကိုလည်း ခင်းကျင်းရသည်။

မြေနန်းဝဲယာဆောင်တော်တွင် အိမ်ရှေ့မင်းအမှူးရှိသော နေရာတော်နေမင်းညီ မင်းသား နေရာကစ၍ အမတ် စစ်သူကြီးနေရာ၊ စော်ဘွားကြီးနေရာ၊ စော်ဘွားကြီးနောက်နေ မှူးတော် မတ်တော်ကြီးတို့ နေရာများနှင့် တော် ဒူး စနည်း၊ အတွင်းဘဝေါ၊ ပြင်ဘဝေါ ဟူသော နေရာငါးသွယ်များကို ခင်းကျင်းရသည်။ ရွှေထားစည်၊ ကန်သာယာစည်၊ ဟန်လင်းစည်တော်စုံ အတွင်းဆိုင်းများကို ဝဲယာ ခင်းကျင်းရသည်။

## ဂ-မင်းခမ်း မင်းနား ခင်းကျင်းပုံ

မြေနန်းဥကင် သီဟာသနရာဇပလ္လင်တော် ဝဲယာများတွင်—

ကနက္ကဒါန်၊ သူရိယ၊ ပဒုမ၊ သမ္ဗုတ်၊ ကမ္ဗု၊ စန္ဒ၊ သမုဒ္ဒဇာ၊ ဝိသကြုံ ဟူသော မင်းခမ်းထီးဖြူတော်ကြီး၊ လက်ဝဲ မင်းခမ်းတော်၊ လက်တင်ကြာ ကွမ်းခွက်တော်၊ ခြသေ့ခံကွမ်းခွက်တော်၊ကွမ်းလောင်းတော်ငယ်၊ စလင်းမြောင်တော်၊ ကျပ်လျားတော်၊ခြေနင်းတော်၊ ဘိနပ်တော်၊ သားမြီးယပ်တော်၊ သန်လျက်တော်၊ တောင်ဝှေးတော်၊ ခြသေ့ခံကရားတော်၊ မှုတာတော်၊ မေးထောက်တော်၊ ကျီးခြေတော်၊ အိုးပစ်တော်၊ လက်ယာမင်းခမ်းတော်၊ ကွမ်းချပ်တော်၊ ကွမ်းလောင်းတော်ကြီး၊ စလင်းကြာငယ်၊ စလင်းကြာကြီး၊ နဂါးခံကွမ်းခွက်၊ ရှစ်ထောင့်ကွမ်းခွက်၊ ပန်းတောင်းကြီး၊ မှုတာတော်၊ တကောင်းတော်၊ သောက်ရေတင်တော်၊ အိုးပစ်တော်၊ မကရ်းကရားတော်၊ နန်းဘွဲ့အုပ်တော်ဟူသော ရတနာအတိ

ပြီးသော မင်းခမ်းတော်စုံ။ ယပ်မားတော်၊ နဂါးပျော့၊ ဘီလူးဝါ၊ ဆင်နီ၊ ဂဠုန်ဖြူ၊ ခြသေ့်စိမ်း၊ မျောက်ရွှေ၊ ဒေါင်းနက် ဟူသော ရတနာအတိပြီးသော မင်းခမ်း အလံတော်စုံများကို ခင်းကျင်းရသည်။

ပြာသာဒ်တော်ကြီး ဝဲယာကန္နားပြင်များတွင် နတ်ကိန္နရာ မကၡာဖိုမ ယိမ်းနွဲ့ကြသကဲ့သို့ နန်းလေ့မူရာ နန်းပျူငှါတို့ဖြင့် တူရိယာလေးငြိမ့် လွန်နှစ်သိမ့်ဘွယ်သော နန်းတွင်းသူ အငြိမ့်အပျိုတော်တို့ အတီးအကစုံနှင့် အရွှေအငြိမ့် တူရိယာစုံ မွန်ဆိုင်းတူရိယာစုံများကို ခင်းကျင်းရသည်။

မြေနန်းတော်သို့ အခမ်းအနား ပါဝင်သူတို့မှတပါး အခြားသူတို့ မဝင် မထွက်စေရ၊ တားမြစ်စေရန် ပြော့အစု အမှုထမ်းလူတို့ကို အမျိုးဘာသာ သျှောင် ဗောင်းချမ်းမြိတ် ကွင်းတပ်ဆင်စေ၍ ရွှေနှင်တံစွဲကိုင်စေလျက် မြေနန်းလှေကား ဝဲ ယာက စောင့်နေစေရသည်။

နေရာတော်နေတို့ကို နေရာချထားစေမည့်သူ နေရာချ သွေးသောက်ကြီး ရွှေတောင် လက်ယာဇေယျကျော် ထွက်တော်မူသည့်ကာလ ရာဇပလ္လင်ဥကင် ကျည်းရွက်ဖွင့် တမုတ်ကြိုးဆွဲစေရန် စားတော်ကွမ်းရေ၊ ဘိသိက်တော် ဆက်စေရန် ရှစ်ပါးပုဏ္ဏား၊ ယွန်းဘောင် ပုရပိုက်တွင် ရေးထားအပ်သော ဘုရားခုနစ်ဆူ အလှူတော်စာများကို ဘတ်လျှောက်စေရန် နားခံတော်, ထန်းရွက်ညွန့်ရှည်နှင့် ရေးသားအပ်သော ကန်တော့ လက်ဆောင်တော်များကို ဘတ်လျှောက်စေရန် မြန်မာသံတော်ခံ, လက်ဆောင်တော်များကို ဝဲယာ သိမ်းစေရန် လက်ဆောင် ယူမှူး, ဝင်တော်မူချိန်ရောက်ကာလ နာရီ ငွေမောင်း တီးစေရန် နာရီတော်မှူးတို့ကို သနားတော်မြတ်ခံရသည့် ဗောင်း နားဥောင်း ဝတ်လုံ စလွယ် ဆင်ယင်၍ အသင့်ရှိစေရသည်။

**ကန်တော့ရန် ဝင်ပုံ။** ။ကန်တော့ လက်ဆောင်တော်များကို ဆက်သွင်းချိန် ရောက်ကာလ ရွှေရုံးတော်ရှေ့က မြေနန်းတော်ဦး သက္ကဒါန် လှေကားတော်ရောက် လက်ဆောင်တော်စာများကို ရင်းဖျားဝဲယာကိုင်မ-လျက် ဟန်လှနှင့်ဆောင်ယူသွားစေရန် ရှမ်းသံတော်ခံ, ခြံရံလိုက်ပါစေရန် အဝေးရောက်စာရေး, လက်ဆောင်စာရေးတို့ကို ဗောင်း နားဥောင်း ဝတ်လုံ

စလွယ် ဆင်ယင်၍ ရွှေရုံးတော်က အသင့်ရှိစေရသည်မှစ၍ အလုံးစုံ ပုဗ္ဗကိစ္စ ပြည့်စုံစေပြီးလျှင် နေရာတော်နေ မင်းညီ, မင်းသား မှူးတော် မတ်တော်၊ စော်ဘွား မြို့စား အရာရှိတို့မှာ ဗောင်း နားဒေါင်း ဝတ်လုံ စလွယ် ဆင်ယင်လျက် ကွမ်းခွက် လဘက်အိုး တကောင်းပိတ် ဆောင်ကြီးရွက်ကြီး ကျိုင်း, ထီး ဆင် မြင်း လုလင်စဉ် ယပ်စွဲ ဝဲယာ တီးရန် စည်များကို စီစဉ် ခင်းကျင်း၍ ထမ်းစင် စီးပြီးလျှင် နေအိမ်က ရွှေးတော်ယူတံခါးရောက် ဖြည်းညှင်းငြိမ့်လေးစွာ စည်တီးရွှမ်းလျက် ကန်တော့ပွဲတက် ဝင်ထွက်ကန်တော့ကြရသည်။

ရွှေးတော်ယူတံခါးသို့ရောက်လျှင် ပါရင်းအဆောင်အရွက်များအနက် ရှိခိုးလက်ဆောင်တော်ရွှေဖလား ၁၊ ဆာပါအုပ် ၁၊ ပန်းပေါက်ပေါက်ထည့် စက္ကူဖက်ခွက် ၁-များကို ထည့်သွင်းပြင်ဆင်သည်။ မနေသလင်ပန်း ကွမ်းခွက် လဘက်အိုး တကောင်းပိတ် ယပ်ရိုးရှည်များကိုသာ နေရာတော်သို့ ဆောင်ယူခင်းကျင်းထားရသည်။

ဤကဲ့သို့ နေရာတော်နေ မင်းညီမင်းသား မှူးတော်မတ်တော် အရာရှိတို့ အရာစဉ်အလျောက် အရာနိမ့်သူတို့က ရှေးဦးစွာတက်၍ အရာအမြင့်ဆုံးဖြစ်သော အိမ်ရှေ့မင်းမရှိလျှင် မင်းသားကြီးနောက်မှ တက်ရသည်။ ယင်းသည့် အရာမြင့်သူ တက်ရောက်လျှင် တံခါးတော်များကို ပိတ်ရသည်။

**မင်းနှင့် မိဖုရား ဝတ်ဆင်စံနေပုံ။** ။ဤကဲ့သို့ နေရာတော်နေတို့ တက်၍ စုံညီကာလ ကေရာဇ်မင်းမြတ်မှာ စိန္တာမဏိမကိုဋ္ဌဒုရင် အဆင်တန်းဆာတော်နှင့် အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားမှာ ဃနမတ္တက အဆင်တန်းဆာတော်နှင့် မြေနန်းဥကင် သီဟာသန ရာဇပလ္လင်တော်သို့ ထွက်စံတော်မူ၍ ကေရာဇ်မင်းမြတ်မှာ လက်ဝဲဘက် အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားမှာ လက်ယာဘက်က စံတော်မူသည်။

ကတော်မယားတို့လည်း မြိတ်ရစ် မြိတ်ခံ အဆင်တန်းဆာဆင်ယင်လျက် နောက်တော်လိုက်ပါကြရသည်။ ခင်းကျင်းအသင့်ရှိသော ထွက်စည်တော်နှင့် တကွ တူရိယာမျိုးများကလည်း တပြိုင်နက် သာယာငြိမ့်လေးစွာ အတန်ငယ် တီးမှုတ် ကခုန်ကြရသည်။

**ဘိသိက်တော် ဆက်သပုံ။** ။ငြိမ်သက်လျှင် ဘိသိက်တော်ဆက် ရှစ်ပါး ပုဏ္ဏားတို့ အမျိုးဘာသာ အင်္ကျီလက်ကျယ် ဗောင်းစလွယ် ဆင်ယင်လျက် သျှန္တိဂါထာများကို တပြိုင်နက်ရွတ်၍ ဘိသိက်တော်ဆက်ရသည်။ ထိုဘိသိက်တော်ပန်းကိုလည်း ရွှေဖလား နှင့်ခံယူ၍ ရွှေတိုက်အတွင်းဝန်က ရွှေလက်တော်သို့ ဆက်သရသည်၊ ပြီးလျှင် နားခံတော်က ဘုရားခုနစ်ဆူ အလှူတော်စာကို ရင့်လေးစွာ ဘတ်လျှောက်ပြီးနောက် "ရှိခိုးသံတော်ဦး တင်ပြီဘုရား"ဟု ထပ်မံ လျှောက်ထားရသည်။ ပြီးလျှင် ရွှေတိုက်ဝန်က "အလှူတော်ကို ကောင်းမွန်စွာ တင်လှူစေ ရွှေတော်ပြေးမှူး" ဟု အမိန့်တော် ပြန်ရသည်။

ထိုအခါ ရွှေတော်ပြေး စည်တော်စုံ တီးရွမ်းပြီးလျှင် နံတော်သင့်ဘုရားကစ၍ ဘုရားခုနစ်ဆူ အလှူတော်အဘွယ်အရာများကို တင်လှူမြဲတင်လှူရသည်။

**လက်ဆောင်တော် ဆက်သပုံ။** ။အလှူတော် ရွှေးတော်ယူတံခါးပြင်သို့ရောက်လျှင် ကန်တော့ လက်ဆောင်တော်စာအဆက်အသ, ခန့်ထားသူ အရာရှိတို့ ရွှေရုံးတော်ကဆင်း၍ ရွှေနန်းတော်နှင့်တူရူ ရောက်ကာလ ရှမ်းသံတော်ခံက လက်ဆောင်တော် စာထန်းဘူးညွန့်ရှည်များကို ရင်းဖျား ဝဲယာ မ, လျက် ဝင့်ပိုက်ကာ ဟန်လှနှင့် ဆက်သလာရသည်။ ဤကဲ့သို့ လာရာ • ရွှေးတော်ယူတံခါးအနီးသို့ရောက်ကာလ တကြိမ်၊ တခါးနီတော်အနီးသို့ ရောက်ကာလ တကြိမ်၊ မြေနန်းတော်ဦး သက္ကဒါန်လှေခါးတော်အနီးသို့ရောက်ကာလ တကြိမ်၊ ၃-ကြိမ် တုပ်ပျပ်ကာ ဦးညွှတ်ကြရသည်။ လက်ဆောင်တော်စာနှင့် ရှမ်း သံတော်ခံမှာ သက္ကဒါန် လှေကားတော်က ကျန်အရာရှိတို့မှာ မြေနန်းတော် ဝဲယာလှေကားတော်များက တက်၍ ခစားနေထိုင်ရသည်။

**ကန်တော့ ဆက်သပုံ။** ။ကန်တော့ လက်ဆောင်တော် စာများကိုလည်း အဘတ် အလျှောက် ခန့်ထားရှိသူ မြန်မာသံတော်ခံတို့က အသံရင့်လေးစွာ အလှည့်အလည် ဘတ်လျှောက်ကြရသည်။ ပြီးလျှင် နားခံတော်က "ရွှေတောင်လက်ယာဗေယျကျော်"ဟူ၍ ခေါ်လျှင် နေရာချသွေးသောက်ကြီး ရွှေတောင်လက်ယာဗေယျကျော်က "ပုဆစ်တုပ်ကြဘုရားတို့"

ဆိုသည်နှင့်တပြိုင်နက် နေရာတော်နေ မင်းညီ, မင်းသား၊ မှူးတော် မတ်တော်၊ စော်ဘွား မြို့စားအရာရှိတို့ တုပ်ပျပ်လက်ယှက်ကာ ကန်တော့ဆက်ကြရသည်။

**အခမ်းအနား ရုပ်သိမ်းပုံ။** ။ပြီးလျှင် "ဝဲယာလက်ဆောင်တော်ကို သိမ်း"ဟု နားခံတော်က အမိန့်တော်ပြန်လျှင် လက်ဆောင်တော်ယူမှုး အရာရှိတို့က ဝဲယာလက်ဆောင်တော်များကို သိမ်းကြရသည်။ ပြီးလျှင် "မင်းကြီးဝင်တော်မူ"ဟူသော အက္ခရာပီပြင် လျှောက်သောသွင်သို့ နာရီတော်မှူးက ဒူးထောက်ကာ ငွေမောင်းငါးချက် တီးလျှောက်သည့်ကာလ အရှင်နှစ်ပါး ဝင်တော်မူသည်။ ပွဲသဘင် တူရိယာစုံများကလည်း တပြိုင်နက် တည်း အတန်ငယ် တီးမှုတ် ကခုန်ကြရသည်။ ငြိမ်သက်လျှင် အမြင့်ဆုံးအရာရှိကြီး အလျှင်ထွက်၍ ပွဲတက်ရင်း အစီအစဉ် အခမ်းအနားအတိုင်း ခင်းကျင်းပြီးလျှင် နေအိမ်သို့ ပြန်ရသည်။ကျန်အရာရှိတို့မှာလည်း ရာထူးနိမ့်မြင့်အလျောက် ရှေ့နောက်စီစဉ်၍ ထွက်ကြရသည်။ ယင်းသည့် ကန်တော့ပွဲတက် အခမ်းအနားသို့ အရှင် ၂-ပါး ထွက်တော်မမူသည့်နေ့မှာ "ထွက်တော်မမူပြီ၊ ကန်တော့မြဲ ကန်တော့ကြစေ"ဟု အတွင်းဝန်က အမိန့်တော်ပြန်သည့်ကာလ အထက်ပြဆိုခဲ့သည့် အခမ်းအနား အစီအစဉ်အတိုင်း ကန်တော့မြဲ ကန်တော့ကြရသည်။

## ၉-ပွဲတက်နေရာတော်ချထားပုံ

**ဝဲဘက်နေရာ ၂၂၆။** ။ပွဲတက်နေရာတော် ချထားကြရသည့် အကြောင်းကို အမြွက်မျှ ဆိုလိုက်ဦးအံ့။ ဝဲဘက် အိမ်ရှေ့မင်းချိုင့်နေရာ ၁၊ ထို့အောက် မင်းသားကြီးတို့နေရာ ၉၊ ထို့အောက် မင်းသားလတ်တို့နေရာ ၉၊ ထို့အောက် မြင်းမှူးမင်းသားတို့နေရာ ၉၊ ထို့အောက် စစ်သူကြီးနေရာ ၁၊ ထို့အောက် စော်ဘွားကြီးတို့နေရာ ၁၂၊ ထို့အောက် နေရာလွတ် ၃၊ ထို့အောက် စော်ဘွားကြီးနောက်နေ မှူးကြီး မတ်ကြီးတို့နေရာ ၁၂။ ဤသည်တို့ကား နေရာငါးသွယ်တို့ထက် ကြီးမြင့်သော နေရာတို့တည်း။

တော်ချွန်နေရာ ၁၊ သူဌေးကြီးနေရာ ၁၊ စော်ဘွားကြီးတို့နောက်နေ မှူးကြီး မတ်ကြီးတို့နေရာအောက် တော်နေရာ ၂၄၊ထို့အောက် ဒူးနေရာ ၂၄၊ ထို့အောက် စနည်းနေရာ ၂၄၊ ထို့အောက် အတွင်းဘဝေါနေရာ ၂၄၊ ထို့အောက် ပြင်

ဘဝေါ်နေရာ ၂၄-များကို ချထားနေထိုင်စေသည်။ ထိုနေရာငါးသွယ်ပြင် သူဌေးတို့နေရာ ၁၆၊ ထိုအောက် သူကြွယ်တို့နေရာ ၁၂၊ ထိုအောက် ရှမ်းပြည် တပ်ပေါင်းမြို့စားတို့နေရာ ၈၊ ထိုအောက် တလိုင်းအမတ်တို့နေရာ ၄၊ ထိုအောက် ယိုးဒယားအမတ်တို့နေရာ ၄၊ ထိုအောက် ရှမ်းအမတ်တို့နေရာ ၄-များကိုလည်း ချထားနေထိုင်စေသည်။

**ယာဘက်နေရာ ၂၂၅။** ။ယခု ပြဆိုခဲ့သော နေရာတော်ချထားပုံများသည် အိမ်ရှေ့မင်း နေရာတော်နှင့် လက်ဝဲတော်ဘက်က နေရာတော် ၂၂၆-ကို ပြဆိုခြင်းဖြစ်သည်။ အိမ်ရှေ့မင်း နေရာမပါသော လက်ယာတော်ဘက်ကမှာလည်း ထိုနေရာတော်ကွက်အတိုင်း ချထားနေထိုင်ရသည်ဖြစ်၍ ဝဲယာနှစ်ဘက်ကို ပေါင်းသော် နေရာတော် ၄၅၁-လေးရာ့ငါးဆဲ့တစ်ကွက်ဖြစ်လေသည်။

**ရာထူးအလိုက် နေရာခင်းပုံ။** ။ထိုနေရာများတွင် အိမ်ရှေ့မင်းနေရာမှာ ကတ္တီပါနီကွပ်၊ မင်းညီ မင်းသားတို့နေရာမှာ ဖဲနီကွပ်၊ မှူးတော် မတ်တော်၊ စော်ဘွား မြို့စား၊ သူဌေး သူကြွယ်တို့နေရာများမှာ ဖျင်နီကွပ်သင်ဖြူး၊ တပ်ပေါင်းမြို့စား၊ ယိုးဒယား ရှမ်း တလိုင်းအမတ်တို့နေရာများမှာ အကွပ်မပါသော နှီးခေါက်များကို နေရာချ သွေးသောက်ကြီးအမှုထမ်းတို့က ခင်းကျင်းချထား နေထိုင်ကြစေရသည်။ ဤသို့ ပြဆိုခဲ့သော ဝဲယာနေရာတော် ၂-ရပ်များတွင်လည်း ဝဲနှင့်ယာ နေရာတော်ကွက်ချင်း ပြိုင်ဆိုင် တူတန်သော်လည်း ဝဲဘက်နေရာတော်က ကြီးမြင့်သည်ဟူ၍ မှတ်ယူရမည်။

## ၁၀-အနောက်ပွဲတက် ကန်တော့ခံတော်မူခြင်းအကြောင်း

အနောက်ပွဲတက် ကန်တော့ခံမှာ နှစ်သစ်ဝါဝင်မရှိ၊ ဝါကျွတ်မှာသာ အရှေ့ပွဲတက်ပြီးသည့်နောက် ယင်းသည့် လပြည့်ကျော် ၆-ရက်နေ့ အနောက်စမုတ်ဆောင်တော် ပဒုမာသနရာဇပလ္လင်တော်သို့ အရှင် ၂-ပါး ထွက်တော်မူပြီးလျှင် ဧကရာဇ်မင်းမြတ်မှာ ဝဲဘက်၊ အရှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား ယာဘက်က စံတော်မူ၍ မင်းသမီး ကတော်မယားတော ကန်တော့ခံတော်မူသည်။

၁၁၃၇၉
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

တပ်ဝင်း အခင်းအကျင်းပွဲတက်ကန်တော့ အခမ်းအနား အဖွယ်အရာများမှာ အရှေ့ပွဲတက်နည်း ခင်းကျင်းပြုလုပ်ရသည်။

အထူးမှာ–ထီးဖြူတော်၊ ယပ်မားစသော မင်းခမ်းတော်ကြီးများကို ကျင်းပသည့်အခန်း ကန်တော့လက်ဆောင်တော်စာများကို သံတော်ခံတို့က ဟန်လှန့်သွင်းသည့်အခန်းမပါ။

**အမေးတော် သုံးရပ်။** ။အမေးတော်ခံ ကတော်ကြီးကို—

ပြည်ထဲ လေးမျက်နှာ သာယာ ဝပြောပါ၏လော။

မိုးသုံးပါး ဖြောင့်မှန် ညီညွတ်ပါ၏လော။

လင်ကို မယားရိုသေပါ၏လော။

အမေးတော်ခွန်း သုံးရပ်ကို အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားက ကိုယ်စားတော်စား အမေးတော်ခံ ကတော်ကြီးသို့ စကားခွန်းစဉ်အတိုင်း မေးမြန်းတင်လျှောက်ရသည့်အခန်း....သည်မျှသာထူးသည်။

**တန်းဆာဆင်ယင် ဝင်ထွက်ရပုံ။** ။မင်းသမီး, ကတော် မယားတို့မှာလည်း သနားတော်မြတ်ခံရသည့် မြိတ်ရစ် မြိတ်ခံ အဆင်တန်းဆာများကို ဆင်ယင်ပြီးလျှင် စည်၊ လုလင်စဉ်၊ ဂဆောင်ထီး၊ ကွမ်းခွက်၊ လဘက်အိုး၊ တကောင်းပိတ်၊ ယာဉ်ရထား အဆောင်အရွက်များကို ခင်းကျင်း ကျင်းပလျက် မုတ်လှဦးတွင် သိုရင်း အက်ျီနှင့် ပေါက်ချိုက်ဆောင်း မိန်းမငယ် ၂-တို့ စီးနင်းလိုက်ပါစေ၍ နေအိမ်က ရွှေနန်းတော်ကြီးအနောက်တံခါးတော်အရောက် မုတ်လှစီးနင်း၍ မှူးတော် မတ်တော်တို့နည်းအရာနိမ့်မြင့်အလျောက် ရှေ့နောက်စီစဉ် ဝင်ထွက်ကြရသည်။

**နေရာချထား ထိုင်ရပုံ။** ။အနောက်ပွဲတက် နေရာတော်ချထား နေထိုင်ရသည်များမှာ— ရှေးဦးစွာ ပြင်အိမ်တော်စံ မင်းသမီးဟူ၍ ခေါ်ဝေါ်ရသော လက်ထပ်မင်းသမီးကြီးနှင့်တကွ အရည်တူ သူကောင်းပြုခံရသော မင်းသမီးတို့နေရာ ၆-အနက် အထက်နေရာ ၂-ကွက်မှာ အထက်အောက်၊ ထို့အောက် ၄-ကွက်မှာ တစဉ်တသီး အပြိုင်ချထားရသည်။ ထိုအောက်

အမေးတော်ခံ ကတော်ကြီးတို့ နေရာ ၂၊ ထို့အောက် အမေးတော်ခံ ကတော်ကြီးပြင် ကျန်ကတော်ကြီးတို့နေရာ ၆၊ ထို့အောက် ရှေ့သွယ်နေရာအထက်အောက် ၂-စဉ် ၁၂၊ ထို့အောက် နောက်သွယ်နေရာ အထက်အောက် ၂-စဉ် ၁၂၊ ထို့အောက် ပွဲတက်နေရာ အထက်အောက် ၂ စဉ် ၁၂၊ ထို့အောက် လက်ဆောင်တော်သိမ်း သမီးကညာတို့နေရာ ၆-များကို ချထားနေထိုင်စေရသည်။ ယခုပြဆိုခဲ့သော နေရာတော်များမှာ ဝဲဘက်နေရာတော် ငါးဆဲ့ခြောက် ၅၆-ဖြစ်သည်။ ယာဘက်ကလည်း ဤနည်းတူ နေရာချထားနေထိုင်စေသည်။ ဝဲယာနှစ်ဘက်ကို ပေါင်းသော် နေရာတော်ကွက် တရာ့တဆဲ့နှစ် ၁၁၂-ဖြစ်သည်။

နေရာတော် အနိမ့်အမြင့်ချထားပုံများမှာ အရှေ့နေရာတော်များကဲ့သို့ မဟုတ်၊ လက်ယာတော်ဘက်က ကြီးမြင့်သည်ဖြစ်၍ ပြင်အိမ်စံ မင်းသမီးတို့နေရာ အထက်အောက် လေးကွက်များမှာ ယာဘက်ပဌမ၊ ဝဲဘက် ဒုတိယ၊ ထို့အောက် ယာဘက် တတိယ၊ ဝဲဘက် စတုတ္ထ ချထားရသည်။ ထို့အောက် ဝဲယာတစဉ်တည်း ပြင်အိမ်တော်စံမင်းသမီးတို့နေရာ ရှစ်ကွက်မှာလည်း အထက်နည်း ချထားရသည်။ ထို့အောက် အမေးတော်ခံ ကတော်ကြီးတို့နေရာ ဝဲယာ ၄-ကွက်မှာလည်း ပြဆိုခဲ့သည့်အတိုင်း ၁-ကစ၍ ၄-ထိ။ ကျန်ကတော်ကြီးတို့နေရာ ဝဲယာ ၁၂-ကွက်မှာလည်း အမေးတော်ခံ ကတော်ကြီးတို့နှင့် တစဉ်တည်း ၁-ကစ၍ ၁၆-ထိ။ ပြင်အိမ်စံရင်းသမီးတို့နေရာချထားသည့်အတိုင်း ချထားရသည်။ ထို့အောက် ရှေ့သွယ်ဝဲယာ ၂၄၊ ထို့အောက် နောက်သွယ် ဝဲယာ ၂၄၊ ထို့အောက် ပွဲတက် ဝဲယာ ၂၄၊ ထို့အောက် လက်ဆောင်တော် သိမ်း သမီးကညာတို့နေရာ ဝဲယာ ၁၂-များကား ပြင်အိမ်စံမင်းသမီးတို့ကဲ့သို့ မဟုတ်၊ ဝဲယာတစဉ်တည်း အနိမ့် အမြင့် အထက် စဉ် အောက်စဉ် ချထား ရသည်။

ထိုသို့ ချထားသည့် အနက် ယာဘက် ဟူသမျှသည် ဝဲဘက်နှင့်နေရာတော်ချင်း တူတန်ပြိုင်ဆိုင်ကြသော်လည်း လက်ယာတော်ဘက်နေရာက ကြီးမြင့်သည်။ အမေးတော်ခံ ကတော်ကြီးတို့နေရာ ဝဲယာ ၄-ကွက် ချထားနေထိုင်စေသော်လည်း လေးယောက်လုံး မေးမြန်းတင်လျှောက်ရသည် မဟုတ်။ ၁-မှတ်

အမေးတော်ခံ ကတော်ကြီးတို့သာ မေးမြန်း တင်လျှောက်စေရသည် ဟူ၍ မှတ်ရမည်။

**အရှေ့အနောက် နေရာကွဲပြားပုံ။** ။အရှေ့ နေရာတော်နှင့် အနောက် နေရာတော်ကြီးမြင့်ပုံ ကွဲပြားသည့် အကြောင်း ပြဆိုလိုက်ဦးအံ့—အရှေ့ပွဲတက်ကန်တော့ခံတော်မူသည်မှာ ထီးဖြူဆောင်းဘက်ဖြစ်သော အရှင်မိဖုရားခေါင်ကြီးနှင့်တကွနက် ကေရာဇ်မင်းမြတ် ထွက်စံတော်မူသော်လည်း မင်းယောကျ်ားတို့နှင့် ဆက်ဆံသောနေရာဖြစ်၍ ကေရာဇ်မင်းမြတ်ကို ပဓာနပြုရခြင်း အရင်းဖြစ်လေရကား ကေရာဇ်မင်းမြတ်စံတော်မူရာ လက်ဝဲတော်ဘက်က ကြီးမြင့်သည်။ အနောက်ပွဲတက် ကန်တော့ခံတော်မူသည်မှာ ကေရာဇ်မင်းမြတ်နှင့်တကွ အရှင်မိဖုရားခေါင်ကြီး ထွက်စံတော်မူသော်လည်း မင်းမိန်းမတို့နှင့်သာ ဆက်ဆံသောနေရာဖြစ်၍ အရှင်မိဖုရားခေါင်ကြီးကိုသာ ပဓာနပြုရခြင်း အရင်းဖြစ်သောကြောင့် မိဖုရားခေါင်ကြီး စံတော်မူရာ လက်ျာတော်ဘက်က ကြီးမြင့်သည်ဟု ရှေးထုံးအစဉ်ရှိသည့်အတိုင်း ခွဲခြား မှတ်သားရသည်။

**ရာထူးအလိုက် နေရာခင်းပုံ။** ။ဤနေရာတော်များအနက် ပြင်အိမ်စံ မင်းသမီးတို့နေရာများမှာ ကတ္တီပါနီကွပ်၊ ကတော်မယား သမီးကညာတို့ နေရာများမှာ ဖျင်နီကွပ်သင်ဖြူးများကို အရှေ့နေရာတော် ခင်းကျင်းရသည့်အတိုင်း အနောက်ရုံး အရာရှိတို့က ပြသစေ၍ နေရာချသွေးသောက်ကြီးအမှုထမ်းတို့က ခင်းကျင်း ချထား နေထိုင်စေရသည်။ ထို အနောက်ပွဲတက် ကန်တော့ခံ ထွက်တော်မူရာ မှူးတော် မတ်တော်များမှာ အတွင်းဝန်၊ အရှင်နန်းမတော်ဘုရားဝန်၊ အနောက်ရုံးအရာရှိ၊ သံတော်ဆင့် သင့်ရာ ခေါ်တော်မူရာ အနည်းငယ် နောက်တော်လိုက်ပါ ခစား ထမ်းရွက်ရသည်။

## ၁၁-နေရာတော် နေ-မနေ အကြောင်း

မင်းညီ မင်းသား မှူးတော် မတ်တော်တို့မှာ “မည်သည့်နေရာ နေစေ” သနားတော်မူသည့် အမိန့်တော်စာချွန် ရမှသာလျှင် အစီးအနင်း အဆောင်

အရွက် ပေါင်း နားဒေါင်း ဝတ်လုံ စလွယ် ဆင်ယင်ခွင့်ရ၍ အရှေ့ပွဲတက် ကန်တော့ခံတော်မူရာ ဝင်ရောက်ကန်တော့ခွင့်ကိုလည်း ရခြင်းဖြစ်သည်။ နေရာတော်နေမဟုတ်လျှင် အစီးအနင်း အဆောင်အရွက် ပေါင်း နားဒေါင်း ဝတ်လုံ စလွယ် မဝတ်မဆင်ရဘဲ ဝတ်ကောင်းဝတ်သန့်နှင့်သာ ခစားရသည်။ ထို့ကြောင့် “နေရာ နေ-မနေ မင်းညီမင်းသား”ဟူ၍ ရာဇဝင်များတွင် ဆိုခြင်းဖြစ်သည်။

## ၁၂-ကတော်မယားအကြောင်း

မှူးတော် မတ်တော်၏ မယားဖြစ်သော်လည်း “မည်သည့်နေရာ နေစေ” သနားတော်မူသည့် အမိန့်တော်စာချွန် ရမှသာလျှင် အစီးအနင်း အဆောင်အရွက် မြိတ်ရစ်မြိတ်ခံ အဆင်တန်းဆာများကို ဆင်ယင်ခွင့်ရ၍ အနောက်ပွဲတက် ကန်တော့ခံတော်မူသည့်အခါ ကန်တော့ဝင်ခွင့် ရသည်။ ယင်းသည့် အနောက်ပွဲတက် ကန်တော့ခံတော်မူရာတွင်လည်း ကတော်ကြီးနေရာ ၁၆-ကွက် ရှိသည့်အနက် တနိုင်ငံလုံးတွင် ၎င်းကတော်ကြီး နေရာနေမှသာလျှင် မင်းကတော်ဟု ခေါ်ဝေါ် ရေးသားရသည်။ ကျန် မှူးတော် မတ်တော်တို့ မယားကို ကတော် မခေါ်ရ။ ဥပမာ “မည်သည့် ဝန်ထောက်မယား၊ စာရေးကြီး မယား”ဟူ၍သာ ခေါ်ဝေါ် ရေးသားရသည်။ ထို့ကြောင့် ရာဇဝင်များတွင် ကတော် မယားတို့ ဟူသော စကားကို ဆိုခြင်း ဖြစ်သည်။

## ၁၃-နေရာနေအမိန့်တော်

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရွှေမြေအရှင် ဆဒ္ဒန် ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင် မင်းတရားကြီးဘုရား သက္ကရာဇ် ၁၂၄၂-ခု နယုန်လဆန်း ၁၀-ရက်၊ ကြာသပတေးနေ့ သံတော်ဆင့် အဝေးကျိဝန် မယားကို ရွှေသွယ်နေရာနေစေ... သနားတော်မူသည်။

## ၁၄-အထက်အမေးတော်ခံ ကတော်ကြီး ၄- တို့ပြန်တမ်း

အမေးတော်ခံ ကတော်ကြီးတို့ကို မုတ်လှ ကနားဦးတဘက် အပေါင်း အခွက်အနီ၊ ကမ္ဗတ်ဇတာအိမ်၊ အတွင်းမှော်၊ ရွှေထောင့်ပြေ ပန်းဆုပ် ပန်းသွန်း၊

စိန်ထောင်ရွှေ ၂-စု အနီ တစု၊ ဘိနပ်ဆင်ခြေဖုံး ထုပြောက်၊ ကြာဘောင်း သင်ချော ပန်းလှကြာနု၊ အထက်အမိုးအုံနီ- အချက်အထွတ်ရွှေ၊ ချင်ပိတ် မှော်တန်း ဝတ်ဆံရွှေ၊ သတောင်းလည် ကြာနုဝတ်ဆံရွှေ၊ ထောင့်ပြေခြီးတော်ရ နောင်စိုက်ရွှေ ၂-စု အနီ ၁-စု၊ အဆော်တင်အဖြေ သရက်ကင်းရွှေ ၂-စု အနီတစု၊ ကန္နဝါတိုင်မှုတ်ရိုးပွတ်ခံအနီသုတ်၊ အကာ ကတ္တီပါကမွတ်တဆင့်သတ်၊ ကျိုင်း အချက် အထွတ်ရွှေ ၂၊ အဖုံးအရွက် အရိုး အနီသုတ်၊ ယာဉ်လည်ပေါ်ရွှေ ၂-စု အစိမ်းတစု၊ အကာ ကတ္တီပါရွှေယက်ပြားတဆင့်သတ်၊ အဆင်တန်းဆာ မြိတ်ရစ် မြိတ်ခံ၊ ရွှေသားပန်းကုံးဇာပေါက်-အတွင်းရောင်ပြားအနီခံ၊ စိန်တောင် ၁၅၊ အနားသရက်ကင်းထုပြောက်၊ အလယ်ဗီးလား၊ ဆံထိုးဆံကျင် ၄-မျက်နှာ ညောင်ရွက် သရက်ကင်းထုပြောက် ရောင်ပြားအနီခံ၊ အတွင်းအလယ်ရောင် လင်း၊ မြိတ်ကွင်းသရက်ရွှေနောက်၊ ရွှေသား ကုလားပန်ထုပြောက် အတွင်း ရောင်ပြား အနီခံ၊ အလယ်ရောင်လင်း ဆံထိုးဆံကျင်၊ ရွှေသားဇာပေါက်။ ရောင်ပြား အနီခံ၊ ရွှေနားဒေါင်း မီးထွင်းဆူးနှစ်ထပ်၊ သိုရင်းလက်ရင်း လက် ဖျား ရွှေကြက်သွန်မြိတ်သတ်၊ ထဘီဖဲစပ်၊ တဘက်မြိတ်ဆက် ရွှေပုဇွန်ဆီ ၁-တောင် ၁-မိုက်၊ အနားပိုးစုံသတ်၊ လက်လိုက်ပန်းတီး၊ ကွမ်းခွက် လဘက်အိုး၊ တကောင်းပိတ်ရှစ်ထောင့်ပယင်းတပ်၊ ကွမ်းလိပ်သုံးမြွာ ပယင်းတပ်၊ မိုးကြိုး ထွေးအင်၊ ဆောင်းရွှေထီး၊ အလယ်သံ ၄-သစ် လပ် သနားတော်မူသည်။ ။ သက္ကရာဇ် ၁၂၁၆-ခု၊ ကဆုန်လပြည့်ကျော် ၁-ရက်နေ့ သံတော်ဆင့် မင်းလှသိခ် သူပြန်-အမိန့်တော်။

## ၁၅-နောက်ကတော်ကြီးတို့ကို သနားတော်မူသည့် အမိန့်တော်

မြတောင်မြို့စား ဝန်ကြီးကတော်၊ လောင်းရှည်မြို့စား ဝန်ကြီးကတော်၊ ရွှေတိုက်ဝန် ကတော်၊ ရွှေဝင်းမှူးကတော်၊ နောက်ဝင်းကျင်ဝန်ကတော်၊ လက် ဝဲဝင်းမှူးကတော်၊ ဗန်းမော် အတွင်းဝန်ကတော်၊ ယောမြို့စား အတွင်းဝန် ကတော်၊ လယ်ယာ ဝင်းမှူးကတော်၊ ရေနံချောင်းမြို့စား အတွင်းဝန်ကတော်၊ မယ်တော်ဘုရား ဝန်ကတော်၊ မြို့သာမြို့စား မြို့ဝန်ကတော်၊ မြို့သစ်မြို့စား ဝန် ကတော်၊ လယ်ကိုင်းမြို့စားကတော်တို့ကို—

မုတ်လှခွက်ဦးတဘက်ပါ အပေါင်းအခွက်အနီ၊ ကမွတ်ဇာတာအိမ်၊ အတွင်းမှော်ရွှေ ထောင့်ပြေပန်းဆုပ်၊ ပန်းသွန်း စိန်တောင်ရွှေ ၂-စု အနီ တစု၊ ဘိနပ်ဆင်ခြေဖုံး၊ ထုပြောက်ကြာဘောင်း သင်းချော၊ ပန်းလှုကြာနု၊ အထက် အမိုးအုံနီ၊ အချက် အထွတ်ရွှေ၊ ချင်ပိတ် မှော်တန်းဝတ်ဆံရွှေ၊ သတောင်းလည်ကြာနုဝတ်ဆံရွှေ၊ ထောင့်ပြေခြီးတော်ရနောင်စိုက်ရွှေ ၂-စု အနီ တစု၊ အဆော်တင်အပြောက် သရက်ကင်းရွှေ ၂-စု အနီတစု၊ ကန္နဝါတိုင် မှုတ်ရိုးပွတ်ခံ-အနီသုတ်၊ အကာကတ္တီပါ ကမွတ်တဆင့်သတ်၊ ကျိုင်းအချက်အထွတ်ရွှေ ၂၊ အအုံအရွက် အရိုးအနီသုတ်၊ ယာဉ်လည်ပေါ် ရွှေ ၂-စု အစိမ်းတစု၊ အကာကတ္တီပါ ရွှေယက်ပြားတဆင့်သတ်၊ အဆင်တန်းဆာ မြိတ်ရစ်မြိတ်ခံ ဂုံးကတ္တီပါနက်၊ အနားရွှေဇာ ပစဥ်းတောင်နှစ်ဆင့်သတ်၊ ရွှေသားပန်းစုံ ဇာပေါက်၊ အတွင်းရောင်ပြား အနီခံ၊ စိန်တောင် ၁၅၊ အနားသရက်ကင်းထုပြောက်၊ အလယ်ဗီလား ဆံထိုးဆံကျင်၊ ၄-မျက်နှာ ညောင်ရွက် သရက်ကင်းထုပြောက်၊ ရောင်ပြားအနီခံ၊ အတွင်းအလယ်ရောင်လင်း၊ မြိတ်ကွင်း သရက်ကင်း ရွှေ၊ နောက်ရွှေသား ကုလားပန်းထုပြောက်၊ အတွင်းရောင်ပြားအနီခံ၊ အလယ်ရောင်လင်း၊ ဆံထိုးတိုင် ရွှေသားဇာပေါက်ရောင်ပြား အနီခံ၊ ရွှေနားဩောင်းမီးတွင်းဆူ ၂-ထပ်၊ တုရင်သင်တိုင်းကတ္တီပါစိမ်း လက်ရင်းလက်ဖျား ခါးအောက်အနားပတ် ရွှေဇာတပူပြား ၂ ဆင့်၊ အတွန့်ပိန်းနဲဆူးထပ်၊ ရွှေပုဇွန်ဆီခံ ချင်းစိမ်းတက်သတ်၊ ချုပ်ရိုး ချုပ်ကြောင်းဇာအတွန့်သတ်၊ ခါးရမ်းကြိုး ကတ္တီပါ ၃-ဆင့်၊ အထက်အဝါ၊ အလယ် အနီ၊ အောက်အစိမ်း၊ ရွှေဇာ ၃-ဆင့်၊ အတွန့်ပိန်းနဲဆူးတပ်၊ အောက်ဆင့် ပုဇွန်ဆီချင်းစိမ်းတက်သတ်၊ ရင်လွှမ်းကတ္တီပါဝါ၊ ကတ္တီပါစိမ်း အတောင်တပ်၊ ရွှေဇာတပူပြားအတွန့် ပိန်းနဲဆူး ၃-ဆင့်၊ ပစဥ်းတောင်သတ်၊ ရွှေဘုံး ၃-ဆင့်၊ အထက် ကတ္တီပါနီ၊ အလယ်ကတ္တီပါဝါ၊ အောက်ကတ္တီပါစိမ်း၊ ဇာတာအိမ် ရွှေဇာ ၂-ဆင့်၊ ပစဥ်းတောင် တဆင့်သတ်၊ အနားကြက်လည်ဆံတပ်၊ စုလျား ကတ္တီပါစိမ်း၊ အနားပစဥ်းတောင် ရွှေဇာ ၂-ဆင့်သတ်၊ အလယ်ကြယ်ဘောက် အမြိတ် ၂-ဘက် ပုဇွန်ဆီ တထောင့်တမိုက် ကြယ်ဘောက်၊ ကြက်လည်ဆံတပ်၊ ဒက်ဘယက် စည်ဘောင်း-လည်ရွဲတန်းဆာ ရွှေသားဇာဘောက် ရောင်ပြားအနီခံ၊ ဒွါဒယာ ပုဇွန်ဆီခံ ၁၂-တန့်၊ ကြယ်တောင်ဘောက်၊ ပိုးရည်တောင်ဇာခြယ်၊ အမြိတ်ကြက်လည်ဆံ သုံးဆင့်သတ်၊ ထဘီးဖဲစပ်၊ အနား

ပိုးစုံသတ်၊ လက်လိုက်ပန်းတီး၊ ကွမ်းခွက်၊ လဘက်အိုးတကောင်းပိတ် ရှစ်ထောင့် ပယင်းတပ်၊ ကွမ်းလိပ် သုံးမွှာပယင်းတပ်၊ မိုးကြိုးထွေးအင်၊ ဆောင်းရွှေထီး သနားတော်မူသည်။

## ၁၆-ရွှေသွယ်နေရာတော်နေတို့ကို သနားတော်မူသည့် အမိန့်တော်

ငွေခွန်ဝန်မယား၊ ကင်းဝန်မယား၊ နောက်မျက်နှာ အခွန်ဝန်၊ အကောက်ဝန် မယား၊ နောက်ဝင်းမှူးမယား၊ မြို့ဝန် ရွှေးကြီးလှေအုပ်မယား၊ စကုအနောက်ဝန် မိုးလှိုင်းမြို့စားမယား၊ ကျီဝန်မယား၊ ပုပ္ပါးဝန်ထောက်မယား၊ အောင်ပင်လယ် လမိုင်းဝန်မယား၊ သစ်တောဝန်မယား၊ ပင်းတလဲဝန်မယား၊ အဝေးကျီဝန် မယား၊ အနောက်ဝန်မယား၊ မင်းလှကျော်မယား၊ တရားသူကြီး မြင်းခုံတိုင် မြို့စားမယား၊ စိုလေးဆယ် ဒိုင်းဝန်မယား၊ စလင်းမြို့ဝန်မယား၊ ကသည်း မြင်းဝန်မယား၊ သံတော်ဆင့် ရွှေနန်းရိုး လမိုင်းဝန်မယား၊ ကောင်ဟန်ဝန်မယား၊ သုံးဆယ်ရပ်စောက်နှစ်မြို့ဝန် မယား၊ အမြောက်ဝန်မယား၊ ဆင်ဝန်မယား၊ ယွန်းစုဝန်မယား၊ တလုပ်မြို့ဝန်မယား တို့ကို—

မုတ်လှခွက်ဦး တဘက်ပါ အပေါင်းအခွက်အနီ၊ ကမွတ်ဇတာအိမ် အတွင်း မှော်ရွှေ၊ ထောင့်ပြေပန်းဆုပ် ပန်းသွန်း စိန်တောင်ရွှေ ၂-စု၊ အနီတုစု၊ ဘိနပ် ဆင်ခြေဘုံးထုပြောက်၊ ကြာဘောင်းသင်ချော ပန်းလှကြာနု၊ အထက်အမိုး အုံနီ၊ အထွတ်အချက်ရွှေ၊ ချင်ပိတ်မှော်တန်းဝတ်ဆံရွှေ၊ သတောင်းလည် ကြာနုဝတ်ဆံရွှေ၊ ထောင့်ပြေတော်ရနောင်စိုက်ရွှေ ၂-စု အနီတစု၊ အဆော် တင်အဖြေ သရက်ကင်းရွှေ ၂-စု၊ အနီတစု၊ ကန္တဝါတိုင် မှုတ်ရိုးပွတ်ခံ အနီ သုတ်၊ အကာမှိုင်းလုံးဖဲ ကမွတ်တဆင့်သတ်၊ အဆင်တန်းဆာ မြိတ်ရစ် မြိတ်ခံ၊ ဂုံးကတ္တီပါနက်၊ အနားရွှေဇာ တဆင့်သတ်၊ ရွှေသား ပန်းစုံဇာ သတ်၊ အတွင်းရောင်ပြား အနီခံ၊ စိန်တောင် ၁၂၊ အနား သရက်ကင်း ထု ပြောက်၊ အလယ်ဗီလား၊ ဆံထိုး ဆံကျင် လေးမျက်နှာ ညောင်ရွက် သရက် ကင်း ထုပြောက်၊ ရောင်ပြားအနီခံ၊ အတွင်းရောင်လင်း မြိတ်ကွင်းသရက်ကင်း ရွှေ နောက် ရွှေသား ကုလားပန်းထုပြောက်၊အတွင်းရောင်ပြား အနီခံ၊ အလယ် ရောင်လင်း ဆံတိုင်ရွှေသားဇာဘောက်၊ ရောင်ပြားအနီခံ၊ ရွှေနားညောင်း

မီးတွင်းဆူး ၂-ထပ်၊ တုရင်သင်တိုင်း ကတ္တီပါစိမ်း၊ လက်ရင်း လက်ဖျား ခါးအောက် အနားပတ် ရွှေဇာလေးသစ်၊ ပစဉ်းတောင်သတ်၊ ချုပ်ရိုး ချုပ်ကြောင်း ရွှေဇာတပူပြား အတွန့်သတ်၊ ခါးရမ်းကြိုး ၃-ဆင့်၊ အထက် အဝါ၊ အလယ် အနီ၊ အောက် အစိမ်း ကတ္တီပါရွှေ တပူပြား ၂-ဆင့်သတ်၊ ရင်လွှမ်း တန်းဆာ၊ ကတ္တီပါဝါ၊ ကတ္တီပါစိမ်း အတောင်တပ်၊ အနားရွှေတပူပြား ၂-ဆင့် သတ်၊ ရွှေဘုံး ၃-ဆင့် အထက် ကတ္တီပါနီ၊ အလယ် အဝါ၊ အောက် အစိမ်း၊ ရွှေဇာတပူပြား ၂-ဆင့်သတ်၊ဒက်ဘယက်စည်ဘောင်း လည်ရွဲတန်းဆာ၊ရွှေသား စုလျားကြိုး ကတ္တီပါစိမ်း၊ အနားရွှေဇာ ပစဉ်းတောင်တပ်၊ အမြိတ်ရွှေပုဇွန်ဆီ တပ်၊ ဒွိဒယာကတ္တီပါဝါ၊ အနားရွှေဇာပစဉ်းတောင်သတ်၊ အမြိတ်ကြက်လည်ဆံ ၂-ဆင့်တပ်၊ ထဘီဖဲစပ်၊ အနားပိုးစုံသတ်၊ လက်လိုက်ပန်းတီး၊ကွမ်းခွက်၊ လဘက် အိုး တကောင်းပိတ် ရှစ်ထောင့်၊ ငွေထွေးအင် သနားတော်မူသည်။

သက္ကရာဇ် ၁၂၂၃-ခု၊တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့ အမိန့်တော်။အတွင်းဝန် ယော မြို့စား မင်းရွှေသံတော်ဆင့် ရွှေပန်းချီအုပ် မဟာမင်းလှမင်းထင် မှတ်။

## ၁၇-အနောက်ပွဲတက် နောက်သွယ်နေရာတော်နေတို့ကို သနားတော်မူသည့် အမိန့်တော်

အဆင်တန်းဆာ မြိတ်ရစ်မြိတ်ခံ ဂုံးကတ္တီပါနက်၊ အနား ရွှေဇာတဆင့်တပ်၊ ရွှေသား ပန်းကုံး ဇာဘောက် ဘောင်းနန်းဆွဲ ရွှေသား စိန်တောင် ၉၊ သရက်ကင်းအနားထုပြောက်၊ ဆံထိုး ဆံကျင် ၃ မျက်နှာ ညောင်ရွက် သရက် ကင်းထုပြောက်၊ အလယ် ရောင်လင်း မြိတ်ကွင်း၊ သရက်ကင်း ရွှေ့နောက်၊ ရွှေသားကုလားပန်း ထုပြောက်၊ ဆံတိုင်ရွှေသား ဇာပေါက်၊ ရွှေနားဥောင်း ဆူး ၂ ထပ်၊ တုရင်သင်တိုင်း ကတ္တီပါနက်၊ လက်ရင်း လက်ဖျား ခါးအောက် အနားပတ်ရွှေဇာ ၂-သစ်။ ချုပ်ရိုးချုပ်ကြောင်း ရွှေဇာတပူပြားသတ်၊ ခါး ရမ်းကြိုး ၃-ဆင့် အထက်အဝါ၊ အလယ် အနီ၊ အောက် အစိမ်း ကတ္တီပါရွှေဇာ တပူပြား တဆင့်သတ်၊ ရင်လွှမ်း တန်းဆာ ကတ္တီပါဝါ၊ ကတ္တီပါစိမ်း အတောင် တပ်၊ အနားရွှေဇာတပူပြား တဆင့်တပ်၊ ရွှေ့ဘုံး ၃-ဆင့်၊ အထက် ကတ္တီပါနီ၊ အလယ် အဝါ၊ အောက် အစိမ်းရွှေဇာတပူပြား တဆင့်တပ်၊ စုလျားကြိုး ကတ္တီ

ပါစိမ်း၊ အနား ရွှေဇာသတ်၊ အမြိတ်ရွှေပုဇွန်ဆီတမိုက်သတ်၊ ဒက်ဘာယက်စည်ပေါင်း၊ လည်ရွဲတန်းဆာ ရွှေသားဒွါဒယာကတ္တီပါဝါ၊ အနားရွှေဇာသတ်၊ အမြိတ်ကြက်လည်ဆံ တဆင့်တပ် သနားတော်မူသည်။

## ၁၈–အနောက်ပွဲတက် နေရာတော်နေတို့ကို သနားတော်မူသည့်အမိန့်တော်

အနောက်ပွဲတက် နေရာနေတို့မှာ အဆင် တန်းဆာ မြိတ်ရစ်မြိတ်ခံ ရွှေသားပန်းကုံးဇာဘောက် အတွင်း ရောင်ပြား အနီခံ၊ စိန်တောင် ၁၂- အနားသရက်ကင်းထုပြောက်၊ အလယ်ဗီလား၊ ဆံထိုး ဆံကျင် ၄-မျက်နှာညောင်ရွက်သရက်ကင်းထုပြောက်၊ ရောင်ပြား အနီခံ၊ အတွင်း အလယ် ရောင်လင်း၊ မြိတ်ကွင်း သရက်ကင်း ရွှေ့နောက်ရွှေသား ကုလားပန်းထုပြောက် အတွင်းရောင်ပြားအနီခံ၊ အလယ်ရောင်လင်း၊ ဆံတိုင် ရွှေသားဇာဘောက် ရောင်ပြားအနီခံ၊ ရွှေနားချောင်းမီးတွင်းဆူး ၂-ထပ်၊ သိုရင်း လက်ရင်းလက်ဖျား ရွှေကြက်သွန်မြိတ်သတ်၊ ထဘီဖဲစပ်၊ တဘက်မြိတ်ဆက် ရွှေပုဇွန်ဆီတတောင်၊ အနားပိုးစုံသတ်၊ လက်လိုက်ပန်းတီး သနားတော်ခံစေ။

သက္ကရာဇ် ၁၂၂၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆-ရက်နေ့ အဆောင်တော်တွင် အရှင်နန်းမတော် ဘုရားအမိန့်တော်။ ကန္နီအတွင်းဝန်မင်းရွှေ့၊ သံတော်ဆင့် စိန်တုံးလှေအုပ်မင်းမှတ်။

## နန်းတော်သားများ

## ၁၉-လက်သုံးတော်ကြီး

အထူးသဖြင့် သဒ္ဒါယုံကြည်တော်မူသော အရှယ်သုံးပါးတို့တွင် ဒုတိယအရွယ်ဖြစ်သော မှူးမတ် ဗိုလ်အရာရှိထည်းမှငင်း အမျိုးအနွယ်စင်ကြယ်သောမှူးရိုးမတ်ရိုးတို့မှငင်း-ရွေးကောက်၍ လက်သုံးတော်ကြီးကိုင် ခန့်တော်မူသည်။ ၎င်းလက်သုံးတော်တို့တွင် မြောက်ဒဝယ်ဗိုလ် ရနောင်မြို့စား "မဟာ မင်းလှ

မင်းထင် စည်သူ" ဘွဲ့ရ မောင်တုတ်ကို ဝဲလှည့်ခေါင်း၊ သူရဲဝန် ကျပင်း မြို့စား "မဟာမင်းထင် ပညာသီရိသင်္ခယာ"ဘွဲ့ရ မောင်ပြောင်းကို ယာလှည့်ခေါင်း။ သက္ကရာဇ် ၁၂၄၁-ခု၊ နယုန်လခန့်တော်မူသည်။

ယင်း သည့် လက်သုံးတော်ကြီး ကိုင် ၁၃-တို့မှာ အနားကြည်ထိုး ကတ္တီပါစိမ်း၊ ထိုင်မသိမ်းအင်္ကျီနှင့် ရွှေကြိုးခတ်စိမ်းပေါင်းရသည်။ အနားကြယ်ထိုး ကတ္တီပါ စိမ်း ဒူးထိ ဘောင်းဘီတိုအပေါ်တွင် လွန်းမျှားပုဆိုး အောက်ပိုးခါးတောင်း ကြိုက်ဖြင့် အမြဲဝတ်ဆင်၍ ခစားရသည်။ အပါးတော်တွင်ထားသည့် လက်သုံး တော် ဓားလှံ သေနတ်များကို လက်သုံးတော်များကသာလျှင် ကိုင်ခွင့် စောင့် ရှောက်ခွင့်ရသည်။ အခြားအရာရှိများက လက်ဖျားနှင့်မျှ မထိမကိုင်ရဖြစ်သည်။

## ၂၀-လက်သုံးတော်ကလေး

လက်သုံးတော်ကလေး ၁၇-တို့မှာ လက်သုံးတော် ဓား လှံ သေနတ်များကို လက်သုံးတော်ကြီးများနည်း စောင့်ရှောက်ထမ်းရွက်ရသည်။ အနားကြယ်ထိုး ကတ္တီပါနီ ထိုင်မသိမ်းအင်္ကျီနှင့် ရွှေကြိုးခတ်နီပေါင်းရသည်။ အနား ငွေဇာ ပြင်သတ် ကတ္တီပါနီ ဒူးထိဘောင်းဘီပေါ်တွင် လွန်းမျှား ပုဆိုးကို ခါးတောင်း ကြိုက်လျက် ခစားရသည်။

## ၂၁-ကွမ်းရေတော်

အမျိုးအနွယ် စင်ကြယ်သော မှူးရိုးမတ်ရိုးတို့မှ ဆင်းသက်သူ၊ ထို့ထက် မြင့်မြတ်သော ဆွေတော်မျိုးတော် အနွယ်အဆက်မှ ဆင်းသက်သူ၊ စော်ဘွား မြို့စားတို့ အရာခံ သား မြေး မှန်သူတို့ကို ကိုယ်၌ မသန့်မရှင်းသော ရောဂါ ဝေဒနာ ရှိ, မရှိ စစ်ဆေးကြည့်ရှု၍ မှူးလတ် မတ်လတ်တို့ကဲ့သို့ ဗြဲတိုက်တော်မှာ ပြန်တမ်းခံစေ၍ စားတော်ကွမ်း သောက်တော်ရေများကို အမြဲ ဆက်သ, ခင်းကျင်း ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက် စားတော်ကွမ်းရေကိုင် ၆၃-ရှိသည်။

## ၂၂-လဘက်ရည်တော်

ရှေးအခါ မရှိ၊ အမရပူရ ပဋ္ဌမမြို့တည် နန်းတည် မင်းတရားကြီးဘုရား၏ မြေးတော်၊ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် မင်းတရားကြီးဘုရား လက်ထက်တော်ကစ၍ ကွမ်းရေတော်ကဲ့သို့ ရွှေးချယ်စစ်ဆေးပြီး ရံဘန် သုံးတော်မူသည့် လဘက်ရည်တော်များကို ဆက်သ မြဲစွဲရသည်။ နောက်မင်းများ လက်ထက်တော်မှာလည်း လဘက်ရည်တော် ခန့်ထားမြဲ ဆက်လက်ခန့်ထားသည် ဖြစ်၍ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော်တွင် လဘက်ရည်တော် ၄၄-ရှိသည်။

## ၂၃-ထီးဖြူတော်

အရှင်ဧကရာဇ်မင်းမြတ်နှင့် အရှင်မိဖုရားခေါင်ကြီးပါဖြစ်စေ၊ တပါးတည်း ဖြစ်စေ ရွှေနန်းတော်ပေါ်တွင် တဆောင်မှ တဆောင်သို့ ထွက်တော်မူသည့်အခါ ဖြစ်စေ၊ ရွှေနန်းတော်မှ အဝေး အနီး ထွက်စံတော်မူသည့်အခါ ဖြစ်စေ အလစ် အလပ်မရှိစေဘဲ ထီးဖြူတော်မိုးရသည် ဖြစ်သောကြောင့် ထီးဖြူတော် ဝဲလှည့် သွေးသောက်ကြီး မောင်မှိုင်း၊ အကြပ် မောင်ခိုင်၊ ယာလှည့်သွေးသောက်ကြီး မောင်တာ၊ အကြပ် မောင်ရောက်တို့နှင့်တကွ ထီးဖြူတော်မိုး ၂၄-တို့က ထမ်းရွက် ကြရသည်။ ၎င်းထီးဖြူတော်မိုးတို့မှာ တလလျှင် လစာငွေဒင်္ဂါး ၇၂၀-ကျပ် သနားတော်မြတ် ခံရသည်။

## ၂၄-လေးဆယ်တော်

အမရပူရ ပဋ္ဌမ မြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီးဘုရား လက်ထက် တော်၊ သက္ကရာဇ် ၁၁၄၆-ခု၊ နယုန်လဆန်း ၁၀-ရက် သောကြာနေ့၊ သီရိဒေဝ ဗလတို့ အရည်တူ လူပေါင်း ၂၈-ကို လေးဆယ်တော် သီရိဒေဝဗလ သွေးသောက် ဘွဲ့တော်မူသည်။

လေးဆယ်တော်တို့မှာ သကြန်တော်ရေခပ်မှစ၍ အခမ်းအနား ကြီးကျယ်စွာ ကြိုယူရန် ရှိသည့်အခါ ပေါင်း နားဘောင်း ဝတ်လုံ စလွယ်ဆင်ပြီးမှ ယပ်ရိုးရှည်

စွဲကိုင်လျက် ဝဲယာနှစ်ဖက်စီ တန်းလိုက်ရသည်။ ကေရာဇ်မင်းမြတ် လက်သည်းတော်,ခြေသည်းတော် သန့်စင်သည့်အခါ လေးဆယ်တော် ခေါ်လိုက်က ဆတ္တာပုဏ္ဏားတ၏လည်ကုပ်ပေါ်မှ ခေါ်လိုက်ခေါ်နှင့် မိုးထားရသည်။ ခြေသည်းတော်, လက်သည်းတော်များကို ဆတ္တာဝန်က တဆဲ့နှစ်ရာသီ ရွှေဖလားနှင့် ခံယူ၍ နံတော်၏ တေဇ အရပ်ရှိ မြစ်ကြီး ချောင်းကြီး၏ အလယ်မှာ ချရသည်။ ဤအခါ ခေါ်လိုက် ခေါ်ထမ်းလျက် တဘက် ၂-ယောက် ဝဲ ယာ ခေါ်လိုက်က ဝန်းရံလိုက်ရသည်။

## ၂၅-ငါးဆယ်တော်

အမရပူရ ပဌမမြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီးဘုရားလက်ထက်တော်က လေးဆယ်တော် သွေးသောက်ဘွဲ့သည်နှင့် တနေ့တရက်တချိန်တည်း ကောခါရန္တသူတို့ အရည်တူ လူပေါင်း ၂၁-ကို ငါးဆယ်တော်။ ကောခါရန္တသူ သွေးသောက် ဘွဲ့တော်မူသည်။

ယင်းသည့် ငါးဆယ်တော် သွေးသောက်မှာ လေးဆယ်တော် သွေးသောက်တို့ ထမ်းရွက်ရသည့်နည်းအတိုင်း ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် လေးဆယ်တော်၊ ငါးဆယ်တော် ၁၄၂-တို့မှာ တလလျှင် လစာငွေတော် ၁၇၉၅-သနားတော်မြတ် ခံရသည်။

## ၂၆-စာတော်ဘတ်

**စာတော်ဘတ်အင်္ဂါများ။** ။ပုဒ်ဗပ် ချောမွေ့၊ သန္ဓေ့ခြားဖြတ်၊ သံလွတ်ဘင့်ဆို၊ ရှည်တိုလေး ပေါ့၊ တင်း လျော့ နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊ အင်္ဂါဆယ်စု၊ ဘတ်ရွတ်မှု ကျွမ်းကျင်သော လေးနက် သာယာ နာပျော်ဘွယ်အသံနှင့် ပြည့်စုံသောသူကို ရွေးချယ်၍ စာတော်ဘတ် ခန့်တော်မူသည်။

ယင်းသည့် စာတော်ဘတ်များမှာ မှန်နန်းတော် အရှေ့စနုဆောင်တွင် အလှည့်ကျဝင်၍ အိပ်ဖန် အိပ်ရသည်။ ညအခါ ကေရာဇ်မင်းမြတ် စက်တော်

ခေါ်ရာ သလွန်တော်သို့ စံတော်မူလျှင် စက်ခန်းတော်ပြင် ရွှေနားတော်ကြားတော်မူလောက်သည့်နေရာက ဒူးပုဆစ်တုပ်ပျပ်လျက် ဇာတ်ဝတ္ထု ရာဇဝင် စသည်များကို ဘတ်ရသည်။

**ဘတ်ရသည့် ကျမ်းစာများ။** ။ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် အခါက တောင်လေးလုံးဆရာတော် ရေးသားစီရင်တော်မူသော ရှုဘွယ် ၃၇-ကျမ်း၊ ထွဋ်ခေါင်ဆရာတော်ဘုရား ရေးသားစီရင်တော်မူသော အဇ္ဈာသယပါမောဇ္ဇကျမ်း၊ သမန္တပါမောဇ္ဇကျမ်း၊ သာသနာပိုင် ဆရာတော် ဦးဥေယျ ရေးသားစီရင်တော်မူသော သုရာဇမဂ္ဂဒီပနီကျမ်း၊ ဘုရားကြီးဆရာတော် ဦးဇာဂရ ရေးသား စီရင်တော်မူသော သံဝေဂဝတ္ထုဒီပနီကျမ်းနှင့်တကွ တံဆိပ်တော်ရ ဆရာတော်ကြီးများက ရေးသားစီရင်တော်မူ၍ ဆက်သွင်းသော လောကုတ္တရာနှင့် စပ်ဆိုင်သော ကျမ်းပေါင်းများစွာတို့ကို တစောင်ပြီးလျှင် တစောင် ဆက်၍ ညဦးလှည့်၊ အလယ်လှည့်၊ အလင်းလှည့်ထားသည့်အတိုင်း စာတော်ဘတ် ၃-ယောက်တို့က ဘတ်လျှောက်ရသည်။ စာတော်ဘတ် ၆-တို့မှာ တလလျှင် လစာငွေတော် ၁၈၀-သနားတော်မြတ် ခံရသည်။

## ၂၇-ဘိနပ်တော်

အမျိုးအနွယ် စင်ကြယ်သော မှူးရိုးမတ်ရိုးတို့မှ ဆင်းသက်သူ၊ စော်ဘွား မြို့စား အရာခံ သား မြေး မှန်သူတို့ကို ဘိနပ်တော်ခန့်တော်မူသည်။

၎င်းတို့မှာ ရွှေသားချိန် ၅၅ ၁-မူး၊ ဂုန္တန်ရွှေချိန် ၁၆-ကျပ် ၉-မူး ၁ ၂-ရွေး၊ ကျောက်နီလုံးရေ ၉၀၈၊ မြလုံးရေ ၅၄၊ နဝရတ် ၂-စုံတပ် ပါရှိသည့် ခြေနင်း ဘိနပ်တော်ကြီးထားရာ လေသာဆောင်တော်တွင် ဝဲလှည့် ယာလှည့် ခွဲ၍ အိပ်ဘန် အိပ်ကြရသည်။ ဘိနပ်တော် ၇၈-ရှိသည်။

## ၂၈-အတွင်းဘိနပ်တော်

မှူးတော် မတ်တော်ကြီးတို့ အနွယ်အဆက်မှ ဆင်းသက်သူ၊ ထို့ထက် မြင့်မြတ်သော ဆွေတော် မျိုးတော် အနွယ်အဆက်မှ ဆင်းသက်သူ၊ စော်ဘွား မြို့စား

အရာခံတို့ သားမြေးမှန်သူ၊ အသက်အရွယ် ၁၂-နှစ်က ကျော်လွန်ခြင်း မရှိသေး သူတို့ကို အတွင်းဘိနပ်တော် ခန့်တော်မူသည်။

**ဒေါင်းတောင်ဆက်။** ။၎င်းအတွင်းဘိနပ်တော် ၂၁-တို့မှာ ဝဲလှည့် ယာလှည့် ခွဲ၍ အပါးတော်၌ နေ့ညအမြဲ ခယမ်း ထမ်းရွက်ရသည်။ ရွှေနန်းတော်ပေါ်တွင် တဆောင်မှတဆောင် ထွက်တော်မူလျှင် ဘိနပ်တော် ခင်းရသည်။ အရှင်နှစ်ပါး စံနေတော်မူရာ၊ ပွဲတော်တည်ရာ၊ စက်တော်ခေါ် ရာများတွင် ဒေါင်းတောင်ဆက်ရသည်။ ဒေါင်းတောင်ဆက်ဆိုသည်မှာ လက် ကိုင် ကတ္တီပါကွပ် ဒေါင်းတောင်ယပ်နှင့် အစဉ်မပြတ် ခပ်ရသည်ကို ဆိုခြင်း ဖြစ်သည်။

## ၂၉-လက်စွဲကြီး

ကတ္တီပါအင်္ကျီ ကြယ်ပေါက်ဝတ်၊ သေနတ်စွဲကိုင်၍ ခယမ်းအိတ် ကတ္တီပါနှင့် ရွှေနန်းတော်ပေါ်တွင် အိပ်ဖန်ဝင်၍ ထမ်းရွက်ရသည်။ လက်စွဲကြီး ၂၁-တို့မှာ တလလျှင် လစာငွေတော် ၁၁၀ဝိ-သနားတော်မြတ် ခံရသည်။

## ၃၀-လက်စွဲကလေး

ကတ္တီပါ ရွှေဇာသတ်အင်္ကျီဝတ်၊ သေနတ်စွဲကိုင်၍ ခယမ်းအိတ်ကတ္တီပါနှင့် ရွှေနန်းတော်ပေါ်တွင် အိပ်ဖန်ဝင်၍ ထမ်းရွက်ရသည်။ လက်စွဲကလေး ၃၄-တို့မှာ တလလျှင် လစာငွေတော် ၇၀ဝိ-သိနားတော်မြတ် ခံရသည်။

## ၃၁-ဘုန်းတိုက်လက်စွဲ

ဗဒုံမင်း ရွှေနန်းတက်တော်မူ၍ ရှစ်လ စေ့ရောက်သည့်အခါ ၁၁၄၄-ခု၊ တော်သလင်းလပြည့်ကျော် ၁၃-ရက်နေ့ ညဉ့်သန်ခေါင်အချိန် ရွှေမြို့တော် ရွှေနန်းတော် မြို့ရိုးသစ်တပ် တံခါးများကို လှေကားနှင့် တက်ဆင်း၍ ဘုန်း ခေါ်-ငရွှန်းငယ်က လူ ၂၀၀-ကျော်နှင့် ရွှေနန်းတော်ပေါ်ရောက် တက်လာပြီး လျှင် မှန်နန်းတော်ရွှေ တောင်ဘိကျပ်၊ မြောက်ဘိကျပ်များကို အတင်းဖောက် ဖွင့် တိုက်ခိုက်ရာ ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ကွပ်ကဲခုခံ ပစ်

ခတ်ဘိုက်ခိုက်တော်မူသောကြောင့် သူပုန်ရန်သူတို့ သေကြေပျက်စီး၍ အရေးတော် ပြီးငြိမ်းအောင်မြင်တော်မူသည်။ ဤအခါ သူပုန်ဘုန်းကို ခုံတိုက်ခိုက်ရာ ပါဝင်သော ဘိကျပ်လက်စွဲများကို "ဘုန်းတိုက်လက်စွဲ" ဟု သမုတ်တော်မူပြီးလျှင် ကတ္တီပါရွှေဇာသတ် အင်္ကျီဝတ်၊ ခဲယမ်းအိတ် ကတ္တီပါနှင့် သေနတ်စွဲလျက် ရွှေနန်းတော်ပေါ်တွင် အိပ်ဖန်ဝင်၍ ထမ်းရွက်ရသည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ဘုန်းတိုက်လက်စွဲ ၄၅-တို့မှာ တလလျှင် လစာငွေတော် ၁၁၃၀ိ-သနားတော်မြတ် ခံရသည်။

## ၃၂–ပလိုင်းလက်စွဲခေါ် ဘိကျပ်လက်စွဲ

ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်က စ၍ ရွှေနန်းတော်တွင် သေနတ်လက်ကောင်းများကို ကတ္တီပါရွှေဇာသတ် အင်္ကျီဝတ်၊ ခဲယမ်းအိတ်ကတ္တီပါနှင့် အိပ်ဖန်ဝင်ရောက် ထမ်းရွက်ရသည့် ရှေးအခါ ဘိကျပ်လက်စွဲ၊ နောက် ပလိုင်းလက်စွဲဟူ၍ အမည်တွင်လေ၏။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ပလိုင်းလက်စွဲ ၇၁-တို့မှာ တလလျှင် လစာငွေတော် ၁၆၄၀ိ-သနားတော်မြတ် ခံရသည်။

## ၃၃–မြောက်စမုတ်လက်စွဲ

ဥဒေါင်းခံသော မယူရာသနရာဇပလ္လင်တော်ရှိသော မြောက်စမုတ်ဆောင်တော်တွင် သေနတ်စွဲလျက် ကတ္တီပါ ရွှေဇာသတ်အင်းကျီဝတ်၊ ခဲယမ်းအိတ် ကတ္တီပါနှင့် အလှည့်ကျ အိပ်ဖန်ဝင်ရောက် ထမ်းရွက်ရသည်ကြောင့် မြောက်စမုတ်လက်စွဲဟူ၍ တွင်လေသည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် မြောက်စမုတ်လက်စွဲ ၁၉-တို့မှာ တလလျှင် လစာငွေတော် ၄၀၀ိ-သနားတော်မြတ် ခံရသည်။

## ၃၄–တောင်စမုတ်လက်စွဲ

သမင်ခံသော မိဂါသနရာဇပလ္လင်တော်ရှိသော တောင်စမုတ်ဆောင်တော်တွင် သေနတ်စွဲလျက် ကတ္တီပါရွှေဇာသတ်အင်္ကျီဝတ်၊ ခဲယမ်းအိတ် ကတ္တီပါ

နှင့် အလှည့်ကျ အိပ်ဘန် ဝင်ရောက်ထမ်းရွက်ရသည်ကြောင့် တောင်စမုတ်လက်စွဲဟူ၍ တွင်လေသည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် တောင်စမုတ်လက်စွဲ ၁၉-တို့မှာ တလလျှင် လစာငွေတော် ၄၀ဝိ သနားတော်မြတ် ခံရသည်။

## ၃၅-အနောက်စမုတ်လက်စွဲ

ကြာခံသော ပဒုမာသန ရာဇပလ္လင်တော် ရှိသော အနောက်ပွဲတက်ဇေတဝန်ဆောင်တော်ကို အနောက်စမုတ်လည်း ခေါ်ဝေါ်သည်။ ၎င်းဆောင်တော်တွင် သေနတ်စွဲလျက် ကတ္တီပါရွှေဇာသတ် အင်္ကျီဝတ် ခဲယမ်းအိတ်ကတ္တီပါနှင့်အိပ်ဖန်ဝင်ရောက်ထမ်းရွက်ရသဖြင့် “အနောက်စမုတ်လက်စွဲ” ဟူ၍ တွင်လေသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် အနောက်စမုတ် လက်စွဲ ၁၁-တို့မှာ တလလျှင် လစာငွေတော် ၂၇ဝိ-သနားတော်မြတ်ခံရသည်။

## ၃၆-မင်္ဂလာလက်စွဲ

ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်က အစဉ်အဆက်ရှိခဲ့သော မင်္ဂလာလက်စွဲမှာ သေနတ်စွဲလျက် ကတ္တီပါရွှေဇာသတ် အင်္ကျီဝတ်၊ ခဲယမ်းအိတ် ကတ္တီပါနှင့် ရွှေနန်းတော်သို့ အိပ်ဖန်ဝင်ရောက် ထမ်းရွက်ရသည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် မင်္ဂလာလက်စွဲ ၄၁-တို့မှာ တလလျှင် လစာငွေတော် ဂ၃ဝိ- သနားတော်မြတ်ခံရသည်။

## ၃၇-နတ်ရှင့်ရန်နိုင်

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် သက္ကရာဇ် ၁၂၄၂ ခု-နှစ်၊ ရွှေဖဝါးတော်မြတ်အောက် အမြဲထမ်းရွက်လျက် ရှိနေသော စစ်သည် ရဲမက်တော်တို့အနက် အရပ်လေးတောင်အထက် ကြီးမြင့်သန်မာသူတို့ကို အစုစုံက ရွေးကောက်တော်မူ၍ ရွေးရလူစုကို “နတ်ရှင့်ရန်နိုင်” ဟူသော အမည်ပေးပြီးလျှင် သနားတော်မူသော သက္ကလတ်ပြာတွင် သက္ကလတ်ဝါ

အနားကွပ်သော အင်္ကျီနှင့် ပိုးဝိုက် လက်ချိပ်ပုဆိုးကို အမြဲဝတ်ဆင်၍ ငွေဓား စွဲလျက် အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေသည်။ ထွက်တော်မူ ဝင်တော်မူ အခမ်းအနားများမှာလည်း မောက်တိုထွတ်တွင် သက္ကလတ်ဝါ ပန်းပွါးတပ်ကို ဆင်ယင်၍ နောက်တော်လိုက်ရသည်၊ နတ်ရှင့်ရန်နိုင်လူတော် ၁၁၄-တို့မှာ တလလျှင် လစာငွေတော် ၃၄၄ဝ-သနားတော်မြတ်ခံရသည်။

## ၃၈-အလံနီစိုက်လူတော်

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် သက္ကရာဇ် ၁၂၄၂ ခု-နှစ်၊ ရွှေဖဝါးတော်မြတ်အောက် အမြဲထမ်းရွက်လျက် ရှိနေသော စစ်သည် ရဲမက်တော်တို့အနက် အလုံးအရပ် ညီညွတ်ချောမော သန်မာသူတို့ကို အစုစုံက ရွေးကောက်တော်မူ၍ ရွေးရလူ ၁၁၃-တို့ကို "အလံနီစိုက်လူတော်" ဟူသော အမည်ကိုပေးပြီးလျှင် သနားတော်မူသော ဖဲနက်အင်္ကျီ၊ ပိုးပုဆိုးအမြဲဝတ်ဆင်၍ ငွေဓားစွဲလျက် အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေသည်၊ ထိုလူတို့မှာ အလံနီကိုသျှောင်၌ အမြဲစိုက်ထားရသည်။ (အလံနီမှာ ၈-လက်မ ခန့်ရှည်၏)။

## ၃၉-ရဲညွန့်လူတော်

ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော်က စ၍ ထမ်းရွက်ရင်းရှိသော "ရဲညွန့်လူတော်" တို့ကို သက္ကလတ်နီ အင်္ကျီတွင် ရွှေယက်ပြားအနားသတ်၍ အမြဲဝတ်ဆင်စေပြီးလျှင် အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေသည်၊ ရဲညွန့်လူတော် ၂၈-တို့မှာ တလလျှင် လစာငွေတော် ၈၄ဝ-သနားတော်မြတ်ခံရသည်။

## ၄ဝ-သမားတော်

မန္တလေး ရတနာပုံ ပဌမမြို့တည် နန်းတည် မင်းတရားကြီးဘုရားလက်ထက်သားတော် ဒုတိယနန်းစံ မင်းတရားကြီးဘုရားတို့ လက်ထက်တော်များတွင် ဘေသဇ္ဇပါရဂူ ထူးချွန်သူများစွာ ဘိသက္ကဆရာတို့အနက် လက်ရွေးကောက်နုတ်

စမုတ်ထီးနန်း ဆောင်ခန်းမရွေး အရေးရှိလျှင် ဝင်ရောက်ကုသ ထမ်းရွက်ရသော သမားတော်လိပ် ဂုဏ်ဟိတ်ညွန့်ဖြာ ဘွဲ့ယဉ်စွာနှင့် ပညာစွယ်စုံ လောကင လုံသော ဆရာကြီး ဦးစံဝင်း၊ ဦးနှောင်း၊ ဦးမှိုင်း၊ ဦးဘဲ၊ ဦးစာ၊ ဦးနက်၊ ဦးမိတ်၊ ဦးတူ၊ ဦးခဲ၊ ဦးပေါတို့ ဖြစ်သည်။

၎င်း သမားတော်တို့သာလျှင် အဝန်း သုံးထွာခွဲ, လေးထွာခန့်ရှိသည့် ယွန်းထိုးဆေးအစ်ကြီးကို ကတ္တီပါအိတ်စွပ်ပြီးလျှင် ထိပ်မှစု၍ ကတ္တီပါကွပ်ကြိုးဖြင့် ချည်ရသည်။ ၎င်းဆေးအစ်ကို နောက်လိုက်က ကောင်းစွာပိုက်၍ လိုက်ရသည်။ သမားတော်ကြီးမှာ သျှောင်ထုံးနှင့် ခေါင်းပေါင်းဖြူ ဖော့လုံးပေါင်း အင်္ကျီရှည် ပုဆိုးခါးပုံထိုး ဝတ်သဖြင့် မြင်ရုံနှင့်ပင် သမားတော်ကြီး ဖြစ်ကြောင်းကို သိရသည်။ ယင်းသည့် သမားတော် ၁၀-တို့မှာ တလလျှင် လစာငွေတော် ၅၃ဝိ-သနားတော်မြတ် ခံရသည်။ ၎င်းတို့မှာ ဝလှည့်, ယာလှည့် ခွဲ၍ ဇေတဝန်ဆောင်တော်တွင် အိပ်ဖန် ထမ်းရွက်ကြရသည်။

## ၄၁-အနှိပ်တော်

ကေရာဇ် မင်းမြတ်က အခါအခွင့် အားလျော်စွာ စေပါးတော်မူသောအခါ ထမ်းရွက်ရန် စောင့်စားမြော်ခေါ် ခြင်းဖြင့် ဇေတဝန်ဆောင်တော်သို့ ဝင်၍ အလှည့်ကျ အိပ်ဖန် ထမ်းရွက်ရသည့် ဆရာလူ ဆရာဒွေး ဆရာ နပန်းဆံ စသော ယောကျ်ား အနှိပ်တော် ၁၀၊ အရှင် နန်းမတော် ဘုရားမှ စ၍ မင်း မိဖုရားများက စေပါးတော်မူသည့်အခါ ထမ်းရွက်ရန် မညှာ စသော မိန်းမ အနှိပ်တော် ၇-တို့ကို အမိန့်တော်နှင့် ခန့်တော်မူသည်ဖြစ်၍ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော် ယင်းသည့် အနှိပ်တော် ၁၇-တို့မှာ တလလျှင် လစာငွေတော် ၄၆ဝိ-သနားတော်မြတ် ခံရသည်။

## ၄၂-မြွေသမားတော်

ရွှေနန်းတော်အောက်တွင်၎င်း တောင်ဥယျာဉ်, မြောက်ဥယျာဉ်တော်တွင် ၎င်း မြို့တော်,နန်းတော် မတည်မီကပင် အဆိပ်ထန်သော မြွေပွေး, မြွေဟောက်,

မြေငန်း စသည့် သတ္တုဝါတို့ရှိသော နေရာဖြစ်သဖြင့် မကြာမကြာ ၎င်းမြွေမျိုး များကို နန်းတော်သစ်တပ်အတွင်း၌ တွေ့ရလေသည်။

ယင်းသို့ဖြစ်၍ မြွေနှင့်စပ်လျဉ်းသည့် အကြောင်းကိစ္စရှိက ချက်ခြင်းရနိုင်ရန် မြွေသမားတော် ဆရာဟိန်းနှင့်တကွ တဆဲ့နှစ်ယောက်ကို ခန့်ထားတော်မူသည်။ ၎င်းတို့ကို ဝဲလှည့်, ယာလှည့်ခွဲ၍ ဇေတဝန်ဆောင်တော်တွင် အိပ်ဖန်ဝင်ရောက် ထမ်းရွက်စေသည်။ ၎င်းတို့မှာ တလလျှင် လစာငွေတော် ၁၃ဝိ-သနားတော်မြတ် ခံရသည်။

## ၄၃-ကွမ်းခန်းကျွန်တော်မျိုး

တလလျှင် တကြိမ်, နှစ်ကြိမ် မြေနန်းတော်သို့ ထွက်တော်မူ၍ သံဃာတော် တထောင်, နှစ်ထောင်ကို သပိတ် ပန်းကန်စုံနှင့်တကွ စမဲဟင်းလျာ အပြည့်အစုံ သက်န်း တိစီဝရိက် စိပ်ပုတီး လက်ကိုင်ပုဝါ ခါးပန်းကြိုး ငှက်ပျော ဆေး ကွမ်းကတုံး စသည်တို့ဖြင့် ဆွမ်းကြီးလောင်းလှူတော်မူသည်။

ယင်းကဲ့သို့ လှူတော်မူသည့်အခါမှာ၎င်း မင်းပွဲသဘင် အကြီးအကျယ် ရှိသည့်အခါမှာ၎င်း ကွမ်းအုပ်, ကွမ်းကတုံးများကို ပြည့်စုံ လုံလောက်အောင် ကွမ်းခန်းစာရေးတို့ ဆိုရာ နာခံ၍ လုပ်ကိုင် ထမ်းရသူတို့ကို "ကွမ်းခန်းကျွန်တော် မျိုး"ဆိုသည်။ ၎င်း ကွမ်းခန်းကျွန်တော်မျိုး ၆-တို့မှာ တလလျှင် လစာငွေတော် ၂၇ဝိ-သနားတော်မြတ် ခံရသည်။

## ၄၄-ကွမ်းခန်းစာရေး

ကွမ်းနှင့်ဆိုင်သည့် အမှုတော်ရပ်များကို ကွမ်းခန်းကျွန်တော်မျိုးတို့အား ကြပ်မတ်, ဆော်ဖန်၍ ထမ်းရွက်ရသူကို "ကွမ်းခန်းစာရေး"ဆိုသည်၊ ၎င်း ကွမ်းခန်းစာရေး ၃-တို့မှာ တလလျှင် လစာငွေတော် ၆ဝိ-သနားတော်မြတ် ခံရသည်။

## ၄၅-ဆုတော်လာဘ်တော်ပေးပုံ

**လစာနည်းလျက် ပြည့်စုံချမ်းသာကြခြင်း။** ။မြန်မာမင်း သူကောင်းပြုတော်မူသည့် မင်းညီမင်းသား မှူးတော်မတ်တော် နန်းတော်သား၊ ဗိုလ်စု၊ ဝန်စု၊ မှူးစု၊ သေနတ်၊ အမြောက်၊ ဆင် မြင်းစသည့် အရာထမ်း အမှုထမ်းတို့၏ လစာငွေတော်များမှာ ယခုခေတ်အခါနှင့်နှိုင်းစာလျှင် အလွန်နည်းပါးသည်ဟု ဆိုကြပေလိမ့်မည်။ သို့ရာတွင် ဟိုခေတ် ဟိုအခါက အစားအစာ အဝတ်အထည်မှစ၍ အဘိုးနှုန်းထား သက်သာခြင်း၊ ကေရာဇ်မင်းမြတ်ကလည်း အဝတ်ပုဆိုး ခေါင်းပေါင်းအုပ် ပိတ်အုပ်တို့ဖြင့် ၃-လတကြိမ်၊ ၆-လတကြိမ် သနားတော်မူခြင်း။ နေထိုင်ရန် ဝင်းအိမ်, တိုက်စသည်တို့ကိုသနားတော်မူခြင်း၊ သဒ္ဓါတော်မူသည့်အခါ အခွင့်အလိုက် စိန်, မြ, ပတ္တမြား, ရွှေထည်, ငွေထည်များကို ရက်ရောစွာ သနားတော်မူသည့်အခါလည်း သနားတော်မြတ် ခံရခြင်းရှိသည်။

ကုသိုလ်ကံ အခွင့်ပေးလျှင် ပေးသည့်အလိုက် ဥစ္စာ စီးပွါး ဖြစ်ထွန်းခြင်းရှိသဖြင့် တလလျှင် လစာငွေတော် ၅ဝ-မျှ သနားတော်ခံရသည့် အခွန်စာရေးအလုပ်နှင့်ပင် ငွေတသိန်း, နှစ်သိန်း စုမိကြသည်။

**အလှူတော်ငွေ။** ။ကေရာဇ်မင်းမြတ်မှာ သဒ္ဓါတော်မူသည့်အလိုက် ချီးမြှင့်သနားတော်မူရန်ငွေ၊ ကျောင်း ဘုရား စာပေ ပိဋကတ်မှစ၍ ရဟန်း သာမဏေ သူတော် သီလသည် စသည်များကို လှူဒါန်းပြုစု ချီးမြှင့်တော်မူရန်ငွေ၊ တနှစ်လျှင် အသုံးတော်ငွေ ၄-သန်း နှစ်သိန်း နှစ်သောင်းသုံးထောင်ကျော် ဖြစ်သတည်း။

နန်းတော်သားများအကြောင်း ပြီး၏။

---

## အပျိုတော်များ

### ၄၆-မှန်နန်းအပျိုတော်

အမျိုးအနွယ် မြင့်မြတ်သော မှူးကြီး မတ်ကြီးတို့၏ သမီးဖြစ်သူ၊ ထို့ထက်မြင့်မြတ်သော ဆွေတော်မျိုးတော်မှ ဆင်းသက်သူ၊ စော်ဘွား မြို့စားအရာခံ

တို့၏ ရင်သွေးဖြစ်သူ သမီးကညာတို့အနက်က ခြောက်ပြစ်ကင်း ရုပ်ရေလှပ ချောမောခြင်းရှိသူကို ရွေးချယ်၍ မှန်နန်းအပျိုတော်စာရင်း သွင်းပြီးလျှင် ဝဲလှည့် တရက်၊ ယာလှည့် တရက်ကျ မှန်နန်းတော်သို့ဝင်၍ ခစားရသည်။

ယင်းသည့် အပျိုတော်များမှာ မိဖုရားလောင်း ဖြစ်သဖြင့် အနက်ရောင် သလွန်တော်နှင့် အိပ်ရသည်။ မိဖုရားကလေးဖြစ်သည်နှင့် တပြိုင်တည်း ၎င်း သလွန်တော်ကို ရွှေပိန်းထည့်ရသည်၊ မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက် ၁၂၄၀-ပြည့်နှစ် တန်ဆောင်မုန်းလ အနောက် အတွင်းတော်တွင် ခမည်းတော်ဘုရား မိဖုရားဟောင်း ၅-ပါး၊ သမီးတော် ၅-ပါး၊ အိမ်ရှေ့မင်း သမီးတော် ၄-ပါး၊ မှန်နန်းအပျိုတော် ၄၁-ယောက်၊ မယ်တော် ဆင်ဖြူမရှင် အပျိုတော် ၂၃-ယောက်၊ မယ်တော်ဘုရား အပျိုတော် ၁၅-ယောက်၊ မိဖုရား ခေါင်ကြီး ဘုရား ၂-ပါး အပျိုတော် ၇၂-ယောက်၊ ထိပ်စုဘုရား အပျို တော် ၁၇-ယောက်၊ ပုခန်းကြီးစုဘုရား အပျိုတော် ၃၂-ယောက်၊ မိတ္ထိလာစု ဘုရား အပျိုတော် ၃၅-ယောက်၊ အငြိမ့် အပျိုတော် ၃၁-ယောက်၊ စုစုဦးရေ ၂၇၅-တို့ကို သစ္စာရေတိုက်သည်။ ၎င်းအနက် မှန်နန်းအပျိုတော် မခင် ခေါင်းစု ၁၁၊ မအုန်း ခေါင်းစု ၇၊ မသက် ခေါင်းစု ၉၊ မမြစ် ခေါင်းစု ၁၄-တို့ အပါအဝင် ဖြစ်သည်။

## ၄၇-အငြိမ့်အပျိုတော်

အငြိမ့်အပျိုတော်ဆိုသည်မှာ အတီးအကနှင့် ထမ်းရွက်ရသောအပျိုတော် များ ဖြစ်သည်။ နေ့စဉ်မပြတ် အတီးအမှုတ်၊ အဆိုအက ပညာကို လေ့လာ သင်ကြားကာ နေကြရသည်။

ပတ်ဝန်းတီး ကြေးဝန်းတီး စောင်းတီး ပတ္တလားတီး စည်းတီး လင်းကွင်းတီး ညှင်းမှုတ် နှဲမှုတ် ပြွေမှုတ် မင်းကြီးလုပ် ဝန်လုပ် လူပြက် လူကြမ်းလုပ် မင်းသမီး မင်းသားလုပ်မှစ၍ မိန်းမချည်းဖြစ်ကြသည်။

တနှစ်လျှင် ၃-ကြိမ် ၅-ရက် အရှေ့ပွဲတက် ကန်တော့ခံတော်မူသည့်အခါ မြေနန်း ပြာသာဒ်တော်ကြီး ဝဲ ယာ ကန္နားပြင်များတွင်၎င်း၊ ထူးမြတ်

သော ဆင်ဖြူတော်ရောက်၍ မြောက်စမုတ်သို့ရင်း၊ မြေနန်းတော်ရှေ့ဆောက် ထားသည့် စံနန်းတော်သို့ရင်း၊ ထွက်တော်မူပြီးလျှင် ဆင်ဖြူတော်ကို ကြီးကျယ် ခမ်းနားစွာ သိမ်းတော်မူသည့်အခါများတွင်ရင်း ဘုန်းပေါင်းမင်္ဂလာ ဩဘာ ကောင်းတင်း ကျူးလျှောက်ခြင်းတို့ဖြင့် အတိုင်အဖောက် သံပြိုင်ကောက်၍ လက်ယှက်ညွတ်ပျောင်းကာ ဝဲယာယိမ်းနွဲ့ကြရသည်။ အလိုတော်ရှိသည့် အခါ တိုင်း ဇာတ်အိမ်ဇာတ်ကွက်နှင့် ခင်းကျင်းတီးမှုတ်ကခုန်ကြရသည်။ အငြိမ့်အပျို တော်များအနက် ခေါင်းအကြီး လုပ်သူတို့ ၂-ယောက်သာလျှင် ဝဲတလှည့်, ယာတလှည့် မှန်နန်းတော်သို့ဝင်၍ ခစားရသည်။ ရွှေနန်းတော်ကြီး အနောက် ဉယျာဉ်တွင် တောင်မြောက်စီးနေသော ရေမြောင်းတော်ကြီး၏ အနောက် ကမ်းထိပ်ရှိ တိုက်တန်းလျားကြီးမှာ အရှင်နန်းမတော်ဘုရား အပျိုတော်၊ အလယ်နန်းမတော်ဘုရား အပျိုတော် တပင်တိုင်စံ စလင်းစုဘုရား အပျိုတော် များကို နေရာချထားသည်။ ယင်းသည့် အနောက်ဘက် လမ်းမြောင်ခြားလျက် ရှိသည့် အိမ်တန်းလျားကြီးတွင် အငြိမ့် အပျိုတော် သုံးဆယ်ကျော်ကို နေရာချ ထားသည်။

## ၄၇-မင်း မိဖုရားများကို ဘွဲ့ပေးပုံ အတန်းအဆင့်အကြောင်း

၁-အမြင့်ဆုံး "ဒေဝီ"တပ်ဘွဲ့၊ သီရိပဝရ မဟာရာဇိန္ဒာမင်္ဂလာ ရတနာဒေဝီ။

၂-၎င်းအောက် "မဟေ"တပ်ဘွဲ့၊ သီရိမြတ်စွာမဟေ။

၃-၎င်းအောက် "ဝတီ"တပ်ဘွဲ့၊ သီရိဝတီ။

၄-၎င်းအောက် "သီရိ"တပ်ဘွဲ့၊ သီရိသုမြတ်စွာ။

၅-၎င်းအောက် "သု"တပ်ဘွဲ့၊ သုကေသာ။

၆-၎င်းအောက် "မင်း"တပ်ဘွဲ့၊ မင်းကေသာ။

## ၄၉-မင်းညီ မင်းသားများကို ဘွဲ့ပေးပုံအတန်းအဆင့်

**ပဌမဆင့်** အမြင့်ဆုံး – သီဟသူရမဟာဓမ္မရာဇာ ၁၀-လုံးဘွဲ့။

ဎင်းအောက် သုသီရိ မဟာဓမ္မ ရာဇာ-၉ လုံးဘွဲ့။ ဎင်းအောက် မဟာသီရိ-ဓမ္မရာဇာ ၈-လုံးဘွဲ့။ ဎင်းအောက် မဟာဓမ္မရာဇာ ၆-လုံးဘွဲ့။ ဎင်းကို ဓမ္မရာ-ဇာဘွဲ့ ခေါ်ဝေါ်သည်။

**ဒုတိယဆင့်** အမြင့်ဆုံး-သတိုးမင်းရဲမင်းလှစည်သူ၊ ၈-လုံးဘွဲ့။

ဎင်းအောက် သတိုးမင်းရဲနရာ။ သတိုးမင်းရဲမင်းလှ။ သတိုးမင်းရဲသီဟ။ သတိုးမင်းရဲကျော်စွာ ၆-လုံးဘွဲ့။ ဎင်းအောက် သတိုးမင်းလှငယ် ၅-လုံးဘွဲ့။ ဎင်းအောက် သတိုးကျော် ၃-လုံးဘွဲ့။ ဎင်းကို သတိုးဘွဲ့ ခေါ်ဝေါ်သည်။

**တတိယဆင့်** အမြင့်ဆုံး- မင်းရဲ သီရိရာဇကျော် ၇-လုံးဘွဲ့။

ဎင်းအောက် မင်းရဲမင်းလှရာဇာ ၆-လုံးဘွဲ့။ ဎင်းအောက် မင်းရဲသီဟကျော် ၅-လုံးဘွဲ့။ ဎင်းအောက် မင်းရဲရာဇာ ၄-လုံးဘွဲ့။ ဎင်းကို မင်းရဲဘွဲ့ ခေါ်ဝေါ်သည်။

## ၅၀-လွှတ်တော်

နိုင်ငံတွင်းမှု၊ နိုင်ငံခြားမှု၊ မြို့လုပ်ကျုံးတာ စသော လုပ်ကြီးဆောင်ကြီးမှု အခွန်ဘဏ္ဍာမှု ကုန်းကြောင်း ရေကြောင်းနှင့် ဆိုင်သော စစ်သည်ရဲမက်မှု တရားရာဇဝတ်မှုမှ စ၍ အရပ်ရပ် အမှုအကြီးငယ်တို့ ဆက်ဆံရာ၊ မင်း၏အာဏာတော်ထားရာ၊ နိုင်ငံတော်၏ အချက်အချာဖြစ်သောဌာနကြီးကို "လွှတ်တော်" ဆိုသည်။

## ၅၁-လွှတ်တော်တည်ရှိရာဌာန

လွှတ်တော်သည် နန်းမြို့တော် သစ်တပ်အတွင်း တံခါးနီတော်အထွက် လက်ယာဘက်က အရှေ့သို့ မျက်နှာပြု၍ လက်ဝဲ လက်ယာ ရှေ့မျက်နှာများ

၌ ကျွမ်းပြင်ကြီး ပတ်လည်နှင့်တကွ လွှတ်တော်ဆောင် သီဟာသန ရာဇပလ္လင် ထားရာဖြစ်သော ဇေတဝန်ဆောင်တို့ဖြင့် နှစ်ဆောင်တွဲ နေကျော် ဆောက်ထားသည်။ ၁၄-ခန်းစီ ပတ်လည်ရှိ **အဆောက်အဦကြီး**ဖြစ်သည်။

**လှေကားတော်များ**။ ။ကေရာဇ်မင်းမြတ်သာလျှင် တက်တော်မူရန်ဖြစ်သော သီဟာသန ရာဇပလ္လင်တော်နှင့် တူရူဖြစ်သော အရှေ့မျက်နှာ မင်္ဂလာလှေကားတော်၊ **လွှတ်တက်မင်းသားကြီး**နှင့် အဂ္ဂမဟာသေနာပတိဝန်ရှင်တော်တို့သာလျှင် တက်ခွင့်ရသော လက်ဝဲလှေကားတော်၊ အရာရှိကြီးငယ်တို့နှင့်တကွ တက်ခွင့်ရသူတို့ တက်ရန်ဖြစ်သော လက်ယာလှေကားတော်များဖြင့် ဦးတိုက်တပ်ထားသည်။

## ၅၂-လွှတ်တော်ခေါ်ဝေါ်ခြင်းအကြောင်း

ပုဂံပြည်ဝယ် ပြူစောထီးမင်းလက်ထက် မယ်တော်ရေနတ်နဂါးက နဂါးအမတ် စောင့်ရှောက်လာရသည်။ ခမည်းတော်နေမင်းက လေးမြားအပ်သည်။ မဇ္ဈိမဒေသ၌ စန္ဒဂုတ္တမင်း၏ အနွယ်အမျိုးဖြစ်သော မင်းမျိုးလေးယောက်တို့သည် ဆင်အစီးချစ်ဆယ် ဆင်သည်ရှစ်ကျိပ်နှင့် ပုဂံပြည်သို့ရောက်လာ၍ ထိုသူတို့ကို စုရုံးနေစေ၍ မင်းမျိုးလေးယောက်တို့ကိုလည်း သစ္စာကတိအမှတ်ဖြင့် စားတော်တဆုပ်စီ ပေး၏၊ ထီးလည်း တစင်းစီ ပေး၏၊ **ရာဇဝစုနာ၊ နာမဝစုနာ၊ ဒေဝဝဲစုနာ၊ ဇေယျဝစုနာ**-အမည် **ဟူကုန်၏**။

ထိုမင်းမျိုးလေးယောက်ကို ဆင်အစီးလေးဆယ်နှင့် မြို့လေးမျက်နှာ နဂါးပြည်တိုင်အောင် စီရင်စေ အခွင့်လွှတ်၍ စီရင်ရ၏။ ထိုသူတို့ရောက်သည့်ကာလ စုရုံး၍နေရာ အဆောက်အဦကို "ရုံး" ဟူ၍ ခေါ်ဝေါ်ခြင်း၊ ပြည်ထဲလေးမျက်နှာကို စီရင်စေခွင့်လွှတ်၍ စီရင်တက်နေရသည့် အဆောက်အဦကို "**လွှတ်**" ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်လေသည်။

တကြောင်းလည်း နရပတိစည်သူမင်းတွင် သားတော် **ဇေယျသူရ** ထွက်ရှခါ **ကခ်သူ ရာဇသူ ပံ့ချီဇေယျ ဇေယျသိခ်** ငါးယောက်ရှိသည်။ သားတော်အငယ်

ဇေယျသိခ်မင်း မယ်တော်သည် နရပတိစည်သူမင်း၏ လက်ညှိုးခူအနာ ကိုက်ခဲလှ၍ နူတ်ဖြင့် ငုံသည့်အခိုက် အကိုက်သက်သာ၍ ပြည်ပေါက်သည်ကို နိုးမည်စိုးသောကြောင့် ဝမ်းထဲသို့ မျိုသည့်အရေးကြောင့် မိဖုရားဆုပန်လိုရာ ခွင့်ပေးသည်။ သားတော်ငါးယောက်တို့ကို နေစေပြီးလျှင် အလယ်၌ ထီးဖြူဆောက်သည်၊ လှံ့လပယောဂကြောင့် ဇေယျသိခ်ရှိရာ ထီးညွတ်သည်၊ နောက်ကိုမြော်ထောက်၍ မင်း၏အဖြစ်ကို ခွင့်လွှတ်သည်၊ နောင်တော်လေးယောက်သည်လည်း ထီးနိမိတ်ကို ထောက်သဖြင့် မဖောက်မပြန် ခွင့်လွှတ်သည်။ နန်းဦးတွင် ထီးဆောက်ရန် လုပ်ဆောင်၍ ထီးဆောက်ပြီးလျှင် ခွင့်လွှတ်သည်ကို အစွဲပြု၍ အခွင့်လွှတ်ရာအရပ်ဖြစ်သောကြောင့် "**လွှတ်**"ဟု ခေါ်ဝေါ်သမုတ်လေသည်။

ခမည်းတော် နရပတိစည်သူ မရှိသည့်နောက် ညီတော် နောင်တော်ငါးယောက် စုရုံး၍ ပြည်ထဲရေးကို စီရင်သည့် အဆောက်အဦအရပ်ကို "ရုံး" ဟူ၍ ခေါ်ဝေါ်သမုတ်သည်။ တကြောင်းလည်း ညီတော်သည် ကေရာဇ်မင်းမြတ်ဖြစ်လျက် နောင်တော်တို့ကို အားနာတော်မူ၍ ညီတော် နောင်တော်ငါးယောက်တို့ တနေ့မပြတ် စုရုံးရသည်။ ညီတော်မှာ မင်း၏အဖြစ်ဖြင့်သာ နေတော်မူတော့။ နောင်တော်တို့ ပြည်ထဲရေးကို စီရင်ပါမည်ဆိုလေလျှင် နောင်တော်လေးယောက်တို့သာ စီရင်ပါတော့ အခွင့်လွှတ်သည်ဖြစ်၍ အခွင့်လွှတ်ရာအရပ် အဆောက်အဦကို "**လွှတ်**"ဟူ၍ ခေါ်ဝေါ်သမုတ်သည်လည်း ဆိုသည်။

## လွှတ်တော်အရာရှိများ

## ၅၃ ဝန်ကြီးမင်းပြန်တမ်းကြီးခံ

**လွှတ်တော်ဝန်ကြီးများဟာဝန်။** ။အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်မင်းကြီးလေးပါးတို့သည် အရှင်ကေရာဇ်မင်းမြတ်စိုးစံတော်မူသော တိုင်းနိုင်ငံအတွင်း၌ ကေရာဇ်မင်းမြတ်နှင့် မစပ်မဆိုင်သော ကိစ္စဟူ၍ မရှိ။ သာသနာ၊ ပညာ၊ နိုင်ငံတွင်း, နိုင်ငံခြား၊ တရား,ရာဇဝတ်အခွန်အတုတ်မှစ၍ အလုံးစုံ စပ်ဆိုင်တော်မူသမျှ ပြည်ကြီးဝန်, ပြည်ကြီးကိစ္စရှိသမျှ

ကို ကေရာဇ်မင်းမြတ်၏ ကိုယ်တော်ပွါး လွှဲအပ်ခြင်းဖြင့် မဟာသမုဒ္ဒရာကဲ့သို့ ကျယ်ဝန်းများပြားလှစွာသော မှုခင်းကိစ္စဟူသော နေ့စဉ် ရက်ဆက် ကြီးလေး လှစွာသော ဝန်ကိုရွက်ဆောင်ရခြင်းကြောင့် "ဝန်ကြီးမင်း" ခေါ်ဝေါ်လေသည်။

## ဝန်ကြီးခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန် ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ တောင်ခွင်မြို့စား သတိုး မင်းကြီး မဟာမင်းထင်စည်သူကို ဝန်ကြီးခန့်တော်မူသည်။ သို့ ခန့်တော် မူကြောင်းလည်း တောင်ခွင်မြို့စား သတိုးမင်းကြီး မဟာမင်းထင် စည်သူသည် ကျေးဇူးသစ္စာတော်မြတ် ၂-ပါးကို စောင့်သိ ရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်သော ကြောင့် အမည်နေရာ အဆောင်အရွက် အထိုက်အလိုက် သနား ပြုစု တော်မူသည်။ အတွင်းမှု ပြင်မှုမှစ၍ ခပ်သိမ်းသော စီရင်ဘွယ် စီရင် ခင်း အလုံးစုံကို ကျွမ်းသိ နားလည်သသူ၊ အထူးသဖြင့် ယုံမှတ်သနား တော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် မင်းညီ, မင်းသား၊ မှူးတော်, မတ်တော် ကျွန်တော်မျိုးအပေါင်းတို့တွင် အကြောင်း အရည်ကို ရွေးချယ် စိစစ်တော်မူ၍ အဂ္ဂမဟာသေနာပတိ အချုပ်ကြီး အကိုင်ကြီးအရာနှင့် ဝန်ကြီး ခန့်တော်မူသည်။

ဝန်ကြီးဆိုသည့်အရာသည် ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် ရာဇ ဌာနီ ရွှေပြည်တော်ကြီးမှစ၍ အခြံအရံ များသော တိုင်းနိုင်ငံ အနီး အဝေး ပြည်ရေးရွာမှု ခပ်သိမ်းသော စီရင်ဘွယ် စီရင်ခင်း အလုံးစုံကို မြော်ထောက်၍ သာသနာတော် ထွန်းပ ပွင့်လင်းကြောင်း အကျိုး စီးပွါးတော်များ၍ သားတော်အစဉ် မြေးတော်အဆက် တိုင်းကား နိုင်ငံ စည်ပင်သာယာကြောင်းများကို အမြဲ နှလုံးသွင်း၍ ဓမ္မဝတ် ရာဇဝတ် လောကဝတ် အကြောင်းသုံးပါးကို ကျွမ်းသိနားလည်သည်နှင့်

အညီ ရှေး အဂ္ဂမဟာသေနာပတိတို့အင်ကို ထောက်၍ ဝန်တို့နှင့် ညီညွတ်စွာ ခန့်ထားစီရင်။

## ၅၄-ဝန်ထောက်ပြန်တမ်းကြီးခံ

ဝန်ကြီးမင်းအပေါ်၌ များလှစွာသောဝန်ကို အမြဲ ရွက်ဆောင်ရခြင်းကြောင့် ရံဖန်ရံခါ မေ့ကျန် လစ်လပ်ခြင်း ထွက်ပေါ်သည့် အခါ ဝန်ကြီးမင်းအား ထောက်ပံ့လှုံ့ဆော်ခြင်းဖြင့် ကူညီအားထုတ် ရွက်ဆောင်ခွင့် ရွှေနားတော်မြတ် ကြား ဦးတိုက်တင်လျှောက်ခွင့်များကို အမြဲ ထောက်ပံ့ကူညီစေရန် ခန့်ထားသူ ဖြစ်၍ **"ဝန်ထောက်မင်း"**ဟု ခေါ်ဝေါ်လေသည်။

## ဝန်ထောက်ခန့်အမိန့်တော်ပြန်တမ်း

**ဝန်ထောက်မည်ပုံ။** ။ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် အရှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော် ရှိသည်။ စည်သူ ရာဇာကို ဝန်ထောက် ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း စည်သူ ရာဇာသည် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိ ရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်မည့်သူ ဟုံမှတ်သန်္နားတော်မူ သည့် ကျွန်တော်မျိုးဖြစ်သောကြောင့် ဝန်တို့ကို ထောက်မ လှုံ့ဆော်စိမ့်မည် ဝန်ထောက် ခန့်တော်မူသည်။

ဝန်ထောက်ဆိုသည့်အရာလည်း ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် ဝန်တို့ သည် ပြည်ရေးရွာမှုမှစ၍ ခပ်သိမ်းသော စီရင်ဘွယ် စီရင်ခင်း အလုံးစုံကို မလစ် ဟင်းရအောင် ရှေ့နောက် မြော်ထောက်၍ ခန့်ထားစီရင်ရန် အလွန် ကျယ်ဝန်း လှလေသည်။ ထိုကျယ်ဝန်းလျှင်လည်း ရံဖန်ရံခါ မေ့ကျန်လေတန် ရာသည်။ ဝန်တို့ စီရင်ခန့်ထားသည့်အရာများတွင် မေ့ကျန်သည့် အရာရှိလျှင် သတိရှိသည့် အတိုင်း သည်အရာမှာ မည်သို့ အစီရင်ခံရာတွင် မည်သည့် စီရင်ရန် ရှိသည်။ သည်အချက်များမှာ မည်သို့ ရှိခိုး သံတော်ဦးတင်ရာတွင် အမိန့်တော်ထွက်ရှိ သည့်အတိုင်း စီရင် ပြန်ဆိုမှာထား၍ ရှိသည်၊ ပြသ၍ ဝန်တို့ကို အစီရင်ခံ။

လွှတ်တော် ရုံးတော်သည် ကျွန်တော်မျိုး ဆင်းရဲသားတို့ ကိုးကွယ်ရာဖြစ်သောကြောင့် တယောက်ကို တယောက် ညှဉ်းပန်း နှိပ်စက်သည့် အမှုမှစ၍ ခပ်သိမ်းသော အမှုအခင်း အကြောင်းအရာရှိ၍ လွှတ်တော်မှာ အစီရင်ခံသည့်အမှု၊ အရပ်ရပ် နိုင်ငံတော်မြို့ပြကျေးရွာ အနီးအဝေးများက အစီရင်ခံရောက်သည့် အရာများမှာလည်း မထွေးမယှက်စေရ၊ စင်ကြယ်အောင် မေးမြန်းစစ်ကြော၍ ဝန်တို့ကို အစီရင်ခံသင့်သည့်အရာ ရွှေနားတော်ကြား ဆက်သွင်းသည့်အရာများကို စေ့စေ့ငုငု ထောက်ရှု မေးမြန်း စစ်ကြော ထွက်ဆိုချက်နှင့် စကားအရကို ထောက်၍ လျှောက်ဆော်ရမည်။ မင်းညီ, မင်းသား မှူးတော်,မတ်တော်မှစ၍ အမှုထမ်း ကျွန်တော်မျိုးအပေါင်းတို့မှာလည်း အမှုတော်ကို နေ့ညဉ့်ကြိုးစား အားထုတ် မပြတ်မလပ် ထမ်းရွက်၍ သနားတော်မြတ်ခံရာ ကျန်ကြွင်းရှိသည့်အရာရှိလျှင်လည်း မည်သသူ မည်သို့အမှုတော်ကိုထမ်းရွက်သည်၊ မည်သို့ထမ်းရည် ရွက်ရည်ရှိသည် အချက်ချက်များကိုလည်း ဝန်တို့ကိုပြသ၍ အစီရင်ခံ၊ အလုံးစုံ စီရင်ဘွယ် စီရင်ခင်းရှိသမျှကို ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်ကို ကျွမ်းသိနားလည်သည်နှင့်အညီ ထောက်မ နှိုးဆော် စီရင်ရမည်။ သက္ကရာဇ် ၁၁၆၉-ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်နေ့၊ ပြောကြီးမှူး ရာဇနော်ရထာပြန်။

## ၅၅-အသည်ဝန်ပြန်တမ်းကြီးခံ

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာရှိ အစုကြီး,အငန်းကြီး, စုသေး, ငန်းသေးတို့မှတပါး အသည်, အလာ, ကပ္ပါးဟူသော စုမရှိဖြစ်သူတို့အား မြို့ပေါ် ရွာပေါ်တို့၌ မြို့သူကြီး, ရွာသူကြီးတို့ ခန့်ထားတော်မူသည့်အခါ အသည်, အလာ, ကပ္ပါးတို့က ခန့်ငြားရိုသေကြစေရန် လွှတ်တော်က ပေးရင်းစာချွန်တော် ၂-ကြောင်းစာမှတပါး အသည်ဝန်က "အသည်ဝန်စာ"ဟူ၍ သီးခြားပေးမြဲစာ ပေးစေရန် အသည်ဝန်ခန့်ထားခြင်းဖြစ်သည်။

## အသည်ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်—မဟာကျော်ထင်ကို အသည်ဝန် ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း မဟာကျော်ထင်သည် ဘိုးတော်ဘုရားလက်ထက် အရာအထူးနှင့် သူကောင်းပြုတော်မူ၍ အမှုတော်ကို ပြေကုန်အောင် ထမ်းရွက် သည်၊ နောင်တော်ဘုရား လက်ထက်တွင်လည်း ဝန်ထောက် အသည်ဝန်ခန့် တော်မူ၍ အမှုတော်ကို ထမ်းရွက်သည်၊ ရွှေလက်ထက်တော်၌လည်း ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ ခန့်ထားတော်မူသမျှ အမှုတော်ကို ကြိုးစားအားထုတ် စိတ်ပါ ကိုယ်ပါ ထမ်းရွက်သည်၊ ရွှေသို့လည်း ခန့်ထားတော် မူသမျှ အမှုတော်ကို မသွေမဖည် ကြိုးစားအားထုတ် ထမ်းရွက်မည့်သူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် အသည်ဝန် ခန့်တော် မူသည်။

အသည်ဝန်ဆိုသည့်အရာသည် ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာနီ ရွှေပြည်တော်ကြီး အခြံအရံများသော တိုင်းနိုင်ငံ အရပ်ရပ် မြို့ကျေးရွာများ တွင် သူကြီး ပြည်စိုး မြေတိုင်၊ တိုင်ခေါင်း အသည် အလာတို့ နေထိုင်၍ မင်းမှု မင်းခင်း မြို့မှုရွာတာ အသေးအဖွဲ့ အလုံးစုံကို တိုင်သူ့ရင်း ခန့်တော်မူသည့် အတိုင်း နေ့စဉ် လစဉ် ပေးဆုံထမ်းရွက်ကြရမည့် ကျွန်တော်မျိုး ဖြစ်သည်။ အရပ်ရပ် မြို့ပြ ကျေးရွာများတွင် သူကြီး ပြည်စိုး မြေတိုင်၊ တိုင်ခေါင်း အသည် အလာတို့မှာ မင်းမှု မင်းခင်း တိုင်သူရင်း စာရင်းတော်ဘက် ခန့်သည့်အတိုင်း ရှေးထုံးစံနှင့်အညီသာ ပေးဆုံခန့်ထား ထမ်းရွက်စေ၊ အမှုတော်အနည်းရှိသည်ကို အများခွဲခန့်၍ မပေးမခံ မထမ်းမရွက်စေနှင့်။အသည်အလာ ဝင်နေကပ္ပါး အများ ရှိသည်ကို အနည်းသာရှိသည် စာရင်းပေး၍ မထမ်းမရွက်စေနှင့်။ ဟုတ်မှန်သည့် အတိုင်း တော်တည့်ဖြောင့်မတ်စွာ ဆိုင်ရာအမှုတော်ကို ထမ်းရွက်ကြစေ၊ သူကြီး ပြည်စိုး မြေတိုင် တိုင်ခေါင်း အသည် အလာတို့ကိုလည်း အမှုတော်ထမ်းကုန် နိုင်၍ လုပ်စား ဆောင်စား ဖြစ်အောင် မစ၊ သူကြီး ပြည်စိုး မြေတိုင်၊ တိုင် ခေါင်း အသည် အလာတို့တွင် တရားစကား အယှက်အတင်ရှိလျှင်လည်း

ကြီးသည့်စကားကို ငယ်အောင် ငယ်သည့်စကားကို ပပျောက်အောင် ဂတိသို့ မလိုက် ညီညွတ်စွာစီရင်။

သက္ကရာဇ် ၁၂၀၁-ခု၊ နယုန်လဆန်း ၁၂-ရက်နေ့ နားခံတော် မင်းထင်ကျော် ခေါင်ပြန်။

**အသည်ဝန်၏ နေရာနှင့် အာဏာ။** ။အသည်ဝန်သည် လွှတ်တော်ကွန်း အတွင်းဝန်ကြီး ၄-ပါး၏ တောင်ဘက်က တခန်းခြားတွင် မြင်းစုကြီးဝန်၏ နောက်ကနေရ၍ ဝန်ထောက်တော်မင်းများထက် နေရာမြင့်သော်လည်း ဝန်ထောက်တော်မင်းများမှာ ဝန်ကြီးမင်းအခွင့်အာဏာအတိုင်း ပိုင်သည်၊အသည်ဝန်မှာ ကိုယ်နှင့်ဆိုင်သော အသည်, အလာ, ကပ္ပါး ၃-မျိုးတို့ကိုသာ ဆင့်ဆိုနိုင်သည်။

## ၅၆-နားခံတော်

**အလုပ်တာဝန်။** ။တလလျှင် ရှစ်သီတင်းနှုတ်၍ ကျန် လွှတ်တက်ရက်များမှာ နေမွန်းတည့်အချိန် လွှတ်တက်အရာရှိတို့ စုံသည့်အခါ စီရင်ခင်း, စီရင်ဘွယ် ကြီးကျယ်စွာ ရှိ, မရှိ၊ အဝေးမြို့ရွာများက အကြောင်းထူးခြားစွာ ရောက်,မရောက်၊ လွှတ်တော်မှာ မှတ်သား၍ ဆိုခဲ့သည့်ကိစ္စ ရှိလျှင် ရှိကြောင်း၊•မရှိလျှင်,မရှိကြောင်း၊ သေပြစ်, သေဒဏ် ထိုက်သူရှိ၍ အဆုံးစီရင်ရန် ရှိလျှင် ရှိကြောင်း နားခံကြား တင်လျှောက်စာကို နားခံတော်က သီးခြားရေး၍ လွှတ်တော်က ဧကရာဇ်မင်းမြတ် ရွှေလက်တော်ရောက်တင်ရန် ရှိသမျှ တင်လွှာများကိုလည်း နားခံသို့ အပ်ရသည်။

နားခံတော်က နားခံကြားလွှာ ရေးနည်းမှာ နားခံဘုရား ကျွန်တော်ဝင်ပြီ၊ အစီရင် အထူးအခြားမရှိ၊ အဝေးအလံက စာပေမရောက်ဘုရား....ဟူ၍ အထက်ကြောင်းက ရေးသည်။ ၎င်းပြင် ရွှေလွှတ်တော်သို့ ဝန်ကြီး သတိုးမင်းကြီး မဟာစည်သူ၊ သတိုးမင်းကြီး သီရိမဟာ မင်းခေါင်ဥဇနာ၊ ဝန်ထောက်မင်းကြီး မင်းလှမဟာကျော်ထင်၊မင်းကြီးမင်းခေါင် မဟာသီရိသင်္ခယာတို့ ဝင်သည်ဘုရား ဟူ၍လည်း လွှတ်တက်သမျှ ဝန်ကြီးမင်း ဝန်ထောက်မင်း နားခံတော်များအထိ ဖော်ပြလျက် ရေးရသည်။

**အဆုံးစီရင်မိန့် ကျင့်ထုံး။** ။ထိုမှတပါး လူကိုအဆုံးစီရင်ရန် ရှိသည့်အခါ ရာဇဝတ်အပြစ် အလျောက် မည်သူကို ဝန်တို့က အဆုံးစီရင်ရန် သုံးတန်ပေးသည်ဘုရား....ဟူသော အလွှာသီးခြားရေး၍ လွှတ်တော်က ပေးအပ်သည့် စာများနှင့်တကွ နားခံတော်က ပြဲတိုက်တော်သို့ ဝင်ပြီးလျှင် သံတော်ဆင့်ကို အပ်ရသည်။ သံတော်ဆင့်က အတွင်းဝန်များကို တိုင်ကြားပြသပြီးနောက် အနောက်အတွင်းတော်သို့ ဝင်ခွင့်ရသူ မိန်းမစိုးကို ခေါ်၍ အပ်ရသည်။ ၎င်း မိန်းမစိုးက အနောက်ပိုင်း ဝင်၍ အငြိမ့်အပျိုတော်သို့ အပ်ရသည်၊ ၎င်းကမှ ရွှေတော်ဝင်၍ ရွှေလက်တော်ရောက် ဆက်သသည်၊ သို့ရာတွင် လူကို အဆုံးစီရင်ရန် နားခံကြားလွှာပါလျှင် ၎င်းအလွှာကို ချန်ထား၍ ဧကရာဇ်မင်းမြတ် အိမ်သာတော် အဝင်တွင်မှ အဆောင်ပေါက်က ဆီး၍ ဆက်သရသည်၊ စာကို ဖတ်ရှုတော် မူပြီးကာလ ဆိတ်ဆိတ်နေတော်မူလျှင် အဆုံးစီရင်ရသည်၊ချမ်းသာစေ, အမိန့်တော်ရှိလျှင် ချက်ခြင်းလွှတ်ရသည်။

**အမိန့်တော်ပြန်ပုံ။** ။နားခံတော်မှာ ညနေ သုံးချက်တီးခါနီး တိုင်အောင် ပြဲတိုက်က စောင့်နေရသည်။ အမိန့်တော် တစုံတရာ ထွက်လာလျှင် သံတော်ဆင့်က နားခံတော်သို့ အပ်သည်၊ နားခံတော်ကလည်း အမိန့်တော်စာကို ရိုသေစွာကိုင်ဆောင်၍ ညနေ သုံးချက်တီးသည်နှင့် တပြိုင်နက် ပြဲတိုက်မှ ထွက်လာပြီးလျှင် လွှတ်တော်ရောက်ကာလ သီဟာသနရာဇပလ္လင်တော်၏ လက်ဝဲဘက်၌ အိမ်ရှေ့မင်း နေရာတော်ဖြစ်သော ကတ္တီပါကွပ် သင်ဖြူးရှိရာသို့ ဦးသုံးကြိမ်ချပြီးမှ ပါလာသော အမိန့်တော်ကို ဖတ်ပြန်ရသည်။ အမိန့်တော် မဖတ်မီ စမြွောင်က **"တိတ်စေ"** ဆိုလိုက်သည်နှင့် တပြိုင်နက် လွှတ်တော်အရာရှိများသည် မိမိတို့ နေရာမှ ဆိတ်ငြိမ်စွာနေ၍ အမိန့်တော်ကို နာခံရသည်၊ ဤအခါ ဝန်ကြီးမင်းဖြစ်စေ၊ ဝန်ထောက်မင်းဖြစ်စေ ရှိရသည်၊ အမိန့်တော် တစုံတရာ မပါလာလျှင် နားခံတော်က ကတ္တီပါကွပ် သင်ဖြူးရှိရာသို့ ဦးသုံးကြိမ်ချပြီးမှ လက်တွင် ကိုင်ဆောင်ပါရှိသော ယပ်ရိုးရှည်ကို လွှတ်ချလိုက်သည်၊ ဤအခါ ယနေ့အမိန့်တော်ပြန်ရန် မပါလာသည်ကို သိကြရသည်၊ နားတော်ခံ ပြဲတိုက်က ထွက်လာ၍ အမိန့်တော်ပြန်ပြီးမှ သို့မဟုတ် ယပ်ရိုးရှည်ကို လွှတ်ချပြီးမှ လွှတ်ဆင်းကြရသည်။

အမိန့်တော်ကို နားခံရန် ရွှေလွှတ်တော်တွင် ဖတ်ပြန်ရသည့် အမတ်ကြီး ဖြစ်၍ "ရွှေနားခံတော်ကြီး" ဟု ခေါ်ဝေါ်သည်။ နားခံတော်ဟု ဝိသဇ္ဇနီနှင့် ရေးသော်လည်း "နခံတော်"ဟု ဘတ်ရသည်။ သတ်ထူးကိုကြည့်။

## ၅၇-ပြေးကြီးမှူး

မြေနန်းစမုတ်ဦး အရှေ့မင်းတက်လှေကား၏ အဆင်းမြေပြင်တွင် ကာရံထားသည့် ရွှေရာဇမတ်တံခါး လက်ဝဲ, လက်ယာက ပြေးသား တရင်သားတို့ကို တဖက်စီ ကြီးမ်စွဲလျက် မြီသရီဟု ခေါ်သော ကတ္တီပါနက် ဦးထုပ်အဖျား၌ ကွင်းတပ်စေသည်ကိုဆောင်း၍ အင်္ကျီလက်ကျယ်နှင့် ခစားရသော ပြေးသား လုလင်တို့ကို ကြီးမှူးရသည့် အကြီးအမှူးဖြစ်သော အမတ်ကို "ပြေးကြီးမှူး" ခေါ်ဝေါ်သည်။

**ဦးထုပ်၌ ကွင်းတပ်ရပုံ။** ။ဦးထုပ်ရှက်ချွန် ကြေးကွင်းတပ်ပေါင်း၍ နေရသည့် အကြောင်းမှာ ပူစောထီးလက်ထက် မယ်တော် နတ်နဂါးက သားတော်အား အစောင့်အရှောက် နဂါးအမတ် ရှစ်ယောက် ထားသည်ကို အစွဲပြု၍ ဂဠုန်အန္တရာယ်ကြောင့် ကြေးကွင်းထိပ်၌ စိုက်သည့် သဏ္ဌာန် ဦးထုပ်လုပ်၍ဆောင်းသည်။ နားခံတော်ကို ပြေးကြီးမှူးအရာ ထပ်မံ၍ ခန့်လျှင်"နားခံတော် ပြေးကြီးမှူး" ဟု ခေါ်ဝေါ်သည်။

## ၅၈-ဝေါကြီးမှူး

မင်းကောရာဇ် စီးတော်မူသည့် ဝေါပလာ၊ ဝေါကြီးရိပ်ဝှဲ၊ လင်းဇင်းဝေါ စသည်တို့ကို အပေါင်းအထုပ်နှင့် ဝေါတော်မှာ လူ ၁၂၀-ခန့် ထမ်းရွက်ရသော ဝေါသားတို့ ရှေးအခါကရှိသည်။ နောက်အခါမှာ "ဝေါကြီးရန်လွှင့်, ဝေါပလာရန်လွှင့်, ဝေါကြီးရွှေတိမ်ညင်း" ဟူသော လှေတော်အမှုထမ်းကို ဝေါတော် ထမ်းစေသည်။ ဤအခါ ဝေါကြီးမှူး ကြပ်မ၍ လိုက်ရသည်။

ဝေါဆိုသည်မှာ မြင်းမိုရ်တုရင်တပ်သည်၊ အမခြီးငါးဆင့်, ဦးခြီးသုံးဆင့် တပ်သည်။ ထမ်းစင်မှာ မြင်းမိုရ်ကျေးစေတိုင်, ထောင့်အုံကျေးစေတိုင် တပ်ရ

သည်။ တုရင်မတပ်ရ၊ သို့ဖြစ်၍ မင်းဧကရာဇ်၊ အိမ်ရှေ့မင်း၊ ထို့ပြင် သဒ္ဒါတော်မူသည့် မင်းသားကြီးများသာလျှင် ဝေါကို စီးရသည်။ ယခုအခါ မန္တလေးမြို့တွင် ဝေါတစုံတရာမျှမရှိချေ။ မှူးတော် မတ်တော်တို့မှာ ဝေါ မစီးရ၊ ထမ်းစင်ကိုသာ စီးရသည်၊ မန္တလေးမြို့ နန်းတော် ပြတိုက်အတွင်း ယခုတိုင်ရှိသော ကင်းဝန်မင်းကြီးစီးသည့် ထမ်းစင်ကို မသိသူတို့က ဝေါဟူ၍ ခေါ်ဝေါ်နေကြသည်။ ၎င်းထမ်းစင်ကို အိန္ဒိယဘုရင်ခံချုပ်မင်း လော့ဒ်ကာဇင် လာစဉ်အခါ ၎င်းဘုရင်ခံမင်း ပုဂံမြို့တွင်စီးရန် မူလရှိရင်း ရွှေနှစ်စု၊ အနီတစုကို ထပ်မံ၍ ရွှေပိန်းချထားခြင်းဖြစ်သည်။

## ၇၉-စာရေးကြီး

ဝန်ကြီးမင်း, ဝန်ထောက်မင်းတို့က ဆင့်ဆိုသမျှ လက်ကိုင်ဆိုင်ရာမှုခင်း ကိစ္စများကို နေ့စဉ် ဆင့်ဆိုရာနာခံ၍ ရွက်ဆောင်ရသည်။ စာရေးကြီးနှင့် မဆိုင်သောအမှုကိစ္စဟူ၍ မရှိ၊ အဝေးအလံနိုင်ငံများသို့ အခွင့်ကိစ္စအလျောက် သွားရောက်ရသည့်အခါ အဝေးမြို့ဝန် အရာရှိတို့ကို လွှတ်တော်ကဆင့်ဆိုရန် အမိန့်အာဏာအရ စာရေးကြီးက ဆင့်ဆိုလျှင် လွှတ်တော်၏ အာဏာရင်း ဖြစ်၍ ရိုသေကျိုးနွံစွာ နာခံကြရသည်။

**စာရေးအမျိုးမျိုး။** ။ရွှေလွှတ်တော်စာရေးကြီး အရာနှင့် ခန့်ထားထမ်းရွက်ရသူဦးရေ ၂၀-ခန့်မျှလောက်သာ ရှိသည်။ ၎င်းစာရေးကြီးကိုသာလျှင်“ကြီး”ဟူသော ဂုဏဝိသေသနပုဒ်ကို ထည့်၍ သုံးစွဲခေါ်ဝေါ်ရသည်။ ထိုမှတပါး စာရေးစာချီများကို ဥပမာ-အခွန်စာရေး၊ တရားစာရေး၊ တဆဲ့နှစ်ရာသီစာရေး၊ မြေတိုင်းစာရေး၊ ကွမ်းခန်းစာရေးစသည်ဖြင့် မိမိလုပ်ကိုင်ထမ်းရွက်ရေးမှတ်ရသော ဌာနအမည်ကိုစွဲ၍ ခေါ်ဝေါ်ရသည်။

## ၈၀-တကြောင်းစာချွန်

ဧကရာဇ်မင်းမြတ် အမိန့်တော်ဟူသမျှကို ထန်းဖူးညွန့်ရှည် တမျက်နှာလျှင် စာတကြောင်းတည်းသာ သတ်စုံနှင့် ရေးရသည်။ ယင်းကြောင့် “တကြောင်းစာချွန်” ဟူ၍ ခေါ်ဝေါ်သည်။

**သတ်စုံရေးပုံ။** ။သတ်စုံရေး ဆိုသည်မှာ မူလအက္ခရာရှိရင်းအတိုင်း ပြည့်စုံအောင် ရေးသားခြင်းကို ဆိုသည်။ "ဥပမာ" ရွှေမြို့တော်ဟု ရေးလျှင် မုဒ္ဒဇအက္ခရာ ရ ကြီးကို အမြီးရှည်နှင့် ရေးမြဲ ရေးပြီးမှ ဝ အက္ခရာ ဟ အက္ခရာယှဉ်ရသည်၊ မြို့ကိုလည်း ဝသတ်ထည့်၍ ရေးရသည်။ "ရွှေမြိုဝ့်တော်" ရေးပုံ။

## ၆၁-နှစ်ကြောင်းစာချွန်

လွှတ်တော်ဝန်ကြီးမင်းတို့က နိုင်ငံတော်အတွင်း၌ တိုင်းရေးပြည်မှုနှင့် ထုတ်ပြန်တော်မူသော အမိန့်တော်မြွတ်အရ စာပေးခံအရာရှိတို့ ဂုဏ်ကိုထောက်၍ ဝန်ကြီးမင်းတို့က ကြားလိုက်သည်၊ မှာလိုက်သည်။ နှစ်မျိုးခွဲဝေ ရေးသား၍ ဆိုင်သင့်ရာရာ ပေးအပ်ရသော စာများကို ထန်းဖူး တမျက်နှာလျှင် နှစ်ကြောင်းသာ ရေးရသည်။ သို့ဖြစ်၍ စာရေးသားပုံကို မြင်ကာမျှနှင့်ပင် လွှတ်တော်က ပေးသည့်စာဟု သိနိုင်သည်။ ၎င်းကို "နှစ်ကြောင်းစာချွန်"ဟု ခေါ်ဝေါ်သည်။

## ၆၂-ထန်းဖူးစာခွေပုံနည်း

နန်းတော်က အမိန့်တော်စာဖြစ်မူ-အဝိုင်းတထွာ၊ လွှတ်တော်က စာဖြစ်မူ-အဝိုင်းတညှို၊ ရုံးတော်ကစာဖြစ်မူ-အဝိုင်းတမိုက်၊ အမတ်တဦးဦးက ပေးသောစာဖြစ်မူ အဝိုင်းခုနစ်သစ်ထား၍ ထန်းဖူးစာကို ခွေရသည်။ လိပ်စာကိုလည်း ပြောင်းပြန် မနေရအောင် ရေးသားရသဖြင့် စာခွေကို မြင်ကာမျှနှင့် မည်သည့်ဌာနက လာသည့်စာဖြစ်ကြောင်းကို သိသာနိုင်သည်။

ထို့ကြောင့် ပညာရှိတို့ စပ်ဆိုသည်မှာ—

"သမီးလှမက၊ ရေးရ ပင်ထွက်၊ လှသည့်ရွက်ဖြင့်၊ ညှံ့သက်ဖြည်းသာ၊ သချာဆေးလေး၊ မယ့်လက်ရေးဖြင့်၊ ရပ်ဝေးမြေတာ၊ ခွေစာ ပေးမြောက်၊ အလျောက်တော်ကျ၊ ခွေတုံရသား၊ နန်းမှတထွာ၊ လွှတ်မှာတညှို၊ ရုံးကို တမိုက်၊ ထိုက်လိုက်သိမြင်၊ သို့ရာတွင်မူ၊ မတ်မင်းလျှာဟု၊ ခွေစာ ကျစ်လစ်၊ ခုနစ်သစ်နှင့်၊ ရစ်သည့်အစ၊ ကြောက

မသတ်၊ လိပ်မှတ် ထိုးဟန်၊ ပြောင်းပြန်မနေ၊ ဆက်လာချေသော်၊ စေ့ရေရှင်ပြူး၊ မယ်ပန်းကုံးသည်၊ လက်ရုံးမွေးတော် မူစေသော်"....ဟူ၍ စပ်ဆိုသည်။

## ၆၃-အမိန့်တော်ရေး

ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်မှ သူကြီးကလံ တိုင်အောင် ရာထူးခန့်ထားခြင်း၊ ခန့်ထားသော ရာထူးနှင့် လျော်အောင် အစီးအနင်း အဆောင်အရွက် သနားတော်မူခြင်း၊ သက်ရှိသက်မဲ့ မြေရေလယ်ယာမှစ၍ ပစ္စည်းဝတ္ထုတို့ကို သနားတော်မူ၍ အမိန့်တော် မှတ်ပြန် ထုတ်ဆင့်သောအခါ လွှတ်တော်သို့ အမိန့်တော်ရောက်ကာလ ဝန်ကြီးမင်းတို့၏ လွှတ်တော်ပေး ၂-ကြောင်းစာချွန်ကဲ့သို့မဟုတ်၊ တကြောင်းတည်းဖြင့်သာ ပြီးအောင် ထန်းဖူး ထန်းရွက်ညွန့်ရှည်၌ ရေးသား၍ ပေးရသောကြောင့် "အမိန့်တော်ရေး" တွင်သည်။ အမိန့်တော်စာချွန်တွင် တံဆိပ်တော်ခတ်ရသည်။

## ၆၄-အသုံးစာရေး

ရွှေနန်း၊ ရွှေအိမ် အဆောက်အလုပ်နှင့်တကွ ကျောင်း ဘုရားစေတီ စသော အလုပ်တော်၊ တဆဲ့နှစ်ရာသီ မင်းပွဲသဘင်နှင့်စပ်သော လောကုတ်၊ လောကီ နှစ်လီသော အလုပ်အဆောင်တော်များကို တည်ထားဆောက်လုပ်ရသူ ဖြစ်၍ "အသုံးစာရေး" ခေါ်ဝေါ်သည်။ ရှေးကာလ ညောင်ရမ်းဆယ်ဆက် မင်းတို့ လက်ထက်မှာ "အသုံးစာရေးကြီး" ဟူ၍ အမိန့်တော်မှတ်သည်။

## ၆၅-အမှာတော်ရေး

နိုင်ငံတော် အတွင်း၌ ရာထူးခန့်မှတပါး။ တိုင်းရေး ပြည်မှုကိစ္စတို့၌ ထုတ်ပြန်တော်မူသော အမိန့်တော်မြွတ်အရ စာပေးခံအရာရှိတို့ ဂုဏ်ကို ထောက်၍ ဝန်ကြီးတို့က ကြားလိုက်သည်၊ မှာလိုက်သည်၊ ၂-မျိုး ခွဲဝေရေး သား၍ ဆိုင်သင့်ရာရာ ပေးအပ်ရသောကြောင့် "အမှာတော်ရေး" တွင်လေ သည်။ အမှာတော်ရေး ရာထူးသည် ရာမညတိုင်း ဓမ္မစေတီမင်းလက်ထက်ကပင် ရှိလေသည်။

## ၆၆-အဝေးရောက်စာရေး

မြန်မာနိုင်ငံတော်အတွင်း အရှေ့ရှမ်းပြည် အညာရှမ်းပြည်များနှင့် နိုင်ငံတော် အစွန်အဖျား ချုပ်ကြီး အုပ်ကြီးဖြစ်သူ ရန်ကုန်မြို့ တောင်ငူမြို့ မလှန်မြို့ မင်းတုန်းမြို့ တမူးခန်းပတ်မြို့ အညာ ဗန်းမော် မိုးကောင်းမြို့ မြို့ဝန် စစ်ကဲ နားခံ ရုံးအရာရှိတို့ထံက ရေးကြောင်းထူးထွေ ပို့ရောက်လျှောက်ထားသည့် တင်စာလျှောက်လွှာများကို လက်ခံ၍ အိမ်ရှေ့တော် လွှတ်တက်မင်းသားကြီး အိမ်တော်များနှင့် ဝန်ကြီးမင်း ဝန်ထောက်မင်းအိမ်များကို သွားရောက် ဖတ်လျှောက် တိုင်တန်းရသည်။ ညောင်ရမ်းဆယ်ဆက် မင်းတို့လက်ထက်မှာ "အဝေးရောက်စာရေးကြီး" ဟူ၍ အမိန့်တော်မှတ်သည်။

## ၆၇-မြန်မာသံတော်ခံ

နှစ်စဉ် နှစ်သစ် နယုန်လ၊ နောက် ဝါဆိုလ၊ နောက် သီတင်းကျွတ်လ ၃-ကြိမ် ပွဲတက် ကန်တော့ခံ မြေနန်းပြာသာဒ် သီဟာသန ရာဇပလ္လင်တော်သို့ မိဖုရားခေါင်ကြီးနှင့်အတူ ထွက်တော်မူသည့် အခမ်းအနားမှာ မြန်မာအရာရှိ ဖြစ်သူ နိုင်ငံတော် အစွန်အဖျား မြို့ဝန်ရုံးအရာရှိတို့ ကန်တော့ဆက်သမြဲ လက်ဆောင်တော်များကို ကန်တော့ပွဲတက် အခမ်းအနားတွင် ဖတ်လျှောက် ရသည်။

## ၆၈-ရှမ်းသံတော်ခံ

အထက်က နည်းအတိုင်း တနှစ် သုံးကြိမ် ပွဲတက် ကန်တော့ခံတော်မူသည့် အခမ်းအနားမှာ မိုးနဲ၊ မိုးပြဲ၊ သိန္နီ၊ သီပေါ၊ ကျိုင်းတုံ စသော အရှေ့ရှမ်းပြည် အညာရှမ်းပြည်များက စော်ဘွားကြီးတို့နှင့်တကွ မြို့စုစား ရွှေခွန်မှူး၊ ငွေခွန်မှူး တို့က ဆက်မြဲ ကန်တော့လက်ဆောင်တော်များကို မြန်မာသံတော်ခံနည်း ဖတ်လျှောက်ရသည်။

## ၆၉-လက်ဆောင်စာရေး

နှစ်သစ်, ဝါဝင်, ဝါကျွတ် ၃-ကြိမ် ကန်တော့အခမ်းအနားတွင် ထိုက်သက်ရာ မြို့ရွာဌာန ရာထူးအလျောက် ကန်တော့ကြသည့် ရှိခိုးကန်တော့ လက်ဆောင်တော် ရွှေထည် ငွေထည်များနှင့် ခါသာအုပ် မာသဘက်အုပ် ရွှေဖျင် မြင်း စသော သက်ရှိ သက်မဲ့ လက်ဆောင်တော်များကို မှတ်သားသိမ်းဆည်း၍ ဆိုင်သင့်ရာရာ စာရင်းနှင့်တကွ အပ်ရသည်။ အဝေးအလံ ရှမ်းပြည်မြို့ရွာများက ဆက်သမြဲ ကန်တော့ ကြေးငွေတော်များကိုလည်း တောင်းခံရသည်။

## ၇၀-အသည်စာရေး

အသုံးတော်ရှိ၍ အသည်, အလာ, ကပွါးတို့ ပေးဆောင်ရမြဲ ၁-တမာစေး၊ ၂-လျှော်၊ ၃-ကော်၊ ၄-အုံတုံ၊ ၅-လဲမှို့၊ ၆-တင်လဲ၊ ၇-ဥသျှစ်၊ ၈-မရိုးစစ်မီးသွေး၊ ၉-ထန်းဖူးစည်း၊ ၁၀-မန်ကျည်းမှည့်၊ ၁၁-ရေနံ၊ ၁၂-ပွက်လျက် ဟူသော တဆဲ့နှစ်မှု မင်းတိုင်းပါ အရာဝတ္ထုပစ္စည်း စသည်များကို ထမ်းဆောင်ဆက်သွင်းစေရန် အသည်ဝန်၏အမိန့် နာခံ၍ ဆင့်စာ ရေးသား ပေးအပ်ရသည်။ မြို့သူကြီး ရွာသူကြီး မြေတိုင် မြင်းကြီး မြင်းခေါင်း ခန့်တော်မူသည့် အခါကိုလည်း အသည်းဝန်က ပေးမြဲပေးသည့် အမိန့်စာချွန်ကို ရေးရသည်။ သူကြီးတို့ အရိုးစကား ငြင်းပွါးခြင်း ရှိကြသည့်အခါ ၎ ရွှေတိုက်စာရင်းဖွင့်စေ ကောက်ချက်အရ တောင်ဥယျာဉ်တော်အတွင်းရှိ အောက်ရွှေတိုက်တော်တွင် ၄၅-ခု၊ ၆၄-ခု စစ်တမ်းစာရင်းကို ရေးကူးပေးအပ်ရသည်။

## ၇၁-စာရေးကြီးစာဆိုတော်

ရှေးမင်းများလက်ထက် စာဆိုတော်ကို မြို့စား, ရွာစားပေး၍ သီးခြား ခန့်တော်မူသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက် စာဆိုတော် ဦးအစ်ကို "နေမျိုးဇေယျရန္တမိတ်"ဘွဲ့နှင့် လွှတ်တော်စာရေးကြီး ထပ်၍ ခန့်တော်မူသဖြင့် "စာရေးကြီးစာဆိုတော်"ဟု ခေါ်ဝေါ်သည်။

## ၄၂-ရုံးဆော်

နိုင်ငံရှင် ဘုရင်မင်းမြတ်၌ ၁၂-ရာသီ မင်းပွဲသဘင်အခမ်းအနားတို့၌ စာရင်း ရုံထားရာပါ မှူးတော်, မတ်တော်တို့ကို ဝင်ရောက်ထမ်းရွက်ရန် အခမ်းအနား မတိုင်မီက စေ့နှံ့အောင် လှည့်လည်သွားရောက်နှိုးဆော်ရသည်။

မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီးဘုရား လက်ထက်တော် ရှမ်းပြည်တွင် ကွယ်လွန်သည့် ဗိုလ်မှူး ယောမြို့စား မင်းကြီးသည် ရုံးဆော် အမှုထမ်းက ကံ ညဏ် ဝီရိယအလျောက် တစတစဖြင့် ကြီးကျယ်စွာ သူကောင်းပြု ခံရလေသည်။

## ၄၃-နေရာချ

တနှစ်လျှင် သုံးကြိမ် ပွဲတက် ကန်တော့ခံထွက်တော်မူရာ သဒ္ဒါတော်မူသည့် အရည်အသွားအလျောက် နှစ်စဉ် ပြုပြင်ချထား ဂုဏ်အသရေပေးတော်မူသည့် နေရာတော်ကို ချထားတော်မူသည့်အတိုင်း မှန်ကန်အောင် လက်ဝဲ လက်ယာ မင်းသားကြီးနေရာ ၁၀၊ မင်းသားလတ်နေရာ ၁၀၊ မြင်းမှူးမင်းသားနေရာ ၁၀၊ စစ်သူကြီးနေရာ ၂၊ စော်ဘွားကြီးနေရာ ၂၄၊ နေရာလွတ်နေရာ ၆၊ စော်ဘွားကြီး နောက်နေ နေရာ ၂၄၊ တော်ချွန်နေရာ ၂၊ ယိုးဒယား မင်းသား နေရာ ၂၊ တော်နေရာ ၄၀၊ ဒူးနေရာ ၄၀၊ စနည်းနေရာ ၄၀၊ အတွင်းဘဝေါ နေရာ ၄၀၊ ပြင်ဘဝေါနေရာ ၄၀၊ သူဌေးကြီးနေရာ ၂၊ သူဌေးနေရာ ၃၂၊ သူကြွယ်နေရာ ၃၂၊ တပ်ပေါင်းမြို့စားနေရာ ၁၆၊ တလိုင်းအမတ်နေရာ ၀၊ ယိုးဒယားအမတ်နေရာ ၀၊ ရှမ်းအမတ်နေရာ ၀၊ စုစုနေရာပေါင်း ၄၆၁-ရှိသည့် အနက် သီဟာသနရာဇပလ္လင်တော်ရှေ့တူရူက အိမ်ရှေ့မင်းနေရာတော် ၁၊ စစ် သူကြီးနေရာ ၂၊ မင်းသားကြီး, မင်းသားလတ်၊ မြင်းမှူးမင်းသားတို့နေရာ ၅၄-ကို ချထား၍ စော်ဘွားကြီးများနှင့် မှူးတော်, မတ်တော်တို့ကို မြေနန်း လက်ဝဲဆောင်တော်,လက်ယာဆောင်တော်နှစ်ရပ်တွင် နေရာချထားသည်။နေရာ ချက နေရာစာရင်းပုံနှင့် မတိမ်းမလွဲအောင် ကြည့်ရှု ကြပ်မတ် ချထားရသည်။

## ၇၄-မြေတိုင်းစာရေး

မြို့တည် နန်းတည်ကိစ္စရှိသည့်အခါ မြေကို မှန်ကန်အောင် တိုင်းတာရခြင်း၊ လယ်ယာ ကိုင်းကျွန်း ဥယျာဉ် ခြံမြေမှစ၍ ဘဏ္ဍာတော် ရေမြေများကို စစ်ဆေးခွင့်ရောက်သည့်အခါ တိုင်းတာခြင်း၊ နှစ်ဦး နှစ်ဘက် မြေမှု ရေမှု ရှုပ်ထွေးယှက်တင်ရှိသည့်အခါ အထက်အစိုးရ အရာရှိ မှူးတော်, မတ်တော်တို့ ဆင့်ဆိုရာ နာခံ၍ မှန်ကန်အောင် တိုင်းတာပေးအပ်ခြင်းများကို ထမ်းရွက်ရသည်။

## ၇၅-အခွန်စာရေး

မင်းဘဏ္ဍာတော်နှင့်စပ်သည့် ဈေး ပွဲ ကင်း ကူးတို့များတွင် အကောက်ဝန် ဆင့်ဆိုရာ နာခံ၍ ထမ်းရွက်ရသော အကောက်စာရေး၊ ရွှေခွန်, ငွေခွန်, သံခွန် စသော အခွန်နှင့် စပ်သမျှသော မင်း ဘဏ္ဍာတော်ကို အခွန်ဝန်ဆင့်ဆိုရာ နာခံ ထမ်းရွက်ရသော အခွန်စာရေးဟူ၍ နှစ်မျိုး နှစ်ရပ် ရှိလေသည်။

## ၇၆-ကသောင်းမြောင်တိုက်စိုး

ဝတ်မြေဝန်နှင့်ဆိုင်သော ၂၄-ဌာန ပါ-မပါ၊ ကျောင်း, ဘုရား ဝတ်မိုးဝတ်မြေက ကောက်ခံရသော ဝတ္ထု ကံ အခွန်အတုတ်များကို ကေရာဇ် မင်းမြတ်၏ ဘဏ္ဍာတော်နှင့် မရောမယှက်စေရ၊ သီးခြား သိမ်းထားရာဌာနကို ကသောင်းမြောင်တိုက် သမုတ်၍ ထိုတိုက်ကို အုပ်စိုးထိန်းသိမ်းရသူ အမိန့်တော်ခန့် တိုက်စိုးကို "ကသောင်းမြောင်တိုက်စိုး" ခေါ်ဝေါ်သည်။

## ၇၇-လက်ဆောင်ယူတိုက်စိုး

ရွှေနန်းတော်အတွင်းမှာဖြစ်စေ၊ အနီးအဝေး အခြားဌာနများတွင်ဖြစ်စေ လောကီ, လောကုတ္တရာ အခမ်းအနားကြီးများတွင် ကမ္ဗလာကော်ဇောများ၏ အောက်က ခံ၍ ခင်းရန် ဖျာများကို ပုခန်းဖျာ၊ ဗန့်ကျီတိုက်ဖျာ ပြည့်စုံအောင် ငွေတော်ထုတ်ပေးဝယ်ယူ၍ အလိုရှိတိုင်း ခင်းနိုင်အောင် သိမ်းဆည်း၍ ထားရသည့်ဌာနကို လက်ဆောင်ယူတိုက် သမုတ်၍ ထိုတိုက်ကို အုပ်စိုးမည့်သူအား တိုက်စိုး ခန့်ထား ထိန်းသိမ်း ခင်းကျင်းစေသည်။

## ပြဲတိုက်အရာရှိများ

### ၇ဂ-အတွင်းဝန်

ရှေးအခါ အတွင်းသင်းမှူးဟူ၍ သမုတ်သည့် ကိစ္စမှာ ရွှေနန်းတော်ကြီး တံခါးနီတော်အတွင်းရှိ တိုက်တန်း တင်းကုပ်စသည်တို့၌ မြဲစွဲထမ်းရွက်ရသူတို့နှင့် ရွှေနန်းတော်ကြီးပေါ်တွင် နေ့ညအိပ်ဖန်နှင့် မြဲစွဲထမ်းရွက်ရသူ၊ ထီး ဓား လက်စွဲ အဆောင်မြဲ ကျွန်တော်မျိုးအပေါင်းတို့ကို နေ့မှူ ညမှူ မလစ်မလပ်စေရ၊ စောင့်နေစွဲမြဲမှု မြဲမြံစွာဖြစ်စေရန် လှည့်လည်နှိုးဆော် မေးမြန်းစစ်ဆေး၍ အတွင်းတော်သားတို့၌ **အမိန့်တော်မြတ်** ခံခွင့်ရှိသည်များကို အမြဲဆော်ဖန် စီရင်ရသည်။ ဘုဘာသုဘ အခမ်းအနားတို့ကိုလည်း လက်ခံမှတ်သားပြီးလျှင် တနေ့ သုံးယံ ညီလာခံထွက်တော်မူသည့်အခါမှာ ဝန်ကြီး ဝန်ထောက်စသော မှူးကြီး မတ်ကြီးတို့နှင့် စုံညီတင်ခွင့် သီးခြားတင်လျှောက်ခွင့် ပိုင်းခြားတင် လျှောက်ရသည့် တိုင်းခွင်ပြည်ရေး ဆွေးနွေးတိုင်ပင်ခွင့် တင်လျှောက်ခွင့်များ ကိုလည်း မှူခင်းကိစ္စကို ထောက်၍ အမြဲအားထုတ်ရွက်ဆောင်ရသည်။

### အတွင်းဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူမျှားရှင် လက်နက်စကြာသခင် အရှင် ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်——ရာဇနန္ဒကျော်ကို အတွင်းဝန် ခန့်တော်မူသည်။ သို့ ခန့်တော်မူကြောင်းလည်း ရာဇနန္ဒကျော်သည် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်း ရွက်သောကြောင့် အဆောင်အရွက် အထိုက်အလိုက် သနားပြုစုတော်မူ၍ သံတော်ဆင့်အရာနှင့် အတွင်းတော်မှာ ဆင့်ကဲနေရသည်။ အတွင်းမှု ပြင်မှုမှ စ၍ အလုံးစုံကိုလည်း ကျွမ်းသိနားလည်သသူ အထူးသဖြင့် ယုံမှတ်သနား တော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် အတွင်းဝန် ခန့်တော်မူသည်။

အတွင်းဝန်ဆိုသည့်အရာသည် ငါအရှင်ကေရာဇ်မင်းမြတ်တို့တွင် အတွင်း တော် စီရင်ဖွယ် စီရင်ခင်းမှစ၍ ပြည်ရေးရွာမှု အလုံးစုံကို ကုန်တွင်ပြေလည် အောင် လျှောက်ထားပြန်ဆိုစီရင်ရသူဖြစ်သည်။ ဓမ္မဝတ်, ရာဇဝတ်, လောကဝတ်

အကြောင်းသုံးပါးကို ကျွမ်းသိနားလည်သည်နှင့်အညီ ရွေးအတွင်းဝန်တို့ စီရင်ခန့်ထားသည့် ရွှေနန်းရိုးထုံးစံကို ထောက်၍ ခန့်ထားစီရင်။ သက္ကရာဇ် ၁၁၆၉-ခု၊ နတ်တော်လပြည့်ကျော် ၁၃-ရက်နေ့ လွှတ်တော်ကွန်းစင်တွင်းမှာ နားခံတော် ဇေယျသိခ်သူပြန်၍ အပ်သည့်ပြန်တမ်း။

## ၇၉-သံတော်ဆင့်

ပြဲတိုက်တော်တွင် ကျရောက်သမျှ မင်းမှု၊ မင်းကောရာဇ် သီးခြား စေခိုင်းတော်မူသော အလုပ်ဝတ်တရားများကို ရွက်ဆောင်ရခြင်း၊ မင်းကောရာဇ်ရွှေတော်ရင်ပြင်သို့ ထွက်တော်မူတိုင်း ဝင်ရောက်ခစား၍ တင်စာ,လျှောက်စာများကို ဖတ်ရွတ်လျှောက်ထားရန် အမိန့်တော်မြတ်ရှိသမျှကို ရွှေတော်တွင် အမိန့်တော်မှတ်သင့်သည့် အရာကို မှတ်သားတင်လျှောက်၍ လွှတ်တော်သို့ ထုတ်ပြန်ခွင့်များကို ပြဲတိုက်သံဆင့်သို့ ပေးအပ်၍ ၎င်းက အတွင်းဝန်မင်း စေ့နှံ့အောင်တိုင်တန်းလျှောက်ထားစေပြီးမှ နားခံတော်သို့ ပေးအပ် လွှတ်တော်သို့ ထုတ်ပြန်ရသည့် အမှုကိစ္စများကို ဆောင်ရွက်ရသည်။

## ၈၀-ပြဲတိုက်သံဆင့်

အတွင်းဝန်မင်း သံတော်ဆင့်မင်းတို့ ဆင့်ဆိုရာ နာခံ၍ ပြဲတိုက်တော်တွင် မင်းမှုကိစ္စရှိသည်များကို အားထုတ်ကြိုးကြပ် ထမ်းရွက်ရသည်။

## ရွှေရုံးအရာရှိများ

## ၈၁-မြို့ဝန်

ရွှေမြို့တော်ကြီးနှင့်တကွ ဆင်ခြေဖုံး၊ ရာဇဝတ်ရုံး ဆင့်စုပါ မြို့ရွာ နယ်မြေအတွင်း ရာဇဝတ်ရေး၊ ခိုးသေးမီးပွါး ထွက်ပေါ်ဖမ်းဆီးရမိလျှင် အပြစ်စီရင်ရခြင်း၊ အလေး တင်းတောင်း စဉ်းချိန် ပုဆိုး ဖျင် မိုးကပ် ကာကပ် မမှန်မကန် မရှိစေရ၊ ကစား လောင်းစားမထွက်၊ ဘိန်းဘင်း အရက် ထန်းရည် မပေါ်စေရ ထိန်းသိမ်းခြင်း၊ ကောရာဇ်မင်းမြတ် ထွက်တော်မူခွင့်ရှိသည့်အခါ လမ်းပြင်ခြင်း၊ မီးသင့်လောင်သည့်အခါ သတ်ငြိမ်းခြင်းစသော ရွှေမြို့တော်

ဝန်၏ ကိစ္စကို လေးပြင်ထောင်မှူး၊ ရုံးထိုင် မြို့စာရေး၊ ထောင်စာချီအရာရှိတို့နှင့် နေ့ညစဉ်မပြတ် အားထုတ် ရွက်ဆောင်ရခြင်းတို့ဖြင့် အမြဲနှလုံးသွင်း၍ ထမ်း ရွက်ရသည်၊ နှစ်စဉ် ဝါဆိုလဆန်း ၅-ရက်နေ့ ဆင်ရဲကထက်တင်၍ ဖတ်ပြန် သော ဂရုဓမ္မ စည်တော် လည်ရာကိုလည်း လိုက်ပါရသည်။

## မြို့ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည် — မင်းလှဇေယျသူရကို မြို့ဝန်ခန့်တော်မူသည်၊ သို့ ခန့် တော်မူကြောင်းလည်း မင်းလှ ဇေယသူရသည် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ ခန့်ထားတော်မူသမျှအမှုတော်ကို ကြိုးစားအားထုတ် မသေ့ မဖည် ထမ်းရွက်သည်၊ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို စိတ် ပါကိုယ်ပါ ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သော ကြောင့် မြို့ဝန်ခန့်တော်မူသည်။

မြို့ဝန်ဆိုသည့် အရာသည် ငါအရှင်ကေရာဇ်မင်းမြတ်တို့တွင် ရာဇဝတ်နှင့် လျော်စွာ စီရင်ရသူဖြစ်၍ ဓမ္မဝတ်, ရာဇဝတ်,လောကဝတ် အကြောင်း သုံးပါးကို ကျွမ်းသိနားလည်သသူ ပစ္စုပ္ပန်, သံသရာအကျိုး ၂-ပါးကို ထောက် ထားနိုင်သသူတို့ကို ရွေးချယ်ခန့်ထားတော် မူမြဲဖြစ်သည်၊ ရွှေပြည်တော် မြို့တွင်း မြို့ပြင်မှစ၍ မြို့ဝန်တို့ စီရင်စု လောကကျနယ်လေးရပ်တွင် မြဲမြံခိုင်လုံ သေ ချာအောင် မပြတ်စစ်ကြော ကြည်းကြောင်း,ရေကြောင်း ဘောက်ကား ရောင်း ဝယ်သည့် ကုန်သည်တဲကားမှစ၍ ဆိုင်ကန္နား ရောင်းဝယ်သူတို့များမှာလည်း အလေး, တောင်း, တင်း, စဉ်း, ချိန်ခွင်များကို တံဆိပ်ခတ်မှတ် ပေးအပ်သည့် အတိုင်းသာ ရောင်းဝယ်သုံးဆောင်ကြစေ၊ သာလွန်တိုးပွါး၍ မသုံး မဆောင် စေနှင့်၊ ၎င်းတို့ကိုလည်း အင်နှင့်မတန် သာလွန်၍ မကောက်မယူစေနှင့်။

ရွှေမြို့တော်တံခါး ၁၂-ရပ် အစောင့်အနေ, အဝင်အထွက်မှစ၍လည်း မြဲမြံလုံခြုံအောင် လူစိမ်းလူရှမ်း ရောက်ပေါက် မဝင် မထွက်စေနှင့်၊ တံခါး သားတို့ကို မှတ်စာအပ်၍ ကြပ်ကြပ်စစ်စေ၊ မြို့တွင်းမြို့ပြင် ရပ်စုကွက်စု သားတို့

မှာလည်း ခိုးသေးမီးပွါး မပေါ်မရှိစေရ၊ တရပ်တကျေး ရောက်ပေါက်သူမဟုတ် သသူတို့ကို မလာမရောက် မတည်းမခိုစေရ။ ကြပ်ကြပ်စစ်ကြောစေ၊ ဆင်းရဲသား ကျွန်တော်မျိုးတို့ကိုလည်း တယောက်တယောက် လျှပ်စားပေါက်စားပြု၍ မနှိပ်မစက်စေနှင့်၊ လူစိမ်း, လူရှမ်း လူဆိုးလူသွမ်းတို့ကို တွေ့မိ ပို့အပ်လာလျှင် စင်ကြယ်အောင် စစ်ကြော၍ ရာဇဝတ်အလျောက် သတ်တန် ဖြတ်တန်လျှင် မည်သသူ မည်သို့ပြုကျင့်၍ စစ်ကြောရာတွင် မည်သို့ထွက်ဆိုရှိ၍ သို့ကွပ်ညှပ် စီရင်မည့် ဝန်တို့မှာ အစီရင်ခံမြဲခံ၍ ရှေးစီရင်ထုံးနှင့်အညီ ကွပ်ညှပ်စီရင်။

(ရှေးမင်းတို့လက်ထက် မြို့ကွပ်ဟု ခေါ်ဝေါ်သည်၊ နောက်မင်းများလက်ထက် တိုင်ရောက်မှ မြို့ဝန် အမည်ဖြစ်လာသည်၊ ဗြဟ္မဒတ်မင်း မွေးကျွေးသည့် ဝေဿန္တရာဥသြသည် မင်းကျင့်တရားကို ဟောပြော၍ မြို့ကွပ်အရာ ထားလေ သည်ဟု ပသေနဒီ ကောသလမင်းအား ဟောတော်မူသည်ကို ထောက်လျှင် မြို့ကွပ်သည် အဆက်များစွာကပင် ရှိသည်ဟု သိရသည်၊ ရာဇဝင်၌လည်း တကောင်းပြည်ဝယ် တောင့်တော်သား-တောင့်တယ်ကို မြို့ကွပ်တင်မည် ဆို၍ ခေါ်စေသည်ကို ထောက်လျှင် မြို့ကွပ်သည် မြို့ဝန်ပင်ဖြစ်သည်ဟူ၍ ယူရမည်)။

## ၇၂-ထောင်မှူး

ပုဂံပြည် မင်းတို့အနက် မင်းရှင်နရသိခ်၏ ညီတော် နရပတိစည်သူ မင်းလက် ထက် ယုံမှတ်နှီးရင်းသည့် မင်းဆွေ စိုးမျိုးကို ရွေးချယ်၍ မြို့လေးမျက်နှာကို လေးယောက် လူတထောင်စီနှင့် မှူးကဲစောင့်နေရသောကြောင့် ၎င်းအရာရှိကို "တထောင်မှူး" ခေါ်ဝေါ်သည်။ နောက်မှ စကားရွေ့သဖြင့် "ထောင်မှူး" ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ရာဇဝတ်အပြစ်အလျောက် ဘမ်းဆီး ချုပ်နှောင်ရန် ရှိလျှင်လည်း လေးပြင်ထောင်မှူးတို့၌ အသင့်ရှိသော နှောင်အိမ်အတွင်း ခြေကျဉ်းစွဲရိုက် ချုပ်ထားရသည်။

ကျောင်း ဘုရား အရံစောင့် ကျွန်သီးတော်တို့ တရားစကား အယှက်အတင် ရှိ၍ ဝတ်မြေဝန် မဟာဒါန်ဝန်တို့ စစ်ဆေးစီရင် ရှင်းလင်းပြီးကာလ ရာဇဝတ် အပြစ်အလျောက် သေပြစ် သေဒဏ်ရှိလျှင် ဝတ်မြေဝန် မဟာဒါန်ဝန် မဟာဒါန် စာရေးတို့က လွှတ်တော်နှင့် မြို့ဝန်များ အစီရင်ခံ၍ ခြေကျဉ်းစွဲမြဲ စွဲခတ်ပြီးလျှင်

အာဋ္ဌဝီတံခါးက ထွက်စေ၍ အနောက်ပြင်ထောင်တွင် တည်ရပ်ဆိုင်းစေပြီး အစု အမှုထမ်းချင်း ဘာသာထုံးစံရှိရာ ကြိုး တင်းပုတ်များနှင့် ဆုံးရှုံးအောင် စီရင်ပြီးလျှင် လည်မှာ သက်န်းစုတ်ကို စည်းနှောင်၍ သုသာန် ရေ မြေ သင့်ရာအရပ်တွင် ကျောက်ခုနစ်ခဲ ဆွဲချည်၍ သုသာန်စောင့်တို့ ထုံးစံရှိရာ ချမျှောမြှုပ်သိမ်းစေရသည်။

## ၇၃-မြို့စာရေး

မြို့ဝန်၏လက်အောက်ခံ၍ မြို့ဝန်ဆောင်ရွက်ရန်ကိစ္စအတိုင်း မြို့တော် ဆင်ခြေဖုံးနှင့်တကွ မြို့တွင်းမြို့ပြင်များမှာ ရာဇဝတ်ရေး ခိုးသေးမီးပွါး မပေါ်မပေါက်ရအောင် နေ့ညဥ့်မပြတ် အလှည့်ကျအတိုင်း လှည့်လည် စောင့်ရှောက်ရခြင်း၊ ရာဇဝတ်ပြစ်မှုရှိသူတို့ကို ဖမ်းဆီးခြင်းနှင့်တကွ မြို့ရွာနေလူတို့ အေးချမ်းသာယာစွာ ရှိအောင် အမြဲ စောင့်ရှောက် ထမ်းရွက်ရသည်။ ဂရုဓမ္မ စည်လည်ရာကိုလည်း လိုက်ပါရသည်။

## ၇၄-ရွှေပြည်စိုး

မင်းနေ ရာဇဌာနီ ရွှေမြို့တော်၌ အရိုးအမျိုးအလိုက် မြို့သူကြီး ခန့်ထားသည်။ရုံဖန်ရုံခါ ဇေတရာဇ်ဟူသော အမည်။ ။ရာဇဝတ်ရေးကိစ္စမှာ ရွှေရုံးအရာရှိတို့က စောင့်ရှောက်၍ ထိန်းသိမ်းသည်ဖြစ်၍ ရွှေပြည်စိုးမှာ အထူး ထိန်းသိမ်းရန်မရှိ၊ ထွက်တော်မူ ဝင်တော်မူရှိသည့်အခါ တပ်ဦးတော်က ရွှေရုံး အရာရှိတို့နှင့်တကွ ရွှေပြည်စိုးမောင်းတီး၍ လိုက်ရသည်။ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးက သားတော်, သမီးတော် ဖွားမြင်သည့်အခါမှာဖြစ်စေ၊ ကေရာဇ်မင်းမြတ် ထွက်တော်မူကြီး ထွက်တော်မူသည့်အခါမှာဖြစ်စေ ရွှေပြည်စိုးက ဝတ်ကောင်းဝတ်သန့်နှင့် အိမ့်ရှင်စည်ကြီးကို တီးရသည်။

## အနောက်ရုံးအရာရှိများ

## ၇၅-အနောက်ဝန်

အနောက်ရုံးတော်ဌာနသည်ကား နန်းမြို့တော် သစ်တပ် အနောက်ဘက် အနောက်တံခါး လမ်းမတော်၏ တောင်ဖက်ထောင့်တွင် တည်ရှိသည်။ ယင်း

သည့် အနောက်ရုံးတော်တွင် အနောက်ဝန်တို့ တက်၍ ဆင့်ဆို စီရင်ထမ်းရွက်ကြရသည်များမှာ—

ရွှေနန်းတော်အနောက် အတွင်းတော်သို့ဖြစ်စေ၊ မင်း မိဖုရားအဆောင်တော်များသို့ ဖြစ်စေ၊ အသက် ၇-နှစ်အောက် ငယ်ရွယ်သူယောကျ်ား, မင်းမှုတော်ကိစ္စနှင့်စပ်၍ ဝင်ထွက်ရသူ ယောကျ်ားတို့မှတပါး အခြားယောကျ်ားတို့ အလိုအလျောက် အဝင်အထွက် မရှိစေရ-ဆင့်ဆို ကြည့်ရှုရခြင်း၊ မင်းမှုတော်နှင့် စပ်၍လည်း ဆရာတော် သံဃာတော်ဖြစ်စေ၊ မှူးတော် မတ်တော် အရာရှိဖြစ်စေ၊ အလုပ်သည် ပညာသည်ဖြစ်စေ၊ ကွမ်းကိုင်, ရေကိုင် ကျွန်တော်မျိုးဖြစ်စေ၊ အစုအမှုထမ်းဖြစ်စေ မင်းမိဖုရားတို့ အဆောင်တော်များသို့ ဝင်ထွက်ရန်ရှိလျှင် အနောက်ဝန် အနောက်ဝန်စာရေးတို့ ကြပ်မတ် လိုက်ပါရခြင်း၊ မင်းခမ်း မင်းနား အလုပ်အဆောင်များတွင် မင်း မိဖုရား, သမီးတော်, အပျိုတော်, ကတော်စာရေးတို့ကို စေလွှတ် တင်လျှောက် နှိုးဆော် ဆင့်ဆို သင့်သည်။ ဗြဲတိုက်တော်က ဆင့်ဆိုရှိလျှင် အနောက်ဝန် တင်လျှောက် ဆင့်ဆိုသည့်အရာ၊ အနောက်ဝန်စာရေး, ကတော်စာရေးတို့ကို စေလွှတ်တင်လျှောက် နှိုးဆော် ဆင့်ဆိုသင့်သည့် အရာများကိုလည်း တင်လျှောက် နှိုးဆော် ဆင့်ဆိုရခြင်း၊ မည်သည့်အရပ်ဌာနတို့တွင်မဆို မင်းခမ်း မင်းနား မင်းပွဲသဘင် ကျင်းပသည့် အခါများတွင်လည်း ယောကျ်ားနှင့် မိန်းမတို့ ရောထွေးမရှိစေရ၊ သန့်ခြားအောင် နေရာချထားကြည့်ရှုဆင့်ဆိုရခြင်း၊ အနောက်အတွင်းတော်တွင် တစုံတရာ ရာဇဝတ်တော်ကြောင်းနှင့် မကင်းသည့်အရာ တွေ့ရှိလျှင်လည်း ခေါ်ယူဖမ်းဆီးစစ်ဆေးမေးမြန်းပြီးလျှင် အမိန့်တော်ခံသင့်လျှင် ခံရခြင်း၊ လွှတ်တော်, ဗြဲတိုက်တော်များမှာ လျှောက်ထားအစီရင်ခံသင့်လျှင် လျှောက်ထားအစီရင်ခံ၍ ဆင့်ဆိုရာ နာခံပြစ်ဒဏ်စီရင်ရခြင်း၊ မင်းမိဖုရားတို့ မကျန်းမမာရှိလျှင်လည်း သမားတော်,အနှိပ်တော်တို့နှင့် နေ့ညဥ့်မပြတ် စောင့်ကြပ်ကုညီ ကြည့်ရှုရခြင်း၊ နန်းတွင်းသူတို့ ရွှေနန်းတော်ပြင်သို့ အလိုအလျောက် ဝင်ထွက် သွားလာမရှိစေရ ဆင့်ဆိုကြည့်ရှုရခြင်း၊ မင်း မိဖုရား အဆောင်တော်များတွင်လည်း ယိုယွင်းပျက်စီးရှိသည်, မရှိသည် လမ်းမတော် ဒူးလမ်းများတွင် သာယာကောင်းမွန်စွာ ရှိသည်,မရှိသည်များကို မပြတ်ကြည့်ရှု၍ လုပ်ဆောင် ပြင်ဆင်ရန်ရှိလျှင် ဗြဲတိုက်

တော်မှာ အစီရင်ခံရခြင်း၊ အနောက် ဝန်စုပါ ၉-သပေါက်အစု၊ သပေါက်ကျော် အစု၊ သပေါက်ခံအစု၊ ပြည်ကြီးသပေါက်အစု၊ နွားဘဏ္ဍာအစု၊ ထမ်းစင်တော် အစု၊ ငှက်တော်အစု၊ ကျိုင်းတော်အစု၊ ပန်းတော်ဆက်အစု၊ ဝင့်သီးအစု၊ ဗိုင်း တာအစု၊ ထောင်းချင့်အစု၊ အနောက်ရုံးစေအစု၊ သူငယ်တော် အစုများကို လည်း မင်းမှုတော်ရှိရာ ဆင့်ဆိုစေခိုင်း လုပ်ဆောင်စေရခြင်း၊ အနောက်အတွင်း တော်၊ တောင်ဝင်း၊ အောက်အိမ်များနှင့် မသင့်မတင့်လှသည့်အခါ သုတ်သင် ရှင်းလင်းရန်ရှိလျှင်လည်း ဝင်ထွက်ကြည့်ရှုဆော်ဖန်စီရင်ရသည်၊ အနောက်ဝန် တို့ စီရင်စုနက် အမှုထမ်းတို့တွင် တရားစကား အယှက်အတင်ရှိလျှင်လည်း စီရင် ရသည်။

## အနောက်ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်–ရာဇထိန်းမှတ်ကို အနောက်ဝန် ခန့်တော်မူသည်၊ သို့ခန့် တော်မူကြောင်းလည်း ရာဇထိန်းမှတ်သည် ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရှိသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ထမ်းရွက်သည်၊ ရှေ့သို့ လည်း ခန့်ထားမြှောက်မူသမျှ အမှုတော်ကို မသွေမဖည် ထမ်းရွက်မည့်သူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် အနောက်ဝန် ခန့်တော်မူ သည်။ အနောက်ဝန်ဆိုသည့် အရာသည် ငါအရှင် ကေရာဇ် မင်းမြတ်တို့တွင် အနောက်အတွင်းတော်က အသုံးတော်အလိုရှိ၍ ဆင့်ကဲတောင်းဆိုသမျှကို ဆိုင်ရာပြန်ဆိုဆင့်ကဲ၍ ဆက်သွင်းရသည်။

အနောက်ရုံးတော်တွင်လည်း သွေးသောက်စု၊ မြင်းစုရုံးစေမှစ၍ သူငယ် တော်၊ သပေါက်တော်၊ ကြေးဘဏ္ဍာ၊ နွားဘဏ္ဍာ၊ အရပ်ရပ် အစုအငန်းနှင့် ဆိုင်ရာအမှုတော်ကို နေ့စဉ် လစဉ် မပြတ် ထမ်းရွက်ရသည်၊ အနောက် အတွင်း တော်၊ တောင်ဝင်း[၁]၊ အောက်အိမ်များနှင့် မသင့်မတင့်လှသည့်အခါ သုတ်သင် ရှင်းလင်းရန် ရှိလျှင်လည်း အနောက်ဝန်တို့ မပြတ်ဝင်ထွက် ကြည့်ရှု ဆော်ဖန်

---

၁။ တောင်ဝင်း မှာ နန်းတော်သူ အောက်တန်းသားတို့ အိမ်သာဖြစ်သည်။

စီရင်ရသည်၊ အနောက်အတွင်းတော်တွင် အိပ်လှည့်အိပ်ဖန် အစောင့် အနေနှင့် ထမ်းရွက်ရသည့်သူငယ်တော်၊ သပေါက်တော်တို့နှင့် အရပ်ရပ် အမှုထမ်းတို့ကို နှိုးဆော်မပြတ် စောင့်နေထမ်းရွက်စေရမည်။ သို့မျှားကို အမြဲနှလုံးသွင်း၍ အမှုတော် ပြီးပြေကုန်တွင်လွယ်အောင် နှိုးဆော်စီရင်၊ အနောက်ဝန်တို့ စီရင်နက် အမှုထမ်းတို့ကို အမှုတော်ကို ထမ်းကုန်နိုင်အောင် မစ၊ အနောက်ဝန်စီရင်နက် အမှုတော်တို့တွင် တရားစကား အယုက်အတင်ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်, ငယ်သည့်စကားကို ပပျောက်အောင် ဂတိသို့မလိုက် ညီညွတ်စွာ စီရင်၊ အနောက်ဝန် ၃။ တလလျှင် လစာငွေတော် ၃၀ဝိ-သနားတော်မြတ် ခံရသည်။

## ၇၆-အနောက်ဝန်စာရေး

အနောက်ဝန်တို့ ဆင့်ဆိုရာ နာခံ၍ မင်း မိဖုရားတို့ အဆောင်တော်များသို့ နေ့ညမရွေး သွားရောက်ပြီးလျှင် တင်လျှောက်တားမြစ် ပိတ်ပင်ခွင့်ရှိသည့်အရာမျှား အားထုတ်နှိုးဆော်၍ အကြောင်းထူးရှိက အနောက်ဝန်တို့ကို တိုင်ကြားအစီရင်ခံရသည်။ ရွှေနန်းတော် အနောက်ပိုင်း မင်းမိန်းမတို့ရှိရာသို့ နေ့ညမရွေး ဝင်ထွက် ထမ်းရွက်ရသူမျှားဖြစ်၍ စိတ်နေစိတ်ထား တည်ကြည် ဖြောင့်မတ်စွာ သမာဓိရှိသူ အသက်အရွယ် ကြီးရင့်သူတို့ကိုသာလျှင် အနောက်ဝန် စာရေးခန့်ထားတော်မူမြဲ ဖြစ်သည်။

ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး ဘုရားလက်ထက်တော် သက္ကရာဇ် ၁၂၃၀-ခုနှစ်၊ ဝါခေါင်လဆန်း ၁၀-ရက်နေ့ အလုံနယ် ရွာတုံရွာဇာတိ မြောက်ဒဝယ် အမှုထမ်း ငရွှေသည် မြောက်ဒဝယ်ဆောင်တော်တွင် အိပ်ဖန်အိပ်ရင်း ညအခါ သတိပဌာန်ကို ပြန်ဆိုနေသည့်အခိုက် ဘဝရှင် မင်းတရားကြီးဘုရား ထွက်တော်မူလာရာ ရွှေနားတော်မြတ် ကြားတော်မူသဖြင့် နံနက်ညီလာခံတွင် ညတချက်တီးကျော်အချိန် မြောက်ဒဝယ်ဆောင်က သတိပဌာန်ပြန်ဆိုသူ အမှုထမ်းကိုခေါ်စေ အမိန့်တော်အရ သံတော်ဆင့် အမြန်သွားရောက် စစ်ဆေး ခေါ်ယူရသဖြင့် ရှေ့တော်သို့ ရောက်သည့်အခါ ရုပ်ဆင်းသဏ္ဍာန်လည်း ကြမ်းကြမ်းတမ်းတမ်း တောဂိုက် တောဟန် ဖြစ်သည့်ပြင် အသက် ၅၀-ကျော်ရွယ်

ရှိခြင်း၊ ရိုးဖြောင့် တည်ကြည်ပုံ ရှိခြင်းများကို မြင်တော်မူသဖြင့် ယင်းသည့် မြောက်ဒဝယ် အမှုထမ်း ငရွှဲကို အနောက်ဝန်စာရေး ခန့်တော်မူသည်။ ပိုး ပုဆိုး ၃-ထည်၊ခေါင်းပေါင်းအုပ်ပိတ်အုပ် ၃-စည်းများကို သနားတော်မူသည်။

## ၈၇-ကတော်စာရေး

နေရာတော်နေ ကတော်မယားတို့မှာ လောကီ, လောကုတ္တရာ အခမ်းအနား နှင့် စပ်၍ သဘင်မင်းပွဲသို့ ဝင်ရောက်ခွင့်နှင့် တကွ အနောက်ပွဲတက် ကန်တော့ခံ အခမ်းအနားများမှာလည်း ချထားရင်းနေရာတော်ကို ပြုပြင်ပြောင်းလဲတော် မူသည်-မမူသည်ကို ကြည့်ရှု၍ ကတော်မယားတို့ နှိုးဆော်ရသည်၊ ကတော် စာရေး ၄-တို့မှာ တလလျှင် လစာငွေတော် ၈ဝိ-သနားတော်မြတ်ခံရသည်။

## တရားရုံး အရာရှိများ

## ၈၈-တရားသူကြီး

တရားရုံးတော်ဌာနသည်ကား—နန်းတော်ရှေ့ သစ်တပ်ပြင်ဘက် ရွှေးတော် ယူတံခါး လမ်းမတော် ဝဲဘက်တွင် ရှိသည်၊ ၎င်း လမ်းမတော်၏ ယာဘက်က ရာဇဝတ်တော်ရုံးတော်နှင့် ယှဉ်ပြိုင်လျက် ဖြစ်သည်၊ ယင်းသည့် တရားရုံးတော် တွင် တရားသူကြီး ၂-ဦး အလှည့်ကျတက်၍ စီရင်ထမ်းရွက်ရသည့်များမှာ ပြည်သူတို့ တဦးနှင့်တဦး ယှက်တင်ဖြစ်ပွါးသည့် တရားစကားများတွင် အမွေမှု နှင့်စပ်၍ သခေ်ပအားဖြင့် အရပ် ၇-ပါး၊ နာတိသခေ်ပအားဖြင့် ၁၂-ပါး၊ ဝိတ္ထာရအားဖြင့် ၁၂ဝ-ကျော်၊ အတိဝိတ္ထာရအားဖြင့် အလွန်များပြားသော အမွေမှု တရားစကား။

မြီမှုနှင့်စပ်၍ မြီတက်ခြင်း ၄-ပါး ၆-ပါး၊ မြီလွဲခြင်း ၄-ပါး၊ မြီလွဲခြင်း လက္ခဏာ ၃-ပါး၊ မြီတောင်းခြင်း ၄-ပါး၊ ခံထမ်းခြင်း ၂-ပါး၊ ၃-ပါး၊ ၁၂-ပါး၊ မြီရှင်, မြီစားတို့ လှည့်ပတ်ခြင်း ၁၂-ပါး၊ မြီတောင်းခြင်း ၃-ပါး၊ ၆-ပါး၊ မြီမ တောင်းအပ်သည့် အရပ် ၇-ပါး၊ မြီတလလှည်း, မြီပင်လှည်း စသောအားဖြင့် အလွန်များပြားသော မြီမှုတရားစကား။

အိမ်မှုနှင့်စပ်၍ မယားအပြား ၇-ပါး၊ မိန်းမတို့ မာန်တက်ခြင်း ၄-ပါး၊ လော်လည်ခြင်း ၅-ပါး၊ အပြစ် ၆-ပါး၊ စွန့်အပ်သော မယား ၃-ပါး၊ ၅-ပါး၊ ပေါင်းအပ်သော မယား ၄-ပါး၊ ချစ်အပ်သော မယား ၁-ပါး၊ ထားအပ်သော မယား ၁-ပါး၊ မင်းစသော အမျိုးငါးပါးကို စွဲ၍ဖြစ်သော မယား၃-ပါး၊ ၅-ပါး၊ မယားကြီး၊ တော်ပြောင်၊ ကြေးပေါင်ဟူသော မယား-၃၊ တနည်း အပြောင် ၆-ပါး၊ ရှင်းကွာခြင်း ၅-ပါး၊ ကွာခြင်းလက္ခဏာ ၃-ပါး စသောအားဖြင့် အရာ မကသော လင်မယားကွာမှု တရားစကား။

ကညာဖျက်ဆီးမှုနှင့်စပ်၍ အာကာရဘေဒအားဖြင့် ကညာ ၄-ပါး၊ ၅-ပါး၊ ၉-ပါး၊ ပဘေဒအားဖြင့် ကညာ ၅-ပါး၊ ၉-ပါး၊ မိဿကဘေဒအားဖြင့် ကညာ ၂၁-ပါး၊ ၂၂-ပါး၊ ရေယှက်ကျူးလွန်ပုံ အခြင်းအရာ ၄-ပါး၊ ၅-ပါး စသဖြင့် အရာမကသော ကညာဖျက်ဆီးမှု တရားစကား။

ပရဒါရမှုနှင့်စပ်၍ ခိုးခြင်း လက္ခဏာအားဖြင့် ၇-ပါး၊ ဝံသဘေဒအားဖြင့် ၄-ပါး၊ ၅-ပါး၊ မိဿကအားဖြင့် များစွာသော ပရဒါရမှုတရားစကား။

မြေမှုနှင့်စပ်၍ မြေပိုင်ခြင်း၇-ပါး၊ပေါင်ခြင်းတပါး၊ ရောင်းခြင်း ၂-ပါး၊နိမိတ် အပိုင်းအခြား ၂၇-ပါး စသည်ဖြင့် များစွာသော မြေမှုတရားစကား။

ကျွန်မှုနှင့်စပ်၍ ပိဋကတ် ကျွန် ၄-ပါး၊ စေအပ်ကျွန် ၇-ပါး၊ မစေအပ်ကျွန် ၇-ပါး၊သုဒ္ဓသညာအားဖြင့် ၃၈-ပါး၊ ဥဒ္ဒေသအားဖြင့် ၉၉-ပါး၊ နိဒ္ဒေသအားဖြင့် ၁၉၇-ပါး၊ ပဋိနိဒ္ဒေသ အားဖြင့် ၆၂၂-ပါး အပြားရှိသော ကျွန်တရားမှုတရား စကား။

နှုတ်လွန်မှုတရားစကား၊ လက်ရောက်မှု တရားစကား အစရှိသော မူလအစ တရားမှုများကို တရားသူကြီးတို့အင်္ဂါ ၅-ပါး၊ ၈-ပါး၊ ၁၂-ပါး၊ ပဋိညာဉ် ၄-ပါး စသည်တို့နှင့် ပြည့်စုံစေသဖြင့် မနုမနော၊ မနုဿိက၊ ဓမ္မဝိလာသ ဝိနိစ္ဆယ၊ ရွှေမျဉ်း၊ မနုဝဏ္ဏနာ၊ မနုကျယ်၊ အဋ္ဌသံခေပဝဏ္ဏနာ စသော ဓမ္မသတ် သုံး ဆယ်ကျော်၊ဖြတ်ထုံးဖြတ်ပုံ အထွက်အရှိများကို နှိုင်းညှိထောက်ထား ဆင်ခြင်၍ တံစိုး ၃-ပါး၊ အဂတိက ၄-ပါး လွတ်ကင်းစေလျက် နိုင်တန်သသူကို အနိုင်၊ ရှုံးတန်သသူကို အရှုံး၊ ဆုံးဖြတ်စီရင်ထမ်းရွက်ရလေသည်။

သည်ကဲ့သို့ စီရင်သည်ကိုမှ အမှုသည်တို့ သဘောမကျ မပြီးမပြတ်ရှိမူ တရားဌာနချုပ်ရှိလျှင် ဌာနချုပ်အရာရှိကြီးထံ သွင်းရသည်၊ မပြီးပြန်လျှင် လွှတ်တော်သို့ တင်သွင်းရလေသည်။

လွှတ်စီရင်ချက်မှာ အမှုသည်တို့ သဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ လဘက်လှဲမ်း စားရသည် မရှိ၊ စီရင်တိုင်း ပြီးပြတ်ရလေသည်။ အမှုသည်တို့မှာ စွဲလျှောက်၍ မှတ်ချက်ကျသည်က ပြီးဆုံးသည်တိုင်အောင် တရားလို့ တရားခံတို့ကို ခံဝန်သူနှင့် နေ့ရက်ချိန်းချက်၍ ထားရလေသည်။ ပြီးပြတ်သောအခါ စီရင်ချက်ပါ ငွေများကို တခါတည်း အပြေပေးစေရသည်၊ မပေးနိုင်ရှိလျှင် ခံဝန်သူနှင့် ငွေနည်းများကိုထောက်၍ ရက် လ ပေးသည်။ ခံဝန်သူမရှိလျှင် အာဏာ စိုးတန်းတွင် ချုပ်ထား တောင်းခံရသည်။ နေ့လကြန့်ကြာရှိ၍ မပေးမရကြောင်း လျှောက်ထားရှိလျှင် ထိတ်ခတ်၍ တောင်းခံရသည်။ ထိုကဲ့သို့ တောင်းခံ၍ မပေး မရ၊ နေ့လ ကြန့်ကြာကြောင်း တရားနိုင်က လွှတ်တော်မှာ လျှောက် ထားရှိလျှင် ချည်နှောင်၍ တောင်းခံရလေသည်။ တရားခံတို့ကို ခေါ်ငင်ရာ မလိုက်မပါ ၃-ကြိမ်ရှိ၍ လုလင်မေးချက်နှင့်တကွ တရားသူကြီးတို့က လွှတ်တော် မှာ လျှောက်ထားရှိလျှင် လွှတ်တော်က အတင်းခေါ်၍ ရိုက်ဒဏ်ပေးပြီးလျှင် အပ်ရသည်။

ခိုင်ကွမ်းဖိုးတော်ငွေ တောင်းခံရသည်များမှာ ပဌမ စွဲလျှောက်ရင်း အလှူ ပါငွေကို ပမာဏ မပြုရ၊ အမှုဆုံးခန်းရောက်ပြီး စီရင်ချက်ပါငွေကို ပမာဏပြု၍ ငွေ ၁၀ိလျှင် ငွေ ၁-ကျ ဥပဒေ ထုံးစံရှိသည့်အတိုင်းသာ တောင်းခံ၍ ကွမ်းဖိုးထိန်း က ဆက်သွင်းရလေသည်။ အောက်ရုံးများက အဆင့်ဆင့် အယူခံ တက်ရောက် သောအမှုများမှာလည်း နောက်ဆုံး ပြီးပြတ်သော ဌာနရုံးကသာ တကြိမ်တခါ တည်း စီရင်ချက်ပါငွေ ဆယ်ခိုင်တခိုင်ကျ တောင်းခံပြီးလျှင် စွဲလျှောက်ရင်း ရုံးသို့ ပြေစာပေးအပ်လိုက်ရလေသည်။

## တရားသူကြီးခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင် မင်းတရားကြီး

ဘုရား အမိန့်တော်ရှိသည်–မင်းကြီး အတုလမဟာသီဟသူကို တရားသူကြီး ခန့်တော်မူသည်။ သို့ ခန့်တော်မူကြောင်းလည်း မင်းကြီး အတုလမဟာသီဟသူသည် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိ ရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုး ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို ကုန်တွင်အောင် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုး ဖြစ်သောကြောင့် တရားသူကြီး ခန့်တော်မူသည်။

တရားသူကြီးဆိုသည့် အရာသည် ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာနီရွှေပြည်တော်ကြီးဖြစ်၍ ကျွန်တော်မျိုး အပေါင်းတို့သည် တယောက်ကို တယောက် မနှိပ်မစက်စေရ၊ ဆုံးမကွပ်ညှပ် စီရင်ရသည်။ တရားစကား အယုက်အတင်ရှိလျှင်လည်း တရားဓမ္မသတ်နှင့်အညီ စစ်ကြော စီရင်စိမ့်မည်။ တရားရုံးတော် တရားသူကြီး ၂-ယောက် ကျွန်တော်မျိုး ဆင်းရဲသားတို့ အစီရင်ခံလာလျှင် မနုဓမ္မသတ်တို့ကို ကိုင်၍ စီရင်၊ မတွေ့လျှင် မနောသာရရွှေမျဉ်း ၄-စောင်တွဲကို ကိုင်၍ စီရင်၊ မတွေ့လျှင် ဘေးလောင်းတော် မင်းတရားလက်ထက်တော် ကိုင်းစားမနုရာဇာတို့ စီရင်ထုံးသို့လိုက်၍ စီရင်ထုံး စီရင်နည်း ရှိသည့် အတိုင်း စီရင်၊ တရားမဖြစ်တန်, မဖြစ်လောက်သည့် အမှုအခင်းကို အမှုသည်တို့ မောဟာဂတိသို့လိုက်၍ အစီရင်ခံလာသော်လည်း မစစ်မကြော မစီမရင်နှင့် အကျိုးအကြောင်းကို ပြသပြောဆိုရမည်၊ သို့မျှားကို အမြဲနှလုံးသွင်း၍ တံစိုးသုံးပါး အဂတိလေးပါးသို့မလိုက်၊ ဓမ္မသတ် စာဟောင်း စီရင်ထုံးရှိသည့်အတိုင်း တရားကို နားဖာည်သည်နှင့်အညီ တော်တည့်ဖြောင့်မတ်စွာ စီရင်။

## ၇၉-တရားနားခံ

တရားနားခံမှာ–တရားရုံးတွင် စွဲရင်းတရားမှု, လွှတ်တော်အမိန့်မှတ်ချက်အရ ဆိုက်ရောက်လာသော အခြားဌာနက ဖြစ်ပွါးသည့် တရားစကားမှုများကို တရားကြွင်းကျန်မရှိစေရ၊ ဓမ္မသတ်, ရာဇသတ် ပညတ်ပိုင်းခြားသည့်အတိုင်း အချေအတင်နှင့်စပ်၍ စစ်ဆေးသင့်သည့်အရာ, သာဓက လိက္ခိတ သက်သေတို့ကို စစ်ဆေးသင့်သည့်အရာ, ကမ္ဘာလေးရပ်လမ်းတွင် သင့်လျော်ရာလမ်းကို

လိုက်စေ၍ စစ်ဆေးသင့်သည့် အရာများကို တရားသူကြီး မိန့်ဆိုရာ နာခံရွက်ဆောင်ရသည်။ ဂရုဓမ္မငါးပါးစည်လည် ဖတ်ပြန်ရာကိုလည်း လိုက်ပါရသည်။

## ၄၀-တရားစာရေး

တရားရုံးတွင် ရေးမှတ်ရန်ရှိသမျှကို ရေးမှတ်ရွက်ဆောင်ရသည်။ ဂရုဓမ္မငါးပါးစည်လည် ဖတ်ပြန်ရာကိုလည်း လိုက်ပါရသည်၊ ရှစ်ရက် လပြည့် လကွယ်နေ့များမှာ တရားရုံးအရာရှိတို့ ရုံးမတက်ရ။

## ၄၁-အမိန့်တော်ရ

တရားဓမ္မသတ် ကျမ်းကျင် တတ်မြောက်သူကို အမှုသည်တို့ ကိုယ်စားလှယ်အဖြစ် လျှောက်လဲချေဆိုနိုင်ရန် ဧကရာဇ်မင်းမြတ်က အမိန့်တော်ပေးအပ်ခန့်ထားခြင်းခံရသူဖြစ်၍ "အမိန့်တော်ရ" ခေါ်သည်၊ လွှတ်တော်မှာ လဲ လျှောက်ခွင့်ရသူ တရားရုံးတော်တွင် လဲလျှောက်ခွင့်ရသူ အမိန့်တော်ရ ရွှေနေ, ရွှေရပ် ၂-မျိုးတို့အနက် တရားရုံးတွင် လိုက်ပါလျှောက်လဲရသူ အမိန့်တော်ရတို့က လိုက်ပါရင်း တရားလို, တရားခံ အမှုသည်တို့ မှုခင်းတရားများကို နေ့စဉ်လိုက်ပါလဲလျှောက်ရသည်၊ ဂရုဓမ္မငါးပါး စည်လည်ဖတ်ပြန်ရာကိုလည်း လိုက်ပါရသည်၊ လွှတ်တော်တွင် ရုံဖန်ရံခါသာ တရားမှုရှိသည်၊ တရားသူကြီးတို့မှတပါး ကျန်အရာရှိတို့မှာ တရားရုံးတော်တွင် ဝဲယာခွဲဝေ၍ ညလှည့်အိပ်ဖန်စောင့်နေ ထမ်းရွက်ကြရသည်။

## ရွှေတိုက်အရာရှိများ

## ၄၂-ရွှေတိုက်ဝန်

ရွှေတိုက်ဝန်မှာ–ရွှေတိုက်စိုး၊ ရွှေတိုက်ကြပ်၊ ရွှေတိုက် စာရေး၊ ရွှေတိုက်ဝန်စာရေး၊ ရွှေတိုက်လက်သမား၊ တိုက်စိုး၊ တိုက်စာရေး၊ အဝှန်းငယ်သားစသော ရွှေတိုက်ဝန်ဆိုင်ရာ အရာရှိအမှုထမ်းတို့ အပေါ်အုပ်ချုပ်၍ ရွှေတိုက်ဝန်ခန့် ပြန်တမ်းအမိန့်တော်တွင် ပါရှိသည်နှင့်အညီ နှီးဆော်စီရင်ရသည်။

## ရွှေတိုက်ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်–မတဲဒေးဝန်းတိုက် အကောက်ဝန်မင်းကြီး မဟာသီဝ မင်းလှမင်းထင်ကို ရွှေတိုက်ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မတဲဒေးဝန်းတိုက် အကောက်ဝန် မင်းကြီး မဟာသီဝမင်းလှမင်းထင်သည် မင်္ဂလာအိမ်တော်စံတော်မူစဉ်ကပင် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုး ကြိုးစားအားထုတ်ထမ်းရွက်သည်၊ ရှေ့သို့လည်း ခန့်ထားတော်မူသမျှအမှုတော်ကို မသေ့မဖည်ကုန်တွင်အောင် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် ရွှေတိုက်ဝန် ခန့်တော်မူသည်။

**ရွှေတိုက်ဝန်။** ။ရွှေတိုက်ဝန်ဆိုသည့်အရာသည် ငါအရှင်ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာနီ ရွှေပြည်တော်ကြီး အခြံအရံများသော တိုင်းကားနိုင်ငံ သတော်ဆိပ်များက ဘိုးတော်ခွန်တော် အနဂ္ဃရတနာ ရွှေ ငွေ အုပ်မျိုး ထည်မျိုးမှစ၍ များသော စီးပွါးတော် ဘဏ္ဍာတော်ကို နေ့စဉ်၊ လစဉ် ရွှေဖဝါးတော်အောက် မပြတ်ဆိုင်ရာကို တိုက်တော်၊ ကျီတော်များမှာ ဆက်သွင်းရသည်၊ နေ့စဉ်၊ လစဉ် မပြတ် သုံးဆောင်တော်မူသည့် အရာများလည်း ရှိသည်။ သို့သွင်းသည်-သုံးသည်၊ မည်သို့ အဘိုးထိုက်သည်၊ အကောင်း၊ အညံ့ ဖြစ်သည် မထွေးမယှက်ရ၊ ခြားနားသိသာသေချာအောင် မပြတ်ကြည့်ရှု ရမည်။

ရွှေတိုက်တော်မှစ၍ အရပ်ရပ် တိုက်တော် ကျီတော်များမှာ သွင်းသည်၊ သုံးသည်၊ ဘဏ္ဍာတော် အချိန်အတွက် မည်မျှရှိသည်များကို စာရင်း-ပေရင်း သေချာအောင် တိုက်စိုး၊ တိုက်စာရေးတို့ကိုပြသင့် ဆင့်ဆို၍ မှတ်သားစေ၊ သော့ပနောက်ကို သေချာအောင် ခတ်ထားစေ၊တိုက်တော်၊ ကျီတော်တွင် မည်သို့ သွင်းသည်၊ သုံးသည်ကိုလည်း နေ့ရက် စွဲမှတ်၍ တိုက်စိုး တိုက်စာရေးတို့ကို စာရင်းပေးစေ၊ အလုပ် အဆောင်တော်၊ ကျောက်၊ ရွှေ ငွေ ကုန်ရန်ရှိလျှင်လည်း စာရင်းနှင့် ရွှေတိုက်ဝန်က ဆက်မြဲဆက်၊ တိုက်စိုး တိုက်စာရေး

အဝှန်း ခေါင်းငယ်သားတို့ကိုလည်း ဆိုင်ရာ တိုက်တော်များတွင် ညဥ့်နေ စောင့်နေစေ။

ဘိုးတော်, ခွန်တော်သွင်းလျှင်လည်း ရွေးထုံးစံရှိသည့်အတိုင်း ရွှေတိုက်ဝန် ရွှေတိုက်ကြပ် တိုက်စိုး တိုက်စာရေး သူဌေးတို့မှာ ဆိုင်ရာပေးယူကြစေ၊ သာလွန်၍ မယူစေနှင့်၊ တိုက်တော်, ကျီတော် ခတ်ထားသည့် သော့ပနောက်များကိုလည်း ချထားမြဲအချိန်တွင် ချထားစေ၊ အချိန်ကျူးလျှင် အတွင်းဝန်တို့ကို အစီရင်ခံ၍ အတွင်းတော်မြဲတို့နှင့် ဖွင့်, ပိတ် သုံးဆောင်စေ၊ အားလုံး သတိဝီရိယပြု၍ မယိုမယွင်း မလစ်မဟင်းစေရ ဖြောင့်မတ် မှန်ကန်စွာ နှိုးဆော်စီရင်။

## ၉၃-ရွှေတိုက်စိုး

ရွှေတိုက်တော်ရှိ ဘဏ္ဍာတော်များကို ထိန်းသိမ်းရန်အခွင့်၊ မင်း မိဖုရားတို့ အဆင်တန်းဆာတော် ချုပ်လုပ်ရန်အခွင့်၊တဆဲ့နှစ်ရာသီ မင်းပွဲသဘင်အလျောက် လွတ်တော်, ပြဲတိုက်တော်များက စာချွန်ပေးအပ် ဆင့်ဆိုတောင်းခံသည်များကိုလည်း ပြေကုန်အောင် စီမံထမ်းရွက်ရသည်၊ ရွှေတိုက်စိုးမှာ ဦးကြွက်၊ ဦးဆင်၊ ဦးကြယ်ပေါက် တို့ဖြစ်သည်။

## ၉၄-ရွှေတိုက်ကြပ်

ရွှေတိုက်ဝန်, ရွှေတိုက်စိုးတို့ ဆင့်ဆိုရာ နာခံ၍ ရွှေတိုက်စိုးတို့ ဝတ္တရားအတိုင်း အလုပ်တော်, အဆောင်တော်များနှင့်တကွ စီမံစေ့စပ် အားထုတ်ရွက်ဆောင်ရသည်။ အထက်ရွှေတိုက်, အောက်ရွှေတိုက် ၂-ရပ်ရှိသည်တွင် အထက်ရွှေတိုက်ဆောင်တော်မှာ မှန်နန်းဆောင်တော်ကြီး၏ အရှေ့တောင်ထောင့်တွင် ကပ်လျက်ရှိသည်၊ အောက်ရွှေတိုက်မှာ တောင်စမုတ်တော် အရှေ့ဘက် ဒဝယ်တံခါး မြို့ရိုးအတွင်း အမှုထမ်း သူကြီးကလံ မျိုးစုံစာရင်းတိုက်ကို ဆိုသည်၊ ရွှေတိုက်ကြပ်မှာ ဦးဆွဲ၊ ရွှေဘိုမင်းလက်ထက်စ၍ ခန့်သည်။ မောင်သိန်းနှင့် မောင်ဘီတို့မှာ ၁၂၄၄-ခု၊ ဝါခေါင်လ ခန့်သည်။

## ဝန်စု မှူးစုများ

### ၉၅–ရှေ့ဝင်းမှူး

ရွှေနန်းတော် လေးမျက်နှာ ပတ်လည် တမျက်နှာလျှင် တဌာန ပိုင်းခြား၍ ရှေ့ဝင်းမှူး၊ လက်ယာ ဝင်းမှူး၊ နောက် ဝင်းမှူး၊ လက်ဝဲ ဝင်းမှူး အရာကို မင်း အဆက်ဆက် ခန့်အပ်ထားရှိမြဲ ဖြစ်သည်။

ဝင်းမှူးဆိုသည့် အရာသည် ကေရာဇ်မင်းမြတ်တို့တွင် သူရဲ သူခက် မားစွဲ ကိုယ်ရံတော် လက်နက် ကိရိယာစုံနှင့် ရာဇဝတ်ကြောင်း မြဲမြံခိုင်လုံအောင် ဝင်းတော် လေးမျက်နှာတွင် ညဉ့်, နေ့ဆိုင်ရာ တန်းနှင့် စောင့်နေ ထမ်းရွက်ရ သည်၊ ရွှေနန်း, ရွှေဘုံတွင်လည်း ၄၀-တော်၊ ၅၀-တော်၊ စားတော် ကွမ်း ရေကိုင်၊ အဆောင်တော်မြဲ အမတ်၊ ကျေးစား, ရှာစား၊ လူပျို၊ မြေနန်းဝန်း ကျင်၊ သေနတ်သွေးသောက်ကြီး၊ သင်းမှူး၊ ဒိုင်းမှူး၊ သူရဲမှူး၊ တပ်ကောင် ဟန်မှူး၊ အမြောက်မှူးမှစ၍ ခေါင်းစကြီး အဝှန်းငယ်သားတို့ကို အိပ်လှည့် အိပ်ဖန် မှန်ကန်အောင် ဆိုင်ရာခန့်ထားတော်မူသည့်အတိုင်း မပြတ် စစ်ကြော စီရင်ရသည်။

ဝင်းတော်တွင် မားစွဲကိုယ်ရံတော်၊ ခေါင်းစကြီး အဝှန်းငယ်သားတို့ကို လည်း ဆိုင်ရာတန်းတွင် ညဉ့်နေ့ စောင့်နေထမ်းရွက်ရသည့်အတိုင်း မပျက် မကွက် ဆင့်ဆိုနှိုးဆော်ရန် ဆိုင်ရာဝင်းရုံးတော်သို့ တက်၍ ဝင်းစာချီ၊ ဒိုင်းစာ ရေး၊ ဝင်းစာရေး၊ တပ်ကောင်ဟန်စာဂရေးတို့ကို ဆင့်ဆိုရသည်။ ဤဆောင်ရွက် ဖွယ်များကို ဆိုင်ရာဝင်းရုံးသို့တက်၍ ဆိုခဲ့သည့်အတိုင်း ဆင့်ဆိုရခြင်းမှတပါး ၎င်းဝင်းရုံးသည် တရားရာဇဝတ်မှုနှင့် မဆိုင်။

### ဝင်းမှူးခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်–နန္ဒသီဟကို ရှေ့ဝင်းမှူး ခန့်တော်မူသည်။ သို့ ခန့်တော်မူ ကြောင်းလည်း နန္ဒသီဟသည် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ

ခန့်ထားတော်မူသမျှ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် စိတ်ပါကိုယ်ပါ ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို မသေ့မဖည် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သော ကြောင့် ရှေ့ဝင်းမှူး ခန့်တော်မူသည်။

ဝင်းမှူးဆိုသည့် အရာသည် ငါ့အရှင် ဇကရာဇ်မင်းမြတ်တို့တွင် သူရဲ သူခက် မားစွဲကိုယ်ရံတော် လက်နက်ကိုရိယာစုံနှင့် ရာဇဝတ်ကြောင်း မြဲမြံခိုင်လုံအောင် ဝင်းတော်တမျက်နှာတွင် ညဥ့်နေ့ဆိုင်ရာ တန်းနှင့် စောင့်နေထမ်းရွက်ရသည်။

ရွှေနန်းရွှေဘုံတွင်လည်း ၄၀-တော်၊ ၅၀-တော်၊ စားတော် ကွမ်းရေကိုင်၊ အဆောင်တော်မြဲအမတ်၊ ကျေးစားရွာစား၊ လူပျို၊ မြေနန်းဝန်းကျင်၊ သေနတ် သွေးသောက်ကြီး၊ ဝင်းမှူး၊ ဒိုင်းမှူး၊ သူရဲမှူး၊ တပ်ကောင်ဟန်မှူး၊ အမြောက် မှူးမှစ၍ ခေါင်းစကြီး အဝှန်းငယ်သားတို့ကို အိပ်လှည့်အိပ်ဖန် မှန်ကန်အောင် ဆိုင်ရာ ခန့်ထားတော်မူသည့်အတိုင်း မပြတ် စစ်ကြော စီရင်ရသည်။ ဝင်းတော် တွင် မားစွဲကိုယ်ရံတော်၊ ခေါင်းစကြီး အဝှန်းငယ်သားတို့ကိုလည်း ဆိုင်ရာတန်း တွင် ညဥ့်နေ့စောင့်နေ ထမ်းရွက်ကြစေ။ မဆိုင်သည့်အစုသားတို့ကို ငှါးထောင်၍ မထမ်းမရွက်စေနှင့်၊ မားစွဲကိုယ်ရံတော်တို့ကို သောက်ယစ်စားဝ ခိုက်ပွဲါးရန်ပွဲါး မရှိစေနှင့်။ တန်းဆောင် ညဥ့်နေ့ လုံခြုံအောင် နိုးနိုးကြားကြား စောင့်နေ အိပ် အောင် တညဥ့်သုံးယံ ဝင်းမောင်းခတ်၍ တာကျအတိုင်း နှိုးဆော်စေ။ မားစွဲ၊ ကိုယ်ရံတော်၊ ခေါင်းစကြီး၊ အဝှန်းငယ်သားတို့ကို အမှုတော်ကို ထမ်းကုန်နိုင်၍ လုပ်စားဆောင်စားဖြစ်အောင် မစ။ မားစွဲကိုယ်ရံတော်တို့တွင် တရားစကား အယှက်အတင်ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့်စကားကို ပပျောက်အောင် ဂတိသို့မလိုက် ညီညွတ်စွာ စီရင်။

ကျန်ရှိသော လက်ျာဝင်းမှူး၊ နောက်ဝင်းမှူး၊ လက်ဝဲ ဝင်းမှူးတို့ကို ခန့်အပ် တော်မူသည့် ပြန်တမ်း အမိန့်တော်များလည်း ဝင်းမှူးဘွဲ့နှင့် ဌာနသာလျှင် ထူးခြား ကွဲလွဲသည်။ ထို့ပြင် အမိန့်တော်တွင် ပါရှိသည့် စာသွား အဓိပ္ပါယ်မှာ ထပ်တူပင်ဖြစ်သောကြောင့် အထက်ပါ ရှေ့ဝင်းမှူး၏ ပြန်တမ်း တစောင် ဘည်းသာလျှင် ဖော်ပြလိုက်သည်။

## ၉၆-စားတော်ဝန်

မြန်မာပွဲတော်၊ ရွှေလောင်းပွဲတော်၊ မုံတိုင်းပွဲတော်၊ ကုလားပွဲတော်၊ တရုပ်ပွဲတော် အမှုထမ်းတို့အပေါ် အကြီးအကဲခန့်ထားသူ စားတော်ကဲနှင့် နံနက်ညဆက်သွင်းရန် ပွဲတော်များကို သားမျိုးငါးမျိုးမှစ၍ သန့်ရှင်းစင်ကြယ် မပုပ်မရိစေရ၊ အထူး အားထုတ်၍ ရွှေနန်းတော် မြောက်စမုတ်၏ သေန်အရပ်ရှိပွဲတော်ရုံကြီးတွင် ချက်ပြုတ်ပြီးလျှင် ကေရဇ်မင်းမြတ်ပွဲတော် အုပ်ရေ လေးဆယ်(၄၀) ကျော်နှင့် အမိန့်တော်မြတ်အရ ပို့သရသော ပွဲတော်အုပ်ရေ တရာ (၁၀၀)ခန့်တို့ကို ဆက်သွင်းရသည်။

## ၉၇-ကင်းဝန်

ကျောက်တလုံးကင်း မင်းကွန်းကင်း စမ္ဗာယ်နဂိုကင်းဟူသော ရေကင်းများနှင့် ဆင်ကြန်ကင်း မြောင်းဦးကင်း လေသာကင်း ပြင်းထိပ်ကင်း နတ်ထိပ်ကင်း ရှောင်ကဗ္ဗေစသော အရပ်ရပ် ကြည်းကင်းများပါ ကင်းခွန်ကောက်ခံရာဌာန ကင်းတော်များကို အစောင့်အနေ အကောက်တော် အခွန်တော်မှစ၍ မလစ်မလပ်ရအောင် ကင်းစာရေးသို့ ဆင့်ဆိုစီမံရသည်။

## ၉၈-ခင်မမင်းဝန်

အဂ္ဂမဟေသီ အရှင်မိဖုရားခေါင်ကြီးဘုရား၏ ယွန်းဘောင်တော်ပါမှစ၍ အသုံး ကံကျွေးခံမြို့ရွာ၊ ထီးမိုးယာဉ်ခံမြို့ရွာ အစုအင်း အမှုထမ်းတို့အပေါ်တွင် အားထုတ်ဆင့်ဆို နှိုးဆော်ရန်ရှိသည်များကို အရှင်မိဖုရားခေါင်ကြီးမှာ မပြတ်တင်လျှောက်၍ မိဖုရားခေါင်ကြီးဘုရား စာရေးကြီးတို့ကို အရပ်ရပ် ခွဲဝေ ဆင့်ဆိုကြည့်ရှုစီမံရသည်။

### ခင်မမင်းဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်– နေမျိုးမဟာသီဟသူရကို ခင်မမင်းဝန် ခန့်တော်

မူသည်။ သို့ ခန့်တော်မူကြောင်းလည်း နေမျိုးမဟာသီဟသူရသည် ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို မသွေမဖည် ထမ်းရွက် မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် ခင်မမင်းဝန် ခန့်တော်မူသည်။

ငါ့အရှင် ကေရာဇ် မင်းမြတ်တို့တွင် ခင်မမင်းမှစ၍ သားတော် သမီးတော် တို့ကို ကံကျေးခံ သနားတော်မူသည့် မြို့ရွာလည်း ရှိသည်။ သေနတ်စု၊ သွေးသောက်စု၊ ဒိုင်းစု၊ လမိုင်းလယ်လုပ်စု၊ အာဏာစိုးစု အမှုတော်ထမ်းတို့ လည်း ရှိသည်။ ခင်မမင်း၊ သားတော် သမီးတော်တို့က အသုံးတော် အလို ရှိ၍ ခင်မမင်းဝန်တို့မှာ ဆင့်ကဲတောင်းဆိုလျှင်လည်း ဆိုင်ရာပြန်ဆို ဆင့်ကဲ၍ ဆက်သွင်းရသည်။ ခင်မမင်းတွင် ဆိုင်ရာအမှုတော်ကိုလည်း ကုန်တွင်ပြေလည် အောင် ခန့်ထားစိမ့်မည် ခန့်ထားတော်မူသည်။

ခင်မမင်း သားတော် သမီးတော်တို့ကို သနားတော်မူသည့် ကံကျေးခံ မြို့ရွာများမှာ အခွန်ရေး စစ်ချိန်ကာလ ရောက်လျှင်လည်း သွေးသောက်စု၊ မြင်းစု၊ ကျွန်တော်မျိုးဆိုင်ရာ အမှုထမ်းတို့အလှည့်လဲ မှန်ကန်အောင် အခွန်ရေး ရန် စာရင်းနှင့် ဆက်သွင်း၍ ခန့်ထားရသည်။ အသုံးတော်ခံ မြို့ရွာများမှာ မြို့ကိုင်ရွာကိုင် ကွမ်းဘိုးတော်ထိန်းခန့်သူတို့ သုံးနှစ်စေ့လျှင်လည်း သွေးသောက် စု၊ မြင်းစု၊ ကျွန်တော်မျိုးတို့တွင် အမှုတော်ကို မပြတ်မလပ် ထမ်းရွက်သူတို့ကို ရွေးချယ်၍ မြို့ကိုင် ရွာကိုင် ကွမ်းဘိုးထိန်းဆိုင်ရာ စားရင်းရန်ထား၍ ဆက်သွင်း ပြီးလျှင် အမိန့်တော်ကို ခန့်ထားရသည်။

ကံကျေးခံ မြို့ရွာများက ဘိုးတော်ခွန်တော် ကွမ်းဘိုးတော် ရေးစစ် ဆက်သွင်းလျှင်လည်း မည်သည့်မြို့ရွာက အခွန်တော် မည်မျှ၊ ကွမ်းဘိုးတော် မည်မျှ၊ ဆိပ်တည်ပွဲအကောက်အစား စီးပွါးတော် ဘဏ္ဍာတော် မည်မျှ စာရင်း ကျယ် စာရင်းချုပ်နှင့် စာရေးကြီးတို့ကို နေ့ လ သက္ကရာဇ်မှတ်သား၍ သေချာ အောင် ဆက်သွင်းမြဲ ဆက်သွင်းစေ။ ဘိုးတော်ခွန်တော်၊ ကွမ်းဘိုးတော်၊ စီးပွါး ဘဏ္ဍာတော်သွင်း စာရင်းကိုလည်း စာရေးကြီးတို့တွင် သေချာအောင် မှတ် သားထားစေ။ သို့များကို အမြဲနှလုံးသွင်းပြီးလျှင် ခင်မမင်းမှစ၍ သားတော် သမီးတော်တို့ကို သနားတော်မူသည့် ကျွန်တော်မျိုးအမှုထမ်းတို့ကို အမှုတော်

ကို ထမ်းကုန်နိုင်အောင် မစ။ ကျွန်တော်မျိုးတို့တွင် တရားစကား အယုက် အတင်ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့် စကားကို ပပျောက်အောင် ဂတိကိုမလိုက် ဖြောင့်မတ်စွာ စီရင်။

သက္ကရာဇ် ၁၂၀၀-ခု၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့၊ နားခံတော် စမြောင်မှူး နေမျိုးမင်းလှသိခ်သူပြန် အမိန့်တော်။ (အမိန့်တော်တွင် ခင်မ မင်းဝန်ဟု ပါရှိသော်လည်း နန်းမတော်ဝန်ဟု ခေါ်ဝေါ်ကြသည်)။

## ၉၉-စီးတော်မြင်းဝန်

ရွှေစက်တော်တင် အမည်ရ-မရ မြင်းတော်၊ အဝေး ရှမ်းပြည်, ယွန်းပြည် များက လက်ဆောင်တော်ဆက် မြင်းတော်များကို ရောဂါကင်းလွတ် ဝလင် အောင် မြက်သွင်းမြင်းတိုင် အမှုထမ်းတို့ကို နှိုးဆော်ရန်ကိစ္စ၊ မြင်းဆေးဖော် နှောရန် ကိစ္စများကို မြင်းစာရေး မြင်းတော်ခံ မြင်းတော်မှူးတို့ကို ဆင့်ဆို စီမံ၍ မပြတ်စောင့်ရှောက်ရသည်။

## ၁၀၀-ငွေခွန်ဝန်

ရှမ်းပြည် မြို့ရွာရှိ ငွေခွန်၊ ကျီဝန် ဝန်စုပါ ငွေခွန်မှစ၍ နန်းရိုးငွေခွန်တော် များကို ဆက်သွင်းရန် လ ရက် ကျူးလွန် မရှိစေရ၊ ငွေခွန်စာရေးတို့ကိုဆင့်ဆို နှိုးဆော်တောင်းခံ ဆက်သွင်းစေရသည်။

## ၁၀၁—ရွှေနန်းရိုးလမိုင်းဝန်

ထီးနန်းစဉ်ဆက် ကေရာဇ်မင်းမြတ်တို့ သီးခြားပိုင်ဆိုင်တော်မူမြဲ အရာတော် လယ်မြေ၊ နန်းမတက်မီ မင်းသားစဉ်က အမွေတော်ရ လယ်ယာမြေများကို အလစ်အလပ် မရှိစေရ နေရာချထား လုပ်သားလုပ်လူတို့ကို ဆင့်ဆို လုပ်ကိုင် စေ၍ အသီးအနှံများကို သိမ်းရုံးဆက်သွင်း ရခြင်းကြောင့် ရွှေနန်းရိုးလမိုင်း လယ်၊ အောင်ပင်လယ်လမိုင်းလယ် ၂-ရပ်ကို ဝန်စုသီးခြား ခန့်ထားတော်မူ သည့်အတိုင်း ထိန်းအုပ်နှိုးဆော်စီမံရသည်။

## ၁၀၂-လမိုင်းဝန်

ရွှေနန်းရိုးလမိုင်းနှင့် စစ်ကူးမြို့နယ် ခူလယ်ရွာ မြောက်ရွာသစ် သီလရွာ ဆီးပင်ကုန်းရွာ ဒိုးပင်ကုန်းရွာ ညောင်ပင်ပုရွာ တောင်ကိုင်းရွာ ကိုင်းတော ရွာ ရွာသစ်ကလေးရွာ ခန်းပတ်ရွာ ကျည်းပင်ရွာများက မင်္ဂလာလမိုင်း အစုတို့တွင် သတ်မှတ်ရာမပါသော ပုဂံပြည်တွင် ထီးနန်းကနက်စိုက်စဉ်ကာလ ဝမ်းတော်ပြည့် လယ်လုပ်သားတွင်၍ ရတနာပူရအဝမြို့မှာ ထီးနန်းကနက်စိုက် သောအခါ အောင်ပင်လယ်ရွာ ထွန်းတုံးရွာ လက်သစ်ရွာ သမဲကုန်းရွာ မြို့တင်ရွာများကို လက်ယာတော်လမိုင်း၊ နန္ဒာတောင်ရွာ နန္ဒာမြောက်ရွာ များကို လက်ဝဲတော်လမိုင်းဟူသော အမည် ဖြစ်လာသည်၊ လမိုင်းအစုသား များကား မြန်မာလူမျိုးချည်း ဖြစ်ကြသည်။

သက္ကရာဇ် ၁၁၂၀-ခုနှစ်၊ အလောင်းမင်းတရားကြီးဘုရား ကသည်းပြည် မဏိပူရကို တိုက်ခိုက်အောင်မြင်၍ အပြန်တွင် ပါလာခဲ့သော သုံ့ပန်းလက်ရ ကသည်းလူမျိုးများကို လက်ဝဲတော်၊ လက်ယာတော် လမိုင်းအစုတွင် ဖြည့်၍ လယ်တော်၊ ယာတော်များကို လုပ်ကိုင်စေရသည်။

လမိုင်းအစုသားတို့က စပါးတရာထွက်လျှင် ကျီတော်သွင်း စပါး၁၀-တင်း၊ အပို ၁-တင်း၊ တင်းနှီးလက်ခုပ်နှစ်စိတ်၊ ဆောင်ချီရေးစား နှစ်စိတ်၊ ဆော်ဝတ် နှစ်စိတ်၊ တိုင်စာ တစိတ်၊ ထမင်းနှစ်ပြည်ချက် ပေးဆောင်ရသဖြင့် စုစု စပါး ၁၃-တင်း တစိတ် ကုန်ကျ၍ ကျန်စပါး ၈၆-တင်း ၃-စိတ်လျော့လျော့ကို လုပ် သားက စားရသည်။

လမိုင်းဝန်သည် မင်္ဂလာလယ်တော်နှင့်တကွ လက်ဝဲတော်၊ လက်ယာတော် လမိုင်းကျေးရွာ များက စပါးတော်ဟူသမျှကို အချိန် နေ့ရက် မကျူးမလွန် စေရ ရိတ်သိမ်း၍ ရွှေမြို့တော် မြောက်မျက်နှာ မြို့ရိုးအတွင်းရှိ စပါးတသိန်းစီ ဝင်သော "မစိုးရိမ်၊ မကြောင့်ကြ၊ မတောင့်တ၊ ခန့်တိုင်းရ" ကျီတော်ကြီး များသို့ သွင်းရသည်။

မည်သည့် အစုအမှုထမ်းက ယောကျ်ား၊ မိန်းမနှင့် မဆို လမိုင်းသူ၊ လမိုင်း သားနှင့် အိမ်ထောင်ကျလျှင် လမိုင်းအမှုထမ်းကိုဖြည့်ရသည်၊ မင်းညီ၊ မင်းသား

အိမ်ရှေ့မင်းက လမိုင်းသူကိုယူလျှင် ကျဲခေါင်းဆောင်း၍ ရွှေတော်မှာ က, ရသည်။

## ၁၀၃-နိဗ္ဗာနပစ္စယ နာဂရာဇာ ဆင်မင်းအကြောင်း

သက္ကရာဇ် ၁၁၆၇-ခု၊ ဟံသာဝတီမြို့တောင် နိဗ္ဗာန်ရွာရှေ့ သံတံခါးတော ကွင်းသာယာ အရပ်တွင် ဆင်ရုံခြွေရွေ ပေါက်မတထောင်ကျော် ခြံရုံလျက် ဗိုင်းဝါဂွမ်းကဲ့သို့ ကိုယ်အလုံး ဖြူစင်နူးညံ့စွာသော ဆဒ္ဒန်အစစ်ဖြစ်သော ရတနာ ဆင်ဖြူတော်ကို တွေ့ကြိမ်ရသောကြောင့် စီးဆင် သုံးဆယ်ကျော် လူသုံးထောင် ကျော်များနှင့် ဝန်းရံသည်တွင် အရံဆင်တထောင်ကျော်တို့ခွါ၍ ဆဒ္ဒန်ဆင်ဖြူ တော်ကို အသာအယာ ဝန်းရံရမိသည်ကို ဟံသာဝတီ မြို့ဝန်,ရေဝန်တို့ နိဗ္ဗာန် ရွာရှေ့ ဆဒ္ဒန်ဆင်ဖြူတော် နေသည့်အရပ်တွင် သာယာ ကြီးကျယ်သော ရိပ်ကြီး တန်ဆောင်းနှင့် ဆောက်လုပ်မွေးကျွေး ရပ်နေစေပြီးလျှင် ထိုအကြောင်းကို ဟံသာဝတီမြို့ဝန်, ရေဝန်တို့က ခြေတော်ဦးခိုက် စေလွှတ်လျှောက်ထား၍ ဆင်ဖြူ များသခင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလေလျှင် ဆဒ္ဒန် ရတနာ ဆင်ဖြူတော်ကို ရွှေဖောင်နှင့်တင်၍ ရွှေလောင်းဆွဲလှေငင်လှေ ခန့်ထား စီရင်ပြီးလျှင် ဟံသာဝတီမြို့ဝန်, ရေဝန်တို့ ကြီးကြပ်ဆောင်ယူခဲ့စေ-အမိန့်တော် ရှိ၍ အလျှောက်အထားလာသူတို့ကို မှာထားပြန်စေသည်။

ဟံသာဝတီ မြို့ဝန်, ရေဝန်တို့လည်း စေသူတို့ရောက်လျှင် ဆဒ္ဒန်ဆင်ဖြူတော်ကို ရွှေဖောင်ဝယ် တင်၍ ရွှေလောင်းလက်ပြည့် ငင်စေပြီးလျှင် ရွှေဖောင်တော် ဝဲ ယာ ရှေ့ နောက်ပွဲသဘင်စုံ ခြံရံတီးမှုတ်လျက် ဟံသာဝတီရေဝန် နော်ရထာ ကျော်ခေါင် ကြီးကြပ်ဆောင်ယူ ဆန်တက်ခဲ့ရ၏။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မင်းကွန်း တဘက် အလယ်ကျွန်း စံနန်းတော်ရှေ့တွင် ဖလ်မှန် ပတ္တမြား စီချယ်သည့် ရွှေအတိ ပြီး သော ဘုံငါးဆင့်ရှိသော တန်ဆောင်း ပြာသာဒ်တဆောင်၊ လက်ဝဲ လက်ယာ ဘုံသုံးဆင့်ရှိသော ရွှေပြာသာဒ်နှစ်ဆောင်၊ နှစ်ထပ်လည်ပေါ် ဆောင် ခြောက် ဆောင်၊ ကြီးကျယ် သာယာသော ဘုံငါးဆင့်ရှိသော တန်ဆောင်းပြာသာဒ်

အတွင်း ဖလ်မှန် ပတ္တမြား ချယ်လယ်သော ဇမ္ဗူရာဇ်ရွှေစင်အတိပြီးသော မှီတိုင် မှီတုံး အုံးမွေ့ယာအစုံနှင့် ဆင်မင်းနန်းကို စီရင် ဆောက်ထားစေသည်။

ကြည်းကြောင်းကလည်း ပုဂံမြို့ကသည် မင်းကွန်းတဘက် အလယ်ကျွန်း ရောက်၊ ရေဝတီမြစ်ထိပ် လက်ဝဲ လက်ယာ ပွဲသဘင်၊ ရာဇမတ်၊ ငှက်ပျောပင် ရှင်၊ ကြံပင်ရှင်၊ ပစ္စူ၊ ယမြား၊ ကုက္ကား၊ တမ်းခွန်၊ မြူတာ ရေပြည့်ပန်းစုံစိုက်၊ ရေကြောင်းကလည်း ရွှေလှေ ရွှေလောင်း ပွဲသဘင် တူရိယာအစုံနှင့် တမြို့က သည် တမြို့၊ တရွာကသည် တရွာ၊ အဆက်အလက်မပြတ် ကြည်းရေစီရင်တော် မူသည်။ စခန်းတိုင်းကိုလည်း ရွှေအတိပြီးသော တန်ဆောင်းပြာသာဒ် ဆောက် လုပ်ရသည်။ စစ်ကိုင်းမြို့ မြစ်ကမ်းဆိပ်၊ ရွှေမြို့တော် မြစ်ကမ်းဆိပ်များတွင် ရွှေ အတိ ဖလ်မှန်တို့ဖြင့် ပြီးသော တန်ဆောင်းပြာသာဒ် ဆောက်လုပ်စေ၏။

ယင်းသို့မှ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားမှာ ပြည်ကြီးမှန် ဖောင်တော်နှင့် အရှင်မိဖုရားခေါင်ကြီးဘုရား၊ သားတော်၊ မြေးတော်၊ ဆွေ တော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်၊ ဗိုလ်မှူး တပ်မှူး၊ သူရဲ သူခက်အပေါင်း ခြံရံလျက် ကြည်းကြောင်း၊ ရေကြောင်း စစ်အင်္ဂါ ၄-ပါးနှင့် သက္ကရာဇ် ၁၁၆၇-ခု၊ တန်ဆောင်မုန်းလ ဆဒ္ဒန်ဆင်ဖြူကို ပုဂံမြို့ရောက် ကြိုတော်မူသည်။ ပုဂံမြို့တွင် စံတော်မူကြိုက် ရွှေဂူဘုရား တည်တော်မူသည်။ ဆဒ္ဒန်ဆင်မင်း ကြိုယူတော်မူ၍ ပုဂံမြို့ကသည် စခန်းစဉ်အတိုင်း ပြည်သူပြည်သားတို့ အဖူးအမြော်ကို ခံ၍ ကြည်း ရေ ငြိမ့်မွမ်းလျက် ဆဒ္ဒန်ဆင်ဖြူတော်ကို ကြိုယူ ဆန်တက်တော်မူသည်။

သက္ကရာဇ် ၁၁၆၇-ခု၊ နတ်တော်လပြည့်ကျော် ၄-ရက်နေ့ စစ်ကိုင်းမြို့သို့ ရောက်လျှင် ဖလ်မှန် ပတ္တမြားစီချယ်သော တန်ဆောင်းရွှေပြာသာဒ်ဝယ် ဆဒ္ဒန် ဆင်ဖြူတော်ကို တင်ထားတော်မူသည်။ ပွဲသဘင် ကြီးစွာလည်း ခံတော်မူသည်။ ထိုတွင် သုံးရက် ပြည်သူပြည်သားတို့ အဖူးအမြော်ခံလျက် စံနေတော်မူ၍ စစ်ကိုင်းမြို့က ဆောင်ယူ ဆန်တက်တော်မူသည်။ အမရပူရမြို့တော်သို့ ရောက် တော်မူလျှင်လည်း ဖလ်မှန် ပတ္တမြားစီချယ်သော ရွှေတဆောင်းပြာသာဒ်တွင် ဆဒ္ဒန်ဆင်ဖြူတော်ကို တင်ထားတော်မူ၍ တိုင်းနေပြည်သူတို့ အဖူးအမြော်ကို ခံတော်မူလျက် ၅-ရက် ပွဲသဘင်ခံ၍ နေတော်မူသည်။

ရွှေမြို့တော်က ဆန်တက်တော်မူ၍ မင်းကွန်းအလယ်ကျွန်းဆိပ်သို့ ရောက်လျှင် နန်းတော်ဦး ဆင်မင်းနန်းတော်ကသည် မြစ်ကမ်းဆိပ်ရောက် တက်လမ်းတလျှောက်ကို လက်ဝဲလက်ယာ ရာဇမတ်ကာ၍ ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ညောင်ရေအိုး ပန်းစိုက်၊ တမ်းခွန်, ကုက္ကား, မုလေးပွါး, ယမြား, ပစ္စု စိုက်ထားစေသည်။ လမ်းကိုသဲမွှေကြဲပြီးလျှင် ကော်ဇော ခင်းရသည်။ ခင်းထားသည့်ကော်ဇောထက် ဆဒ္ဒန်ဆင်ဖြူတော်ကို လျှောက်သွားစေပြီးလျှင် ရွှေ ငွေဖလ်မှန်တို့ဖြင့် ပြီးသော ဆင်မင်းနန်းတွင် ဆဒ္ဒန်ရတနာ ဆင်ဖြူတော်ကို နေစေ၍ ပွဲသဘင် ကြီးစွာခံတော်မူပြီးလျှင် ဆဒ္ဒန်ရတနာ ဆင်ဖြူတော်ကို သိမ်းတော်မူရမည့် အခမ်းအနားများကို ဆရာတော် သံဃာတော် ပုဏ္ဏားပညာရှိ လူပညာရှိတို့က ပိဋကတ်ကျမ်းဂန် လောကီစာဟောင်း စာတမ်းထွက်ရှိသည်များနှင့် လျှောက်ထားကြစေ အမိန့်တော်ရှိ၍ သာသနာပြုဆရာတော်စသော ဆရာတော် သံဃာတော်၊ ပုဏ္ဏားပညာရှိတို့ လျှောက်ထားကြသည်ကား—

ယခု ဘုန်းတော် သမ္ဘာတော်ကြောင့် ရအပ်သော ဆင်ဖြူရတနာသည် ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီး ဘွားတော်မူသောနေ့ ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို ဆင်တင်းကုပ်၌ အမိဆင်မ ထားလာသကဲ့သို့၎င်း၊ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက် ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို မြို့ရွာအနီး ကဏ္ဍုလမြစ်နား၌ အမိဆင်မ ထားလာသကဲ့သို့၎င်း ယခုလည်း ဘုန်းတော် သမ္ဘာတော်ကြောင့် ကိုယ်အလုံး ဖြူစင်နူးညံ့စွာသော ဆဒ္ဒန်အစစ်ဖြစ်သော ဆင်ဖြူရတနာကို နိဗ္ဗာန်ရွာအနီး၌ နတ်တို့ ဖန်ဆောင်၍ အမိဆင်မ ထားလာရသည် ဖြစ်ပါသည်။

ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူရမည်မှာ မဟာသုဒဿန စကြာမန္ဓာတ်မင်း ဗာရာဏသီ ဗြဟ္မဒတ်မင်း ဝေဿန္တရာမင်း ဒုဋ္ဌဂါမဏိမင်းတို့ ဆင်ဖြူရတနာကို သိမ်းတော်မူသည့် ကျမ်းဂန် ဇာတ်နိပါတ် ထွက်ရှိသည့်အတိုင်း ရတနာဆင်ဖြူတော်ထားရန် ရွှေငွေ ဖလ်မှန်တို့ဖြင့် ပြီးသော ဆန်းကြယ်စွာသော ဟန်ဆောင်း ပြာသာဒ်ကို စီရင်ခြင်း၊ အထူးထူးအထွေထွေသော ဆင်တော်အဆောင်အယောင် အခင်းအကျင်းတို့ကို စီရင်ခြင်း၊ ဆင်တော်ကို ဆင်ယင်ရန် အဖိုးများစွာထိုက်သော တန်းဆာတို့ကို စီရင်ခြင်း၊ ဆင်တော် အစောင့်

အရှောက် အခြံအရံတို့ကို စီရင်ခြင်း၊ ပြည်ကို တန်းဆာဆင်၍ ဆင်တော် ဆှောင်ယူအံ့သော ခရီးလမ်းတလျှောက်ကို စီရင်ခြင်း၊ ဆင်တော်ရှေ့သို့ ဆောင်ယူရန် အခမ်းအနားကို စီရင်ခြင်း၊ ဆင်တော်ကို ဘိသိက်သွန်းတော်မူမည်ကို စီရင်ခြင်း၊ ဆင်တော်ကို ဘွဲ့နာမံတပ်တော်မူမည်ကို စီရင်ခြင်း၊ ဆင်တော်ကို ချီးမြှင့်ပူစုတော်မူမည်ကို စီရင်ခြင်း၊ ဆင်တော်ကို ခြေတော်တင်တော်မူမည်ကို စီရင်ခြင်း၊ ဤသို့ ဆယ်ပါးသော အစီအရင်တို့ကို အခမ်းအနား ကြီးကျယ်စွာ စီရင်၍ သိမ်းတော်မူသင့်ကြောင်းနှင့် တညီတညွတ်တည်း လျှောက်ထားကြသည်တွင် ဆဒ္ဒန်ဆင်ဖြူတော် ခေါင်းဆေးသကြန်ခေါ်မည်ကို စီရင်ရသည်ကား——

ဆဒ္ဒန်ဆင်ဖြူတော်ကို သကြန်ခေါ်ရန် စံနန်းတော်အနောက်မြောက်ယွန်း သောင်ပြင်တွင် သကြန်ခေါ်တန်ဆောင်း၊ ပရိတ်နာတန်ဆောင်း၊ ဆဒ္ဒန်ဆင်ဖြူတော်ကို တန်းဆာဆင်ယင်ရန် တန်ဆောင်း၊ သမ္မာဒေဝနတ် ပူဇော်ရန် တန်ဆောင်း၊ သကြန်ရေတော်ထားရန် တန်ဆောင်း၊ ဘုံသုံးဆင့် တန်ဆောင်း ပြာသာဒ်ခုနစ်ဆောင် စမြင်ပါ ဆောက်လုပ်၍ အတွင်းပြင် ပိတ်ရမထိကြက် လွှမ်းပြီးလျှင် သတောင်းလည်ကြာယပ်သုံးဆင့်စီ ဆွဲရသည်၊ သစ်သီးမျိုးစုံ ပန်းမျိုးစုံထားရန်၊ မင်းညီ မင်းသားတို့နေရန်၊ မှူးတော် မတ်တော်တို့နေရန်၊ လက်ဝဲ လက်ယာ ပွဲသဘင် အတီးအကတို့နေရန်၊ စကြောတဲကန္နားပြင်ပါ ငါးဆောင်၊ အရံဆင်တော်စုနေရန် ကန္နားပြင်ကြီးလေးဆောင် ဆောက်လုပ် ပြီးလျှင် ဝင်းလေးမျက်နှာ ကာရံ၍ တန်ဆောင်းပြာသာဒ်များမှာ ငှက်ပျော ပင်ရှင်၊ ကြံပင်ရှင်၊ တမ်းခွန်၊ ကုက္ကား၊မုလေးပွါး၊ ယမြား၊ ပစ္စုု၊ ရေပြည့်မြူတာ ပန်းစုံစိုက်၊ သစ်သီးဆိုင်း ပန်းဆိုင်း အမွှေးအထုံတို့ဖြင့် တန်းဆာဆင်ယင်ကျင်းပ ရသည်။ ဂင်္ဂါရေ၊ အနဝတတ်ရေ၊ အုတ်သစ်ခွရေ၊ ကျုံဝန်း လက်ပံရေတော် များကိုလည်း ရဇ္ဇာဘိသေက သကြန်တော်တွင် ဆောင်ယူသည့်နည်း စီရင် ခန့်ထား ကျင်းပဆောင်ယူစေ၍ ရေထားတန်ဆောင်းတွင် သွင်းထားရသည်။

သကြန်တန်ဆောင်း နင်းကြမ်းခင်းရန် မြစ်လယ်မြေ၊ ဂင်္ဂါမြေ၊ ဝက်စွယ်၌ ပါသောမြေ၊ နပုန်းအိမ်အောက်မြေ၊ လမ်းလေးခွမြေ၊ တောင်ပို့မြေ၊ ဆင်စွယ်၌ ပါသောမြေ၊ မင်းအိမ်တံခါးမြေ၊ နွားလားဥသဘဦးချို၌ ပါသောမြေ၊ အဓိက

လယ်ကြီးမြေ၊ တောင်ထိပ်မြေ၊ ထွန်သွားတွင် ကပ်သောမြေ၊ နတ်စင်အောက်မြေ၊ ဘုရားအဓိကမြေတို့ကို အသီးအသီးဆိုင်ရာ ဆင့်ဆိုခန့်ထား ဆောင်ယူစေ၍ ဆဒ္ဒန်ဆင်ဖြူတော် သကြန်တန်ဆောင်းနင်းကြမ်း အောက်ခံ လုပ်ရသည်။

သင်္ကြန်ခေါ်ရန် တရော်ခုနစ်မည်၊ ကင်ပွန်းပဥ္စ၊ ရသငါးပါးနှင့် သကြန်ရေဖျော်ရန် ကြိတ်ပေါင်း၊ မင်းပေါင်း၊ ပုံပေါင်း၊ ဂမုန်းပေါင်း၊ ပန်းပေါင်း၊ နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ စမွာ၊ ကရမက်၊ ပန်းနု၊ ပန်းမ၊ ပန်းရင်း၊ ကြာမျိုးငါးပါး ဝတ်ဆံများကို သကြန်ရေထား တန်ဆောင်းမှာ ထားရသည်။

ဟုံးနတ်၊ ဂြိုဟ်နတ်၊ သမ္မာဒေဝနတ်၊ ဥတိန်မင်းစောနတ်၊ ဂဇနာထနတ်များကို ပူဇော်ပသခင်းကျင်းရန် ပွဲနတ်ရကာအစုံများကိုလည်း နတ်ပူဇော်တန်ဆောင်းများတွင် အသင့် ထားရသည်။

သင်္ကြန်တော်အခါ မရောက်မီ တရက်က အသီတိ ရဟန္တာရုပ်တု ၈-ပါး၊ အရိယာသံဃာတော် ၈-ပါးကို ပင့်၍ ပရိတ်နာတန်ဆောင်းမှာ ပရိတ်တော် ဂုဏ်တော်များကို ရွတ်ဖတ် သရဇ္ဈာယ်ရသည်။ ဆဒ္ဒန်ဆင်ဖြူတော်ကို ဆင်ယင်ရန် တန်းဆာ အဆောင် အရွက်များကိုလည်း ပရိတ်တော်ခံရသည်။ သကြန်လမ်း တလျှောက်ကိုလည်း လက်ပံ လက်ယာ ရာဇမတ်ကာ၍ တမ်းခွန်၊ ကုက္ကား၊ မုလေးပွါး၊ ယမြား၊ ပစ္စူ၊ ရေပြည့်မြူတာပန်းစုံစိုက်၊ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်တို့ဖြင့် တန်းဆာဆင်ယင်၍ သဲမွှေကြဲပြီးလျှင် ကော်ဇော ခင်းရသည်။ သကြန်ခေါ်နေ့မရောက်မီ တရက်က သကြန် တန်ဆောင်းပတ်လည် ဝင်းကိုးတပ်ခင်းကျင်းနေရသည်။ သမ္မာဒေဝနတ်၊ ဂြိုဟ်နတ်၊ ဟုံးနတ်၊ ဥတိန်မင်းစောနတ်၊ ဂဇနာထနတ်မှစ၍ ပူဇော်ပသရန်ရှိသမျှကို ပုဏ္ဏားတို့ ပူဇော်ရသည်။

အခမ်းအနား စီရင်ပြီးပြေ၍ သကြန်အခါနီးလျှင် ဆင်မင်းနန်းက သကြန်တန်ဆောင်းသို့ ဆောင်ယူသည်မှာ——ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် ခင်းကျင်း လိုက်ရသည်။ ထို့ပြင် ရှေ့ဖျားစမြောင်သိုင်းနှင့် နှစ်။ ယင်းနောက် သူဌေးသူကြွယ်။ ယင်းနောက် ၈-ပါး ပုဏ္ဏားစု။ ယင်းနောက် ရွှေပုဇွန်ဆီအလံကြီး ၄။ ယင်းနောက် ချပ်တန်းဆာနှင့် သေနတ်စွဲသူရဲ ၂၀၀။ ယင်းနောက် ချပ်တန်းဆာနှင့် ရွှေလှံစွဲသူရဲ ၂၀၀။ ယင်းနောက် ချပ်တန်းဆာနှင့် ရွှေဓား, ရွှေလွှား, ရွှေ

ကာစွဲသူရဲ ၂၀၀။ ယင်းနောက် စည်တော်စုံ။ ယင်းနောက် ဆဒ္ဒန်ဆင်ဖြူတော်ကို သနားတော်မူသည့် ထီးဖြူတော် ၄-စင်းနှင့် မင်းခမ်းတော် အစုံများကို လေးဆယ်တော်, ငါးဆယ်တော်တို့ ဗောင်း နားဒွေါင်း ဝတ်လုံ စလွယ် ဆင်ယင်၍ စွဲကိုင်လိုက်ရသည်။ ယင်းနောက် ဘိသိက်တော်ဆက် ရှစ်ပါး ပုဏ္ဏားကြီး ၈။ ယင်းနောက် ရွှေအရံဆင်တော်စုံ။ ယင်းနောက် နေ့ကျော်သား မှူးကြီးမတ်ကြီးတို့ ဆဒ္ဒန်ဆင်ဖြူတော်ကို လက်ဝဲ လက်ယာ မစ၍ လိုက်ရသည်။ ယင်းနောက် လက်ယာအရံ, လက်ဝဲအရံ ဆင်တော်စု။ ယင်းနောက် သားတော်အိမ်ရှေ့မင်း။ မြေးတော် စစ်ကိုင်းမင်း။ ယင်းနောက် မင်းသား မင်းမြေး ဆွေတော် မျိုးတော်စု။ ယင်းနောက် မှူးတော် မတ်တော်။ ယင်းနောက် စုရေး စုကိုင်၊ ဒိုင်းမှူး၊ သင်းမှူး၊ သွေးသောက်စု၊ မြင်းတော်သည်တို့ သနားတော်ခံရသည့် ဗောင်း နားဒွေါင်း ဝတ်လုံ စလွယ် ဘွဲ့ဖြူ ဆင်ယင်၍ လိုက်ကြရသည်။ သကြ်န်တန်ဆောင်းသို့ ရောက်လျှင် မြောက်သို့ ဦးခေါင်းမူလျက် ပွဲသဘင်စုံခံ၍ အခါတော်ကို ငံ့လင့်နေရသည်။

အခါတော်စောင့် ပုဏ္ဏားပညာရှိတို့က အခါတော်ရောက်ပြီ ကြားလျှင် သားတော် ပြည်မင်း သီရိဓမ္မရာဇာ၊ သားတော် တောင်ငူမင်း သတိုးဓမ္မရာဇာ၊ သားတော် ပုဂံမင်း သတိုးမင်းဖျား၊ သားတော် ပုခန်းမင်းသား သတိုးမင်းရဲကျော်ခေါင်တို့ သက္ကရာဇ် ၁၁၆၇-ခု တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ ကောင်းမြတ်သောအခါတွင် တရော်ရည် ကင်ပွန်းရည်တို့ဖြင့် ဆဒ္ဒန် ဆင်ဖြူတော်ကို ဦးခေါင်းဆေး၍ သကြ်န်ရေ ပရိတ်တော်ရေတို့ဖြင့် သွန်းလောင်းရသည်။

ပြီးလျှင် ဆဒ္ဒန်ရတနာဆင်ဖြူတော်ကို ရောဝတီမြစ်သို့ သက်စေ၍ ရေချိုး ပြီးလျှင် သားတော် သံလျင်မင်းသား သတိုးမင်းလှကျော်ထင်၊ သားတော် ကနောင်မင်းသား သတိုးမင်းလှကျော်ခေါင်၊ သားတော် သီပေါမင်းသား သတိုးမင်းရဲစည်သူ၊ သားတော် ကလေးမင်းသား သတိုးမင်းရဲနရာတို့ ပရိတ်တော်ရေ အမွှေးအထုံ ပန်းနံ့သာရည်တို့ဖြင့် သွန်းလောင်းရသည်။

ပြီးလျှင် တန်းဆာဆင်သော တန်ဆောင်းပြာသာဒ်သို့ ဆောင်ယူ၍ ရတနာကိုးပါးတို့ဖြင့် ဆန်းကြယ်စွာ ချယ်လယ် လုပ်ဆောင်သော အဘိုး ခုနစ်သိန်း ခုနစ်ထောင့် ရှစ်ဆဲ့ရှစ်ထိုက်သော ရတနာဦးကင်းဖုံး၊ ရတနာနားဆွဲ၊ ရတနာ

မျက်နှာတပ်၊ ရတနာစွယ်ခွေး၊ ရတနာလည်ဆွဲ၊ ရတနာရွှေချူ၊ ရတနာလက်ကောက်၊ ရတနာခြေကျဉ်း၊ ရတနာကြိုး၊ ရတနာကွန်ချာ တန်းဆာတော်များကို ဆင်ယင်စေသည်။ အရံ ဆင်တော်များကိုလည်း တချိန်တခါတည်း ဦးခေါင်းဆေးရသည်။ ပြီးလျှင် ရွှေခြေက်တပ်၊ နောက်ခြေက်တပ်နှင့် စီစဉ်ခင်းကျင်းမြဲအတိုင်း ဆဒ္ဒန်ဆင်ဖြူတော်ကို ဆင်မင်းနန်းသို့ ဆောင်ယူသည်၊ ပွဲသဘင်စုံလည်း ခံရ၏။

ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူမည်ကို စီစဉ်ရသည်ကား – စံနန်းတော်မြောက်စမုတ်တွင် ဘုံသုံးဆင့် တန်ဆောင်း ပြာသာဒ် ဆင်ကပ် ပတ်လည်တိုင်ရွှေဖျင်မွမ်း၊ အမိုးမျက်နှာကြက်အတွင်းပြင် ပိတ်ရမထီမွမ်း၊ သတောင်းလည်ကြာယပ်သုံးဆင့်ဆွဲ လုပ်ရသည်၊ တန်ဆောင်း ပြာသာဒ်အတွင်း ကော်ဇောအပြည့်ခင်းပြီးလျှင် ဆဒ္ဒန်ဆင်ဖြူတော်ယှဉ်မည့် နေရာမြေမှာ ကတ္တီပါမွေ့ရာခင်းရသည်။

ဆင်ယှဉ်တော် ကြာယပ်တွင်လည်း စံနေတော်မူရန် နေရာတော်ခင်းရသည်၊ တန်ဆောင်း ပြာသာဒ် အနီးတွင်လည်း ရွှေတိုင်ပလ္လင် လုပ်ရသည်၊ ဂြိုဟ်နတ် ပူဇော်ရန် ဟုံးနတ် ပူဇော်ရန် သမ္မာဒေဝနတ် ပူဇော်ရန် လက်ဖွဲ့ပွဲတော်ထားရန် ဘုံသုံးဆင့်တန်ဆောင်းပြာသာဒ် ၄-ဆောင်၊ မင်းညီ မင်းသားတို့နေရန် မှူးတော် မတ်တော်တို့နေရန် ကတော်မယားတို့နေရန် စကြောတဲ ကန္နားပြင်ပါ ၄-ဆောင်၊ ပွဲသဘင်ခံရန် ဝဲယာကန္နားပြင်နှစ်, ထီးရုံများကိုလည်း ဆောက်လုပ်ရသည်။

ဆင်မင်းနန်းတော်ကသည် စံနန်းတော်ကို လက်ယာရစ်လှည့်၍ နန်းတော်ပတ်လည် လမ်းတလျှောက်ကိုလည်း လက်ဝဲ လက်ယာ ရာဇမတ်ကာ၍ ငှက်ပျောပင်ရှင် ကြံပင်ရှင် ရေပြည့်မှူတာပန်းစုံစိုက် ပစ္စူ ယမြား ကုက္ကားတမ်းခွန်တို့ဖြင့် တန်းဆာဆင်ယင်၍ သဲမွှေကြဲပြီးလျှင် ကော်ဇောခင်းရသည်။

မင်းကွန်းအလယ်ကျွန်းမှစ၍ ရွှေပြည်တော်မြို့တွင်း မြို့ပြင် လမ်းသေး လမ်းမများကိုလည်း တန်းဆာဆင်ယင်စေသည်၊ ရွှေမြို့တော်အတွင်းပြင် စေတီပုထိုးဗောဓိညောင်တော် ရက္ခဇိုဝ်းစသော သမ္မာဒေဝ နတ်အပေါင်းတို့အားလည်း

တန်ဆောင်, ဆီမီး, ထီး, တမ်းခွန်, ပန်းပေါက်ပေါက်များနှင့် ပူဇော်ကြရမည် ဟု အစေ့အနှံ့စည်လည်စေသည်၊ ပြည်သူပြည်သားအပေါင်းတို့လည်း ဆဒ္ဒန် ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ သက်တော်ရှည်မည့် အကြောင်း ဘုန်းရေတော်ကြီးမည့်အကြောင်း ပြည်ထဲရေးလေးမျက်နှာ ဝပြောသာယာမည့် အကြောင်းများကို ဆုတောင်း ဆုယူ ပြုကြရသည်။

ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူမည့် တန်ဆောင်းတော်မှာလည်း အခါ တော်မရောက်မီတရက်က အသီတိ ရဟန္တာ ရုပ်တုတော်ရှစ်ပါး အရိယာသံဃာ တော် ရှစ်ပါးတို့ကိုပင့်၍ ပရိတ်ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရသည်။

သက္ကရာဇ် ၁၁၆၇ ခု၊ တပို့တွဲ လပြည့်ကျော် ၁၄-ရက်နေ့ ကောင်းမြတ်သော အခါတော်တွင် သိမ်းတော်မူမည့် အခါတော် မဆက်မီက ဂြိုဟ်နတ်၊ ဟုံးနတ်၊ မဟာပိန္နဲနတ်၊ သမ္မာဒေဝနတ်၊ ဥတိန်မင်းစောနတ်၊ ဂဇနာထနတ်မှစ၍ ပူဇော် ပသရန်ရှိသည်များကို ပုဏ္ဏားတို့ပူဇော်မြဲ ပူဇော်ပသရသည်၊ ဆဒ္ဒန်ဆင်ဖြူတော်ကို လက်ဖွဲ့ပွဲမှာ ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးဘုရားကတပွဲ အရှင်မိဖုရား ခေါင်ကြီးကတပွဲ ပြင်ဆင်၍ထားရသည်၊ ဆင်မင်းကိုလက်ဖွဲ့တော်မူရန် အဆောင် အရွက် အခမ်းအနား အသုံးအဆောင်ထည်မျိုး အုပ်မျိုးများကိုလည်း လက်ဖွဲ့ တန်ဆောင်းမှာ ပြင်ဆင်ထားရသည်၊ သားတော်အိမ်ရှေ့မင်း မြေးတော်စစ် ကိုင်းမင်းမှစ၍ မင်းသား မင်းမြေး၊ ဆွေတော် မျိုးတော်၊ မှူးတော် မတ်တော်၊ စော်ဘွား၊ မြို့စား၊ မြို့ဝန်၊ စစ်ကဲ၊ သူဌေး သူကြွယ်၊ စုငန်း စုကိုင်၊ စချီစမာ၊ သွေးသောက်စု၊ ဒိုင်းမှူး၊ သင်းမှူး၊ မြင်းစီး၊ မြင်းခေါင်း၊ မြို့ရွာမြေတိုင်၊ သူကြီး ကလံ သံပျင်မှစ၍ တိုင်းသူ ပြည်သား အပေါင်းတို့လည်း လက်ဖွဲ့ပွဲ၊ ကန်တော့ပွဲ ပူဇော်ရန်များနှင့် တဲကန္နားပြင်များမှာ နေကြရသည်၊ ကတော် မယားတို့လည်း လက်ဖွဲ့ပွဲ ကန်တော့ပွဲ ပူဇော်ရန်များနှင့် တဲကန္နားပြင်တွင် နေကြရသည်။

အခါတော်နီးလျှင် ဆဒ္ဒန်ဆင်ဖြူတော်ကို ဆင်မင်းနန်းက အမအစ နေ့ ကျော်သား မှူးကြီး မတ်ကြီးတို့ လက်ဝဲလက်ယာ မစဆောင်ယူခဲ့၍ ရွှေတိုင် ပလ္လင်ထက် ထားပြီးလျှင် လက်ဖွဲ့ထမင်းကို ဆင်ပေါက်ဝန် နေမျိုးစည်သူ မင်္ဂလာစကား ခုနစ်ကြိမ်ဆို၍ ခုနစ်ခါ ဆဒ္ဒန်ဆင်ဖြူတော်ကို ထမင်းခွံ့ရသည်။

အောက်မဝန် နေမျိုးရွှေတောင်စည်သူထမင်းခံရသည်၊ ပြီးလျှင် ရတနာကိုးပါးတို့ဖြင့် ဆန်းကြယ်စွာ ချယ်လယ်လုပ်ဆောင်သော အဘိုး ခုနစ်သိန်း ခုနစ်ထောင့်ရှစ်ဆဲ့ရှစ်ထိုက်သော ရတနာဦးကင်းဖုံး၊ ရတနာနားဆွဲ၊ ရတနာမျက်နှာတပ်၊ ရတနာစွယ်ခွေး၊ ရတနာလည်ဆွဲ၊ ရတနာရွှေချူ၊ ရတနာလက်ကောက်၊ ရတနာခြေကျဉ်း၊ ရတနာရွှေကြိုး၊ ရတနာ ရွှေကွန်ချာ တန်းဆာတို့ဖြင့် ဆဒ္ဒန်ဆင်ဖြူတော်ကို ဆင်တော်မူပြီးလျှင် ရွှေဖျားစမြောင်သိုင်းနှင့် နှစ်၊ ယင်းနောက် သူငွေး, သူကြွယ်၊ ယင်းနောက် ရှစ်ပါးပုဏ္ဏားစု၊ ယင်းနောက် ရွှေပုဇွန်ဆီအလံကြီး ၄-၊ ယင်းနောက် ချပ် တန်းဆာနှင့် သေနတ်စွဲ သူရဲ-၂၀၀၊ ယင်းနောက် ချပ် တန်းဆာနှင့် ရွှေလှံစွဲသူရဲ ၂၀၀၊ ယင်းနောက် ချပ် တန်းဆာနှင့် ရွှေဒိုင်း, ရွှေဓား, ရွှေလှွား, ရွှေကာစွဲသူရဲ ၂၀၀၊ ယင်းနောက် စည်တော်စုံ၊ ယင်းနောက် မင်းမြှောက်တန်းဆာငါးပါးစသော မင်းခမ်းတော်စုံ၊ ယင်းနောက် ဆဒ္ဒန်ဆင်ဖြူတော်ကိုတပ်ရန် ကွမ်းခွက်နှင့် ကျောက်စီ ရတနာရွှေဘွဲ၊ ယင်းနောက် အရံဆင်တော်များကို တပ်ရန်ဘွဲ။ ယင်းနောက် ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏားကြီး ဂ၊ ယင်းနောက် ရွှေအရံဆင်တော်စု၊ ယင်းနောက် လက်ဝဲကအမတ်ကြီး ဟံသာဝတီမြို့ဝန် မင်းလှနော်ရထာ၊ လက်ယာက အမတ်ကြီး ရွှေတိုက်ဝန် နေမျိုးမင်းလှရာဇာတို့ ဗောင်း နားဒောင်း ဝတ်လုံစလွယ် ဘွဲ့ဖြူဆင်၍ ရတနာအတီပြီးသော နဂါးပတ်ချွန်း စွဲကိုင်လျက် ဆဒ္ဒန်ဆင်ဖြူတော်ကို ဝဲယာမစ၍ လိုက်ရသည်။

ယင်းနောက် လက်ယာအရံဆင်ဧဘော်, လက်ဝဲအရံဆင်တော်၊ နောက်အရံဆင်တော်စု၊ ယင်းနောက် သားတော် အိမ်ရှေ့မင်း၊ မြေးတော် စစ်ကိုင်းမင်း၊ ယင်းနောက် မင်းသား၊ မင်းမြေး၊ ဆွေတော်မျိုးတော်၊ ယင်းနောက် မှူးတော်မတ်တော်၊ ယင်းနောက် စုရေး စုကိုင်၊ ယင်းနောက် ဒိုင်မှူး သင်းမှူး သွေးသောက်စု၊ မြင်းတော်သည်တို့ သနားတော်မြတ် ခံရသည့် ဗောင်း နားဒောင်း, ဝတ်လုံစလွယ် ဘွဲ့ဖြူဆင်ယင်၍ စီစဉ် ခင်းကျင်းလိုက်ကြရသည်။

ရတနာရွှေတိုင်ပလ္လင်က ရွှေနန်းတော်ကို လက်ယာရစ်လှည့်၍ မြောက်စမုတ်တော် မြောက် တန်ဆောင်းပြာသာဒ် ဆဒ္ဒန်ဆင်ဖြူတော်ယှဉ်ရန် ကတ္တီပါမွေ့ရာခင်းထားသည့် မြေအပြင်တွင် ဆဒ္ဒန်ဆင်ဖြူတော်ကို ယှဉ်စေသည်၊

တန်ဆောင်းပြာသာဒ်သို့ ဆဒ္ဒန်ဆင်ဖြူတော် ယှဉ်မိကြောင်းကို အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည် အတွင်းတော်သို့ ဝင်၍ ရှိခိုးသံတော်ဦးတင်လျှင် ဆင်ဖြူများရှင် မင်းတရားကြီးဘုရား အဖိုးအတိုင်းမသိ ထိုက်သော မကိုဋ်ဒုယင်တော် ရတနာတန်းဆာတော်ကို ဆင်ယင်တော်မူ၍ သိကြားမင်း၏ အသရေကဲ့သို့သော ကျက်သရေအပေါင်းတို့ဖြင့် အရှင်မိဖုရားခေါင်ကြီးစသောမင်းမိဖုရားအပေါင်း ခြံရံလျက် မြောက်စမုတ်တော် တန်ဆောင်းသို့ ထွက်စံတော်မူသည်။

ငြိမ်သက်လျှင် အခါတော်စောင့် ပညာရှိ မြေစွန်းဝန် စည်သူသီရိ၊ ဝတ်မြေဝန် ဇေယျရာဇသင်္ကြံ၊ ရှစ်ပါးပုဏ္ဏားကြီးတို့က အခါတော်ပြည့်စုံကြောင်းကို လျှောက်လျှင် ရတနာသုံးပါး ပူဇော်တော်ပွဲ၊ သမ္မာဒေဝနတ် ပူဇော်တော်ပွဲ၊ ခမည်းတော်ဘုရား, မယ်တော်ဘုရား ပူဇော်တော်ပွဲ ခြောက်ပွဲကို အဆက်အသခန့်သူ အမြောက်ဝန် ရွှေတောင်သီရိကျော်၊ဝင်းကောင်ဟန်ဝန် ရွှေတောင်သီဟ၊ မင်းရွာစား ရွှေတောင်ရန္တကျော်၊ အဝေးကျီဝန်သား လက်ယာရွှေတောင်၊ မြေနန်းဝန်ပျံချီရွှေတောင်ကျော်၊ ရေကြည်မှူး စည်သူရွှေတောင်တို့ ဆက်သည်ကို ပူဇော်တော်မူသည်။

ပြီးလျှင် ရွှေမှူးတာက ဂင်္ဂါရေကို နဝရတ်စီ ရွှေဖလားမှာ ထည့်ပြီးလျှင် ရွှေဖလားက ရေကို မကန်းရုပ် ရွှေကရားမှာ လောင်း၍ ရွှေတိုက်စိုး သီရိဇေယျစည်သူဆက်လျှင် ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့် နေ့မှစ၍ သက်တော်ရာကျော် ရှည်တော်မူလျက် သားတော်အစဉ်, မြေးတော် အဆက်, မြစ်တော်အညွန့်, အဓွန့်ရှည်စွာ အနွယ်တော်မပျက် သာသနာတော် အစီးအပွါး ပြည်သူသတ္တဝါအပေါင်းတို့၏ အစီးအပွါးကို ဆောင်ရွက်နိုင်သည် ဖြစ်စေသော၊ ဆင်ဖြူများသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ရွှေနှုတ်တော်က ဘိသိက်မင်္ဂလာစကား ဆိုတော်မူ၍ ရွှေကရားဖြင့် ဆဒ္ဒန်ဆင်ဖြူတော် ဦးခေါင်းကို သွန်းတော်မူပြီးလျှင် လက်ယာခြေတော်ကို ခုနစ်ကြိမ် တင်တော်မူသည်။

ပြီးလျှင် ဆင်ယှဉ်တော်တွင် ခင်းထားသော နေရာတော်ထက် စံနေတော်မူသည်။ ငြိမ်သက်လျှင် ဘိသိက်တော်ဆက် ရှစ်ပါးပုဏ္ဏားကြီးက ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့ကစ၍ ဒွတ္တိံသ ဂမ္ဘကရဏ ဘေးရန်အပေါင်း ကင်းစင်လွင့်ပျောက် မရောက်သည်သာ ဖြစ်၍ တနေ့တပါး ဘုန်း

တန်းခိုး အာနုဘော်တော် တိုးတက်ပြန့်ပွါး၍ သက်တော်ရာကျော် ရှည်ပါစေ ဘုရား၊ တရာသော မင်းအပေါင်းတို့ ဦးညွှတ်လျက် ဆက်အပ်သော ထူးမြတ်သော လက်ဆောင်ပဏ္ဏာများစွာ ရောက်ပါစေဘုရား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အမွန့်ရှည်စွာ နန်းထက်စင်စစ် သက်တော်များစွာ ရှည်ပါစေဘုရား၊ မင်္ဂလာစကား သုံးကြိမ်လျှောက်၍ ဘိသိက်တော် ဆက်ရသည်၊ ဘိသိက်တော်ပန်းရေများကို နဝရတ်စီ ရွှေဖလားနှင့်ခံ၍ ရွှေတိုက်စိုး ဇေယျရန္တသူ ဆက်ရသည်။

ပြီးလျှင် ဘုရားခုနစ်ဆူ အလှူတော်ကို နားခံတော် စမြောင်မှူး ဘယကျော်ထင် ဖတ်လျှောက်ရသည်။ အလှူတော်ကို ကောင်းမွန်အောင် ကြီးကြပ်တင်လှူစေ အမိန့်တော်ရှိ၍ အလှူတော်ကို စည်ရွှမ်းလျက် တင်လှူစေသည်။

ပြီးလျှင် ဝန်ကြီးနေမျိုးသီဟသူက ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ သက်တော် ရာကျော် ရှည်တော်မူလျက် စကြာမန္ဓာတ်မင်းကဲ့သို့ ဘုန်းတော်ကြီး၍ ကာယသုခ, စိတ္တသုခနှင့် ပြည့်စုံတော်မည်ဘုရား။

ပြီးလျှင် အတွင်းဝန်မင်းကြီး မဟာ သက်တော်ရှည်က ကောင်းမြတ်သော အခါတော်၌ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ သုဒဿနစကြာမင်းကဲ့သို့ တင့်တယ်စံပယ်တော်မူလျက် တန်းခိုးလေးပါးနှင့် ပြည့်စုံတော်မည်ဘုရား လျှောက်ရသည်။

ပြီးလျှင် မဟာမင်းလှက ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်မင်းကို သိမ်းတော်မူသည့်နေ့မှစ၍ စကြာမင်းတို့ကဲ့သို့ စကြာရတနာများစွာ ရောက်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံတော်မူလျက် လေးကျွန်းလုံးကို အစိုးရတော်မည်ဘုရား လျှောက်ရသည်။

ပြီးလျှင် မဟာဒါန်တိုက်ဝန် နေမျိုးဇေယျကျော်ထင်က ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့်နေ့မှစ၍ စကြာမင်းကဲ့သို့ ဘုန်းတော် အလွန်ကြီးမည်၊ သက်တော် ရာကျော် ရှည်တော်မူမည်၊

စကြာရတနာများစွာ ရောက်မည်၊ ပြည်ထဲရေးလေးမျက်နှာ သာယာမည်၊ မိုးရေဖြောင့်မှန်စွာ ကောင်းမည်ဘုရား လျှောက်ရသည်။

ပြီးလျှင် မှူးတော် မတ်တော် သူဌေး သူကြွယ် ကတော်မယားတို့ကလည်း တပြိုင်နက် ကောင်းချီးစကား လျှောက်ကြရသည်။

ပြီးလျှင် အရပ်ရပ် လက်ဆောင်တော်စာကို မြန်မာသံတော်ခံ စိန္တကျော်သူ ဖတ်လျှောက်ရသည်။

ပြီးလျှင် မင်္ဂလာရတု စစ်ကိုင်းမင်း နားခံ ကျော်စွာရန္တမိတ် ဖတ်လျှောက်ရသည်။

ပြီးလျှင် ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည် ကျွန်းငယ်အရံငါးရာရှိသော လေးကျွန်းလုံးကို အစိုးရသော သဗ္ဗညုတဘုရားအလောင်း စကြာမန္ဓာတ်မင်းတို့ကဲ့သို့ ဖြည့်ကျင့်တော်မူသော ဘုန်းတော်ပါရမီတော်ကြောင့် ရအပ်သော ဆဒ္ဒန်ဆင်ဖြူတော်ကို တံဆိပ်နာမံ ကျောက်စီရွှေဘွဲ့ အခြေအရံ ရွှေလုံ ရွှေခြား ရွှေလွှား ရွှေကာ သေနတ်မီးပေါက် အတီးအမှုတ် စည်တော်စုံ ထီးဖြူစသော မင်းမြောက်တန်းဆာငါးပါး မင်းခမ်းမင်းနားအစုံနှင့်တကွ အပ်တော်မူ၍ ဖလ်မှန်ပတ္တမြား မွမ်းမံစီချယ်သော ရွှေနန်းပြာသာဒ်နှင့် ချီးမြှင့်ပြုစုတော်မူသည်။ ငါအရှင်ကေရာဇ်မင်းမြတ်အကျိုးတော်, သာသနာတော်မြတ်စီးပွါး, ပြည်သူ လူရဟန်းတို့ စီးပွါးများမည့်အကြောင်း မိုးလေဖြောင့်မှန်၍ ပြည်ထဲလေးမျက်နှာ ဝပြောသာယာ ငြိမ်းချမ်းမည့်အကြောင်းကို ကြည့်ရှုရမည်။

ပြီးလျှင် သံတော်ဆင့် သီရိနန္ဒကျော် "နိဗ္ဗာနပစ္စယ နာဂရာဇာ"ဟူသော ဘွဲ့တော်ကို ကွမ်းခွက်မှာယူ၍ ဆဒ္ဒန်ဆင်ဖြူတော်ကို လက်ယာက တုပ်ပျပ်လျက် ဖတ်လျှောက်၍ ဆဒ္ဒန်ဆင်ဖြူတော်ကို ဘွဲ့တပ်ရသည်။

ပြီးလျှင် အရံဆင်တော်များကိုလည်း သံတော်ဆင့် အဆောင်မြဲတို့ ဖတ်လျှောက်၍ အသီးအသီး ဘွဲ့တပ်ကြရသည်။ ပြီးလျှင် လက်ဖွဲ့တော်စာ လျှောက်ရသည်။

လက်ဖွဲ့တော်စာကား – ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ဆဒ္ဒန် ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား၊ မဟာသမ္မတမန္ဓာတ်စသော ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့ကဲ့သို့ ဖြည့်ကျင့်တော်မူသော များမြတ်သော ပါရမီတော် အာနုဘော်တော်အားဖြင့် သိကြားနတ်မင်းတို့သည် ဆဒ္ဒန်အိုင်မှ ဆောင်ယူဆက်သသော ဆဒ္ဒန်ဆင်ဖြူရတနာကို ကျမ်းဂန်နှင့်အညီ ရွှေနန်းတော်ဦး၌ ရွှေကျောက်အတိ မွှမ်းမံချယ်လယ်သော ရွှေပြာသာဒ်၊ ထီးဖြူစသော မင်းမြောက်တန်းဆာငါးပါးနှင့်တကွ မင်းခမ်းတော်အစုံနှင့် ဘိသိက်သွန်းခြင်း၊ နိဗ္ဗာနပစ္စယနာဂရာဇာ ကျောက်စီရွှေဘွဲ့ တံဆိပ်နာမံတော်တပ်ခြင်း၊ မင်းအဖြစ်သို့ ချီးမြှင့်ပြုစုတော်မူ၍ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဇမ္ဗူဒိပ်ကျွန်းမြေတသောင်း၊ ထီးဆောင်းမင်းတကာတို့ ဦးညွှတ်ဆက်သ, ပူဇော်ကန်တော့စေလျက် ကြီးကျယ်စွာအစီအရင် မင်းပွဲသဘင်စုံ ခံတော်မူ၍ ဆဒ္ဒန်ဆင်မင်းကို သိမ်းတော်မူသည်ကို ဆင်မင်းအား ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရားက ရွှေသပြာ တထောင့် နှစ်ရာ့ ငါးဆယ်ခုတ်သော ပတ္တမြား စိန်မြစသော ရတနာကိုးပါးတို့ဖြင့် စီချယ်သော အဘိုး နှစ်သောင်း တထောင့်ကိုးရာ့ ငါးဆယ် ထိုက်သော မင်းခမ်းတော် ခြသေ့ခံ ရတနာကွမ်းခွက်။

ရွှေသပြာ တထောင့်သုံးရာခုတ်သော ပတ္တမြား စိန်မြ စသော ရတနာကိုးပါးတို့ဖြင့် စီချယ်သော အဘိုး နှစ်သောင်း နှစ်ထောင် နှစ်ရာ့ နှစ်ဆဲ့ရှစ်ထိုက်သော မင်းခမ်းတော် နဂါးခံ ရတနာကွမ်းခွက်၊ ရွှေသပြာ ခြောက်ရာခုတ်သော ပတ္တမြား ငါးရစ် စီသော အဘိုးတထောင့်ငါးရာ့ သုံးဆဲ့ခြောက်ထိုက်သော မင်းခမ်းတော် ရတနာကွမ်းခွက်။

ရွှေသပြာ လေးရာ့ ခုနစ်ဆယ် ခုတ်သော အဘိုးရှစ်ထောင့် ခုနစ်ရာ့ ရှစ်ဆယ်ထိုက်သော မျောက်ရုပ်တု ရွှေတမ်းခွန်၊ ရွှေသပြာ လေးရာ့ ခုနစ်ဆဲ့ငါး ခုတ်သော အဘိုး ရှစ်ထောင့် ခုနစ်ရာထိုက်သော ဆင်ရုပ်ထု ရွှေတမ်းခွန်၊ ရွှေသပြာ လေးရာ့ ခုနစ်ဆဲ့ငါး ခုတ်သော အဘိုးရှစ်ထောင့် ခုနစ်ရာ့ ရှစ်ဆယ်ထိုက်သော ဘီလူးရုပ်တု ရွှေတမ်းခွန်။

မိုးကြိုးသပြာ လေးရာ့ခုနစ်ဆဲ့ငါး ခုတ်သော အဘိုး လေးထောင့်ခုနစ်ရာ့ ငါးဆယ် ထိုက်သော ဥဒေါင်းရုပ်တု မိုးကြိုးတမ်းခွန်၊ ငွေသပြာ လေးရာ့ ခုနစ်ဆဲ့ငါးခုတ်သော အဘိုး လေးရာ့ခုနစ်ဆဲ့ငါး ထိုက်သော ဂဠုန်ရုပ်တု ငွေ တမ်းခွန်။

ရွှေသပြာ တထောင့် သုံးရာ့ လေးဆဲ့ကိုး ခုတ်သော နဝရတ်ပွင့်ကျောက် တဆဲ့ရှစ်လုံး၊ ပတ္တမြား စိန် မြ ပုလဲ တသောင်း နှစ်ထောင့် ခြောက်ရာ့ ခုနစ်ဆဲ့ သုံး စီချယ်သော အဘိုး နှစ်သိန်းကိုးသောင်းခြောက်ထောင့် နှစ်ရာ့ရှစ်ဆဲ့သုံး ထိုက်သော ရတနာဦးကင်းတော်ဖုံး၊ ရွှေသပြာ လေးရာ့ငါးဆဲ့ခုနစ်၊ ငွေသပြာ တရာ့ကိုးဆဲ့သုံးခုတ်သော နဝရတ်ငါးပွင့်၊ ကျောက်လေးဆဲ့ငါး၊ ပတ္တမြားစိန်မြ တထောင့် ခြောက်ရာ့ ခုနစ်ဆဲ့ခုနစ် စီချယ်သော အဘိုး တသိန်း တသောင်း နှစ်ထောင့် တရာ့ ကိုးဆဲ့ငါး ထိုက်သော ရတနာမျက်နှာတော်တပ်။

ရွှေသပြာ တရာ့တဆယ် ခုတ်သော ပတ္တမြား စိန် မြ စသော ရတနာကိုးပါး တို့ဖြင့် စီချယ်သော အဘိုးတသောင်း ခုနစ်ထောင့် ခုနစ်ရာ့ သုံးဆဲ့ငါးထိုက် သော ရတနာစွယ်ခွေးတော် အရန်စုံ။

ရွှေသပြာ ခုနစ်ရာ့တဆဲ့ရှစ်ခုတ်သော ပတ္တမြားငါးရာ့ကိုးဆဲ့ခြောက် စီချယ် သော အဘိုးနှစ်သောင်း နှစ်ထောင့် သုံးရာ့ နှစ်ဆဲ့ခြောက်ထိုက်သော နားဆွဲ ရတနာ ကန်တော့အရန်စုံ၊ ရွှေသပြာသုံးရာ့ရှစ်ဆယ် ခုတ်သော ပတ္တမြား စိန်မြ စသော ရတနာကိုးပါးတို့ဖြင့် စီချယ်သော အဘိုး ကိုးထောင့် သုံးရာ့ ရှစ်ဆယ် ထိုက်သော ရတနာ လည်ဆွဲတော်။

ရွှေသပြာ ခုနစ်ရာ့သုံးဆယ် ခုတ်သော အဘိုး တသောင်း သုံးထောင့် ငါးရာ ခြောက်ဆယ် ထိုက်သော ရွှေချူတဆဲ့လေး၊ ရွှေသပြာ တရာ့လေးဆဲ့ ခုနစ် ခုတ်သော အဘိုး နှစ်ထောင့် ခုနစ်ရာ့တဆယ် ထိုက်သော ရွှေချူကြိုး နှစ်၊ ရွှေသပြာ ကိုးရာနှစ်ဆဲ့ကိုး ခုတ်သော ပတ္တမြားစိန်မြ နှစ်ရာ့နှစ်ဆယ် စီချယ်သော အဘိုးငါးသောင်း နှစ်ထောင့် ခြောက်ရာ့ ရှစ်ဆယ်ကိုး ထိုက်သော ရတနာ လက်ကောက်အရန်စုံ၊ ရွှေသပြာ ခြောက်ရာ့ ကိုးဆယ် ခုတ်သော

ပတ္တမြားစိန်မြ ရှစ်ရာ့ ငါးဆဲ့ရှစ် စီချယ်သော အဘိုးတသိန်း သုံးသောင့် သုံးထောင့် ရှစ်ရာ့ သုံးဆယ်ထိုက်သော ရတနာနဂါးရုပ်ခြေကျဉ်းတော်အရန်စုံ။

ရွှေသပြာလေးဆဲ့ကိုးခုတ်သော ပတ္တမြားငါးဆဲ့ခြောက် စီချယ်သော အဘိုး ကိုးရာ့ လေးဆဲ့လေး ထိုက်သော ရတနာ ရွှေဖလား၊ ရွှေသပြာတရာ့နှစ်ဆယ် ခုတ်သော ပတ္တမြား တရာ့ ခြောက်ဆယ် စီချယ်သော အဘိုးနှစ်ထောင့်သုံးရာ့ လေးဆယ်ထိုက်သော ရတနာရွှေဖလား၊ရွှေသပြာလေးရာ့ ကိုးဆဲ့ငါးခုတ်သော အဘိုး ကိုးထောင့် တရာ့ငါးဆဲ့ရှစ် ထိုက်သော တဆဲ့နှစ်ရာသီ ရွှေဖလား၊ ရွှေ သပြာ ခြောက်ဆဲ့ခုနှစ် ခုတ်သော အဘိုး တထောင့်နှစ်ရာ့ သုံးဆဲ့ငါး ထိုက် သော သင်းချောရွှေဖလား။

ရွှေသပြာ လေးရာခုတ်သော ပတ္တမြား ငါးရာ့ရှစ်ဆဲ့နှစ် စီချယ်သော အဘိုး နှစ်ထောင့် ကိုးရာ့ရှစ်ဆဲ့ငါးထိုက်သော ရတနာရွှေသန္ဓေးတော်ကြီး။ ရွှေသပြာ နှစ်ရာခုတ်သော အဘိုး လေးထောင်ထိုက်သော ရတနာရွှေသန္ဓေးတော်။ ရွှေသပြာ တရာ့နှစ်ဆယ်ခုတ်သော အဘိုး နှစ်ထောင့်နှစ်ရာ့လေးဆယ်ထိုက် သော ရွှေသန္ဓေးတော်။

ရွှေသပြာ တထောင့်ငါးရာခုတ်သော အဘိုး နှစ်သောင်း ခုနှစ်ထောင့် ခုနှစ်ရာ့ငါးဆယ်ထိုက်သော ရွှေအင်။ ရွှေသပြာ တထောင့်ငါးရာ့ခုနှစ်ဆဲ့ငါး ခုတ်သော အဘိုး သုံးသောင်းတထောင့်ငါးရာထိုက်သော ရွှေအင်။

ငွေသပြာ ရှစ်ရာ့ခုနှစ်ဆဲ့ငါးခုတ်သော အဘိုး ရှစ်ရာ့ခုနှစ်ဆဲ့ငါးထိုက်သော ငွေအင်။ ငွေသပြာ ကိုးရာ့တဆယ်ခုတ်သော အဘိုး ကိုးရာ့တဆယ်ထိုက်သော ငွေအင်။

ရွှေသပြာ လေးရာ့တဆယ်ခုတ်သော အဘိုး ရှစ်ထောင့်ရှစ်ရာထိုက်သော ရွှေအိုးပျစ်ဖုံးစုံ။ ငွေသပြာ ငါးရာခုတ်သော အဘိုးငါးရာထိုက်သော ငွေအိုးပျစ် ဖုံးစုံ။

ရွှေသပြာ သုံးရာ့လေးဆဲ့လေးခုတ်သော အဘိုး ခြောက်ထောင့်သုံးရာ့ ငါးဆဲ့ကိုးထိုက်သော ရွှေလင်ပန်း။

ရွှေသပြာ လေးရာ့သုံးဆဲ့ရှစ်ခုတ်သော အဘိုးငွေ ရှစ်ထောင့်ခြောက်ရာ့ ကိုးဆဲ့လေးထိုက်သော ရွှေအုပ်ဆောင်း။

ငွေသပြာ သုံးရာ့နှစ်ဆဲ့ရှစ်ခုတ်သော အဘိုး သုံးရာ့နှစ်ဆဲ့ရှစ်ထိုက်သော ခြေသုံးချောင်းတပ် ပွဲတော်တင်။

ရွှေသပြာ ရှစ်ရာ့သုံးဆဲ့ငါးခုတ်သော အဘိုး တသောင်းလေးထောင့်ခုနစ်ရာ့ ရှစ်ဆဲ့နှစ်ထိုက်သော ရတနာရွှေကျည်တော်နှစ်။ ရွှေသပြာ နှစ်ထောင့်လေးဆယ် ခုတ်သော ပတ္တမြား တထောင့်လေးရာ့ငါးဆယ် စီချယ်သော အဘိုး တသောင်း လေးထောင့်ခုနစ်ရာ့ရှစ်ဆယ်ထိုက်သော ရတနာရွှေကျည်တော်နှစ်။

ငွေသပြာ နှစ်ရာ့လေးဆယ်ခုတ်သော အဘိုး နှစ်ရာ့လေးဆယ်ထိုက်သော လက်ခတ်တော်နှစ်။

ရွှေသပြာ ငါးရာ့နှစ်ဆယ်ခုတ်သော ပတ္တမြားလေးရစ် စီချယ်သော အဘိုး ကိုးထောင့်ငါးရာ့ရှစ်ဆယ်ထိုက်သော ရတနာပုပ္ဖနရတ္တိနဂါးပတ်ချွန်းရိုးတော်နှစ်။

ပတ္တမြားချွန်းသွား အရိုးပုလဲ စီချယ်သော အဘိုး ငါးသောင်းထိုက်သော ရတနာချွန်းတောင်းတော်။

ရွှေသပြာ လေးဆဲ့ငါးခုတ်သော ပတ္တမြားခြောက်ဆယ် စီချယ်သော အဘိုး ရှစ်ရာ့ကိုးဆဲ့သုံးထိုက်သော ရတနာချွန်းတော်။

ရွှေစင် ရှစ်သိန်း အဘိုး များစွာထိုက်သော ထည်မျိုးအုပ်မျိုး ခုနစ်ရာ။ အရံကျေးလက် ခုနစ်ဆယ်ရှိသော စလင်းမြို့ ပျော်ဘွယ်ရွာနေ လက်နက်စွဲ သူရဲ ငါးရာများကို လက်ဖွဲ့တော်မူသည်။

အရှင်မိဖုရားခေါင်ကြီးက ရွှေသပြာ တထောင်ခုတ်သော ပတ္တမြား, စိန်, မြ စသော ရတနာကိုးပါးစီချယ်သော အဘိုးငါးသောင်းကျော်ထိုက်သော ရတနာ ရွှေလက်ကောက်တော် အရန်စုံ။ ရွှေစင် ငါးထောင် အဘိုးများစွာထိုက်သော အုပ်မျိုးထည်မျိုး သုံးရာ့နှစ်ဆဲ့ငါး လက်ဖွဲ့တော်မူသည်။

သားတော်အိမ်ရှေ့မင်းက ရွှေသပြာ နှစ်ရာ့ငါးဆယ်ခုတ်သော ပတ္တမြား စီသော အဘိုး လေးထောင့်သုံးရာ့ကိုးဆယ်ထိုက်သော ရတနာရွှေဖလား။

ရွှေသပြာနှစ်ရာခုတ်သော ပတ္တမြားစီသော အဘိုး သုံးထောင့်ငါးရာ့တဆဲ့နှစ် ထိုက်သော ရတနာရွှေဖလား။

ရွှေသပြာ နှစ်ရာ့တဆဲ့ခြောက် ခုတ်သော ပတ္တမြား လေးရာ့ငါးဆယ်၊ ပုလဲ နှစ်ထောင့်သုံးရာ့ရှစ်ဆဲ့ကိုး စီချယ်သော အဘိုး သုံးထောင့်ခုနစ်ရာ့ခုနစ်ဆဲ့ငါး ထိုက်သော ရတနာလည်ဆွဲတော်။

ရွှေသပြာ ငါးရာခုတ်သော အဘိုး တသောင်းထိုက်သော ရွှေလင်ပန်း။

ရွှေသပြာ နှစ်ရာခုတ်သော အဘိုးတထောင်ထိုက်သော ရွှေသန္ဓေး။

အဘိုးများစွာထိုက်သော အုပ်မျိုး ထည်မျိုး ငါးရာများကို လက်ဖွဲ့တော်မူသည်။

မြေးတော်စစ်ကိုင်းမင်းက ရွှေသပြာ တရာ့လေးဆဲ့နှစ်၊ ငွေသပြာ ငါးရာ့လေး ချယ်လယ်လုပ်ဆောင်သော စိန်ကျောက် နှစ်ရာ့တဆဲ့လေး စီချယ်သော အဘိုး လေးထောင့်ကိုးရာ့သုံးဆဲ့ငါးထိုက်သော ရတနာထီးဖြူတော်၊ ရွှေသပြာ တထောင့်လေးဆဲ့လေးခုတ်သော အဘိုး နှစ်သောင်းရှစ်ရာ့ရှစ်ဆဲ့ရှစ် ထိုက်သော ယပ်မားတော်။

ရွှေသပြာ တရာ့ခုနစ်ခုတ်သော အဘိုး နှစ်ထောင့်ကိုးထိုက်သော ရတနာ သားမြီးယပ်။

ရွှေသပြာ ငါးထောင့်ရှစ်ရာ့ရှစ်ဆဲ့နှစ်၊ ငွေသပြာ လေးထောင့်ရှစ်ရာ့နှစ်ဆယ်၊ နဝရတ်သုံးပွင့်၊ ပတ္တမြား ခြောက်ထောင့်ခြောက်ဆယ်တို့ဖြင့် ချယ်လယ်ခုတ်လုပ်သော အဘိုး နှစ်သိန်းတသောင်းသုံးထောင်လေးရာငါးဆယ်ထိုက်သော ရတနာဘွဲ့ ကန်တော့။

ရွှေသပြာ တရာ့သုံးဆဲ့ကိုးခုတ်သော ပတ္တမြား, စိန်, မြ ခုနစ်ဆဲ့ကိုး စီခြယ်သော အဘိုး လေးသောင်းလေးထောင်သုံးရာ့နှစ်ဆဲ့နှစ် ထိုက်သော ရတနာ ချွန်းတောင်းတော်။

ရွှေသပြာ ငါးရာခုတ်သော အဘိုး တထောင့်ငါးရာ ထိုက်သော တဆဲ့နှစ်ရာသီ ရွှေဖလား။

ရွှေသပြာ ငါးရာခုတ်သော အဘိုးခုနှစ်ရာ့ငါးဆယ် ထိုက်သော တဆဲ့နှစ်ရာသီ ငွေဖလား၊ အဘိုး တထောင့် ခြောက်ရာ့ ခုနှစ်ဆဲ့ငါး ထိုက်သော ရွှေဇာ တင်းထိမ်နှစ်။

အဘိုး နှစ်ထောင့်သုံးရာ့ငါးဆယ် ထိုက်သော ကတ္တီပါတင်းထိမ်နှစ်၊ အဘိုး များစွာထိုက်သော အုပ်မျိုးထည်မျိုးတရာ လက်ဖွဲ့တော်မူသည်။

သမီးတော် ဟသ်ာတမြို့စား မင်းသမီးက ရွှေသပြာ တရာ့နှစ်ဆယ်ခုတ်သော ပတ္တမြားနှစ်ရာ စီချယ်သော အဘိုး နှစ်ထောင့်တရာ့ ခြောက်ဆယ် ထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာ သုံးရာ့ငါးဆယ်ခုတ်သော အဘိုးခြောက်ထောင့် တရာ့တဆယ်ထိုက်သော ရွှေချူခုနှစ်၊ ရွှေသပြာ တရာ့ နှစ်ဆဲ့ငါး ခုတ်သော အဘိုးတထောင့်နှစ်ရာ့ငါးဆယ်ထိုက်သော ရွှေကလပ်၊ ရွှေသပြာ နှစ်ဆယ် ခုတ်သော အဘိုးလေးရာ့ငါးဆယ်ငါးထိုက်သော ရွှေကတီပြား၊ အဘိုးများစွာ ထိုက်သော မြချယ်သောရွှေအုပ်ဆောင်း၊အုပ်မျိုးထည်မျိုးတရာ လက်ဖွဲ့သည်။

သားတော် ပြည်မင်းက ရွှေသပြာနှစ်ရာ့ငါးဆယ်ခုတ်သော နဝရတ်အချက် ပတ္တမြားသုံးရစ်စီသော အဘိုး လေးထောင့်သုံးရာ့ကိုးဆယ်ထိုက်သော ရတနာ ရွှေဖလား၊ ရွှေသပြာ နှစ်ရာ့ ငါးဆယ်ခုတ်သော ပတ္တမြားသုံးရစ်စီသော အဘိုး လေးထောင့်သုံးရာ့ကိုးဆယ် ထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာနှစ်ရာ ငါးဆယ်ခုတ်သော အဘိုး ငါးထောင်ထိုက်သော ရွှေလင်ပန်း၊ ရွှေသပြာတရာ့ ကိုးဆယ်ရှစ်ခုတ်သော ပတ္တမြားစီ အဘိုး့ သုံးထောင့်ငါးရာ့တဆဲ့နှစ်ထိုက်သော ရတနာနားဆွဲတော် အရံစုံ၊ အုပ်မျိုးထည်မျိုး သုံးဆဲ့နှစ် လက်ဖွဲ့သည်။

သားတော် ပုသိမ်မင်းက ရွှေစင်တထောင် အုပ်မျိုးထည်မျိုးတရာ လက်ဖွဲ့ သည်။

သားတော် တောင်ငူမင်းက ရွှေသပြာ ငါးရာခုတ်သော ပတ္တမြားစီ အဘိုး ရှစ်ထောင့်ခုနှစ်ရာ့ရှစ်ဆယ် ထိုက်သော ရတနာရွှေဖလား၊ ရွှေသပြာ ငါးဆဲ့ခြောက်ခုတ်သော ပတ္တမြားစီ အဘိုး ကိုးရာ့ကိုးဆဲ့ခြောက် ထိုက်သော ရတနာရွှေစွယ်ခွေးတော် အရံစုံ၊ ရွှေစင်ငါးရာ ပတ္တမြား ကျောက်လွတ် နှစ်ထောင်၊ အုပ်မျိုး ထည်မျိုး ငါးဆဲ့နှစ်လက်ဖွဲ့သည်။

သားတော် ပုဂံမင်းက ရွှေသပြာ တရာခုတ်သော နဝရတ် အချက်တပ် ပတ္တမြားတရစ်စီ အဘိုး တထောင့်ခုနစ်ရာ့ငါးဆဲ့ခြောက် ထိုက်သော ရတနာ ရွှေဖလားနှစ်၊ ငွေသပြာ ခြောက်ထောင့်တရာ့ ကိုးဆယ်ခုတ်သော ငွေအင်၊ ရွှေစင်လေးရာ၊ အုပ်မျိုးထည်မျိုး လက်ဖွဲ့သည်။

သားတော်ပုခန်းမင်းက ပတ္တမြားကျောက်လွတ် တထောင့်ခုနစ်ရာ့နှစ်ဆယ်၊ ရွှေစင် ငါးရာ၊ အုပ်မျိုးထည်မျိုး ငါးဆဲ့ခြောက် လက်ဖွဲ့သည်။

သားတော် မိုးမြိတ်မင်းသားက ရွှေစင်ငါးရာ၊ အုပ်မျိုးထည်မျိုးလေးဆယ်၊

သားတော် သီပေါမင်းသားက ရွှေသပြာ တရာခုတ်သော နဝရတ်ချက်တပ် ပတ္တမြားစီ အဘိုး နှစ်ထောင့် ငါးရာထိုက်သော ရတနာ ရွှေဖလား၊ ရွှေစင် တရာ့ငါးဆယ်၊ ထည်မျိုးအုပ်မျိုးခုနစ်ဆယ်။

သားတော် သံလျင်မင်းသားက ရွှေသပြာ နှစ်ရာ ခုတ်သော အဘိုး ငါး ထောင်ထိုက်သော ရွှေဖလား၊ ထည်မျိုးအုပ်မျိုး ငါးဆယ်။

သားတော် ကနောင်မင်းသားက ရွှေသပြာ နှစ်ရာ့ငါးဆယ် ခုတ်သော အဘိုး ငါးထောင်ထိုက်သော ရွှေဖလား၊ ထည်မျိုးအုပ်မျိုး ငါးဆယ်။

သားတော် မက္ခရာ မင်းသားက ရွှေသပြာ ငါးရာ ခုတ်သော အဘိုး တသောင်းထိုက်သော ရွှေဖလား၊ အုပ်မျိုးထည်မျိုးတဆယ်။

သားတော် မင်းတုန်းမင်းသားက ရွှေသပြာ နှစ်ရာ့ငါးဆယ်ခုတ်သော အဘိုး ငါးထောင်ထိုက်သော ရွှေဖလား၊ ထည်မျိုးအုပ်မျိုးတဆယ်။

သားတော် လှိုင်မင်းသားက ရွှေသပြာ နှစ်ရာ့ငါးဆယ်ခုတ်သော အဘိုးငွေ ငါးထောင်ထိုက်သော ရွှေဖလား၊ ထည်မျိုး အုပ်မျိုး တဆယ် လက်ဖွဲ့သည်။

ထို့ပြင် မင်းသားမင်းမြေး၊ ဆွေတော် မျိုးတော်၊ စော်ဘွား မြို့စား၊ မြို့ဝန်၊ စစ်ကဲ၊ မှူးတော် မတ်တော်၊ သူဌေး သူကြွယ်၊ စုရေး စုကိုင်း၊ ဒိုင်းမှူး၊ သင်းမှူး၊ မြင်းစီး၊ မြင်းခေါင်း၊ အတွန်း၊ သွေးသောက်ကြီး၊ မြို့ရွာ သူကြီး၊ မြေတိုင်၊ ကလံ သံပျင်၊ စာချီ စမာ၊ ဆိပ်စား တည်စားတို့က အသီးအသီး ရွှေဖလား

ငွေဖလား ရွှေသား ငွေသား ထည်မျိုး အုပ်မျိုး အထိုက်အလိုက် များစွာ မရေမတွက်နိုင် လက်ဖွဲ့ကြသည်။

ပြီးလျှင် ဆင်မင်းကို အစဉ်အတိုင်း ခြံရံဆောင်ယူ၍ ထီးဖြူစသော မင်းမြောက်တန်းဆာ မင်းခမ်းမင်းနား အဆောင်အယောင်ကျင်းပလျက် ဆင်မဲင်းနန်းတွင် ထားပြီးလျှင် လက်ဖွဲ့လက်ပမ်း ဇာတ်ကြီးဇာတ်စုံ ရုပ်ကြီးရုပ်သေးစသော ပွဲသဘင် ကြီးစွာ ခံတော်မူသည်။

ဆဒ္ဒန်ဆင်မင်းကို တွေ့မြင်ရင်းသူ ပေန်းဦးကို ဗျတ္တသီရိဘွဲ့၊ ငတော်ကို ဗျတ္တသူရိန်ဘွဲ့၊ ကေနီကို ဗျတ္တဇေယျဘွဲ့၊ ငမောင်ကို ဗျတ္တဇေတဘွဲ့နှင့် ငွေစင်ငါးရာ ရွှေဖလားငါးရာ ငွေဖလားငါးရာ ပိတ်အုပ်ငါးရာ ကမ္ဗလာငါးရာ ဆာပါအုပ်ငါးရာ၊ ပိုးကျစ်စုံပုဆိုးငါးရာ ဆုပေးတော်မူသည်။

အမတ်ကြီး မဟာမင်းလှကို ဆဒ္ဒန်ဆင်မင်းဝန်၊ ရွှေတောင်နရာကျော်၊ ရွှေတောင်သီဟကျော်သူတို့ကို ဆဒ္ဒန်ဆင်မင်းဝန်ထောက်၊ ဂဇကျော်သူ၊ လက်ဝဲဇေယျတို့ကို ဆဒ္ဒန်ဆင်မင်း နားခံ၊ ဘယကျော်စွာ၊ ဘယနန်သူတို့ကို ဆဒ္ဒန်ဆင်မင်းစာရေးကြီး ခန့်တော်မူ၍ ဆင်မင်းနန်းမှာ တက်သက် စီရင် ထိန်းအုပ်နေရသည်။

## ၁၀၄—ဆဒ္ဒန်ဆင်မင်းဝန်

## ဆဒ္ဒန်ဆင်မင်းဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်——လက်နက်စကြာ ရတနာသခင် ငါအရှင် ဧကရာဇ်မင်းမြတ်သည် ဖြည့်ကျင့်အပ်သော ပါရမီတော်မြတ်ကြောင့် ရှေးစကြာမန္ဓာတ်မင်းတို့ဝယ် ရအပ်သော ဆဒ္ဒန်ဆင်ဖြူရတနာကဲ့သို့ သိကြားနတ်တို့ ဆက်သ, ပို့ရောက်သော ဆဒ္ဒန်ဆင်မင်းကို အမတ်ကြီး မဟာမင်းလှကို ဆဒ္ဒန်ဆင်မင်းဝန် ခန့်တော်မူသည်။

သို့ခန့်တော်မူကြောင်းလည်း မဟာမင်းလှသည် ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစား အားထုတ် စိတ်ပါကိုယ်ပါ ထမ်းရွက်သောကြောင့် အထိုက်အလိုက် အရာအထူး အဆောင်အရွက်သနားတော်မူ၍ အရည်အလျောက် ခန့်ထားပြုစုတော်မူသည်။ ရွှေသို့လည်း ခန့်ထားပြုစုတော်မူသမျှ အမှုတော်ကို မသေ့မဖည် ထိန်းအုပ် ပြုစု စီရင်နိုင်မည်။ စီရင်ခင်း စီရင်ဘွယ်အလုံးစုံကို ကျွမ်းသိနားလည်သသူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်၍ ဆဒ္ဒန်ဆင်မင်းဝန် ခန့်တော်မူသည်။ ဆဒ္ဒန်ဆင်မင်းသည် ဘိသိက်သွန်းခြင်း မင်းအဖြစ်ကို ပေး၍ ဆဒ္ဒန်ဆင်မင်းကို အထူးသဖြင့် ချီးမြှင့် ပြုစုတော်မူသည်။

ကျေး ကျွန် သင်းပင်း မြို့ပြကျေးရွာ အဆောင်အရွက် ဆင်ယင်သည့် တန်းဆာ ဆင်ခြေဖုံး ဝင်းကိုယ်ရံတော် အတီးအမှုတ်၊ ကံကျွေး ကန္ဒား အစု အငန်းအများရှိသည်။ ဆဒ္ဒန်ဆင်မင်းတွင် မြက်ရေ အဆက်အပေး၊ အအိပ် အစက်၊ အရပ်အနေ၊ အညစ်အကြေး သန့်ရှင်းရန် ရှိသည်များကို တနေ့မပြတ် အချိန်အခါ မှန်ကန်အောင် စောင့်ကြပ် ကြည့်ရှု၍ မြက်ဆက်ပေးမြဲလူတို့ကို မြက်ဆက်ပေးစေ။ အညစ်အကြေး သန့်ရှင်းမြဲ လူတို့ကိုလည်း အညစ်အကြေး မတင်မရှိစေရ၊ မပြတ် ကြည့်ရှု သန့်ရှင်း စင်ကြယ်စေ။ ရေဆက်ပေး သုံးသပ် ချိန်ရောက်လျှင်လည်း သနားတော်မူသည့် အဆောင်အရွက် အတီးအမှုတ် ဆင်ခြေဖုံး ဝင်းကိုယ်ရံတော်များကို စီရင် ခင်းကျင်း တီးမှုတ်စေ၍ ရေဆက်ပေး သုံးသပ်မြဲ မြစ်ဆိပ်ရောက် ကြပ်မ ဆက်ပေး သုံးသပ်စေ။ ရေဆက်ပေးသုံးသပ် ရာက ပြန်ရောက်လျှင်လည်း အနေအထား မှန်ကန်အောင် ချထား ရပ်နေစေ။

ခင်းကျင်းသည့် အဆောင်အရွက် ရွှေထည်ငွေထည်များကိုလည်း လုံခြုံ အောင် သိမ်းထား စောင့်နေ ထိန်းသိမ်းစေ။ ဆင်ယင်သည့် တန်းဆာတော်များ ကို ဆင်ယင်လျှင် သိမ်းဆည်းသည့်အချိန် ရောက်သည်ကာလ အစေ့အငု သိမ်းယူထိန်းသိမ်းစေ။ ဆဒ္ဒန်ဆင်မင်း မြက်စား, ရေသောက်, အအိပ်အစက်, အနေ အသွားအလာ ဖြောင့်မှန် ရှင်လန်း သာယာအောင်ကိုလည်း မပြတ် မလပ် ပေးမြဲဆေးကို လျှောက်ထားကြည့်ရှု ဆက်ပေးစေ။ ကျန်းမာ ရှင်လန်း ကြောင်းများနှင့် အကြောင်းအရာ ရှိသမျှကို လွှတ်တော်မှာ လျှောက်ထား

သင့်သည်။ အတွင်းတော်မှာ လျှောက်ထားသင့်သည်၊ ဆင်ခြင် ထောက်ချင့်၍ ဆဒ္ဒန်ဆင်မင်း အစားအသောက် အအိပ်အနေ ဖြောင့်မှန် ရှင်လန်းကျန်းမာအောင်ကို အမြဲနှလုံးထား၍ မပြတ်မလပ် နေ့ညဉ့် ကြပ်မ အုပ်ထိန်းနှိုးဆော်စီရင်။

နေ့ညဉ့် အစောင့်အနေ လူတို့ကိုလည်း အလှည့်သင့် နေ့ညဉ့်စောင့်နေစေ။ ဆဒ္ဒန်ဆင်မင်း ဝင်းကိုယ်ရံတော် အစုအငန်းသား ကံကျွေးကန္နား အစေအပါးတို့ကိုလည်း ရွေးချယ်စီစဉ်၍ အမှုတော်ကို အရှည်ထမ်းကုန်နိုင်အောင် နှိုးဆော်ကြည့်ရှု ပြုစု မစ သိမ်းပိုက်။ သနားတော်မူသည့် ခရိုင်မြို့ပြ ကျေးရွာများကိုလည်း စည်ပင်သာယာအောင် မြို့ထိန်း ရွာအုပ် ခန့်ထား၍ မစပြုစု။ ဝင်းကိုယ်ရံတော် အစုအငန်းသား ကံကျွေးကန္နား မြို့ပြကျေးရွာနေ လူတို့မှာ အမှုအခင်း စီရင်ခွဲခန့်ရန်ရှိလျှင် အင်းစာရင်း အသေအချာနှင့် သာနာညီမျှ ခွဲခန့်စီရင်။ တရားစကား အယှက်အတင် ရှိလျှင်လည်း ကြီးသည့်စကားကိုငယ်အောင်၊ ငယ်သည့်စကားကို ပပျောက်အောင် ဆဒ္ဒန်ဆင်မင်းဝန် ခန့်တော်မူသည့်အင်ကို ထောက်၍ ဂတိမလိုက် ဖြောင့်မတ်စွာစီရင်။

## ၁၀၅–အောက်မားဝန်

နှစ်ဆဲ့ရှစ်သင်း အပါ စလင်း ၇-သင်း၊ အဝ ၉-သင်း၊ မင်္ဂလာ ၄-သင်း၊ ရဲပတိုင်း ၄-သင်း၊ ပြည် ၄-သင်း။ အောက်မားတော်များကို အောက်မားစာရေး၊ ဆင်မှူး ဆင်ကဲတို့နှင့် စီမံ၍ ဆင်တော်ရစေရန် ဆင်ရိုင်းကူထပ်သောတောသို့ ဝါတွင်းသုံးလမှတပါး မပြတ်စေလွှတ် အောက်ငင်စေရသည်။

ပြည်ကြီးသနင်း မင်းကေရာဇ်တို့မည်သည် ဆဒ္ဒန်ဥပေါ် စသော မင်းတို့စီးနင်းသုံးဆောင်ထိုက်သော သုဘလက္ခဏာ ကြန်အင်္ဂါအပေါင်းတို့နှင့် ပြည့်စုံသော ဆင်ရတနာများကို အလိုရှိအပ် နှစ်သက်အပ် ပြည့်စုံစေအပ်သည့်အကိုင်းတော၌ ပျော်ပါး ကျက်စားကာနေသော တောဆင်များကို အောက်မားတော်တို့နှင့် အောက်ငင်စေပြီးလျှင် ကျုံးတော်သို့ သွင်း၍ ကျော့ဖမ်းခြင်း မင်းပွဲသဘင်ကို ပြုလုပ်မြဲဖြစ်လေသည်။ ဤသို့ ဆင်ဖမ်းသဘင် အခမ်းအနားၥ၌ ကျုံးတော် အလုပ်အဆောင်၊ အောက်မားတော်များကို တောသို့ စေလွှတ်ပုံ

အခြင်းအရာ၊ ကျုံးတော်သို့ သွင်း၍ ကျော့ဖမ်းပုံ အကြောင်းအရာများကို ပြပေ ဆိုပေအံ့။

ကျုံးတော်အလုပ်အဆောင်မှာ ဆင်တိရစ္ဆာန်တို့မည်သည် နေ၏အရှိန်အလျှံ ပြင်းထန်စွာ ထိခိုက်ခြင်းကို တာရှည်မခံနိုင်သည် ဖြစ်၍ ရေကို အခါ ခပ်သိမ်း အလိုရှိသည့်အတိုင်း နွေမိုးမပြတ် ရေတည်နေရာဖြစ်သည့် ကန်မြစ်တို့၏ နီးစပ်ခြင်း၊ ဆင်ဖမ်းသဘင် ယင်တော်မူရန် ရွှေမြို့တော်နှင့် အထွက် အဝင် မလှမ်း မကမ်းစေခြင်း၊ နံတော်၏ဌာနတရပ်ဖြစ်ခြင်းများကို ထောက်တော်မူ၍ တည်မြဲ ဆောက်လုပ်မြဲ ဖြစ်သောကြောင့် အမရပူရမြို့တော်၏ အရှေ့မျက်နှာ ဇောင်း ကလောကန်တော်အနီးတွင် အမရပူရ ဒုတိယ မြို့တည် နန်းတည် ရွှေဘိုမင်းတရား ကြီးဘုရား တည်လုပ်တော်မူခဲ့သော ကျုံးတော်ကား—

အရှေ့အနောက် တောင်မြောက် စတုရန်းတဆဲ့ငါးတာ မြေတွင် အနံ ၁၄-တောင်၊ အမြင့် ၁၀-တောင်ရှိသော အလယ်၌ မြေဘို့လောင်း၍ အတွင်းပြင် အုတ်ထုအုတ်ရိုး နှစ်ဘက်ညှပ် လုပ်ဆောင်အပ်သော မြို့ရိုးတထပ်၊ ၎င်းအတွင်း တတာခွါပြီးလျှင် ကိုးတောင်ဆယ်သစ်ရှိ ကျွန်းသစ်များကို တတိုင်နှင့် တတိုင် လူတကိုယ် ဝင် ထွက်သာရုံ ခွါ၍ ရောင်ဆွဲခေါင်းစီးနှင့် တကွ တတိုင်လျှင် အနိမ့် အမြင့် နောက်ခံတိုင်တို သုံးလုံးကျစီပါ ပတ်လည် လေးမျက်နှာ သစ်တပ်တထပ် လုပ်ဆောင်ရသည်။

၎င်းအတွင်း မြေအလယ်ချက်တွင် အောက်ခြေ သမန္တလင်း စိန်တောင် ခံ၍ ဥတိန္နနတ်ကွန်း လုပ်ဆောင်ရသည်။ ယင်းနတ်ကွန်းကိုလည်း ဆင်ဘေး ကင်းလွတ်အောင် ပတ်လည်တတာစီခွါ၍ သစ်တပ်လုပ်ဆောင်ရသည်။ သစ်တပ် နှစ်ရပ်အကြား အကျယ် သုံးတာခန့် နတ်ကွန်းပတ်လည်မြေကိုလည်း တော ဆင်ရိုင်းကို ကျုံးရရည်း အမှုထမ်းတို့ လှည့်ပတ်ပြေးသွား ကစားပြုလုပ်စေရန် ညီညွတ်ကောင်းမွန်စွာ ပြင်ဆင်ထားရသည်။ ဆင်-ဝင်မောင်းကို အနောက် မျက်နှာက၊ ထွက်မောင်းကို အရှေ့မျက်နှာက လုပ်ဆောင်ရသည်။ ဝင်မောင်း ပြင်ကလည်း အလျားသုံးတာခန့် ဝဲယာရဲလောင်း သစ်တပ် လုပ်ဆောင်ရသည်။ ထွက်မောင်းပြင်မှာ ကျုံး မြို့ရိုးနှင့် နှစ်တာခန့်ခွါပြီးလျှင် ကျော့ဖမ်းရသော

ဆင်များကို ယဉ်ကျေးအောင် ချည်ထားရန် ဒဏ်းတိုင်၊ အိပ်လံ ဘုံညှပ်တိုင်များနှင့်တကွ တောဆင်ရိုင်းတင်းကုပ်များကို ဆောက်ထားရသည်။

ဆင်ဖမ်းသဘင် ထွက်စံ ရှုစားတော်မူရန် ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်နှင့်တကွ စံနန်းတော်ဆောင်များကို တောင်မျက်နှာ မြို့ရိုးကျုံးထိပ်က မြို့ရိုးပြင်သို့ ဖွင့်၍ လုပ်ဆောင်ရသည်။ မြို့ရိုးပြင်သို့ ချဲ့ထွင်လုပ်ဆောင်သော အဆောင်တော်များကို ပတ်လည်သစ်တပ် ကာရံလုပ်ဆောင်ရသည်။ လွှတ်တော်နှင့် ရှေ့ရုံးတော်များကိုလည်း အရှေ့မျက်နှာ မြို့ရိုးကျုံးထိပ်က လုပ်ဆောင်ရသည်။ မြို့ရိုးကျုံးထိပ်ပတ်လည်များမှာလည်း စိမ့်ကြီးမြိုင်ကြီးသဏ္ဍာန် ညို့ညို့ မှိုင်းမှိုင်း ဆိုင်းဆိုင်းဝေဆာရှိ သစ်ပင်များကို စိုက်ထားရသည်။ ဤကား ဆင်ကျုံးနှင့် စပ်သော အလုပ်အဆောင်တည်း။

အောက်မားတော်များကို တောသို့ စေလွှတ်ပုံ အခြင်းအရာများကား—

၁-အဝ ၆-သင်း၊ ၂-မင်လာ ၄-သင်း၊ ၃-ရဲပတိုင်း ၄-သင်း၊ ၄-စလင်း ၇-သင်း၊ ၅-ပြည် ၄-သင်း၊ စုစုအရပ်ဌာနအားဖြင့် ငါးသင်း၊ အသင်းကွဲအားဖြင့် ၂၈-သင်း။ အရေအတွက်အားဖြင့် အောက်မားတော် ဆင်စီးရေ ၁၀၀-ကျော်များမှာ အစုအုပ်၊ အစီရင်၊ အမှူးအကဲ၊ ရရည်းဆင်ရံ အမှုထမ်းတို့နှင့်တကွ အသီးအသီး နေမြေစားမြေ ပေးအပ်ချထားပြီးလျှင် အောက်မားဝန် အောက်မားစာရေးတို့ ဆင့်ဆိုရာ နာခံထမ်းရွက်ကြရသည်။

ထမ်းရွက်ပုံမှာ တနှစ်အတွင်း ဝါတွင်းသုံးလမှာ တောသို့မဝင်ရ။ နေမြေကျေးရွာ စားမြေကျွန်းကိုင်းများတွင်သာ အောက်မားတော်များကို ကျောင်းစား ကျွေးမွေး နေထိုင်စေပြီးလျှင် ဝါကျွတ်သည့်ကာလ တောဝင်စေရန် အောက်မားတော်များကို ဦးခေါင်း ဆေးလျှော်မြဲ ဆေးလျှော်စေ၍ ဥတိန္နနတ် မဟာပိန္နနတ် ဂဇနာထနတ် ပရမေသူရိန်နတ် စသော ၃၇-မင်း နတ်တို့နှင့် နယ်ပယ်ရှင်၊ မြို့ရွာရှင်တို့အား ဆင်အရာရှိ အမှုထမ်းတို့ ကြီးကြပ်၍ ပွဲသဘင်စုံများနှင့်တကွ တင်ကြားပသပြီးမှ အဝေးမြို့ရွာ တောတောင်များသို့ အောက်မားတော်များကို အသီးအသီး ခွဲဝေစေလွှတ်ရသည်။

## အောက်မားဆင်တော်များ တောသို့ဝင်သည့်အခါ ရှောင်ကြဉ်ရန်များ

အောက်မားတော် တောသို့ ဝင်သည်ကစ၍ ပြန်မရောက်မီအတွင်း စိုက်ထားရှိသည့် ထူးတိုင်မှာ ဆင်ထူးကို တင်ထားခြင်း၊ ပြန်ရောက်သည့်အခါမှ ထူးကို ချခြင်း၊ ဆင်ထူးကို မချမီအတွင်းလည်း ကျေးရွာနေ လူတို့ကို မင်းစေတို့က အလျောက်ခေါ်ငင်ခြင်း မပြုရ။ ဆိုင်ရာ အကြီးအအုပ်တို့ ထံမှာသာ တောင်းခံခြင်းကို ပြုရလေသည်။ ဆင်တော်ကျေးရွာရှိ ဆင်အရာရှိ ဆင့်ဆိုရန် အမှုထမ်းတို့နှင့် ၎င်းတို့သားမယားများမှာလည်း ဦးခေါင်းကိုဆေးလျှော်ခြင်း၊ ဆံကို များလျားချ၍ နေထိုင်ခြင်း၊ အိမ်ဗူးသီး၊ ကင့်ပိမ်သီးဟင်းများကို စားသောက်ခြင်း၊ ရက်တက်ပုန်းရည်ကို သူတပါးတို့ထံ တောင်းယူခြင်း၊ မိမိက သူတပါးတို့သို့ ပေးခြင်း၊ အိမ်ပေးအခမ်းအနား၊ အသုဘ အခမ်းအနားများသို့ သွားရောက်ခြင်း၊ လင်သည် အခြားမိန်းမကို၊ မယားသည် အခြားယောကျ်ားကို လွန်ကျူးခြင်းများကို မပြုလုပ် ရှောင်ကြဉ်ရလေသည်။

အောက်မားတော်များနှင့် တောသို့ ဝင်ရောက် ထမ်းရွက်ရသည့် ရရည်းဆင်ရုံတို့ အထူး ရှောင်ကြဉ်ရသည်မှာ “တောသို့ ရောက်ကာလ လက်ပမ်းပေါက်ခတ်ခြင်း၊ ကျားကိုက်သော အသားများကို စားသောက်ခြင်း၊ အိုးစွပ်စားခြင်း၊ ယောက်မကို အိုးထက် ကန့်လန့်တင်ထားခြင်း၊ အိုး၌စိုက်ထားခြင်း၊ ဆံကို ဆီလိမ်းသပ်ခြင်း၊ အဝတ်ပုဆိုးကို ဟိရိသြတ္တပ္ပမဲ့စေလျက် ဝတ်ခြင်း၊ စီးဆင်ထက်မှ ကျင်ငယ်စွန့်ခြင်း၊ ဖရုသဝါစာ ပြောဆိုခြင်း” စသော အမှုများကို အထူးရှောင်ကြဉ်ရသည်။ မရှောင်မကြဉ်လျှင် တောဆင်များကို အောက်ငင်ဖမ်းယူမှု ခဲယဉ်းခြင်း၊ တောဆင်သည် လူကို ဖမ်းဆီးထိုးဝှေ့ခြင်း၊ စီးဆင်ကပင် လူကိုချ၍နင်းခြင်း စသော အပြစ်ကို တွေ့ကြုံ ပျက်စီးတတ်ချေသောကြောင့် ရရည်း ဆင်ရုံသားတို့သည် အသက်၏အန္တရာယ် ဖြစ်ဖွယ်သောအကြောင်း အလွန်နီးချေသည်။

သည်ကိုရည်၍—

သမုဒ္ဒမြစ်ကူး၊ တွင်းတူးတချက်၊ ထန်းတက် ယောကျ်ား၊ ဆင်ရုံ
သားနှင့်၊ မင်းပါးနေသူ၊ ကိုယ်ဝန်ယူတို့၊ ကိုယ်ဟူ၍မျှ၊ မဆိုရတည်း—
ဟူ၍ရင်း။

ဆင်ကျော့သွားရာ၊ ရှောင်အပ်စွာကား၊ ပမာမမှတ်၊ လက်ပမ်း ခတ်လျှင်၊ စီးသည့်ဆင်ကို၊ တောဆင်ဓွေထိုး၊ ယောက်မ ရိုးကို၊ အိုးမှာ တုံလျှင်၊ ကန့်လန့်တင်မူ၊ တောဆင်လိုက်ရာ၊ တုတ်ဆီးကာ၏၊ တဖြာ ယောက်မ၊ အိုးစိုက်ကလျှင်၊ စီးသည့်ဆင်မူ၊ တွင်းတွင် ကျွံအပ်၊ အိုးစွပ် စားဘိ၊ ဆင်ရိုင်းမိလျှင်၊ ဆွဲငင်လူကို၊ ယူလိုတတ်ငြား၊ ကျားကိုက်သား ကို၊ စားလေတပြီး၊ စီးဆင်ရှေ့ပါး၊ သစ်ကျားနေတမ်း၊ မဖမ်းရတတ်၊ ဗူးလည်ပြတ်ကို၊ စားမှတ်သောနှိုင်း၊ ဆင်ရိုင်းတမူ၊ လူကိုမှိုနှိုး၊ ကရိုး ကိုက်တွန်၊ ကျော့သည့်လွန်ကို၊ ပြင်းဝှန် တိုက်ရှောင်း၊ ဦးခေါင်းဆီပင့်၊ လိမ်းကျင့်သမှတ်၊ လွန်ကျွတ်တတ်၏၊ ပညတ်ထိုမျှ၊ ဆင်ပေါ်မှလည်း၊ သြတ္တပ္ပဝတ်စား၊ သွားတုံရေဟောင်း၊ ပြုလေရှောင်းက၊ လူကိုချ၍၊ သတ်ထမနေ၊ နှုတ်ကြမ်းချေက၊ ဆင်ရိုင်းရလည်း၊ ချက်ကျ ဥပဒေ၊ မသေမချာ၊ ရှိတတ်ရာသည်။ ။ကမ္ဘာစဉ်ဆက် လမ်းကြောင်းတည်း—

ဟူ၍ရင်း ရှေးပညာရှိတို့ စပ်ဆိုလေသည်။

ဤကဲ့သို့ ကျေးရွာနေလူ တောဝင်လူတို့ ရှောင်ကြဉ်အပ်သည်များကို ရှောင်ကြဉ်ပြီးလျှင် တောဝင်လူတို့ ကိုင်ဆောင်မြဲ လုံရှည် ခားမ ရေဗူး လွယ်အိတ်စသော အဖွယ်အရာများနှင့် စီးဆင်မများကို စီနင်းလျက် သားလွတ် သားမျှောဟု ခေါ်ဝေါ်အပ်သော အောက်မားတော်များကို တောဆင်သင်း ဆင်အုပ်ရှိရာ တောတောင် စိမ့်စမ်းများသို့ သစ်ခက် သစ်စ မြေတွင်ချ၍ လမ်း ကြောင်းပြခဲ့ပြီးလျှင် ဝင်ထွက်ရှာဖွေ၍ သုဘလက္ခဏာနှင့်ပြည့်စုံသော တောဆင် ပေါက်များကို အောက်ငင်ကြရသည်။

သည်ကိုရည်၍—

စခန်းလွန်လွန်၊ စုံတသွန်တည့်၊ ပန်းမာလ်လှိုင်ကြူ၊ သောက်ယူ ဝတ်ယက်၊ သားငှက်သောင်းသဲ၊ ဆောင်းလဲခါနွေ၊ ရေလည်း ကြည် လျက်၊ သစ်ခက်ဖူးဆင့်၊ အပွင့်ငုံကင်း၊ တသင်းတသင်း၊ ရှေဆင်း နောက်တိုး၊ ငုံလျှိုးလှည့်ပတ်၊ သားလွတ်ရည်ရော၊ သားမျှော အောက် မား၊ သွားလာမပြင်း၊ ကြောင်းခြင်း မျှော်မျှော်၊ ခေါ်ဝေါ် ကျူည်

ကျည်၊ တည်တည်ကျံကျံ၊ နတ်ညွှင်းသံသို၊ တောသံ တောချင်း၊ ရှုန့်ရင်း
အင်္ကျီ၊ ပန်းနီဗောင်းထုပ်၊ တောရုပ်ရိုင်းစိုင်း၊ ဝတ်စားတိုင်းနှင့်၊ ကျိုက်
သိုင်း ခါးတောင်း၊ ဗူးတောင်းနံပါး၊ ဘယာလွယ်မြောက်၊ ဓားကောက်
ထမ်းကာ၊ ဆင်ရာဟောင်းသစ်၊ စစ်လျက် စစ်လျက်၊ သစ်ခက်ထားချ၊
ပြခဲ့ကြောင်းလမ်း၊ အောက်ခမ်း ရွှေတည်၊ ရှာဖွေ နည်းသော်—

ဟူ၍ စပ်ဆိုလေသည်။

ဤသို့သော အခြင်းအရာတို့ဖြင့် တသင်းသွား တသင်းပြန် အဆက်မပြတ်
အောက်ငင် ဆက်သွင်းကြရသည်။ ယင်း အောက်မားတော်များမှ ပေါက်ပွါး
သော ဆင်ပေါက်ကို "ပေါက်တိုး"၊ ဆင်မကို "မတိုး"ဟု ခေါ်သည်။ ပေါက်တိုး
ကို ဆင်ဝန်သို့အပ်၍ အရည်အလျောက် သင့်ရာ စေခိုင်းထမ်းရွက်ရသည်။

ဤကား တောဆင်များကို ရှေးမြန်မာမင်းတို့လက်ထက် အောက်မားတော်
များနှင့် အောက်ငင်သည့် အခြင်းအရာတည်း။

အောက်မားဝန်မှာ တလလျှင် လစာငွေတော် ၁၀၀ိ-သနားတော်မြတ် ခံရ
သည်။

## ၁၀၆—ဆင်ဝန်

### ဆင်ဝန်ခန့် ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း
သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင် မင်းတရားကြီး
ဘုရား အမိန့်တော်ရှိသည်—သိခ်ဇေယျသူကို ဆင်ဝန်ခန့်တော်မူသည်။ သို့ခန့်တော်
မူကြောင်းလည်း သိခ်ဇေယျသူသည် ကျေးဇူးသစ္စာတော် ၂-ပါးကို စောင့်သိ
ရှိသေစွာ အမှုတော်ကို ကြိုးစား အားထုတ် စိတ်ပါကိုယ်ပါ ထမ်းရွက်သည်။
ဆင်၏ လက္ခဏာကိုလည်း ကျွမ်းသိနားလည်သူ ဖြစ်သည်။ ရှေ့သို့လည်း ခန့်ထား
တော်မူသမျှ အမှုတော်ကို ကုန်တွင်အောင် ထမ်းရွက်မည့်သူ ငါအရှင် ဧကရာဇ်
မင်းမြတ်တို့တွင် ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့်
ဆင်ဝန် ခန့်တော်မူသည်။

ဆင်ဝန်ဆိုသည့်အရာသည် ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် ဆင်သည် လက်နက်တော်ကြီး ဖြစ်သည်။ စီးတော်၊ ဝင်းတော်၊ ရွေး၊ ထမ်းဆင်တော်မှစ၍ အရပ်ရပ် ဆင်တော်များကို မြက်စား ရေသောက် အအိပ်ဖြောင့်မှန်အောင် ဦးစီးနောက်ပဲ့တို့ကို မပြတ်ကြည့်ရှုနှိုးဆော်။ မြက်စားတိုင်ကျ မြို့ရွာသူကြီးတို့က ဆင်တော်များမှာ ပေးအပ်တော်မူသည့်အတိုင်း မှန်ကန်အောင် ချိန်ပေးစေ။ ဦးထိုင် ပဲ့ထိုင်နှင့် ထွေးရော၍ မပေး မကျွေးစေနှင့်။ မြက်စားတိုင်ပြင် ဦးစီး နောက်ပဲ့တို့က သာလွန်၍ မတောင်းစေနှင့်။ ဆင်စာချိ မြစ်စစ်တို့ကိုဆို၍ ကြည့်ရှုမှတ်သားစေ။ စီးတော် ဝင်းတော်ရွေး ထမ်းဆင်တော်များသည် အအိပ် အနေ မြက်စား ရေသောက်မမှန်၍ တောသို့ ချထားသင့်သည့် အရာကိုလည်း တောသို့ ချထားစေ။ ဦးစီးနောက်ပဲ့ သင်းတို့ရပ်ရွာမှာ နေချင်၍ မချမထား သင့်သည့် အရာကို ချထားပါမည် အစီရင်ခံသော်လည်း မချမထားစေနှင့်။

အတွင်းတင်းကုပ်, ပြင်တင်းကုပ်တော်များမှာ ချည်ထားသည့် စီးတော် ဝင်းမှစ၍ ရွေးတမ်းဆင်တော်များကို ဦးစီးနောက်ပဲ့တို့ လုံ့လပြု၍ ပွတ်သပ် ကျွေးမွေးသည်, မကျွေးမွေးသည်။ ဆင်မှူး,ဆင်စာချိ,ဦးစီး,နောက်ပဲ့,ဆင်ဆေး သမားတို့ ညဉ့်နေ့မပြတ် ကြည့်ရှု စောင့်နေသည်များကိုလည်း ကြပ်ကြပ်မပြတ် ကြည့်ရှုနှိုးဆော်။ မိန်းသစ် ဆင်တော်ရှိလျှင်လည်း သင့်သသူတို့ကို ဦးပဲ့ခန့်၍ ကြည်းနိုမ်ရေအိတ်အဝင်အထွက် ရလွယ်အောင် စီးနင်းသွန်သင်စေ။ သို့များကို အမြဲနှလုံးသွင်း၍ ကြည့်ရှုနှိုးဆော်ရမည်။ ဆင်တော် ဦးစီးနောက်ပဲ့မှစ၍ ဆင်နှင့် ဆိုင်သမျှအမှုထမ်းတို့ကို အမှုတော်ကို ထမ်းကုန်နိုင်၍ လုပ်စားဆောင်စား ဖြစ်အောင်မစ။ ဆင်အမှုထမ်းတို့တွင် တရားစကားအယှက်အတင် ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့်စကားကို ပပျောက်အောင် ဂတိသို့ မလိုက် ညီညွတ်စွာစီရင်။ ဆင်ဝန်မှာ တလလျှင် လစာငွေတော်-၂၀ဝိ သနားတော် မြတ်ခံရသည်။

## ၁၀၇-ဓနက်ပလာဆင်ဝန်

အောက်မားတော်များမှာ စိမ့်စမ်းဂနိုင် တောမြိုင်ကြီးရာ တောဆင် အုပ်များ ရှိသည့်နေရာကို ရှာဖွေသွားရောက် အောက်ငင်ရသဖြင့် ယင်းသည့်

အောက်မားတော်များ၌ ၎င်းတောဆင်ရိုင်းနှင့် ကျ၍ ရခဲ့သော ဆင်ငယ်အရွယ်သို့ ရောက်လျှင် ကျော့ဖမ်းပြီးကာလ ဆင်ဝန်သို့ အပ်ရခြင်း။ ထို့ပြင် တောတွင် ပေါက်ပွါး ကျက်စားရှိနေသော ဆင်ရိုင်းများအနက် အပြစ်လက္ခဏာကင်း၍ ကြော့မော့လှသော ဆင်ပေါက်များကို ကျော့ဖမ်းပြီးလျှင် ယဉ်ကျေးအောင် သင်ကြားပြီးမှ ဆင်ဝန်သို့ အပ်ရခြင်း ကိစ္စများကို ဆောင်ရွက်ရသည့် အမှုထမ်းတို့ အပေါ် ဆင့်ဆို စီမံအုပ်ချုပ်ရသူ ဖြစ်သည်။

မနက်ပလာဆင်ဝင်၏ လက်အောက်တွင် ခွန်အားဗလနှင့် ပြည့်စုံသော ဆင်စွယ်စုံကြီးစီးရေ ၃၀-ကျော်ကို ဦးစီးနောက်ပဲ့ လှံကိုင်,လွန်ပစ် အမှုထမ်းတို့ စုံလင်စွာနှင့် ရှိစေရမည်။ ယင်းသည့် အမှုထမ်း တို့မှာ ဆင်ယဉ် ပေါ်တွင် က-ငယ်တင်၍ ၎င်း က-အတွင်း ရတနာ ၇-မည် လွန်ကြိုးကို အခွေလိုက် ပါရှိစေပြီးမှ ၎င်းဘက်သို့ မျက်နှာမူလျက် နောက်ပဲ့ထိုင် လွန်ပစ်သမား အမှုထမ်းက လိုက်ရသည်။

ရေဗူး, လွယ်အိတ်, စားရိက္ခာများနှင့်တကွ ယူဆောင်၍ မိုးလကုန်လျှင် တောသို့ဝင်ကြရသည်။ တောဝင်သည်ကစ၍ ဆင်အုပ်များကို တွေ့ရှိအောင် ခြေရာခံလျက် လိုက်လံရှာဖွေရသည်။တွေ့ရှိလျှင် ၎င်းဆင်အုပ်ထည်း၌ လက္ခဏာမှီ ဆင်ချော ဆင်လှကိုရွေးချယ်၍ ဆင်ယဉ်တို့နှင့် ဝန်းဝိုင်းဘိညှပ်ကာ ဆင်အုပ်မှ ထုတ်ကြရသည်။ ၎င်းဆင် ခွဲခွါ၍ ထွက်ပြေး လေရာ မျက်ခြေမပြတ် လိုက်ကြသောကြောင့် ဆီးကြို ဝန်းဝိုင်း မိသည်တွင် လွန်ပစ် အမှုထမ်းက ၎င်းစီးကွဲ ဆင်းရိုင်းခြေအကြွတွင် ရတနာ ၇-မည်လွန်နှင့် လှမ်းကမ်း ချိန်ဆကာ ပစ်လိုက်ရာ ဆင်ရိုင်းမြေသို့ နင်းလိုက်သည်နှင့်တပြိုင်နက် ကျော့ကွင်းစွပ်လျက် မိလေ၏။ သို့ရာတွင် ဆင်ရိုင်းလည်း ပြေးမြဲပြေးသဖြင့် ကြိုးရှည်လှံကာ လိုက်ကြရသည်။ လွန်ကိုတိုရန် အလိုရှိသည့်အခါ ကြိုးအလယ်လောက်တွင် ဆင်ယဉ်တစီးက နင်းထားစေသည်။ တောဆင်ရိုင်းလည်း မရုန်းနိုင်ဘဲ ရပ်တန့်ကာနေရသောကြောင့် လွန်ကြိုးကို လိုသလောက်တိုအောင် ရုပ်သိမ်းပြီးနောက် ကြိုးကို နင်းထားသည့်ဆင်က ခြေကြွလိုက်သည်နှင့်တပြိုင်နက် တောဆင်သည် လွတ်ရ နိုးနိုးဖြင့် ပြေးမြဲပြေးလေ၏။

ဤကဲ့သို့ ခရီးတတိုင်ကျော် နှစ်တိုင်ခန့်ပြေးပြီးနောက် တောဆင်လည်း မောပန်းလောက်ကပြီ ဖြစ်၍ ခိုင်ခန့်စွာရှိသော သစ်ပင်ကြီးကို လွန်စက ပတ်ထားလိုက်သည်တွင် တောဆင်ရိုင်းလည်း မရုန်းမပြေးနိုင်ဘဲ ရပ်တန့်သည်နှင့် တပြိုင်နက် ဦးစီးတို့ ခိုင်းစေသည့်အတိုင်း ဆင်ယဉ်ကြီးများက သစ်ပင်တွင် ကပ်၍ သားရေလွန်နှင့် မြဲစွာချည်နှောင်ကြသည်။

ဤအခါ တောဆင်လည်း မရွေ့မရှားနိုင်ဘဲ ငြိမ်သက်စွာ နေရလေသဖြင့် အစာငတ် ရေငတ်ထား၍ အလွန် မွတ်သိပ်ဆာလောင်မှုဖြင့် ၆-ရက် ၇-ရက် နေစေပြီးမှ တစ တစ ရေတိုက်ခြင်း အစာကျွေးခြင်းကို ပြုလုပ်သည်။ ယင်းသည့်အခါ ဆင်ရိုင်းသည် လူမြင် လူကပ် ခံခြင်း၊ ထို့နောက် လူစီးခံခြင်း အနှိမ်အတုတ် အဆုတ် အတက်များကို တတ်ခြင်းဖြင့် လူစေခိုင်းသမျှ နားလည်ပြီ ဖြစ်သည်နှင့်လျော်စွာ ဦးစီးနောက်ပဲ့တင်၍ ရာဇဌာနီ မင်းနေပြည်သို့ ယူဆောင်ခဲ့ရသည်၊ ရောက်ကာလ ဆင်ဝန်ကို အပ်ပေးရသည်။

ရှေးခေတ် သမယက စစ်အင်္ဂါလေးပါးဟု ဆိုအပ်သော ဆင်တပ် မြင်းတပ် ရထားတပ် ခြေသည် သူရဲတပ်တို့တွင် ဆင်တပ်သည် ခွန်အားကြီးသော လက်နက်တော်ကြီးဟု အမှတ်ပြုတော်မူသည်ဖြစ်၍ အင်္ဂကောင်းမျိုးကြောင်း ကြားသိတော်မူလျှင် ဆင်ရှိရာတောသို့ ကိုယ်တော်တိုင် လိုက်လေ့ ကျော့ဖမ်းလေ့ ရှိသည်။

သက္ကရာဇ် ၆၁၂-ခုနှစ် မင်းဖြစ်တော်မူသော ပုဂံပင်းသက် ၅၅-အနက် ၅၃-ဆက်မြောက်သော ဥဇနာမင်းလက်ထက် တနေ့သ၌ ဆင်တော်အောက်ရာတွင် မင်းနှင့်တန်သော ဆင်ကောင်းပါသည်ကို ကသာဆင်တော်ကိုစီး၍ ကြည့်စေတော်မူလေသော် တောဆင် မုန်နှင့်ဖြစ်၍ အနံ့သစ်ကို လိုက်လေလျှင် ဆင်တော်ကကြိုးကို အစွယ်သွဲ့မိသဖြင့် နေရာတော်နှင့်တကွ အထွေးထွေးကျရာ ဆင်ထိချေ၍ အနိစ္စရောက်တော်မူ၏။

သက္ကရာဇ် ၆၇၄-ခုနှစ် မင်းဖြစ်တော်မူသော ပင်းယမင်း ၆-ဆက်အနက် ၂-ဆက်မြောက်ဖြစ်သော ဥဇနာမင်းလက်ထက် ပင်လယ်စားသော ညီတော်ကျော်စွာသည် တရံရောအခါ လှိုင်းတက်အရပ်၌ ဆင်ဖြူတွေ့သည်ဟူ၍ လျှောက်

လာလျှင် အလုံးအရင်းနှင့် ကိုယ်တော်တိုင် ကြွတော်မူ၍ အင်တဲ့လွန်နှင့် ကျော့တော်မူသဖြင့် ဟိုင်းတစီး ရတော်မူသည်။ ဟိုင်းကား အစွယ်မထွက်၊ ဟံကား အစွယ် ၂-ချောင်း သစ်ခွန်ထိုးထွက်သောဆင်မျိုး၊ တည်ကား အစွယ် ရှည် တချောင်းသာ ပြင်သို့ ထွက်သောဆင်မျိုး ဟူ၏။

တလိုင်းမင်း ဘုရင်ရာဇာဓိရာဇ်သည် တနေ့သ၌ လပွတ်သလွတ်တောမှာ ဆင်တစီးသည် လှပရောင်ဆင်းရှိသောကြောင့် ဘုရင်ရာဇာဓိရာဇ်လက်တော်နှင့် လွန် ကျော့တော် မူသည်။ ဆင်ကို ကျော့မိလျှင် ငင်၍ တုပ်ရာတွင် ပေါင်တော်ကို လွန်ချုပ်မိလေ၍ ပေါင်ကို လွန်ရှချေသည်၊ အရိုးသို့ ထိလေ၏၊ အနာကိုက်လှသောကြောင့် တဲရှင်တော် အလျင်လုပ်၍ တဲရှင်တော်တွင် တင်ပြီးလျှင် အမြန် ထမ်း၍ ပြန်ခဲ့၏၊ ပဲခူးသို့ မရောက်မီ ထိသည့်အနာ သည်းထန်လှသောကြောင့် ခရီးလမ်းတွင်ပင် လွန်တော်မူ၏။

တလိုင်းမင်း သူရှင်တကာရွတ်ပိသည် ရဲမက်ဗိုလ်ပါ ရုံးစုမည်ဟူ၍ ပြည်မြို့က သည် အင်္ဂပူရတပ်သို့ ပြန်တော်မူသည်၊ ရောက်လျှင် ဆင်ကောင်းပေါ်သည် ကြားသောကြောင့် ဆင်ကျော့မည်ဟူ၍ တိုက်ဆင်-၇၀၊ ဗိုလ်ပါတထောင်ခန့်နှင့် တောသို့သွား၍ ဆင်ကိုတွေ့သော် တောဆင်သည် အကျော့မခံ တစီးတည်းသာ ထွက်၍ပြေးလေ၏၊ သူရှင်တကာရွတ်ပိလည်း စီးတော်ဆင် တစီးတည်းနှင့်သာ လိုက်သည် မရချေ။ သိမ်းတောသို့ ရောက်လျှင် ရေငတ်တော်မူ၍ ဆင်ကသက်၍ အိုင်တခု၌ ရေသောက်တော်မူရာတွင် ကိုယ်တွင် အဝတ်မရှိသော နတ်သမီး တယောက်သည် မင်းကို လှည့်ပတ် ဖြားယောင်း၍ ကာယသံသဂ္ဂမှု ပြီးလျှင် ကွယ်လေ၏၊ မင်းကြီးသည် ထိတ်လန့်ခြင်း ပြင်းစွာဖြစ်၍ အင်္ဂပူရတပ်သို့ ပြန်တော်မူသည်။ ထို ညဉ့်၌ ဖျား၍ အနိစ္စရောက်တော်မူ၏။ ဓနက်ပလာ ဆင်ဝန်မှာ တလလျှင် လစာငွေတော် ၁၀ဝိ-သနားတော်မြတ် ခံရသည်။

## ၁၀၈-လက်နက်တိုက်ဝန်

လက်နက်တိုက်တော်ရှိ ဘုံး အမြောက် စိန် မြတပူ သေနတ် များနှင့် တကွ နန်းစဉ်အမြောက် ဆင်တင် လှေတင်အမြောက် မြောက်မြီးအမြောက် ဓားလှံ အမြောက်ကိရိယာများကို ဆွေးမြေ့ကျိုးပဲ့ မရှိစေရ။ လက်နက်တိုက်စိုး တိုက်

စာရေးတို့နှင့် အမြဲဆော်ဖန် ကြည့်ရှု၍ ခဲယမ်း ကန့်တော်များ ပြည့်စုံအောင် အားထုတ်ခွင့်၊ အမြောက် သေနတ် အပစ်အခတ် ကျွမ်းကျင်အောင် မပြတ် မန္တလေးတောင် အရှေ့ဘက်ရှိ စက်ကတုတ်သို့ ထွက်၍ ရဲမက် အမှုထမ်းတို့ ပစ်ခတ်သည့်အတွက် အဝေးအလံ တပ်ချီထွက်ရာသို့ ပေးအပ်ရသည့်အတွက် ယမ်းတော် ယုတ်လျော့မရှိစေရန် ယမ်းပြန်အစု အမှုထမ်းတို့သို့ မပြတ် ယမ်း ထောင်းစေခွင့်မှစ၍ ဆင့်ဆိုရသည်။

## ၁၀၉–ကောင်ဟန်ဝန်

ရွှေနန်းတော် ၄-မျက်နှာ ဝန်းကျင် ပတ်မိအောင် သစ် တလုံးနှင့် တလုံး ထိလျက် ညီညွတ်စွာ စိုက်ထောင် ကာရံထားသည်ကို "ဝင်းတော်သစ်တပ်" ဟူ၍ ခေါ်ဝေါ်သည်။ ၎င်း ဝင်းတော်လေးမျက်နှာက စောင့်ရသော ဝင်းကောင်ဟန်၊ အဝေးမြို့ရွာသို့ ချီတက်ရာ လိုက်ပါရသော တပ်ကောင်ဟန် အစု အမှုထမ်းတို့ကို လုပ်မြေ နေမြေ အစားအသောက် ချို့တဲ့ခြင်း မရှိစေရအောင် စစ်ဆေးမေးမြန်း၍ ရေးခွင့်အလျောက် လွှတ်တော်က စီမံရာ လိုက်ပါထမ်းရွက်စေရန် ကိစ္စအရပ်ရပ် ပြီးပြေအောင် ကောင်ဟန်စာရေးကို ဆင့်ဆို ကြီးကြပ် ကြည့်ရှု စီမံစေရသည်။

## ၁၁၀-အမြောက်ဝန်

လက်နက်တိုက်ဝန် ကြည့်ခွင့်မှ တပါး ကောင်းမွန်စွာ ခင်းကျင်းထားသည့် ရန်ပုံခွင်း အမြောက်၊ မဟာသတြုဇေယျ အမြောက်၊ ခန့်တိုင်းရောက် ဟူသော အမြောက်တော်များကို ကြည့်ရှုခွင့်။ စကြာတင်အမြောက်၊ မင်္ဂလာအမြောက်၊ ဆူးလေကုန်းမင်္ဂလာအမြောက်၊ ဘုံးအိုးမင်္ဂလာအမြောက်၊ တောင်အင်းမင်္ဂလာ အမြောက်၊ နောက်တိုးအမြောက်၊ ခရုတုတ်အမြောက်ဟူသော အမြောက် အစု အမှုထမ်းတို့ကို ကြည့်ရှုစီမံခွင့်များကို အမြောက်ဗိုလ် အမြောက် စာရေးတို့နှင့် ဆင့်ဆိုစီမံ မပြတ်ကြည့်ရှုရသည်။

## ၁၁၁–ပန်းဘဲဝန်

ကျိချက် သွန်းလုပ်ရသည့် လက်နက်တော်များပြင် ကျန် သေနတ်, မား, လုံ စသော လက်နက်ကိရိယာများနှင့်တကွ အလုပ်တော်ရှိရာ အမြဲ လုပ်ဆောင်ခွင့်

ပန်းဘဲ့အမှုထမ်းတို့ကို ပန်းဘဲ့စာရေးသို့ ဆင့်ဆိုစီမံ၍ အလုပ်အင်ကို ထောက်ချင့် လုပ်ဆောင်ထမ်းရွက်ရသည်။

## ၁၁၂–စက်ဝန်

ရှေးအခါကာလက စက်ဝန်ဟူ၍ မရှိ။ မန္တလေး ရတနာပုံ ပဉ္စမ မြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်မှ လွှစက်၊ ရက်ကန်းစက်၊ ဒင်္ဂါးသွင်းလုပ်သော စက်၊ ဘုံး အမြောက် သွင်းလုပ်သောစက်၊ စာပုံနှိပ်စက်များမှစ၍ အလုပ်စက်ရုံ တည်ထား တိုးတက်များပြားသောကြောင့် ဦးစွာ ပြင်သစ်ကျွန်တော်မျိုး ဒဗေရာ၊ နောက် မဟာ ဆွေတော် မျိုးတော် မင်းရဲညွန့်တို့ကို စက်ဝန်ခန့်ထားသည်။

## ၁၁၃–ယွန်းစုဝန်

ရှေးအထက်ကာလက ဘွဲ့စည်းထမ်းရွက်စေသည့် ယွန်းကလောင် လူမျိုးတို့ ကာလရှည်ကြာ၍ ယွန်းအစုအမှုထမ်းဖွဲ့ပြီးလျှင် ဆင်တော်ပါသည့် တပ်အခင်း အကျင်းများမှာ ဆင်ခြေဖုံး မိုးနဲ့ရွှေလှံကို ကိုင်စွဲစေ၍ ဆင်၏အပေါ်တွင် ကပ်မိုဝန်းရံ လိုက်ပါထမ်းရွက်ရသူတို့ကို ဆင့်ဆိုစီရင်ရသည်။

## ၁၁၄ – သံချက်ဝန်

ရွှေခွန် ငွေခွန် သံခွန်ထမ်း မြို့ရွာများအနက် သံခွန်ထမ်း မြို့ရွာများက ဆက်သွင်းသည့် သံကျောက်များကို အရည်ကျိုသံ ဖြစ်စေရန် သံချက် အမှုထမ်းတို့နှင့် ချက်ကျိုရာ အမှုထမ်းတို့ကို အုပ်ချုပ်စီရင်ရသည်။

## ၁၁၅-မဟာဒါန်ဝန်

နိုင်ငံတော်အတွင်း အဝေးမြို့ရွာများမှတပါး မင်းနေပြည်တော်နှင့်တကွ အနီးအစပ် မြို့ရွာတိုက်တာကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာ ပုဒ်တော်နှင့်မညီ ပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိဆရာတော်ကြီးများထံ ပို့အပ်ရသည်။

ထို့ပြင် သာသနာပြုဆရာတော်က စာပေးရန်ရှိလျှင် ရေးသားရခြင်း၊အတွင်းတော် ရွှေလွှတ်တော်များက ဆင့်ဆိုလျှင် သာသနာပြုဆရာတော်သို့ လျှောက်ရခြင်း၊ ကျောင်း ဘုရား အသည်တိုင်တို့ကို ငြိမ်အောင် စောင်မရခြင်း၊ သာသနာပြု ဆရာတော်က အဝေးမြို့ ကျေးရွာ ဆင့်ဆိုခေါ်ငင်ရန် ရှိသည်များကို မဟာဒါန်ဝန်က လွှတ်တော်မှာ တိုင်တန်းခေါ်ယူရခြင်းဖြင့် ရွက်ဆောင်ရသည်။ ထို့ပြင် ကျွန်သိမ်းတော်၊ ဝတ္ထုကံမြေမှစ၍ ကျောင်းနှင့်စပ်လျဉ်းသည့် အရာများကို ရှုပ်ထွေးယှက်တင် မရှိစေရ၊ အထိန်းအအုပ် အစောင့်အနေ ခန့်ထားရန်နှင့် တကွ တဝတည်း ဆင့်ဆို ထိန်းအုပ်ရသည်။

## ပဟာဒါန်ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ ဘယနန်သူကို မဟာဒါန်ဝန် ခန့်တော်မူသည်။ သို့ ခန့်တော်မူကြောင်းလည်း ဘယနန်သူသည် ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရှိသေစွာ ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို မသွေမဖည် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် မဟာဒါန်ဝန် ခန့်တော်မူသည်။

မဟာဒါန်ဝန်ဆိုသည့်အရာသည် ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် ရှေးဘေးလောင်းတော် မင်းကေရာဇ် အဆက်ဆက် သာသနာတော် ငါးထောင် (၅၀၀၀)တည်စိမ့်သောငှါ သာသနာတော်ကို ထွန်းပ ပွင့်လင်းစေကြောင်းနှင့် ဘုရား, ကျောင်း, ဝတ်မိုး,ဝတ်မြေ နယ်နိမိတ်အပိုင်းအခြား ကျောက်စာထိုး၍ လှူတော်မူသည်။ ဘုရား, ကျောင်း, အရံစောင့်ဖြစ်စိမ့်သောငှါ လူယောကျ်ား လူမိန်းမ လှူတော်မူသည့် အရာများလည်း ရှိသည်။ ကျောင်း,ဘုရား, အရံစောင့် လူမြေများနှင့် မင်းမြေ၊ အမှုထမ်း ကျွန်တော်မျိုးတို့မြေ မရောမထွေ၊ မစပ်မယှက်ရ၊ ခြားနား ရှင်းလင်းအောင် စစ်ကြောစီရင်ရသည်။

ဘုရား,ကျောင်းနှင့်စပ်သည့် မြေအရံစောင့်လူတို့ကိုလည်း မဟာဒါန်ဝန် စာရေး၊ ကျောက်စာရေးတို့မှာ စာရင်းပေရင်းသေချာအောင် ရေးထား မှတ်သားရသည်။ ကျောင်းရှိ လူစာရင်းကိုလည်း ခြား၍ မှတ်သားစေရသည်။ ကျောင်းဘုရားမြေအရံစောင့်လူတို့ကို မင်းမြေအမှုထမ်းလူတို့ မစပ်မယှက်စေနှင့် ကြပ်ကြပ်တည်းတည်း စစ်ကြောစီရင်။ ကျောင်းဘုရားကို လှူတော်မူသည့် လူများကို သူကောင်းဖြစ်ချင်၍ အစုကိုင် အစုရေးတို့မှာ စာရင်းပေရင်း သွတ်သွင်းကပ်ရပ်၍ မထမ်းရွက်စေနှင့်။ အရပ်ရပ်ထမ်းရွက်သူတို့ကို ပေါ်ရှိတွေ့မြင် လျှင် စစ်ကြော၍ ကုန်စင်အောင်နုတ်။ ဆိုင်ရာ ကျောင်းဘုရားမှာ ထမ်းရွက်စေ။ သို့များကို အမြဲနှလုံးသွင်း၍ ဂတိသို့မလိုက် တော်တည့်ဖြောင့်မတ်အောင်စီရင်။

## ၁၁၆-ဝတ်မြေဝန်

ပင်းယရွှေစည်းခုံဘုရား၊ သီဟပတိကောင်းမှု စစ်ကိုင်းမြို့ စည်းခုံကြီးဘုရား၊ ပုဂံ ရွှေစည်းခုံဘုရား၊ ကောင်းမှုတော် ရာဇမဏိစူဠာဘုရား၊ ညောင်ရွှေအင်းတိမ် ရွာရှိ ရွှေအင်းတိမ်ဘုရား၊ အညာသီဟတောဘုရား၊ မိတ္ထီလာ ရွှေယင်မြော်ဘုရား၊ ရွှေစာရံဘုရား၊ လယ်ကိုင်း သရက္ခကျောင်းတော်ရာဘုရား၊ ရှင်သီလဝံသနေသော ရတနာဗိမာန်ကျောင်း၊ ရွှေသာလျောင်းဘုရား၊ စစ်ကိုင်း ထူပါရုံဘုရား၊ ပုဂံ တန့်ကြည့်တောင် စွယ်တော်ရှင်ဘုရား၊ အမရပူရ ရွှေဂူကြီးဘုရား၊ စစ်ကိုင်း ရှင်ဖြူရှင်လှဘုရား၊ ရွှေကြက်ယက်, ရွှေကြက်ကျဘုရား၊ ပုဂံမြို့ မင်းအိုချမ်းသာ ဘုရား၊ အဝမြို့ မဟာမြတ်မုနိဘုရား၊ ပုဂံ စူဠာမဏိဘုရား၊ အဝမြို့ ဂူတော်သစ် ဘုရား၊ စစ်ကိုင်းမြို့ ဆင်များရှင် ရတနာစေတီဘုရား၊ စေဉ့်ကူးမြို့ ရွှေမာလဲး ဘုရား၊ စစ်ကိုင်းတောင်ပေါ်ရှိ ပုညရှင်ဘုရား၊ ကန္နီမြို့နယ်ရှိ အလောင်းတော် ကဿပဘုရား။

ဤ ၂၄-ဌာန ဝတ်မိုးဝတ်မြေ လှူတော်မူရာပါ ကျောင်းဘုရား၊ အခြား ထင်ရှားသည့် ကျောင်းဘုရားများနှင့်ဆိုင်သည့် ဝတ်မိုးဝတ်မြေမှ ကောက်ခံရ အခွန်အတုတ်များကို ဝတ်မြေဝန်၊ ဝတ်မြေစာရေးတို့က နှီးဆော်ကောက်ခံ၍ သာသနာပြု ဆရာတော်ကို လျှောက်ထားပြီးလျှင် မင်းဘဏ္ဍာနှင့် မရောမစပ် စေရ၊ ကသောင်းမြောင်တိုက်တွင် သွင်းထား မှတ်သားရသည်။

## ၁၁၇–တံဆိပ်ဝန်

ကေရာဇ်မင်းမြတ်၏ ကျောက်စီ တံဆိပ်နာမံတော်၊ အရှင် မိဖုရားခေါင်ကြီးဘုရား တံဆိပ် နာမံတော်များနှင့် မင်း မိဖုရား, သားတော်, သမီးတော်, မှူးတော်, မတ်တော်တို့ ဘွဲ့ပေးတံဆိပ်။ အမိန့်တော်တကြောင်းစာ၊ လွှတ်တော်နှစ်ကြောင်းစာ၊ အမှာတော်စာများတွင် ခတ်နှိပ်သည့် တံဆိပ်တို့၊ တံဆိပ်စာရေးတို့ကို ဆင့်ဆို၍ အမြဲ ခတ်နှိပ်ရန် ဥဒေါင်းတံဆိပ်၊ ခြင်္သေ့တံဆိပ် ခွဲဝေ ခတ်နှိပ်ရသည်။တံဆိပ်တော် ခတ်နှိပ်ရန်ဆိုသမျှကို တံဆိပ်ဝန်နှင့်သာ ဆိုင်သည်ဖြစ်၍ တကြောင်းစာချွန်ကို အမိန့်တော်ရေးက ရေးသားပြီးသည့်အခါ၊ နှစ်ကြောင်းစာချွန်ကို အမှာတော်ရေးက ရေးသားပြီးသည့်အခါ တံဆိပ်ဝန်သို့ချည်း အပ်ရသည်။ တံဆိပ်ဝန်, တံဆိပ်စာရေးတို့က တံဆိပ်ရိုက်ခတ်ပြီးကာလ ဆိုင်ရာသူတို့ပေးရန် စာရေးတော်ကြီးထံ အပ်နှံရသည်။

## ၁၁၈–အမွေဝန်

ကေရာဇ်မင်းမြတ်တို့တွင် ဟုတ်မှန်သည့်အတိုင်း ဂတိသို့မလိုက် စစ်ကြောစီရင်သည့် အမှုဖြစ်သည်။ မင်းညီမင်းသား, မှူးတော်မတ်တော်, ကျွန်တော်မျိုးအပေါင်းတို့တွင် သေလွန်သူတို့မှာ အမွေခံယိုက်သသူ သားသမီး မြေးမရှိမှ သနားတော်မူသည့် အဆောင်အရွက် အစီးအနင်း ဆင်မြင်းများကို ဆိုင်ရာ ဆက်သွင်းစေရသည်။ အမင်္ဂလာ အခမ်းအနား အခင်းအကျင်းစပ်သမျှ အဖွယ်အရာ ရွှေထည်ငွေထည်, ကြေးထည် သံထည်အရပ်ရပ်များကို အမွေတိုက် စိုးစာရေးတို့နှင့် စာရင်းပေရင်း ရေးသား၍ အမွေတိုက်တော်မှာ သွင်းထားရသည်။

## အမွေဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရေမြေ အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ လက်ျာဇေယျသူကို အမွေဝန် ခန့်တော်မူသည်။ သို့ ခန့်တော်မူကြောင်းလည်း လက်ျာဇေယျသူသည် ကျေးဇူး သစ္စာတော် ၂ ပါးကို

စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ထမ်းရွက်သည်။ရှေ့သို့လည်း ခန့်တော်မူသမျှ အမှုတော်ကို ကုန်တွင်အောင် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် အမွေဝန် ခန့်တော်မူသည်။ အမွေဝန်ဆိုသည့်အရာသည် ငါအရှင် ဧကရာဇ်မင်းမြတ်တို့တွင် ဟုတ်မှန်သည့်အတိုင်း ဂတိသို့ မလိုက် စစ်ကြောစီရင်ရသည့် အမှုဖြစ်သည်။

မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ ကျွန်တော်မျိုး အပေါင်းတို့တွင် သေလွန်သသူတို့မှာ အမွေခံထိုက်သသူအား သားသမီး မြေးမရှိမှ စစ်ကြောရမည်။ အရာအထူးရှိသသူတို့မှာ သားရင်းမြေးရင်းရှိသော်လည်း သနားတော်မူသည့် အစီးအနင်း အဆောင်အရွက် ဆင်များကို ဆိုင်ရာဆက်သွင်းစေ၍ သားသမီးတို့မှာ တရားအလျောက် ဝေယူကြစေ။

သားမြေး မရှိသသူတို့မှာလည်း စင်ကြယ်အောင် စစ်ကြော၍ ဆိုင်ရာတိုက်ကျသို့ သွင်းစေ။ လူစုလူအင် ရှိသသူဖြစ်လျှင် မည်သသူသိမ်းစု၊ ယောကျ်ားမိန်းမ လူပေါင်း မည်မျှ စာရင်းပေရင်း မှတ်သား၍ အမွေဝန်တို့တွင် ရှိစေ။ အမွေခံသသူတို့မှာ ကိုယ်ဘို ကိုယ်ရာရအောင် လျှပ်ပေါက်၍ အမွေစာရေးတို့အလျောက် မမှတ်မသား မစစ် မကြောစေနှင့်။ စစ်ကြော စီရင်ရန်ရှိသည်ကို ဂတိသို့ မလိုက် မှန်ကန်အောင် စီရင်။ သက္ကရာဇ် ၁၁၇၃-ခု၊ တပို့တွဲလဆန်း ၁၃-ရက်နေ့၊ နားခံတော်မင်းထင်ရာဇသူ ပြန်၍ အပ်သည်။

## ၁၁၉—ပုဏ္ဏားဝန်

ပုဏ္ဏားအုပ် ပုဏ္ဏားခေါင်းခန့် သီးခြားထမ်းရွက်မြဲ ရှစ်ပါးပုဏ္ဏား၊ ကိုးပါးပုဏ္ဏား၊ ဘိသိက်တော်ဆက်ပုဏ္ဏား၊ ပြက္ခဒိန်တော်ဆက်ပုဏ္ဏား၊ ဂြိုဟ်၊ ဟုံးနတ်ပူဇော်စသော ပုဏ္ဏားတို့ပြင် ကျန်ပုဏ္ဏားတို့ကို အခမ်းအနားအလျောက် ဆင့်ဆိုခွင့်ရှိလျှင် ပုဏ္ဏားဝန်၊ ပုဏ္ဏား စာရေးတို့က ဆင့်ဆိုရသည်။

## ၁၂၀—ကျုံးဝန်

ရှေးကာလက ကျုံးဝန်မရှိ။ အလောင်းမင်းတရားကြီး ဘုရားလက်ထက်တော် ရတနာသိင်္ဃမြို့ကို တည်စဉ်အခါ ကျုံးတော်ကို အထူးကြီးကျယ်အောင်

အားထုတ် တူးလုပ်တော်မူပြီးလျှင် ဘုမ္မဇေယျဘွဲ့ခံစေ၍ ကျုံးဝန်သီးခြားခန့်သည်။ ဓမ္မသတ်ကျမ်းကိုလည်း ဘုမ္မဇေယျစီရင်သည်။ ''မြောက်မြို့မှာ ကျုံးကြီးသည်၊ တောင်မြို့မှာ ရုံးကြီးသည်''ဟု မုံရွေးဆရာတော် မှတ်စုတွင်ပါသည်။

## ၁၂၁–သစ်တောဝန်

နိုင်ငံတော်အတွင်း အဝေးမြို့ရွာရှိ သစ်တောများမှာ သင့်ရာအခွန်ချထား၍ မင်းနေမြို့တော်သို့ စုန်မျောကျရောက်သည့် သစ်မျိုးစုံသာမဟုတ်၊ သစ်တောရုံး သက် ဝင်ရာပါ သစ်ခွန်အကောက်ပြင် သစ်တောအသေးကောက် ဟူသော အရိုးအစဉ် မှတ်သားမြဲ သံ, ခဲ, မဲနယ်, ဆင်စွယ်, ဖယောင်း,ပဲ, ပြောင်း, ဆပ်ပါ, ချိုး, ခါ,စာ ပရစ်, ငါးဟစ်, ဝမ်းဘဲစသည်ဖြင့် ရှေးထုံးစံထားသော သစ်တောသက်ဝင်ရာပါ အကောက်အခွန်များကို သစ်တောစာရေးကို ဆင့်ဆိုကောက်ခံရသည်။

## ၁၂၂–နန်းကံကျွေးဝန်

ရွှေနန်း ပြာသာဒ်တော်ကြီး ဆောက်လုပ်ရန်, ပြင်ဆင်ရန် အခွင့်အရေးများနှင့် အလုပ်တော် အဆောင်ဟော်များမှာ ဆိုင်သင့်ရာရာ စီနစ်ပေးရန် နန်းကံကျွေး အမှုထမ်းတို့ကို ဆင့်ဆိုရသည်။

## နန်းကံကျွေးဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့ရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ပညာရာဇကျော်ကို နန်းကံကျွေးဝန် ခန့်တော်မူသည်။ သို့ ခန့်တော်မူကြောင်းလည်း ပညာရာဇကျော်သည် ကျေးဇူး သစ္စာတော် ၂ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို ကုန်တွင်အောင် ထမ်းရွက်နိုင်သူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် နန်းကံကျွေးဝန် ခန့်တော်မူသည်။

နန်းကံကျွေးဝန်ဆိုသည့် အရာသည် ငါအရှင် ကေရာဇ် မင်းမြတ်တို့တွင် ရွှေနန်း ရွှေဘုံ အဆောင်ဆောင်မှစ၍ အတွင်းတော်တွင် မကောင်း ဟောင်းနွမ်း ယိုယွင်းသည်များကို ပြင်လုပ်ရသည်။ အသုံးတော် အလိုရှိ အလုပ်အဆောင် များကိုလည်း လုပ်ဆောင်စိမ့်မည်။ဗိသုကာလက်သမား လုပ်လူ ကိုင်လူ ကံကျွေး ကန္နား ပေးအပ်၍ အတွင်းတော်မှာ နန်းကံကျွေးရိုးနှင့် ညဥ့်နေ့စောင့်နေ စီရင်ရသည့်အမှုဖြစ်သည်။ နန်းကံကျွေးဝန်တွင် နန်းကံကျွေး စာရေး အဆော် ဗိသုကာလက်သမား လုပ်လူကံကျွေး ပေးအပ်ခန့်ထားသည့်အတိုင်း မပြတ် မလပ်ရအောင် ဝင်ထွက်စောင့်နေ နှိုးဆော်စီရင်။ အရပ်ရပ် အလုပ်တော် အဆောင်တော်များကိုလည်း မပြတ်ကြည့်ရှု၍ ကောင်းမွန် သေချာအောင် ပြင်လုပ်စေ၊ ဝတ်ကြေရုံမျှသာ မလုပ်မဆောင်စေနှင့်၊ တော်တည့်ဖြောင့်မတ်စွာ နှိုးဆော်စီရင်။

ဂုင်းသုဒ္ဓိန် ၂၇၄၊ နတ်တော်လပြည့်ကျော် ၄-ရက်နေ့၊ ဝန်ရှင်တော် ကျီဝန်မင်းကြီး မြို့ဝန်မင်းကြီး ဒိုင်းဝန်မင်းကြီး ၃-ပါးမှာ ဝန်ထောက်တော်မင်း ရွှေတောင်နော်ရထာရှေက အမိန့်တော်ရေးမင်း နန္ဒမိတ်ကျော်ထင် အစီရင် ခံ၍ လွှတ်တော် ကွန်းစင်တွင်းမှာ ဂုင်းပြန်တမ်းအလွှာကို နားခံတော်ပြော ကြီးမှူးပြန်၍ နန်းကံကျွေးဝန် ပညာရာဇကျော်သို့ အပ်သည်။

## ၁၂၃–အုတ်ဝန်

ကေရာဇ်မင်းမြတ်၏ ကုသိုလ်တော်၊ စေတီ၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ ထို့ပြင် မြို့တော် နန်းတော် တည်လုပ်ရန်စသော အုတ်အလုပ်နှင့် စပ်လျဉ်းသမျှကို အုတ်ဝန်၏ တွက်ချက်ခြင်းကိုသာလျှင် အမှန်ထား၍ အုတ်ဝန် ကိုပင် ကြပ်မ၊ လုပ်ဆောင်စေသည်။

အမရပူရ စတုတ္ထနန်းစံ သောကြာနံ မင်းတရားလက်ထက် သက္ကရာဇ် ၁၂၀၉-ခု တန်ဆောင်မုန်းလ မင်းတဲအရပ်တွင် အိမ်တော်ရာ မဟာလောကရံသီ ဘုရားတည်တော်မူရာ အုတ်ဝန် မင်းလှသီရိကျော်ထင် "ငယ်မည် ဦးအူ" စံနစ်ပုံစံ ကုန်ဝင်ရန်နှင့်တကွ တွက်ချက်ဆက်သွင်းရသည်။ စေတီတော်ကိုလည်း

ကြပ်တည် လုပ်ရသည်။ ၎င်းစေတီ ဘိနပ်တော် လေးထောင့်က ခြသေ့်ရုပ် လေးစီးအနက် အနောက်မြောက်ထောင့်က ခြသေ့်တစီးကို အုတ်ဝန်မင်း ကိုယ်တိုင် မြေနင်းကစ၍ ပြီးပြေအောင် တည်လုပ်ပြီးမှ ကျန်ခြသေ့်သုံးစီးများကို ငါတည်လုပ်သည့် ပုံစံအတိုင်း တည်လုပ်ရမည်ဟု အုတ်ဝန်မင်းက အမိန့်ပေး၍ ပန်းရန်တို့က ၎င်းခြသေ့်အချိုးအစားအတိုင်း စံနမူနာယူ၍ တည်လုပ်ကြရ သည်။ ၎င်းခြသေ့်ရုပ်များ ယခုတိုင်ရှိသည်။

ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက်မှာလည်း ပညာကောင်း သော အမတ်ဖြစ်သဖြင့် ၎င်း ဦးအူကိုပင် ဆက်လက်၍ အုတ်ဝန်ခန့်ထားပ် သနား တော်မူသည်။ မန္တလေး ရတနာပုံမြို့တော်ကြီး တည်မည်ရှိရာ ၎င်း အုတ်ဝန် မင်းလှသီရိကျော်ထင်က ကုန်ဝင်ရန်ရှိသည့် အုတ်များကို တွက်ချက်၍ ဆက်သွင်း သည်၏ အချုပ်စာရင်းမှာ မြို့ရပ်မြေဝင်ပါ ၁၇-တောင် အနံထု တတာ၊ မြို့တော်အဖြောင့် တာဝန်း ၂၃၉၉-တာ ရှိသည့်အနက် တံခါးဝပါ နုတ်ရန် တံခါး ၁-လျှင် ၇-တာ ၃-တောင်၊ တံခါး ၁၂-သင့် ၇၉-တာ တတောင်။ ပြ ၁-လျှင် ၄-တာ၊ ၃၂-ပြကို ၁၂၈-တာ။ ထောင့်ပြ ၁-လျှင် ၆-တာ၊ ၄-ပြကို ၂၄-တာ။ ၃-စု ၂၄၁-တာ တတောင်တွက်နုတ်၍ ကျန်-၂၁၅၇-တာ ၆-တောင်၊ သင့် အုတ်ချပ်ရေ ၂၁၅၇၈၅၇၂။ တံခါး, ပြ, သူရဲခိုပါ ပေါင်း သင့်အုတ်ချပ်ရေ ၈၃၃၅၇၉၂။ စုစုကုန်သင့် အုတ်ချပ်ရေ ၂၉၉၁၄၃၆၄။ နှ်ကုဋေ ကိုးသန်း ကိုးသိန်း တသောင်း လေးထောင့် သုံးရာခြောက်ဆဲ့လေး ကုန်ဝင်ရန်ရှိ ကြောင်း၊ အကျယ်စာရင်းနှင့်တကွ ရေးသားဆက်သွင်းသည်။

အုတ်ဖုတ်လုပ်ကိုင်ရန် မြောက်ဒဝယ်သေနတ်အစု အမှုထမ်းလူ ၆၀။ တောင် ဒဝယ်သေနတ်အစု အမှုထမ်းလူ ၆၀။ မြောက် ၁၅၀ အမှုထမ်းလူ ၇၀။ တောင် ၁၅၀ အမှုထမ်းလူ ၅၀။ မြောက်မာရဘင် အမှုထမ်းလူ ၈၅။ ရွှေပြည် မှန်ကင်း အမှုထမ်းလူ ၆၅။ ရွှေလှံဝဲယာ အမှုထမ်းလူ ၄၅။ နတ်ရှင့်ရှေ့အမှုထမ်း လူ ၄၀။ နတ်စုလက်ဝဲ အမှုထမ်းလူ ၅၀။ နတ်စုလက်ယာ အမှုထမ်းလူ ၆၅။ ရွှေလက်ဝဲအမှုထမ်းလူ ၆၅။ ရွှေလက်ယာ အမှုထမ်းလူ ၄၅။ လက်ဝဲကြောင်း အမှုထမ်းလူ ၅၅။ လက်ယာကြောင်း အမှုထမ်းလူ ၆၀။ သူရဲအမှုထမ်းလူ ၁၂၀။ ရွှေပြည် အမှုထမ်း လူ ၂၀။ လင်းဇင်းအမှုထမ်းလူ ၄၀။ ကင်းတားကုလားပျို

အမှုထမ်းလူ ၃၀။ နောက်ဝင်းကျင် အမှုထမ်းလူ ၂၀။ တံခါးနီအမှုထမ်းလူ ၂၀။ ဘုန်းတော်ဖြစ် အမှုထမ်းလူ ၂၀။ စုစု အုတ်ဖုတ်လူ အမှုထမ်း ၁၁၂၅-တို့နှင့် အုတ်ဝန်မင်းလှသီရိကျော်ထင် အသုံးစာရေး မင်းလှမင်းထင်ရာဇာတို့က ပေးအပ်သည့် ပုံတော်အတိုင်း ကြီးကြပ်ဖုတ်လုပ်စေ အမိန့်တော်မြတ်အရ သက္ကရာဇ် ၁၂၁၉-ခု၊ နတ်တော်လဆန်း ၈-ရက်နေ့ကစ၍ လုပ်ကိုင်ရာ ယင်းသည့်နှစ် ပြာသိုလဆန်း ၇-ရက်နေ့မှာ အုတ်တော်များ မီးကျက်လေသည်။

၎င်းအုတ်ဝန် သေလွန်သည့်နောက် ၎င်းမြေး အသက် ၁၇-နှစ်ရွယ် ဦးဘိုးကြီးသည် အုတ်ဝန်တို့ တတ်ပွန်ရသော ပညာရပ်များနှင့် ပြည့်စုံလုံလောက်သည်ဖြစ်၍ အုတ်ဝန်သံတော်ဆင့် ခန့်တော်မူသည်။ မင်းထင် ပညာသိဒ္ဓိဘွဲ့ကိုလည်း ပေးသနားတော်မူသည်။ ခမည်းတော်ဘုရား လက်ထက်ကစ၍ သားတော်မင်းတရားလက်ထက်တော်တိုင် အဆောက်အဦးနှင့် စပ်လျဉ်းသမျှ အုတ်နှင့်စပ်လျဉ်းသမျှများကို အုတ်ဝန်သံတော်ဆင့်ချည်း ကြီးကြပ်ဆောက်လုပ်ရသည်။ ရွှေနန်းတော်အတွင်း မြောက်ဥယျာဉ်တော်၌ ယခုတိုင်ရှိသော နန်းမတော်ဘုရားကြီး အလောင်းတော်သွင်းနှံ့ရာ အုတ်ပြာသာဒ်တော်ကို ၃-ရက်နှင့်ပြီးပြေအောင်၎င်း၊ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား အလောင်းတော်သွင်းနှံ့ရာ အုတ်ပြာသာဒ်တော်ကိုလည်း ၅-ရက်နှင့် ပြီးပြေအောင်၎င်း အုတ်ဝန်သံတော်ဆင့် ဦးဘိုးကြီး ကြပ်မ တည်လုပ်ခြင်း ဖြစ်သည်။

## ၁၂၄-ရေကြည်ဝန်

အရှင်ကေရာဇ်မင်းမြတ် မိဖုရားခေါင်ကြီးနှစ်ပါး နှမတော်ကြီးတို့ သောက်တော် ရေကြည်တော်များကို ဝန်စုပါ ရေကြည်တော်အမှုထမ်းတို့ သောက်တော်ရေတွင်းမှ သီးခြားခပ်ယူလဲလှယ် သွန်းလောင်း တင်ဆက်ခြင်းကိစ္စကို ကြီးကြပ်ရှက်ဆောင်ရသည်။

## ၁၂၅-ကုလားဝန်

နိုင်ငံခြား ဥရောပတိုက်သား သိုးဆောင်းလူမျိုး မင်းနေမြို့တော်မှာ ဆင်းသက် ပေါက်ဖွားသည့် သိုးဆောင်း လူမျိုးတို့မှတပါး တူရကီ ပသီလူမျိုး

ဇေဒပါရီလူမျိုး ကုလားတို့၌ မင်းမှုတော်ရပ်ရှိလျှင် ဆင့်ဆိုရသည်။ ကုလားဝန် စာရေးဟူ၍ မရှိ။

## ၁၂၆-မြေလပ်ဝန်

ရှမ်းပြည် စော်ဘွားကြီးတို့ နယ်မြေသို့ အပါအဝင်မဟုတ်၊ ကျန်လပ်သော မိုင်းခိုင်းမြို့ မိုင်းပြင်မြို့ မိုင်းနောင်မြို့ မိုင်းတုံမြို့ တဘက် လမိုင်းမြို့ ကန္တာရဝတီမြို့ စကားမြို့ နန်းခန်းပင်းခန်းမြို့ ကျိုင်းခန်းမြို့ မိုင်းမောမြို့ လွယ်လုံမြို့များကို ဝန်ရသည်။

## ၁၂၇-ဖောင်ဝန်

အရှင် ကေရာဇ်မင်းမြတ်တို့တွင် ဖောင်တော်, လှေတော်ဆိုသည့် အရာသည် ရာဇဌာနီ နေပြည်တော်ကြီး သနစ်ဖြစ်၍ ကေရာဇ်မင်းမြတ် ရေကြောင်း သွားလာ စမွာယ်ရန်ဖြစ်တော်မူသည်။ ဖောင်တော်, လှေတော်, လှော်ကား, သမ္ဗန်, သက္ကဒါန်မှစ၍ လှေတော်များကို မဆွေးမမြည့် မကျိုးမပဲ့ မပျက်စီး ရအောင် အထားအနေသင့်ရာ လုံခြုံစွာ ထားရသည်။ ဖောင်စာရေး, ဖောင်တော်သားတို့ကိုလည်း စောင့်နေကြည့်ရှုစေရသည်။ ပြည်ကြီးမွန်ဖောင်တော်၊ ကရဝိက်ဖောင်တော်၊ သက်နက်၊ မဟာပါသာဒ၊ ဇီဝဇိုဝ်း၊ ပဋ္ဋရုပ စသော ဖောင်တော်ကြီးများမှာ မြစ်နား ဆိပ်နားတွင်ဖြစ်၍ ဦးပဲ့ကြိုးကျား ခိုင်လုံအောင် တည်ထားစေရသည်။ ဖောင်တော်လှေတော်သား အစုအမှုထမ်း လူခြောက် ထောင်ကျော်တို့ကို အအုပ်အချုပ် ခန့်ထားသည်။ ရံခါ လှေသင်းဝန် သီးခြား ခန့်ထား၍ ဖောင်တော် ဟူသမျှကိုသာလျှင် ဖောင်ဝန် ဖောင်စာရေးတို့က အုပ်ချုပ်ရသည်။

## ဖောင်ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ နေမျိုးရာဇကျော်စွာကို ဖောင်ဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း နေမျိုးရာဇကျော်စွာသည် ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ်

ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို မသေ့မဖည် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုး ဖြစ်သောကြောင့် ဖောင်ဝန် ခန့်တော်မူသည်။

ဖောင်ဝန်ဆိုသည့်အရာသည် ငါအရှင် ရောဇ်မင်းမြတ်တို့တွင် ဖောင်တော် လှေတော်ဆိုသည့်အရာသည် ရာဇဌာနီ နေပြည်တော်ကြီး သနစ်ဖြစ်၍ ကေရာဇ် မင်းမြတ် ရေကြောင်းသွားလာ စမ္ပာယ်ရာဖြစ်တော်မူသည်။ ဖောင်တော် လှေတော်၊ လှော်ကား၊ သမ္ဗန်၊ သက္ကဒါန်မှစ၍ လှေတော်များကို မဆွေးမမြည့် မကျိုးမပဲ့ မပျက်မစီးရ၊အနေအထားသင့်ရာလုံခြုံစွာထားရသည်။ ဖောင်စာရေး, ဖောင်တော် သားတို့ကိုလည်း စောင့်နေ ကြည့်ရှုစေ၊ ကရဝိက် ဖောင်တော်ကြီး ဇီဝဇိုဝ်းဖောင်တော်ကြီး ပဒ္ဓရူပဖောင်တော်ကြီးများမှာ မြစ်နား ဆိပ်နားတွင် ဖြစ်သည်။ ဦးပဲ့ ကြိုးကျားခိုင်လုံအောင် တည်ထားစေ။ လေရိပ် မိုးရိပ်ရှိလျှင် ရှိလျောက် လုံ့လဝီရိယတိုး၍ ပြုရမည်။ အလုံးစုံ ပြေလည်အောင်နှီးဆော် ခန့်ထား။ ဖောင်တော်, လှေတော်သားတို့မှာ တရားစကား အယှက်အတင် ရှိလျှင်လည်း မပွါးမများစေရ၊ ကြီးသည့်စကားကို ငယ်အောင် ငယ်သည့် စကားကို ပပျောက်အောင် ဂတိသို့မလိုက် ဖြောင့်မတ်စွာစီရင်။

## ၁၂၇-အရွှတ်ဝန်

ရွှေမြို့တော် မြို့တွင်း မြို့ပြင် ရပ်စု ကွက်စုအတွင်း သွေးမစွမ်း၍ နူနာ ကပ်ရောက်သူတို့ကို ကိုယ်လက် သန့်ရှင်းသူတို့၌ ကူးစက်ပြန့်ပွါး မရှိစေရအောင် ရွှေကြက်ယက်လယ်ပြင် အရှေ့ပိုင်း ကျေးရွာတွင် စုရုံးနေထိုင်မြဲ ဖြစ်သည့်အတိုင်း အရပ်ခေါင်း အကွက်ခေါင်းတို့ကို စစ်ဆေးမေးမြန်း နှင်ထုတ် ထွက်သွားစေရန် ဆင့်ဆိုပယ်ရှားရသူ အရာရှိ ဖြစ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီး ဘုရားလက်ထက် သံတော်ဆင့် ဦးအုံ ကို အရွှတ်ဝန် ခန့်တော် မူသည်။

## ၁၂၈-ဆတ္တာဝန်

ရှေးမင်းတို့ လက်ထက်က ဆတ္တာခေါင်းသာ ခန့်ထား၍ ခြေသည်း, လက် သည်းတော် သန့်စင်တော်မူမြဲကို မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီး

ဘုရားလက်ထက်တော်မှ သီရိဉာဏသုခကို ဆတ္တာဝန် ခန့်တော်မူသည်၊ ၎င်းက ခြေသည်း, လက်သည်းတော် သန့်စင်ရသည်။

## ၁၃၀-ဖန်ချက်ဝန်

ဖန်ကြည်လုံး ကြီး, ငယ်၊ ဖန်ပြောင်းမှုတ်လုပ်ရသော ဖန်ချက် အစုသား တို့ကို မင်းမှုတော်ရပ် ရှိသည့်အခါ အတွင်းတော်က ပေးအပ်သည့် စံနစ်ပုံစံ အတိုင်း မှုတ်လုပ်ပေးအပ် ထမ်းရွက်ရခြင်း၊ ကထိန်အလှူတော်မှစ၍ အလိုတော် ရှိသည့်အခါ ကျောက်မြောင်းမြို့နယ် ရွှေတိုက်၊ နွယ်ငြိမ်း၊ ရွှေခွန်ရွာ ကျေးရွာ များတွင် လုပ်ဆောင်သော စဉ့်အိုး, မြေအိုး ကြီး, ငယ်၊ စဉ့်အင်, မြေအင် ကြီး, ငယ် များကို ငွေတော်နှင့် သွင်းရသည်။

## ၁၃၁-မြေနန်းဝန်

ရွှေနန်းတော်ကြီးထက်တွင်ဖြစ်စေ၊ အခြားဌာန တဲကန္နားမဏ္ဍပ် ပြာသာဒ် တန်ဆောင်း နန်းတော်, အိမ်တော် စသော အလုပ်အဆောင် အဆောက်အဦ တည်ရှိရာဌာနများမှာဖြစ်စေ၊ လောကီ လောကုတ္တရာ သဘာ, သဘ အခမ်း အနားကြီးများတွင် များစွာသော ကော်ဇော ကမ္ဗလာ စသည်တို့ကို ခင်းကျင်း ရန် ရှိသည့်အခါများမှာ လွှတ်တော်က ဆင့်ဆိုသည့် စာချွန်အတိုင်း မြေနန်းဝန် နေရာတော်ခင်း သွေးသောက်ကြီးတို့က နေရာတော်များကို ရွှေတိုက်မှ ထုတ်ယူ ခင်းကျင်း ရွက်ဆောင်ရသည်။

## ၁၃၂-ကျီဝန်

အရာတော် လယ်လုပ်သားတို့မှာ စပါး တရာထွက်လျှင် ကျီတော်သွင်း ၁၀-တင်း၊ အပို ၁-တင်း၊ တင်းနှီးလက်ခုပ် ၂-စိတ်၊ တိုင်စား ၁-စိတ်၊ ဆောင်ချီ ရေးစား ၂-စိတ်၊ ဆော်ဝတ် ၂-စိတ်၊ ထမင်း ၂-ပြည်ချက် ပေးဆောင်ရသဖြင့် စုစု စပါး ၁၃-တင်း ၁-စိတ် ကုန်၍ ကျန်စပါး ၈၆-တင်း ၃-စိတ်ကို အရာတော် လုပ်သား စားရသည်။

စပါးတော် ဆန်တော်နှင့် စပ်လျဉ်း၍ ထိန်းသိမ်းရန် ကျီဝန်ခန့်ထားတော် မူသည်။ ရွှေမြို့တော် မြောက်မျက်နှာ အလယ်တံခါး အဝင် လက်ဝဲဘက်၌

ကျီဝန်ရုံးစိုက်၍ ၎င်းအနောက်ဘက် လည်ပေါ်သုံးဆင့်နှင့် နေလိုက်ဆောက်ထားသည့် စပါးတသိန်းဝင် မစိုးရိမ်ကျီတော်၊ ၎င်းအနောက် ၎င်းနည်းတူဆောက်ထားသည့် မကြောင့်ကြကျီတော်၊ ၎င်းအနောက် ၎င်းနည်းတူဆောက်ထားသည့် မတောင့်တကျီတော်၊ ၎င်းအနောက် ၎င်းနည်းတူ ဆောက်ထားသည့် ခန့်တိုင်းဝင်ကျီတော်၊ ၎င်းအနောက် ဆားကျီတော် ၄-လုံး၊ ဆီကျီတော် ၄-လုံး၊ ငါးပိကျီတော် ၄-လုံးတို့တွင် စပါး ဆား ဆီ ငါးပိများကို အပြည့်အနှက်သွင်းလှောင်ထားရသည်။ အသစ်လဲလှယ်ချိန်ရောက်လျှင်လည်း အဟောင်းကိုထုတ်၍ ရဲမက် လက်နက်ကိုင်နှင့်တကွ ပြည်သူပြည်သားတို့ကို ကုန်စင်အောင်ဝေငှတော်မူပြီးလျှင် အသစ် သွင်းလှောင်ရသည်။၎င်းကျီတော်ကြီးများကား မြို့တော်ပန္နက်ချသည်နှင့်တပြိုင်နက်တည်း ပန္နက်ချ၍ ဆောက်လုပ်သော ကျီတော်ကြီးများဖြစ်သည်။ ကျီအစု အမှုထမ်း ၂၀၀-ကျော်ရှိရာ ၎င်းတို့မှာ ကျီတော်နှင့်မလှမ်း မကမ်း ကွက်ရပ်ချထား၍ နေထိုင်ကြရသည်။

စစ်မက် အရေးအကြောင်းရှိလျှင် အသုံးပြုရန် စပါးထောင်း မောင်းစင် ၂၅၀-ကိုလည်း ကိရိယာအစုံနှင့် အသင့်ထားရသည်။ စပါးတော်များကို မိုးရေမစွတ်မစိုရအောင် အခါခပ်သိမ်း ကျီအမှုထမ်းတို့က စောင့်ရှောက်၍ ကျီစိုးမှာ ၁၅-ရက်လျှင် တကြိမ်။ ကျီဝန်မှာ တလလျှင် တကြိမ်ကျ ကြည့်ရှုရသည်။ ကျီနှင့်ဆိုင်သောအရာရှိများမှာ ကျီဝန် ၁၊ ကျီဝန်စာရေး ၂၊ ကျီစိုး ၄၊ ကျီစာရေး ၂-တို့ကို ကေရာဇ်မင်းမြတ် အမိန့်တော်နှင့်ခန့်၍ ကျီစောင့်များကို ကျီဝန်က ခန့်ရသည်။ ကျီတော်ကြီးများကို ခတ်သော သော့ပနောက်ကိုလည်း ကျီဝန်က လက်ကိုင်သိမ်းထားရသည်။

## ကျီဝန်ခန့် အမိန့်တော်

ငွေခွန်ဝန် မင်းလှမဟာသီဟသူကို ကျီဝန်ခန့်။ သက္ကရာဇ် ၁၂၀၁ ခု၊ နယုန်လဆန်း ၃-ရက် နေ့ နားခံ စမြှောင်မှူးပြန် အမိန့်တော်အတိုင်း ပြန်တမ်းခံစေ။ ယင်းသည့် လဆန်း ၄-ရက်နေ့ ဝန့်ရှင်တော် ကောင်းတုံမြို့စား မင်းကြီးမိန့်ချက် ဝန်ထောက်တော် မိုးနဲဗိုလ်မှူး မင်းကြီး မင်းလှမဟာသီဟသူဆင့် စာရေးကြီး ဦးကွန်းရှေ့ကချ။

## ကျီဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင်အရှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ငွေခွန် မင်းလှမဟာသီဟသူကို ကျီဝန်ခန့်တော်မူသည်။ သို့ ခန့်တော်မူကြောင်းလည်း မင်းလှမဟာသီဟသူသည် ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိ ရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်မည့်သူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုး ဖြစ်သောကြောင့် ကျီဝန်ခန့်တော်မူသည်။

ကျီဝန်ဆိုသည့်အရာသည် ငါအရှင် ကေရာဇ်မင်းမြတ်တို့တွင် အိမ်ထောင်မှုကဲ့သို့ဖြစ်လေသည်။ ပြည်ကြီးမစိုးရိမ်, မတောင့်တ, ခန့်တိုင်းရ ကျီတော်မှစ၍ အရပ်ရပ် ကျီတော်များမှာ နိုင်ငံတော်မြို့ရွာများက ရေကြောင်း ကြည်းကြောင်း ဘိုးတော် ခွန်တော် ဆက်သွင်းရသည့် စပါးတော် ရွှေနန်းရိုးလုပ် လမိုင်းတော်မှစ၍ အရပ်ရပ် လမိုင်းတော် ရေခွန်တော် စပါးတော် ဆက်သွင်းကြရသည်။ တံဆိပ်တော်ရ ဆရာတော် ပိဋကတ်မ စာတည်းသံဃာတော်လှူရန် လှူဝတ်ဆန်မှစ၍ အရပ်ရပ်ရိက္ခာတော် ပေးသုံးတော်မူသည့် အရာများလည်း ရှိသည်။ အရပ်ရပ် ကျီတော်ရှိစပါး သုံးတော်မူသည့် စပါးများကို စာရင်းပေရင်း သေချာအောင် ကျီစိုး, ကျီစာရေးတို့ကို မှတ်သားစေ။ ကျီတော်များကို ရေလွတ်အောင် အပေါက်အယို မရှိအောင် မပြတ်ကြည့်ရှု ပြင်လုပ်စေ။ သော့ပနောက်ကို မြဲမြံသေချာအောင် ခတ်ထားစေ။

အရပ်ရပ်ကသွင်းသည့် စပါးတော်မှာလည်း စာရင်းရှိသည့်အတိုင်း အဖျင်းမပါသည့်စပါးကို မှန်ကန်အောင် ခြင်တွက်၍ သွင်းစေ။ ကျီစိုး၊ ကျီစာရေး၊ သော့ကိုင်း၊ တင်းနှိုးတသုတ်တိုက်၊ ကျီသားတို့ စားရိုးမှာလည်း အရိုးအစဉ်ရှိသည်ကို သာ ပေးစေ စားစေ။ သာလွန်၍ မစားစေနှင့်။ ကျီစိုး, ကျီစာရေး ကျီသားတို့ကိုလည်း ကျီတော်များတွင် နေသည့် အမြဲစောင့်နေစေ။ ကျီတော်, စပါးတော်များကို မယိုမယွင်းစေရ ကြပ်ကြပ်လုံ့လဝီရိယပြုရမည်။ အကျိုးအကြောင်းကို ပြသ၍ ကျီဝန်က သိသာ နားလည်အောင် ဆိုရမည်။ ကျီတော်အမှုထမ်း ကျီ

သားတို့ကိုလည်း အမှုတော်ကို ထမ်းကုန်နိုင်အောင်မစ။ ကျီတော်အမှုထမ်း ကျီတော်သားတို့တွင် တရားစကား အယှက်အတင်ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့်စကားကို ပပျောက်အောင် ဂတိမလိုက် တော်တည့်ဖြောင့်မတ် ညီညွတ်စွာစီရင်။

သက္ကရာဇ် ၁၂၀၁ ခု၊ နယုန်လဆန်း ၅-ရက်နေ့ ဝန့်ရှင်တော် ကောင်းတုံမြို့စားမင်းကြီးမှာ ဝန်ထောက်တော် မြင်းစုကြီးဝန် မိုးနဲဗိုလ်မှူးမင်းရှေ့က အစီရင်ခံ၍ နားခံ စမြှောင်းမှူး နေမျိုးမင်းလှသိခ်သူ လွှတ်တော် ကွန်းစင်တွင်းမှာ ပြန်၍ အပ်သည့် ပြန်တမ်းအမိန့်တော်။

## ၁၃၃–အဝေးကျီဝန်

အဝေးကျီဝန် ဆိုသည့်အရာသည် အရှင် ကေရာဇ်မင်းမြတ် ဘဏ္ဍာတော်နှင့်စပ်၍ အဝေးမြို့ရွာရှိ လယ်တော်များကို မလစ်မလပ်စေ၍ လုပ်လူလုပ်သား ချထားလုပ်ကိုင်စေပြီးလျှင် ထွက်ရှိသည့်စပါး အသီးအနှံများကို အမိန့်တော်မြတ်ခံ၍ ရွှေမြို့တော်သို့ မဆောင်မယူပဲ နိုင်ငံတော်အတွင်း အဝေးမြို့ရွာရှိ ကျီတော်ကြီးများသို့ ရေးကြောင်းရှိသည့်ကာလ ရစေရန် သွင်းလှောင်သိမ်းဆည်း၍ အကြီး အကြပ် အစောင့်အရှောက် ခန့်ထားရင်း ကျီစာရေး, ကျီစိုး, ကျီအမှုထမ်းတို့အပေါ် အုပ်ချုပ်ရသည်။

## ၁၃၄–မြေစွန်းဝန်

မြေစွန်းဝန်ဆိုသည့် အရာသည် တိုက်ဘွဲ့ရာမပါမဝင် လစ်ဟင်းကြွင်းကျန်သော နောက်မှဖြစ်ပေါ်သော အစွန်းအစ မြို့ရွာနယ်ပယ်များကို စုစည်းလုံးပေါင်း ခန့်ထားသော ဝန်ကိုဆိုသည်။ ပင်လယ်မြစ်ချောင်းများကို အမှီပြု၍ မြေစွန်းနယ်များ မကြာမကြာ ပြောင်းလဲခြင်းဖြစ်ပေါ် တိုးတက် ပွါးများလာတတ်ခြင်းရှိသည်။

သက္ကရာဇ် ၁၂၁၄ ခု-နှစ်၊ အောက် မြန်မာပြည်ကို မြန်မာမင်းက အင်္ဂလိပ်မင်းသို့ ရခိုင်ဘိုးခေါင် တောင်ဦး တောင်ထိပ်က အရှေ့တည့်တည့် မြေထဲမြို့တပ် အလံတိုင်မြောက် အင်္ဂလိပ် ခြောက်တိုင်ကွာကသည် အဖြောင့်

အတိုင်းစိုက်၍ စစ်တောင်းမြို့နှင့် ကရင်နီနယ်နိမိတ်ထိ အပိုင်းအခြားပြု၍ ပေးအပ်လိုက်ရပြီးနောက် မြန်မာမင်းမှာ ပယ်လယ်ကမ်းရိုးမှစ၍ ပင်လယ်ဝ တစိုတရာကို အစိုးမရသည် ဖြစ်သောကြောင့် ထိုအခါမှစပြီးလျှင် မြေစွန်းဝန်ဟူ၍ ခန့်ထားခြင်း မရှိဖြစ်သည်။

## ၁၃၅–မြင်းစုကြီးဝန်

မြန်မာနိုင်ငံတော်၌ ရှေးမင်းတို့ လက်ထက်တော်တွင် မြင်းတပ်အများရှိခဲ့ပါသော်လည်း ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်မှာ ရှေးမြန်မာမင်းတို့ နိုင်ငံ၏ လေးပုံ တပုံမျှသာ ကြွင်းကျန်ရှိတော့သည်ဖြစ်သဖြင့် မြင်းစုကြီး မြန်မာမြင်း၊ မြင်းစုကြီး ရှမ်းမြင်း ၎င်း ၂-တပ်ပါ မြင်းတပ်ပေါင်း ၁၂။ မြင်းစီးရေ ၅၂၇၅-မျှသာလျှင် ရှိတော့သည်ဖြစ်၍ ယင်းသည့် မြင်းစီးသူရဲတို့အား—

ပယ်ဝန်း၊ ပယ်စိတ်၊ ပယ်ခွဲ၊ စန္ဒရယုက်တင်၊ လေးကျွန်းမှန်ကူ၊ ဘုံနန်းတန်ဆောင်၊ ဟသ်ာတောင်ယုက်၊ ဆင်ထူးဟန်၊ ရွှေနန်းတိုင်၊ ကြာချပ်၊ (၁၀)၊ အုန်းပင်ရေသွန်း၊ ဂဠုန်တောင်ညှပ်၊ နွယ်ထွတ်၊ စွန်သုတ်ဟန်၊ ရှစ်မြှောင့်၊ လက်ဆက် ကြာဘူး၊ နွယ်ဝင်၊ နဝတတ်ရေလှည့်၊ ရွှေရာဇမတ်၊ ခိုနန်း၊ (၂၀)၊ ရွှေတမ်းခွန်၊ မြင်းမိုရ်၊ ကြာယပ်၊ နတ်သာဗိမာန်၊ ရွှေပြွက်ဟန်၊ ဝါကြိတ်လိမ်၊ ချည်သွတ်၊ ခရုပတ်၊ ကက္ကု၊ အောက်ချင်းတံဆိပ်၊ (၃၀) ကြာသွတ်အိုး၊ တံဆိပ်ကြီး၊ သမက်စောင့်ရန်၊ ဘီလူးတိုင်လု၊ ဘီလူးပခက်၊ ဘီလူးနားကွင်း၊ ရေပြွက်၊ ရေကန်သက်(၇) ဟူသော မြင်းစီးနည်း မြင်းရေး ၃၇-[၁] များကို မပြတ်လေ့လာ သင်ကြားစေသည်။

## မြင်းစုကြီးဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ဝန်ထောက် မဟာမင်းလှ သီဟသူကို မြင်းစုကြီးဝန် ခန့်

---

၁-ဤ၌ အပိုဒ်ချသည့်အတိုင်း ရေတွက်သောအခါ ၃၈-ဖြစ်နေသည်၊ မင်္ဂလဒေဝလက်ာသစ် ပိုဒ်ရေ ၃၃၇ လာ မြင်းခင်း ၃၇-ကိုလည်း နှိုင်းယှဉ် ဖတ်ရှုလေ့လာကြပါရန်။

တော်မူသည်၊သို့ ခန့်တော်မူကြောင်းလည်း မဟာမင်းလှသီဟသူသည် ဘိုးတော်ဘုရားလက်ထက် ဝန်စု ဝန်ငန်းနှင့် သူကောင်းပြုတော်မူသည်။နောင်တော်ဘုရားလက်ထက်တော်တွင်လည်း ဝန်ထောက်အရာနှင့် သူကောင်းပြုတော်မူသည်။ ဘုရား ရွှေလက်ထက်တော်လည်း ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစား အားထုတ်ထမ်းရွက်သောကြောင့် မြင်းစုကြီးဝန် ခန့်တော်မူသည်။

မြင်းစုဝန်ဆိုသည့် အရာသည် ငါအရှင် ဧကရာဇ်မင်းမြတ်တို့တွင် သွေးသောက်စု မြင်း အမှုထမ်းတို့ကို စားပုံစား တာလယ်မြေနှင့် အစုအကွက် ချထားထမ်းရွက်စေရသည်။ မပြတ်မလပ်လည်း အဝေးအနီး အမှုတော်ကို မြင်းရှိမြင်းမဲ့ထမ်းရွက်ကြရသည့် အမှုထမ်းကြီးဖြစ်သည်။ သွေးသောက်စု မြင်းတော်သည်တို့တွင် မြင်းစီး မြင်းပေါင်း ပေးအပ် ခန့်ထားမြဲအတိုင်း ညီညွတ်စွာ ထမ်းရွက်ကြစေ၊ စီးခွင် မလပ်စေနှင့်။ တစုကသည် တစုသို့ ရောထွေးပေါင်းယှက် မထမ်းရွက်စေနှင့်။ အပေါင်းညီသား အမျိုးရာပြည့် ရာကျော်ရှိလျှင်လည်း အမိန့်တော်တမ်းအတိုင်း ထမ်းအားရှိသသူတို့ကို မြင်းစီးခွင်နှင့်ထား။ မြင်းပွါး၍ ထမ်းရွက်စေ။ စီးခွင့်စား တာမြေမှာလည်း မြင်းစီး မြင်းပေါင်းတို့ကို ပေးချသနားတော်မူသည့်အတိုင်း လုပ်စားကြစေ။

သွေးသောက်စု မြင်းတော်သည်တို့တွင် အစုအရည်မတူရာ တစုတငန်းသားတို့မှာ မရောမနှော မစပ်မယှက်စေနှင့်။ မြင်းစီးခွင် လစ်လပ်ရှိလျှင်လည်း သားညီဆိုင်သင့်ရာ စစ်ကြော၍ စီးထမ်းစေ။ သားညီမရှိလျှင်လည်း အပေါင်းကြီးထမ်းရည်ရှိသသူတို့ကို စီးထမ်းစေ။ သွေးသောက်စုမြင်းတော်သည်တို့ကို အမှုတော်ကို ထမ်းကုန်နိုင်အောင် မစ။ သွေးသောက်စု မြင်းတော်သည်တို့တရားစကား အယှက်အတင်ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့်စကားကို ပပျောက်အောင် ဂတိသို့ မလိုက် ညီညွတ်အောင် စီရင်။

## ၁၃၆-ပုသိမ်မြို့ဝန်

### မဟာမင်းထင်မင်းခေါင် ပုသိမ်ဝန်ခန့်မှတ်စာ

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီး

ဘုရား အမိန့်တော်ရှိသည်။ မဟာမင်းထင်မင်းခေါင်ကို ပုသိမ်မြို့ဝန် ခန့်တော်မူသည်။ ကင်းဖျားနိုင်ငံတော် မြို့ကြီးပြကြီးဖြစ်သည်။ ရာဇဝတ်တော် အရေးအကြောင်း ခိုင်လုံအောင် မြို့စောင့် ရဲမက် လက်နက်ကိရိယာ ဆေး ကျည်စေ့ အစည်းအကြပ်နှင့် ခန့်ထားစောင့်နေရမြဲ ဖြစ်သည်။ မဟာမင်းထင် မင်းခေါင်သည်လည်း ဓမ္မဝတ် ရာဇဝတ် လောကဝတ်ကို နားလည် ကျွမ်းသိ ထောက်ထားဆင်ခြင်နိုင်သသူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်၍ အုပ်ချုပ်စီရင်စိမ့်မည် မြို့ဝန်ခန့်တော်မူသည်။

ငါ့အမိန့်တော်ကို အမြဲဦးထိပ်ရွက်၍ ပုသိမ်မြို့သို့ ရောက်လျှင် နိုင်ငံတော်ပုသိမ်မြို့တွင် ဘုရားရှင် သာသနာတော် ထွန်းပပွင့်လင်းကြောင်း၊ ငါအရှင်ဧကရာဇ်မင်းမြတ် အကျိုးစီးပွါးတော်များ၍ သားတော်အစဉ် မြေးတော်အဆက်ခိုင်ခံ့ မြဲမြံလျက် ပြည်သူတကာ သတ္တဝါအပေါင်းတို့ ငြိမ်းချမ်းသာယာစည်ပင်စေကြောင်းများနှင့် ကြပ်ကြပ်တည်းဘည်း စီရင်။ ပုသိမ်မြို့မှာ လက်နက်ကိရိယာ ဆေး ကျည်စေ့များကို မီး ထင်း မိုးရေ လုံခြုံအောင်, ရဲမက်လက်နက်ကိုင်တို့ကိုလည်း အရေးရှိလျှင် အလျင်ရလွယ်အောင် အကြီးအကြပ်တို့ကို မပြတ်နိုးဆော်။ ပုသိမ်မြို့မှစ၍ အရံမြို့ကျေးရွာများကို ငြိမ်းချမ်းသာယာစည်ပင်၍ လုပ်စား ဆောင်စား စီးပွါးဖြစ်အောင် မြို့စား ရွာစား ခေါင်းအကြီးအမှူး စာရေးတို့ကိုလည်း အရှည် ထမ်းဆောင်နိုင်အောင် မစ။

ပုသိမ်မြို့သည် လမ်းဦးကင်းဖျား မြို့ရွာဖြစ်သည်။ လမ်းခရီးဆိုင်သင့်ရာ ကင်းအစောင့် အနေအထား သေချာအောင်ထား။ ကင်းတော်အစောင့် အနေတို့သို့လည်း မပြတ်ကြည့်ရှုစုံစမ်းစေ။အထူးအထွေ ကြားသိထင်မြင်လျှင် ရာဇဝတ်တော်အရေးအကြောင်း မလစ်မလပ်စေရ။ မြို့ဝန်စစ်ကဲတို့နှင့် ကြပ်ကြပ်တည်းတည်း စစ်ကြောစီရင်။ ရွှေဘဝါးတော်အောက် အစီရင်ခံခွင့်ရှိလျှင်လည်း လွှတ်တော်မှာ အစီရင်ခံ။ပုသိမ်မြို့မှစ၍ အဝင်အပါ မြို့ကျေးရွာသူကြီး မြေတိုင်ကျွန်တော်မျိုးတို့သည် အကျိုးတော်မရှိသည့်အရာ ရာဇဝတ်နှင့် ဆန့်ကျင်သည့် အကြံအစည်အပြောအဆို အမှုအရာများကို ပြုကျင့်သည်၊ ညဥ့်နေ့ အသွားအလာ အပေါင်းအဖက် မတော် ပေါက်ပြ ပေါ် ထွက်သည်၊ သေရည်သေရက် ကဇော် လှော်စာစိမ် ဘင်းဘိန်းချက်လုပ် သောက်စား၍ သားကြီး ငါးကြီးများကို သတ်ညှစ်ရောင်းစား

ပြုကျင့်သည်၊ သို့အချက်ချက်မှစ၍ လူဆိုးလူသွမ်း သူခိုး ဓားပြ လျှပ်စား ပေါက်စား လူစိမ်း လူရှုမ်း မပေါ်မရှိစေရ။ ပေါ်ရှိတွေ့မြင်လျှင် မထွက်မလွတ်ရအောင် ဖမ်းဆီး၍ ရာဇဝတ် အပြစ်အလျောက် အင်ကိုထောက်၍ နောင်မဝံ့အောင် ကွပ်ညှပ်စီရင်။

မြို့ရွာတွင် ကျွန်တော်မျိုးဆင်းရဲသားတို့ တရားစကား အယှက်အတင် ရှိလျှင်လည်း မပွါးမများစေရ၊ ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့် စကားကို ပပျောက်အောင် ဂတိသို့ မလိုက် စီရင်၊ ကုန်သည်တကားမှစ၍ မြို့ရွာတွင် ကျွန်တော်မျိုးဆင်းရဲသားတို့ ဆိုင်ကန္တာရနှင့် ရောင်းဝယ်သူတို့မှာလည်း အလေး တောင်း တင်း စဉ်း ချိန်ခွင်များကို တံဆိပ်ခတ်မှတ် ပေးအပ်သည့် အတိုင်းသာ တညီတညွတ်တည်း သုံးဆောင်ရောင်းဝယ်ကြစေ၊ ရွှေဘဝါးတော်အောက် ပို့ဆက်မြဲ အရာတော် ဘဏ္ဍာတော်များကို ဆက်သွင်းချိန်ကာလ ရောက်လျှင်လည်း မြို့ဝန် စစ်ကဲ နားခံ မြို့စာရေးတို့ အစုံအညီ ပြသ ကြည့်ရှုပြီးလျှင် စာရင်းကျယ် စာရင်းချုပ်နှင့် အကြီးအကြပ် ခန့်မြဲခန့်၍ ရွှေဘဝါးတော်အောက် ဆိုင်ရာ ဆက်သွင်းရမည်၊ အလုံးစုံ စီရင်ခန့်ထားရန် ရှိသည်ကို ရှေးရိုးအစဉ် ရှိသည့်အတိုင်း ပေးအပ်သည့် အမိန့်တော် မှတ်စာအရကို ထောက်၍ ကျေးဇူးသစ္စာတော် နှစ်ပါးကို စောင့်သိရိုသေစွာ စစ်ကဲ နားခံ မြို့စာရေးတို့နှင့် တညီတညွတ်တည်း ရုံးတော်တွင် ခန့်ထားစီရင်။

## ၁၃၇-မုတ္တမမြို့ဝန်

### မုတ္တမမြို့ဝန်ခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်၊မင်းရဲသီဟသူကို မြို့ဝန်ခန့်တော်မူသည်၊ မုတ္တမမြို့သည် အရံ ခရိုင် ၃၂-မြို့ တဆဲ့နှစ်ဇာ ကျေးရွာနှင့် ယိုးဒယား၊ ပသျှူး၊ ပသီကုလားတို့ ပေါက်ရောက်လာသည့် နိုင်ငံတော် မြို့ကြီး ပြကြီး ဖြစ်၍ ရာဇဝတ်တော် အရေးအကြောင်း ခိုင်လုံအောင်, မြို့စောင့်ရဲမက် လက်နက်ကိရိယာ ဆေး ကျည်စေ့များကို မီး ထင်း မိုးရေ လုံခြုံအောင်, အစည်းအကြပ်နှင့် လံဖျား ကင်းများ

ကြည်းရေဆိုင်ရာ ကင်းတပ်မှူးခန့်၍ သေချာခိုင်လုံအောင် စောင့်နေရမြဲဖြစ်သည်၊ မင်းရဲသီဟသူသည် ဓမ္မဝတ် ရာဇဝတ် လောကဝတ် ကျွမ်းသိနားလည် ထောက်ထား ဆင်ခြင်နိုင်းဆသူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုးဖြစ်၍ အုပ်ချုပ်စီရင်စိမ့်မည် မြို့ဝန် ခန့်တော်မူသည်။

ငါ့အမိန့်တော်ကို အမြဲဦးထိပ်ရွက်၍ မုတ္တမမြို့သို့ရောက်လျှင် နိုင်ငံတော် မုတ္တမမြို့တွင် ဘုရားရှင် သာသနာတော် ထွန်းပပွင့်လင်းကြောင်း ငါ့အရှင် ဧကရာဇ်မင်းမြတ် အကျိုးစီးပွါးတော်များ၍ သားတော်အစဉ် မြေးတော်အဆက် ခိုင်ခံ့မြဲမြံလျက် ပြည်သူ လူတကာ သတ္တဝါအပေါင်းတို့ ငြိမ်းချမ်းသာယာစေကြောင်းများနှင့် ကြပ်ကြပ် တည်းတည်းစီရင်၊ မုတ္တမမြို့တော်မှာ တံခါး လှေခါး မှစ၍ လက်နက်ကိရိယာ ဆေး ကျည်စေ့များကို မီး ထင်း မိုးရေလွတ်အောင်, မြို့စောင့် ရဲမက် လက်နက်ကိုင် တို့ကိုလည်း အရေးရှိလျှင် အလျင်ရလွယ်အောင် အကြီးအကြပ်တို့ကို မပြတ်နှိုးဆော်။

မုတ္တမမြို့မှစ၍ အရံ ၃၂-မြို့ တဆဲ့နှစ်ဇာ ကျေးရွာများကိုလည်း ငြိမ်ဝပ်သာယာစည်ပင်၍ လုပ်စား ဆောင်စားဖြစ်အောင် မြို့စား ရွာစား မြင်းခေါင်း သွေးသောက်ကြီး အမှူး စာရေးတို့ကိုလည်း အမှုတော်ကို အရှည်ထမ်းကုန်နိုင်အောင် မစ၊ ယိုးဒယား ပသျှူးစသည်တို့အကြောင်းအရာကို ကြားသိထင်မြင်ရအောင် လမ်းခရီးဆိုင်သင့်ရာရာ ကင်းစောင့် ကင်းနေ သေချာအောင်ထား၊ ဘုမ္မဂီရိ၊ ဣန္ဒဂီရိမှစ၍ အစောင့်အနေ ကြည်းရေဆိုင်ရာထားသည့် ကင်းတပ်မှူးသို့ မပြတ်ကြည့်ရှု စုံစမ်းစေ၊ အထူးအထွေ ကြားသိထင်မြင်လျှင် ရာဇဝတ်အရေးအကြောင်း မလစ်မဟင်းရအောင် ကြပ်ကြပ်စီရင်။

ရွှေဘဝါးတော်အောက် အစီရင်ခံခွင့်ရှိလျှင် ဝန်တို့မှာ အစီရင်ခံ၊ သူခိုးဓားပြ လျှပ်စား ပေါက်စား မပေါ်မရှိစေနှင့်၊ ပေါ်ရှိတွေ့မြင်လျှင် ရာဇဝတ် အလျောက် သတ်တန်သင့်သူကို သတ်၊ ဖြတ်တန်သင့်သူကို ဖြတ်၊ မြို့နေရွာသားတို့မှာလည်း အလေး တောင်း တင်း စဉ်း ချိန်ခွင်များကို တံဆိပ်ခတ်မှတ် ပေးအပ်သည့်အတိုင်း တညီတညွတ်တည်း သုံးစေ။

မုတ္တမမြို့အဝင် ၃၂-မြို့ တဆဲ့နှစ်ဇာ ကျေးရွာများတွင် မောလဝ ၇၇-ကြိုးသား ဓနက်ပလာဆင် အမှုထမ်းတို့မှာ အသုံးတော်ရ နှစ်စဉ် ဆက်မြဲ ဆင်,

ရွှေခွန်, ငွေခွန်, မတ်စေ့ခွန်, ဇာတိပ္ပိုလ်ရိုးကို စိမ်းမျိုး ယိုမျိုး စီးပွါးတော် ဘဏ္ဍာတော် ဆိုင်သင့်သမျှကို မယိုမယွင်း မလစ်ဟင်းရ၊ ဟုတ်မှန်သည့်အတိုင်း စာရေးကြီးတို့ကို စစ်ကြော ရေးမှတ်စေ၍ မှတ္တမမြို့ရှိ တင်းကုပ်တော်၊ တိုက်တော်၊ ကျီတော်၊ ကျတော်များမှာ သွင်းထားစေ။ ဆင်တော်မှစ၍ ရွှေခွန် ငွေခွန် မတ်စေ့ခွန် ငွေ ရွှေဘဝါးတော်အောက် ပို့ဆက်ရမြဲ ဘဏ္ဍာတော် များကို ဆက်သွင်းချိန်ကာလရောက်လျှင် စာရင်းကျယ် စာရင်းချုပ်နှင့် အကြီး အကြပ် ခန့်မြဲခန့်၍ ပို့ဆက်စေ။ ပြည်ရေးရွာမှုမှစ၍ အလုံးစုံ စီရင်ခန့်ထား ရှိသည်ကို ရှေးအရိုးအစဉ် ရှိသည့်အတိုင်း ကျေးဇူးသစ္စာတော် နှစ်ပါးကို စောင့်သိရိုသေစွာ စစ်ကဲတို့နှင့်ရုံးတော်တွင် တညီတညွတ်တည်း ခန့်ထားစီရင်။

## ၁၃၈-သံလျင်မြို့ ရေဝန်

## ရေဝန်ခန့် အမိန့်တော် ပြန်တမ်း

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ သံလျင်မြို့သည် အရံ မြို့ကြီး ပြကြီးဖြစ်၍ ရာဇဝတ်ရေး ကြောင်း ခိုင်လုံအောင် မြို့စောင့်ရဲမက် လက်နက်ကိရိယာ ဆေး, ကျည်စေ့ အစည်း အကြပ်နှင့် ကြည်းကြောင်း, ရေကြောင်း၊ ပင်လယ်ဝ သင်္ဘောဝင်ရာ မုတ်ရိုင်ကင်း၊ ဓနုကင်းများတွင် ကင်းစောင့် ကင်းနေ အကြီးအကြပ်ခန့်ထား၍ ကတ္တူရဲလှေနှင့် လှေစီးစစ်ကွပ်၊ ကုန်းပေါ်တက်၊ လက်နက်ကိရိယာနှင့် ညဉ့် နေ့စောင့် နေရမြဲ ဖြစ်သည်။ မင်းရဲအောင်ထင်သည်လည်း ဓမ္မဝတ် ရာဇဝတ် လောကဝတ်ကို နားလည် ကျွမ်းသိ၍ ထောက်ထား ဆင်ခြင် နိုင်းဆသူ ယုံမှတ် သနားတော်မူသည့် ကျွန်တော်မျိုး မြင်းမှူးအရည်ရဖြစ်၍ အုပ်ချုပ်စီရင်စိမ့်မည် ရေဝန်ခန့်ထားတော်မူသည်။

ငါ့အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်၍ သံလျင်မြို့သို့ရောက်လျှင် နိုင်ငံတော် သံလျင်မြို့တွင် ဘုရားရှင် သာသနာတော် ထွန်းပ ပွင့်လင်းကြောင်း၊ ငါအရှင် ကေရာဇ်မင်းမြတ် အကျိုးစီးပွါးတော်များ၍ သားတော်အစဉ် မြေးတော်အဆက်

ခိုင်ခံ့ မြဲမြံလျက် ပြည်သူတကာ သတ္တဝါအပေါင်းတို့ ငြိမ်းချမ်းသာယာ စည်ပင်စေကြောင်းများနှင့် ကြပ်ကြပ် တည်းတည်း စီရင်။ သံလျင်မြို့တွင် တံခါး ၄-တံခါးမှစ၍ လက်နက်ကိရိယာ ဆေး, ကျည်စေ့များကို မိုးရေလွတ်အောင်, မြို့စောင့်ရဲမက် လက်နက်ကိုင်များကိုလည်း အရေးရှိလျှင် အလျင်ရအောင်, ရဲလှေ ကတ္တူ သမ္ဗန်နှင့် ရေကြောင်းသဘော် အဆီးအကြို အစောင့်အနေ ခန့်ထားထမ်းရွက်ရသည့် အမှုထမ်းတို့ကိုလည်း လှေနှင့် တန်းဆာ စုံလင်အောင် အကြီးအကြပ်တို့ကို နှိုးဆော်၍ အသင့်ရှိစေ။

သံလျင်မြို့မှ စ၍ အဝင်အပါ မြို့ပြကျေးရွာများကိုလည်း ငြိမ်ဝပ်သာယာ စည်ပင်အောင်၊ လုပ်စား ဆောင်စား ဖြစ်အောင်၊ မြို့စား ရွာစား အမှူးကြီး စာရေး, စာချီ မြို့နေ ရွာသားတို့ကိုလည်း အမှုတော်ကို အစဉ်ထမ်းရွက်နိုင်အောင် မစ၊ သံလျင်မြို့သည် သဘော်ဆိုက်ရပ် ဆိပ်ဖြစ်၍ ကုလား အရိုင်း အစိုင်းတို့ မပြတ်ရောက်ပေါက် နေထိုင်သည်။ သဘော် မုတ်ရိုင်ကင်းသို့ မရောက်မီ ကုန်သည် သဘော် ဖြစ်သည်၊ အကြောင်းအရာ ထူးထွေသည့် သဘော်ဖြစ်သည်ကို အတပ် အကြပ်သိသာအောင် စုံစမ်း၍ ကုန်သည်သဘော် မှန်မှ မုတ်ရိုင်ကင်းသို့ ဝင်စေ၊ သတင်းကြားလက်ဆောင်တော် ဆက်မြဲဆက်စေ၊ သံလျင်မြို့သို့ ဝင်မိလျှင်လည်း လက်နက် ကိရိယာများနှင့် သဘော်တက်မကို သိမ်းမြဲ သိမ်း၍ အစောင့်အနေ ခန့်မြဲခန့်။

**တံဆိပ်ဒေးဝန်းတိုက်။** ။သဘော်ရေကြောင်း အကောက်တော် ကောက်၍ တံဆိပ်ဒေးဝန်းတိုက်တော်မှာ ခတ်မြဲ ခတ်ရသည်၊ အခွန်ဝန်ကို သံလျင်မြို့သို့ အလျင်လာရမည်၊ အခွန်ဝန်ရှိရာ ဟံသာဝတီမှာ ခေါ်စေ။ ရောက်လျှင် သဘော်တွင်ပါသည့် ကုန်စည် မည်မျှ၊ ရောင်းရန် ဆက်ရန် လက်နက်ကိရိယာ မည်မျှ၊ မည်သည့်မြို့က မည်သည့်သဘော်၊မည်သသူ အကြီး ပြု၍ မည်သည့်နေ့ရက်တွင် ရောက်လာသည် ဟူ၍ အခွန်ဝန်၊ စစ်ကဲ၊ နားခံ၊ စာရေးကြီး၊ တိုက်စိုး၊ တိုက်စာရေး၊တံဆိပ်ခတ်၊ရာပြတ်တို့နှင့် အစုံအညီ အုပ်မျိုး ထည့်မျိုးမှစ၍ ပါသမျှကုန်ကို ဒေးဝန်းတိုက်တော်မှာတင်၍ အကောင်း အလတ် အညံ့ ရွေးချယ်မှတ်သား ကြည့်ရှုပြီး တံဆိပ်ခတ်မြဲ ခတ်ပြီးလျှင် ရွှေဘဝါး တော်အောက် ပို့ဆက်မြဲ ပို့ဆက်စေ။ အရေးအကြောင်း အလုံးစုံကို မလစ်

မဟင်းရအောင် စီရင်။ ရွှေဘဝါးတော်အောက် အစီရင်ခံခွင့် ရှိလျှင်လည်း ဝန်တို့မှာ အစီရင်ခံ။ သူခိုး၊ ဓားပြ လျှပ်စား၊ ပေါက်စား ပေါ်ရှိ တွေ့မြင်လျှင် သတ်တန်သသူကို သတ်၊ ဖြတ်တန်သသူကိုဖြတ်၊ ပြည်ရေး ရွာမှုမှစ၍ အလုံးစုံ စီရင် ခန့်ထားရန် ရှိသည့်အတိုင်း မြို့ဝန် စစ်ကဲတို့နှင့် ရုံးတော်တွင် တညီတညွတ်တည်း ခန့်ထားစီရင်။

## ၁၃၉—နားခံခန့် အမိန့်တော်မှတ်စာ

## သံလျင်နားခံခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ရဲဘော် မြင်း ထွန်းအောင်၊ နောက်တော်ပါ မြင်းသေက်ရှည်တို့ကို သံလျင်မြို့ နားခံ ခန့်တော်မူသည်၊ သံလျင်မြို့သည် အရုံမြို့ပြ ကျေးရွာနှင့် သဘော ဆိုက်ရပ်ဆိပ် နိုင်ငံတော်ကြီးဖြစ်၍ ရာဇဝတ် အရေးအကြောင်း ခိုင်လုံအောင် အုပ်ချုပ်စီရင်စိမ့်မည်။ မြို့ဝန် စစ်ကဲ နားခံ စာရေးကြီးခန့်တော်မူ၍ စီရင်စေသည်။ အမိန့်တော်မှတ်စာလည်း သိသာနားလည်အောင် အသီး အသီး ပေးအပ်တော်မူသည်။

ငါ့အမိန့်တော်ကို အမြဲ ဦးထိပ်ထက် ဆင်ရွက်၍ သံလျင်မြို့သို့ ရောက်လျှင် ငါအရှင်ကေရာဇ်မင်းမြတ် အကျိုးစီးပွါးတော်များ၍ သားတော်အစဉ် မြေးတော်အဆက် ခိုင်ခံ့မြဲမြံလျက် ပြည်သူလူတကာ သတ္တဝါအပေါင်း ငြိမ်းချမ်းသာယာစည်ပင်အောင် ကျေးဇူး သစ္စာတော်နှင့်အညီ မြို့ဝန် စစ်ကဲ နားခံ စာရေးကြီးတို့လည်း ကိုယ်ဘို့လိုရာ ပဏ္ဏာကာရ ရမည်အရာကိုသာ အားကြီး၍ ဆင်းရဲသားတို့ကို ညှဉ်းပန်းနှိပ်စက်လျှင် စီရင်ခန့်ထားသည့် ရုံးတော်သို့ အမှန်တက်၍ ညီညွတ်စွာ ခန့်ထားစီရင်ကြရမည်။

မညီမညွတ် အလိုရှိ အလိုပါ အကွဲကွဲ အပြားပြား ခန့်ထား စီရင်သည်၊ မြို့ဝန်စီရင်သည့် အမှုအခင်း မသင့်မတင့်သောကြောင့် စစ်ကဲတို့က ထောက်မလဲဆိုသည်၊ ထောက်မလဲ ဆိုသည်ကို မြို့ဝန် မနာမယူနေသည်၊ စစ်ကဲတို့သည်

မြို့ဝန် မသိရအလျောက် စီရင်သည်ကို မြို့ဝန်ဆိုသည်၊ ဘိုးတော်ခွန်တော် သင့်သော အကောက်တော် အုပ်မျိုးထည်မျိုးမှစ၍ အလုံးစုံကို အခွန်ဝန်, စာရေးကြီးတို့ ဟုတ်မှန်သည့်အတိုင်း စစ်ကြောနိုးဆော်၍ တိုက်တော်, ကျတော်များမှာ စာရင်းကျယ် စာရင်းချုပ်နှင့် မြို့ဝန် ရေဝန် အခွန်ဝန် စစ်ကဲတို့ ညီညွတ်စွာ သွင်းသည်-မသွင်းသည်၊ မြို့ဝန် ရေဝန် အခွန်ဝန် စစ်ကဲတို့ မသိရ စာရေးကြီးတို့ အလျောက် သွင်းသည်-မသွင်းသည်၊ သူခိုး ဓားပြ လျှပ်စား ပေါက်စား ပြုသည်တို့ကို တွေ့မိအောင် ဖမ်းဆီး၍ ကွပ်ညှပ် သတ်ဖြတ်စီရင်သည်၊ ကြေးငွေ ပဏ္ဏာ စားယူ၍ လွှတ်သည်။ မြို့ဝန် ရေဝန် စစ်ကဲ နားခံ စာရေးကြီး မြို့စား ရွာစား အမှုးအကြီး စာရေး မြို့နေရွာသားတို့သည် ကျေးဇူးသစ္စာတော်ကို မထောက် အကျိုးတော် မရှိသည့်အရာကို ပြုကျင့်သည်၊ ညဉ့်နေ့ အသွားအလာ **အပေါင်းအဖက်** မတော် ပေါက်ပြပေါ်ထွက်သည်၊ မြို့ဝန် ရေဝန် စစ်ကဲ နားခံ စာရေးကြီးတို့မှာ ကပ်မှီ၍ မြို့နေရွာသားတို့ကို ညှဉ်းပန်း နှိပ်စက်သည်- မနှိပ်စက်သည်၊ သို့ အချက်များမှစ၍ စီးပွါးတော် ဘဏ္ဍာတော် ရာဇဝတ်တော်နှင့် ဆိုင်သင့်သမျှကို မပြတ် ကြားသိထင်မြင်ရအောင် ထိုးထွင်း ကြံစည်နားခံ၍ ကြားသိထင်မြင်သမျှကို ကျေးဇူး သစ္စာတော် ၂-ပါး စောင့်သိ ရိုသေစွာ အမိန့်တော်မှတ်စာအရ ထောက်၍ ရာဇဝတ်တော်နှင့် မသင့်မတင့် ဖြစ်သမျှအခင်း အလုံးစုံကို ရွှေဘဝါးတော်အောက် လွှတ်တော်မှာ အစီရင် ခံရမည်။

## ၁၄၀–စစ်ကဲ

## တောင်ငူမြို့ စစ်ကဲခန့် အမိန့်တော်မှတ်စာ

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ရာဇမမ္ပလက်ယာသူရကို တောင်ငူမြို့ စစ်ကဲ ခန့်တော်မူသည်၊ တောင်ငူမြို့သည် အရံမြို့ပြကျေးရွာနှင့် ယွန်းပြည် ရှမ်းပြည် တလိုင်းပြည်နှင့်လည်း အနီးအစပ် ရာဇဝတ်ရေးကြောင်းကို ထောက်၍ မြဲမြံခိုင်လုံအောင် ခန့်ထားစီရင်ရသည့် နိုင်ငံတော် မြို့ကြီးပြကြီးဖြစ်၍ မင်းရဲ မင်းလှကျော်ကို မြို့ဝန်၊ ရာဇမမ္ပ လက်ယာသူရကို စစ်ကဲခန့်တော်၍ စီရင်စေသည်။

ငါ့အမိန့်တော်ကို အမြဲဦးထိပ်ထက် ဆင်ရွက်၍ တောင်ငူမြို့သို့ရောက်လျှင် ငါအရှင် ဧကရာဇ်မင်းမြတ် အကျိုးစီးပွါးတော်များ၍ သားတော်အစဉ် မြေးတော်အဆက် ခိုင်ခံ့မြဲမြံလျက် ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ ငြိမ်းချမ်း သာယာ စည်ပင်စေကြောင်းများနှင့် မြို့ဝန်,စစ်ကဲတို့ ညီညွတ်စွာ သည်အရာမှာ သို့သင့်သည်။ မင်းရဲမင်းလှကျော်ကို လဲဆို ပြသ၍ ကြပ်ကြပ်တည်းတည်းစီရင်။

တောင်ငူမြို့မှစ၍ အရံမြို့ပြကျေးရွာ မြို့စား ရွာစား မြင်းခေါင်း သွေးသောက်ကြီး အမှူး စာရေး မြို့နေ ရွာသားတို့ကိုလည်း ငြိမ်ဝပ် သာယာ စည်ပင်၍ လုပ်စား ဆောင်စားဖြစ်အောင် မစ။ရာဇဝတ်ရေးကြောင်း ခိုင်လုံမည့်အကြောင်းနှင့် မင်းရဲမင်းလှကျော်ကို ပြသ လဲဆို၍ ကြပ်ကြပ်စီရင်။ ရွှေဘဝါးတော်အောက် အစီရင်ခံခွင့်ရှိလျှင်လည်း ဝန်တို့မှာ အစီရင်ခံ။ မြို့ရွာတွင် ကျွန်တော်မျိုး ဆင်းရဲသားတို့ တရားစကား အယှက်အတင်ရှိလျှင် ကြီးသည့်စကားကို ငယ်အောင်၊ ငယ်သည့်စကားကို ပပျောက်အောင် ရုံးတော်တွင် တညီတညွတ်တည်း စီရင်။ သူခိုးဓားပြ လျှပ်စားပေါက်စား လူစိမ်းလူသွမ်း မပေါ်မရှိစေရ၊ ကြပ်ကြပ်စစ်ကြော၊ အလေး တောင်း တင်း စဉ်း ချိန်များမှာလည်း တံဆိပ်ခတ်မှတ် ပေးအပ်သည့်အတိုင်းသာ သုံးဆောင်စေ။ တောင်ငူမြို့ရှိ တိုက်တော်ကျီတော် ကျတော်များမှာ တောင်ငူမြို့မှစ၍ အဝင်အပါ မြို့ရွာများက ဘိုးတော်ခွန်တော် စီးပွါးတော် ဘဏ္ဍာတော်များနှင့် စိမ်းမျိုး ယိုမျိုး ဂမုန်းအင်သဇင် ပင်ဆင့်ပန်းမှစ၍ အလုံးစုံ ခန့်ထားစီရင်ရန် ရှိသည်များကို မြို့ဝန်,စစ်ကဲတို့မှာ အမိန့်တော်မှတ်စာ ပေးအပ်သည့်အရကို ထောက်၍ အရိုးအစဉ်ရှိသည့်အတိုင်း ကျေးဇူး သစ္စာတော် ၂-ပါးကို စောင့်သိရိုသေစွာ မြို့ဝန်,စစ်ကဲတို့ ရုံးတော်တွင် တညီတညွတ်တည်း ခန့်ထားစီရင်။

## ၁၄၁–မိုးနဲဗိုလ်မှူးဝန်ကြီး

## မိုးနဲဗိုလ်မှူးဝန်ကြီးခန့် အမိန့်တော်ပြန်တမ်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ မင်းကြီး မဟာမင်းခေါင်ကျော်စွာကို မိုးနဲဗိုလ်မှူးခန့်တော်မူသည်။

သို့ခန့်တော်မူကြောင်းလည်း သံလွင်အရှေ့ဘက် ကျိုင်းသဉ်၊ ကျိုင်းချိုင်၊ ကျိုင်းတုံ၊ မိုင်းလျှည်း အရပ်အနေမှစ၍ ရိုင်းပြုရှိနေသည့် ဇင်းမယ် ၅၇-ခရိုင် မြို့ကျေးရွာ ကျွန်တော်မျိုး အမှုထမ်းတို့ ယဉ်ကျေးပျပ်ဝပ်အောင် လှမ်းကမ်း ဆင့်ဆို သိမ်းပိုက် အုပ်ထိန်းရမည့်အကြောင်း များပြားသည် ဖြစ်သည်။ ရွှေဘဝါးတော်အောက်က ရွှေလှံအစုလူ ၁၀၀၊ လင်းဇင်းသေနတ်လူ ၁၀၀၊ ငွေဓားကိုင်လူ ၅၀၊ ငွေလှံကိုင်လူ ၅၀၊ ခံစပ်အုပ်စုမြင်း ၅၀၊ တိုက်တော်ထုတ် သေနတ် ၁၅၀၊ ယမ်းပြည်ချိန် ၇၅၊ ကျည်စေ့ ၇၅၀၀၊ မီးကျောက်ပြားရေ ၄၅၀၊ စည်းကြပ်ပေးအပ် ခန့်ထား ချီသွားထမ်းရွက်စေကြောင်း ဖြစ်သည်။ မိုးနဲ တပ်တော်သို့ရောက်လျှင် အထက်ဆင့်ဆိုရင်း အရေးအကြောင်း ရဲမက် လက် နက်ကိုင် အစောင့်အနေ အမှာအထားမှစ၍ အလုံးစုံကို အတပ်အကြပ်သိရ အောင် မေးမြန်းပြီးလျှင် ရွှေဘဝါးတော်အောက် လျှောက်ထားလာစေ။

မိုးနဲတပ်တော်တွင် ရှိရင်းအမှုထမ်း သူရဲ သူခက် ရဲမက် လက်နက်ကိုင်၊ သေနတ် ဆေး ခဲ ယမ်း မီးကျောက် တပ်ဦး တပ်ဖျားကင်း အစောင့်အနေ များမှာ မလစ်မလပ်စေရ၊ ဆင့်ကဲအုပ်ကွပ် စောင့်ထိန်းစေ။ ဗိုလ်တပ် စစ်ကဲ နားခံ တပ်ရေးခန့်ထားရန်မှာ မိုးနဲတပ်တော်တွင် အမှုတော်ကို ထမ်းရွက်သည့် အမှုထမ်း ကျွန်တော်မျိုးလည်း ရှိသည်။ ရွှေဘဝါးတော်အောက်က အမှုတော်ကို လိုက်ထမ်းပါမည် ရှိခိုးသံတော်ဦးတင်၍ လိုက်ထမ်းသူလည်း ရှိသည်။ စစ်ကဲ နားခံ တပ်ရေးခန့်ထားရန် မစ။ တပ်ရှိ မြန်မာလက်နက်ကိုင် ရှမ်းလက်နက်ကိုင် ဓားကင်း အစောင့်အနေများကို မှန်ကန်အောင် စစ်ဆေး၍ ရွှေဘဝါးတော် အောက် ရှိခိုးသံတော်ဦးတင်လာစေ။ စစ်ရေး စစ်မှုရှိလျှင်လည်း နေ့ည မလစ် မလပ် နှလုံးသွင်း၍ ထမ်းရွက်မှ ပြေကုန်မည်ဖြစ်၍ တစမလစ် စစ်ကဲ နားခံ တပ်ရေး တပ်မှူးတို့နှင့်နှလုံးမကွဲ တစိတ်တဝမ်းတည်း အသက် ဦးလည် မငဲ့မသုန် စွန့်စားထမ်းရွက်သည်ဖြစ်မှ တဘက်ရန်သူကို နှိပ်နှင်းရှင်းလင်း အောင်မြင်နိုင်၍ အကျိုးတော်ရှိမည်ဖြစ်သည်။ သူရဲသူခက် ရဲမက်လက်နက်ကိုင်တို့မှာ စိတ်နှလုံး ရွှင်လန်းစွာ တိုက်ရေး လံရေး ကျွမ်းသိနားလည်အောင်ကိုသာ ဆင့်ဆိုစီရင် သွန်သင်ချေ။ ဆင် မြင်း အမြောက် သေနတ် ကိရိယာ ဘဏ္ဍာတော်များမှာ လည်း မယိုမယွင်း မလစ်ဟင်းစေရ၊ စေ့ငုအောင် ထိန်းသိမ်းစေ၍ မကောင်း

ဟောင်းနွမ်းသည်ကို တနေ့မပြတ် ကြည့်ရှုပြင်ဆင် ထိန်းသိမ်းစေရမည်။ တိုက်ရေးလံရေးရှိ၍ တိုက်လံလုပ်ကြံလျှင်လည်း တော်သင့်ဆောင်တာ မှတ်သား ထုတ်ပေး သုံးဆောင်စေ။

မိုးနဲကပ်တော်မှစ၍ ရှမ်းပြည် မြေလပ် စော်ဘွား မြို့စားတပ်ပေါင်းတို့တွင် မြို့အင် ရွာအင်ကို ထောက်၍ လက်နက်ကိုင် မျိုးရိက္ခာ တညီတညွတ်တည်း ဖြစ်အောင် ခန့်ထားစီရင်ရန်အရေး များပြားကျယ်ဝန်းသည်ကို နှလုံးသွင်း၍ အကျိုးတော် မယုတ်မလျော့ မြို့ရွာ မပင်မပန်းစေရ၊ ညီညွတ်ပြေကုန်၍ အကျိုးတော်ရှိအောင် စည်းကြပ်စီရင်။ အုပ်စုတပ်ပါ ရဲမက်လက်နက်ကိုင်မှစ၍ နိုင်ငံတော် ရှမ်းပြည်မြေလပ် စော်ဘွား မြို့စား တပ်မှူးစစ်ကဲ အရာရှိတို့ ကြေးငွေပဏ္ဏာ သစ်သီးတလုံး ဟင်းရွက်တချပ်မှ မလျှပ် မပေါက် မစား မယူစေနှင့်။ ထန်းရည် အရက် စိမ်ပင်း ဘင်းဘိန်း ကဇော် ဖဲကြွေအန်မှစ၍ မသောက်မရှူ မလောင်း မစားကြစေနှင့်။ ကြပ်ကြပ်တည်းတည်း စစ်ကြောစီရင်။

အရပ်ရပ် အရေးအကြောင်း ရှိသမျှကိုလည်း မပြတ်ကြားသိတော်မူရှိရအောင် လျှောက်ထားလာစေ။ စီရင်ခင်း စီရင်ဖွယ်ရှိသမျှကို ငါ့အမိန့်တော်ရှိသည့်အတိုင်း မလစ်မဟင်း မယွင်းမယိုစေရ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုစီရင်။ အမိန့်တော်မှတ်စာ ပေးအပ်သည့်အတိုင်း မကုန်မတွင် လစ်ဟင်း ယွင်းယိုရှိရလျှင် ဗိုလ်မှူး တပ်မှူး စစ်ကဲ နားခံ တပ်ရေး အကွတ် အကြပ်တို့ကို ရာဇဝတ်တော် အလျောက် စီရင်မည်။

သက္ကရာဇ် ၁၁၉၉-ခု၊ နယုန်လဆန်း ၁-ရက်နေ့ နားခံတော် နေမျိုးနော်ရထာ အပ်၍သွင်း။ ၎င်းလဆန်း ၃-ရက်နေ့ ဝန်ရှင်တော် ပဲခူးမြို့စားမင်းကြီး စလေ ပုခန်းငယ်မြို့စားမင်းကြီး ဝန်ထောက်တော် ရေနံချောင်းမြို့စား မဟာမင်းလှ ကျော်ထင် ပြင်စည်မြို့စား မဟာမင်းလှရာဇာ အစုံအညီတွင် ရှေ့ရုံးတော် ကွန်းစဉ်တွင်းမှာ နားခံတော် နေမျိုး နန္ဒမိတ်ရွှေတောင် ပြန်၍ အပ်သည်။ ပြီးလျှင် အိတ်နီသွတ်၍ မြစ်စဉ်ဝန် ဆင်စီး၍ ဗိုလ်မှူးရှေ့က ဆောင်ယူသွားသည်။

## ၁၄၂–အောင်မြေနင်းပုံအကြောင်း

အောင်မြေနင်းမည့်နေ့ တပ်တွင် လိုက်ပါရမည့် ရဲမက်လက်နက်ကိုင်များကို ချုပ်တန်းဆာ ဝတ်ဆင်စေလျက် ဓားစွဲ လှံစွဲ သေနတ်ကိုင် စိန်ကိုင် အမြောက် ကိုင်တို့ကို အကြပ် သေွးသောက်ကြီး တပ်မှူး ဗိုလ် တပ်ရေး တပ်နားခံ လက်ဝဲစစ်ကဲ လက်ယာစစ်ကဲတို့နှင့်တကွ စုံလင်စွာ နန်းတော် သစ်တပ်အရှေ့ ဘက် လမ်းမကြီးအတိုင်း တောင်သို့ တပ်ဦးလှည့်၍ အောင်စည် အောင်မောင်း တပ်ဆော်မောင်း အောင်လံတို့ဖြင့် စုံလင်စွာ ခင်းကျင်းထားရသည်။

ရွှေတော်ယူတံခါးနှင့်တူရူ အမြင့် လေးတောင်တမိုက်ရှိ ဆောက်ထားသည့် စင်ပေါ်တွင် ရှစ်ပါးပုဏ္ဏားတို့ သနားတော်မြတ်ခံရသည့် ပုဏ္ဏား ဗောင်း နားဒွေါင်း စလွယ်ဝတ်ဆင်လျက် လက်ယာရစ်ခရုသင်း သပြေပန်းတို့နှင့် အသင့်စောင့်နေရသည်။ ယင်းသည့်တပ်ကို အုပ်ချုပ်ရမည့် ဗိုလ်ချုပ်ဖြစ်စေ၊ ဗိုလ်မှူးဖြစ်စေတို့က မိမိတို့ သနားတော်မြတ်ခံရသည့် မျည်းတိုမျည်းရှည်၊ ဒက် ဘယက်၊ မောက်ရူ၊ ဗာလီကွေး စသည်တို့ကို ဆင်ယင်လျက် တပ်၏နောက်ဆုံး နေရာဖြစ်သော နန်းတော်သစ်တပ် အရှေ့မြောက်ထောင့်မှ ဆင်စီး၍ အသင့် နေရသည်။

အခါရောက်သဖြင့် ရာဇဝတ်ရုံးပေါ်က အချက်ပေးမောင်း တီးလိုက်သည်နှင့် တပြိုင်နက် တပ်ပါ အောင်စည် အောင်မောင်း တပ်ဆော်မောင်းများ တီးခတ် စေပြီးလျှင် ရှေ့ဆုံးက အောင်လံလွှင့်ကာ မြောက်မှ တောင်သို့ ချီရသည်။ ဗိုလ်ချုပ်၊ သို့မဟုတ် ဗိုလ်မှူး၏ ဆင်သည် ဂ-ပါးပုဏ္ဏားတို့ အသင့်စောင့်နေသည့် စင်နှင့်နည်းကပ်လျှင် တပ်ကို တပြိုင်တည်းရပ်၍ ဆိတ်ငြိမ်စွာ နေရသည်။ ထိုအခါ စင်ပေါ်မှ အသင့်ရှိသည့် ဂ-ပါးပုဏ္ဏား ဘိသိက်သွန်းကြရသည်။ ပြီးလျှင် ဘိသိက်ပန်းကို ဗိုလ်ချုပ်၊ သို့မဟုတ် ဗိုလ်မှူးသို့ ပေးရသည်။ ပြီးလျှင် ဗိုလ်ချုပ်၊ သို့မဟုတ် ဗိုလ်မှူးသည် ဆင်ပေါ်က မတ်တတ်ရပ်နေ၍ ကေရာဇ်မင်း မြတ်ရှိရာသို့ ရှိခိုးရသည်၊ သို့ရာတွင် ဦးညွတ်ခြင်းမပြုပဲ လက်နှစ်ဖက်စုံ၍သာ ရှိခိုးရသည်။ မြေနန်းတော်ဦးကဖြစ်စေ နန်းမြင့်ပေါ်ကဖြစ်စေ စံတော်မူလျက် ရှိသော ကေရာဇ်မင်းမြတ်က သားမြီးယပ်ကို ခပ်လိုက်လျှင် ဗိုလ်ချုပ် သို့မဟုတ် ဗိုလ်မှူးက ဆင်ပေါ်တွင် ထိုင်မြဲထိုင်၍ အောင်စည်အောင်မောင်း တီးခတ်ခြင်း၊

တပ်ဆော်တို့က တိုးဟဲ့တိုးဟဲ့ဟု အသံကုန်ဟစ်၍ ဆိုခြင်းနှင့်တကွ တပ်ထွက်လာခဲ့၍ အောင်မြေနင်းမည့် နေရာသို့ ရောက်လျှင် အောင်လံကိုင်တို့က မြေသို့ မစိုက်ပဲ ကိုင်မြဲကိုင်၍ နေရသည်။

တပ်နားခံက အောင်မြေသို့ ရောက်ပြီဘုရားဟု အသံထားနှင့် လျှောက်သောအခါ ဗိုလ်မှူး၊ သို့မဟုတ် ဗိုလ်ချုပ် ဆင်ထက်က ဆင်းသက်ရာမြေသို့ ခြေရောက်သည်နှင့် တပြိုင်တည်း အသင့် စီမံထားရှိသည့်နေရာမှာ အောင်လံကို စိုက်ရသည်။

ထို့နောက် စစ်ကဲ တပ်မှူး၊သေ့သောက်ကြီး၊ တပ်နားခံ၊ ဗိုလ်တပ်ရေးတို့က ဒူးပုဆစ်ချကာ ဗိုလ်မှူး၊ သို့မဟုတ် ဗိုလ်ချုပ်ထိုင်သည့် သဉ္ဇာလီရှေ့ဝယ် နေကြရသည်၊ထိုအခါ ဗိုလ်မှူး၊သို့မဟုတ် ဗိုလ်ချုပ်၏အမိန့်ကို တပ်နားခံက ပြန်ဆိုရသည်၊ ထို့နောက် ၃-ရက်ထက် မနည်း ထိုအောင်မြေတွင် တပ်ချနေရသည်၊ ဤအတွင်း ရဲမက်တစုံတယောက်ကိုမျှ လွှတ်တော်ရုံးတော်က မဆင့်မခေါ်ရ။

## ၁၄၃—ရွှေတော်ပြေးမှူး

လောကီ လောကုတ္တရာ မင်္ဂလာအခမ်းအနားကြီးများတွင် ရှေးထုံးစံအတိုင်း ခင်းကျင်း တီးရွှမ်းရမြဲ, အလှူတော်များတွင် လမ်းလျှောက်လိုက်ပါ တီးရွှမ်းရမြဲ ရွှေတော်ပြေး စည်တော်စုံအမှုထမ်း ၆၄-တို့ကို မှူးကြီးချုပ်အုပ်ထမ်းရွက်ရသည်။

## ၁၄၄—ဆီမီးထွန်းမှူး

အစဉ်အမြဲ ရွှေနန်းတော် အဆောင်များမှာ မှန်စီပေါင်းစိုက်၍ ထွန်းမြဲ, သုဘာသုဘ လောကီ လောကုတ္တရာ သဘင်ပွဲလမ်း အခမ်းအနားများတွင် ထွန်းမြဲဆီမီးထွန်းအစုအမှုထမ်း ၉-ယောက်တို့ကို မှူးကြီးဆင့်ဆိုရသည်။ အဝေးအလံ ညဥ့်အိပ် ထွက်စံတော်မူလျှင်လည်း မီးပေါင်းတော်များနှင့် သင့်ရာအစုအမှုထမ်းတို့ကို လွှတ်တော်မှာ လျှောက်၍ ဆင့်ဆိုလိုက်ပါ ထမ်းရွက်ရသည်။

## ၁၄၅—တင်းထိမ်ရုံမှူး

သဘင်ပွဲလမ်း အခမ်းအနားများတွင် ကာရံသင့်ရာ အကာတင်းထိမ်တော်များကို ရွှေချည် ငွေချည် စသည်တို့ဖြင့် ဖဲကတ္တီပါ ရွှေဇာ ရွှေယက်ခင်း၍

ထိုးလုပ် ချုပ်ထားရင်းဖြစ်သော ယခုအခါ ကန့်လန့်ကာခေါ်သော တင်းထိမ်ရံ အစုကို ကြီးမှူးရသည်။ ၎င်းအစုဖွဲ့ရာ လူတို့အနက် လူ ၅-ယောက်သာလျှင် ရွှေဘဝါးအောက်သို့ အမြဲတက်ရောက်နေထိုင် ထမ်းရွက်ရသည်။

## ၁၄၆–သူရဲကြီးမှူး

အရှင်ကောရာဇ်မင်းမြတ် ကုန်းကြောင်း ထွက်စံတော်မူကာလ ရှေ့ ၆-တပ်၊ နောက် ၆-တပ် ၂-ရပ်တို့တွင် ရှေ့တော်မှ ခင်းကျင်းလိုက်ပါရသော ၆-တပ်၏ နောက်, ကိုယ်ရံတော်တပ်၏ရှေ့တွင် သူရဲကြီးတပ်ဟူ၍ လွှတ်တော်အရာရှိစုံ လိုက်ပါရသော သူရဲကြီးတပ်က တပ်မှူးကို ဆိုသည်။

## ၁၄၇–အဆောင်နီမှူး

ကောရာဇ်မင်းမြတ်တို့ဝယ် ရှေး ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် အလေးအမြတ်ပြု၍ ထွက်တော်မူသောအခါ စီးတော်မူသော ဝေါတော် ရထားတော်ရှေ့မှ လိုက်ပါရသော အဆောင်နီတော်ကိုင် အမှုထမ်းတို့ကို မှူးကြီး ရသော အရာရှိ ဖြစ်လေသည်။ ၎င်းအစုဖွဲ့ရာပါ လူတို့အနက် လူ ၆-ယောက် သာလျှင် ရွှေဘဝါးတော်အောက်သို့ အမြဲတက်နေ ထမ်းရွက်ရသည်။

## ၁၄၈-ရတနာ လှေကားတော်မှူး

ကောရာဇ်မင်းမြတ်တို့ အနီးအဝေး ထွက်စံတော်မူသည့်အခါ ဝေါတော်ဖြစ်စေ၊ ရတနာထမ်းစင်တော်ဖြစ်စေ၊ စီးတော်ဆင်ဖြစ်စေ စီးနင်းထွက်စံတော်မူသည့်အခါ တက်တော်မူရန် ယှဉ်ပြိုင်၍ ခင်းထားအပ်သော ရတနာလှေကား တော်ကို အသင့် သည်ပိုး၍ လိုက်ရသည့် အမှုထမ်းတို့အား ကြီးမှူးရသူ အရာရှိ ဖြစ်သည်။

## ၁၄၉-ရတနာ ထမ်းစင်မှူး

ကောရာဇ်မင်းမြတ်တို့ ကုန်းကြောင်းခရီး ရတနာထမ်းစင်တော်နှင့် ထွက်စံ တော် မူသောအခါ ရတနာထမ်းစင်တော်နံပါးက ကြီးကြပ် အုပ်ကွပ်၍ လိုက်ရ သူ အရာရှိ ဖြစ်သည်။

## ၁၅၀-ကြီးမှူး

ကေရာဇ်မင်းမြတ်၏ ကောင်းမှုကုသိုလ်တော် အုတ်နှင့်စပ်သည့် အလုပ်တော်များတွင် အက်တေစပ်နှောရန် ထုံး အများအပြား အလိုရှိသည့်အခါ ရောဝတီမြစ်ညာ မင်းကွန်းရွာ ဝန်းကျင် အထက် အောက် ထုံးတောင်၂-ရပ်ရှိ ထုံးဘုတ်အမှုထမ်းတို့ကို ကြီးမှူးရသူ အရာရှိ ဖြစ်သည်။

## ၁၅၁-ပဟိုရ်စည်တီး

နာရီတော်မှူးဆင့်ဆိုရာနာခံ၍ နေ့ယာမ်,ညယာမ် ပဟိုရ်တီးရန်များကို ပဟိုရ်စင်အနီး အိပ်ဖန်တန်းက နေ့ ညဥ့် စောင့်နေ၍ နာရီတော် တန်ဆောင်းက နာရီတော်စောင့် ပုဏ္ဏား ၂-တို့ ဝတ်ကောင်း ဝတ်သန့် ဝတ်ဆင်လျက် လျင်စွာလာရောက် အခါကြားသည်နှင့် တပြိုင်နက် ပုဆိုးခါးပုံထိုး အင်္ကျီရှည် ခေါင်းပေါင်းဖြူ ၂-စထောင်နှင့် ပဟိုရ်တီးလူ ၂-တို့သည် ပဟိုရ်စင်ပေါ်ရောက် တက်ပြီးမှ ခေါင်းလောင်းတချက်, စည်တော်တချက်ဖြင့် ၁၁-ချက်၊ နေ့မွန်းတည့် နှစ်ချက်တီးလျှင် ၂၂-ချက်၊ ညနေ သုံးချက်တီးလျှင် ၃၃-ချက်၊ နေဝင် လေးချက်တီးလျှင် ၄၄-ချက် တီးရသည်။ ညဥ့် ၄-ပဟိုရ်မှာလည်း ဤနည်းအတိုင်း တချက်တီး နှစ်ချက်တီး သုံးချက်တီး နံနက်လင်း ၄-ချက်တီးတိုင်အောင် အချက်ပေါင်း ၁၁၀-တီးရသည်။ ပဟိုရ်တီး ၂-တို့သည် ပဟိုရ်စင်ပေါ်ရောက်သည်နှင့် တပြိုင်နက် နန်းတော်ရှိရာသို့လှည့်၍ ဒူးပုဆစ်တုပ်ခါ ဦးသုံးကြိမ်ချပြီးမှ ပဟိုရ်တီးရသည်၊ ပြီးလျှင်လည်း ဦးသုံးကြိမ်ချပြီးမှ ဆင်းလာရသည်၊ ပဟိုရ်တီး အမှုထမ်းလူ ၅-တို့မှာ တလလျှင် လစာငွေတော် ၅၅-သနားတော်မြတ်ခံရသည်၊ ပုဆိုး, ခေါင်းပေါင်း, ပိတ်အုပ်များကိုလည်း တလတကြိမ် သနားတော်မူသည်။

## ၁၅၂-အောက်ရောက်လက်သမား

ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား သဘော်, သမ္ဗန်တည်လုပ်ရန် ရန်ကုန်, မော်လမြိုင် လက်သမား ၁၆၇-တို့ကို ခေါ်တော်မူ၍ တလလျှင် လစာငွေတော် ၄၇၃၄-သနားတော်မူသည်။ သားတော် ဒုတိယ နန်းစံ မင်းတရားလက်ထက်တိုင် ဆက်လက်ထမ်းရွက်ကြသည်၊ အောက်နိုင်ငံသားများဖြစ်၍ အောက်ရောက် လက်သမား ခေါ်ဝေါ်သည်။

## ၁၅၃-ဘဏ္ဍာတော်လက်သမား

ရွှေတိုက်ဝန်စုပါ အမှုထမ်း လက်သမား ၂၁-ယောက်တို့မှာ ဘဏ္ဍာတော်နှင့် စပ်လျဉ်းသည့် အသုံးအဆောင်တော်များကို လုပ်ဆောင်ထမ်းရွက် ရသည်၊ တလလျှင် လစာငွေတော် ၄၉ဝိ-သနားတော်မြတ် ခံရသည်။

## ၁၅၄-ရွှေတိုက်လက်သမား

ရွှေတိုက်ဝန်စုပါအမှုထမ်း—သစ်ပျဉ်နှင့် စပ်လျဉ်း၍ လုပ်ဆောင်ရရှိလျှင် အခြား လက်သမားများထက် နားလည်တတ်မြောက်သည်ဖြစ်၍ အမိန့်တော်မြတ်နှင့် သီးခြားဖြစ်စေ၊ လွှတ်တော် အတွင်းတော်များက ဆင့်ဆိုရာဖြစ်စေ လုပ်ဆောင်ထမ်းရွက်ရသည်၊ ခေါင်းအကြီးပါ လူ ၃၃-တို့အား တလလျှင် လစာငွေတော် ၁ဝ၃ဝိ-သနားတော်မြတ်ခံ ရသည်။

## ၁၅၅-ဘုံးဘက်ကျောင်း

တလုပ်မြို့ မြင်းခြံ ရန္တပို ဥဒယ စကြူး ပေါက်အိုးများက အလှည့်ကျ ထမ်းရွက်မြဲ လူ-၄ဝ။ ရွှေဘဝါးတော်အောက်သို့ အိမ်ဖန်တက်နေ၍ ပြဲတိုက်တော်မြောက် ဘုံးဘက်ကျောင်းတန်းတွင် နေထိုင်ပြီးလျှင် ခေါ်စုကျအရာရှိအစု အမှုထမ်း စာရင်းပါ ၅ာနဦးရေ ၂ဝ၆-အနက် ပြဲတိုက်တော်က အလိုရှိရာလူကို သွားရောက်ခေါ်ငင် ထမ်းရွက်ရသည်။ အချုပ်အနှောင်ထားသင့်သူ ထွက်ပေါ်လျှင်လည်း ၎င်းတန်းတွင်ပင် ချုပ်နှောင်ထားရသည်။ ၎င်းဘုံးဘက်ကျောင်းတို့မှာ သွေးသောက်ကြီး ၁၊ တန်းခေါင်း ၁၊ တန်းထိန်း ၂၊ အမှုထမ်း ၃၆၊ ၄-စု လူ ၄ဝ အမြဲရှိရသည်။ တလလျှင် လစာငွေတော် ၄၁ဝိ သနားတော်မြတ် ခံရသည်။

## ၁၅၆-ဒိုင်းတော်

ရွှေနန်းတော်ဝဲဘက် မာရဘင်တံခါးအထွက် ဒိုင်းတော်တန်းတွင် နေထိုင်ပြီးလျှင် ခေါ်စုကျအရာရှိ အစုအမှုထမ်း စာရင်းပါ၅ာန ၁၃၂ အနက် ပြဲတိုက်တော်က အလိုရှိရာလူတို့ကို သွားရောက်ခေါ်ငင်ရသည်။ အချုပ်အနှောင်

ထားသင့်သူ ထွက်ပေါ်လျှင်လည်း ၎င်းတန်းတွင် ချုပ်နှောင်ထားရသည်။ ၎င်းဒိုင်းတော်တို့မှာ ဒိုင်းခေါင်း ၁၊ တန်းခေါင်း ၁၊ တန်းထိန်း ၂၊ အမှုထမ်း ၃၆၊ ၄-စု လူ ၄၀ ရွှေဘဝါးတော်အောက်သို့တက်၍ အိုးအိမ်နှင့်တကွ နေထိုင်ထမ်းရွက်ရသည်။ တလလျှင် လစာငွေတော် ၄၁ဝိ သနားတော်မြတ် ခံရသည်။

## ၁၅၇-ပွဲတော်ကြီး

နန်းစဉ် ချက်ပြုတ်မြဲ ပွဲတော်အမှုထမ်း။ ရွှေလောင်းလှေတော်၊ မုန်တိုင်လှေတော်များက သင်ကြားတတ်မြောက်သည့် အမှုထမ်းတို့ကို အလိုတော်ရှိရာ ချက်ပြုတ်ထမ်းရွက်ရသည့် လူ ၅၀-ရှိသည်။ တလလျှင် လစာငွေတော် ၇၅ဝိ သနားတော်မြတ်ခံရသည်။

## ၁၅၈-ထောင်းခြင့်

ရွှေမြို့တော် အနောက်မျက်နှာ အလည်တံခါးအဝင် လက်ယာဘက်၌ ပေ ၅၀၀-ခန့် အကွာတွင် အနီသုတ် အထွတ်ရွှေချ လယ်ပေါ်တန်ဆောင်းကြီး ဆောက်လုပ်၍ ၎င်းအတွင်း လည်ညှပ်တိုင် ခါးတိုင် မောင်းတုံး မောင်းဆုံ- ကျည်ပွေ့ စကော ဗန်းမှစ၍ အလုံးစုံ ရွှေပိန်းချလျက် ကိရိယာအစုံ ရှိသည်။

ကျီတော်က စပါးကိုခြင့်ယူ၍ ၎င်းရုံတော်အတွင်း ထောင်းဖွပ်ရသည်၊ ဆန်ဖြစ်သည့်အခါ ရွှေနန်းတော်အတွင်း ပွဲတော်ရုံသို့ ခြင့်၍ သွင်းရသည်။ သို့ဖြစ်၍ ထောင်းခြင့်အမှုထမ်းခေါ်သည်။ ၎င်းအမှုထမ်း ၅-တို့မှာ တလလျှင် လစာငွေတော် ၆၅ိ သနားတော်မြတ်ခံရသည်။

ယခုခေတ်နှင့် စာလျှင် လစာငွေတော်ပေးခြင်းမှာ နည်းလှသည်ဟု ဆိုဖွယ်ရှိ၏။ သို့ရာတွင် မြန်မာဘုရင် အုပ်စိုးတော်မူစဉ်အခါက အခွန်တော် အကောက်တော် နည်းပါးခြင်းကြောင့် အစားအစာပေါသည့်ပြင် တခါတရံမှာသာ မင်းမှုတော်ရှိသဖြင့် အခြားအလုပ်နှင့်လည်း ငွေရှာနိုင်သည်။

## ၁၅၉-ရေကြည်တော်

နေ့စဉ်နန်းတော်ထက်သို့တင်ရန် ရေကြည်တော်များကို ရေကြည်ဝန်ဆင့်ဆိုရာ နာခံ၍ ရေကြည်တော်အမှုထမ်းတို့ တင်ဆောင်ဆက်သွင်းရသည်။ အမှုထမ်း ၂၁-ယောက်တို့ကို တလလျှင် လစာငွေတော် ၂၆ဝိ သနားတော်မူသည်။

## ၁၆ဝ-ခြေလျင်တော်

ခြေလျင်တော်အမှုထမ်းတို့ကို အလိုတော်ရှိရာ မျူးမတ်တဦးဦးက အုပ်ချုပ်စေ၍ အနီးအဝေးမြို့ရွာများကို အမိန့်တော်နှင့် ဖြစ်စေ လွှတ်တော်, အတွင်းတော်များက ဆင့်ဆို၍ဖြစ်စေ စေခိုင်းရာ သွားရောက်ထမ်းရွက်ရသည်။ အမှုထမ်းလူ ၁ဝဝ-တို့ကို တလလျှင် လစာငွေတော် ၁ဝ၄ဝိ သနားတော်မူသည်။

## ၁၆၁-နတ်ကြီး ၁၅-ပါး

ဗဟာနိမီးနတ် သကန္တနတ် သိကြားမင်း မဟာပိန္နဲနတ် သီရိနတ်သမီး စန္ဒိနတ်သမီး မြေစောင့် သုပတိနတ်သမီး ရေစောင့် တောယာမိပနတ် ဗိသကြိုးနတ် ဗြဟ္မာမင်း ပရမိသွာနတ် မာရ်နတ် ယမနတ် နေနတ် လနတ် စုစု ၁၅-ကို မြေနန်းတော်ရှေ့ မဏ္ဍပ်ကြီးစွာ ဆောက်လုပ်၍ ကြံ, ငှက်ပျော, အုန်းစသည်တို့နှင့် ခင်းကျင်း၍ တန်ဆောင်းမုန်းလ ဗလိနတ်စာကျွေးရသည်မှာ နတ်ကြီး ၁၅-ပါး တန်ဆောင်းကို အမြဲစောင့်နေထမ်းရွက်ရသည်။ လူ ၂ တို့မှာ တလလျှင် လစာငွေ ၃ဝိ-သနားတော်မြတ်ခံရသည်။

## ၁၆၂-ပိဋကတ်ပေလုပ်မျဉ်းကိုင်

ဝမ်းပဲအင်းစံရတနာပူရ အင်္ဂါမင်းလက်ထက်ကစ၍ ရှေစာ မင်စာ ပေစာ ၃-ရပ်ရေးရန် မင်စာ ဟူသော ပိဋကတ်ရေး ပေနှုကို နူးနပ်အောင် လုပ်ကိုင်ဆောင်ရွက်ရသည်၊ ပြီးလျှင် ရွှေမျဉ်း ကြံဆစ် ချည်နီအလိုရှိရာ မျဉ်းကိုင်ရသည်။ ၎င်းလူ ၁၁-တို့မှာ တလလျှင် လစာငွေ ၁၁၅-ကျပ် သနားတော်မြတ်ခံရသည်။ ပေနှုကို ပိတ်ချောကဲ့သို့ ပြေ့ပျောင်း နူးညံ့အောင် ပြုလုပ်နိုင်သည့် ပညာတမျိုးဖြစ်၍ ယခုအခါ အသုံးမပြုကြသောကြောင့် ၎င်းပညာကွယ်ခဲ့လေပြီ။

## ၁၆၃–ဆင်စွယ်ပွတ်

ရွှေတိုက်ဝန် ဝန်စုအမှုထမ်း–နားဒေါင်း, ကြုတ်,ခွက်၊ သည့်ထက်ကြီးသော အသုံးအဆောင် ပစ္စည်းဝတ္ထုများကို ဆင်စွယ်အပ်၍ ပွတ်ခံလုပ်ဆောင်ထမ်းရွက်ရသည်။ ၎င်းအမှုထမ်း လူ ၆-တို့မှာ တလလျှင် လစာငွေ ၂၀ဝိ-သနားတော်မြတ်ခံရသည်။

## ၁၆၄–ဒူးရင်းဥယျာဉ်တော်စောင့်

ရှေးက မရှိ၊ ပဉ္စမ သင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက် ရတနာမဥ္ဇူဘုရားအနီး၌တရပ်၊ သုံးဆယ်မြို့တွင်တရပ်၊ ဒူးရင်းပင် စိုက်ပျိုးပြုစုတော်မူ၍ ဥယျာဉ်စောင့်, ခြံစောင့် အမှုထမ်း ၃၀-ထားပြီးလျှင် တလလျှင် လစာငွေ ၁၇၂ ၅။း-သနားတော်မြတ်ခံရသည်။

## ၁၆၅–နွားနို့တော်ဆက်

စုသေးအမှုထမ်းတို့အနက် နွားနို့ပွဲတော်တည်ရန် အမြဲညှစ်ယူဆက်သွင်းရသည့် နွားနို့တော်ဆက် အမှုထမ်းလူ ၂-တို့မှာ လယ် ၂-ပယ်စား သနားတော်မြတ်ခံရသည်။

## ၁၆၆–ရှေ့တော်ပြေးအမှုထမ်း

ရှေ့တော်ပြေးမှူး ဆင့်ဆိုရာ နာခံ၍ ရှေ့တော်ပြေး စည်တော်ရွမ်းရသော အမှုထမ်းလူ ၆၄-တို့မှာ လယ် ၆၄-ပယ်စား သနားတော်မြတ်ခံရသည်။

## ၁၆၇–စမြောင်

ခရီး အနီးအဝေး ထွက်စံတော်မူသည့်အခါ တပ်ဦးတော်က သိုင်းကိုင်၊ လောက်လေးကိုင်နှင့် ဝဲယာလိုက်ရသည်၊ လှေတော်မှာ၎င်း ပွဲတော်မှာ၎င်း ကဝါတော်မှာ၎င်း အသန့်ဟင်းသီးဟင်းရွက်တော်မှာ၎င်း စားတော်ကွမ်းခြင်းမှာ၎င်း အတွင်းဆိုင်းတော်မှာ၎င်း သိုင်းရွှေချစိုက်၍ဆောင်ယူရသည်၊ လွှတ်တော်မှာ လွှတ်တက်သည့်အခါတွင် အသည်အသံမရှိစေရ ကြိမ်စွဲ၍ တားမြစ်ရသည်၊ နား

ခံတော် အမိန့်တော်ဖတ်ပြန်မည့် အခါတွင်လည်း "တိတ်စေ" ဟူ၍ ဆင့်ဆို ရသည်၊ အမှုထမ်း ၂၃-တို့မှာ စားပုံလယ် ၂၃-ပယ် သနားတော်မြတ်ခံရသည်။

## ၁၆၈—ကောင်ဟန်တန်း

ရာဇဝတ်မှုကြီးနှင့် အကျဉ်းအချုပ်ထားသင့်သူတို့ကို သူရဲတန်း လက်ရတန်း ကောင်ဟန်တန်း ၃-ရပ်တွင် ချုပ်ထားသင့်ရာ ချုပ်ထားသည်။ လူကိုအဆုံးစီရင် မည်ထုတ်သွားရာ ၃-တန်းပေးသည်လည်း ၎င်း တန်း ၃-ရပ်က လူတယောက်စီ ပေးသည်ကို ဆိုခြင်းဖြစ်သည်။

## ၁၆၉-ဆင်မင်းပျော်ဘွယ်

ဆဒ္ဒန်ဆင်မင်းမှစ၍ ဆင်ဖြူတော်ပေါက်မ ထားရာ ဆင်မင်းနန်းတွင် အစာ ဟောင်း ရေဟောင်း မြက် အမှိုက် သုတ်သင်ရန်, ဆင်မင်းကို ရေချိုးရန်မှစ၍ ကံကျွေးခံ အမှုထမ်းရသည်။ ၎င်းအမှုထမ်း လူ ၅၀-တို့မှာ တလလျှင် လစာ ငွေတော် ၅၀ဝိ-သနားတော်မြတ် ခံရသည်။

## ၁၇၀-ဝင်စည်တော်

ဝင်စည်မှူး ဆင့်ဆိုရာ နာခံ၍ ရွှေနန်းတော်မှ ထွက်စံတော်မူသည့်အခါ ထွက်စည်တော် တီးရှမ်းသည့်အတိုင်း ဝင်တော်မူသည့်အခါ ဝင်စည်တော် တီးရှမ်း ထမ်းရွက်ရသည်။ စည်တော်အမှုထမ်းလူ ၃၄-တို့မှာ လယ် ၃၄-ပယ် အစား သနားတော်မြတ်ခံရသည်။

## ၁၇၁-မြန်မာဇာတ်ကြီး

သက္ကရာဇ် ၁၁၂၉-ခုနှစ်၊ ကုန်းဘောင်ဆင်ဖြူရှင်ဘုရား လက်ထက်မှ ယိုးဒယားကို မင်းနှင့်တကွ ရတော်မူ၍ ယိုးဒယားဇာတ်ကြီး အမှုထမ်း ရှိသည်။ အထက်ကာလ မြန်မာဇာတ်ကြီး အမှုထမ်းတို့ ဆိုင်ရာ အတီးအမှုတ်များနှင့် အရုပ်ကြီးခေါင်းဆောင်၍ ကပြရလေသည်။ ထို့ကြောင့် ရှေးကာလ ရုပ်ကြီး ရုပ်သေး ၂-မျိုး ထွက်လေသည်။ ရုပ်စုံစင်ကို ရုပ်သေးတွင်သည်။ မြန်မာ

ဇာတ်ကြီး အမှုထမ်းလူ ၄၁-တို့မှာ လယ် ၄၁-ပယ်အစား သနားတော်မြတ်ခံရသည်။

## ၁၇၂-ဂျွမ်းခရာပုံတောင်

၁၁၂၉-ခုနှစ်၊ ယိုးဒယားနိုင်ငံက သိမ်းရအမှုထမ်းတို့တွင် ဂျွမ်း ခရာ ပုံတောင် ခားကွင်းလျှို ကြိမ်တန်းလျှောက် လုံပုံအိပ် သိုင်းရိုက် ပုံတောင်တီး ပဉ္စရူပတိုးကျွဲအက ယိုးဒယားဆိုင်း နှဲ ဟူ၍ သဘောတူရာ ဖွဲ့စည်းပြီးလျှင် ပညာသည် အုပ် ပညာသည်စာရေးတို့ ဆင့်ဆိုရာ နာခံတီးမှုတ်ကခုန် ထမ်းရွက်ရသည်။ ဂျွမ်း ခရာ ပုံတောင် အမှုထမ်းလူ ၈၄-တို့မှာ လယ် ၈၄-ပယ်အစား သနားတော်မြတ်ခံရသည်။

## ၁၇၃-အတွင်းဆိုင်း

မှန်ဖြူ မှန်နီ မှန်စိမ်း စီချယ်သည့် ဆိုင်းတော် ၃-ရပ်ကို စိန်ဆိုင်း မြဆိုင်း ပတ္တမြားဆိုင်း သမုတ်၍ သိုင်းစိုက်သင့်သည့်ဆိုင်းကို သိုင်းစိုက်ထူ တီးမှုတ် ထမ်းရွက်ရသည့် ဆိုင်းတော်ဖြစ်၍ အတွင်းဆိုင်း သမုတ်သည်။ အတွင်းဆိုင်းတော် အမှုထမ်းလူ ၂၄၄-တို့မှာ လယ် ၂၄၄-ပယ်အစား သနားတော်မြတ်ခံရသည်။

## ၁၇၄-ယိုးဒယားဇာတ်ကြီး

သက္ကရာဇ် ၁၁၂၉-ခုနှစ်၊ ကုန်းဘောင် ဆင်ဖြူရှင် မင်းတရားကြီး ဘုရားလက်ထက်တော် ယိုးဒယားမင်းနှင့်တကွ နိုင်ငံအလုံးကို ရတော်မူသည်ဖြစ်၍ ယိုးဒယား လူမျိုး သိမ်းစုပါ အိမ်ထောင်စု တသိန်း ခြောက်ထောင့် တရာ ၁၀၆၁၀၀-ကို ရတနာပူရ အဝမြို့ရောက် ခေါ်ယူခဲ့ပြီးလျှင် သင့်ရာ အမှုတော်ကို ထမ်းရွက်ကြစေရန် စီမံ၍ နေရာကွက်ရပ် ချထားတော်မူသဖြင့် ယိုးဒယား ဇာတ်တော်ကြီး အမှုထမ်းတို့မှာ ရွှေဘဝါးတော်အောက်တွင် နေထိုင်၍ ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီး ဘုရားလက်ထက် ယိုးဒယားဇာတ်တော်ကြီး အမှုထမ်းလူ ၉၁-တို့မှာ လယ် ၉၁-ပယ်အစား သနားတော်မြတ်ခံရသည်။

## ၁၇၅-နာရီတော်စောင့်ပုဏ္ဏား

အတွင်းတော် ပြဲတိုက်မြောက် နာရီထား တန်ဆောင်းတွင် ရေပြည့်သော ဖလားကြီးကို ငြိမ်စွာတည်ထား၊ ဖလားငယ်မှာ အပ်ဖျားခန့်ဖောက်၍ ရေတွင်ချထား၊ ရေဝင်သဖြင့် တကြိမ်ဖလားငယ် နစ်မြုပ်လျှင် တမောင်းတီးရသည်၊ နာရီတော်ကို နေ့ညစောင့်နေစေ၍ နာရီပြည့်လျှင် ပဟိုရ်သို့ထွက်၍ပြောရသည်။ နာရီတော်စောင့် ပုဏ္ဏား ၅-တို့မှာ တလလျှင် စပါးတော် ၆၅-တင်းကျ သနားတော်မြတ်ခံရသည်။

## ၁၇၆–ရွှေခေါး ကန်သာယာ ဟန်လင်းစည်တော်ရပ်

ရွှေခေါးရွာနေ အမှုထမ်း၊ ဟန်လင်းကြီးမြို့နေ, ကန်သာယာရွာနေ အမှုထမ်း ခွဲဝေ၍ ဒိန္နိမ၊ ဝိဇယ၊ အာလမ္ဗရ၊ ပြည်လုံးနိုး၊ သဲတောင်ဟူသော မင်္ဂလာစည်တော်ကြီးများကို ရွှေနန်းတော်အတွင်း အခမ်းအနားများမှာ ဖြစ်စေ၊ အဝေးအလံ ထွက်တော်မူရာ လိုက်ပါတီးရွမ်း၍ဖြစ်စေ ထမ်းရွက်ရသူ စည်တော်အမှုထမ်း ၃-ရပ် အမည်တည်း။

ဟန်လင်းကြီးမြို့နေ စည်တော်အမှုထမ်း သွေးသောက်ကြီး မောင်ဝိုင်း စည်တော်အမှုထမ်း မောင်ပါတူ မောင်မြတ် မောင်မယ် မောင်ကျီးဖြူ မောင်အုန်းပွင့်၊

ကန်သာယာရွာနေ စည်တော်အမှုထမ်း သွေးသောက်ကြီး မောင်ရွှေပေး စည်တော်အမှုထမ်း မောင်ကျေး မောင်ထေး မောင်မျိုး မောင်ပေ မောင်ကျန်၊

ရွှေခေါးရွာနေ စည်တော်အမှုထမ်း သွေးသောက်ကြီး မောင်ရွှေဆွဲ စည်တော်အမှုထမ်း မောင်ကျော်စံ မောင်နိုး မောင်ဆွဲ မောင်သာမှို မောင်ဘိုးမြတို့ ဖြစ်သည်။ မင်္ဂလာစည်တော်ကြီး ၂-ကို တီးလူ ၂၊ လင်းကွင်း ၁၊ ပုံသာ ၁ ဖြင့် တီးရွမ်းရသည်၊ နှဲပြွေ တစုံတရာမပါရ။ သွေးသောက်ကြီး ၁၊ စည်တော်အစောင့် ၁၊ ပေါင်း အမှုထမ်း လူ ၆-တို့မှာ တလလျှင် လစာငွေ ၇၀-ကျ၊ စည်တော် ၃-ရပ်ဖြစ်၍ ငွေတော် ၂၁၀-သနားတော်မြတ် ခံရသည်။

## ၁၇၇–မင်္ဂလာရွှေမောင်း

မင်္ဂလာရွှေမောင်းမှာ တံခါးနီတော်အတွင်း လက်ယာဘက်တွင် မင်္ဂလာမင်းကြား စည်တော်နှင့် အတူထား၍ ကုန်းကြောင်း ရေကြောင်း ထွက်စံတော်မူသည့်အခါ ရွှေတော်က တီးရှမ်းလိုက်ပါရသည်။ မင်္ဂလာရွှေမောင်းအမှုထမ်းလူ ၇-တို့မှာ တလလျှင် လစာငွေတော် ဖိဝိ-သနားတော်မြတ် ခံရသည်။

## ၁၇၈–လွှတ်စေ ၄-ရပ် ၄-တန်း

ရတနာသိင်္ဃမြို့ ခင်ဦးရွာ၊ တည်တောရွာ၊ စည်ပုတ္တရာရွာများက ထမ်းရွက်ရသည့် လွှတ်စေအမှုထမ်း ၃-ရပ်၊ တောင်ကွင်းမြို့နယ် မြို့သစ်မြို့က ထမ်းရွက်ရသည့် လွှတ်စေအမှုထမ်းပါ လွှတ်စေ ၄-တန်းခေါ်သည်။ တရားမမှုနှင့် စပ်၍ ချုပ်နှောင်ရန် ရှိလျှင်လည်း ၎င်းတန်းတွင် ချုပ်ထားသည်၊ လွှတ်တော်က စေခိုင်းသမျှ အမှုသည်, အခင်းသည်တို့ကို လွှတ်စေ ၄-တန်း လွှတ်လုလင်တို့နှင့် ပျော်ထမ်းလွှတ်လုလင်တို့ သွားရောက်ခေါ်ငင်ရသည်။

ခင်ဦးလွှတ်စေ အမှုထမ်းလူ ၂၉-တို့မှာ စပါးတော် ၃၀၀-တင်း၊ တည်တော၊ လွှတ်စေအမှုထမ်း ၂၁-တို့မှာ စပါးတော် ၂၂၀-တင်း၊ စည်ပုတ္တရာလွှတ်စေ အမှုထမ်းလူ ၁၆-တို့မှာ စပါးတော် ၁၇၀-တင်း၊ မြို့သစ်မြို့ လွှတ်စေ အမှုထမ်း ၁၀-တို့မှာ စပါးတော် ၁၁၀-တင်းကျ လစဉ် သနားတော်မြတ် ခံရသည်။

## ၁၇၉–လွှတ်စောင့်

စုသေးအမှုထမ်း၊ လွှတ်တော် ဇေတဝန်ဆောင်တော် ၂-ရပ်ကို အလှည့်နှင့်နေ့ည စောင့်နေရသည်၊ လွှတ်စောင့်အမှုထမ်းလူ ၁၆-တို့မှာ တလလျှင် စပါးတော် ၁၂၀-တင်း သနားတော်မြတ် ခံရသည်။

## ၁၈၀–ဆီမီးထွန်း

ဆီမီးထွန်း အမှုထမ်းလူ ၉-တို့မှာ မီးပေါင်း မီးအိမ်နှင့်တကွ မီးထွန်းလင်းရန်ကိစ္စကို ဆီမီးထွန်းမှူး ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်၊ တလလျှင် စပါးတော် ၁၀၀-တင်း သနားတော်မြတ် ခံရသည်။

## ၁၈၁– လက်ဆောင်ယူ

လက်ဆောင်ယူ အမှုထမ်းလူ ၁၀-တို့မှာ လက်ဆောင်တော် သိမ်းရန်ရှိသည့် မင်းမှုတော်ရပ်များကို လက်ဆောင်စာရေး ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်၊ တလလျှင် စပါးတော် ၇၈-တင်း သနားတော်မြတ်ခံရသည်။

## ၁၈၂-နေရာချ အမှုထမ်း

နေရာချ အမှုထမ်းတို့ ထမ်းရွက်ရန် ဝတ်တရားကို အစဉ်နံပါတ် ၇၃-တွင် ပြဆိုခဲ့ပြီး ဖြစ်သည်၊ ၎င်း အမှုထမ်း ၉-တို့မှာ တလလျှင် စပါးတော် ၇၅-တင်း သနားတော်မြတ် ခံရသည်။ တနှစ်လျှင် နှစ်သစ်ကူး ကန်တော့ခံတော်မူရာ ၁-ရက်၊ ဝါဝင် ကန်တော့ခံတော်မူရာ ၁-ရက်၊ ဝါကျွတ် ကန်တော့ခံတော်မူရာ ၃-ရက်၊ ပေါင်း ၅-ရက်သာလျှင် မြေနန်းတော်၌ နေရာတော်ချသည့် အမှုတော်ကို ထမ်းရွက်ရသည်၊ ကျန်လရက်တို့မှာ မိမိတို့သဘောအလျောက် ကူးသန်း ရောင်းဝယ်ခြင်း အလုပ်ကို လုပ်ကိုင်နေထိုင်ကြရသည်။

## ၁၈၃-လှေကားတော်

ရတနာ လှေကားတော်မှူး ဆင့်ဆိုရာ နာခံ၍ ခေါင်းစဉ်နံပါတ် ၁၄၈-တွင် ပြဆိုခဲ့သည့်အတိုင်း လိုက်နာထမ်းရွက်ရသော လှေကားတော် အမှုထမ်း ၁၅-တို့မှာ တလလျှင် စပါးတော် ၁၂၅-တင်း သနားတော်မြတ် ခံရသည်။

## ၁၈၄-ငှက်တော်

ရွှေနန်းတော်ကြီး အရှေ့ပိုင်း အနောက်ပိုင်း အဆောင်တော်များ၏ ခေါင်ဘုံပေါ် တွင် နေ့ ည ငှက်ဆိုး ငှက်ယုတ်တို့ ပျံကူးနားနေ မရှိစေရန် ရှေးအခါ နေ့ ည စောင့်နေရသည်၊ အနောက်ဝန် ဝန်စုပါ အမှုထမ်းတည်း။ မန္တလေး ရတနာပုံ ရွှေမြို့တော် တည်ပြီးနောက် ငှက်တော်စောင့်ပေါင်းသို့ တက်၍ မစောင့်ရ၊ ငှက်တော်အမှုထမ်း ၄-တို့မှာ တလလျှင် စပါးတော် ၄၃-တင်း သနားတော်မြတ် ခံရသည်။

## ၁၈၅-သူငယ်တော်

အနောက်ဝန် ဝန်စုအမှုထမ်း–အနောက်အတွင်းတော် မင်းမိဖုရားအဆောင်တော်များတွင် မသင့်မလျော် ရှင်းလင်းသုတ်သင်ရန် ရှိသည့်အခါ အနောက်ဝန် စာရေးတို့ ကြပ်မတ်၍ ရှင်းလင်းသုတ်သင်ရသည်၊ သူငယ်တော် အမှုထမ်း ၉-တို့မှာ တလလျှင် စပါးတော် ၁၀-တင်း သနားတော်မြတ် ခံရသည်။

ယင်းသည့် သူငယ်တော် အမှုထမ်းကား အမရပူရ ပဋ္ဌမမြို့တည် နန်းတည်ဘိုးတော်မင်းတရားကြီး ဘုရားလက်ထက်တော် သက္ကရာဇ် ၁၁၅၀-ခု၊ နတ်တော်လတွင် ရခိုင်မြို့၊ သံတွဲမြို့၊ ရမ်းဗြဲမြို့၊ မာန်အောင်မြို့များက အိမ်ထောင်စုံ လူတရာ့တဆယ်-၁၁၀၊ အမရပူရမြို့တော်သို့ တက်နေစေ၍ စားပုံမြေတာ ပေး သနားတော်မူပြီးလျှင် ၎င်း ရခိုင်လူမျိုးတို့ကို သူငယ်တော်အမှုထမ်း ဖွဲ့စည်းတော်မူသည်၊ ထိုအခါမှ အစပြုပြီးလျှင် ၎င်း အမှုထမ်းပေါ်လာခြင်း ဖြစ်သည်။

## ၁၈၆-နောက်ရုံးစေ

အနောက်ဝန်၊ အနောက်ဝန်စာရေးတို့ ဆင့်ဆိုရာ နာခံ၍ ခေါ်ငင်သင့်သူ အမှုသည်များကို အချိန်မရွေး သွားရောက်ခေါ်ငင်ရသည်၊ အနောက်ဝန် ဝန်စုပါ အမှုထမ်း ဖြစ်သည်။ အနောက်ရုံးစေ လူ ၁၅-တို့မှာ တလလျှင် စပါးတော် ၁၅၅-တင်း သနားတော်မြတ် ခံရသည်။

## ၁၈၇-အနောက်ထောင်

ရွှေနန်းတော်သစ်တပ် အနောက်မျက်နှာ တံခါးနီတော်အထွက် လက်ဝဲဘက် ရှိ အနောက်ရုံးတော်၏ အနောက်တောင်ဘက်တွင် တည်ရှိသည့် အနောက် ထောင်သည် အပြစ်အလျောက် မင်းဆင်းရဲသား မိန်းမတို့ကို အကျဉ်းထားရာ မိန်းမထောင်တည်း။ ယင်းသည့် ထောင်အမှုထမ်း လူ ၇-တို့မှာ တလလျှင် စပါးတော် ၅၀-တင်း သနားတော်မြတ် ခံရသည်။

## ၁၈၈-ရွှေချည်ထိုး

ရွှေတိုက်ဝန်၊ ဝန်စုအမှုထမ်း–ရွှေတိုက်ဝန်၊ ရွှေတိုက်အရာရှိတို့ ဆင့်ဆိုရာ နာခံ၍ ရွှေတိုက်တော်မှာ အဆင် တန်းဆာတော်များကို ရွှေချည်ထိုးလုပ်

ထမ်းရွက်ရသည်၊ ရွှေချည်ထိုး အမှုထမ်း လူ ၂၀-တို့မှာ တလလျှင် စပါးတော် ၃၃၀-တင်း သနားတော်မြတ် ခံရသည်။

## ၁၇၉–ဂုန္တာန်ထိုး

ရွှေတိုက်ဝန်-ဝန်စု–ရွှေတိုက် ပန်းထိမ်တော် အမှုထမ်းတို့ လုပ်ဆောင်ရသည့် ရွှေထည်မျိုးစုံ၊ စိန်မြ ပတ္တမြားစီချယ်ရာ ဂုန္တာန်အိမ်များတွင် ရွှေတော်ထုတ်ပေး၍ ဂုန္တာန်ထိုးနှိပ်လုပ်ဆောင်ရသည်၊ ဂုန္တာန်အမှုထမ်း ၁၈-တို့မှာ တလလျှင် စပါးတော် ၂၁၅-တင်း သနားတော်မြတ်ခံရသည်။ ခေါင်း မောင်ရွှေသား။

## ၁၉၀–ကြယ်ခတ်

အဆင်တန်းဆာတော်များတွင် စီချယ်ထိုးလုပ်ရန် ရွှေကြယ်ကုံး၊ ရွှေကြယ်၊ ငွေကြယ်ပြန့်များကို လုံလောက်အောင် အမြဲ ခတ်လုပ်ထမ်းရွက်ရသည်။ ကြယ်ခတ်အမှုထမ်း ၂၀-တို့မှာ တလလျှင် စပါးတော် ၂၂၀-တင်း သနားတော်မြတ်ခံရသည်။

## ၁၉၁–ယပ်မား

ထီးဖြူတော်များ၏ အကြားတွင် ချပ်လျက် စိုက်ထူရန်, ဆောင်ယူရန် ရွှေသားကျောက်စီ ယပ်မားတော် ၄-စင်း လုပ်ဆောင်ခင်းကျင်းရသည်။ယပ်မားတော်အမှုထမ်း ၁၅-တို့မှာ တလလျှင် စပါးတော် ၁၃၅-တင်း သနားတော်မြတ်ခံရသည်။

## ၁၉၂–ထီးဖြူတော်စောင့်

အခမ်းအနားမရှိသည့်အခါမှာ ယာဉ်, ထီးဖြူတော်များ ဟောင်းနွမ်းခြင်းမရှိစေရန် အပေါ်အုပ်တို့ဖြင့် အုပ်ဖုံးပြီးမှ အလှည့်ကျ စောင့်ရသည့် ထီးဖြူတော်စောင့်အမှုထမ်း ၄-တို့မှာ တလလျှင် စပါးတော် ၆၀-တင်း သနားတော်မြတ်ခံရသည်။

## ၁၉၃ – ရွှေတိုက်

အထက် ရွှေတိုက်, အောက်ရွှေတိုက် ၂-ရပ်တွင် အထက်ရွှေတိုက်ဆောင်တော်မှာ မှန်နန်းတော်ကြီး၏ အရှေ့တောင်ထောင့်တွင် ကပ်လျက်ရှိသည်။ အောက်ရွှေတိုက်မှာ တောင်စမုတ်တော် အရှေ့ဘက် ဒဝယ်တံခါးမြို့ရိုးအတွင်း ၁၁၄၅-ခု၊ ၁၁၆၄-ခု၊ ၁၀၀၀-ဘွဲ့၊ ၁၇၀၀-ဘွဲ့မှစ၍ အစုအမှုထမ်းမျိုးစုံ၊ သူကြီး ကလံမျိုးစုံတို့ စစ်တမ်းစာရင်းမျိုးစုံကို သိမ်းထား၍ စာရင်းတိုက်စိုး စောင့်ထိမ်းရသည့်ဌာနဖြစ်သည်။ ရွှေတိုက်စောင့် ၂-ကို တလလျှင် စပါးတော် ၄၀-တင်း၊ စာရင်းတိုက်စောင့် ၂-ကို ၂၅-တင်းကျစီ သနားတော်မူသည်။

## ၁၉၄ – အချုပ်တိုက်

အရင်းတိုက်နှင့်ကပ်လျက်ရှိသည့် ရွှေချည်ထိုးပြီး အဆင်တန်းဆာတော်များကို တွယ်ကပ်ချုပ်လုပ်ခွင့်၊ ဆောင်း, နွေ, မိုးရာသီနှင့် လျော်သော မင်းမိဖုရားတို့ ပိတ်ဝတ်လဲတော်အင်္ကျီများကို အမြဲချုပ်လုပ်ရန် မြန်မာ ရှမ်း ကုလား အချုပ် ၃-မျိုးတို့ အချုပ်ဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်။ ယင်းသည့် မြန်မာ ရှမ်း ကုလား အချုပ် ၃-မျိုး အမှုထမ်းလူ ၃၇-တို့မှာ တလလျှင် လစာ ငွေတော် ၁၁၄၀-သနားတော်မြတ် ခံရသည်။ တိုက်စိုး ဦးကြီး၊ ဦးနီ။ တိုက်စာရေး ဦးကံသာ၊ ဦးဘိုးမောင်။ သေ့ကိုင် ဦးကံအေး။

## ၁၉၅ – မင်းခမ်းတိုက်

အရှင်ကောရာဇ်မင်းမြတ်၏ ဘေးတော်, ဘိုးတော်, ခမည်းတော်တို့၏ ရွှေစတိဖြင့် သွန်းလုပ်သည့် မင်းရုပ်တုတော် မျိုးစုံ၊ ရွှေစတိဖြင့် သွန်းလုပ်၍ ပတ္တမြားအပြည့် စီချယ်သော လက်ဝဲမင်းခမ်းတော် ၁၅၊ လက်ယာမင်းခမ်းတော် ၁၃-များကို သွင်းထား၍ မင်းခမ်းတိုက်စိုး, တိုက်စာရေးတို့ ဆင့်ဆို ထုတ်သွင်းခင်းကျင်းမြဲဖြစ်သည့် မင်းခမ်းတော်များနှင့် နန်းစဉ်စာပေ ပိဋကတ်တော်များကိုလည်း သွင်းထားသည့် သေတ္တာကြီးများကို ဇေတဝန်ဆောင်တော် တခြမ်းကထားသည်။ ၎င်းသေတ္တာကြီးများကို အလှည့်ကျစောင့်ရသည့် မင်းခမ်းတိုက်စောင့် ၂-တို့မှာ တလလျှင် စပါးတော် ၂၀-တင်း သနားတော်မြတ် ခံရသည်။ တိုက်စိုး မောင်ကလေး။

## ၁၉၆–ဆင်ကာ

တစုံတခု အခမ်းအနားအလျောက် စံနန်းတော်,တဲကန္နားပြင်မှုစ၍ ဆောက်လုပ်ရန် ထွက်ပေါ်ကာလ ဝါး၏ ကိရိယာများကို လုပ်ဆောင်သူတို့ နားလည်အောင် ဆရာပြုလုပ်စံနစ်ပေး၍ ထမ်းရွက်ရသည်။ ဆင်ကာခေါင်း မောင်ဝိုက်နှင့် တကွ အမှုထမ်း ၁၄-တို့မှာ တလလျှင် လစာငွေတော် ၃၄၀-သနားတော်မြတ်ခံရသည်။

## ၁၉၇–မီးသွေးတိုက်

ဆောင်းလအခါ လှုံတော်မူသော လက်တော်ကင် မီးသွေးမှုစ၍ အခမ်းအနားအလျောက် မီးသွေး အလိုရှိသည့်အခါ မီးသွေးဖုတ် အမှုထမ်းတို့ကို တိုက်စိုး, တိုက်စာရေးတို့က စာပေးအပ် ဆင့်ဆိုသွင်းပေးရသည်။

## ၁၉၈–ဖြတ်လွှ

ရွှေတိုက်ဝန်-ဝန်စုပါ ဖြတ်လွှ အမှုထမ်းဖြစ်သည်။ ရွှေတိုက်လက်သမားတို့ လုပ်ငန်းရှိလျှင် သစ်ကို ခွဲစိတ်ဖြတ်ပိုင်းရန်ရှိသမျှကို လွှဖြင့်အသုံးပြု၍ ပါဝင်ကူညီရသည်။ ၎င်းအမှုထမ်း ၁၉-တို့မှာ တလလျှင် စပါးတော် ၃၃ဝ-တင်း သနားတော်မြတ်ခံရသည်။

## ၁၉၉–ရုပ်စုံ မဟာစင်တော်ကြီး

သားတော်, သမီးတော်များကို ရှင်တော်ပြု၊ နားတော်ထွင်း၊ ဆံထုံးထုံး၊ တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာ ဆောင်တော်မူသည့် အခမ်း အနားတွင်ဖြစ်စေ၊ ကြီးကျယ်စွာ အလှူတော် အခမ်းအနားတွင်ဖြစ်စေ၊ တောင်စမုတ် ဇာတ်ရုံတော်ကြီးတွင်ဖြစ်စေ ကပြ ထမ်းရွက်ရသည်။ နိုင်ငံတော်အတွင်း ကျော်စော၍ ကောင်းဆိုသမျှ မင်းသားဆွဲ, မင်းသမီးဆွဲ, လူကြမ်း, လူပြက်ဆွဲ တို့ကို ကောက်ယူဖွဲ့စုထားသည့် ရုပ်စုံမဟာစင်တော်ကြီး အမှုထမ်း လူ ၄ဝ-တို့ရှိရာ ၎င်းတို့မှာ တလလျှင် လစာငွေတော် ၇၇ဝ-သနားတော်မြတ် ခံရသည်။

တောင်စမုတ်ဇာတ်ရုံတော်သို့ ကေရာဇ်မင်းမြတ် ထွက်စံ ရှုစားတော်မူသည့် အခါတွင်လည်း ငွေတော် တထောင်အိတ်, နှစ်ထောင်အိတ် ဆုတော်အဖြစ် သနားတော်မြတ် ခံရဘူးသည်။

တရံသောအခါ တောင်စမုတ် ဇာတ်ရုံတော်တွင် သံချိုကိုင် မောင်ညာဏ်ကျယ်၊ မောင်ကျော်လှတို့ တဦးနှင့် တဦး၊ အစောင်း အချိတ် စာဖွဲ့၍ သံချိုဆိုကြရသည်။ ထိုအခါ ကင်းဝန်မင်းကြီးက မောင်ကျော်လှကို အနိုင်ပေးလိုသည်။ လက်သုံးတော်ကြီး ကိုင် မြောက်ဒဝယ်ဗိုလ် ရနေ‌ာင်မြို့စား မောင်တုတ်က မောင်ညာဏ်ကျယ် နိုင်သင့်သည် အယူရှိပြီးလျှင် ဆုတော်ငွေ တထောင်ကို ရှေ့တော်တွင် ညာဏ်ကျယ်သို့ ပေးလေ၏။ ရုပ်စုံမဟာစင်တော်ကြီးကို မြို့နေရွာသားတို့က ငှါးရမ်းသည့်အခါလည်း ကြေးကြီး ကြေးကောင်း ရသည်။

## ၂၀၀–ယမ်းပြန် ယမ်းထောင်း

နှစ်စဉ် ဆောင်းဥတု ရောက်ကာလ သေနတ်စုံ အမှုထမ်းလူ နှစ်သောင်းကျော် အမြောက်အမှုထမ်း လူ ၇၉၅-တို့ကို သေနတ်ပစ်, အမြောက်ပစ် လေ့လာ ကျွမ်းကျင် စေခြင်းငှါ မန္တလေးတောင် အရှေ့ဘက် စက်ကတုတ်သို့ အလှည့်ကျသွားရောက်၍ စက်ပစ်ကြရသည့်ယမ်း၊ အဝေးအလံသို့ ချီထွက်ရသည့် တပ်တော်များနှင့်တကွ အသုံးပြုရာကုန်ကျသည့် ယမ်းများကို လက်နက်တိုက်တော်သို့ အစားဖြည့်သွင်းနိုင်ရန် လက်နက်တိုက်ဝန်ဆင့်ရာနာခံ၍ ယမ်းပြန်အစု အမှုထမ်းလူ ၄၀-တို့က မန္တလေးတောင် အရှေ့ဘက် ယခု ဘုံးတပ်ဟု ခေါ်သည့်နေရာတွင် လေးမျက်နှာ ဝင်းခတ်၍ အလယ်၌ရှိသော ရုံတော်ကြီးအတွင်း ယမ်းထောင်းဖော်လုပ်ကြရသည်။ ၎င်းအမှုထမ်း လူ ၄၀-တို့မှာ တလလျှင် စပါးတော် ၅၆၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၀၁–မောင်းခတ်

ပန်းတည်းဝန် ဝန်စု့ ကြေးသွန်းမောင်းခတ် အမှုထမ်းဖြစ်သည်။အဝေးအလံ စစ်ချီစစ်တက် ရဲမက် အမှုထမ်းတို့ ကိုင်ဆောင်ရန် မောင်းကြီးငယ် အမျိုးမျိုးများကို သွန်းလုပ် ထမ်းရွက်ရသည်။ ၎င်းမောင်းခတ် အမှုထမ်းလူ ၃၃-တို့မှာ တလလျှင် စပါးတော် ၆၁၀-တင်း သနားတော်မြတ် ခံရသည်။

## ၂၀၂-သစ်ပွတ်

ရွှေတိုက်ဝန်-ဝန်စု၊ စုသေးအမှုထမ်း—ကျွန်းသစ်သားကို အထည်ကြုတ်ခွက်၊ ဘွဲ့ပျဉ်စသည်ဖြင့် ပွတ်ခံရန် ရှိသည်များကို လုပ်ဆောင်ထမ်းရွက်ရသည်။ ၎င်း သစ်ပွတ်အမှုထမ်း ၃-တို့မှာ တလလျှင် စပါးတော် ၆၀-တင်း သနားတော်မြတ်ခံရသည်။ သစ်ပွတ်အမှုထမ်းခေါင်း မောင်ရောက်။

## ၂၀၃-ကိုးသားပေါက်

ကိုးသားပေါက်အမှုထမ်းသည် အနောက်ဝန်-ဝန်စု၊ စုသေး စုကြမ်းအမှုထမ်းတို့တွင် အပါအဝင်ဖြစ်ရာ အချို့က သ-ဗျည်းနှင့် "သပေါက်"ဟု ရေးလေသည်။ အချို့က သ-ဗျည်းတွင် အာကပ်၍ ဝိသဇ္ဇနီနှင့် "သားပေါက်"ဟု ရေးလေသည်။

ယင်းသည့် အမှုထမ်းအကြောင်းကို သိလိုသဖြင့် ၁၂၇၅-ခု တပေါင်းလ အတွင်း ဝန်ထောက်တော် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင် မဟာစည်သူ ထံသို့ ကျွန်ုပ်က မေးမြန်းရာ ပညာရှိဝန်ထောက်တော်မင်းက ပြန်ကြားဖြေဆိုသည်များမှာ—

၉-သားပေါက်ဟူသည်လည်း အမှုထမ်း တမျိုးတည်း၏ အမည်မဟုတ်၊ သားပေါက်အမှုထမ်း ၉-ရပ်ရှိ၍ ၉-သားပေါက် ခေါ်ဝေါ်ကြောင်း။

၉-ရပ်ဟူသည်မှာ—ပဲခူးသားပေါက် ပြည်ကြီးသားပေါက် သားပေါက်စစ် သားပေါက်မှန် ခွင်သားပေါက် သားပေါက်ခံ ရွှေးသားပေါက် သားပေါက်တော် သားပေါက်ကျော်ဟူ၍ ၉-ရပ်ရှိကြောင်း။

ထို ၉-ရပ်သော အမှုထမ်းတို့၏ ထမ်းရွက်ရပုံမှာ ထိုအမှုထမ်းတို့ကို ရွှေနန်းစဉ်ဆက် အနောက်ဝန်၊ အနောက်ဝန်စာရေးဟူသော အနောက်ရုံးအရာရှိတို့က ထိန်းအုပ်ဆင့်ဆို၍ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဘုရား ဝန်တော် အိမ်ဝင်းတော် အတွင်း အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး၏ အသေးအဖွဲ့ကိစ္စတော် မင်းမှုတော် ရပ်များကို နေ့ညစောင့်နေ၍ အမြဲထမ်းရွက်ကြရကြောင်း။

ထို ၉-သားပေါက်အမှုထမ်းတို့မည်သည့်ကာလကစ၍ ရှိသည်ကို အခြေအမြစ်ရှာဖွေရာ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် အမရပူရမြို့ မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရားခေါ် သော စည်းခံတော် ဒါယကာမင်းတရားကြီးလက်ထက်သက္ကရာဇ် ၁၁၉၃-ခုနှစ်တွင် သာသနာဝံသအဆက်အနွယ်သည် ရာဇဝင်များကဲ့သို့တစောင်တဖွဲ့တည်းမရှိ ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ကစ၍အစဉ်မပြတ် ဆက်လက်မိအောင် သာသနာတော်၏ အဆက်အနွယ်များကိုရှင်းလင်းသိသာအောင် ဆောမြို့စား အတွင်းဝန်မင်းကြီး သီရိမဟာနန္ဒသင်္ကြံကမင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြံကို မေးစေ – အမိန့်တော်မြတ်အရ မေးမြန်းချက်နှင့် မောင်းထောင် သာသနာပိုင်လှူထွက် မင်းတိုင်ပင်အမတ်ကြီး စီရင်ရေးသားသော သာသနာလင်္ကာရကျမ်းတွင် စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်ကြီးဒါယကာ သာလွန်မင်းတရားကြီးလက်ထက် ၁၀၀၉-ခုနှစ်၊ ရတနာပူရ အဝမြို့တွင် သားတော်အမြင့်မြို့စား ရှင်တရုပ်သည် နံနက် ၄-ချက်တီးကျော်အချိန် ရွှေနန်းတော်အတွင်း လူဆိုးလူသွမ်းတို့နှင့် ဝင်ရောက် သောင်းကျန်းသည်တွင် ခမည်းတော် သာလွန်မင်းတရားကြီး အနောက်တံခါးကအဆောတလျင် ထွက်သွားတော်မူရာ သားတော်တို့ကို ပါနိုင်သမျှ သင်းပင်းတို့နှင့် လေးထပ်ကျောင်းတော်သို့ လိုက်လာကြရမည်၊ သားပေါက်မူးကို စေတော်မူကြောင်းနှင့် ပါရှိသည်ကို ထောက်လျှင် ညောင်ရမ်း ၁၀-ဆက်တွင် ထိုအမှုထမ်းတို့ အစဖြစ်ကြောင်းနှင့် ယူမှန်းရန်ရှိကြောင်း။

ထို ၉-ရပ်သော သားပေါက်အမှုထမ်းတို့တွင် ပဲခူးသားပေါက်ဟူ၍ ပါရှိသည့်အရာကို ထောက်လျှင်လည်း သာလွန်မင်းတရား နောင်တော် အနောက်ဘက်လွန် မင်းတရား နှစ်ပါးတို့၏ ဘိုးတော် ပဲခူးမြို့တည် နန်းတည် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးလက်ထက် ဖွဲ့စည်းသည့် အစုဖြစ်၍ ပဲခူးသားပေါက်ခေါ်ဝေါ် သည်ဟူ၍လည်း မှတ်သားခွင့်ရှိကြောင်း။

ပဉ္စမ သင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက် ဒုတိယ မဟာရာဇဝင်တော်ကြီးကို အမိန့်တော်မြတ်နှင့် ကြီးကြပ်ရေးသားရသူ ဝန်ထောက်တော်မြောင်လှမြို့စားမင်း မင်းကြီး သီရိမဟာဇေယျသူနှင့် မဟာဇေယျသင်္ခယာဘွဲ့ခံ

အိမ်ရှေ့ အတွင်းဝန် ဦးသင်တို့ကို မေးမြန်းဘူးရာလည်း ထို ၉-သားပေါက် အမှုထမ်းတို့သည် ညောင်ရမ်း ၁၀-ဆက်တွင်မှ ပေါ်ပေါက်လာကြောင်း၊

ရှေး အထက်ကာလက စာပေ မတွေ့ဘူးကြောင်းများနှင့်လည်း ဖြေဆို မှတ်သားရဘူးသည်ဖြစ်၍ တွေ့ရှိမှတ်မိသမျှ အကြောင်းအရာများကို ပြန်ကြား လိုက်ကြောင်းနှင့် ဝက်မစွတ်ဝန်ထောက်မင်းက စာပြန်သည်။ —

## ၂၀၄-ကျီတော်

ကျီဝန် ကျီစာရေး ကျီစိုးတို့ ဆင့်ဆိုရာနာခံ၍ ရွှေမြို့တော်မြို့တွင်း မြောက် မျက်နှာ နောက်စွန်တံခါး အနောက်တွင် ကျီရုံးနှင့်တကွ မစိုးရိမ်, မကြောင့်ကြ, မတောင့်တ, ခန့်တိုင်းရ ဟူသော ကျီတော်ကြီးအများ စီစဉ်ဆောက်လုပ်၊ ကျီ စောင့် အမှုထမ်းတို့က သွင်းထားသည့် စပါးတော်များကို စောင့်ရှောက်ရသည်။ ၎င်းအမှုထမ်း လူ ၂၇-တို့မှာ တလလျှင် စပါး ၂၇၅-တင်း သနားတော်မြတ်ခံရ သည်။

## ၂၀၅-ဝင့်သီး

ရှေးရှေးသော မင်းတို့ လက်ထက် အနောက်နိုင်ငံယက် ပိတ်အုပ် ခေါင်း ပေါင်းအုပ် မျက်နှာသုတ် မွေးစုတ်ပုပါများသည် မြန်မာနိုင်ငံတော်သို့ မရောက် မပေါက်လာမီ ဗောင်းတော် ဝတ်လဲတော် အင်္ကျီ မျက်နှာသုတ်တော်များကို ယက်ကန်းတော် အမှုထမ်းတို့က ယက်လုပ် ဆက်သွင်းရသည်။ ဤ အခါ ဝါကို ဂွမ်းဖြစ်အောင် ဂွမ်းကို ချည်ဖြစ်အောင် တသီးတခြား ရစ်နှင့်ဝင့်၍ ရသော ချည်ဝင်များကို အထက်ပြဆိုခဲ့သည့် အထည်ဖြစ်အောင် ယက်လုပ်သည့် ယက်ကန်းတော် အမှုထမ်းတို့အား ပေးအပ်ရသည်။ ထို့ကြောင့် ဝင့်သီးအမှုထမ်း ခေါ်သည်။

## ၂၀၆-ဗိုင်းတာ

အနောက်ဝန် ဝန်စုပါ ၉-သားပေါက် သူငယ်တော် ငှက်တော် နွားဘဏ္ဍာ မင်္ဂလာမောင်း ဝင့်သီး ဗိုင်းတာ ဟူ၍ ကျားမ အမှုထမ်းရှိသည်။ ရွှေနန်းတော် ထက်တွင် ရှေးအခါ ဆီမီးထွန်းစဉ်ကာလ မီးစာ ဗိုင်းလိပ်များကို လိပ်၍ သွင်း ရသည့် ဗိုင်းလုပ်သူကို ဗိုင်းတာအမှုထမ်း ခေါ်သည်။

ရှေးမြန်မာမင်း လက်ထက်တော်က တဦးနှင့်တဦး ခိုက်ရန်ဒေါသဖြစ်၍ စိတ်ကို မချုပ်တည်းနိုင်သည့်အခါ ဗိုင်းတာမ သား၊ သားပေါက်မ သား ဟူ၍ ဆဲရေးတတ်သည်။ အဓိပ္ပါယ်မှာ ဗိုင်းတာအမှုထမ်းမ သား၊ သားပေါက် အမှုထမ်းမ သား ဟု ဆိုခြင်းဖြစ်သည်။

ဤသို့ စုသေး စုကြမ်း အမှုထမ်းမ-သား ဆိုခြင်းကြောင့် ခံရသူ၏စိတ်တွင် အလွန် နာကျည်းခြင်း ဖြစ်သည်။

## ၂၀၇—စာပုံနှိပ်

ရှေးကာလ စာပုံနှိပ်စက်မရှိ၊ ၁၂၃၅-ခုနှစ်ရောက်မှ မြန်မာအက္ခရာနှင့် စက်တင်ပုံနှိပ်ရန် စက်ကိရိယာအစုံ ရောက်လာသည်ဖြစ်၍ ရွှေနန်းတော်ကြီးအတွင်း လွှတ်တော်ရှေ့ စာပုံနှိပ်စက်ရုံတော် တည်လုပ်ပြီးလျှင် ဝက်မစွတ်မြို့စားဖြစ်လတ္တံ့သော သံတော်ဆင့် နေမျိုးမင်းလှကျော်သူကို အကြီးအကြပ် ထားတော်မူ၍ မြောက်ဒဝယ် တောင်ဒဝယ် သေနတ်အမှုထမ်းတို့အနက် လူ ၂၃-ကို ရွေးကောက် ပညာသင်ကြားစေပြီးမှ ထမ်းရွက်စေသည်။ ၎င်း လူ ၂၃-တို့မှာ တလလျှင် လစာငွေတော် ၄၇ဂ-သနားတော်မြတ်ခံရသည်။

၎င်းစက်များရောက်ပြီးနောက် ၆-လအကြာတွင် ပုံနှိပ်စက်ကို မှန်နန်းတော်ရှေ့ စနူဆောင်တော်သို့ တင်ဆောင်၍ မင်းတရားကြီးဘုရား ရှေ့တော်တွင် သံတော်ဆင့် နေမျိုးမင်းလှကျော်သူကိုယ်တိုင် အဘိဓမ္မာသုတ်ပါဠိအနက်၊ ဂ-ပါး သီလပါဠိအနက်များကို စာရွက်ရေ ၁၀၀၀-ရိုက်နှိပ်ဆက်သရာ ကိုယ်တော်တိုင် ဘတ်ရှုတော်မူပြီးလျှင် လွန်စွာ နှစ်သက်တော်မူသဖြင့် မင်း မိဖုရား သားတော် သမီးတော်များနှင့်တကွ နန်းသူ နန်းသား တယောက်မကျန် ဝေငှစေရသည်။

## ၂၀ဂ—ရွှေဇာယက်

ရွှေတိုက်ဝန်-ဝန်စုပါအမှုထမ်း ရွှေဇာဖျင်များကို အမြဲယက်လုပ် ဆက်သွင်းရသည်။ ၎င်း အမှုထမ်း လူ ၂၀-တို့မှာ တလလျှင် စပါးတော် ၂၂၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၀၉–သန့်စင်တော်ဆက်

နံနက်မျက်လဲ သန့်စင်တော်မူရာ မင်း မိဖုရား အများ သုံးစွဲတော်မူရန် သစ်ကြိုတ် နွယ်ရစ် ခါးထစ် လက်တောင်း မျောက်မထား တခြမ်းသေ ငှက်သိုက် ပျားစွဲ လောင်မီး ဟူသော အပြစ် ၉-ပါးမှ ကင်းလွတ်သည့် အသားများကို ဒန်ပူသုံးတော်မူရန် ဆက်သွင်းရသည်။

## ၂၁၀–မင်္ဂလာရထား

စီးနင်းထွက်စံတော်မူသော ရထားတော်ကြီးတွင် ရှေးအခါ ရထားတော်ဆွဲ အမှုထမ်း အများရှိသည်။ နောက်အခါ နောက်တော်ပါ မြင်းဝန် ဝန်စု အမှုထမ်း တို့က ရထားတော်ဆွဲရသည်ဖြစ်သောကြောင့် အမှုထမ်း ၅-ယောက်မျှ ထားရှိ သဖြင့် တလလျှင် စပါးတော် ၇၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၁၁–ချပ်ယက်

ရှစ်စင်းသော မင်းခမ်း ထီးဖြူတော်ကြီးများ, အဝေးလံ ထွက်စံတော်မူရာ ပါသည့် မင်းဆောင်း ထီးဖြူတော်များ, နေ့စဉ်ရက်စဉ် ဆောင်းမိုးတော်မူသော ထီးဖြူတော်များမှာ ဟောင်းနွမ်း မခိုင်ရှိလျှင် လဲလှယ်ရန် ချပ်ကြိုးယက်၍ ရွှေတိုက်တော်သို့ သွင်းရသည်။ အချုပ်ဝန် ဝန်စုပါ ချပ်ယက်အမှုထမ်း ၃-ယောက်ရှိရာ တလလျှင် စပါးတော် ၄၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၁၂–ဆေးသုတ်ကုလားအမှုထမ်း

ရွှေနန်းတော်ပေါ်တွင် မိဖုရားကလေးတို့ နေရသည့်အဆောင် တန်းလျား ဆောင်များ၏ အတွင်းက အဖြူရောင် ဆေးသုတ်သည်ဖြစ်၍ ၎င်းဆေးရောင်များ ဟောင်းနွမ်းရှိသည့်အခါ နန်းကကျေးဝန် ဆင့်ဆိုရာနာခံ၍ အနောက်ဝန် စာရေးတို့ လိုက်ပါ ကြပ်မတ်လျက် ဆေးအဖြူရောင်ကို သုတ်ရသည့် ဆေးသုတ် ကုလား အမှုထမ်း ဖြစ်သည်။ ၎င်းအမှုထမ်း ၃-ယောက်တို့မှာ တလလျှင် စပါးတော် ၄၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၁၃–ကွမ်းသီးတိုက်စောင့်

ရှေးအခါ တနင်္သာရီ မုတ္တမ မော်လမြိုင် ရခိုင် ဒဝယ် ပဲခူး ရန်ကုန်မြို့များက နှစ်စဉ်ဆက်သွင်းမြဲ ကွမ်းသီးတော်များကို တိုက်တော်မှာ လှောင်သွင်းနေမပြတ်လှမ်းပြ၍ ထမ်းရွက်ရသည်။ ကွမ်းသီးတိုက်စိုးဆင့်စုပါ တိုက်စောင့် အမှုထမ်းတို့ကို ဆိုသည်။ ၎င်းအမှုထမ်း ၄-တို့မှာ တလလျှင် စပါးတော် ၄၅-တင်း သနားတော်မြတ်ခံရသည်။

## ၂၁၄–ဘီးတော်လုပ်

အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးမှစ၍ နန်းရ, ဆောင်ရ, အမည်ရ မင်းမိဖုရား နှမတော် သမီးတော် တူမတော် မြေးတော်တို့ကို မပြတ် သနားတော်မူရန် ကောင်းမွန် သန့်ပြန့်စွာ အရပ်တွင် ပေါက်ရောက်သည့် သနပ်ခါးသား အနှစ်များကို ဘီးတော်လုပ်ဆောင်ရသည်။ ၎င်းအမှုထမ်း ၂-တို့မှာ တလလျှင် စပါးတော် ၂၅-တင်း သနားတော်မြတ်ခံရသည်။

## ၂၁၅–ပုရပိုက်ဖြူလုပ်

ကေရာဇ်မင်းမြတ် အသုံးတော်ရှိရာသုံးရန် မပြတ် လုပ်ဆောင်ဆက်သွင်းသည့် ရွှေတိုက်ဝန် ဝန်စု ပုရပိုက်ဖြူလုပ် ပသီလူမျိုး အမှုထမ်းတို့ကိုဆိုသည်။ ၎င်းအမှုထမ်း ၃-တို့မှာ တလလျှင် စပါးတော် ၃၅-တင်း သနားတော်မြတ်ခံရသည်။

## ၂၁၆–ထောင်လက်မထောက်

ခြေကျင်းစွဲ၍ အကျဉ်းထားသူတို့ကို အဝှန်း အမှူး ခေါင်းတို့ နေ့ညစစ်ဆေးကြည့်ရှုရသည့် ထောင်ဝင်းနှင့် အကျင်းထောင်သို့ မရောက်မီ ချုပ်ထားသည့် လက်မထောက်တန်းများကို ဆိုသည်။၎င်း လက်မထောက် အမှုထမ်း ၅၂-တို့မှာ တလလျှင် လစာငွေတော် ၄၉၀-သနားတော်မြတ်ခံရသည်။

## ၂၁၇-ဘုရားအရံစောင့်

ရှေးမင်းတို့ ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့သည့် ဘုရားကျွန်သီးတော်ကျောက်စာပါ အရံအစောင့်များကို ဆိုသည်။ ၎င်းဘုရားအရံစောင့် အမှုထမ်းလူ ၅၀-တို့မှာ တလလျှင် လစာငွေတော် ၄၀၇-သနားတော်မြတ်ခံရသည်။

## ၂၁၈–ကျောင်းအရံစောင့်

ရှေးမင်းတို့ ရေစက်သွန်းချလှူဒါန်းတော်မူခဲ့သည့် ကျောက်စာပါအရံစောင့်တို့မှာ **ကေရာဇ်မင်းမြတ်** ဆောက်လုပ် လှူဒါန်းတော်မူသည့် ကျောင်းတိုက်တော်ကြီးများ, အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းတော်မူသည့် ကျောင်းတိုက်ကြီးများ၏ တံတိုင်း, မီးတား, တံခါးအတွင်းရှိသည့် ကင်းတဲ၌ အရံစောင့်တို့က အလှည့်ကြ စောင့်နေကြရသည်၊ ကြိုး ကြိမ် ထိတ်တုံးများလည်း အပြည့်အစုံထားရှိရသည်၊ တိုက်အုပ်,တိုက်ကြပ်တို့က အမိန့်ပေးလျှင် ၎င်းကျောင်းတိုက်အတွင်းရှိ လူဝတ်ကြောင်ကိုဖြစ်စေ ရဟန်း သာမဏေများကို ဖြစ်စေ ထိတ်ခတ်ခြင်း ချုပ်နှောင်ခြင်း ရိုက်နှက်ခြင်းကို ပြုလုပ်နိုင်သည်၊ သို့ဖြစ်၍ မြန်မာမင်းတို့ လက်ထက်တော်အခါက တံဆိပ်တော်ရ ဆရာတော်ကြီးများ တိုက်အုပ် တိုက်ကြပ်များကို ရှင်လူရဟန်းတို့က ပြားပြားဝပ် ကြောက်ရွံ့ကြရသောခေတ် ဖြစ်သည်။

ကိုယ်တိုင်ကြုံဘူးခဲ့ရသည့် အကြောင်းမှာ–၁၂၄၃·ခု သီတင်းကျွတ်လဆန်း ၅-ရက်နေ့ နံနက် မဟာဝိဇယာပုညကမ္ဘည်းရှိ မှန်ကျောင်းတိုက်တော်က ဉာဏာဝံသာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ကြီးနှင့်တကွ တိုက်ရှိသံဃာကုန် ရွှေနန်းတော်ဦး မြေနန်းတော်သို့ပင့်၍ ဆွမ်းကြီးလောင်းလှူတော်မူရာ မြင်းမူမြို့က အသက် ၃၀-ရွယ်ရှိ ရဟန်းတော် ဦးစန္ဒလည်း မှန်ကျောင်းတိုက် သံဃာများနှင့် ရောနှောလိုက်ပါ၍ မြေနန်းတော်ပေါ် ရောက်ကာလ ကေရာဇ်မင်းမြတ် ရှေ့တော် မနီးမဝေးတွင် စာကို အခေါက်လိုက် ချထားခဲ့သဖြင့် ၎င်းစာကို အတွင်း ဘိနပ်တော် ခင်မောင်ထွေးက ကောက်ယူဆက်သရာ ကိုယ်တော်တိုင် စာကို ဘတ်ရှုတော်မူ၍ နောက်တရက် ညီလာခံထွက်စံတော်မူသည့် အခါ မှန်ကျောင်းတိုက်က စာချသွားသည့် ဦးစန္ဒကို ဆရာတော်မှာ လျှောက်ထားတောင်းဆိုစေ အမိန့်တော်ရှိသောကြောင့် အတွင်းဝန်တို့ မှန်ကျောင်းဆရာတော်ထံသို့ ဦးစန္ဒအား စေလိုက်ပါမည့်အကြောင်းနှင့် လျှောက်ထားရသည်၊ မှန်ကျောင်းဆရာတော်လည်း တိုက်တွင်းရှိ သံဃာတော်စေ့အောင် စုံစမ်းမေးမြန်းရာ စာချခဲ့သည့် ရဟန်းသာမဏေတပါးမျှ မတွေ့မရပဲ ရှိလေသည်။

ချခဲ့သောစာ၏ အဓိပ္ပါယ်မှာ ဦးပဍ္ဍင်း၏ အမိအဖတို့၌ ကြွေးမြီငွေ ၆၀ဝိ ကျော်တင်ရှိရာ မပေးမဆပ်နိုင်ခြင်းကြောင့် ထိတ်ခတ်ကြိုးချည် အပူအပြင်း တောင်းဆိုရှိနေပါသဖြင့် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်က ပေးဆပ်တော်မူပါမည့် အကြောင်းနှင့် ပါရှိသည်ဖြစ်၍ ကေရာဇ်မင်းမြတ်က ပေးဆပ်လိုသည့် ဆန္ဒတော်ကြောင့် ဆရာတော်မှာ လျှောက်တောင်းစေ ဟု အမိန့်တော်ရှိခြင်းဖြစ်သည်။

မှန်ကျောင်းဆရာတော်လည်း ငါ့တိုက်က စာပစ်ချရမလားဟု အမျက်ထွက်၍ ကြွက်ကြွက် ရိုက်အောင် တတိုက်လုံးကို အပြစ်တင်တော်မူနေသောကြောင့် ဦးစန္ဒမှာ မှန်ကျောင်း ဆရာတော်ရှေ့သို့ မဝင်ဝံ့အောင် လွန်စွာကြောက်ရွံ့သည် အဖြစ်နှင့် လဘက်ရည်တော် မောင်မောင်အံ့ ထံ လာရောက်၍ အကျိုးအကြောင်း ပြောပြီးလျှင် မှန်ကျောင်းဆရာတော်ထံ လိုက်ပို့ရန် မေတ္တာ ရပ်ခံသည်တွင် ယင်းသည့် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ ညနေ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားမှာ မီးရှူး, မီးပန်း, ဥပါ စသော မီးအမျိုးမျိုးတို့ဖြင့် ရှူ့လွှတ်ပူဇော်သည့် မီးပွဲကို ကြည့်ရှုရန် သွားမည့်ဆဲဆဲတွင် မောင်မောင်အံ့က ဦးစန္ဒကို မှန်ကျောင်းဆရာတော်ရှေ့ရောက် ပို့ခဲ့ပါ မှာပြီးလျှင် ထည့်လိုက်သောကြောင့် မီးပွဲမရောက်မီ မှန်ကျောင်းတိုက်သို့ဝင်၍ ဆရာတော်ရှေ့ရောက်သွားကြရာ နာရကာလှော်သစ် ဇမ္ဗူရာဇ်ရွှေစင်တို့ဖြင့် တခဲနက် သွန်းလုပ်သော ရွှေစိုင် ရွှေတောင်ကြီးကဲ့သို့ ဖြစ်၍ သူခပ်သိမ်းတို့ ရှုမြင်မရဲ ချီးဝှမကုန်နိုင်ဖွယ်ဖြစ်သော ဖန်မှန်တို့ဖြင့် စီချယ်သော ကျောင်းတော်ကြီး တောင်မျက်နှာ အရှေ့လှေကားနှင့် ၁၀-ပေခန့် အကွာလောက်တွင် ရဟန်းတော်များအချို့ကို တွေ့ရသည်။

ၾငင်းနောက် ခယဝပ်တွားလျက် ရဟန်းပရိသတ်တို့နှင့်တကွ မှန်ကျောင်းဆရာတော်ကို တွေ့၍ ရိုသေစွာ တုပ်ပျပ်ပြီးလျှင် ဆွမ်းကြီးခံရာမှာ စာချခဲ့သော မြင်းမူက ဦးပဍ္ဍင်း ဖြစ်ပါကြောင်းနှင့် လျှောက်ထားသည့်အခါ မောင်ပဍ္ဍင်းသည် ငါ့တိုက်က လိုက်လာ၍ မင်းကေရာဇ်ရှေ့မှာ စာချခဲ့ခြင်းသည် ငါ၏ အရှက်ကို ခွဲရာရောက်သည်ဟု ဆူဆူခုန် ဒေါပွ၍ ပြောမပြနိုင်လောက်အောင် ကြိမ်းမောင်းပြီးနောက် တိုက်အုပ် ဦးမေဓာက လာလိုက်ခဲ့ကြခေါ်၍

ကျောင်းတိုက် အနောက်ပေါက်အဝင် လက်ယာဘက်ရှိ ကင်းတဲ ရောက်ကာလ ဦးစန္ဒကို ထိတ်ခတ် ချုပ်ထားသည်။

ကျွန်ုပ်မှာလည်း မီးပွဲကို သွားမကြည့်ရပဲ တညလုံး ကင်းတဲတွင်နေ၍ နံနက်လင်းမှပြန်လာရာ ကျောင်းပြင်တွင် ထားသည့် ရွှေကြယ်, ရွှေဥခက်တို့ဖြင့် လှပစွာ ဆင်ယင်သည့် မြင်းနှင့်တကွ နောက်လိုက် ၃-ယောက်ကိုလည်း မတွေ့ ဖြစ်၍ ခြေလျင်ပြန်ခဲ့ရလေသည်၊ ဤအခါ ကျွန်ုပ်၏ အသက် ၁၄-နှစ်ဖြစ်သည်။ တိုက်အုပ်ဘုန်းကြီး ဦးမေဓာလည်း ဦးစန္ဒကို ထိတ်ခတ်ထားပြီးသည် တိုင်အောင် ထောင်မှူးပါးကွက် သံဘက်တမျှ ရက်စက်လှစွာ စားတော့မလို ဝါးတော့မလို ဆိုချင်တိုင်းဆိုသည်များကို နားမျက်စိဖြင့် အကြားအမြင်ဖြစ်၍ ထိုခေတ်က အကြောင်းကို ကောင်းစွာပြဆိုပါသည်။

ထို့ကြောင့် မြန်မာဘုရင်ရှိတော်မူစဉ်အခါက သာသနာတော်ထမ်း ရဟန်း ငယ် ရှင်ငယ်တို့သည် ကျောင်းထိုင်ဘုန်းကြီး တိုက်အုပ် တိုက်ကြပ် ဘုန်းကြီးနှင့် တကွ တံဆိပ်ရဆရာတော်ကြီးများကို မော်မကြည့်ဝံ့အောင် ရိုသေခန့်ညား၍ ကြောက်ရွံ့ကြရသည်။ နိုင်ငံတော်တွင် ကျောင်းအရံစောင့် အမှုထမ်း လူ-၁၇၀ ရှိရာ ၎င်းတို့မှာ တလလျှင် လစာငွေတော်-၁၄၁ဂိ သနားတော်မြတ်ခံရသည်။

## ၂၁၉ – မရမံအမှုထမ်း

မရမံအမှုထမ်းမှာ ကေရာဇ်မင်းမြတ် ကိုးကွယ်တော်မူ၍ အထူးလေးမြတ်သည့် ဆရာတော် သံဃာတော်တို့ကျောင်းရှိ ဝစ္စပဿာဝကုဋိများကို မပြတ်စင်ကြယ် အောင် သန့်ရှင်း သုတ်သင်ရသည်။ ၎င်းအမှုထမ်း ၄၀-တို့မှာ တလလျှင် လစာ ငွေတော်-၅၅ဝိ သနားတော်မြတ်ခံရသည်။

## ၂၂၀-ပြော့အမှုထမ်း

အထက်က အစဉ်နံပါတ် ဂ-တွင် ပြဆိုခဲ့သည့်အတိုင်း ပြော့ကြီးမှူးဆင့်ဆိုရာ နာခံ ထမ်းရွက်ကြရသည်။ ၎င်းပြော့အမှုထမ်း ၃၆-တို့မှာ တလလျှင် စပါးတော် ၂၇၅-တင်း သနားတော်မြတ်ခံရသည်။

## ၂၂၁-ပန်းပုအမှုထမ်း

ရာဇပလ္လင်တော်ဝယ် တင့်တယ်သိုက်မြိုက် အကိုက်အညှော်က် ပန်းပြောက် ပန်းခက် စသည်တို့နှင့်တကွ ခြင်္သေ့ ဆင်ပျံ လောကနတ် ဒေါင်း ဆင်နား တံခါးတိုင် သိကြား ကိန္နရာ သမ္မာဒေဝ ခြူး ကြာ ဦးဆောက်ပန်း တဆဲ့ နှစ်နေရာတို့နှင့်တကွ ကမ္ဘာဦးသူတို့ အညီအညွတ်ဖြင့် ဂေါတမဘုရားအလောင်း တော်ကို မင်းပြုတော်မူပါဟု လျှောက်၍ သမတတင်မြှောက်ကြဟန် သီဟာသန ရာဇပလ္လင်ရှိရာသို့ မျက်နှာပြု၍ မတ်တတ်ရပ်လျက် ရှိခိုးကာနေသည့် လူရုပ်-၆၊ ရာဇပလ္လင် ၈-ရပ်တို့တွင် ထားရှိသည့် ခြင်္သေ့ ဟင်္သာ ခရုသင်း ပိတုန်း ဆင် ဥဒေါင်း သားရဲ ကြာမှစ၍ ပန်းပုနှင့်ဆိုင်သမျှကို အတွင်းတော်ကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ ဆင့်ဆိုစေခိုင်းသည့်အတိုင်း နာခံထမ်းရွက်ရသည်။ ၎င်း ပန်းပုအမှုထမ်း ၂၀-တို့မှာ တလလျှင် လစာငွေတော် ၂၁၀-သနားတော်မြတ် ခံရသည်၊ ပန်းပုခေါင်း မောင်ပန်းအောင် ဖြစ်သည်။

အထက်ပြဆိုခဲ့သည့်အတိုင်း လူရုပ်များထားခြင်းအကြောင်းကို ရွှေဘုံနိဒါန်း တွင် မပါသော်လည်း ကျွန်ုပ်ကိုယ်တိုင် မှတ်တတ် သိတတ်သော အရွယ်ကစ၍ ထီးနန်းပျက်သည်တိုင်အောင် သီဟာသန ရာဇပလ္လင်ရှေ့၌ ထားသည့် လူရုပ်များ ကို အစဉ်မပြတ် မြင်လိုက်ရသည်။ ၁၂၄၅-ခု၊ သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့ ရတနာပုံနေပြည်တော် နန်းမြို့တော်အတွင်း ရွှေလွှတ်တော်ရှေ့ စာပုံနှိပ်စက် ရုံတော်ကြီးတွင် စက်တင်ပုံနှိပ်သည့် မဟာရာဇဝင်တော်ကြီးစာအုပ် ရှေးဦး မျက်နှာက သီဟာသနရာဇပလ္လင်တော်ပုံ ပါရှိသည်၊ ၎င်း ရာဇပလ္လင်ပုံတွင် ရှေ့က ခြင်္သေ့ ရုပ်-၇၊ လူရုပ် ၆-ရုပ်များလည်း ထင်ရှား ပါရှိလေသည်။

**နန်းပြောက်မျိုး ၃၀။** ။ပန်းပု အမှုထမ်းတို့ ထုလုပ်ထမ်းရွက်ရသည့် နန်းပြောက်ခေါ်[၁] အပြောက်အမွန်းများ၏ အမည်ကား

၁-ရင်းဖျား၊ ၂-ရွှဲကြိုး၊ ၃-ပုဇွန်တုပ်ကွေး၊ ၄-လက်သား၊ ၅-ခြီး၊ ၆-မန်ကျည်း ရွက်ကြိုး၊ ၇-မှော်တန်းဦး၊ ၈-ဘန္ဒဲ၊ ၉-နားတောင်ကြိုး၊ ၁၀-ဘဝါး၊ ၁၁-ရွှေ ကြိုးရွှေနွယ်၊ ၁၂-တော်ရင်နောင်၊ ၁၃-တန်း၊ ၁၄-အဖြေ၊ ၁၅-သရက်ကင်း၊

၁။ နန်းပြောက်ခေါ်ဝေါ်ခြင်းမှာ နန်းတော် အိမ်တော်များ၌ အထက်ဆိုခဲ့သည့် အပြောက် မျိုးများကိုသာ ထုလုပ်ရခြင်းဖြစ်သည်၊ လူနတ် တိရစ္ဆာန်ရုပ်များကို မထုရ။

၁၆-ညောင်ရွက်၊ ၁၇-နောက်လိုက်ပြားနှင့် မန်ကျည်းရွက်ကြိုး၊ ၁၈-မှော်၊ ၁၉-ထောင့်ဖုံးငှက်၊ ၂၀-ထောင့်တုရင်၊ ၂၁-အဆော်၊ ၂၂-ခြင်ပိတ်၊ ၂၃-ပန်းဆွဲ၊ ၂၄-ရင်ရပ်၊ ၂၅-ကြိုးကွေးတုံး၊ ၂၆-အဆော်၊ ၂၇-ထောင့်ဖုံး၊ ၂၈-ကြိုးကွေး၊ ၂၉-စိန်ပုံ၊ ၃၀-ဝေယန်ပုံများ ဖြစ်သည်။

## ၂၂၂-ပန်းတည်း အမှုထမ်း

ကြေးသတ္တုနှင့် စပ်လျဉ်းသော ကြေးစည် ခေါင်းလောင်း ရုပ်ပွါး ရုပ်တုတော် ထွေးအင် လက်ဆေးခံ လင်ပန်း ဖလား ဇွန်း စသော ခတ်လုပ်ရန် သွန်းလုပ်ရန် အလုပ် အဆောင်တော်များ ရှိသမျှကို ပန်းတည်းဝန်, ပန်းတည်းစာရေးတို့ ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်၊ ၎င်းပန်းတည်း အမှုထမ်း ၂၂-တို့မှာ တလလျှင် စပါးတော် ၄၀၆-တင်း သနားတော်မြတ် ခံရသည်။ ၎င်း စပါးများကို အိုးတိမ်းမော်ဆိပ်မှာ ခံယူကြရသည်။

## ၂၂၃-အတွင်းခိုင်း ပန်းထိမ်အမှုထမ်း

ရွှေတိုက်ဝန် ဝန်စုပါ အတွင်းခိုင်း ပန်းထိမ်တော်တို့က ရွှေထည်နှင့် စပ်လျဉ်းသမျှ ရွှေဇွန်း ရွှေပန်းကန် ရွှေလင်ပန်း ရွှေဒေါင်းပေါင် ရွှေကလပ် ရွှေကရား ရွှေထွေးအင် ရွှေကတော့မှစ၍ အရပ်ရပ် အလုပ် အဆောင်တော်များကို ရွှေတိုက်ဝန်, ရွှေတိုက်စိုးတို့ ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်၊ ရွှေပန်းထိမ်ခေါင်းမောင်ရွှေလူ ဖြစ်သည်။ ရွှေကို နန်းဆွဲရန် အလုပ် အဆောင်တော် ရှိသမျှကို နန်းမကိုဋ္ဌ ရွှေပန်းထိမ်ခေါင်း မောင်ခွါညိုနှင့် လက်သားလူတစုတို့က ပြီးပြေအောင် လုပ်ဆောင်ထမ်းရွက်ကြရသည်၊ ၎င်း ပန်းထိမ်တော် အမှုထမ်း ၁၁၄-တို့မှာ တလလျှင် လစာငွေတော် ၂၆၃၅-သနားတော်မြတ် ခံရသည်။

## ၂၂၄-ရွှေပန်းထိမ် အမှုထမ်း

ရွှေထည် ကျောက်ထည် စိန်ထည် မြထည် စသော ကျောက်အိုး ကျောက်ခွက်တို့တွင် စီရန် အလုပ် အဆောင်တော်များ သက်ဝင်သည့် မကိုဋ္ဌတော် သရဖူတော် ရတနာသရဖူတော် ရတနာပေါက်ရှူတော် စိန္တာမုနိ မကိုဋ္ဌတော် မကိုဋ္ဌထွတ်ပါ ရတနာပေါင်းထုပ်တော်များနှင့် တကွ သမီးတော်, မြေးတော်

များ နားတွင်း ဒက်ဆင်မဂ်လာဆောင်တော်မူသည့် အခမ်းအနား၊ လက်ထပ်အခမ်းအနားများ၌ ခင်းကျင်းပါရှိမြဲဖြစ်သည့် ရတနာမြိတ်ဖြူဆံထုံးပုံ၊ ရတနာမြိတ်စိုဆံထုံးပုံ၊ ရတနာမြိတ်လွတ်ဆံထုံးပုံ၊ ရတနာစလည်း ဆံထုံးပုံ၊ ရတနာယခင်းဆံထုံးပုံ၊ ရတနာလုံးတင်ဆံထုံးပုံ၊ ရတနာမြိတ်ရစ်ဆံထုံးပုံဟု ဆိုအပ်သော ၇-မျိုးသော ဆံထုံးပုံတော်များ၊ ထိုမှတပါး ရတနာပေါက်ချပ် ပတ္တမြား ပေါက်ချပ် ရတနာသျှောင်ကြား ဗောင်းမိုးတိုး သျှောင်မိုးတိုး သျှောင်ပတ်ပေါက်ချပ် ပတ္တမြားဆံစည်း မြိတ်လွတ်ရတနာသျှောင်ပုံ သျှောင်ပတ်ရတနာသျှောင်ပုံ ပတ္တမြားစီ ရတနာစည်းပုံတော် ဥဂ္ဂတ်သျှောင်ဂုံးတန်းဆာတော်၊ ထို့ပြင် လက်ဝဲမင်းခမ်းတော် ၁၅၊ လက်ယာမင်းခမ်းတော် ၁၃-များကို လုပ်ဆောင်ခွင့်ရှိသည့်အခါတိုင်း လုပ်ဆောင် ထမ်းရွက်ရသည်။

၎င်းရွှေပန်းထိမ်အမှုထမ်း ကျောက်ထည်လုပ်ခေါင်း မောင်ချို၊ မောင်သာကြွယ်၊ မောင်အောင်စု၊ ပလိပ်ရွာစား မောင်စံဝင်း၊ လွန်ကျော်ရွာစား မောင်လှိုင်တို့နှင့်တကွ လက်သားလူ၂၅-တို့မှာ တလလျှင် လစာငွေတော် ၄၅ဝ-သနားတော်မြတ်ခံရသည်။ ၎င်း ရွှေပန်းထိမ်တော်တို့မှာ ရွှေနန်းတော်ပေါ်မှန်နန်းတော်ဆောင် တောင်ဘက် ကွက်လပ်တွင် ဘားဖိုနှင့်တကွ တူ့ပေတန်းဆာ စုံလင်စွာတင်၍ လုပ်ကိုင် ထမ်းရွက်ရသည်။ ထိုအခါ အစောင့်အရှောက်မှာ အလံနီအမှုထမ်းများ ဖြစ်သည်။

## ၂၂၅—ကြေးပန်းထိမ်အမှုထမ်း

ကြေးဝါကို ရွှေရည်ပွတ်ရန် မြအတုစီလက်ကောက် စိန်အတုစီ လက်ကောက် ပတ္တမြားအတုစီလက်ကောက် မြအတုစီ နားဒှောင်း စိန်အတုစီ နားဒှောင်း ပတ္တမြားအတုစီ နားဒှောင်းများကို ရွှေထည်အစစ်ကဲ့သို့ တူလေအောင် သေသပ်ချောမွေ့ ကောင်းမွန်စွာ လုပ်ဆောင်ထမ်းရွက်ရသည်။ ၎င်းအမှုထမ်း ၅-တို့မှာ တလလျှင် စပါးတော် ၅၅-တင်း သနားတော်မြတ်ခံရသည်။ နှစ်စဉ် ရဟန်းလောင်းတော် ရှင်လောင်းတော်များကို ဝတ်ဆင်ရန်ဖြစ်သည်။ ရဟန်းတော်ခံခြင်း ရှင်တော်ပြုခြင်းမှာ တခါတရံ ဦးရေတထောင်ရှိသည်ဖြစ်၍ ရွှေစစ်မြစစ် စိန်စစ် ပတ္တမြား အစစ်ကို ဝတ်ဆင်ပေးလျှင် မတော်တဆ ပျောက်ရှတိမ်းပါးမည်ကို စိုးရိမ်ရသောကြောင့်တည်း။

## ၂၂၆–လက်နက်တိုက်အမှုထမ်း

ရွှေနန်းတော်သစ်တပ်အတွင်း အရှေ့တောင်ထောင့်ရှိ ခဲ ယမ်း တူဆံ ဓား လှံ သေနတ်အများ သွင်းထားသည့် လက်နက်တိုက်နှင့်တကွ တံခါးနီတော်ပြင် လက်ယာဘက် ရွှေလွှတ်တော်တောင်ကဇ၍ ရွှေနန်းတော်သစ်တပ် တောင်မျက်နှာ လက်ယာဝင်းတံခါးရောက် အုတ်ကြွပ်မိုးတင်းကုပ်ရှိ စကြာလှည်းတင် အမြောက်တော်များ၊ တံခါးနီတော် အဝင် လက်ဝဲ လက်ယာရှိ အမြောက်၊ စိန်ပြောင်း ဗုံး သေနတ်များကို လက်နက်တိုက်ဝန် ဆင့်ဆိုရာနာခံ၍ အိပ်လှည့် အိပ်ဖန်ဖြင့် နေ့ညဉ့်စောင့်နေ ထမ်းရွက်ရသည်။ ၎င်းလက်နက်တိုက်အမှုထမ်း ၉၄-တို့မှာ လယ်တော် ၉၄-ကို အစား သနားတော်မြတ်ခံရသည်။

## ၂၂၇–ဆေးရေးပန်းချီ

ရွှေနန်းတော်ကြီး အနောက်အတွင်းတော်၌ မင်းမိဖုရား, သမီးတော်, သားတော်ကလေးများကို ကြည့်ရှုမှတ်သားစိမ့်သောငှါ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ထွက် ဗုဒ္ဓဝင်ကျမ်းထွက်များကို ကောက်နုတ်စီစဉ်၍ ပုရပိုက်ဖြူပေါ်တွင် ဆေးရောင်အမျိုးမျိုးနှင့် ရေးသားရခြင်း၊ တည်ထားတော်မူသည့် ဘုရား, စေတီ, ဂူလိုဏ်ကြီးများ၏ အတွင်းမှာဖြစ်စေ ရေးသားရခြင်း၊ ဆင်ဖြူတော်များနှင့်တကွ ထူးဆင် စီးတော်ဆင်များ၏ ကြန်အင်္ဂါ လက္ခဏာ ပုံသဏ္ဌာန်တူ ကြိုးတန်းဆာစုံလင်စွာနှင့် ရုပ်ပုံများမှစ၍ ရေးသားရန်ရှိသမျှကို အတွင်းတော်က အမိန့်နှင့်ဖြစ်စေ လွှတ်တော်က အမိန့်နှင့်ဖြစ်စေ ရေးသားထမ်းရွက်ရသည်။

ဇာတ်နိပါတ်လာ စာတမ်းများကို အမိန့်တော်ရေးက ဘိတ်တံကို ကလောင်သွားကဲ့သို့ချွန်၍ မင်တို့ကာ ရေးရသည်။ ၎င်း ဆေးရေး ပန်းချီ ၁၅-တို့မှာ တလလျှင် လစာငွေတော် ၄၇ဝိ-သနားတော်မြတ်ခံရသည်။ပန်းချီခေါင်း မောင်ကျော်ညွှန့်မှာ အမျိုးစုံ အရေးကောင်း၍ တောင်ပြင် မောင်ခ၊ မင်္ဂလာဈေး မောင်လှိုင်၊ မောင်သဲ၊ မောင်ကြွက်တို့မှာ ဆင်ရေး အထူး ကောင်းသည်။ ညောင်ပင်ဈေး မောင်ကြီးမှာ အရုပ်သေး တကြောင်းဆွဲ အထူးသဖြင့် ကောင်းလေသည်။

## ၂၂၈–အရှေ့ရွှေပန်းချီ

ရွှေနန်းတော်ကြီး အရှေ့ပိုင်းရှိ မြေနန်း ပြာသာဒ်တော်ကြီးနှင့် တကွ လက်ဝဲဆောင်၊ လက်ယာဆောင်၊ လေသာဆောင်၊ ဇေတဝန်ဆောင်၊ ဗောင်းတော်ဆောင်၊ မှန်နန်းတော်ဆောင်၊ တောင်ဒဝယ်ဆောင်၊ မြောက်ဒဝယ်ဆောင်၊ ရွှေတိုက်ဆောင်၊ ရွှေဆောင်တော်ဆောင်၊ ရွှေနန်းတော်ဆောင်များတွင် မူလရှိရင်း ဟင်းသပဒါးရောင်၊ ရွှေရောင်၊ မှန်ရောင်များ မှေးမှိန်ဟောင်းနွမ်းခဲ့လျှင် နန်းကံကျွေးဝန်က ပြင်ဆင်ရန် အတွင်းဝန်မင်းများ အမိန့်ကို ခံယူရသည်။ အမိန့်ရသည့်အခါ ၎င်းနန်းကံကျွေးဝန် ဆင့်ဆိုရာ နာခံ၍ အရှေ့ရွှေပန်းချီက ကောင်းမွန်သစ်လွင်အောင် ချယ်လယ်လုပ်ဆောင် ထမ်းရွက်ရသည်။ ၎င်းအရှေ့ ရွှေပန်းချီ အမှုထမ်း ၆၀-တို့မှာ တလလျှင် လစာငွေတော် ၃၉၄-သနားတော်မြတ်ခံရသည်။

## ၂၂၉ – အနောက်ရွှေပန်းချီ

ရွှေနန်းတော်ကြီး အနောက်ပိုင်း အဂ္ဂမဟေသီ အရှင်မိဖုရားခေါင်ကြီး ဘုရားအဆောင်၊ တောင်နန်းတော်ဆောင်၊ မြောက်နန်းတော်ဆောင်၊ တပင်တိုင်ဆောင်၊ အလယ်နန်းတော်ဆောင်၊ အနောက်နန်းတော်ဆောင်၊ တောင်ဆောင်တော်ဆောင်၊ မြောက်ဆောင်တော်ဆောင်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေရေးဆောင်၊ မိဖုရားလတ်တို့ အဆောင်၊ မိဖုရားကလေးတို့ အဆောင်၊ အနောက်ပွဲတက် ဇေတဝန်ဆောင် ၊လက်ယာဆောင်၊ လက်ဝဲဆောင်တော်များတွင် မူလရှိရင်း ဟင်းသပဒါးရောင် ရွှေရောင် မှန်ရောင်များ မှေးမှိန်ဟောင်းနွမ်းခဲ့လျှင် ပြင်ဆင်ရန် နန်းကံကျွေးဝန်က အတွင်းဝန်များ အမိန့်ကို ခံယူရသည်။ အမိန့်ရသည့်အခါ နန်းကံကျွေးဝန် ဆင့်ဆိုရာနာခံ၍ အနောက်ရွှေပန်းချီတို့က ကောင်းမွန် သစ်လွင်အောင် ချယ်လယ် လုပ်ဆောင်ထမ်းရွက်ရသည်။ ၎င်းအနောက် ရွှေပန်းချီအမှုထမ်း ၆၀-တို့မှာ တလလျှင် လစာငွေတော် ၃၉၄-သနားတော်မြတ်ခံရသည်။

## ၂၃၀-ဒေါနပန်းတော်စိုက်

နှစ်စဉ် တံဆောင်မုန်းလ နတ်တော်လ ပြာသိုလ တပို့တွဲလများတွင် ဒေါနခြံအရပ်၌ ဒေါနပန်းတော်များကိုစိုက်ပျိုး၍ ဥယျာဉ်အုပ်ကတဆင့် ဆက်သရသည်။ ၎င်း ဒေါနပန်းတော်စိုက် ၁၇-တို့မှာ တလလျှင် စပါးတော် ၁၉၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၃၁—ကျောက်သွေး

မိုးကုတ် ကျောက်တွင်းတော်၊ ကြပ်ပြင် ကျောက်တွင်းတော်၊ ကသည်းစို့ ကျောက်တွင်းတော်များက ဆက်သသည့် ပတ္တမြားကျောက်တော်၊ ငွေတော်ထုတ်ပေး ဝယ်ယူသည့် ပတ္တမြားကျောက်တော်များကို ရွှေနန်းတော်အတွင်း တောင်စမုတ်တော်သို့ ဝင်၍ လုံးချော့, တာပနာ စသည်များကို သွေးရသည်။ ၎င်းကျောက်သွေး အမှုထမ်း ၁၁-တို့မှာ တလလျှင် စပါးတော် ၂၁၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၃၂—တန်း ၄-တန်း

၁-ခင်ဦး၊ ၂-တည်တော၊ ၃-မြို့သစ်၊ ၄-စည်ပုတ္တရာ တန်းများမှာ ပေါ့သောအမှု၊ တရားမမှုနှင့် ချုပ်ထားရသည်။

## ၂၃၃-ဆတ္တာအမှုထမ်း

ရှေးမင်းအဆက်ဆက်က ခြေသည်း, လက်သည်းတော် သန့်စင်တော်မူမြဲကို ဆတ္တာခေါင်းထား၍ ထမ်းရွက်စေသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံမင်းတရားကြီးဘုရား လက်ထက်တော် ၁၂၄၀-ခု၊ ပြာသိုလ တိုင်ရောက်မှ မန္တလေးမြို့ တောင်ပြင် ဆတ္တာစုနေ သီရိဉာဏသုခကို ဆတ္တာဝန် ခန့်တော်မူ၍ ၎င်းက ခြေသည်းတော်, လက်သည်းတော် သန့်စင်ရသည်။

ဆတ္တာဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသည့် ဆတ္တာအမှုထမ်း ၂-တို့မှာ တလလျှင် စပါးတော် ၅၅-တင်း သနားတော်မြတ်ခံရသည်။ ခြေသည်း, လက်သည်းတော် သန့်စင်သည့် အခါတိုင်း ကေရာဇ်မင်းမြတ် အပါးတော်တွင် ဓားလိုက်က ဓားလွှတ်ထမ်း၍ နေရသည်။

တရုံသောအခါ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား ခြေသည်းတော် သန့်စင်ရာ လက်သည်းစောင်း လွန်သွားသဖြင့် သွေးအနည်းငယ်စို့၍ လာသည်တွင် ခေါ်လိုက် မသိပါစေနှင့် ဘုရား ဟု ကြောက်အား လန့်အားဖြင့် ယောင်ယောင်မှားမှား ပုဏ္ဏားဆတ္တာခေါင်းက တင်လျှောက်သည်တွင် ငါ့ကိုတော့ မကြောက်ပဲနှင့် ခေါ်လိုက်ကို ငါ့ထက်ပို၍ ကြောက်သလားဟု အမိန့်တော်ရှိဘူးလေသည်။

## ၂၃၄–ကဝါအမှုထမ်း

ကေရာဇ်မင်းမြတ်နှင့် အရှင်မိဖုရားခေါင်ကြီးတို့၏ ဝတ်လဲတော်ပုဆိုး ဝတ်လဲတော်ထဘီ ဝတ်လဲတော်အင်္ကျီ ခြုံတော်ပုဝါများကို အသစ်ကျုပ်ချုတ်သာလျှင် နှစ်ခါ သုံးခါလောက် ၎င်းအထည်ကို ဆင်တော်မူသည်၊ ထို့နောက် ဆင်တော်မူပြီး ဝတ်လဲတော်များကို ဗန့်ဘိုးတော် မှန်စီအစ်မှ ထုတ်၍ မှူးတော် မတ်တော် လက်သုံးတော် အထိန်းတော် အယတော် အပျိုတော်ကြီးများအား သနားတော်မူသည်။ ထို့ကြောင့် ညစ်ပေဟောင်းနွမ်းသည့်အဝတ်ကို ကဝါချ၍ တဖန် ဝတ်ဆင်တော်မူခြင်း ထုံးစံမရှိဖြစ်ကြောင်းကို ဒိဋ္ဌကိုယ်တိုင် သိမြင် မှတ်သားမိလေ၏။ သို့ရာတွင် အခြားသော အထည်အလိပ် အသုံးအဆောင်တော် အများပင် ရှိသဖြင့် ၎င်းအသုံးအဆောင်တော်များကို ဖြူစင်အောင် ဖွပ်လျှော်ပြီးမှ ပြန့်ဖြူးစွာရှိစေအောင် မီးကြွေတိုက်ရန် ကဝါအမှုထမ်း ၆-ကိုထား၍ ထမ်းရွက်စေသည်။ ၎င်းကဝါအမှုထမ်း ၆-တို့မှာ တလလျှင် စပါးတော် ၆၆-တင်း သနားတော်မြတ် ခံရသည်။

## ၂၃၅–လက်ရအမှုထမ်း

လွှတ်တော်က အသုံးစာရေးများ၊မြေတိုင်းစာရေးများသည် အထက်အရာရှိကြီးများ၏ အမိန့်အရ အဝေးအနီး ခရီးမရွေး သွားရောက်ဆောင်ရွက်ရန် ကိစ္စရှိလျှင် လက်ရအမှုထမ်းတို့က ကြိုး, တာဝါး အစုံအလင်နှင့် လိုက်ပါထမ်းရွက်ရသည်။ ၎င်း အမှုထမ်း ၁၅-တို့မှာ တလလျှင် လစာငွေတော် ၁၁၂-၂-မတ် သနားတော်မြတ် ခံရသည်။

## ၂၂၆–လက်နက်တိုက်အမှုထမ်း

ရွှေနန်းတော်သစ်တပ်အတွင်း အရှေ့တောင်ထောင့်ရှိ ခဲ ယမ်း တူဆံ့ မားလုံ သေနတ်အများ သွင်းထားသည့် လက်နက်တိုက်နှင့်တကွ တံခါးနီတော်ပြင် လက်ယာဘက် ရွှေလွှတ်တော်တောင်ကစ၍ ရွှေနန်းတော်သစ်တပ် တောင် မျက်နှာ လက်ယာဝင်းတံခါးရောက် အုတ်ကြွပ်မိုးတင်းကုပ်ရှိ စကြာလှည်းတင် အမြောက်တော်များ၊ တံခါးနီတော် အဝင် လက်ဝဲ လက်ယာရှိ အမြောက်၊ စိန်ပြောင်း ဗုံး သေနတ်များကို လက်နက်တိုက်ဝန် ဆင့်ဆိုရာနာခံ၍ အိပ်လှည့် အိပ်ဖန်ဖြင့် နေ့ညဥ့်စောင့်နေ ထမ်းရွက်ရသည်။ ၎င်းလက်နက်တိုက်အမှုထမ်း ၉၄-တို့မှာ လယ်တော် ၉၄-ကို အစား သနားတော်မြတ်ခံရသည်။

## ၂၂၇–ဆေးရေးပန်းချီ

ရွှေနန်းတော်ကြီး အနောက်အတွင်းတော်၌ မင်းမိဖုရား, သမီးတော်, သားတော်ကလေးများကို ကြည့်ရှုမှတ်သားစိမ့်သောငှါ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ထွက် ဗုဒ္ဓဝင်ကျမ်းထွက်များကို ကောက်နုတ်စီစဥ်၍ ပုရပိုက်ဖြူပေါ်တွင် ဆေးရောင်အမျိုးမျိုးနှင့် ရေးသားရခြင်း၊ တည်ထားတော်မူသည့် ဘုရား, စေတီ, ဂူလိုဏ်ကြီးများ၏အတွင်းမှာဖြစ်စေ ရေးသားရခြင်း၊ ဆင်ဖြူတော်များနှင့်တကွ ထူးဆင် စီးတော်ဆင်များ၏ ကြန်အင်္ဂါလက္ခဏာ ပုံသဏ္ဍာန်တူ ကြိုးတန်းဆာစုံလင်စွာနှင့် ရုပ်ပုံများမှစ၍ ရေးသားရန်ရှိသမျှကို အတွင်းတော်က အမိန့်နှင့်ဖြစ်စေ လွှတ်တော်က အမိန့်နှင့်ဖြစ်စေ ရေးသားထမ်းရွက်ရသည်။

ဇာတ်နိပါတ်လာ စာတမ်းများကို အမိန့်တော်ရေးက ဘိတ်တံကို ကလောင်သွားကဲ့သို့ချွန်၍ မင်တို့ကာ ရေးရသည်။ ၎င်း ဆေးရေး ပန်းချီ ၁၅-တို့မှာ တလလျှင် လစာငွေတော် ၄၇ဝိ-သနားတော်မြတ်ခံရသည်။ပန်းချီခေါင်း မောင်ကျော်ညွန့်မှာ အမျိုးစုံ အရေးကောင်း၍ တောင်ပြင် မောင်ခ၊ မင်္ဂလာဈေး မောင်လှိုင်၊ မောင်သဲ၊ မောင်ကြွက်တို့မှာ ဆင်ရေး အထူး ကောင်းသည်။ ညောင်ပင်ဈေး မောင်ကြီးမှာ အရုပ်သေး တကြောင်းဆွဲ အထူးသဖြင့် ကောင်းလေသည်။

ဆက်သွင်းသည့် သံကျောက်များကို အရည်ကျိုသံဖြစ်စေရန် သံချက်ဝန် ဆင့်ဆိုရာနာခံ၍ သံချက်စက်ရုံ အမှုထမ်းတို့က ချက်လုပ်ရသည်။

## ၂၄၀-ဂွမ်းကြိတ်ရုံအမှုထမ်း

ရွှေမြို့တော် အနောက်မျက်နှာ ဂေါဝိန်တံခါးအဝင်၌ ကြီးကျယ်စွာ ဆောက်လုပ်ထားရှိသည့် ဂွမ်းကြိတ်ရုံတော်ကြီးတွင် ငွေတော်ထုတ်ပေး ဝယ်ယူရောက်ရှိသည့် ဝါတော်များနှင့် အရာတော်ယာမြေများမှ ထွက်သည့် ဝါတော်များကို စက်ယန္တရားဖြင့် ဂွမ်းဖြစ်အောင် ကြိတ်လုပ်ရသည်။ ၎င်းရုံတော်ကြီးကို စောင့်နေရသည့် အမှုထမ်း ၅-တို့မှာ တလလျှင် စပါးတော် ၅၅-တင်း သနားတော်မြတ်ခံရသည်။ ဤဂွမ်းရုံတော်ကို အစွဲပြု၍ ဈေးကိုလည်း "ဂွမ်းရုံဈေး" ဟု တွင်ခြင်းဖြစ်သည်။

## ၂၄၁-စစ်ကိုင်း သံဖိုစက်ရုံ

မန္တလေး ရတနာပုံ ပဌမမြို့တည် နန်းတည် မင်းတရားကြီးဘုရား ညီတော် အိမ်ရှေ့မင်းသည် မြန်မာပြည်၌ စက်မှုလက်မှုတိုးပွါး၍ ကမ္ဘာတွင် ထင်ပေါ်ကျော်စော ကြီးကျယ်လိုသော ဆန္ဒတော်အမြဲရှိသည်ဖြစ်၍ ပြင်သစ်နိုင်ငံ, အင်္ဂလိပ်နိုင်ငံကြီးများသို့ မြန်မာတိုင်းရင်းဖွား အမျိုးသားတို့အား လုံလောက်စွာ လစာ ရိက္ခာတော်နှင့် စေလွှတ်၍ ပညာတော်သင်စေခြင်းမှစ၍ စက်ရုံအမျိုးမျိုးတည်ပြီးလျှင် သေနတ်, အမြောက် လက်နက်မှစ၍ လုပ်ကိုင်စေ၍ ခေတ်မီအောင် အားထုတ်တော်မူဆဲအတွင်း သက္ကရာဇ် ၁၂၂၈-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇-ရက် ကြာသပတေးနေ့ နေမွန်းတည့်အချိန် နန်းမြေဘုံသာ စံနန်းတော် လွှတ်တော်အနီးတွင် မြင်ကွန်းမင်းသားနှင့်အတူ ပါလာသူ သူပုန်ငပြူသီး လုပ်ကြံ၍ ဦးလည်ပြတ်ကာ နတ်ရွာစံတော်မူရသည်။

ထိုအခါမှစ၍ တိုင်းပြည် နိုင်ငံပျက်သည့်တိုင်အောင် အချို့သော စက်ရုံတော်ကြီးများမှာ ကျီးနှင့်ဖုတ်ဖုတ် ဆိုဘိ၏သို့ ရစရာမရှိအောင် တိမ်းယိမ်းပြိုပျက် ရှိနေလေသည်။၎င်းစက်ရုံတော်များအနက် စစ်ကိုင်း သံဖိုစက်ရုံတော်ကြီးဝယ် နေပူမိုးစွတ်ရှိနေသည့် စက်ကိရိယာများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁-မီးပြန်ပိုက် အလျား ၂၇၊ အချင်း ၄-ပေ ၆-လက်မ၊ လုံးရေ ၂။ ၂-လေပိုက်ငယ် အလျား ၅၂-ပေ၊ အချင်း ၂-ပေ ၆-လက်မ ၁။ ၃-လေပိုက်ကြီး အလျား ၄၅-ပေ ၃-လက်မ၊ အချင်း ၄-ပေ၊ လုံးရေ-၁။ ၄-အခိုးချောင်း ၆-ပေ ၇-ပေ ၆-လက်မ၊ ချောင်းရေ ၁၆၀။ ၅-လေဗုံပါကြီးတွင် ထည့်လုပ်ရန် လေပိုက်ကြီး ၄။ ၆-ရေလှောင်သံအိုးကြီး ၁။ ၇-ကွေးပြီး သံပြားရေ ၂၆။ ၈-မီးစားတိုက်ဖိုလုပ်ရန် သံပြားကြီးငယ် ၂၄။ ၉-မီးတံခါးကြီးငယ် ၁၄။ ၁၀-သံဖိုကြီးထိပ်ပတ်လည်ကြမ်းပြင်ခင်းရန် သံပြားရေ ၃၇။ ၁၁-ရေကန်စပ်ရန် လေးထောင့်သံပြားရေ ၃၉။ ၁၂-ပိုက်ထိပ်ပိတ်ရန် သံပြားရေ ၆။ ၁၃-လေပူအိုးတပ်ရန် ပိုက်ကြီးလုံးရေ ၂၀။ ၁၄-ရေနွေးအိုး အလျား ၂၅-ပေ ၆-လက်မ၊ အချင်း ၅-ပေ၊ လုံးရေ ၂။ ၁၅-မီးစားတိုက်ဖိုကာရန် သံပြားကြီး ၄၀။ ၁၆-လေတံခါး ၄။ ၁၇-လေပူအိုးတပ်ရန် ပိုက်ကြီး လုံးရေ ၁၅။ ၁၈-မီးဇကာခံရန် သံထုပ် ၂၃။ ၁၉-သံပြား ၄။ ၂၀-အောက်ခံစက်ခုံ ၁။ ၂၁-ပဌမကြိတ်စက်တွင် ဆက်ရန် သံဝင်ရိုး ၁။ ၂၂-ဒင်းပုံတောင်းခွေ ၁။ ၂၃-မီးတံခါးလမ်း ၁။ ၂၄-သံထုပ်အောက်ခံခုံ ၂။ ၂၅-တူစက်ငယ်ဆင်ပြီး ၁။ ၂၆-ကပ်ကျေးစက်ကိရိယာဆင်ပြီး ၂။ ၂၇-လေရဟတ် ၁။ ၂၈-ပန်းဘဲဖိုခုံစက် ၂။ ၂၉-ဝင်ရိုးတပ်ဆင်ပြီး ကြိုးကူးဘီးငယ် ၁၀။ ၃၀-ရေလှောင်သံရေကန် ၂။ ၃၁-ဓားသွေးကျောက် ၁။ ၃၂-မီးစားတိုက်ဖိုခင်းရန် သံပြား ၅။ ၃၃-နန်းဆွဲစက်ခုံ ၁။ ၃၄-၃၅ တောင်ရှဥ်ပိုး ၁။ ၃၆-မီးစက်ခုံအောက်ခံ ၁။ ၃၆-ခလုပ်အိမ် ၂။ ၃၇-လေပူအိုးပဌမဆက်ရန် ပိုက်ကောက် ၁။ ၃၈-သံဖိုကြီးတွင် တပ်ရန် လေပိုက်ကွေးကြီး ၈။ ၃၉-ကြိတ်စက်ဖျားတွင်ဆက်ရန် ပတောင်းကွေး ၄၁။ ၄၀-ဝင်ရိုးကြီးငယ် ၁၉။ ၄၁-မီးလမ်းပိုက်သံတိုင် ၉။ ၄၂-လေပေးစက်မှာ ခင်းရန်သံပြား ၉။ ၄၃-ခလုတ်ပတောင်း ၃။ ၄၄-ဝင်ရိုးနားခံခုံ ၁။ ၄၅-မီးဆကာခံရန်ခုံ ၂။ ၄၆-လေပူအိုးပိုက်ကောက်ဆက်ရန် ပတောင်းပါ ၂။ ၄၇-နန်းဆွဲ ပဌမစက်ခုံ ၁၇။ ၄၈-တူစက်သွား ၁။ ၄၉-သံပြားကြိတ်တုံးတွင် နားခံအတွင်းစဥ့်ခံ ၄။ ၅၀-ဗုံပါကြပ် ၁။ ၅၁-ကတ်ကျေးစက်ပေါင်း ၁။ ၅၂-ဒင်းစက်ခုံ ၁။ ၅၃-ဒင်းဝင်ရိုး ၄-ထောင့် ၁။ ၅၄-ဝင်ရိုးပတောင်း ၁။ ၅၅-မီးစားတိုက်အိုးတံခါး ၁။ ၅၆-ဟန်ဘီးကြီး ၂။ ၅၇-ခလုတ်ဘီးကြီး ၇။ ၅၈-ချားလက်ကြီး ၇။ ၅၉-နားဘုံး နားခံခုံကြီး ၆။ ၆၀-မီးစက်ခုံပေါင် ၂။ ၆၁-ဒင်းထုပ် ၂။ ၆၂-သံနှုပ်ဖိုမီးတံခါး ၂။ ၆၃-ဟန်ဘီး

ဝင်ရိုးကြီး ၁။ ၆၄-ကြိတ်စက်ပေါင်ခုံကြီး ၁-များ ဖြစ်သည်။ ယင်းသည့်စက်ရုံတော်စောင့် ၅-တို့မှာ တလလျှင် စပါးတော် ၅၅-တင်း သနားတော်မြတ် ခံရသည်။

## ၂၄၂-ယက်ကန်းစက်ရုံ

ရတနာပုံ ရွှေမြို့တော်မြောက်ပြင် အမရစံခေါ်ရပ် ရွှေတန်ချောင်း အရှေ့ဘက်ကမ်း၌ ယက်ကန်းစက်ရုံတော်ကြီး တည်လုပ်၍ ဝါများကို ကြိတ်သည့်ကြိတ်စက်၊ ကြိတ်ပြီး ဝါကိုဖတ်သည့် ဂွမ်းဖတ်စက်၊ ဖတ်ပြီးဂွမ်းကို ညှိုဆိုင်ရှိ ဗိုင်းတောင့်ကြီး တဆက်တည်း အရှည် အလုံ ဖြစ်အောင် လုပ်သည့်စက်၊ ၎င်းဗိုင်းတောင့်ကြီးကို တစတစ သေးစေ၍ အလိုရှိရာ ချည်ချော ချည်ကြမ်း ဖြစ်အောင် စက်အဆင့်ဆင့်များနှင့် လုပ်ဆောင်သည်။ ၎င်းချည်ကို ဝင့်သည့်စက်၊ ချည်ချစက်၊ ချည်ခင်ကို ခေါက်သည့်စက်၊ ချည်စာယူသည့်တိုက်ခန်း၊ အထည်ယက်ရန် ယက်ကန်းရှယ်သည့်တိုက်ခန်း၊ နှပ်ကောက်သည့်တိုက်ခန်း၊ အထည်ယက်သည့် ယက်ကန်းစက်တိုက်ခန်း၊ အထည်ခေါက်သည့် စက်ခန်းများနှင့် ပြည့်စုံစွာရှိသည်ဖြစ်၍ အလိုတော်ရှိသမျှ ချည်ထည်များကို ယက်လုပ်ထမ်းရွက်ကြရသည်။

မြန်မာပြည်က ထွက်သည့်ဝါမှာ အမေရိကန်နိုင်ငံက ထွက်သည့် ဝါကဲ့သို့ မကောင်းသဖြင့် ပိတ်ချောယက်လုပ်နိုင်အောင် ချည်ကို သေးမျှင်အောင် လုပ်၍မရ ဖြစ်သည်။ ၎င်းစက်ရုံတော်စောင့် အမှုထမ်း ၈-တို့မှာ တလလျှင် စပါးတော် ၂၁၅-တင်း သနားတော်မြတ် ခံရသည်။ ၎င်း ယက်ကန်းစက်ရုံကို အင်္ဂလိပ်မင်းလက်ထက်မှာ ဖြစ်စက်ရုံပြုလုပ်ထားသဖြင့် ယခုတိုင်တည်ရှိသည်။

## ၂၄၃-အမြောက်စက်ရုံ

ရွှေမြို့တော်ကြီးမြောက်ပြင် အမရစံခေါ်ရပ် ယက်ကန်းစက်ရုံ အရှေ့မြောက်က ကပ်လျက် အမြောက်လက်နက်လုပ်ဆောင်သည့် စက်ရုံတော်ကြီးမှာ ဘဝရှင်မင်းတရားကြီးဘုရားညီတော် ဥပရာဇာ အိမ်ရှေ့မင်းရှိတော်မူစဉ်က တည်လုပ်ခဲ့ခြင်း ဖြစ်သည်၊ ၎င်းစက်ရုံတော်ကြီးအတွင်း မြေပုံလုပ်သည့်ဌာန၊ ထို့ပြင်

ပွတ်စက်၊ ရွှေဘော်စက်၊ ဖောက်စူးစက် အမျိုးမျိုးများနှင့် သံရေကျိုစက်၊ ဟန်ဘီးအကြီးအကျယ်နှင့်တကွ မီးအိုးကြီး၌ မီးတံခါးတပ်ဆင်လျက် ပြည်စုံစွာ ရှိသည့်အတိုင်း ယမ်းထောင့်ထိုးအမြောက် အမျိုးမျိုး၊ ရေမြှုပ်ဗုံး အမျိုးမျိုးကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်၊ သို့ရာတွင် အိမ်ရှေ့မင်း မရှိသည့်နောက် ဘုရင်မင်းမြတ်နှင့်တကွ မှူးတော်မတ်တော်ကြီးများက ဂရုမစိုက်သဖြင့် အကျိုး မများလှချေ၊ ၎င်း အမြောက်စက်ရုံ အမှုထမ်း ၁၅၂-တို့မှာ တလလျှင် စပါး တော် ၃၄၇၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၄၄ သေနတ်လုပ်စက်ရုံ

ရွှေမြို့တော်မြောက်ပြင် အမရစံခေါင်ရပ်ရှိ အမြောက်စက်ရုံတော်နှင့် ကပ် လျက် သေနတ်လုပ်စက်ရုံတော်မှာ ဘဝရှင် မင်းတရားကြီး ဘုရား ညီတော် ဥပရာဇာအိမ်ရှေ့မင်း ရှိစဉ်က တည်လုပ်သော စက်ရုံတော် ဖြစ်သည်။ ၎င်းစက် ရုံတော်တွင် သေနတ်ပြောင်း အကြမ်းလုပ်ပြီး အထည်ကို ပြောင်းပေါက်ဖြစ် အောင် ထွင်းဖောက်သည့် တွင်စက်ထားရာတိုက်ခန်း၊ ၎င်း ဖောက်ထွင်းပြီး ပြောင်းကို ရိုက်ဘတ်မြှောင့်ဖြစ်အောင် ထပ်မံဖောက်လုပ်သည့် တွင်စက်ထား ရာတိုက်ခန်း၊ ဖောက်လုပ်ပြီး ပြောင်းကို အထူ အပါး အကြီးအငယ် အလိုရှိရာ ဖြစ်အောင်သွေးသည့် စက်ထားရာ တိုက်ခန်း။ ၎င်းပြောင်းဆုံစက် ဝက်အူလိမ်မှ စ၍ အရပ်ရပ်ကိရိယာများကို လုပ်ဆောင်သည့်စက်ထားရာ တိုက်ခန်း။ နောက် ပိတ် တောကာ ဗာလီကွေးထိုးတန်မှစ၍ အရပ်ရပ် သေနတ်ကိရိယာ အသေး အနုပ် အကြီးအငယ်များကို ဆိုင်ရာဆိုင်ရာ အသီးအသီး တမျိုးတမျိုး လုပ်ဆောင်ရန် စက်အများနှင့် လုပ်ဆောင်သည့် စက်ခန်း။

ပကတိသံတုံးက လုံ့စွပ်ဖြစ်သည်တိုင်အောင် အဆင့်ဆင့် လုပ်ဆောင်သည့် စက်အမျိုးမျိုးထားရာ တိုက်ခန်း။ လောင်းပြီး သေနတ်အိမ်တုံးကို အလိုရှိရာ တခဏချင်း ပြီးအောင် ရွှေသင့်ရာ ဖြတ်သင့်ရာများကို ရွှေဖြတ်နိုင်သည့် လွှစက် ထားရာ တိုက်ခန်း။ ရွှေဖြတ်ပြီး သေနတ်အိမ်တုံးကို ဆုံစက်နှင့်တကွ ပြောင်း ထားရာ မြောင်းထွင်းသည့်စက်။ ၎င်း မြောင်းထွင်းပြီးကို ဝက်အူပေါက်မီးပြင်ရာ တောကာထားရန် နောက်ပိတ်တပ်ရန်မှစ၍ အရပ်ရပ် လုပ်ဆောင်ရန်ရှိသည်

များကို ခဏခြင်း ပြီးအောင်လုပ်သည့် စက်အမျိုးမျိုးထားရာ တိုက်ခန်း။ ပြောင်းလုံးနှင့် သေနတ်အိမ် တွယ်စပ်ပြီးလျှင် သေနတ်အိမ်ကို အလိုရှိရာ ချော စေသည့် ပွတ်စက်အမျိုးမျိုးထားရာ တိုက်ခန်း။ ကိရိယာများကို အပြည့်အစုံ ပေါင်းစု၍ သေနတ်ဖြစ်အောင် ဆင်လုပ်သည့် တိုက်ခန်း။ ပြောင်းဆေးဆိုးသည့် တိုက်ခန်းများ ပြည့်စုံစွာ ရှိပါသော်လည်း ဒံထက် အစိုးရကြီးတို့က လေးလေး မြတ်မြတ် နှလုံးမသွင်း ဂရုမစိုက်၊ အပေါ့သုက္က ကြောင့်ကြမဲ့နေသောကြောင့် မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား ၇-နှစ်တိုင်တိုင် ထီးနန်း စံတော်မူ သည့်အတွင်း ဗထက်ချိုက်ခေါ် နောက်ထိုးသေနတ် ၅၀၀-ကျော်မျှ ပြီးစီးခြင်း ရှိသည်။ ၎င်းသေနတ်စက်ရုံကား ၇-ရက် တပတ်လျှင် သေနတ် ၂၀၀၀-ပြီးအောင် လုပ်ဆောင်နိုင်သည်။ ၎င်းစက်ရုံတော်စောင့် အမှုထမ်း ၁၀-တို့မှာ တလလျှင် စပါးတော် ၁၀၅-တင်း သနားတော်မြတ် ခံရသည်။

## ၂၄၅—တံဆိပ်စက်ရုံ

သီလဝန္တ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ထူးဖြစ်တော်မူကုန်သော တိပိဋကတ္တယဆောက, သတ္တိဗလ, ဗျတ္တိဝိသေသဂုဏ်နှင့် ပြည့်စုံတော်မူကြသော မထေရ်အရှင်တို့အား ကပ်လှူရန် ရာဇဂုရု, ရာဇာဓိရာဇဂုရုအဆုံးရှိသော အက္ခရာဝဏ္ဏ ၃၅-လုံးဖြင့် စီကုံးသည့်ဘွဲ့။ ၂၈-လုံး၊ ၂၇-လုံး၊ ၂၆-လုံး၊ ၂၅-လုံး၊ ၂၄-လုံး၊ ၂၃-လုံး၊ ၂၂-လုံး၊ ၂၁-လုံး၊ ၂၀-လုံး၊ ၁၉-လုံး၊ ၁၈-လုံး၊ ၁၇-လုံး၊ ၁၆-လုံး၊ ၁၅-လုံး၊ ၁၄-လုံး၊ ၁၃-လုံး၊ ၁၂-လုံးစသည့် စီကုံးသော အတန်းအဆင့်ဆင့်အလိုက် ဘွဲ့တံဆိပ်တော် များကို လက်ကိုင်နှင့်တကွသော သံတုံးပေါ်တွင် ထုလုပ်ရခြင်း, ဧကရာဇ် မင်းမြတ်၏ဘွဲ့တော်ကို သံတုံးပေါ်တွင် ထုလုပ်ရခြင်းဖြစ်သော မင်းနှင့်ဆိုင်သည့် တံဆိပ်တော်၊ တကြောင်းစာချွန်, နှစ်ကြောင်းစာချွန်ရေး ထန်းဖူးညွန့်ရှည်တွင် ရိုက်နှိပ်ရန် သံတုံးပေါ်တွင် ထုလုပ်ရသည့် တံဆိပ်တော်၊ ရွှေဒင်္ဂါး, ငွေဒင်္ဂါး, ရွှေမတ်စေ့, ငွေမတ်စေ့, မူးစေ့, ပဲစေ့, ငါးမူးစေ့, ခဲပိုက်ဆံ, သံပိုက်ဆံ, ကြေးနီ ပိုက်ဆံများတွင် ခတ်နှိပ်ရန် သံမဏိပေါ်တွင် ထုလုပ်ရသည့် တံဆိပ်တော် အရပ်ရပ်ကို တံဆိပ်ဝန် ဆင့်ဆိုရာနာခံ၍ တံဆိပ်စက်ရုံ အမှုထမ်းတို့က ထုလုပ် ထမ်းရွက်ရသည်။ ၎င်း စက်ရုံအမှုထမ်း ၅-တို့မှာ တလလျှင် စပါးတော် ၁၀၀-တင်း သနားတော်မြတ် ခံရသည်။

## ၂၄၆–ဆန်ကြိတ်စက်ရုံ

စပါးတော်များကို ဆန်ကြိတ်စက်ရုံတော်က ကြိတ်ဖွပ်ပြီးလျှင် လစဉ်မပျက် တံဆိပ်တော်ရ ဆရာတော်တပါးလျှင် ၅-တင်း, ဆဲ့ငါးတင်း, အတင်း ငါးဆယ် ခြောက်ဆယ်အထိ အသီးအသီး လှူဒါန်းတော်မူသည့်ဆန်တော်။ ထို့ပြင် တလ လျှင် ဆန်တော် ၇-တင်း ၂-စိတ်ကျ လှူတော်မူသည့် ပဌမစာချပုဂ္ဂိုလ် ၃၆-ပါး။ ၅-တင်းကျ လှူတော်မူသည့် ဒုတိယစာချပုဂ္ဂိုလ် ၁၁၂-ပါး။ ၃-တင်း ၂-စိတ်ကျ လှူတော်မူသည့် တတိယစာချပုဂ္ဂိုလ် ၁၆-ပါး။ သက္ကရာဇ် ၁၂၃၅-ခုနှစ် စာရင်း အရ စုစု ၁၆၄-ပါး။ တံဆိပ်တော်ရ ဆရာတော် ၇၅-ပါး။ ၂-စုပေါင်း ၂၃၉-ပါး ကို အလစ်အလပ် မရှိရအောင် မဟာဒါန်ဝန်, မဟာဒါန်စာရေးတို့က ကျောင်း တိုက်ရောက် ပို့ကပ် လှူဒါန်းရသည်။ ထိုမှတပါး အသုံးတော်ရှိသမျှ ဆန်တော် များကို ကြိတ်ဖွပ်ဆက်သရသည်။ ၎င်းဆန်ကြိတ်စက်ရုံတော်စောင့် အမှုထမ်း ၅-တို့မှာ တလလျှင် စပါး ၅၅-တင်း သနားတော်မြတ် ခံရသည်။

## ၂၄၇–လျှပ်စစ်မီးစက်ရုံအမှုထမ်း

ရှေးအခါက မရှိ၊ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီးလက်ထက် တော်တွင်မှ အနောက်နိုင်ငံက ဝယ်ယူရရှိ၍ တောင်ဉယျာဉ်တော်အတွင်း လျှပ်စစ်မီးစက်ရုံတော် တည်ထားပြီးလျှင် စက်ရုံတော်အမှုထမ်းတို့ နေ့ညဉ့် စောင့်နေ ထမ်းရွက်ရသည်။ ၎င်းအမှုထမ်း ၁၆-တို့မှာ တလလျှင် စပါးတော် ၂၆၆-တင်း သနားတော်မြတ် ခံရသည်။

## ၂၄၈–ဒင်္ဂါးစက်ရုံ

သက္ကရာဇ် ၁၂၂၇-ခုနှစ် တန်ဆောင်မုန်းလ ရွှေနန်းတော် သစ်တပ်အတွင်း ပဟိုရ်စင်မြောက် ဒင်္ဂါးခတ်လုပ်စေရန် အုတ်အင်္ကတေတို့ဖြင့် ကြီးကျယ်ခိုင်ခံ့ စွာ တည်ရှိသည့် စက်ရုံတော်ကြီးတွင် ငွေရည်ကျိုရာ တိုက်ခန်း၊ ငွေပြားကြီး ကြိတ်ရာ တိုက်ခန်း၊ ၎င်းကြိတ်ပြီးငွေပြားကို ပြော့ပျောင်းအောင် ဆေးရည် ခတ်ရည်စိမ်ရာ တိုက်ခန်း၊ ၎င်းငွေပြားကို ညီညွတ်အောင် အဆင့်ဆင့် သံလုံး စက်ဖြင့် ကြိတ်လုပ်သည့်တိုက်ခန်း၊ ငွေပြားကြီးကို ဒင်္ဂါးပြား, ငါးမူးပြား,

မတ်စေ့ပြား, မူးစေ့ပြားဖြစ်အောင် ဖောက်စက်နှင့် ဖောက်ယူသည့်တိုက်ခန်း၊ ဖောက်ပြီးဒင်္ဂါးကို ထောင့်ဘီရာတိုက်ခန်း၊ ထောင့်ဘီပြီးဒင်္ဂါးကို ပြောင်ပျောင်းအောင် ထပ်မံလုပ်ဆောင်သည့် တိုက်ခန်း၊ ဒင်္ဂါးကို ဖြူစင်သန့်ရှင်းအောင် ဆေးရည်,ခတ်ရည်တို့ဖြင့် ဆေးကြောသည့် တိုက်ခန်း၊ ၎င်း ဆေးကြောပြီး ဒင်္ဂါးများကို ပွတ်သပ်သည့် တိုက်ခန်း၊ ပွတ်သပ်ပြီး ဒင်္ဂါးများကို အရုပ်ပန်း ထောင့်စိတ်ဖြစ်အောင် ရိုက်သည့်စက်ခန်း၊ ၎င်းရိုက်ပြီးဒင်္ဂါးများကို ချိန်မှတ်ရန် ချိန်ခွင်ထားသည့် တိုက်ခန်းများ ပြည့်စုံအောင် လုပ်ဆောင်ပြီးသည်ဖြစ်၍ သက္ကရာဇ် ၁၂၂၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက်၊ စနေနေ့ နံနက် တချက်တီးကျော်အချိန် အခါတော်နှင့် အမြောက်သံ ၃-ချက် ကြားပြီးလျှင် ဥဒေါင်းရုပ်တံဆိပ်ပြင် မြန်မာရေးအက္ခရာနှင့် အရုံတံဆိပ်တော်ဘဖက်၊ စုံပန်းနွယ် ၎င်းဖျားတပ်လျက် ၎င်းအတွင်း ဘဝရှင်မင်းတရားကြီးဘုရား နန်းတက်တော်မူသည့် မြန်မာသက္ကရာဇ် ၁၂၁၄ ခု၊ ၎င်းအထက် ကျပ်သုံးဒင်္ဂါး၊ ၎င်း ပန်းနွယ်ပြင် မြန်မာဘာသာရေး အရုံအက္ခရာ ရတနာပုံနေပြည်တော် တဖက်နှင့် ကျပ်သုံးဒင်္ဂါးတော်များကို ခတ်လုပ်စေ၍ တိုင်းကြီး ပြည်ကြီးအင်္ဂါနှင့် အညီ တိုင်း ခရိုင် နိုင်ငံတော်အတွင်း အနှံ့အပြား သုံးစွဲကြရ၏။

ထို့နောက် ငွေငါးမူးစေ့၊မတ်စေ့၊မူးစေ့၊ ပဲစေ့များနှင့် သံပိုက်ဆံ၊ ကြေးနီပိုက်ဆံ၊ ခဲပိုက်ဆံများကိုလည်း ခတ်လုပ်စေ၍နိုင်ငံတော်အတွင်း သုံးစွဲကြရသည်။ ထို့ပြင် ရွှေဒင်္ဂါး၊ ရွှေမတ်စေ့၊ ရွှေမူးစေ့များကိုလည်း ခတ်လုပ်စေသည်။

## ၂၄၉–မီးစက်ကိုင်အမှုထမ်း

မီးစက်ကိုင် အမှုထမ်း ၅-တို့မှာ တလလျှင် စပါးတော် ၅၅-တင်း သနားတော်မြတ် ခံရသည်။

## ၂၅၀–စက်ရုံအမျိုးမျိုး အမှုထမ်း

စက်ဘက်၌ နက တတ်ကျွမ်းနားလည်သူများဖြစ်ကြသော စက်ရုံအမျိုးမျိုး အမှုထမ်း ၅၇-တို့မှာ တလလျှင် စပါးတော် ၁၄၄၂-တင်း သနားတော်မြတ် ခံရသည်။

## ၂၅၁—ပန်းဘဲအမှုထမ်း

လွှတ်တော်က အလိုရှိသည့်အခါ ပန်းဘဲဝန်၊ ပန်းဘဲးစာရေးတို့ ဆင့်ဆိုရာ နာခံ၍ ငှက်ကြီးတောင်ဓား၊ လင်းကင်းဓား၊ ဦးချွန်းဓား၊ ဦးဝိုက်ဓားစသော ဓားလွှယ်တော်များ၊ မိုးနဲရွှေလှံ၊ စစ်အောင်လှံ၊ အဲမောင်းလှံစသော လက်နက်တော်များ၊ ထို့ပြင် ဓားမ၊ ပုဆိန်၊ တူးရွင်း၊ ပဲကွပ်၊ စူး ဆောက်မကျန် သံနှင့်စပ်လျဉ်းသည့် ဝတ္ထုပစ္စည်းများကို ပန်းဘဲအမှုထမ်းတို့က လုပ်ကိုင်ထမ်း ရွက်ရသည်။ ၎င်း ပန်းဘဲအမှုထမ်း ၂၅၃-တို့မှာ စပါးတော် ၅၅၈၂-တင်း သနား တော်မြတ်ခံရသည်။ ဖိုသူကြီးကား–မောင်တာရဲဖြစ်သည်။

## ၂၅၂-ကုလားပန်းရန်အမှုထမ်း

စေတီ၊ ဂူ၊ ကျောင်းတို့မှတပါး ရွှေနန်းတော် အတွင်းပြင် အုတ်အက်တေဖြင့် လုပ်ဆောင်ရန်ရှိသည့်အခါ အုတ်ဝန် ဆင့်ဆိုရာနာခံ၍ ကုလားပန်းရန်အမှုထမ်း တို့က လုပ်ဆောင်ထမ်းရွက်ရသည်။ ၎င်းအမှုထမ်း ၂၀-တို့မှာ တလလျှင် လစာငွေတော် ၅၅ဝ-သနားတော်မြတ်ခံရသည်။

## ၂၅၃-သင်္ဘောစုအမှုထမ်း

၂-ပင်တိုင် ပင်လယ်ကူး စကြာယာဉ်ပျံသင်္ဘောတော်၊ မြစ်ကြောင်းသွား ရတနာယာဉ်ကျော်သင်္ဘောတော်၊ ရေနန်းစကြာသင်္ဘောတော်၊ မြနန်းစကြာ သင်္ဘောတော်၊ စကြာယဉ်မွန်သင်္ဘောတော်၊ တုလွတ်ယာဉ်ပျံသင်္ဘောတော်၊ ရတနာယာဉ်မွန်သင်္ဘောတော်၊စကြာရန်လွင့်သင်္ဘောတော်၊တုလွတ်ယာဉ်ကျော် သင်္ဘောတော်မှစ၍ နောက်စက်၊ ဘေးစက်ဖြင့် ခုတ်မောင်းသည့် သင်္ဘောတော် ကြီးများ၊ ထိုမှတပါး ငါးကြင်းမြီးခေါ် နောက်စက်နှင့်ခုတ်မောင်းသည့် အငယ် စား သင်္ဘောတော်များရှိရာ ကိစ္စကြီးငယ်မရှိလျှင် ရေဝတီမြစ်ဆိပ်ကမ်းတွင် စီတန်းဆိုက်ကပ်ထားရသည်။

စကြာယာဉ်ပျံသင်္ဘောတော်မှာ ရေလယ်တွင် ကျောက်စွဲ၍ ထားရသည်။ တော်သလင်းလ ရေသဘင်ပွဲတော်အခါမှသာလျှင် တုလွတ်ယာဉ်ကျော်သင်္ဘော တော်နှင့် ပြိုင်ရသည်။ ပြိုင်တိုင်းပင် စကြာယာဉ်ပျံသင်္ဘောတော်က နိုင်သည်။

ယင်းသည့် သတော်ာတော်များက ကပ္ပိတန်ကို“ သတော်ာတော်စီး ”ဟု ခေါ်ရသည်။ ရေကြောင်းပြ တက်မကိုင် မီးထိုး စက်ဆရာ ခရာသီ မာလိန် ဆလင်စသည်များမှာ မြန်မာလူမျိုးချည်း ဖြစ်ကြသည်။ဧင်းသတော်ာစု အမှုထမ်း ၅၆၄ တို့မှာ တလလျှင် လစာငွေတော် ၅၅၄၄၊ ၂-မတ် သနားတော်မြတ်ခံရသည်။

## ၂၅၄-သမ္ဗန်အစုအမှုထမ်း

ဆိပ်ခံသမ္ဗန်, တွဲသမ္ဗန်မှစ၍ သံကိုစပ်လုပ်သည့် သမ္ဗန်တော်, ကျွန်းကို စပ်လုပ်သည့် သမ္ဗန်တော်ကြီး အများရှိသဖြင့် ဧင်းသမ္ဗန်တော်များကို အမြဲစောင့်ရှောက်ရသည်။ ဧင်းသမ္ဗန်အစု အမှုထမ်း ၁၀၈-တို့မှာ တလလျှင် လစာငွေတော် ၇၁၅-သနားတော်မြတ် ခံရသည်။

## ၂၅၅-လှေခုတ်လက်သမား

ခတ်လှေတော်၊ လှော်လှေတော်၊ လှော်ကားတော်များနှင့်တကွ သားလှေ၊ ငှက်လှေ၊ သံလှေများကို လွှတ်တော်ကဆင့်ဆိုလျှင် ခုတ်လုပ်ထမ်းဆောင်ရသည်။ လှေခုတ်လက်သမား ၂၆-တို့မှာ တလလျှင် လစာငွေတော် ၅၇၅-သနားတော်မြတ်ခံရသည်။

## ၂၅၆-သရပတ်အမှုထမ်း

ဖောင်တော်၊ လှေတော်များကို ရေမယိုရအောင် အုန်းဆံ ရေနံ ပွက်လျက်တို့ဖြင့် လုံခြုံအောင် ဖာထေးရသော အမှုထမ်းဖြစ်သည်။ ဧင်းသရပတ်အမှုထမ်း ၂၀-တို့မှာ တလလျှင် လစာငွေတော် ၂၁၀-သနားတော်မြတ် ခံရသည်။

## ၂၅၇-လှေအစုအမှုထမ်း

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက် သက္ကရာဇ် ၁၂၄၂-ခု၊ သီတင်းကျွတ်လ ရေကြောင်းဌာနချုပ် အတွင်းဝန် စလေမြို့စား မင်းကြီး သီရိမဟာဇေယျကျော်ထင်က—“ရေကြောင်းသက်ဝင်ရာပါ လှော်ကားတော်၊ ခတ်လှေတော်၊ လှော်လှေတော်မှစ၍ အဝေးအနီး လက်ရှိလှေတော်အမှုထမ်း

လူလေးထောင်ကျော်တို့မှာ မင်းအဆက်ဆက် လှေတော်နှင့်သာ တက်စွဲ၍ အမှုတော်ကို ထမ်းရွက်ပါရသည်။

ဘုရားရှေလက်ထက်တော်မှာ တိုင်းပြည် နိုင်ငံမှုများ ကိုးဌာနခွဲဝေရာ ရေကြောင်းစစ်မှုတဌာန ပါရှိသည့်အတိုင်း ထိုလှေတော်အမှုထမ်းလူတို့ကို သေနတ်အစုအမှုထမ်းလူတို့ကဲ့သို့ လစာငွေတော် သနားတော်မြတ်ခံစေ၍ သေနတ်ပေးအပ် စွဲကိုင်စေပြီးလျှင် လှော်ကားတော်ကြီး လေးစင်းကို အရင်းပြု၍ သင့်ရာလှေတော်ချင်း ဖက်တွဲ ပေါင်းစပ်ပြီး အထက်ခန့်ထားရှိသည့် ဖောင်ဝန်နှင့် ပြည်လုံးအုံ လှေသင်းဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ ထို့ပြင် လှေသင်းဗိုလ်-၃၊ လှေသင်းစာရေးကြီး-၁၊ ဖောင်စာရေး-၁၊ လှေသင်းစာရေး-၈၊ သဘောစာရေး-၁ ခန့်ထားထမ်းရွက်စေလျှင် ရေကြောင်းနှင့်စပ်၍ တစုံတရာရေးကြောင်းရှိသည့်အခါ အခြားသေနတ်အစု အမှုထမ်းတို့ ကူပံ့ခြင်း မရှိစေရ၊ တကြောင်းတဝ အမှုတော်ကို သီးခြားထမ်းရွက်နိုင်ရန် ရှိကြောင်း”နှင့် လျှောက်ထားသည့်အတိုင်း ခွင့်ပြု၍ လှေအစုအမှုထမ်းတို့ကို သေနတ်ပေးအပ် စွဲကိုင်စေပြီးလျှင် အီတာလျံ ကျွန်တော်မျိုး ရေကြောင်းဗိုလ် ကောင်မိုတို၊ ပြင်သစ် ကျွန်တော်မျိုး ဘန်တပ်ပေါတို့ ကြီးကြပ်စေ၍ စစ်အတတ် ပညာများကို သင်ကြား ထမ်းရွက်စေရသည်။ ၎င်းလှေအစု အမှုထမ်း ၅၄၆၆-တို့မှာ တလလျှင် လစာငွေတော် ၄၇၈၉၉-သနားတော်မြတ်ခံရသည်။

## ၂၅၈-ဖောင်တော်အမှုထမ်း

ပြည်ကြီးမွန်ဖောင်တော် ကရဝိက်ဖောင်တော် သက်နက် မဟာပါသာဒ ပဥ္စရူပစသော ဖောင်တော်ကြီးများမှာ မြစ်နား ဆိပ်နားတွင် ဖြစ်၍ ဦးပဲ့ ကြိုးကျား ခိုင်လုံအောင် ဖောင်တော်အမှုထမ်းတို့က တည်ထားပြီးလျှင် အလှည့်ကျ စောင့်ရသည်။ ၎င်းဖောင်တော် အမှုထမ်း ၅၄-တို့မှာ တလလျှင် လစာငွေတော်-၆၉၀ သနားတော်မြတ်ခံရသည်။

## ၂၅၉-ရွှေလွန်အမှုထမ်း

တောဆင်းရိုင်းနှင့်ရ၍ အောက်မားတော်မ-က မွေးသော ခနက်ပလာ ဆင်ငယ်မှစ၍ တောတွင်ပျော်ပါး ကျက်စားကာနေသော တောဆင်ရိုင်းကြီး

များကို ကျော့ဖမ်းရန်၊ ၁-စာမရီရေ၊ ၂-သစ်နက်ရေ၊ ၃-ပြောင်ရေ၊ ၄-ဆတ်ရေ၊ ၅-ကျဲရေ၊ ၆-န္ဓားရေ၊ ၇-ဝံရေ၊ သည် သားရေခုနစ်မျိုးကို ပေါင်းစု၍ ရွှေလွန် အမှုထမ်းတို့က ကျစ်လုပ်ရသည်။ ပြီးလျှင် ဓနက်ပလာဆင်ဝန်သို့ အပ်ရသည်။ လွန်ခုနစ်မည်ကြိုးကျစ်ရန် သားရေများကို ဓနက်ပလာ ဆင်ဝန်က လုံလောက် အောင် ပေးရသည်။ ၎င်း ရွှေလွန်အမှုထမ်း ၃-တို့မှာ တလလျှင် စပါးတော် ၅၀-တင်း သနားတော်မြတ်ခံရသည်။

## ၂၆၀-ဆင်မင်းမြက်ပို့

ရွှေနန်းတော်အတွင်း မြေနန်းတော် အရှေ့တောင်ယွန်းတွင် နှစ်ထပ် လည်ပေါ်တင်းကုပ်နှင့် ထားရှိသည့် ဆင်ဖြူတော်များအတွက် ကောင်းမွန် လတ်ဆတ်သော မြက်များကို အထုံးပြုလုပ်၍ နေ့စဉ်အဘို့ လုံလောက်စွာ ပို့သွင်း ထမ်းရွက်ရသည်။ ၎င်းမြက်ပို့ အမှုထမ်း ၇-တို့မှာ တလလျှင် လစာ ငွေတော် ၇၅ိ-သနားတော်မြတ် ခံရသည်။

## ၂၆၁-ဆင်တိုင်

ရွှေနန်းတော်သစ်တပ် မြောက်မျက်နှာ လက်ဝဲ ဝင်းတံခါးရှိ ဆင်တင်းကုပ်, အရှေ့မျက်နှာ လွှတ်တော်မြောက်ဘက်ရှိ ရွှေးတင်းကုပ် မြေနန်းလက်ဝဲဆောင် တော် အနောက်မြောက်ဘက်ရှိ ရွှေနန်းကျက်သရေ ဆင်တင်းကုပ်တော်များ တွင် ၁၅-ရက်လျှင် တကြိမ် အိပ်ဖန်လှည့်ကျသည့်အတိုင်း ဝင်းတင်းကုပ်တွင် ဝင်းဆင်တော်, ရွှေးတင်းကုပ်တွင် ရွှေးဆင်တော်, ရွှေနန်းကျက်သရေတင်းကုပ် တွင် ထူးဆင်တော်များ တက်ရောက်ထမ်းရွက်ကြရသည်။ ၎င်းဆင်တော်များကို ကျွေးမွေးရန် တောင်ဆင်တိုင်ခေါင်း မောင်စု၊ မြောက်ဆင်တိုင်ခေါင်း မောင်ထွားတို့က ကြပ်မတ်၍ ကောင်းမွန်လတ်ဆတ်သည့် မြက်ထုံးများကို နေ့စဉ် ပို့သပြီးကာလ မြတ်ထုံးရေ မည်မျှ ဖြစ်ကြောင်းကို ဆင်စာချီထံ စာရင်းချပေး ရသည်။ ၎င်း ဆင်တိုင်အမှုထမ်း ၆၁-တို့မှာ တလလျှင် လစာငွေတော် ၆၆၀ိ- သနားတော်မြတ် ခံရသည်။

## ၂၆၂-ကျုံးမှူး

တောဆင်ရိုင်းကို အောက်မားတော်များနှင့် အောက်ငင်ရာ ကြန်လက္ခဏာ ကောင်းသော ၎င်း တောဆင်ရိုင်းကား တိရစ္ဆာန် အထီးသည် မျိုးဇာတ်တူ တိရစ္ဆာန်မကို ဓမ္မတာ သဘာဝအတိုင်း မက်မောခြင်းကိစ္စကြောင့် အောက်မားတော် မှန်းဆင်မ သွားရာသို့ မခွဲမခွါပဲ အမြဲလိုက်ပါနေပြီ ဖြစ်သောအခါ ၎င်းအောက်မားတော် ဆင်အုပ်ကို တတောမှ တတော၊ တရွာမှ တရွာရောက် တရွေ့ရွေ့ဖြင့် လူစီးခံသော အောက်မားတော်သည် ရှေ့က လမ်းပြကာ လာခဲ့ရာ ရာဇဌာနီ မင်းနေမြို့တော်ရှိ ဆင်ကျုံးအနီး ဇောင်းကလောကန်ကြီးအတွင်း ရောက်သောအခါ ၎င်း ကန်တွင်းမှာ ထားရသည်။

နောက်တရက် ဆင်အရာရှိတို့ စုံလင်စွာလာကြ၍ ဗလခွန်အားနှင့် ပြည့်စုံသည့် စွယ်ရောင်ပြ ဆင်ပေါက်ကြီးများကို ဦးစီး နောက်ထိုင် လုံ့ရှည်ကိုင် အပြည့်အစုံတင်၍ ဆင်ရိုင်း မထွက် မသွားနိုင်ရန် ခတ်လှမ်းလှမ်း၊က ဝိုင်းရံထား စေရသည်၊ အကယ်တန္တု တောဆင်ရိုင်း ထွက်ပြေးလျှင် ဝန်းရံလျက်ရှိသည့် စွယ်ရောင်ပြ ဆင်ပေါက်ကြီးများက ဆီး၍ထိုးစေသည်၊ လုံ့ရှည်ကိုင် မှိန်းကိုင်တို့ကလည်း စွယ်ရောင်ပြ ဆင်ဘက်က ကူညီကြရသည်။

ထို့နောက် ဆင်တကောင်သာလျှင် သွားသာသော ဝင်မောင်းသို့ မှန်းဆင်မ ဝင်သွားစေရန် စီးဆင်မ-ထက်ရှိ ဦးစီးက ခိုင်းစေလိုက်သောအခါ ဝင်သွားသဖြင့် တောဆင်ရိုင်းလည်း နောက်ထပ်ဝင်၍ လိုက်လေသည်ဖြစ်၍ ဆင်ကျုံးအတွင်း ရောက်လေလျှင် ကျုံးရဲသားဟို့က တောဆင်ရိုင်းကို အမျိုးမျိုး ကစားကြရသည်၊ ဆင်ရိုင်းက လူကို အတင်းလိုက်၍ ရန်မူသည်၊ ဤအခါ လူမှာ တုပ်တိုင်တွင်းသို့ ဝင်ပြေးသဖြင့် လွတ်လေ၏။

ဤကဲ့သို့ အကြိမ်ကြိမ် ကစား၍ တောဆင်ရိုင်း မောပန်းလောက်သည့်အခါ ဆင်တကောင်သာ သွားနိုင်သည့် အုတ်အင်္ဂတေတို့ဖြင့် အခိုင်အမာ ပြုလုပ်ထားသည့် ထွက်မောင်းမှ မှန်းဆင်မ ထွက်သွားစေသော် တောဆင်ရိုင်းလည်း နောက်ထပ်လိုက်၍ အမြောင်တွင်းသို့ ရောက်သည့်ကာလ အပေါ်၌ ဆွဲတင်ထားသော "ကံ့ကူဆံတုံး" ခေါ် သစ်လုံးကြီးများကို ရှေ့နောက်ပိတ်မိအောင် အောက်သို့ချလိုက်ရာ တောဆင်ရိုင်းမှာ မဆုတ်သာ မတက်သာ ရှိလေ၏။

ဤတွင်မှ ကျုံးစောင့်တို့က ရှေ့လက် ၂-ဖက်၊ နောက်ခြေ ၂-ဖက်ကို ပူးတွဲ၍ လွန်ကြိုးဖြင့် မြဲစွာချည်တုပ်ကြရသည်၊ ပြီးလျှင် ရှေ့ကပိတ်ထားသည့် ကံ့ကူဆံတုံးများကိုဖွင့်၍ ဆင်ရိုင်းကိုလည်း လွန်ကြိုးဖြင့် လူအများ ဆွဲထုတ်ပြီးလျှင် အသင့် ခိုင်ခံ့စွာစိုက်ထားရှိသည့် စက်တိုင်ဒလက်တွင် လွန်ကြိုးဖြင့် ဆွဲထားရသည်။

ဆင်ရိုင်းမှာ ရှေ့လက် ၂-ဖက်မြေသို့ ထောက်လျှင် နောက်ခြေ ၂-ချောင်းမှာ မြေသို့ မထောက်မိပဲ နေရသည်၊ ဤကဲ့သို့ ထားပြီးမှ တစတစ အစာရေစာ ကျွေးမွေးပြီးကာလ ဝါးလုံးအဖျားကို အစိတ်စိတ်ခွဲ၍ ၎င်း ဝါးလုံးဖျားနှင့် ဆင်ကိုပုတ်ရခြင်း၊ လူတက်စီးခြင်း၊ အနှိမ် အမြှောက်မှ စ၍ သင်ပြီးလျှင် ကောင်းစွာ ယဉ်ကျေးအောင် နည်းလမ်းရှိရာ ပြုလုပ်ခြင်းတို့ဖြင့် ပြုလုပ်ပြီး ကာလ ဆင်ဝန်သို့အပ်ရသည်။

ကျုံးမှူးဆိုသည်မှာ ဆင်ကျုံးသို့ရောက်လာသည့် တောဆင်ရိုင်းကို ဆင်ယဉ်ဖြစ်အောင် ပြုလုပ်ရန် တာဝန်နှင့် ယရည်းမှူး ကျုံးစောင့်များအပေါ် ကြီးမှူးရသူဖြစ်သည်၊ ၎င်း ယရည်းမှူး ကျုံးစောင့်အမှုထမ်း ၃၀-တို့မှာ တလလျှင် စပါးတော် ၃၂၅-တင်း သနားတော်မြတ်ခံရသည်။ နောက်ဆုံး ဆင်မှူးမှာ မောင်မှုန် ဖြစ်သည်။

## ၂၆၃-ယရည်း

ကျုံးမှူး၊ ယရည်းမှူးတို့ အမိန့်ကို လိုက်နာ၍ ဆင်ကျုံးသို့ ရောက်လာသည့် တောဆင်ရိုင်းကို လူစီးခံခြင်း၊ အဆုတ် အတက် အနှိမ် အမြှောက်မှစ၍ တတ်ကျွမ်း ယဉ်ကျေးခြင်းဖြစ်အောင် သင်ကြားပေးရသော အမှုထမ်း ဖြစ်သည်။

## ၂၆၄-ဆင်စာချီ

ဆင်ဝန်၏ လက်အောက်ခံ၍ ဆင်နှင့်စပ်လျဉ်းသမျှကို လက်ကိုင်ပြုပြီးလျှင် စီမံဆင့်ဆိုခန့်ခွဲရသည်၊ ၎င်း ဆင်စာချီ ၅-တို့မှာ တလလျှင် လစာငွေတော် ၂၅ဝ သနားတော်မြတ်ခံရသည်။

## ၂၆၅-ဆင်အစီရင်

ဆင်တော်များနှင့်စပ်လျဉ်း၍ မကျန်းမာရှိကြောင်း မုန်ယိုကြောင်း တောသို့ ဝင်သွားကြောင်းမှစ၍ တစုံတရာ ထူးထွေသော အကြောင်းရှိတိုင်း စာဖြင့် ရေးသား၍ ဆင်စာချီထံသို့ အစီရင်ခံရသည်၊ ၎င်း ဆင်အစီရင် ၅-တို့မှာ တလ လျှင် လစာငွေတော် ၁၀ဝိ သနားတော်မြတ်ခံရသည်။

## ၂၆၆-ဆင်မှူး

ဆင်ကဲများနှင့် ဆင်ဦးစီး၊ နောက်ထိုင် ကုန်းလယ်စီး လုံကိုင်တို့အပေါ် ဆင့်ဆိုစီမံကြီးမှူးရသည်၊ ၎င်း ဆင်မှူး ၁၇-တို့မှာ တလလျှင် လစာငွေတော် ၃၆ဝိ သနားတော်မြတ်ခံရသည်။

## ၂၆၇-ဆင်ကဲ

ဆင်မှူး၏ လက်အောက်ခံ၍ ဆင်ဦးစီးများအပေါ် အကြီးအကဲပြုလုပ်စီမံ ထမ်းရွက်ရသည်၊ ၎င်း ဆင်ကဲ ၅-တို့မှာ တလလျှင် လစာငွေတော် ၇၅-ကျပ် သနားတော်မြတ်ခံရသည်။

သို့ဖြစ်သောကြောင့် "ဆင်မှူး, ဆင်ကဲ၊ ချွန်းစွဲ, လုံကိုင်၊ နောက်ထိုင်, ကိုယ်သယ်"ဟု ပညာရှိတို့ စပ်ဆိုလေသည်။ ချွန်းစွဲဆိုသည်မှာ ဦးစီးကိုဆိုသည်၊ လုံကိုင်ဆိုသည်မှာ ကုန်းလယ်စီးကိုဆိုသည်၊ နောက်ထိုင်ဆိုသည်မှာ ပဲ့စီးကို ဆိုသည်၊ ကိုယ်သယ်ဆိုသည်မှာ ကုန်းလယ်စီး မကျန်းမမာရှိ၍ ကိုယ်စားလှယ် လိုက်ရသူကို ဆိုသည်။

## ၂၆၈-ဆင်ဆေးသမား

ဆင်တော်များတွင် တစုံတရာ ရောဂါစွဲကပ်၍ မကျန်းမမာရှိလျှင် ဆေးဝါး တိုက်ကျွေးကုသရသူကို ဆင်ဆေးသမား ဆိုသည်၊ ၎င်း အမှုထမ်း ၅-တို့မှာ တလလျှင် လစာငွေတော် ၁၀ဝိ သနားတော်မြတ်ခံရသည်။

## ၂၆၉-ဆင်ဆောင်

ကောရာဇ်မင်းမြတ်သည် ရှေ့ခြောက်တပ်, နောက်ခြောက်တပ် ခင်းကျင်း၍ အဝေးအနီး ထွက်တော်မူသည့် အခမ်းအနား, တနှစ်လျှင် တန်ခူးလတကြိမ်, ဝါဆိုလတကြိမ်, သီတင်းကျွတ်လတကြိမ် ၃-ကြိမ် ၅-ရက် မြေနန်းပြာသာဒ် သီဟာသနရာဇပလ္လင်တော်သို့ ထွက်စံတော်မူ၍ ကန်တော့ခံတော်မူသည့် အခမ်းအနား, နန်းသိမ်း မြို့သိမ်း အခမ်းအနားများရှိသည့်အခါမှာငင်း၊ အဝေးအလံသို့ စစ်မက်ချီထွက်ရန်ရှိသည့်အခါမှာငင်း၊ တပ်ကြီးခင်းကျင်းပြသမည့်အခါမှာငင်း၊ အခြားကိစ္စနှင့် ဆင်တော်များလာရောက်ရန် အလိုရှိသည့်အခါမှာငင်း၊ မင်းမှု ကိစ္စ ရှိသမျှကို ထမ်းရွက်ရန် ဆင်စာချီတို့က အရှည်တည်ုရှိ ထန်းဖူးတွင် ဆင့်စာရေးသား ပေးအပ်ရှိလျှင် ဆင်ဆောင်တို့က ကျောက်သံပတ်ရှိဆင် ၂၇-စီး၊ ဆူးကားအရှေ့ရွာရှိ ဆင် ၈-စီး၊ ဆူးကားအနောက်ရွာရှိ ဆင် ၃၁-စီး၊ တောင်ကိုင်းရွာရှိ ဆင် ၅၃-စီး၊ ပိုဝရွာရှိ ဆင် ၅-စီး၊ သူရဲဆက်ရွာရှိ ဆင် ၁၄-စီး၊ မြို့တင်ရွာရှိ ဆင် ၁၃-စီး၊ မြေရွာရှိ ဆင် ၇-စီး၊ အဝမြို့ဆင်ကျုံးရှိ ဆင် ၇-စီး၊ မူးလွတ်ကျွန်းကျေးရွာရှိ ဆင် ၁၄-စီး စသော ဆိုခဲ့သည့် ဆင်တော်များ၏ ဦး, နောက်ပွဲ, ကုန်းလယ်စီးတို့ နေထိုင်ရာ ကျေးရွာအရပ်သို့ သွားရောက်ပြီးလျှင် ဆင့်စာပေးအပ်ရသည်၊ ဤကဲ့သို့ စေ့ဆော်အားထုတ်ရသော ဆင်ဆောင်အမှုထမ်း ၂၀-တို့မှာ တလလျှင် စပါးတော် ၂၁၅-တင်း သနားတော်မြတ်ခံရသည်။

## ၂၇၀–ထူးဆင်

ရတနာဆဲ့နှစ်မျိုးအဝင်အပါ လက္ခဏာနှင့်ပြည့်စုံသော မြီးဆံ နားရွက် ဦးကင်း ကျောက်ကုန်း ခြေနှစ်ဖက် လက်နှစ်ဖက်များတွင် ဖြူသော အမွေး ပေါက်ခြင်းဖြင့် လက္ခဏာ တစုံတရာ ချွတ်ယွင်းမရှိ သန့်စွမ်း ကြော့မော့စွာ ရှိသော မင်းတို့စီးထိုက်သော ဆင်ပေါက်ကို "ထူးဆင်တော်"ဟု ခေါ်၍ စာရင်း သီးခြား ထားရသည်။ ငင်းထူးဆင်တော်များမှာ ရွှေနန်းကျက်သရေ ဆင် တင်းကုပ်တွင် တလှည့်လျှင် ၁၅-ရက်တက်နေ ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ငင်းထူးဆင် ၁၅-စီး ရှိသည်။

## ၂၇၁–စီးစုဆင်မတော်

ဆင်မပင် ဖြစ်သော်လည်း မင်းတို့ စီးထိုက်သော ကြန်အင် လက္ခဏာနှင့် ပြည့်စုံသည် ဖြစ်သောကြောင့် ၎င်းဆင်မများကို "စီးစုဆင်မတော်" ခေါ်၍ စာရင်း သီးခြား ထားရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော်မှာ ၎င်းဆင်မျိုး ၁၈-စီး ရှိသည်။

## ၂၇၂–ထူးဆင်မတော်

အထက် အစဉ်နံပါတ် ၂၇၀-တွင် ပြဆိုခဲ့သည့် ထူးဆင်ပေါက်တော်များကဲ့သို့ ရတနာ ၁၂-မျိုး အဝင်အပါ လက္ခဏာနှင့်ပြည့်စုံခြင်းရှိသည့် ဆင်မတော်များ ဖြစ်၍ "ထူးဆင်မတော်"ဟု စာရင်း သီးခြား ထားရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ၎င်းဆင်မျိုး ၉-စီး ရှိသည်။

## ၂၇၃–စီးတော်ကြီး

ကြန်အင်လက္ခဏာများမှာ ထူးဆင်တော်များကဲ့သို့ မပြည့်စုံလှသော်လည်း မင်းစီးထိုက်သည့် ကြန်အင် လက္ခဏာ ပါသည်ဖြစ်သောကြောင့် "စီးတော်ကြီး" ဟု စာရင်း သီးခြား ထားရသည်။ ၎င်းဆင်မျိုး မန္တလေး ရတနာပုံ ဒုတိယ နန်းစံ မင်းတရားကြီးလက်ထက်တော် ၁၇-စီး ရှိသည်။

## ၂၇၄–ရွှေးဆင်

ဆင်တပ်တော်တွင် ပါဝင် အမှုထမ်းထိုက်အောင် အားခွန်ဗလ ကြန်အင် လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ ရွေးကောက်ခြင်းခံရသောဆင်ကို "ရွှေးဆင်"ဟု ခေါ်၍ စာရင်း သီးခြား ထားရသည်။ ရွှေနန်းတော်အတွင်း လွှတ်တော် မြောက်ဘက်ရှိ ရွှေးတင်းကုပ်တွင် တလှည့်လျှင် ၁၅-ရက်ကြာအောင် အိပ်ဖန် တက်နေ ထမ်းရွက်ရသည်။ ၎င်းဆင်တော်များမှာ ရွှေနန်းတော်သစ်တပ် အရှေ့မျက်နှာ တံခါးကသာလျှင် ဝင်ရ ထွက်ရသည်။ ထို့ကြောင့် ၎င်းတံခါးကို "ရွှေးတော်ယူတံခါး"ဟု သမုတ်ခြင်း ဖြစ်သည်။ မန္တလေး ရတနာပုံ ဒုတိယ နန်းစံ မင်းတရားလက်ထက်တော်မှာ ၎င်းဆင်မျိုး ၃၄-စီး ရှိသည်။

## ၂၇၅–ဝင်းဆင်

ရွှေနန်းတော် သစ်တပ် မြောက်မျက်နှာ လက်ဝဲဝင်းတံခါး အဝင်တွင်ရှိသည့် ဆင်တင်းကုပ်၌ တလှည့်လျှင် ၁၅-ရက်ကြာအောင် အိပ်ဖန်တက်နေ ထမ်းရွက်ရသော ဆင်တော်များဖြစ်သောကြောင့် "ဝင်းဆင်"ဟု ခေါ်ဝေါ် သမုတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ၎င်း ဆင်မျိုး ၃၄-စီး ရှိသည်။

## ၂၇၆–ထမ်းဆင်တော်

စစ်မက်ပေါ်ပေါက်၍ ချီတက်ရန်ကိစ္စ၊ အဝေးအလံသို့ ထွက်တော်မူသည့်ကိစ္စ တစုံတရာရှိသည့်အခါ လက်နက် ခဲယမ်း မီးကျောက်တော်များကို ဖြစ်စေ ဝန်တော်စည်တော်များကိုဖြစ်စေ တင်ဆောင်ရသည့်ဆင်ကို"ထမ်းဆင်တော်"ဟု ခေါ်ဝေါ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော်မှာ ၎င်း ဆင်မျိုး ၁၀-စီး ရှိသည်။

## ၂၇၇-ဝန်ရည်ဆင်တော်

ဝန်ကြီး အတွင်းဝန် ဝန်ထောက် မြို့ဝန် အဝေးဝန်တို့မှာ မင်းမှုကိစ္စနှင့် စပ်လျဉ်း၍ သွားရောက်ဆောင်ရွက်ခွင့်ရှိသည့်အခါ ဆင်ဝန်ထံသို့ တောင်းဆိုခဲ့လျှင် ပေးအပ်ရန် အသင့်ရည်ရွယ်ထားရသော ဆင်တော်များကို "ဝန်ရည်ဆင်တော်"ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ၎င်း ဆင်မျိုး ၆၅-စီးရှိသည်။

## ၂၇၈-မှိန်းသစ်ဆင်တော်

အများအားဖြင့် အရပ် ၂-တောင့် ၂-မိုက်၊ သို့မဟုတ် ၃-တောင်မျှမြင့်သည့် နောက်ပေါက်ဆင်ကလေးများနှင့် ညှိဖျင်းသည့် ဆင်ကြီးများကို "မှိန်းသစ်ဆင်တော်"ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ၎င်း ဆင်မျိုး ၁၃-စီးရှိသည်။

## ၂၇၉-ကျင်းဆင်

ထီးဖြူ သံလျင်းနှင့် စည်ရှမ်း၍ အခမ်းအနားစုံ ကျင်းပချဆောင်ခွင့်ရသည့် မသာတော်၊ ကတ္တီပါ ရွှေမှော်ကြဲ, ခါသာရွှေမှော်ကြဲ, ကြေးတဝန်း ပတ်တဝန်း တီးမှုတ်၍ ချဆောင်ခွင့်ရသည့် မသာတော်များမှာ ရိုးတော်ကောက်က ဗောင်းဖြူ မျောက်မြီး, ဝတ်ဖြူ ဆောင်းဆင်လျက် အစွယ်တဖက်ကျိုး ဆင်ပေါက် ပေါ်ကစီး၍ လိုက်ရသည်။ ၎င်းနောက် ဆင်မလိုက်ရသည်၊ ဤကျင်းဆင် ၂-စီးကို အချို့က ဆင်ပေါက် ဆင်မခေါ်သည်။ ၎င်းတို့၏အမည်မှာ ရွှေတောင်တည်နှင့် မင်းစံမတို့ဖြစ်သည်။ ရတနာပုံ ရွှေမြို့တော် အနောက်ပြင် အိကင်းရပ်တွင် ထားသည်။

## ၂၈၀-ဆင်မျိုးခွဲခြားပုံ

ဟိုင်းကား– အစွယ်မထွက်သည့် ဆင်မျိုး။

ဟန်ကား–အစွယ် ၂-ချောင်း သစ်ခွံထိုးထွက်သော ဆင်မျိုး။

တည်ကား–အစွယ်ရှည်တချောင်းသာ ပြင်သို့ထွက်သော ဆင်မျိုး။

တံကား–အစွယ်သစ်ခွံထိုးတချောင်းသာ ပြင်သို့ထွက်သော ဆင်မျိုးဟူ၏။

ထို့ကြောင့် အနုရုဒ္ဓဒေဝမင်းကြီး လက်ထက် သက္ကရာဇ် ၃၉၅-ခု၊ တပေါင်းလဆန်း ၁၂-ရက် သောကြာနေ့တွင် မင်းရဲစစ်နိုင်အမည်ရှိသော အမတ်သည် မြို့တည်အံ့ဟု မြေကို သုတ်သင်ပြုစုစဉ် မြောက်မျက်နှာက ဆင်ဟိုင်းတစီး တက်လာ၍ အရှေ့မျက်နှာသို့ ထွက်သွားသည်၊ ထိုနေ့မှပင် စ၍ မြို့တည်သည်၊ ဆင်ဟိုင်းတက်လာသည်ကို အစွဲပြု၍ "ဟိုင်းတက်မြို့"ဟု သမုတ်သည်။ နောက်အခါ ကာလရွှေလျောသဖြင့် "လှိုင်းတက်မြို့"ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

## ၂၈၁-ဆင်အမှုထမ်း

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်တွင် ဆင်တော်လက်ရှိဦးစီး, နောက်ပဲ့အမှုထမ်း ၅၇၀-ရှိသည်။ ၎င်းတို့မှာ လယ်မြေပယ်ပေါင်း ၅၇၀-ကို အစား သနားတော်မြတ် ခံရသည်။

## ၂၀၂-အောက်မားစာရေး

နှစ်စဉ် ဝါကျွတ်သည့်ကာလ အောက်မားတော်များ တောဝင်ရန်ကိစ္စ၊ ထိုနောက် အောက်မားတော်များ အောက်ငင်ခဲ့၍ တောဆင်ပါလာသည့်အခါ ၎င်းတောဆင်ပေါက်ကို ဆင်ကျုံးမရောက်မီကပင် လက္ခဏာကို သေချာအောင် ဖတ်၍ လက္ခဏာရှိတိုင်း ရေးမှတ်ပြီးလျှင် အောက်မားဝန်ထံ အစီရင်ခံရန်ကိစ္စမှ စ၍ မင်းမှုတော်ရှိသမျှကို စီမံခန့်ခွဲရသည်။ ယင်းသည့် အောက်မားစာရေး ၂-တို့မှာ တလလျှင် လစာငွေတော် ၁၀ဝိ-သနားတော်မြတ်ခံရသည်။

## ၂၀၃—အောက်မားနှင့် ဆိုင်သည့် ဆင်အစီရင်

အောက်မားတော်များ မကျန်းမမာရှိသည့်အခါ ဖြစ်စေ၊ သေသည့်အခါ ဖြစ်စေ၊ တောဆင်ရိုင်းနှင့် ကျ၍ ဆင်ငယ်များ တိုးပွါးလာသည့်အခါ ဖြစ်စေ၊ အောက်မားတော်များနှင့် စပ်လျဉ်းသည့်ကိစ္စ တစုံတရာ ပေါ်ပေါက်သည့်အခါ တိုင်း စာနှင့်ရေးသား၍ အောက်မားစာရေးထံ အစီရင်ခံရသည်။ ယင်းသည့် ဆင်အစီရင် ၅-တို့မှာ တလလျှင် လစာငွေတော် ၁၀ဝိ သနားတော်မြတ်ခံရသည်။

## ၂၀၄—အောက်မားနှင့်ဆိုင်သည့်ဆင်မှူး

အောက်မားဝန်၊ အောက်မားစာရေး၊ ဆင်အစီရင်တို့ ဆင့်ဆိုရာ နာခံ၍ အောက်မားဆင်တော် ဦးစီးနောက်ပဲ့ အမှုထမ်း လူပေါင်း ၂၂၀-တို့ အပေါ် ဆင့်ဆိုစီမံ ကြီးမှူးရသည်။ ယင်းသည့် ဆင်မှူး ၅-တို့မှာ တလလျှင် လစာငွေ တော် ၁၀ဝိ သနားတော်မြတ် ခံရသည်။

## ၂၀၅—အောက်မား အမှုထမ်း

စလင်း ၇-သင်း၊ အဝ ကိုးသင်း၊ မင်္ဂလာ လေးသင်း၊ ရဲပတိုင်းလေးသင်း၊ ပြည်လေးသင်း ဟူ၍ အသီးအသီး ရှိသောကြောင့် ယင်းသည့် အောက်မား ဆင်တော် ဦးနောက်ပဲ့ ၂-ယောက်ကျ အမှုထမ်းလူ ၂၂၀ ရှိရာ၊ ၎င်းတို့မှာ တလ လျှင် လစာငွေတော် ၂၂၀ဝိ သနားတော်မြတ် ခံရသည်။

## ၂၈၆–ဆင်မင်းဝန်ထောက်

မောရိယပစ္စယနာဂရာဇာ, ကျောက်စီရွှေဘွဲ့တပ်တော်မူပြီးလျှင်အရံကျေးရွာ သုံးဆယ်ကျော်ရှိသော ပတ္တနဂိုရ်မြို့နှင့်တကွ ထည်မျိုးအုပ်မျိုးများကို လက်ဖွဲ့ တော်မူ၍ ရွှေနန်းတော်အတွင်း မြေနန်းတော်အရှေ့တောင်ယွန်းတွင် တန်ဆောင်း ပြာသာဒ်နှင့်ထားတော်မူသော ဆင်မင်း၏ နားခံ၊စာရေးကြီး၊နောက်တော်ထိုင်၊ ဆင်မင်းပျော်ဘွယ် အမှုထမ်းတို့ကို မင်းမှုကိစ္စနှင့် ဆင့်ဆို စီမံ အားထုတ်ခွင့်၊ ဆင်မင်းကိစ္စရှိသမျှကို ဆောင်ရွက်ရန် အားထုတ်ခွင့် ပေါ် ပေါက်သည့်အခါတိုင်း လစ်လပ် ကြွင်းကျန်မရှိရအောင် ဆင်မင်းဝန်အား အမြဲ ထောက်ပံ့ ကူညီစေရန် ခန့်ထားသူဖြစ်၍ "ဆင်မင်း ဝန်ထောက်" ခေါ်ဝေါ်လေသည်။ ဆင်မင်း ဝန်ထောက် ၂-ယောက်တို့မှာ တလလျှင် လစာငွေတော် ၂၀ဝိ သနားတော်မြတ် ခံရသည်။

## ၂၈၇–ဆင်မင်းနားခံ

ပြဲတိုက်တော်က ဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ၊ ဆင်မင်းနှင့် စပ်လျဉ်းသမျှ အရပ်ရပ် အမိန့်ဆင့်ဆိုချက် ထုတ်ပေးလျှင် ဆင်မင်းနားခံက ၎င်းအမိန့် ဆင့်ဆို ချက်ကို လက်ခံပြီးမှ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်တို့ရှေ့ တင်ပြရသည်။ ၎င်းတို့က မည်ကဲ့သို့ ဆောင်ရွက်ရန် အမိန့် မှတ်ချက်ပေးသည့်အခါ ဆင်မင်း နားခံက ပြီးပြေအောင် လိုက်နာဆောင်ရွက်ရသည်။ ယင်းသည့် ဆင်မင်းနားခံ ၄-တို့မှာ တလလျှင် လစာငွေတော် ၁၂ဝိ သနားတော်မြတ် ခံရသည်။

## ၂၈၈–ဆင်မင်းစာရေးကြီး

ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်၊ ဆင်မင်းနားခံတို့က ဆင့်ဆို လွှဲအပ်သမျှ ဆင်မင်းနှင့် ဆိုင်ရာကိစ္စကို ရွက်ဆောင်ရသည်။ ဆင်မင်းစာရေးကြီးနှင့် မဆိုင် သောကိစ္စဟူ၍ မရှိဖြစ်သည်။ ဆင်မင်းစာရေးကြီး ၄-တို့မှာ တလလျှင် လစာ ငွေတော် ၁၂ဝိ သနားတော်မြတ် ခံရသည်။

## ၂၇၉—ဆင်မင်းနောက်တော်ထိုင်

ဆင်စီးခြင်း၌ ကောင်းစွာ ကျင်လျင် သူတို့အား ရွေးကောက်၍ ဆင်မင်းနောက်တော်ထိုင်အဖြစ် ထားသည်။ ယင်းသည့် ဆင်မင်း နောက်တော်ထိုင်-၁၀ တို့မှာ တလလျှင် လစာငွေတော် ၃၀ဝိ သနားတော်မြတ် ခံရသည်။

## ၂၈၀—ဆင်တော်ပျော်ဘွယ်

အိပ်ဖန်တက်နေ ထမ်းရွက်ရသည့် ဆင်တော်များ၏အဘို့ဆောက်ထားသည့် ရွှေနန်းကျက်သရေ ဆင်တင်းကုပ် ရွှေတင်းကုပ် ဝင်းတင်းကုပ်များတွင် အစာ ဟောင်း ရေဟောင်း,မြက်အမှိုက် သုတ်သင်ရန်ကိစ္စရှိသမျှကို နေ့စဉ်ဝင်၍ ဆင်မင်း ပျော်ဘွယ် အမှုထမ်းတို့က ရွက်ဆောင်ရသည်။ ယင်းသည့်အမှုထမ်း ၂၄-တို့မှာ လယ်မြေ ၂၄-ပယ် အစား သနားတော်မြတ်ခံရသည်။

## ၂၈၁—ခနက်ပလာဆင်ဝန်စာရေး

ခနက်ပလာဆင်ဝန် ဆင့်ဆိုရာ နာခံရေးမှတ် ထမ်းရွက်ရသည်။ ခနက်ပလာ ဆင်ဝန်စာရေး ၁-မှာ တလလျှင် လစာငွေတော် ၁၅-သနားတော်မြတ်ခံရသည်။

## ၂၈၂—ခနက်ပလာဆင်အမှုထမ်း

အောက်မားတော်များမှာ စိမ့်စမ်းဂနိုင် တောမြိုင်ကြီးရာ တောဆင်ရိုင်းများ ရှိသည့်နေရာကို ရှာဖွေ သွားရောက် အောက်ငင်ရသဖြင့် ယင်းသည့် အောက် မားတော်များ၌ တောဆင်ရိုင်းနှင့်ကျ၍ ရခဲ့သော ဆင်ငယ်အရွယ်သို့ရောက်လျှင် ကျော့ဖမ်းပြီးကာလ ဆင်ဝန်ထံသို့ အပ်ရခြင်း၊ ထိုမှတပါး တောတွင် ပေါက်ပွါး ကျက်စားရှိနေသော ဆင်ရိုင်းများအနက် အပြစ်လက္ခဏာ ကင်းရှင်း၍ ကြော့ မော့ လှပသော ဆင်ပေါက်များကို ကျော့ဖမ်းပြီးလျှင် ယဉ်ကျေးအောင် သင်ကြားပြီးမှ ဆင်ဝန်သို့ အပ်ရခြင်း ကိစ္စများကို ဆောင်ရွက်ရသည့်အမှုထမ်း ဖြစ်သည်။ ယင်းသည့် အမှုထမ်း ၃၀-တို့မှာ တလလျှင် လစာငွေတော် ၃၀ဝိ သနားတော်မြတ်ခံရသည်။

## ၂၉၃—ဆင်တော်ဦးစီး, ကုန်းလယ်, နောက်ပဲ့, ၃–ယောက်ကျအမှုထမ်း

ထူးဆင်တော် စီးစုဆင်မတော် ထူးဆင်မတော် စီးတော်ကြီး ရွှေဆင်တော် ဝင်းဆင်တော်များမှာ ဦးစီး, ကုန်းလယ်,နောက်ပဲ့ တစီးလျှင် ၃-ယောက်ကျ ဖက်တွဲ၍ အပြည့်အစုံ ထမ်းရွက်ရသဖြင့် ယင်းသည့်အမှုထမ်း ၆၅၄-တို့မှာ တလလျှင် လစာငွေတော် ၆၅၄ဝိ-သနားတော်မြတ်ခံရသည်။

## ၂၉၄—ဆင်တော်လက်ရှိ ဦးစီးနောက်ပဲ့ အမှုထမ်း

ထမ်းဆင်တော် ဝန်ရည်ဆင်တော် မှိန်းသစ် ဆင်တော်များမှာ လက်ရှိ ဦးစီး,နောက်ပဲ့ အမှုထမ်း ၂-ယောက်ကျ ထမ်းရွက်ရသဖြင့် ယင်းသည့် အမှုထမ်း ၄၇၀ တို့မှာ လယ်မြေပယ်ပေါင်း ၄၇၀-အစား သနားတော်မြတ်ခံရသည်။

## ၂၉၅—မင်္ဂလာအိမ်တော်ပါဆင်

မင်္ဂလာအိမ်တော်ပါဆင်တော် ဦးစီး,နောက်ပဲ့ ၈-ဦးတို့မှာ တလလျှင် လစာငွေတော် ၃၀ဝိ-သနားတော်မြတ်ခံရသည်။

## ၂၉၆—ကသည်းမြင်း

ရတနာသိင်္ဃ ပဌမမြို့တည် နန်းတည် အလောင်းမင်းတရားကြီးဘုရားသည် ကိုယ်တော်တိုင် ကသည်းပြည်သို့ ချီတက်တိုက်ခိုက် သိမ်းယူတော်မူပြီးလျှင် ကသည်းပြည်က ပြန်တော်မူ၍ နေပြည်တော်သို့ ရောက်တော်မူသော် ကသည်း မြင်း ၂၀၀၀-ကျော်ကို ရွှေ,ငွေ အဝတ်ပုဆိုး မျိုးရိက္ခာလုံလောက် ပြည့်ဝအောင် ပေးတော်မူပြီးလျှင် အစုအကွက် လုပ်မြေနယ်မြေ ချထားတော်မူ၍ ကသည်း မြင်းတပ် ဖွဲ့တော်မူသည်။ယင်းသည့် မြင်းအမှုထမ်းများကို မြင်းရုပ်ဝမ်းဗိုက်တွင် ထိုး၍ ဆေးတော်မှတ်သည်။

သက္ကရာဇ် ၁၁၂၀-ပြည့်နှစ်က အလောင်းမင်းတရားကြီးဘုရား ဖွဲ့တော် မူခဲ့သည့် ကသည်းမြင်းတပ်သည် တရွှေ့ရွှေ့ လျော့ပါး၍ မန္တလေး ရတနာပုံ

ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ၇၅၂-မျှ ကျန်ရှိသဖြင့် တလလျှင် လစာငွေတော် ၁၃၀၉ဝိ သနားတော်မြတ်ခံရသည်။

မြင်းစာရေး မောင်ပုကို သက္ကရာဇ် ၁၂၁၇-ခု တန်ဆောင်မုန်းလ၊ မောင်မြကို ယင်းသည့်နှစ် တပို့တွဲလ ခန့်တော်မူ၍ မြင်းစာရေး ၂-ယောက် ထားတော်မူသည်။

## ၂၉၇-အက္ကပတ်မြင်း

အက္ကပတ်စာထိုးမြင်းအစု၊ မြင်းခေါင်း မြင်းတပ်ဗိုလ် မြင်းစီးတို့မှာ နတ်စီးမြင်းရုပ် ဝမ်းနံဘေးတွင် ထိုး၍ ဆေးတော်မှတ်သည်၊ မြင်းစီးလွတ် ကျားကြီးတို့မှာ မြင်းရုပ် ဝမ်းနံဘေးတွင် ထိုး၍ ဆေးတော်မှတ်သည်၊ မြင်းစီးလွတ် ကျားငယ်တို့မှာ အဿမုက္ခမြင်းခေါင်းရုပ် လက်ယာမြင်းလက် လက်ဝဲလူလက် သန်လျက်ထမ်း ဝမ်းနံဘေးတွင် ထိုး၍ ဆေးတော်မှတ်သည်၊ ယင်းသည့် မြင်းအမှုထမ်း ၉၉၁-တို့မှာ တလလျှင် လစာငွေတော် ၁၄၀၅၅-ကျပ် သနားတော်မြတ်ခံရသည်။

မြင်းစာရေး မောင်ရွှေမြတ်ကို သက္ကရာဇ် ၁၂၁၆-ခု ကဆုန်လ၊ မောင်ဘိုးလင်းနှင့် လက်သုံးတော် ကလေးကိုင် မောင်ဘတို့ကို ၁၂၄၄-ခု တပေါင်းလ ခန့်တော်မူ၍ မြင်းစာရေး ၃-ယောက်ထားသည်။

## ၂၉၈-ရဲဘက်မြင်း

စစ်ကိုင်း ပဌမမြို့တည် နန်းတည် အသခ်ယာစောယွမ်းမင်းလက်ထက် သက္ကရာဇ် ၆၇၀-ပြည့်နှစ်တွင် တမာခါးမြင်း ၁၅၀၊ ယူတော်မူမြင်း ၁၅၀၊ လက်ရွေးကြီးမြင်း ၁၅၀၊ လက်ရွေးငယ်မြင်း ၇၀၊ ကြောင်သင်းမြင်း ၅၀၊ မြင်းသည်ကြီးမြင်း ၃၀၊ ခက်လုံးမြင်း ၃၀၊ စောပွတ်အိုးမြင်း ၃၀၊ မြောက်ဘက်ကိုးသင်းမြင်းပေါင်း ၇၁၀-ကို ဖွဲ့တော်မူသည်။

ရွှေဘိုမင်း နန်းတက်တော်မူသည့်နှစ် သက္ကရာဇ် ၁၁၉၉-ခု သီတင်းကျွတ်လ ရတနာသိင်္ဃမြို့နယ်ကြီး သမုတ်တော်မူရာ အရှေ့ဘက် မြင်းမြေကျေးရွာများကို အသစ်ထပ်မံ ဖွဲ့တော်မူသည်ကား—

စည်ပုတ္တရာမြို့ ခေါင်းစု၊ စည်ပုတ္တရာမြို့၊ ယင်းတိုက်ရွာ၊ အိုင်ပေါင်းချောင်ရွာ၊ အောင်ချမ်းသာရွာ၊ မုံလှရွာ၊ သာဝတ္ထိရွာ၊ မုန်တောင်းကြီးရွာ၊ စောကြီးရွာ၊ အင်ကြင်းပင်ရွာ၊ စောပုတ်အိုးရွာ ၎င်းရွာများက ဆယ်အိမ်လျှင် မြင်းတစီး၊ မြင်းဆယ်စီးလျှင် တခေါင်း ဖွဲ့စည်းသည့်အတိုင်း မြင်းပေါင်း ငယ်သားတရာမှာ ရဲထင်ကျော်စွာ၊ ငမင်းရာ၊ သမန္တသီဟရဲခေါင်၊ သမန်ဝေသူ၊ သမန္တကျော်ထင် နော်ရထာ၊ သီရိပျံချီနော်ရထာ၊ ငမြိုင်၊ နော်ရထာရန်အောင်၊ငလေး၊ သမန္တ ရဲကျော်တို့ကို မြင်းစီး၊ သမန္တသခ်နော်ရထာကို မြင်းခေါင်း။

ကတူးခုနစ်ရွာခေါင်းစု၊ ကတူးခုနစ်ရွာ၊ ပေါက်တောရွာ၊ တအုံရွာ၊ ရင်းမာတောရွာ၊ သင်းတွဲရွာ၊ ရွာစိုက်ရွာ၊ ရွာဝေရွာများက မြင်းပေါင်းငယ်သား တရာမှာ ပျံချီသူရနော်ရထာ၊ သမန္တကျော်ထင်သူ၊ ရဲထင်သူ၊ ငရပ်၊ ငရွှေပန်း၊ ငစည်တုတ်၊ ငဝန်း၊ ငစိုက်၊ ငအင်း၊ ငနိုးတို့ကို မြင်းစီး၊ ရဲထင်ရန်အောင်ကို မြင်းခေါင်း။

မန်ကျည်တုံခေါင်းစု၊ မန်ကျည်တုံရွာ၊ လွန်တစည်းရွာ၊ အုန်းတောရွာ၊ အင်ပင်ရွာ၊ မြင်းတောင်ရွာ၊ သီလုံးရွာ၊ ဆီးဖြူကုန်းရွာ၊ နှမစားရစ်ရွာ၊ လိပ်ချင်းရွာ၊ ခတောင်းမအုပ်ရွာများက မြင်းပေါင်းငယ်သား တရာမှာ သူရပျံချီနော်ရထာ၊ ငအော၊ ငရွှေအေး၊ ငကျော်၊ ငနှင်း၊ ဇာနန္ဒရန်နိုင်၊ ငရွှေတိုက်၊ ငရွှေမောင်၊ ငကြာမင်း၊ ငရွှေမောင်တို့ကို မြင်းစီး၊ ရဲလှသခ်နော်ရထာကို မြင်းခေါင်း။

မြကန်ရွာခေါင်းစု၊ မြကန်ရွာ၊ မြို့သစ်ရွာ၊ ပန်းတံဆိပ်ရွာ၊ မူးသာရွာ၊ ညောင်စည်သင်ပေါင်းကျင်းရွာ၊ မန်ကျည်းအုပ်ရွာ၊ ကျားရွာ၊ မြင်းစီးရွာ၊ ညောင်ပင်သာရွာ၊ မောက်သန်းရွာ၊ မိုးကောင်းရွာ၊ အောင်သာခြောက်ရပ်ရွာ၊ လှည်းမဆိပ်ရွာများက မြင်းပေါင်းငယ်သားတရာမှာ ငတေ၊ ငအိုင်၊ ငရွှေမြင်၊ ငရွှေအိပ်၊ ငမြတ်ထွန်း၊ ငချို၊ ငကြင်ရာ၊ ရွှေတောင်သီဟနော်ရထာ၊ ငဆန်း၊ ငစိုးတို့ကို မြင်းစီး၊ ငရွှေသီးကို မြင်းခေါင်းခန့်၍ သမန္တကျော်သူနော်ရထာကို မြင်းစာရေးခန့်တော်မူပြီးလျှင် မြင်းပေါင်းငယ်သား လေးရာကို ရွှေဝင်းတော်မှူး မင်းကြီးမဟာမင်းထင်မင်းခေါင်ကို အအုပ် အထိန်း ခန့်ထားတော်မူသည်။ ရဲဘက်မြင်း တွင်စေဟူ၍လည်း သမုတ်ပြဋ္ဌာန်းတော်မူသည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက် ရဲဘက်မြင်း အမှုထမ်း ၅၆၉-အထိရှိသဖြင့် ၎င်းတို့မှာ တလလျှင် လစာငွေတော် ၆၇၉၀-သနားတော်မြတ်ခံရသည်။ မြင်းစာရေး မောင်ထွန်းအောင်ကို သက္ကရာဇ် ၁၂၁၂-ခု တပေါင်းလ၊ မောင်ထွန်းကို သက္ကရာဇ် ၁၂၄၀-ပြည့် နတ်တော်လ၊ မောင်ဆောင်းကို သက္ကရာဇ် ၁၂၄၄-ခု တပို့တွဲလ၊ မောင်မြင့်ကို သက္ကရာဇ် ၁၂၄၆-ခု တပို့တွဲလ ခန့်တော်မူ၍ မြင်းစာရေး ၄-ယောက် ထားတော်မူသည်။ အမှုထမ်းများကို မြင်းရုပ် ဝမ်းဗိုက်တွင် ထိုး၍ ဆေးတော်မှတ်သည်။

## ၂၉၉—ရွှေပြည်ရန်အောင်မြင်း

ရွှေပြည်ရန်အောင် အနောက်လက် မြင်းတပ်၊ အရှေ့လက် မြင်းတပ်ဟူ၍ရှိရာ မိမိတို့ မြင်းတပ် ဗိုလ်နှင့် ၎င်းလက်အောက် မြင်းစာရေးတို့က အုပ်ချုပ် ထမ်းရွက်ရသည်။ မြင်းအမှုထမ်း ၆၅၁-တို့မှာ တလလျှင် လစာငွေတော် ၆၅၄၅ သနားတော်မြတ် ခံရသည်။ အမှုထမ်းများကို မြင်းရုပ် လက်ယာနံတွင် ထိုး၍ ဆေးတော် မှတ်သည်။ အနောက်လက်မြင်းတပ်ဗိုလ် မင်းထင် မင်းလှ ကျော်ခေါင်ကို သက္ကရာဇ် ၁၂၃၇-ခု ပြာသိုလ၊ အရှေ့လက်မြင်းတပ်ဗိုလ် မင်းထင် သီရိကျော်ခေါင်ကို သက္ကရာဇ် ၁၂၄၂-ခု တပေါင်းလ၊ မြင်းစာရေး မောင်ထွန်းအေးကို သက္ကရာဇ် ၁၂၄၄-ခု တန်ဆောင်မုန်းလ၊ မြင်းစာရေး မောင်လှော်ကို သက္ကရာဇ် ၁၂၄၆-ခု ကဆုန်လ အသီးအသီး ခန့်တော်မူသည်။

## ၃၀၀—မြင်းစုကြီးမြန်မာမြင်း

မြင်းစုကြီးဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသည့် မြင်းစုကြီး မြန်မာမြင်း အမှုထမ်း ၂၁၅-တို့မှာ တလလျှင် လစာငွေတော် ၃၀၅၅ သနားတော်မြတ် ခံရသည်။ မြင်းရုပ် နောက်ခါးတွင်ထိုး၍ ဆေးတော် မှတ်သည်။ မြင်းစုကြီး မြန်မာမြင်းစာရေး မောင်ဘိုးမောင်ကို သက္ကရာဇ် ၁၂၄၅-ခု တပို့တွဲလ ခန့်တော်မူသည်။

## ၃၀၁—မြင်းစုကြီးရှမ်းမြင်း

မြင်းစုကြီးဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသည့် မြင်းစုကြီးရှမ်းမြင်း အမှုထမ်း ၆၁၂-တို့မှာ တလလျှင် လစာငွေတော် ၇၁၆၅ သနားတော်မြတ် ခံရသည်။

မြင်းရုပ် နောက်ခါးတွင် ထိုး၍ ဆေးတော် မှတ်သည်။ မြင်းစုကြီးရှမ်းမြင်း စာရေး မောင်ဆန်းကို သက္ကရာဇ် ၁၂၄၁-ခု ဝါဆိုလ၊ လက်သုံးတော်ကလေး မောင်ဝဲကို သက္ကရာဇ် ၁၂၄၀-ပြည့် ပြာသိုလ ခန့်တော်မူသည်။

## ၃၀၂–ဇင်းမယ်ပါမြင်း

ကုန်းဘောင် ဆင်ဖြူရှင် မင်းတရားလက်ထက်တော် သက္ကရာဇ် ၁၁၂၅-ခုနှစ် ဇင်းမယ် ၅၇-ခရိုင်ကို သိမ်းယူတော်မူရာ အလိုတော်ပြည့်သည်ဖြစ်သောကြောင့် မင်းလှသီရိကို မဟာနော်ရထာဘွဲ့ပေးတော်မူ၍ မြင်းဝန် ခန့်တော်မူသည်။ မန္တလေး ရတနာပုံ ပဌမ မြို့တည်နန်းတည် မင်းတရားကြီးဘုရား လက်ထက်တော် ရောက်ကာလ ဇင်းမယ်ပါ မြင်းအမှုထမ်းတို့ တဖြည်းဖြည်း ယုတ်လျော့လာ သောကြောင့် မြင်းဝန် သီးခြား မထားပဲ မြင်းစုကြီးဝန်သို့ အပ်တော်မူသည်။ ၎င်းမြင်း အမှုထမ်း ၁၂၉-တို့မှာ တလလျှင် လစာငွေတော် ၁၆၂၀-သနားတော် မြတ် ခံရသည်။ မြင်းရုပ် နောက်ခါးတွင်ထိုး၍ ဆေးတော်မှတ်သည်။ ဇင်းမယ် ပါ မြင်းစာရေး မောင်ဘကို သက္ကရာဇ် ၁၂၃၅-ခု တပေါင်းလ ခန့်တော်မူသည်။

## ၃၀၃–နောက်တော်ပါမြင်း

မန္တလေး ရတနာပုံ ဒုတိယနန်းစံ စနေနံ မင်းတရားလက်ထက် မောင်ဘားကြီး ကို မင်းထင်ရာဇာသင်္ခယာဘွဲ့နှင့် နောက်တော်ပါ မြင်းဝန် ခန့်တော်မူသည်။ နောက်တော်ပါ မြင်းအမှုထမ်း ၁၁၈-တို့မှာ တလလျှင် လစာငွေတော် ၁၈၂၀ သနားတော်မြတ် ခံရသည်။ မြင်းရုပ် တံခွန်စိုက် နောက်ခါးတွင်ထိုး၍ ဆေး တော် မှတ်သည်။ နောက်တော်ပါ မြင်းစာရေး မောင်မြစ်ကို ၁၂၂၃-ခု တပို့တွဲလ ခန့်တော်မူသည်။

## ၃၀၄–သွေးသောက်လပ်မြင်း

သွေးသောက်လပ်မြင်း အမှုထမ်း ၁၁၅-တို့မှာ တလလျှင် လစာငွေတော် ၁၄၄၀ သနားတော်မြတ် ခံရသည်။ မြင်းရုပ် ဝမ်းနံဘေးတွင် ထိုး၍ ဆေးတော် မှတ်သည်။

သွေးသောက်လပ် မြင်းအစုရေး မောင်အေးပေါ်ကို သက္ကရာဇ် ၁၂၄၄-ခု၊ တပေါင်းလ ခန့်တော်မူသည်။

## ၃၀၅-လမိုင်းမြင်း

လမိုင်းမြင်းအမှုထမ်း ၁၁၁-တို့မှာ တလလျှင် လစာငွေတော် ၁၄၉၀-သနား တော်မြတ်ခံရသည်။ မြင်းရုပ် လက်ယာနံတွင် ထိုး၍ ဆေးတော်မှတ်သည်။ လမိုင်းမြင်းဝန် မင်းကျော်ရာဇာက အုပ်ချုပ်ထမ်းရွက်ရသည်။

## ၃၀၆-စီးတော်မြင်း

စီးတော်မြင်းအရာရှိ ၃၀-တို့မှာ တလလျှင် လစာငွေတော် ၆၁၀-သနား တော်မြတ်ခံရသည်။ စီးတော်မြင်းဝန် မဟာမင်းကျော် မင်းထင်စည်သူကို သက္ကရာဇ် ၁၂၄၄-ခုနှစ် တပေါင်းလ၊ စီးတော်မြင်းစာရေး မောင်ရန်ပြိုကို ယင်းသည့်နှစ် ဝါခေါင်လ၊ ၎င်းမြင်းစာရေး မောင်လှေးကို သက္ကရာဇ် ၁၂၄၁-ခု၊ တပေါင်းလ အသီးအသီး ခန့်တော်မူသည်။

## ၃၀၇-နန်းဦးမင်္ဂလာမြင်း

မန္တလေး ရတနာပုံ ဒုတိယနန်းစံ စနေနံ မင်းတရားလက်ထက် သက္ကရာဇ် ၁၂၄၂-ခုနှစ်၊ မြင်းဝန် မြင်းစာရေး မြင်းတပ်မှူးတို့နှင့်တကွ နန်းဦးမင်္ဂလာ မြင်းတပ် ဖွဲ့တော်မူသည်။ ယင်းသည့် အမှုထမ်း ၅၆၆-တို့မှာ တလလျှင် လစာ ငွေတော် ၇၁၃၀-သနားတော်မြတ် ခံရသည်။

မြင်းရုပ် ဝမ်းနံဘေးတွင် ထိုး၍ ဆေးတော်မှတ်သည်။ ၎င်းမြင်းစာရေး မောင်ချုပ်ကို သက္ကရာဇ် ၁၂၄၅-ခု တန်ဆောင်မုန်းလ၊ မောင်လန်းကို သက္ကရာဇ် ၁၂၄၆-ခု ကဆုန်လ ခန့်တော်မူသည်။

## ၃၀၈-မင်္ဂလာရဲညွန့်မြင်း

မန္တလေး ရတနာပုံ ဒုတိယနန်းစံ စနေနံ မင်းတရားလက်ထက်၊ သက္ကရာဇ် ၁၂၄၂-ခုနှစ်၊ မြင်းဝန် မြင်းစာရေး မြင်းတပ်မှူး မြင်းသွေးသောက်ကြီးတို့နှင့်

တကွ မင်္ဂလာရဲညွန့်မြင်းတပ် ဖွဲ့တော်မူသည်။ မြင်းအမှုထမ်း ၄၄၀-တို့မှာ တလလျှင် လစာငွေတော် ၅၇၃၀-သနားတော်မြတ် ခံရသည်။

မြင်းရုပ် ဝမ်းနံဘေးတွင် ထိုး၍ ဆေးတော်မှတ်သည်။ ၎င်းမြင်းစာရေးမောင်စံထွန်းကို သက္ကရာဇ် ၁၂၄၂-ခု သီတင်းကျွတ်လ၊ မောင်လှိုင်ကို သက္ကရာဇ် ၁၂၄၄-ခု တပို့တွဲလ ခန့်တော်မူသည်။

## ၃၀၉-မြင်းတိုင် မြင်းမွေး

မြင်းတိုင်မှာ စီးတော်မြင်းများစားရန် မြက်သွင်း အစုအမှုထမ်း ဖြစ်သည်။ စကျင်ဝရွာ၊ အလွန်း၊ ရွှေခဲရွာ၊ တိုက်စုရွာနှင့်ဆက်၍ မြင်းတိုင်ရွာ ယခုရှိလျက်ပင်ဖြစ်သည်။ မြင်းမွေးဆိုသည်မှာ အဝေးမြို့ရွာက ဆက်သည့်မြင်းတော်များကို အဝမြို့ အနောက်ဝက်ချေးအင်းတွင် မကားအမည်နှင့် ခေါင်းအကြီးခန့်ထား မွေးမြူရသည့် အမှုထမ်းဖြစ်ချေသည်။

## ၃၁၀-ရန်ပုံခွင်းအမြောက်

သက္ကရာဇ် ၁၁၁၀-ပြည့်နှစ်၊ ဟံသာဝတီ ဆင်ကျွားရှင်လက်ထက် သံလျှင်ရေဝန်ကို ပြည်မြို့ဝန်ခန့်တော်မူသဖြင့် ပြည်မြို့ကိုလာမည်ရှိသည်အတွင်း သံလျှင်မြို့သို့ အရမ်သဘော်တစင်းဆိုက်လာသည်နှင့် အမြောက်ဝယ်ရန် ရွေးချယ်လျှင်သံအမြောက် အရှည်လေးတောင် တမိုက်လေးသစ်၊ ကျည်ဝင်ခုနစ်ဆဲ့ငါးကျပ်၊ အမြောက်အချိန် ခုနစ်ရာ့ငါးဆယ်ရှိသည်ကို အဘိုးငွေ ခုနစ်ပိဿာငါးဆယ် ပေးရမည်၊ ကုလားစကားပြန်တို့က ဆိုသည့်အတိုင်း သံလျှင်ရေဝန်က ပေးချေဝယ်ယူသည်။

အမြောက်ကျည်ဝ လေးသစ်ခွဲ၊ နှုတ်ခမ်းအထက် လက်ယာဘက်က လက်မခန့်ပဲ့၍ ကွာသည့်အရာနှင့် အမြောက်နားပေါက် စဉ်းငယ်တိမ်းယောင်ရှိသည်။ ထိုအမြောက်ကို ဆောင်ယူခဲ့၍ ပြည်မြို့သို့ရောက်သည်။ နောက် ဟံသာဝတီဘုရင်လက်ထက် အဝကို တိုက်မည်ချီလာသည့်ကာလ ပြည်ဝန်နှင့်အဝသို့ပါ၍ မလွန်တွင် မြန်မာတပ်နှင့်တိုက်ကြရာ တပါးအမြောက်ထက် ထူး၍ ပြင်းပြစွာ အသံသုံးချက် ဆင့်ထွက်သည်၊ ပစ်လေသမျှ တဖက်ရန်သူကို မထိမမှန် လွတ်သည်

မရှိ၊ လှေဦးကဝင်လျှင် လှေပဲ့တိုင်အောင် စင်းလုံးမှန်သောဟူ၍ ကျော်စောသော ကြောင့် ခဲကျည်စေ့မှာ "ရန်ပုံခွင်း"ဟု စာရေး၍ ပစ်သည်၊ အမြောက်ကိုယ် မှာလည်း "ရန်ပုံခွင်း"ဟု ရွှေလိပ် ကမွည်းရေးသည်။ အမြောက်ဦးတွင် ရွှေတမိုက်ခန့် ဆံထုံးတွင်လည်း ရွှေတမိုက်ခန့်ထည့်သည်။

မလွန်ပျက်၍ အဝသို့ချီမည်တွင် ဥပရာဇာက ရွှေကိုယ်လုံးထည့်ရမည် ဆင့် ဆို၍ အထက်တခြမ်းကို ရွှေပိန်းထည့်သည်။ နောက် အဝက ပြန်သည်ကာလ ပြည်မြို့တွင် ထားမြဲ မြို့ဝန်အိမ်ရှေ့တွင် လှည်းခင်တိတ်နှင့် ဝတ်သန့် ဝတ်ကောင်း လွှမ်းထားရသည်။ အမွှေးအကြိုင်, အထုံအသင်း၊ ထမင်းမုံ့ယို၊ သေဖို သေမ၊ အရက်သေရည် ပသ ကျွေးရသည်။

နောက် ဟံသာဝတီက အဝသို့ ချီလာပြန်သည်ကာလ ရန်ပုံခွင်းအမြောက်ကို ဒလပန်း ဆောင်ယူဆန်သွား၍ အဝကိုအောင်၍ ပြန်လာရာ ပြည်မြို့တွင် ထားမြဲ ထား၍ ပြည်မြို့တွင် ဒေါ်ဇွယ်ယ စက်ဝန်ပြုရသည်။

နောက် အဝကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား အောင်မြင် သိမ်းယူ တော်မူ၍ ဟံသာဝတီက ချီလာသည်တွင် ရန်ပုံခွင်းအမြောက်ကို အဝသို့ဒလပန်း ဆောင်ယူ ပါသွားသည်နှင့် တပ်ပျက်၍ ဆုတ်ခွါခဲ့ရာ ရန်ပုံခွင်းအမြောက်ကို ပြည်မြို့မှာ လှေနှင့်ထား၍ ဒလပန်းကို စစ်ဘုရင် ခန့်ထားစောင့်နေရသည်။ နောက် ဒလပန်းကို လဲ၍ သမိန်သံလိုက်ကို ပြည်မြို့စောင့် ခန့်ထားသည်တွင် အာကာရွှေတောင် စလေမြို့ဝန် ပုခန်းမြို့သူကြီးတို့ အတွင်းမီးထ၍ တလိုင်းတို့ တပ်ပျက်လျှင် ရန်ပုံခွင်းအမြောက်ကို ပြည်မြို့အနောက်တောင်ယွန်း ရေတွင် ပစ်ချသည်ကို အညာ ကျားအိုရွာ အာကာရွှေတောင် ဆွေသား မျိုးသား အိမ်ခြေနှစ်ဆယ်ကျော်သားတို့ ပြည်မြို့အောက် အနောက်ဘက် ဆင်တဲကင်းက ဆန်တက်လာရာ ရွှေဝင်းဝင်းနှင့် ရန်ပုံခွင်းအမြောက် ရေမှ ပေါ်တုံ ငုပ်တုံ ထောင်လျက်နေသည်ကို တွေ့မြင်၍ အာကာရွှေတောင်ကို ပြောဆိုလျှင် အာကာ ရွှေတောင် ရေမှဆယ်ယူ၍ ပြည်မြို့တွင်းသို့ သွင်းထားလေသည်။

ထိုအမြောက်ကို တန်းခိုးကြီးသော အမြောက်ဟု ကျော်စောထင်ရှား၍ ယောကျ်ား မိန်းမ မပြတ်ပူဇော်ပသလျက် မြို့ထိပ်တွင်ထားသည်ကို တလိုင်းတို့ အလွန်ကြောက်ရွံ့ ကြကုန်၏။

ဤကဲ့သို့ ရန်ပုံခွင်းအမြောက် ရပြီးသည့်နောက် ခဲယမ်း မရှိသောကြောင့် မပစ်ရပြီဟု အားအင်လျော့၍နေကြသဖြင့် သတိုးကျော်သူ, ရမ္မသီရိ, စလေဝန်, ပုခန်းငယ်မြို့သူကြီးတို့က တလိုင်းတို့ ကြည်းတပ် ရေတပ် အထပ်ထပ်ဝန်းရံကြောင်း, မကွေး မလွန်တိုင်အောင် တလိုင်းတို့က ဆန်တက်ကြောင်း, အာကာ ရွှေတောင်ဆုံးကြောင်း, နေပြည်တော်က အလျင်အမြန် တပ်တော် စုန်ဆင်းလာပါမည့်အကြောင်းနှင့် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသို့ ရှိခိုးသံတော်ဦးတင် စေလွှတ်ရလေ၏။ ရန်ပုံခွင်းအမြောက်ရသည့် အကြောင်းကိုလည်း ရွှေနားတော်ကြား လျှောက်ထားလေ၏။

သက္ကရာဇ် ၁၁၁၆-ခု၊ တပို့တွဲလဆန်း ၁-ရက်နေ့ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသည် ကျောက်မြောင်း မြို့တော်က ကြည်းတပ်, ရေတပ် ချီတော်မူရာ သက္ကရာဇ် ၁၁၁၆-ခု၊ တပို့တွဲလဆန်း ၄-ရက်နေ့ ရတနာပူရမြို့သို့ ရောက်တော်မူသည်၊ ထိုတွင် မာန်အောင်တံခါးပြင်ကျွန်းကို ဘုန်းတော်ဖြစ် သမုတ်တော်မူရင်းအတိုင်း သမုတ်တော်မူသည့်စာကား—

"သက္ကရာဇ် ၁၁၁၆-ခု၊ တပို့တွဲလဆန်း ၄-ရက်နေ့ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သာသနဒါယကာတော် လက်နက်စကြာသခင် ဆင်ဖြူ ဆင်နီ များသခင် အရှင် ဘဝရှင် မင်းတရားကြီးဘုရား ရတနာပူရ ရွှေဝမြို့ကြီး မာန်အောင်တံခါးပြင်ကျွန်းကို 'ဘုန်းတော်ဖြစ်ကျွန်း' သမုတ်တော်မူသည်ဟူ၍ ထန်းရွက်တွင် တကြောင်းစာချွန်တော်ရေး၍ ဝါးပန်းသုံးနှင့် ဆွဲရသည်။

ထိုက ချီတော်မူရာ ဇ-စခန်းနှင့် ပြည်မြို့ နဝင်းချောင်းမြောက်ဘက် စံနန်းတော်သို့ရောက်တော်မူ၍ ထိုကမှ ဆီးဆို့ရပ်ခံနိုင်သည့် တလိုင်းတပ်ဟူသမျှကို တပ်တော်များက တိုက်ခိုက်စေသဖြင့် တလိုင်းတပ် အသီးအသီး ဆုတ်ခွါ ပျက်ပြား၍ သက္ကရာဇ် ၁၁၁၆-ခု၊ တပို့တွဲလပြည့်ကျော် ၁၃-ရက်နေ့ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသည် တလိုင်းတို့ ကြည်းတပ် ရေတပ် စစ်သည် တသိန်းနှစ်သောင်းကို အောင်မြင်တော်မူလျှင် မင်းတို့စံပယ်ခြင်းဖြင့် ဗိုလ်ရှုခံတော်မူ၍ ချေချေသာသာ ပြောဟောစံနေတော်မူသည်တွင် သားတော် တပယင်းမင်း မြေဒူးမင်းတို့က "ရန်ပုံခွင်း အမြောက်သည် ဘုရား

ရွှေဘုန်းတော်မြတ်ကြောင့် သိကြားနတ်မင်းတို့ ပို့ဆက်ရောက်သော **လက်နက်စကြာ** ယတြာရ အမြောက် မှန်ပေသည်၊ အနောက်တောင်ထောင့် မြို့ထိပ်က တင်၍ တလိုင်းတို့လှေတပ်ကို ပစ်သည်၊ မိုးကြိုး၏သို့ အသံသုံးဆင့်လိုမ့်၍ ထွက်ပြီးလျှင် တချက်မလွတ် မှန်သည်ကို တလိုင်းတို့ကြောက်၍ လှေတပ် ဆုတ်ခွါရသောကြောင့် ဆံတော်ရှင်တပ်ကို ကပ်သည်ကာလ လှေတပ်ကလှမ်း၍ မပစ်မကူနိုင် ရှိလေသည်''ဟုရွှေတော်တွင် ဗိုလ်မှူးတပ်မှူးတို့နှင့် ပြောဆိုသည်ကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ရန်ပုံခွင်း အမြောက်မှူးဆိုသူ အသက် ၂၅-နှစ်ရွယ် နံစနေသား ဟံသာဝတီပါ မြန်မာ ''ထွန်းဖြိုး''ကို ခေါ်၍ အမြောက်အကြောင်းအရာကို မေးတော်မူပြီးလျှင် အားရတော်မူ၍ ထွန်းဖြိုးကို ''သူရိန်ဝေရကျော်''ဟူသော အမည်နှင့် အမြောက်မှူး ခန့်တော်မူသည်။ ငွေပုံကိုလည်း လက်ခုပ်တော်နှင့် တလက်ခုပ်ယူတော်မူ၍ သနားတော်မူသည်။ ငွေချိန် တပိဿာခုနှစ်ဆယ်ရှိသော ဟူ၏။

## ၃၁၁–လက်နက်စကြာ

ဤကဲ့သို့ အလောင်းမင်းတရားကြီးဘုရား **လက်ထက်တော်** ရန်ပုံခွင်း အမြောက် ရတော်မူသည်ကို အစွဲပြု၍ သက္ကရာဇ် ၁၁၁၆-ခု တပို့တွဲလဆန်း ၄-ရက်နေ့တွင် ဘုန်းတော်ဖြစ်ကျွန်း သမုတ်တော်မူသည့် အမိန့်တော်စာမှာ **''လက်နက်စကြာသခင်''**ဟူသော စကားခွန်းကို ထည့်သွင်း၍ ရေးသားသည်။ ထိုမှအစပြု၍ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာသော ကုန်းဘောင် ၁၁-ဆက်သော မင်းတို့လက်ထက်များတွင် ထုတ်သည့် အမိန့်တော်ရပ်များ၌လည်း ''လက်နက်စကြာသခင်''ဟူသော စကားခွန်း ပါရှိ ထည့်သွင်း ရေးသားလေသည်။

ရန်ပုံခွင်း အမြောက်ကား အခြားသော အမြောက်များကဲ့သို့ မဟုတ်၊ လှည်းစကြာ လေးဘီးတပ်ဆင်၍ အမြောက်လုံးနှင့် လွတ်ရုံခွါပြီးမှ အထက်ကယွန်းစက်လည်ပေါ် အမိုးနန်းပြောက်တင်လျက် ရှုချင်စဖွယ် ဆင်ထားသည်။ ဘီးကစ၍ နေရာအလပ်မရှိအောင် ရွှေပိန်းထည့်ထားသည်။

## ၃၁၂—အမြောက်တပ်များအမည်

မန္တလေး ရတနာပုံ ဒုတိယနန်းစံ စနေနံမင်းတရားကြီးဘုရားလက်ထက်တော် ရှေတော်သို့ တပ်စဉ်အတိုင်း စီစဉ်ခင်းကျင်းပြစေ အမိန့်တော်အရ သက္ကရာဇ် ၁၂၄၁-ခု သီတင်းကျွတ်လဆန်း ၆-ရက်နေ့ ခြေလျင်တပ် အမြောက်တပ် မြင်းတပ် ဆင်တပ်များ ခင်းကျင်းပြရာ ၎င်းအနက် အမြောက်တပ်မှာ စကြာအမြောက် ဗိုလ် ဟာရှင်နှင့် အမြောက်အမှုထမ်း လူ ၁၁၃-တတပ်၊ မင်္ဂလာအမြောက်ဗိုလ် မောင်ကျယ်နှင့် အမြောက်အမှုထမ်း လူ ၁၁၃-တတပ်၊ မင်္ဂလာအမြောက် ဆူးလေ ကုန်းဗိုလ် မောင်ဗိုလ်မောင်နှင့် အမြောက်အမှုထမ်း လူ ၁၁၃-တတပ်၊ မင်္ဂလာ အမြောက် ဘုံးအိုးဗိုလ် မောင်ရောက်နှင့် အမြောက်အမှုထမ်း လူ ၁၁၃-တတပ်၊ ရန်ပုံခွင်းအမြောက်ဗိုလ် မောင်ခနှင့် အမြောက်အမှုထမ်းလူ ၁၁၃-တတပ်၊ တောင်အင်းအမြောက်ဗိုလ် မောင်သော်နှင့် အမြောက်အမှုထမ်း လူ ၁၁၃-တတပ်၊ နောက်တိုးအမြောက်ဗိုလ်မောင်ရွှေထွန်းနှင့် အမြောက်အမှုထမ်းလူ ၁၁၃-တတပ်၊ မင်္ဂလာစိန်သွေးသောက်ကြီး မောင်ပိုနှင့် အမှုထမ်း လူ ၅၆-တတပ်၊ အမြောက် တပ်ပေါင်း ၈-တပ်၊ အမြောက်လုံးရေ ၇၀၊ အမြောက်အမှုထမ်း ကိရိယာကိုင် လူ ၈၄၇-ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော် တတိယအုပ် စာမျက်နှာ ၅၂၀-တွင် ပါရှိသည်။

သက္ကရာဇ် ၁၂၄၅-ခုနှစ် မြန်မာနိုင်ငံတော် နှစ်ချုပ်စာရင်းတွင် အမြောက် အမှုထမ်း ၇၉၅-ဦးရှိကြောင်း။ တလလျှင် လစာငွေတော် ၉၀၈၅-သနားတော် မြတ်ခံရကြောင်းနှင့် ပြဆိုပါရှိသည်။ ၎င်းစာရင်း ၂-ရပ် အထွက်အရှိမှာ လူဦးရေ ၅၂-ယောက် ကွာခြားလေသည်။

အင်းဝမင်းတို့လက်ထက်များက ဖွဲ့စည်းခဲ့သည့်အမြောက် အမှုထမ်းတို့မှာ မဏိတရနတ်၊ လက်ယာသန်လျက်၊ လက်ဝဲပတ္တမြားကျောက်ကိုင်၊ လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။

ကုန်းဘောင်ဆက် မင်းတို့ လက်ထက်တော်မှ ဖွဲ့စည်းသည့် ခရုတုပ်အနောက် ရွာ၊ ၎င်း အလယ်ရွာ၊ ၎င်း အရှေ့ရွာ၊ စော်ရဲရွာ၊ ၎င်း အလယ်ရွာများက အမြောက်အမှုထမ်းတို့နှင့် ရန်ပုံခွင်းအမြောက် အမှုထမ်း၊ မင်္ဂလာစိန် အမှုထမ်း တို့မှာ ရန်ပုံခွင်းအမြောက် လက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။

## ၃၁၃-ဒဝယ်၏အကြောင်း

ဟံသာဝတီဆင်ဖြူများရှင် လက်ထက်တော် သက္ကရာဇ် ၉၂၄-ခု၊ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ ဒဝယ်မြို့ကို တည်တော်မူသည်။

သက္ကရာဇ် ၉၂၈-ခု၊ နတ်တော်လဆန်း ၅-ရက်နေ့ စတုရန်းအတာ ၃၄၀၀-ရှိသော ဟံသာဝတီ မဟာရာဇဌာနီ ရွှေမြို့တော်ကို တည်တော်မူသည်တွင် တံခါး ၂၀-ထားတော်မူသည်။ ၎င်းအနက် တောင်မျက်နှာ အနောက်စွန်တံခါးကို ဒဝယ်မင်းတို့ ဆောက်စေ၍ "ဒဝယ်တံခါး" ဟု မှည့်တော်မူသည်။

၎င်း ဟံသာဝတီ ရွှေနန်းတော်ကြီး မှန်နန်းတော်၏ အရှေ့မြောက်ယွန်းက မြောက်ဒဝယ်ဆောင်၊ အရှေ့တောင်ယွန်းက တောင်ဒဝယ်ဆောင် ဟူ၍ တည်ဆောက်တော်မူသဖြင့် ထိုပုံစံအတိုင်းယူ၍ မြန်မာမင်းတို့ ထီးနန်းတည်ဆောက်သမျှတိုင်းပင် ၎င်းဒဝယ်ဆောင် ၂-ဆောင် ပါရလေချည်းဖြစ်ခဲ့သည်။ ယခုတိုင် တည်ရှိသည့် မန္တလေး ရတနာပုံမြို့ ရွှေနန်းတော်ကြီးတွင်လည်း ဒဝယ်ဆောင် ထင်ရှားရှိသည်၊ သို့ရာတွင် တောင်ဒဝယ်ဆောင်ကို 'ရွှေတိုက်' ဟူ၍ မှားယွင်းစွာ စာရေးကပ်ထားသည်ကို တွေ့ရလေသည်။

ဒဝယ်ဆောင် ခေါ်ဝေါ်သည်မှာ ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် ဒဝယ်မြို့ပါ သူကောင်းသားမြေးတို့ကို ရွေးချယ်ပြီးလျှင် ထိုအဆောင် နှစ်ဆောင်မှာ မြဲစွဲစေသည်ဖြစ်၍ "ဒဝယ်ဆောင်" ခေါ်ဝေါ်သည်၊ ရေနွေးတော်တည်ရာအဆောင် ဆိုလိုသည်၊ ဒဝယ်ဆောင်လည်း နှစ်ထပ်လည်ပေါ်ပင် ဖြစ်သည်၊ ဒဝယ်မြို့တွင် စရပ် ကျောင်း ကန် ဆောက်လုပ်သည်များသည် နှစ်ထပ်သာ အဆောက်အလုပ်များသည်၊ နှစ်ထပ်လည်ဖော်၍ ဆောက်လုပ်သည်ကို ဒဝယ် ခေါ်သည်၊ ရှေးစာဟောင်းများတွင်လည်း "ဒဝယ်လည်ကို ရပ်လျှိုကျောင်းဆင်"ဟူ၍၎င်း၊ "ဒဝယ်လည်ကို ကြည့်လိုမည်း ကွမ်းစဥ်ဆီးလျက်"ဟူ၍၎င်း-စပ်ဆိုသည်။ ရွှေဘုံနိဒါန်း၌ ဒဝယ်ဆောင် ပြဆိုသည့် အခဏ်းတွင်ပါသည်။

## ၃၁၄-မြောက်ဒဝယ်

အမရပူရ ပဥ္စမ မြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး ဘုရားလက်ထက်တော် မြောက်ဒဝယ်ဆောင်တွင် အိပ်ဖန်တက်နေ ထမ်းရွက်ရန် မြောက်ဒဝယ်

အစုအမှုထမ်း၊ တောင်ဒဝယ်ဆောင်တွင် အိပ်ဖန်တက်နေ ထမ်းရွက်ရန် တောင်ဒဝယ်အစုအမှုထမ်း၊ မြေနန်းတော်တွင် အိပ်ဖန်တက်နေ ထမ်းရွက်ရန် မြောက်တရာ့ငါးဆယ် အစုအမှုထမ်း၊ တောင်တရာ့ငါးဆယ် အစုအမှုထမ်း၊ မြောက်မာရဘင် အစုအမှုထမ်း၊ ရွှေပြည်မှန်ကင်း အစုအမှုထမ်းဟူ၍ အတွင်းခြောက်စုကိုယ်ရံတော် အမှုထမ်း ဖွဲ့တော်မူသည်။

၎င်း ကိုယ်ရံတော် အစုအမှုထမ်းတို့မှာ ပုဂံပြည်ကြီးအရှင် တရုပ်ပြေးမင်းလက်ထက် သက္ကရာဇ် ၆၁၈-ခုနှစ်တွင် ကုလားလူမျိုး ဘသူကြွယ်က မြို့တည်၍ တထီးတနန်းစံနေရာ သက္ကရာဇ် ၆၇၄-ခုနှစ်၊ဝိဇယာပူရမြို့တည် တစီးရှင် သီဟသူမင်းလက်ထက် ဘသူကြွယ်ကို တိုက်သောအခါ မခံမရပ်နိုင်သဖြင့် သလ္လာဝတီမြစ်သို့ ဆင်း၍ သေလေသည်။

အလောင်းမင်းတရားကြီးဘုရား လက်ထက်တော်ရောက်ကာလ စတုတ္ထသားတော်အား ဗဒုံမြို့ကို ကံကျေးခံ ပေးတော်မူသဖြင့် ၎င်းသားတော်ကို " ဗဒုံမင်း " ဟူ၍ ခေါ်ဝေါ်ကြကုန်သည်၊ ၎င်း ဗဒုံမင်း ရွှေနန်းတက်၍ မင်းအဖြစ်သို့ ရောက်တော်မူသည့်ကာလ ဗဒုံမြို့သည် ငါ၏မင်္ဂလာမြို့တော်ဖြစ်သည့်အတိုင်း ရန်အပေါင်းကို လုံခြုံသဖြင့် အလုံမြို့သမုတ်စေ အမိန့်တော်ရှိပြီးလျှင် ၎င်းအလုံမြို့မှ ခြောက်စုကိုယ်ရံတော် အမှုထမ်း ဖွဲ့တော်မူသည်မှာ—

၁-သစ်ဆိမ့်ရွာ၊ ၂-တောင်မတောရွာ၊ ၃-သာစည်ရွာ၊ ၄-ချင်းတွင်းရွာ၊ ၅-မောက်တက်ရွာ၊ ၆-ဝက်ရဲရွာ၊ ၇-ကပ့်ရွာ၊ ၈-ဝါးရောင်းရွာ၊ ၉-ကန်ဖြူရွာ၊ ၁၀-ဝါးတောမရွာ၊ ၁၁-ရေဟိုးရွာ၊ ၁၂-ဆိပ်ဖြူကြီးရွာ၊ ၁၃-မန်ကျည်းစောက်ရွာ၊ ၁၄-ကျောက်ကာရွာ၊ ၁၅-မရှက်ကန်ရွာ၊၁၆-မန်ကျည်းကန်ရွာ၊ ၁၇-မန္တလေးရွာ၊ ၁၈-ရွာတုံရွာ များက အရွယ်ကောင်းခြင်း မြန်မာသန့်စွမ်းခြင်း ရှိသူတို့ကို ရွေးကောက်၍ မြောက်ဒဝယ် အစုအမှုထမ်း ဖွဲ့တော်မူပြီးလျှင် ခြသေ့ရုပ်လက်ယာဘက် လက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ပဉ္စမ မြို့တည် နန်းတည် မင်းတရားကြီးဘုရား ရွှေနန်းတက်တော်မူသည်ကစ၍ သားတော် ဒုတိယနန်းစံမင်းတရား လက်ထက်တော်တိုင် အိမ်ထောင်စုံတက်၍ ရွှေဘဝါးတော်အောက်တွင် အမြဲနေထိုင်ထမ်းရွက်

ကြရသည်။ ၎င်း မြောက်ဒဝယ်အမှုထမ်း ၆၇၅-တို့မှာ တလလျှင် လစာငွေတော် ၇၈၄ဝိ-သနားတော်မြတ် ခံရသည်။ သေနတ်စာရေး မောင်အိ၊ မောင်စိန် တို့ဖြစ်သည်။

## ၃၁၅–တောင်ဒဝယ်

၁-ကြေးမုံရွာ၊ ၂-မုံရွေးရွာ၊ ၃-နွားထိန်းရွာ၊ ၄-ရွာပုလဲရွာ၊ ၅-ခင်ပွန်ရွာ၊ ၆-ရဲထွက်ရွာ၊ ၇-ပုတလင်ရွာ၊ ၈-ဘော်ကာရွာ၊ ၉-ကင်းစမ်းရွာ၊ ၁၀-ခံပြင်း ဆိပ်ရွာ၊ ၁၁-အင်တိုင်းရွာ၊ ၁၂-အင်းမရွာ၊ ၁၃-မြေနက်ရွာ၊ ၁၄-ဝက်ခဲရွာ၊ ၁၅-တုံတစ်ရွာများက အရွယ်ကောင်းခြင်း၊ မြန်မာသန့်စွမ်းခြင်းရှိသူတို့ကို ရွေး ကောက်၍ တောင်ဒဝယ်အစုအမှုထမ်း ဖွဲ့တော်မူပြီးလျှင် ခြသေ့ရုပ် လက် ယာဖက် လက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။

မြောက်ဒဝယ် အမှုထမ်းများနည်းတူ ရွှေဘဝါးတော်အောက်သို့ အိမ် ထောင်စုံတက်၍ ထမ်းရွက်ရသည်။ တောင်ဒဝယ်အမှုထမ်း ၆၇၅-တို့မှာ တလ လျှင် လစာငွေတော် ၇၇၃ဝိ-သနားတော်မြတ်ခံရသည်။ သေနတ်စာရေး မောင်ကျော်ဝ၊ မောင်လွန်းတို့ဖြစ်သည်။

## ၃၁၆–မြောက် ၁၅၀

၁-ကပိုင်ရွာ၊ ၂-ဘုဘရွာ၊ ၃-တောပုရွာ၊ ၄-တမ်းခွန်တိုင် ရွာသစ်၊ ၅-မြေနဲ ရွာ၊ ၆-ထနောင်းဝန်းရွာ၊ ၇-အင်းမရွာ၊ ၈-စိုင်ယူရွာ၊ ၉-လယ်စင်ရွာ၊ ၁၀-ကျဘိုးရွာ၊ ၁၁-တောင်ပုံရွာ၊ ၁၂-ကျောင်းရွာ၊ ၁၃-စွန်းလွန်းရွာ၊ ၁၄-ကုန်းသာရွာ၊ ၁၅-ကတိုးရွာ၊ ၁၆-ကူတော်ရွာ၊ ၁၇-ရွာမှန်ရွာ၊ ၁၈-အောင် ချမ်းသာရွာများက အရွယ်ကောင်းခြင်း မြန်မာသန့်စွမ်းခြင်းရှိသူတို့ကို ရွေး ကောက်၍ မြောက် ၁၅၀-အစုအမှုထမ်းဖွဲ့တော်မူပြီးလျှင် ခြသေ့ရုပ် လက်ယာ လက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။

မြောက်ဒဝယ် အမှုထမ်းများ နည်းတူ ရွှေဘဝါးတော်အောက်သို့ အိမ် ထောင်စုံတက်၍ ထမ်းရွက်ရသည်။ မြောက်တရာ့ငါးဆယ် အမှုထမ်း ၆၃၃- တို့မှာ တလလျှင် လစာငွေတော် ၇၇၂ဝိ သနားတော်မြတ် ခံရသည်။ သေနတ် စာရေး-မောင်စံဘူ၊ မောင်သာအုပ်၊ မောင်ညွှင်းတို့ဖြစ်သည်။

## ၁၁၇–တောင် ၁၅၀

၁-ပရစ်ကုန်း မြောက်ရွာ၊ ၂-ပရစ်ကုန်း တောင်ရွာ၊ ၃-သက်ကယ်ကျင်းရွာ၊ ၄-မုံရွာ၊ ၅-လှေကူးရွာ၊ ၆-အောင်သာရွာ၊ ၇-ရွာသစ်ရွာ၊ ၈-အောင်ချမ်းသာရွာ၊ ၉-ညောင်ပင်စောက်ရွာ၊ ၁၀-ရှစ်ဆယ်ရွာ၊ ၁၁-ရွားပြေးရွာ၊ ၁၂-မကွေးပြင်ရွာ၊ ၁၃-တောဝေးရွာ၊ ၁၄-သက်ရှည်ကန်ရွာ၊ ၁၅-ကျွဲရဲရွာ၊ ၁၆-ကျောက်စစ်ပုံရွာများက အရွယ်ကောင်းခြင်း မြန်မာသန်စွမ်းခြင်းရှိသူတို့ကို ရွေးကောက်၍ တောင်တရာ့ငါးဆယ် အစုအမှုထမ်း ဖွဲ့တော်မူပြီးလျှင် ခြသေ့ရုပ် လက်ယာလက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။ မြောက်ဒဝယ်အမှုထမ်းများနည်းတူ ရွှေဘဝါးတော်အောက်သို့ အိမ်ထောင်စုံတက်၍ ထမ်းရွက်ရသည်။ တောင်တရာ့ငါးဆယ်အမှုထမ်း ၅၄၇-တို့မှာ တလလျှင် လစာငွေတော် ၆၂၈၅ိ သနားတော်မြတ်ခံရသည်၊ သေနတ်စာရေး မောင်ချစ်စရာ၊ မောင်ဘိုးတိုင်းတို့ဖြစ်သည်။

## ၁၁၈–မြောက်မာရဘင်

၁-မောင်းထောင်ရွာ၊ ၂-ညောင်ကန်ရွာ၊ ၃-ပေယင်းရွာ၊ ၄-အုတ်ဖိုရွာ၊ ၅-လက်ပံရွာ၊ ၆-မြို့သစ်ချောင်းရွာ၊ ၇-သဖန်းရွာ၊ ၈-မြို့ပေါ်ရွာ၊ ၉-ကန်သစ်ရွာ၊ ၁၀-သင်တလည်ရွာ၊ ၁၁-အောင်သာရွာ၊ ၁၂-နွားမသင်းရွာ၊ ၁၃-မြင်းတွင်းရွာ၊ ၁၄-ပေါင်းကျရွာ၊ ၁၅-ကျောက်စရစ်ပုံရွာများက အရွယ်ကောင်းခြင်း, မြန်မာသန်စွမ်းခြင်းရှိသူတို့ကို ရွေးကောက်၍ မြောက်မာရဘင် အစုအမှုထမ်း ဖွဲ့တော်မူပြီးလျှင် ခြသေ့ရုပ် လက်ယာလက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။

မြောက်ဒဝယ်အမှုထမ်းများနည်းတူ ရွှေဘဝါးတော်အောက်သို့ အိမ်ထောင်စုံတက်၍ ထမ်းရွက်ရသည်။ မြောက်မာရဘင်အမှုထမ်း ၇၉၉-တို့မှာ တလလျှင် လစာငွေတော် ၉၂၂၅ိ- သနားတော်မြတ်ခံရသည်။ သေနတ်စာရေး မောင်ဘဲ၊ မောင်စံထွန်း၊ မောင်အေးရာ။

## ၁၁၉–ရွှေပြည်မှန်ကင်း

၁-အလုံမြို့မ၊ ၂-နကတွင်း၊ ၃-မီးပေါက်ရွာ၊ ၄-မအူရွာ၊ ၅-ကူတောရွာ၊ ၆-လေးမြေရွာ၊ ၇-ဝန်ပို့ရွာ၊ ၈-သန်းမတောရွာ၊ ၉-တရော်တောရွာ၊ ၁၀-ကွမ်း

အုံရွာ၊ ၁၁-မတိုင်ကျောင်းရွာ၊ ၁၂-မြို့သစ်ရွာ၊ ၁၃-အရာတော်ရွာ၊ ၁၄-နောင်ကြီးအိုင်ရွာ၊ ၁၅-လှေဦးကန်ရွာ၊ ၁၆-ရဲချင်းရွာ၊ ၁၇-စရစ်ရွာ၊ ၁၈-မြင်းမီးလောင်ရွာ၊ ၁၉-ပဥ္စာကုန်းရွာ၊ ၂၀-ရှားကုန်းရွာ၊ ၂၁-သလဲပါရွာ၊ ၂၂-ကျောက်ပျောက်ရွာ၊ ၂၃-မင်းရွာ၊ ၂၄-ကဲပါရွာ၊ ၂၅-မလဲသာရွာများက အရွယ်ကောင်းခြင်း, မြန်မာသန်စွမ်းခြင်း ရှိသူတို့ကို ရွေးကောက်၍ ရွှေပြည်မှန်ကင်း အစုအမှုထမ်း ဖွဲ့တော်မူပြီးလျှင် ခြသေ့ရုပ် လက်ယာ လက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။

မြောက်ဒဝယ်အမှုထမ်းများနည်းတူ ရွှေဘဝါးတော်အောက်သို့ အိမ်ထောင်စုံတက်၍ ထမ်းရွက်ရသည်။ ရွှေပြည်မှန်ကင်း အမှုထမ်း ၆၇၂-တို့မှာ တလလျှင် လစာငွေတော် ၆၂၈၅ သနားတော်မြတ် ခံရသည်။ သေနတ်စာရေး မောင်ပုံချို၊ မောင်မှူး။

အတွင်းခြောက်စု ကိုယ်ရံတော်အမှုထမ်းတို့၏
ရွာစဉ်ကျယ်နှင့်တကွ ပြဆိုခြင်း ပြီး၏။

---

## ၃၂၀-နတ်စုလက်ဝဲ

စုကြီးခြောက်ကြောင်းခေါ် သော နတ်စုလက်ဝဲ၊ နတ်စုလက်ယာ၊ ရွှေးလက်ဝဲ၊ ရွှေးလက်ယာ၊ လက်ဝဲကြောင်း၊ လက်ယာကြောင်း အစုများကို ရတနာသိင်္ဃပဋမမြို့တည် နန်းတည် အလောင်းမင်းတရားကြီးဘုရား အာဒိကမ္မ ရှေးဦးအစပြု၍ ဖွဲ့တော်မူခဲ့ခြင်း ဖြစ်လေသည်။

သက္ကရာဇ် ၁၁၂၁-ခုနှစ် အလောင်းမင်းတရားကြီးဘုရား ယိုးဒယားပြည်သို့ ချီတော်မူ၍ ယိုးဒယားမြို့အနောက် သဖန်းပုံးမြို့ကို ရတော်မူလျှင် ထိုတွင် ၅-ရက် ဆင်မြင်းဖြည့်တင်းတော်မူသည်။ ရွှေးလက်ဝဲ၊ရွှေးလက်ယာ သေနတ်အစုတွင် ရဲရောင်မြန်မာသူတို့ကို ရွှေးကောက်တော်မူ၍ ရသည့် ၂-စု လူပေါင်း ၁၆၆-ကို နတ်စုလက်ဝဲအစု ဖွဲ့တော်မူသည်။

၎င်းနတ်စုလက်ဝဲ ခြောက်သွေးသောက်မှာ ဂူဝင်ခြသေ့ ကျော၌ထိုး၍ ဆေးတော်မှတ်သည်။ နောက်ဖြည့်စုသစ်မှာ နံချွန်ဝဲယာထိုး၍ ဆေးတော်မှတ်သည်။

၎င်းအုပ်စု ကွေ့သေနတ်မှာ ယုဂန္ဓရနတ်ဘီလူး၊ လက်ယာခေါင်းထမ်း၊ လက်ဝဲ သန်လျက်ထမ်း လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်လက်တော် နတ်စုလက်ဝဲ အစုအမှုထမ်း ၁၀၀၉-ရှိသည်ဖြစ်၍ ၎င်းတို့မှာ တလလျှင် လစာငွေတော် ၁၆၂၀ိ သနားတော်မြတ်ခံရသည်။ သေနတ်စာရေး မောင်ကျော်သူ၊ မောင်ဆန်းတို့ ဖြစ်သည်။

## ၃၂၁–နတ်စုလက်ယာ

သက္ကရာဇ် ၁၁၂၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့ ကသည်း ပြည်သို့ တိုက်ခိုက်သိမ်းယူတော်မူရန် ရတနာသိင်္ဃမြို့တော်မှ အလောင်း မင်းတရားကြီးဘုရား ချီတော်မူခဲ့ရာ ကသည်းနယ်စပ် တမူးလယ်ပြင်သို့ရောက်၍ ချရပ်တော်မူသည့်အတွင်း လက်ယာကြောင်းသေနတ်အစုက ပုံချီသိခ်နှင့် လူ ၅၀၊ သေနတ်ရန်အောင်နှင့် လူ ၅၀၊၂-စု လူပေါင်း ၁၀၀-ကို ရွေးနုတ်တော်မူ၍ နတ်စု လက်ယာသေနတ်အစု ဖွဲ့တော်မူသည်။

နတ်စုလက်ယာအုပ်စု ဆင်ခြေဖုံးအစုမှာ မဟာပိန္နဲနတ် သန်လျက် ၂-ဘက် ကိုင် လက်ယာနံဘေးမှာ ထိုး၍ ဆေးတော်မှတ်သည်။ ၎င်း ဖွဲ့ရာပါ ဆင်ခြေဖုံး အစုတရပ်မှာ မှိုင်းငယ်ကျော်နတ်ဘီလူး စမ္ပန္နဝ ပဌမအင်းနှင်း၊ ဒုတိယအင်း ရင်ပတ်၊ တတိယအင်းရွက် လက်ယာ လက်ပြင်အောက် ထိုး၍ ဆေးတော် မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် နတ်စုလက်ယာ အစု အမှုထမ်း ၄၂၀-ရှိသည်ဖြစ်၍ ၎င်းတို့မှာ တလလျှင် လစာငွေတော် ၄ဂ၁၀ိ၊ သနားတော်မြတ် ခံရသည်။ သေနတ်စာရေး မောင်ရွှေဝင်း၊ မောင်ဘိုးသိန်း- မောင်ဘိုးခ တို့ဖြစ်သည်။

## ၃၂၂–ရွှေးလက်ဝဲ

ရတနာသိင်္ဃ ကုန်းဘောင်ရွှေပြည်တော်ကြီးတွင် သက္ကရာဇ် ၁၁၂၀-ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃-ရက်နေ့ ရဲရောင် မြန်မာသန်စွမ်းသူတို့ကို ရွေးကောက်

တော်မူပြီးလျှင် ရွှေးလက်ဝဲ ရွှေးလက်ယာ သေနတ် ၃၂-သေွးသောက်တပ် ဖွဲ့တော်မူသည်။ ရွှေးလက်ဝဲသေနတ်အစုသားတို့ကို လက်ဝဲနံတွင် နံချွန်ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ရွှေးလက်ဝဲ အမှုထမ်း ၄၅၅-ရှိသဖြင့် ၎င်းတို့မှာ တလလျှင် လစာငွေတော် ၅၃၉၅-သနား တော်မြတ် ခံရသည်။ သေနတ်စာရေး မောင်ဆန်း၊ မောင်လူမောင်၊ မောင်ပို၊ ၎င်းနောက် မောင်ရွှေရင်း၊ မောင်မြို၊ မောင်တန်၊ မောင်ဒေးဝန်း၊ မောင်ကြင် တို့ဖြစ်သည်။

## ၃၂၃—ရွှေးလက်ယာ

သက္ကရာဇ် ၁၁၂၀-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃-ရက်နေ့ အလောင်းမင်း တရားကြီးဘုရား ရွှေးလက်ဝဲ သေနတ်အစုအမှုထမ်းတို့နှင့် တချိန်တည်း ရွှေး လက်ယာ သေနတ်အစုအမှုထမ်း ဖွဲ့တော်မူ၍ ၎င်းအစုသားတို့ကို လက်ယာနံ တွင် နံချွန်ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ ရွှေးလက် ယာ အစုအမှုထမ်း ၃၇၉-ရှိသဖြင့် ၎င်းတို့မှာ တလလျှင် လစာငွေတော် ၄၆၇၅- သနားတော်မြတ် ခံရသည်။ သေနတ်စာရေး မောင်စော၊ မောင်သာရောက်၊ မောင်ဘိုးကြီး၊ ၎င်းနောက် မောင်ကြင်အုံ၊ မောင်ရွှေအုံတို့ဖြစ်သည်။

## ၃၂၄—လက်ဝဲကြောင်း

အလောင်းမင်းတရားကြီးဘုရားလက်ထက်တော် သက္ကရာဇ် ၁၁၂၀-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၄-ရက်နေ့ ဥဒိန်နန္ဒသူကို သေွးသောက်ကြီးခန့်၍ လက်ဝဲကြောင်း သေနတ် သုံးဆဲ့သုံး သေွးသောက်တပ် ဖွဲ့တော်မူပြီးလျှင် လက်ဝဲနံတွင် နံချွန်အမှတ်ပေး၍ ထမ်းရွက်စေသည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ လက်ဝဲ ကြောင်း အစုအမှုထမ်း ၅၇၀-ရှိသဖြင့် ၎င်းတို့မှာ တလလျှင် လစာငွေတော်

၆၆၁ဝိ- သနားတော်မြေ ခံရသည်။ သေနတ်စာရေး မောင်ရှိန်း၊ မောင်ရွှေလှ၊ မောင်ဘိုးထိုက်တို့ဖြစ်သည်။

## ၃၂၅—လက်ယာကြောင်း

အလောင်းမင်းတရားကြီး ဘုရားလက်ထက်တော် သက္ကရာဇ် ၁၁၂၀-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃-ရက်နေ့၊ ဒိဗ္ဗပုံချီကို သွေးသောက်ကြီး ခန့်၍လက်ယာကြောင်း သေနတ် နှစ်ဆဲ့သုံး သွေးသောက်တပ် ဖွဲ့တော်မူပြီးလျှင် လက်ယာနံတွင် နံချွန်အမှတ်ပေး၍ ထမ်းရွက်စေသည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်မှာ လက်ယာကြောင်း အစုအမှုထမ်း ၅၀၀-ရှိသဖြင့် ၎င်းတို့မှာ တလလျှင် လစာငွေတော် ၅၇၉ဝိ-သနားတော်မြေ ခံရသည်။ သေနတ်စာရေး မောင်ထုံးကြီး၊ မောင်ပေါ၊ မောင်ဘိုးသင် တို့ဖြစ်ကြသည်။

## ၃၂၆—တောင်မာရဘင်

တောင်မာရဘင် အစုသေနတ်မှာ ရှေးက ရှိဟောင်းဖြစ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော် ၎င်းအစု သေနတ်စွဲသူရဲ ၃၅၆-တို့မှာ တလလျှင် လစာငွေတော် ၄၁၈ဝိ-သနားတော်မြေ ခံရသည်။ သေနတ်စာရေး မောင်ထွား မောင်ကြီးတို့ဖြစ်သည်။

## ၃၂၇—ရွှေလှံသေနတ်အစု

ရွှေလှံ သေနတ်အစုမှာ ရှေးမင်းတို့လက်ထက်က ရှိဟောင်းဖြစ်သည်၊ ၎င်းအစုသားတို့ကို သိကြားမင်းပလ္လင်ထက် တင်ပြင်ခွေ၊ လက်ယာလက် ခရုသင်း၊ လက်ဝဲလက် သန်လျက်ကိုင် လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ၎င်းအစု သေနတ်စွဲ သူရဲ ၅၀၄-တို့မှာ တလလျှင် လစာငွေတော် ၅၈၂ဝိ-သနားတော်မြေ ခံရသည်။ သေနတ်စာရေး ဦးမောင်၊ မောင်အိုင်တို့ဖြစ်သည်။

## ၃၂၈—နတ်ရှင့်ရွှေအမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့သည့် နတ်ရှင့်ရွှေးသေနတ်စု အမှုထမ်းဖြစ်သည်။ ၎င်းတို့မှာ သီဝကနတ် လက်ဝဲသန်လျက်ထမ်း လက်ပြင်နှစ်ဘက်ကြားမှာ ထိုးသည့်ပြင် နံချွန်မြေစိုက်ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် နတ်ရှင့်ရွှေး အမှုထမ်း ၅၆၂-တို့မှာ တလလျှင် လစာငွေတော် ၆၅၂၀-သနားတော်မြတ်ခံရသည်။ သေနတ်စာရေး မောင်နီ၊ မောင်ပုံတန် တို့ဖြစ်ကြသည်။

## ၃၂၉—ရွှေပြည်အမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့သည့် ရွှေပြည် သေနတ်စုအမှုထမ်းဖြစ်သည်။ ၎င်းတို့မှာ အာဠဝကနတ်ဘီလူး လက်ယာသန်လျက်ထမ်း လက်ဝဲဒိုင်းကိုင် လက်ယာလက်ပြင်အောက်မှာ ထိုး၍ ဆေးတော်မှတ်သည်၊မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ရွှေပြည်အမှုထမ်း ၁၆၇-တို့မှာ တလလျှင် လစာငွေတော် ၂၀၇၀-သနားတော်မြတ် ခံရသည်။ သေနတ်စာရေး မောင်ဘိုးခေါင်၊ မောင်ဘော တို့ဖြစ်သည်။

## ၃၃၀—နောက်ဝန်းကျင်အမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့သည့် နောက်ဝန်းကျင် သေနတ်အမှုထမ်း ဖြစ်သည်။ ဂျမ်းနတ်ရုပ် လက် ၆-ဘက်၊ အထက် လက် ၂-ဘက် သန်လျက်ကိုင်၊ အလယ် လက် ၂-ဘက် တင်းပုတ်ကိုင်၊ အောက်လက် ၂-ဘက် ဒိုင်းကိုင်၊ က၊စ၊ ဗ၊ယ၊ လေးက္ခက်အင်းနင်း ကျောမှာထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် နောက်ဝန်းကျင် သေနတ်စုအမှုထမ်း ၁၇၆-တို့မှာ တလလျှင် လစာငွေတော် ၂၀၂၇ သနားတော်မြတ်ခံရသည်။ နောက်ဝန်းကျင် သေနတ်စာရေး မောင်ထွန်းရောက် ၁၂၃၁-ခု၊ တပေါင်းလက ခန့်သည်။

## ၃၃၁—လင်းဇင်းအမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့သည့် လင်းဇင်း သေနတ်အမှုထမ်းဖြစ်သည်။ ဟေမဝန္တာနတ် လက်ယာသန်လျက်ထမ်း လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် လင်းဇင်း သေနတ်စုံအမှုထမ်း ၃၃၀-တို့မှာ တလလျှင် လစာငွေတော် ၄၀၀၅-သနားတော်မြတ်ခံရသည်။ လင်းဇင်းသေနတ်စာရေး မောင်သာအူ၊ မောင်လယ်တို့ ဖြစ်သည်။

## ၃၃၂—ကင်းတားကုလားပျိုအမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့သည့် ကင်းတားကုလားပျို သေနတ်စုံအမှုထမ်းဖြစ်သည်။ ခြသေ့ရုပ် လက်ယာနံဘေးတွင် ထိုး၍ ဆေးတော်မှတ်သည်။မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ကင်းတား ကုလားပျိုသေနတ်စုံအမှုထမ်း ၃၃၅-တို့မှာ တလလျှင် လစာငွေတော် ၄၀၀၅ သနားတော်မြတ်ခံရသည်။ မောင်ကြွက်၊ မောင်ဖြူအုတ့် ဖြစ်ကြသည်။

## ၃၃၃—သူရဲအမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့သည့် သူရဲအစုသေနတ်စုံ အမှုထမ်းဖြစ်သည်။ သူရဲတုတ်ရဲအစု ဝင်စည်အစုတို့မှာ ပဇာပတိနတ် သန်လျက်ထမ်း လည်ကုပ်မှာ ထိုးသည်။ ဗျဉ်းညွှားအစုမှာ ဇဝနနတ် လက်ယာသန်လျက်ထမ်း လက်ယာခြေ လဝန်းနှင်း လက်ဝဲခြေ နေဝန်းနှင်း လည်ကုပ်မှာ ထိုးသည်။ ရွှေပန်းပန်အစုမှာ နိဂန္ဓနတ် လက်ယာသန်လျက်ထမ်း လက်ဝဲပန်းခက်ကိုင် လည်ကုပ်မှာ ထိုး၍ အသီးအသီး သူရဲအမှုထမ်းတို့ကို ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် သူရဲအမှုထမ်း ၁၁၁၀-တို့မှာ တလလျှင် လစာငွေတော် ၁၁၇၇၅-သနားတော်မြတ်ခံရသည်။ သူရဲစာရေး မောင်ထွန်းအောင်၊ မောင်လျောက်၊ မောင်စံထွန်းတို့ ဖြစ်သည်။

## ၃၃၄–တံခါးနီအမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့သည့် တံခါးနီအစု သေနတ်စွဲသူရဲတို့မှာ ဒက္ခယက္ခ နတ်ဘီလူး တင်ပြင်ခွေ လက်ယာ သန်လျက်ထမ်း လက်ဝဲ ဒိုင်းကိုင် လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော် တံခါးနီ အမှုထမ်း ၁၇၇-တို့မှာ တလလျှင် လစာငွေတော် ၂၂၁၅-သနားတော်မြတ်ခံရသည်။ တံခါးနီအဝှန်း မောင်ရွှေသာ မောင်ဘော မောင်ရွှေအိုးတို့ ဖြစ်သည်။

## ၃၃၅–ဘုန်းတော်တိုးအမှုထမ်း

ခမည်းတော် ပဋ္ဌမသံဂါယနာတင် မင်းတရားလက်ထက်တော်က ဖွဲ့ခဲ့သည့် ငွေတော်ဝယ် အမှုထမ်းလူ လေးရာကျော်ကို သားတော် မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် သက္ကရာဇ် ၁၂၄၂-ခုနှစ်အတွင်း ၎င်း ငွေတော်ဝယ် အမှုထမ်းတို့ကို ဘုန်းတော်တိုးအမည် လဲပြောင်းပြီးလျှင် ဆေး တော်ထိုးမှတ်စေ၍ သေနတ်အစုမှာ ထမ်းရွက်စေသည်။ စစ်အတတ်ပညာကို လည်း ကျွန်တော်မျိုး ဘာရယေရိက ကြီးကြပ် သင်ကြား ပြသစေသည်။ ၎င်းအစုအမှုထမ်း ၄၆၁-တို့မှာ တလလျှင် လစာငွေတော် ၅၄၇၅-သနားတော် မြတ်ခံရသည်။ ဘုန်းတော်တိုး သေနတ်စာရေး မောင်ချိန်၊ မောင်ချောတို့ ဖြစ်သည်။

## ၃၃၆–ဘုန်းတော်ဖြစ်အမှုထမ်း

အလောင်းမင်းတရားကြီးဘုရား လက်ထက်တော် သက္ကရာဇ် ၁၁၁၉-ခုနှစ် ဖွဲ့တော်မူသည့် ဘုန်းတော်ဖြစ် အမှုထမ်းတို့မှာ သာတာဂီရိနတ်ဘီလူး လက်ယာ သန်လျက်ထမ်း လည်ကုပ်မှာထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ၎င်းဘုန်းတော်ဖြစ် သေနတ်စွဲ အမှုထမ်း ၂၈၄-တို့မှာ တလလျှင် လစာငွေတော် ၃၆၁၅-သနားတော်မြတ်ခံရသည်။ ဘုန်း တော်ဖြစ်သေနတ်စာရေး မောင်ကောင်းစံ မောင်လင်း မောင်ဆိုးတို့ ဖြစ်သည်။

## ၃၃၇–စုံလေးဆယ် ဒိုင်းအမှုထမ်း

ရှေးမင်းတို့လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော စုံလေးဆယ် ဒိုင်းအမှုထမ်းတို့မှာ ပဥ္စာလနတ်ဘီလူး ကြာဖက်ဆောင်း လက်ယာ ခါးထမ်း လက်ဝဲ ဒိုင်းကိုင် လည်ကုပ်မှာ ထိုးသည်။ တပ်ဒိုင်းအစုမှာ ဝေသာမိတ္တနတ်ဘီလူး လက်ယာ သန်လျက်ထမ်း လက်ဝဲ ကာကိုင် လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ၎င်းအမှုထမ်း ၄၂၆-တို့မှာ တလလျှင် လစာငွေတော် ၅၂၇၅-၂-မတ် သနားတော်မြတ်ခံရသည်။ စုံလေးဆယ်ဒိုင်းစာရေး မောင်ရန်ကင်းမှာ ၁၂၂၆-ခု နယုန်လ၊ မောင်ရွှေအိုးမှာ ၁၂၄၄-ခု တပို့တွဲလ ခန့်တော်မူသည်။

## ၃၃၈-ကောင်ဟန် အမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော ကောင်ဟန်အမှုထမ်းတို့မှာ ပဥ္စလိန္တနတ် လက်ယာ သန်လျက်ထမ်း လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ကောင်ဟန် အမှုထမ်း ၉၅-တို့မှာ တလလျှင် လစာ ငွေတော် ၁၃၂၂-၂-မတ် သနားတော်မြတ်ခံရသည်။ ဝင်းကောင်ဟန်စာရေး မောင်ကြာရစ်မှာ ၁၂၄၃-ခု၊ ဝါခေါင်လ၊ တပ်ကောင်ဟန်စာရေး မောင်သစ်မှာ ၁၂၄၀-ခု၊ တန်ဆောင်မုန်းလ ခန့်တော်မူသည်။

## ၃၃၉-ယွန်းစု အမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော ယွန်းစု အမှုထမ်းတို့မှာ မန္တယနတ် သန်လျက်ထမ်း လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ယွန်းစု အမှုထမ်း ၁၁၄-တို့မှာ တလလျှင် လစာငွေတော် ၁၃၅၀-သနားတော်မြတ် ခံရသည်။ ယွန်းအစုရေး မောင်ဘကို ၁၂၄၆-ခု၊ ကဆုန်လ ခန့်တော်မူသည်။

## ၃၄၀-ရွှေဝင်း အမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော ရွှေဝင်းအမှုထမ်းတို့မှာ ဓတ-ရဋ္ဌနတ် လက်ယာ သန်လျက်ထမ်း လည်ကုပ်မှာထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် ရွှေဝင်း အမှုထမ်း ၂၉၅-တို့မှာ တလလျှင် လစာငွေတော် ၃၇၇ကျပ်၊ ၂-မတ် သနားတော်မြတ် ခံရသည်၊ ရွှေဝင်း စာချီ မောင်ဝန်းကို ၁၂၄၀-ခု၊ နတ်တော်လ ခန့်တော်မူသည်။ ရွှေဝင်း ဒိုင်းစာရေး မောင်အုပ်ကို ၁၂၂၈-ခု၊ နတ်တော်လ၊မောင်စုကို ၁၂၄၄-ခု၊ နယုန်လ ခန့်တော်မူသည်။

## ၃၄၁-လက်ဝဲဝင်း အမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော လက်ဝဲဝင်း အမှုထမ်းတို့မှာ ကုဝေရနတ် လက်ယာလက် သန်လျက်ထမ်း လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်၊ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် လက်ဝဲဝင်း အမှုထမ်း ၄၂၄-တို့မှာ တလလျှင် လစာငွေတော် ၅၅၀၅-သနားတော်မြတ် ခံရသည်။ လက်ဝဲဝင်းစာချီ မောင်ရန်လုံကို ၁၂၃၃-ခု၊ တန်ခူးလက ခန့်တော်မူသည်။ လက်ဝဲဝင်း ဒိုင်းစာရေး မောင်ဝက်မြေကို ၁၂၃၇-ခု၊ ကဆုန်လ၊ မောင်သာထူးကို ၁၂၃၉-ခု၊ ပြာသိုလ ခန့်တော်မူသည်။

## ၃၄၂-လက်ယာဝင်း အမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော လက်ယာဝင်း အမှုထမ်းတို့မှာ ဝိရူဠှကနတ် လက်ယာလက် သန်လျက်ထမ်း လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် လက်ယာဝင်း အမှုထမ်း ၁၁၄-တို့မှာ တလလျှင် လစာငွေတော် ၁၉၃ကျပ်၊ ၂-မတ် သနားတော်မြတ် ခံရသည်။ လက်ယာဝင်း စာချီ မောင်ပါတူကို ၁၂၃၀-ခု၊ တန်ဆောင်မုန်းလ ခန့်တော်မူသည်။ လက်ယာဝင်း ဒိုင်းစာရေး မောင်စို နှင့် မောင်ရာတို့ကို ၁၂၃၉-ခု၊ ပြာသိုလ ခန့်တော်မူသည်။

## ၃၄၃-အနောက်ဝင်း အမှုထမ်း

ရှေးမင်းတို့ လက်ထက်က ဖွဲ့ခဲ့ရင်းဖြစ်သော အနောက်ဝင်း အမှုထမ်းတို့မှာ ဝိရူပက္ခနတ် လက်ယာလက် သန်လျက်ထမ်း လည်ကုပ်မှာထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော် အနောက်ဝင်း အမှုထမ်း ၁၁၄-တို့မှာ တလလျှင် လစာငွေတော် ၁၇၇၅၊ ၂-မတ် သနားတော်မြတ် ခံရသည်။ ဝင်းစာချီ မောင်ရန်ကင်းကို ၁၂၂၆-ခု၊ ကဆုန်လ ခန့်တော်မူသည်၊ နောက်ဝင်းဒိုင်းစာရေး မောင်ကိုင်းကို ၁၂၁၅-ခု၊ နတ်တော်လ ခန့်တော်မူသည်။

## ၃၄၄-နံစ-မြေစိုက်နှင့် စာရံရခြင်းအကြောင်း

နံစ ထိုး၍ ဆေးတော်မှတ်ပုံမှာ အောက်ကား၍ အထက် ချွန်ပြီးလျှင် ကြက်လျှာ အလံကလေး ပုံသဏ္ဌာန်ဖြင့် နံပေါ်တွင် ထိုးခြင်းဖြစ်သည်။ မြေစိုက် ထိုးသည်မှာ ခြေသလုံး၏ ပြင်ရံက ကြွက်သားပေါ်တွင် ဒူးအောက်မှ ခြေမျက်စိ အထက်ရောက်အောင် ဆေးနက်ပိန်း ထိုးထားခြင်း ဖြစ်သည်။ ဆေးတော်မှတ်များတွင် မည်သည့်အမှုထမ်းဖြစ်ကြောင်းကိုလည်း ဆေးတော်မှတ်အရပ်များကို ပတ်ဝိုက်၍ စာတမ်းထိုးထားသည်။

## ၃၄၅-အမိန့်တော်များတွင်ပါသည့် စကားရပ်

အမိန့်တော်တမ်းများတွင် ပါဝင်သော ကြီးစု မှူးစုတို့၏ ခေါ်ဝေါ်ပုံများမှာ တိုင်၊ သူရင်း၊ စုရင်း၊ စုခြား၊ စုကြီး၊ စုလေး၊ စုနု၊ စုကြမ်းများပါ အရိုးအရာနေရာ တကျ ခေါ်ဝေါ်ဆောင်ရွက်ပုံများ ရှိသည်။

## ၃၄၆-တိုင်နှင့်ကျေး

"တိုင်" ဆိုသည်မှာ အိုမ်ခြေတွင်းစိုက်၊ ဆုံမောင်း အိုးအိမ်နှင့်တကွ လူအမြဲနေသောမြို့ရွာအရပ်, လယ်ယာလုပ်ရသော ပိုင်ဆိုင်သူလက်ရှိထားသော သူတို့နှင့် ဆက်သွယ်သော အရပ်များမှတပါး အခြားလွတ်လပ်သော "တိုင်"နယ်အတွင်း ပါဝင်သော တောတောင်၊ချောင်းမြောင်း၊ ကုန်းကြီး၊ကုန်းငယ်၊ခင်သွယ်ခင်ရိုး၊ လျှိုမြောင် ချောက်ကြား စသော အရပ်များကို "ကျေး" ဆိုလိုသည်။

## ၃၄၇-သူရင်း

"သူရင်း" ဆိုသည်မှာ အသည်ကို ဆိုလိုသည်။

## ၃၄၈-စုရင်း

"စုရင်း" ဆိုသည်မှာ မြန်မာလူမျိုးတို့ ဖွဲ့ရင်း လက်နက်ကိုင် အမှုထမ်း, မြင်းစီးအမှုထမ်းတို့ကို ဆိုလိုသည်။

## ၃၄၉-စုခြား

"စုခြား" ဆိုသည်မှာ မြန်မာလူမျိုးမဟုတ်သော အခြားလူမျိုးများကို ဖွဲ့စည်းသော လက်နက်ကိုင်အမှုထမ်း, မြင်းစီးအမှုထမ်းများကို ဆိုလိုသည်။

## ၃၅၀-စုကြီး

"စုကြီး"ဆိုသည်မှာ စုရင်း၊ စုခြား နှစ်မျိုးတွင် ပါဝင်သော လက်နက်ကိုင် အမှုထမ်း, မြင်းစီး အမှုထမ်းများကိုပင် ဆိုလိုသည်။ တနည်းအားဖြင့် အတွင်းခြောက်စု, ပြင်ခြောက်စုကို "စုကြီး"ဟူ၍ ခေါ်ဝေါ်လေသည်။ အမည်ပြောင်းသော်လည်း စုရင်း, စုခြား ခေါ်သူများနှင့် သဘောသွား ထပ်တူပင်ကျလေသည်။

## ၃၅၁-စုသေး

"စုသေး"ဆိုသည်မှာ ရွှေတော်ပြေး၊စမြှောင်၊တုရင်၊ပြေ့၊နေရာချ စသော အစုများနှင့် ရွှေတိုက်၊ ကသောင်းမြောင်တိုက် စသော တိုက်စောင့်များပါသော အစုများကို ဆိုလိုသည်။

## ၃၅၂-စုနု

"စုနု"ဆိုသည်မှာ ရွှေမျက်ပါး၊ ကြယ်ခတ်၊ ရွှေချည်ထိုး၊ ခတ်၊ ဂုန္တာန်ထိုး၊ ဂုန္တာန်ရွှေလုပ်၊ ဘီးတော်လုပ် စသော အသုံးအဆောင် လုပ်ရသော အစုများကို ဆိုလိုသည်။

## ၃၅၃·စုကြမ်း

"စုကြမ်း"ဆိုသည်မှာ လေ့သင်းအစု၊ အတီးအစု၊ ထောင်သားအစု၊ လက်မထောက်အစု၊ပါးကွက် လက်မရှိအစု၊ ဝင့်သီးအစု၊ ဗိုင်းတာအစု၊ ကိုးသားပေါက်အစုစသော အစုများကို ဆိုလိုသည်။

## ၃၅၄–အမှုထမ်း အတန်းအဆင့်

အမှုထမ်းများတွင် ရာထူးအလျောက် သွေးသောက်စုမှာ အမြင့်ဆုံး၊ ထိုအောက် သေနတ်အစု၊ ထိုအောက် စုသေးများ၊ ထိုအောက် စုနှုများ၊ ထိုအောက် စုကြမ်းများအားဖြင့် အမြင့်အနိမ့်ခွဲ၍ ထားသည်။ အခြားအစုက အမှုထမ်းကောင်းလျှင် သေနတ်အစုသို့၊ သေနတ်အစုက အမှုထမ်းကောင်းလျှင် မြင်းအစုသို့၊ မြင်းအစုက အမှုထမ်းကောင်းလျှင် သွေးသောက်အစုသို့ အဆင့်ဆင့်တက်၍ ခန့်သည်။

## ၃၅၅–လေ့သင်းစာရေး

လေ့သင်းစာရေး မောင်ကူးကို ၁၂၄၀-ခုနှစ် နတ်တော်လ၊ မောင်ဆင်နှင့် မောင်ပေါ်ထင်တို့ကို ၁၂၄၃-ခု တန်ဆောင်မုန်းလ၊ မောင်ခက်ကို ၁၂၄၂-ခုနှစ် ပဌမဝါဆိုလ၊ မောင်ခန့်ကို ၁၂၄၄-ခု ပြာသိုလ၊ မောင်ရွှေမောင်ကို ၁၂၄၅-ခုနှစ် တန်ဆောင်မုန်းလ၊ မောင်ဘိုးလူနှင့် မောင်ကဲတို့ကို ၁၂၄၅-ခု ပြာသိုလ ခန့်တော်မူသည်။

## ၃၅၆–ဖောင်စာရေး

ဖောင်စာရေး မောင်အင်ဘူးကို ၁၂၄၂-ခုနှစ် တန်ဆောင်မုန်းလ ခန့်တော်မူသည်။

## ၃၅၇–သဘော်ာစာရေး

သဘော်ာစာရေး မောင်ယွန်းကို ၁၂၄၃-ခုနှစ် တပို့တွဲလ ခန့်တော်မူသည်။

## ၃၅၈—အခွန်စာရေး

အခွန်စာရေး မောင်နှစ်နှင့် မောင်ဖေကလေးတို့ကို ၁၂၄၀-ခုနှစ်၊ ပြာသိုလ ခန့်တော်မူသည်။ မောင်ခေါင်နှင့် မောင်ဦးတို့ကို ၁၂၄၂-ခုနှစ်၊ ဝါခေါင်လ ခန့်တော်မူသည်။

## ၃၅၉—ကျီဝန်စာရေး

ကျီဝန်စာရေး မောင်ကြီးနှင့် မောင်သင်တို့ကို ၁၂၄၄-ခုနှစ်၊ တပို့တွဲလ ခန့်တော်မူသည်။

## ၃၆၀—ကျီစိုး

ကျီစိုး မောင်ထွန်းကို ၁၂၃၁-ခုနှစ် နှောင်းတန်ခူးလ၊ မောင်သိန်းနှင့် မောင်လေဟူတို့ကို ၁၂၄၃-ခုနှစ် တပေါင်းလ ခန့်တော်မူသည်။

## ၃၆၁—ဝေါစာရေး

ဝေါစာရေး မောင်ဘိုးမင်းကို ၁၂၄၀-ခုနှစ် တပို့တွဲလ ခန့်တော်မူသည်။

## ၃၆၂—ရွှေတိုက်စာရေး

ရွှေတိုက်စာရေး မောင်ကြွယ်ကို ၁၂၃၂-ခုနှစ် နယုန်လ၊ မောင်ဘိုးတင်ကို ၁၂၄၅-ခုနှစ် တပေါင်းလ ခန့်တော်မူသည်။

## ၃၆၃—သစ်တောစာရေးခန့်

သစ်တောစာရေး မောင်ဘူးကို ၁၂၄၀-ခုနှစ် ပြာသိုလ ခန့်တော်မူသည်။

## ၃၆၄—အောက်မားစာရေးခန့်

အောက်မားစာရေး မောင်ရွှေတူကို ၁၂၃၆-ခုနှစ် နတ်တော်လ ခန့်တော်မူသည်။

## ၃၆၅—ပန်းတည်းစာရေးခန့်

ပန်းတည်းစာရေး မောင်ရာကျော်ကို ၁၂၄၄-ခုနှစ် နတ်တော်လ ခန့်တော်မူသည်။

## ၃၆၆-ဒေးဝန်းအကောက်စာရေး

ဒေးဝန်းအကောက်စာရေး မောင်ရှမ်းကို ၁၂၄၁-ခုနှစ် နတ်တော်လ၊ မောင်ဘိုးမင်းကို ၁၂၄၄-ခုနှစ် နှောင်းတန်ခူးလ ခန့်တော်မူသည်။

## ၃၆၇-ပန်းဘဲစာရေး

ပန်းဘဲစာရေး မောင်တိုးနှင့် မောင်ဘိုးမြတို့ကို ၁၂၃၅-ခုနှစ် တပို့တွဲလ၊ မောင်မောက်ကို ၁၂၄၅-ခုနှစ် ဝါဆိုလ ခန့်တော်မူသည်။

## ၃၆၈-လယ်ဝန်စာရေး

လယ်ဝန်စာရေး မောင်တုတ်နှင့် မောင်ဖန်တို့ကို ၁၂၃၈-ခုနှစ် နယုန်လ ခန့်တော်မူသည်။

## ၃၆၉-အောင်ပင်လယ်လမိုင်းစာရေး

အောင်ပင်လယ်လမိုင်းစာရေး မောင်ရာပိုနှင့် မောင်အောင်ဘတို့ကို ၁၂၄၆-ခု ကဆုန်လ ခန့်တော်မူသည်။

## ၃၇၀-ဥယျာဉ်စာရေး

လက်ဝဲတော် ဥယျာဉ်စာရေး မောင်ဘားနှင့် လက်ယာတော် ဥယျာဉ်စာရေး မောင်စံကူးတို့ကို ၁၂၄၀-ပြည့်နှစ် တပေါင်းလ ခန့်တော်မူသည်။

## ၃၇၁-အချုပ်စာရေး

မြန်မာအချုပ်စာရေး မောင်ရွှေယုံ၊ ကုလားအချုပ်စာရေး မောင်မှော၊ ရှမ်းအချုပ်စာရေး မောင်ကလေးတို့ကို ၁၂၃၂-ခု တပို့တွဲလ ခန့်တော်မူသည်။

## ၃၇၂-မဟာဒါန်စာရေး

မဟာဒါန်စာရေး မောင်စိန်ကို ၁၂၃၉-ခု ဝါဆိုလ၊ မောင်မှော်၊ မောင်အုန်းခိုင်ကြီး၊ မောင်သော့၊ မောင်ဘိုးဦးတို့ကို ၁၂၄၀-ပြည့်နှစ် ကဆုန်လ၊ မောင်ဘိတ်ကို ၁၂၃၅-ခု တန်ဆောင်မုန်းလ၊ မောင်ခိုင်ကို ၁၂၄၂-ခု ပြာသိုလ၊ မောင်အုန်းခိုင်ကလေးကို ၁၂၄၅-ခု သီတင်းကျွတ်လ ခန့်တော်မူသည်။

## ၃၇၃-ပညာသည်စာရေး

ပညာသည်စာရေး မောင်ဘိုးမြမှာ ခမည်းတော် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီးလက်ထက်တော်က သားတော် မင်းတရားလက်ထက် ထီးနန်းပျက်သည်တိုင်အောင် ရာထူးလက်ရှိဖြစ်သည်၊ ပညာသည်စာရေးဆိုသည်မှာ ယိုးဒယားဇာတ်ကြီးသားတို့အပေါ် အုပ်ချုပ်ဆင့်ဆိုရသည်၊ မောင်ဘိုးမြသည် ယိုးဒယားအကပညာတွင် ပြိုင်ယှဉ်ဘက်မရှိအောင် ကျွမ်းကျင်သူဖြစ်၍ မင်းပွဲသဘင်များ၌ ရုပ်ကြီး ခေါင်းဆောင်းပြီးလျှင် ရာမမင်းလုပ်၍ က-ရသူဖြစ်သည်၊ ၎င်း၏မယား မနှင်းခက်မှာလည်း သီတာဒေဝီလုပ်၍ က-ရသူ ဖြစ်သည်။

မောင်တိုးသည် ယိုးဒယားအကပညာ၌ ကောင်းစွာ ကျွမ်းကျင်သူဖြစ်၍ ရုပ်ကြီးခေါင်းဆောင်းပြီးလျှင် ညီတော်လက္ခဏ လုပ်ရသူ ဖြစ်သည်၊ ၎င်းကို ၁၂၄၅-ခု နယုန်လ ပညာသည်စာရေး ခန့်တော်မူသည်။

မောင်ဆင်သည် ယိုးဒယားအကပညာကောင်းသူတယောက်ဖြစ်၍ ၎င်းကို ၁၂၄၆-ခု တန်ခူးလ ပညာသည်စာရေး ခန့်တော်မူသည်။

## ၃၇၄-အမြောက်စာရေး

အမြောက်ဝန် ဆင့်ဆိုရာ နာခံ၍ အမြောက်အမှုထမ်းတို့အပေါ် စီမံထမ်းရွက်ရသူ အမြောက်စာရေး မောင်မြိုင်နှင့် မောင်ဖေတို့ကို ၁၂၄၁-ခု ကဆုန်လ၊ မောင်ရွှေထွန်းကို ၁၂၄၂-ခု ပြာသိုလ အသီးအသီး ခန့်တော်မူသည်။

## ၃၇၅-မြင်းစာရေး

နောက်တော်ပါ မြင်းစာရေး မောင်မြစ်ကို ၁၂၂၃-ခု တပို့တွဲလ၊ ဇင်းမယ်ပါ မြင်းစာရေး မောင်ဘကို ၁၂၃၅-ခု တပေါင်းလ၊ အက္ကပတ် မြင်းစာရေး

မောင်ရွှေမြတ်ကို ၁၂၃၆-ခု ကဆုန်လ၊ ကသည်း မြင်းစာရေး မောင်မြကို ၁၂၃၇-ခု တပို့တွဲလ၊ ၎င်း မြင်းစာရေး မောင်ထွန်းကို ၁၂၄၀-နှစ် နတ်တော်လ၊ မြင်းစုကြီး ရှမ်းမြင်းစာရေး မောင်ပေကို ၎င်းနှစ် ပြာသိုလ၊ ၎င်း မြင်းစာရေး မောင်ဆန်းကို ၁၂၄၁-ခု ဝါဆိုလ၊ မင်္ဂလာရဲညွန့် မြင်းစာရေး မောင်စံထွန်းကို ၎င်းနှစ် သီတင်းကျွတ်လ၊ စီးတော်မြင်းစာရေး မောင်လှေးကို ၎င်းနှစ် တပေါင်းလ၊ စီးတော်မြင်းစာရေး မောင်ရန်ဖြိုကို ၁၂၄၄-ခု ဝါခေါင်လ၊ ရွှေပြည်ရန်အောင် မြင်းစာရေး မောင်ထွန်းအေးကို ၁၂၄၄-ခု တန်ဆောင်မုန်းလ၊ မင်္ဂလာရဲညွန့် မြင်းစာရေး မောင်လှိုင်ကို ၎င်းနှစ် တပို့တွဲလ၊ သွေးသောက် လပ်အစုရေး မောင်အေးပေါ်နှင့် အက္ကပတ် မြင်းစာရေး မောင်ဘ၊ မောင် ဘိုးလင်းတို့ကို ၎င်းနှစ် တပေါင်းလ၊ မြန်မာမြင်းစာရေး မောင်ဘိုးမောင်ကို ၁၂၄၅-ခု တပို့တွဲလ၊ နန်းဦးမင်္ဂလာ မြင်းစာရေး မောင်ချုပ်ကို ၁၂၄၅-ခု တန်ဆောင်မုန်းလ၊ ရွှေပြည်ရန်အောင် မြင်းစာရေး မောင်လှော်နှင့် နန်းဦး မင်္ဂလာ မြင်းစာရေး မောင်လန်းတို့ကို ၁၂၄၆-ခု ကဆုန်လ၊ ရဲဘက်မြင်းစာရေး မောင်မြင့်ကို ၎င်းနှစ် တပို့တွဲလ အသီးအသီး ခန့်တော်မူသည်။

## ၃၇၆–ပညာရှိများ

မြန်မာနိုင်ငံတော်ကြီးကို တကောင်းမြို့တည် အဘိရာဇာမင်းကစ၍ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တိုင် ဘုရင်ကေရာဇ်မင်းပေါင်း ၁၇၅-ပါးတို့ အစဉ်အတိုင်း မင်းပြုတော်မူခဲ့ရာ သက္ကရာဇ် ၁၂၄၇-ခု တန်ဆောင် မုန်းလပြည့်ကျော် ၈-ရက်နေ့ ရောက်ကာလ အင်္ဂလိပ်မင်းက မြန်မာနိုင်ငံတော်ကို သိမ်းယူအုပ်စိုးသည်တွင် မြန်မာဘုရင် မင်းဆက် ပြတ်ခဲ့လေ၏၊ အထက်ပြဆိုခဲ့ သည့် မြန်မာဘုရင် ကေရာဇ်မင်းတို့ လက်ထက်တော်ဝယ်—

သာမယဇ၊ ဋ္ဌရှ ဗေဒင်၊ သုံးပုံမြင်၍၊ လျောင်တော်လည်း၊ စံနည်း တဘောင်၊ တိမ်တောင် နီပြောက်၊ စိုးရောက်တမ်းခွန်၊ လှည့်ဖန်နက်သတ်၊ နေကြတ် စဉ်းနာ၊ ဥက္ကာ ပျံသန်း၊ လဝန်းတာရာ၊ ချဉ်းနင်းလာသား၊ သုဘာ သုဘ၊ ဖတ်ထနိမိတ်၊ ရှစ်စိတ်ကာလ၊ ပဥ္စစေ့ခါ၊ နမန္တာနှင့်၊ စူဠာမဏိ၊ ခိုင်ညီအဥ္ဆ၊ ဒွါဒသဟု၊ သွယ်ချနှစ်ကွဲ၊ ပြည်ထဲပြည်လာ၊ သာ

မသာက၊ တံထွာ ကိန်းခန်း၊ ဓာတ်ဆန်း ဓာတ်ပျက်၊ နရစက် သူရုပ်၊ ပေါ်ငုပ် နံစံ၊ မြေခံတိထိ၊ ယာယီနဂိုရ်၊ နှင်ဖြိုရန်ဘေး၊ ဦးဆေးမင်္ဂလာ၊ ရာ မရာက၊ စသည်လေ့ကျက်၊ တွက်ချက်ပြုစု၊ ဇာတာမူလည်း၊ မိတ္တူ ဆည်တိုင်၊ ခိုင် မခိုင်ကို၊ စွဲကိုင်ပညာ၊ ရှုပြီးစွာမှ၊ ကောဇာ ကောဝိန်၊ ဂြိုဟ်သွားချိန်လျက်၊ ဆတ္တံတြင်း၊ နဝင်းကိုးဆစ်၊ တရာ့ရှစ်တွင်၊ စိစစ် ဖွေဖော်၊ လျော် မလျော်ကို၊ ကြည့်မြော်နိုင်ချက်၊ နှစ် လ ရက်ဖြင့်၊ ဖြစ်ပျက် ပိုင်းခြား၊ စဉ်းနှယ် သား၏၊ စကားရှေးစဉ်၊ စီလျဉ် မှတ်မိ၊ ဣတ္ထိပုရိသ၊ ကာဠ ကဏ္ဏိ၊ လက္ခိ လက္ခဏာ၊ ဆမာဒေသ၊ သဒ္ဒနိကာယ်၊ နှံ့ကျယ်မန္တန်၊ တတ်ပွန်စွာသော –

ပညာရှိများကို ရွှေနန်းစဉ်ဆက် ခန့်ထားမြဲ ဖြစ်ခဲ့သည်နှင့်အညီ ခန့်ထား တော်မူခြင်း ဖြစ်သတည်း။

မောင်သိုက်ကို ၁၂၂၈-ခု ပဌမဝါဆိုလ၊ နာရီတော်မှူး မောင်ကြီးကို ၁၂၃၀- နှစ် ဝါခေါင်လ၊ မောင်ကောက်ကို ၁၂၃၂-ခု နယုန်လ၊ ဘိုဒြနှင့် ဇယဒေဝတို့ကို ၁၂၃၀-ခုနှစ် တော်သလင်းလ အသီးအသီး ပညာရှိ ခန့်တော်မူသည်။

## ၃၇၇–သွေးသောက်စု ဖွဲ့တော်မူခြင်း

အရှင် ဧကရာဇ်မင်းမြတ်တွင် တိုင်းရေးပြည်မှု မရှိမီအခါက ကျေးဇူးသစ္စာ တော်ရှိသည့်အတိုင်း အမှုတော်ကို သက်စွန့်ကြိုးပမ်း စိတ်တူကိုယ်တူ ထမ်းရွက် စေရန် စိတ်ဝမ်းကွဲပြားမရှိ ညီညွတ်သည်ကို ထင်ရှားစေခြင်းငှါ တဦး၏ သွေးရည်ကို တဦး သောက်မျိုပြီးကဲ့သို့ ရှိစေရန် မျိုးနွယ် နိမ့်မြင့်မဆို သွေးစည်း နှောင်ခြင်းဖြင့် သွေးသောက်ဖွဲ့စည်းတော်မူခြင်းဖြစ်လေသည်။

## ၃၇၈–မီးရှူးမြင်တော်မူသည်ဟု ခေါ်ဝေါ် ရခြင်း

တောင်နန်းညာနေ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးက သားတော်ဖြစ်စေ, သမီးတော်ဖြစ်စေ ဖွားမြင်တော်မူသည့်အခါ “မီးရှူးမြင်တော်မူသည်”ဟူ၍ ခေါ်ဝေါ် ပြောဆိုမြဲဖြစ်သည်။ ၎င်းမီးရှူးမြင်သည်ဟူသော ဝေါဟာရကို မြောက် နန်းတော် မိဖုရား၊ ထို့အောက် အလယ်နန်းတော်မိဖုရား၊ ထို့အောက် အနောက်

နန်းတော် မိဖုရား၊ ထို့အောက် တောင်ဆောင်တော်မိဖုရား၊ ထို့အောက် မြောက်ဆောင်တော်မိဖုရား။ ထို့အောက် တောင်ရွှေရေးမိဖုရား၊ ထို့အောက် မြောက်ရွှေရေးမိဖုရား၊ ထို့အောက် မိဖုရားကလေးများအထိ သားတော် သမီးတော် မြင်လျှင် "မီးရှူးမြင်သည်" ဟူသော ဝေါဟာရကို မသုံးစွဲရ၊ "သားတော် ဖွားသည်၊ သမီးတော် ဖွားသည်"ဟူသော ဝေါဟာရကိုသာလျှင် သုံးစွဲရသည်။ ထို့ကြောင့် အောက်တန်းစား မိန်းမများက သားသမီး ဖွားသည်ကို အချို့က မီးရှူး မြင်သည်ဟု ရေးသားကြခြင်းကား မထိုက်မတန်ရာ ရောက်ချေသည်ဖြစ်၍ ပညာရှိတို့ ရယ်ဖွယ်တည်း။

## ၃၇၉—မီးရှူးမြင်သည့် အခမ်းအနား

မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီးဘုရား၏ အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား မီးရှူးမြင်တော်မူသည့် အခမ်းအနားမှာ စကြာမန္တာတ် မင်းတို့၏ မိဖုရားခေါင်ကြီးတို့ မီးရှူးမြင်တော်မူသည့် အခမ်းအနားအတိုင်း ခန့်ထား ဆင့်ဆို လုပ်ဆောင်ရသည်ကား—အဏ္ဍဇ, ဇလာဗုဇ, ဂဗ္ဘသေယျက, ဥပပါတ်-ဟူသော ပဋိသန္ဓေ ၄-မျိုးတို့တွင် ဂဗ္ဘသေယျကမှာ ကလလရေကြည် တည်နေသည်မှ အပွကနည်းအားဖြင့် ခုနစ်လ စေ့ရောက်သော်၎င်း၊ ခုနစ်လက လွန် ဆယ်လ မစေ့မရောက်မီ ရက်ပေါင်း ၂၇၀-စေ့ရောက်သော်၎င်း မျက်နှာ သန့်စင် မီးရှူးမြင်ခြင်း သဘာဝမမှအလျောက် အရှင်နန်းမတော် မိဖုရား ခေါင်ကြီးဘုရား၌ ရေကြည် ကလလ တည်တော်မူသည်မှ ခုနစ်လကပင် တင်ရင်၍ မီးရှူးမြင်တော်မူရန် တောင်နန်းမတော်ဆောင်တွင် အခင်းအနှီး အကာအရံ အမွှန်းအကြွက် အသုံးအဆောင် အဖွယ်အရာများကို ရှု၍မဝ ပြောပမဆုံးနိုင် အောင် ထူးဆန်း တင့်တယ် လှပ ကောင်းမွန်စွာ လုပ်ဆောင် ခင်းကျင်းရသည်။

မီးရှူးမြင်တော်မူသည့်အခါ စံတော်မူရန် ရတနာညောင်စောင်းတော် အခြေ ၄-ချောင်း သားအပေါင်းတို့တွင် ကဏ္ဍဒီပိ အမည်ရှိသော သတ္တဝါသည် ကိလေသာအာရုံ ကာမဂုဏ် အလွန် ခေါင်းပါးခြင်းရှိသော သားအထူးဖြစ်၍ ယင်း သား၏အရေကို ယောဂါဝစရ, ဈာနလာဘီ, ဣသိ တာပသတို့ အစဉ် သုံးဆောင်လေ့ပြုသောထုံး၊

ဝေဿန္တရာမင်းကြီး၏ နန်းမဒေဝီ မဒ္ဒီမိဖုရားကြီးမှ ဖွားမြင်တော်မူသော ကဏှာဇိန်မင်းသမီးသည် သစ်နက်ရေကို အခင်းအဖွဲ့ပြုပြီးလျှင် ဖွားမြင်တော်မူသည်ကို အစွဲပြု၍ ကဏှာဇိန်အမည် သမုတ်တော်မူသည့်ထုံး၊

ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသားကို ဖွားမြင်တော်မူသောအခါ၌လည်း စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် အလွန် နူးညံ့ သိမ်မွေ့သော သစ်နက်ရေဖြင့် ခံသောထုံး စသော အနှုန်းအစံများကို ထောက်၍ သားတော်မြတ်ရတနာ ဖွားမြင်တော်မူသည့်အခါ အခင်းအဖွဲ့ပြုရန် ပတ္တမြား ၇-တန့်စီဖြင့် စီချယ်အပ်သော ရွှေအတိပြီးသော ပနိပ်အိပ်ဓား, လင်ပန်း, ဖလား, သန္ဓေးကြီးငယ်စသော ကိရိယာစုံ၊ ကောဋ္ဌမွှဖြစ် ဖြူနစ်ညံ့သက် လွန်မွေ့ညက်သော ဘွဲ့ဖြူပုဆိုးထက် သားတော်မြတ်ရတနာကို စတုမဟာရာဇ်နတ်မင်းကြီးတို့ စောင့်ယူတင်ထားဟန် ကိရိယာစုံ၊ ဇမ္ဗုနဒ တောက်ပ ရောင်လက် ခြည်လျှံရှက်သော ကြယ်ခြူးညောင်ရွက်နှင့်တကွ ပုလဲရတနာ သန္တာပန်းဆိုင်းတို့ဖြင့် ဆန်းကြယ်စွာ တန်းဆာဆင်အပ်သော ကနကဒဏ္ဍ ရွှေလျှံပသော စိုက်ဆောက် ခင်းကျင်းရန် မနောဟရထီးဖြူတော်မှ စ၍ မီးရှူးတော် အခမ်းအနားပါ လုပ်ဆောင်ရန် အဖွယ်အရာများကိုလည်း လုပ်ဆောင်အသင့်ရှိရသည်။

ဖွားတော်မူသည်နှင့်တပြိုင်နက် မြေနန်း ဉကင်တော် ကျည်းရွက်ကို ဖွင့်လှစ်စေရန်, မြေနန်းဉကင် သီဟာသန ရာဇပလ္လင်တော် ဝဲယာတွင် အမြဲစိုက်ဆောက်အပ်သော မင်းခမ်း ထီးဖြူတော်ရှစ်စင်းနှင့်တကွ ကွမ်းလောင်း ကွမ်းကျပ်စသော မင်းခမ်းတော်ကြီးများကို ဖွင့်လှစ် ခင်းကျင်းစေရန်, အိမ်ရှင်စည်ကြီးကို ရွှေပြည်စိုးက တီးခတ် ကျော်ကြားစေရန်မှ စ၍ ဖွားတော်မူသည်နှင့် တပြိုင်နက် ပြုလုပ်ရန် အခမ်းအနားပါ အဖွယ်အရာများကိုလည်း ဆင့်ဆို ပြင်ဆင်အသင့် ရှိရသည်။

ဒဗ္ဗဂုဏ, ဓာတုပြသံသ, လက္ခဏာဒီပ, ဆနဝုတိစသော ဆေးကျမ်း, ဓာတ်ကျမ်းများကို တတ်ကျွမ်း ပြီးမြောက် ဘက်ကမ်းရောက်ဖြစ်သော သမားတော်ကြီး ဝဲယာတို့ကိုရင်း။

အဌိဗန္ဓန၊ ဘွဲ့ထယှက်ဆိုင်း၊ ပြိုင်းပြိုင်းထင်စွာ၊ ကိုးရာသော အကြောနှင့် တကွ အသားကို ဆောင်သော ခုနစ်ထောင်သော အကြောတို့ဝယ် ခုတ်လေးပါး မညီညွတ်သည့်အခါ တင်းမာခိုင်ကြမ်းခြင်း ထိုးကျဉ် ကိုက်ခဲခြင်းရှိသည်ကို အတိုင်းတရှိ စောင်းကြိုးညှိသကဲ့သို့ ပကတိကာယိန္ဒြေ တည်နေခံ့ကျန်းအောင် ဆောင်စွမ်းနိုင်သော လက်တတ်အကျော် အနှိပ်တော် ဝဲယာတို့ကိုရင်း။

မီးရှူးသဘင် ယင်တော်မူချိန်တိုင်ရောက် ကမ္ဗဇလေ လှုပ်ချွေထိုးပင့် ရှိလင့်လတ်သောအခါဝယ် ရှေ့နောက်မကွာ၊ ဝဲယာယုယ၊ ပိုက်ဖြား မ-လျက်၊ သာမြကြည်လင်၊ မီးရှူးတော် မြင်စေနိုင်သော လက်တတ်အကျော် ကျွန်တော်မျိုးမတို့ကိုရင်း။

သားတော်မြတ်ရတနာအား ထနုခီရ ဆက်သ ပွဲတော် အလှည့်လှည့် ဖျော်စေရန် နို့ထိန်းတော်တို့ကိုလည်း မူဂပက္ခဇာတ်၌ တေမိမင်းသား၏ နို့ထိန်းတို့ကို ရွေးချယ်သော အခန်းတွင် အတိဒီဃထနုဖြစ်က သူငယ်၏ နှာခေါင်းသည် စဉ်းငယ် ပိစပ်ဖြစ်တတ်ခြင်း, အတိရဿထနုဖြစ်က သူငယ်၏ လည်သည် တိုစေတတ်ခြင်းစသော ထနုလက္ခဏာ၊ ခီရလက္ခဏာမှာလည်း ရွှေခွက်၌ ထည့်ထားအပ်သော ရေကြည်ရေအေးသို့ ထည့်လောင်းသည်ရှိသော် အောက်သို့ မကျမသက် ရေပြင်ထက်၌ ပြန့်၍တည်ခြင်း, အသွယ်သွယ် ဆန်းလျက် တည်ခြင်းတည်းဟူသော ခီရသဗ္ဗစသည်ကို သုံးဆောင်ရသော သူငယ်သည် ရောဂါအန္တရာယ်များခြင်း, အသားအရေကြုံခြင်းစသော ခီရလက္ခဏာ အင်္ဂါအပြစ်တို့မှ ကင်းလွတ်သော နို့ထိန်း နှစ်ရာ့လေးကျိပ် ထားသကဲ့သို့ ဆွေတော်, မျိုးတော် ပြင်အိမ်စံ မင်းသမီးတို့နှင့် ကတော်မယားတို့မှ ဆိုအပ်ခဲ့ပြီးသော အပြစ်တို့နှင့် လွတ်ကင်းသော ရွေးချယ်ပြီးသော နို့ထိန်းကျွန်တော်မျိုးမတို့ကိုရင်း။

သားတော်မြတ် ရတနာအား ပိုက်ဖြား မစ ယုယဖျော်ဖြေ ထိန်းချီစေရန် အထိန်းတော် အယတော် အချီတော် ကတော် မယားတို့ကိုရင်း ဝဲလှည့်ယာလှည့် ခွဲဝေ ရံထား၍ နေ့ညမပြတ် ဝင်ထွက်ခစား နေထိုင်ကြစေရသည်။

ဤသည့် အခမ်းတို့ကား ဖွားတော်မမူမီက တင်ရင်၍ ရံထား ဆင့်ဆို လုပ်ဆောင် အသင့်ရှိစေရသော ပုဗ္ဗကိစ္စတည်း။

**မင်္ဂလာအမျိုးမျိုး။** ။ဖွားတော်မူသည့်နောက်မှမူကား လောကသမ္မုတိနတ် ဖြစ်တော်မူသော မြတ်သော မင်းကေရာဇ်နှင့် တပြေးထပ်တူ အကျိုးယူသော မြတ်သော တောင်မိဖုရားခေါင်ကြီးမှ ပုညထပ်ဆင့် ကောင်းကျိုးမြင့်သော သားတော်၊ သမီးတော်တို့ကို မင်းတို့ အလေးအမြတ် ပြုအပ် နှစ်သက်အပ်သော ရတနာခုနစ်ပါး အဝင်ဖြစ်ကြောင်း၊ သား မယားတို့အား သင်္ဂြိုဟ်ချီးမြှင့် ထောက်ပင့်ခြင်းသည် ပုတ္တဒါရသင်္ဂဟမင်္ဂလာ ဖြစ်ကြောင်း စသော ကျမ်းဂန်အထွက် အရှိနှင့်အညီ သားတော်၊ သမီးတော် ရတနာတို့အား—

ဖွားတော်မူသည်မှ လေးရက်မြောက်၌ "နန္ဒိမုခ" ဟူသော မျက်နှာတော် ပြမင်္ဂလာ၊

ဖွားတော်မူသည်မှ ၇၅-ရက်မြောက်၌"တမ္ဗုလကရဏ"ဟူသော ကွမ်းဦးခွံ့ မင်္ဂလာ၊

ရက်ပေါင်း ၉၀-မြောက်၌"ရဝိန္ဒုဒဿန"ဟူသော နေ လ ရှုမြော်ရန်မင်္ဂလာ၊

ရက်ပေါင်း ၁၀၀-မြောက်၌ "ပဌမဘတ္တ"ဟူသော ထမင်းဦးခွံ့ မင်္ဂလာ၊

ထို့နောက် နေ ဘာဏုမ ပြဘက်သည် ဥတ္တရာယဏ ခရီးမသို့ သွားသောအခါ၌ "ကေသစ္ဆေဒန" ဟူသော ဆံတော်ပြင်မင်္ဂလာ၊

ထို့နောက် လ ရက်အပိုင်းအခြား မထားမူ၍ အလိုတော်မြတ်ရှိရာ ကောင်း မြတ်သော မင်္ဂလာအခါတော်၌ "ဒေါလကရဏ"ဟူသော မြပုခက်ယောဉ် တင် တော်မူရန် မင်္ဂလာများကို ခမ်းနားကြီးကျယ်စွာ မင်းခမ်းသဘင် ဆင်ယင် ကျင်းပ ချီးမြှောက်ထိုက်ကြောင်း၊ ရာဇမတ္တံ၊ ဇောတိသတ္ထ၊ ယထာကာရီစသော လောကီကျမ်း အထွက်အရှိများနှင့်အညီ သားတော်မြတ် ရတနာကို ဖွားတော် မူသည်မှ ခုနစ်ရက်မြောက်သောနေ့၌ မင်းညီ၊ မင်းသား၊ မှူးတော် မတ်တော်၊ စော်ဘွား၊ မြို့စား၊ ဝန်စု၊ ဝန်မှူး၊ ဗိုလ်စု၊ လက်သုံးတော်၊ လဘက်ရည် ကွမ်းရေ၊ ထိီး ဓားလက်စွဲ၊ အဆောင်မြဲတို့ကို ပကတိသောဝတ်သန့်ဝတ်ကောင်း အပေါင်း အထုပ်နှင့် ရွှေနန်းတော်သို့ ဝင်စေပြီးလျှင် မွန်မြတ်သော စားဖွယ် သောက် ဖွယ် မုံ့ယို အချို အဆိမ့် ကွမ်းလဘက် ပွဲစုံများနှင့် စားတော်ဝန်၊ စားတော်ကဲ

တို့ ကောင်းစွာပြုပြင်အပ်သော စားတော်ကျမ်းအလာ ပေါင်း, ကျစ်, ဖုတ်, သုပ်, အပြုတ်,အကြော်, အလှော်, ကင်, သင်း, ချက်တုံခြင်း ဟူသော ရသာဟင်းမျိုး ၁၀-ပါးအဝင် လတ်လတ်စိမ်းရှင် ကဲ့သွင်မယွင်း အဆီဝင်းဝင်း ဆိမ့်အီလျှင်း သော ငါးကြင်း ငါးသိုင်းကောင်များကို ပွဲတော်ကိရိယာ ရသာနှစ်လို့ အင်မချိုဘဲ တံစိုညှပ်ကင်ပြီးနှင့်တကွ ကေကဋ္ဌက မွေးပြရှိန်းစပ် ချိုမြိန် လတ်သော ဟင်းခါးရေလုံ့ပွဲများကို အရှင်နန်းမတော်ဘုရား ဝန်စာရေးကြီးတို့က ကောင်းမွန်တင့်တယ်စွာ ပြင်ဆင်တည်ကျွေးစေရသည်။

**မင်းပွဲသဘင်ဆင်ယင်ပုံ။** ။ဖွားတော်မူသည်မှ ခုနစ်ရက်လည်သည်တိုင်အောင် နေ့ညမပြတ် ဝင်ထွက်ခစား နေထိုင်ရသော အခမ်း အနားပါဝင်သူ မင်းညီ, မင်းသား မှူးတော်, မတ်တော် အရာရှိတို့မှာ တဦး တယောက်လျှင် ပိုးပုဆိုးထည်ရေ ငါး၊ ပုဇွန်ထုပ် ခေါင်းပေါင်းအုပ် ငါး၊ တုမရှိ ပိတ်အုပ် ငါး၊ ပုဝါအုပ် ငါး၊ မိကျောင်းရေ စောင်၊ ကတ္တီပါစောင်၊ သက္ကလတ် ခြုံထည် ငါး၊ ပေပိတ်အုပ် ငါး၊ ပိတ်ပြောက်အုပ် ငါး၊ ရှုံအုပ်ငါးစီ၊ တဦး တယောက်တည်း မထမ်းမဆောင် မသယ် မယူနိုင်လောက်အောင် မီးရှူးနန်းမ ဆောင်တော်ရှေ့တွင် တောင်ပုံ၏သို့ အသီးအသီး တပုံစီ ထားစေပြီးမှ အရှင် နှစ်ပါး ထွက်စံတော်မူပြီးလျှင် မင်းသားကြီးများမှာ လွန်းများပုဆိုး ဆတ်သွား ဘူးကပ်ထည့်၍ သင့်ရာအရာရှိတို့ ဆောင်ယူသည့်ပို့ သနားတော်မြတ် ခံစေသည်၊ ဝန်ကြီးမင်းများမှာ ရှေတော်သို့ ဝင်စေပြီးမှ ပိုးစပ်ပုဆိုးဘာကထည့်၍ နတ်ရှင့် ရန်နိုင်လူတော်တို့ ထမ်းဆောင်လိုက်ပို့ သနားတော်မြတ်ခံစေသည်။

အတွင်းဝန်မှစ၍ နှစ်လှည့်အိပ်ဖန်တော်ရ မှူးတော်, မတ်တော်တို့မှာ ရှေတော် သို့ဝင်၍ အလိုရှိသမျှ ကိုယ်တိုင်ပွေ့ပိုက်ထမ်းဆောင် သနားတော်မြတ်ခံစေသည်။ အချို့မှာ တယောက်တွက်ပုံထားသည့် အစုအပုံမှ ထက်ဝက်ခန့် , သုံးပုံနှစ်ပုံခန့် မျှသာ ပိုက်ပွေ့ထမ်းဆောင်နိုင်ကြသည်။ အချို့မှာ တစုတပုံ ကုန်စင်အောင် ထမ်းဆောင်ပိုက်ပွေ့ယူငင်သည်နှင့် မနိုင်မနင်း လဲပြိုသည်ဖြစ်၍ အချို့မှာ တစု တပုံတွင်မက အခြားအစုံအပုံတွင် ထပ်မံယူငင်သည်နှင့် နေရာမှမထနိုင်၊ကြိုးပမ်း၍ ထပါသော်လည်း အထည်ပစ္စည်း များပြားလျောကျသည်ဖြစ်၍ သူတပါး လောက်မှ မရသူလည်း ရှိလေသည်။

ကျန်တလှည့်အိပ် မှူးတော်မတ်တော် ထီးစားလက်စွဲ အဆောင်မြဲတို့မှာ လွန်းများ ပိုး, ဖဲ, ဗလာ၊ သင့်ရာပုဆိုး တစ်၊ ခေါင်းပေါင်းအုပ်တစ်၊ ပိတ်အုပ် တစ်စီ သနားတော်မြတ်ခံရသည်။

မင်းသမီး အပျိုတော် အထိန်းတော် အယတော် ကတော်မယားတို့မှာလည်း အနောက်ဆွေ့ခံ ဝဲဆောင်တော်တွင် မင်းညီမင်းသား မှူးတော် မတ်တော်တို့နည်း စားဖွယ် သောက်ဖွယ်များကို ကောင်းမွန်တင့်တယ်စွာ တည်ကျွေးတော်မူပြီး လျှင် အဝတ်အထည် အသုံးအဆောင်များကို အလိုရှိသမျှ ပိုက်ပွေ့ရှက်ပိုး ယူဆောင် သနားတော်မြတ်ခံစေသည်။ ယင်းသည့် ကတော်မယားတို့ကလည်း လွန်းများထဘီ ဗလာထဘီ၊ ပုဝါအုပ်စသော အထည်အလိပ်များကို အထိုက် အလျောက် မီးရှူးကန်တော့ ဆက်သကြရသည်။

သမားတော် အနှိပ်တော်လက်တတ် ကျွန်တော်မျိုးမ များမှာလည်း စိန် မြ ပတ္တမြားစသော အကွင်း အချည် ရွှေသပြာ ငွေသပြာ ပုဆိုး, ထဘီ အထည် အလိပ် အသုံးအဆောင်များကို အထူးသဖြင့် သနားတော်မြတ် ခံစေသည်။ ပွဲသဘင်များမှာ မပြုမလုပ်ရသည်။ ဤကား ဖွားတော်မူသည်မှ ခုနစ်ရက် မြောက်၌ မင်းပွဲသဘင် ဆင်ယင်ကျင်းပတော်မူသော အခမ်းအနားတည်း။

**ကွမ်းဦးခွံ့မင်္ဂလာ။** ။သားတော်ရတနာကို ဖွားတော်မူသည်မှ ၇၅-ရက်မြောက် သက္ကရာဇ် ၁၂၄၁-ခု၊ တန်ဆောင်မုန်းလ တမ္ဗူလကရဏ ဟူသော ကွမ်းဦးခွံ့မင်္ဂလာ အချီးအမြှောက်သဘင် ဆင်ယင်တော်မူသည့် အခမ်းအနားကား မှန်နန်းတော်ကြီး ဘမရာသန ရာဇပလ္လင်တော်ဦးတွင် "အနောက်နိုင်ငံတို့မှ ဆက်သအပ်သည်ဖြစ်၍ နဋ္ဌသောဌသ် ဝန်းကာပတ်နိုင် သဖြင့်"ထူးဆန်းတင့်တယ် ဆန်းကြယ်နူးညံ့လှစွာသော အခင်းတော်ကြီးများကို ခင်းကျင်းစေပြီးလျှင် အခါတော်မရောက်မီ သံဃာတော်ရှစ်ပါးကို ပင့်ဖိတ်၍ ပရိတ်တော် ဂုဏ်တော်များကို ရွတ်မွန်းရသည်။ မင်းညီ မင်းသား မှူးတော်, မတ်တော်တို့မှာ ဗောင်း နားဒွောင်း ဝတ်လုံစလွယ် ဆင်ယင်လျက် ကတော် မယားတို့မှာလည်း မြိတ်ရစ်မြိတ်ခံ အဆင်တန်းဆာဆင်ယင်လျက် ဝင်ထွက်ကြ ရသည်၊ သားတော်မြတ်ရတနာလည်း စံတော်မူရင်း အဆောင်တော်မှ ဖွားတော် ဆင်ဖြူမရှင်ဘုရားနှင့်တကွ ဆွေတော် မျိုးတော် မင်းသမီးအပေါင်းတို့ ကြပ်မ

လျက် အထိန်းတော် အချီတော် အယတော်တို့ ပိုက်ပွေ့ ယုယကာ ထွက်စံတော်မူရသည်။

အခါတော်နီးသည့်ကာလ အရှင်ဘဝရှင်မင်းတရားကြီးဘုရား အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ထွက်စံတော်မူလျှင် မှန်နန်းတော်ကြီး ဝဲယာ ခင်းကျင်း အသင့်ရှိသော အနောက်အငြိမ့် အရှေ့အငြိမ့် အတွင်းဆိုင်းများက တပြိုင်နက် သာယာငြိမ့်လေးစွာ တီးမှုတ်ကြရသည်။ အခါတော်စောင့် ပုဏ္ဏားတို့က အခါတော်စာ လျှောက်ကြားသည်နှင့် တပြိုင်နက် မြေနန်းတော်ရှေ့က မင်္ဂလာ စိန်ထောက်စေ၍ ရာဇဝတ်ရုံး တရားမရုံး နှစ်ဖက်ကြားကရှိသော အလှူတော်များကို ရွှေတော်ပြေး စည်တော်စုံတီးရွမ်း၍ လှူဒါန်းမြဲ သွားရောက်လှူဒါန်းရသည်။ ပြီးလျှင် ဘိသိက်တော်ဆက် ရှစ်ပါးပုဏ္ဏားတို့က အမျိုးဘာသာ ဘိသိက်ဂါထာ ရွတ်ဆိုလျက် ဘိသိက်တော်ဆက်ကြရသည်။ ပြီးလျှင် ပူဇော်တော်ပွဲများကို ဆက်သ ပူဇော်ရသည်။ ပြီးလျှင် ပြင်ဆင် အသင့်ရှိသော စားတော်ကွမ်းပွဲတော် အဖွယ်အရာစုံများကို သံတော်ဆင့်တို့က မင်္ဂလာစကား ဖတ်လျှောက်မြဲ ဖတ်လျှောက်စေပြီးလျှင် စားတော်ကွမ်းဆက် ခန့်ထားသည့် ငယ်လင်ငယ်မယား သားမြေးမြိတ်စွန်နှင့် ပြည့်စုံ၍ နေ့နံသင့်သူ ကတော်မယားတို့က ဆက်သရသည်။ ပြီးလျှင် မင်္ဂလာရတုကို နားခံတော်က ဖတ်လျှောက်မြဲ ဖတ်လျှောက်ပြီးလျှင် ပွဲသဘင် တူရိယာစုံများကို အတန်ငယ် ကျင်းပစေပြီးမှ ဝင်တော်မူသည်။ ဤကား ကွမ်းဦးခွံ့ မင်္ဂလာ အခမ်းအနားတည်း။

**မင်္ဂလာ ၃-မျိုး။** ။ဖွားတော်မူသည်မှ ရက်ပေါင်း ၉၀-မြောက်၌ နေ့ လ ရှုမြော်တော်မူရန် "ရဝိန္ဒုဒဿန" မင်္ဂလာ၊ ရက်ပေါင်း ၁၀၀-မြောက်၌ ထမင်းပွဲတော်ဦး ဆက်သရန် "**ပဌမဘတ္တမင်္ဂလာ**"၊ ဆံတော်ပြင်ရန် "**ကေသဆ္ဆေဒနမင်္ဂလာ**"တော်များမှာလည်း "တမ္ဗူလကရဏမင်္ဂလာ" အခမ်းအနားအတိုင်း ခင်းကျင်း ကျင်းပချီးမြှောက်တော်မူသည်။

**မြဲယောဉ်မင်္ဂလာ။** ။မြပုခက်ယောဉ် တင်တော်မူခြင်း "ဒေါလကရဏမင်္ဂလာ" သဘင် ချီးမြှောက်ကျင်းပတော်မူသည့် အခမ်းအနားမှာ အထက်ပြခဲ့သော "တမ္ဗူလကရဏ" စသော မင်္ဂလာတော်များကို ချီးမြှောက်

တော်မူသည့် အခမ်းအနားနည်း မှန်နန်းဆောင် ဘမရာသနရာဇပလ္လင်တော် ရှေ့တွင်ပင် အခမ်းအနားပြည့်စုံအောင် ခင်းကျင်း ကျင်းပရသည်။

အထူးမှာ ခြည်ဝါပြိုးပြက် တခဲနက်သော ဇမ္ဗူရာဇ်ရွှေစင် ရောင်လင်းပြင်၌ ခြူးပန်းယှက်စုံ ခြူးအုံခြူးကြွတို့ဝယ် ရိုးတံပတ္တမြား မြသားရွက်ရံ ဖူးငုံစိန်ထွတ် ပွင့်ဝတ်မျက်ရွဲး မှုံကြဲနဝရတ် ချပ်ကာချပ်ကာ ရိုးညှာပွင့်ခိုင် ဆင့်ကာဆိုင်စေ သဖြင့် ညှင်းညှင်းလေပြေ သွင်းလျှင်ကြွေအံ့သို့ အလှန်အကျူး ထူးဆန်းနုနယ် ကိုးသွယ်ရောင်စုံ မျက်မျိုးပုံလျက် လက်တတ်အကျော် ပန်းထိမ်တော်တို့ လုပ်ဆောင်အပ်သော အဘိုးအနဂ္ဃထိုက်သော မြပုခက် ယောဉ်တော်ကို ရတနာမျိုးတို့ဖြင့် စီချယ်အပ်သော ယောဉ်ခုံတော်နှင့် ဆင်ယင် ခင်းကျင်း ထားရခြင်း၊

ဆင်, မြင်း, သစ် ကျား စသော သားရုပ်၊ ကျေးသာရကာ ဟသာ, ကရဝိက် စသော ငှက်ရုပ်၊ အိုးတံဘုံးတွက် ခွက်ကြုတ် သနွေး စသော အသုံးအဆောင်မှစ၍ ကလူစားဖွယ် အသွယ်သွယ် များကိုလည်း ရွှေအတိလုပ်ဆောင်၍ ခင်းကျင်း ပြင်ဆင်ထားရခြင်း၊

ဘိုးတော် ဖွားတော် ခမည်းတော်မြတ် မယ်တော်နတ်တို့နှင့်တကွ သားတော် မြတ်ရတနာ၏ ပုညာနိသံသ တေဇာနုဘာဝ ထွန်းပထူးမြတ်သော ကျေးဇူးတော် များကို ကမ္ဘာဝသုန် မကုန်မခြင်း ထွန်းလင်းရစ်စိမ့်သောငှါ မျှိမင်္ဂလာ ဩဘာတင့်ဆန်း ဖွဲ့မြဲတန်းဖြင့် ရင့်လေးသာယာ သွင်းလျှောက်စာဖြစ်သော မင်္ဂလာချေင်း, မင်္ဂလာသူ့တား မင်္ဂလာယောဉ်ချင်းများကို အမိန့်တော်မြတ် နှင့် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီး မင်းသတိုး သုဓမ္မမဟာ သက်တော်ရှည်အမတ်ကြီးသည် စီကုံးရေးသား ဆက်သွင်းရခြင်း၊

ခမည်းတော် မင်းတရားကြီးဘုရား မယ်တော် မိဖုရားခေါင်ကြီးဘုရား လက် ဖွဲ့တော်မူအပ်သော အဘိုးပြတ်ဆိုခြင်းငှါ မထိုက်သော နန်းစဉ်ပတ္တမြား လက်စွပ်တော်ကြီးနှင့်တကွ စိန် မြ ပတ္တမြားစသော လက်ဝတ်တော်အမျိုးမျိုး၊ ရတနာအတိ စီချယ်သော ဘယက်စည်ပေါင်း လက်ကျပ် လက်ကောက် စသော အဆင်တန်ဆာ အမျိုးမျိုး၊ လင်ပန်း, ဖလား စသော အသုံးအဆောင်

အမျိုးမျိုး၊ ပိုးထည် ဖဲထည် စသော အထည်အလိပ် အမျိုးမျိုး၊ ထီးမိုးယာဉ်ခံ အသုံးကံကျွေးတော်ခံ မြို့ရွာ ဥယျာဉ်၊ လယ်ယာ ဆင် မြင်း သင်းစု ပင်းစု အထိန်းတော် အချီတော် အယတော် အပျိုတော်များ နှင့် ဖွားတော် ဆင်ဖြူမရှင် ဘုရားက လက်ဖွဲ့တော်မူသည့် အကွင်း အချည် အသုံးအဆောင် အထည်အလိပ်၊ မင်းညီမင်းသား မင်းသမီး မှူးတော် မတ်တော်တို့က လက်ဖွဲ့တော်ဆက်သသည့် အကွင်း ရွှေထည် အသုံးအဆောင်များကို ယွန်းဘောင်တော် ပုရပိုက်နှင့် ရေးသားဆက်သရှိစေခြင်း စသော အထူးပြုဖွယ်မှုစ၍ အခမ်းအနားအလုံးစုံ ပြည့်စုံစေပြီးလျှင် အခါတော်နီး၍ အရှင်နှစ်ပါး ထွက်တော်မူသည့်ကာလ အခါကြား အမြောက်သံပေးခြင်း၊ ဘုရားခုနစ်ဆူ အလှူတော်တင်လှူခြင်း၊ ဘိသိက်တော်ဆက်ခြင်း၊ ပူဇော်ခတော်ပွဲဆက်ခြင်း၊ မင်္ဂလာပွဲတော်ထမင်း ပွဲတော်ဟင်း ဆက်သခြင်းများကို အစဉ်အတိုင်း ပြုလုပ်ရသည်။

ပြီးလျှင် မင်းညီမင်းသား မှူးတော် မတ်တော်တို့က အသီးအသီး လက်ဖွဲ့တော်ဆက်သည့် တင်လွှာများကို သံတော်ဆင့်တို့က ဖတ်လျှောက်ရသည်။

ပြီးလျှင် ယွန်းဘောင် ပုရပိုက်ဖြင့် ရေးသားအပ်သော လက်ဖွဲ့တော်စာရင်းများကို ဖတ်လျှောက်ရသည်။

ပြီးလျှင် မင်္ဂလာချောင်းကို ပုဒ်စပ် ချောမွေ့၊ သန္ဓေ့ ခြားဖြတ်၊ သံလွှတ်ဖွင့်ဆို၊ ရှည် တို လေး ပေါ့၊ တင်း လျော့ နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊ အင်္ဂါဆယ်ခု၊ ဖတ်ရွတ်မှု ကျွမ်းကျင်သော လေးနက်သာယာ နာပျော်ဖွယ်သော အသံနှင့် ပြည့်စုံသော အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှမဟာဇေယျနန္ဒ သကြံ့က အသံမထားပဲ စကားအမိပွါယ် နားလည်ဖွယ်ဖြစ်အောင် ဖတ်လျှောက်ရသည်။

ပြီးလျှင် ရတနာမြဲယောဉ်တော်ထက် သားတော်မြတ်ရတနာကို ကောဋ္ဌမှ ရာဇ်တိုင်းမှ ဖြစ်သော ညဥ့်ရုံတော် အမျိုးမျိုးတို့ဖြင့် ပိုက်ထွေးယုယ, စက်တော်ခေါ် သည့်ကာလ မင်္ဂလာလွဲချင်းများကို နားသဒ္ဒါရုံ ကြားတုံ ကြားမှု တောင့်တ ပြုမျှ သံလေးရင့်ညောင်း ပျော့ပြောင်းချိုလွင် ကြူယောင်နိုင်သော နားခံတော် ပျော့ကြီးမှူး မဟာမင်းလှကျော်ထင်ကို လျှောက်ထားစေခြင်း၊ ပဥ္စသီခ ဗေဋ္ဌုဝ

နတ်စောင်း၏ပမာ လူ့ဝါစက ဆိုမြွက်ဟသကဲ့သို့ ပီသ တီတွတ် သာယာစွာ လက်သံလွှတ်နိုင်သော ရွှေတော်ပြေးမှူး မင်းလှသီရိဇ္ဈနဒေဝါကို မင်္ဂလာနတ်စည် ဟူသော စောင်းတော်ကို ညှိစေခြင်းတို့ဖြင့် မင်္ဂလာယောဉ်တော်သဘင် ငြိမ့်လေးစေရသည်၊

ပြီးလျှင် မင်္ဂလာရတုကို နားခံတော်တို့က ဖတ်လျှောက်မြဲ ဖတ်လျှောက် စေရသည်၊ ပြီးလျှင် ပွဲသဘင်စုံတို့က တပြိုင်နက် အတန်ငယ် တီးမှုတ်ကခုန် စေပြီးလျှင် ဝင်တော်မူသည်။

ယင်းသည့် နေ့ညများမှာလည်း မှန်နန်းတော်ကြီး ဝဲဘက်နန်းကြမ်းပြင်တွင် မဟာရုပ်စုံစင်တော်ကြီး အတီး အကစုံ , တောင်နန်းတော်ဦး ဇာတ်ရုံတော်တွင် ယိုးဒယားဇာတ်ကြီး အတီးအကစုံများကို ခင်းကျင်းပြသရသည်။

ဤသည်ကား မီးရှူးမြင်ခြင်း၏ အစီအစဉ်ကို ပြဆိုခြင်း ဖြစ်သည်။ ထိုကဲ့သို့ ကြီးကျယ်ခမ်းနားစွာ မပြုမလုပ်နိုင်ပဲလျက် တစုတ် အိမ်စုတ်တွင် မွေးဖွားလာ သည့်သူများကိုပင် မီးရှူးမြင်သည်ဟူသော စကားကို သုံးနှုန်းရေးသားကြ ခြင်းကား ပညာရှိတို့ နှစ်မြို့မည်မဟုတ် ဖြစ်သည်။

## ၃၇၀-အထိန်းတော်

အထိန်းတော်မှာ ကောရာဇ်မင်းမြတ်၏ မိဖုရားတို့က သားတော် သမီးတော် ဖွားမြင်သည့်အခါ မီးမထွက်မီ ခုနစ်ရက်အတွင်းမှာသာလျှင် ကိုယ်တိုင်တော် နို့တိုက်သည်၊ ထို့နောက် အသင့်ရှိသော အထိန်းတော်က ဆက်လက်၍ နို့ပွဲ တော် ဆက်ရသည်။ ယင်းသည့် အထိန်းတော်၏ ကလေးကို အခြားမှာ ခွဲထား၍ တဦးသောမိန်းမက နို့တိုက်ရသည်။

## ၃၇၁-အယတော်

ကောရာဇ်မင်းမြတ်၏ သားတော်ဖြစ်စေ၊ သမီးတော်ဖြစ်စေ ဖွားမြင်တော် မူသည့်အခါကစ၍ ပိုးစစ် အခင်းအနှီးတော်များကို ဖွတ်လျှော်၍ ခြောက်သွေ့ အောင် လှမ်းပြီးကာလ နှင်းရည်ဖြင့် ဆွတ်ဖျန်းကာ ပြန့်ဖြူးအောင် သပ်ပြီးမှ ခေါက်ရသည်၊ ပြီးလျှင် အထိန်းတော်သို့ အပ်ရသည်။ အခင်း မွေ့ရာတော်

များကိုလည်း သပ်ယပ်စွာခင်း၍ မြယောဉ်တွင် စက်တော်ခေါ် အောင် ယုယု ယယဖြင့် နေ့စဉ်နှင့်အမျှ ခစားရသောကြောင့် အယတော် ခေါ်သည်။

## ၃၇၂–အချီတော်

ကေရာဇ်မင်းမြတ်၏ သားတော် သမီးတော်ဟူသမျှမှာ ခြေလျင် သွားလာခြင်း အလွန် နည်းပါးသည်၊ နန်းတော်ပေါ်၌ တဆောင်မှ တဆောင်သို့ ကူးသည့်အခါဖြစ်စေ၊ ဥယျာဉ်တော်သို့ ဆင်းသည့်အခါဖြစ်စေ မင်းသား မင်းသမီးကလေးကို ချီပွေ့၍သော်၎င်း၊ ပုခုံးထက်မှာ ထမ်း၍သော်၎င်း အလိုတော်ရှိရာ အရပ်သို့ ရောက်အောင် သွားရသည်၊ ထို့ကြောင့် ဤသူကို အချီတော် ခေါ်သည်။

## ၃၇၃–ဘွားမြင်သည်

ဘွားမြင်သည်, မျက်နှာမြင်သည်ဟူ၍ သုံးစွဲသောစကားမှာ အမိဝမ်းမှ ကျွတ်သည်နှင့်တပြိုင်နက် သူငယ်၏မျက်နှာကို "ဘွားကနဲ မြင်ရသည်"ကို အစွဲပြု၍ ဤစကားကို ဆိုခြင်းဖြစ်သဖြင့် မြန်မာမင်းရှိစဉ်အခါက "ဘွားမြင်"ကို ပ-ဝဂ် စတုတ္ထက္ခရာ "ဘကုန်း"နှင့် ချည်း ရေးသားရသည်။

## ၃၇၄–ကေရာဇ်မင်းမြတ်ကို တင်ပုံ လျှောက်ပုံ

ဥပမာ–ကေရာဇ်မင်းမြတ်က မည်သည့် အတွင်းဝန်ကို ခေါ်လိုက်ဟု အမိန့်တော်ရှိလျှင် အပါးတော်တွင်ရှိသူက ဘုရားဗျာဒိတ်တော်မြတ် ဦးထိပ်ရွက်ဆင်ပါကြောင်းဟူသော စကားကို လျှောက်ထားပြီးမှ အတွင်းဝန်ရှိရာ ဖြဲတိုက်သို့ သွားရောက်၍ ခေါ်တော်မူကြောင်းနှင့် အမိန့်တော် ပြန်ရသည်။ ထိုအခါ အတွင်းဝန်က ရှေ့တော် ဝင်ရောက် ခယမ်းရသည်။ တကြောင်းလည်း တနှစ်လျှင် တကြိမ်ကျ သီတင်းကျွတ်လတိုင်း မင်းမိန်းမများကို အနောက်ပွဲတက်ကန်တော့ခံတော်မူသည့်အခါ ရှေ့တိုက်အတွင်းဝန်က ကေရာဇ်မင်းမြတ် ကိုယ်စားတော်စား မေးခွန်း ၃-ရပ်ကို မေးရသည်။ အမေးတော်ခံ ကတော်ကြီးက ဖြေဆို လျှောက်ထားရသည့် ထုံးစံမှာ—

ပဥ္စမအမေး–ပြည်ထဲ လေးမျက်နှာ သာယာ ဝပြောပါ၏လော။

ကတော်ကြီး တင်–ပြည်ထဲလေးမျက်နှာ သာယာ ဝပြောပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား။

ဒုတိယအမေး–မိုးသုံးပါး ဖြောင့်မှန် ညီညွတ်ပါ၏လော။

ကတော်ကြီးတင်–မိုးသုံးပါး ဖြောင့်မှန် ညီညွတ်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား။

တတိယအမေး–လင်ကို မယား ရိုသေပါ၏လော။

ကတော်ကြီးတင်–လင်ကို မယား ရိုသေပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦးတင်ပါသည်ဘုရားဟူ၍ တင်လျှောက်ရသည်။

ကေရာဇ်မင်းမြတ်ကို ဇာတ်ပွဲထဲမျှားကဲ့သို့ ဟုတ်ပါ မှန်ပါဟူသော စကားမျိုးကို မသုံးရ။ ပြောဆို သုံးစွဲခဲ့မှု ချက်ခြင်း ရာဇဝတ် သင့်မည်မှတ်။

## ၃၈၇–ထိပ်ထား ခေါ်ဝေါ်ရခြင်း

ကေရာဇ်မင်းမြတ် သမီးတော်များကို လက်မထပ်မီကာလမှာ ဥပမာ– လှိုင်ထိပ်ခေါင်တင်၊ ကန္နီထိပ်ခေါင်တင်၊ ကွပ်ရွာထိပ်ခေါင်တင် စသည်ဖြင့် ခေါ်ဝေါ်ရသည်။ လက်ထပ်ပြီးနောက် ထိပ်ခေါင်တင် မခေါ်ရပဲ ထိပ်ထား ခေါ်ရသည်။ အိမ်ရှေ့မင်းနှင့်လက်ထပ်သော လှိုင်ထိပ်ခေါင်တင်ကို "အိမ်ရှေ့ထိပ်ထား" ဟူ၍၎င်း၊ ပန်းတိမ်း မင်းသားနှင့် လက်ထပ်သော ကန္နီထိပ်ခေါင်တင်ကို "ပန်းတိမ်းထိပ်ထား"ဟူ၍၎င်း၊ ကျပင်းမင်းသားနှင့် လက်ထပ်သော ကွပ်ရွာထိပ်ခေါင်တင်ကို "ကျပင်းထိပ်ထား"ဟူ၍၎င်း အမည်ပြောင်း၍ ခေါ်ရမြဲဖြစ်သည်။ မင်းသားတွင်ရှိသော ကိုယ်လုပ်မောင်းမတို့၏ ထိပ်ဆုံးကထားသော မယားကြီးဖြစ်၍ "ထိပ်ထား"ခေါ်ဝေါ်ခြင်း ဖြစ်သည်။

## ၃၈၆–ကိုယ်လုပ်တော် ခေါ်ဝေါ်ခြင်း

ထိပ်ထားအောက် မယားကို ကိုယ်လုပ်တော် ခေါ်ဝေါ်ရသည်။ ကိုယ်လုပ်တော် ဆိုသည်မှာ ကိုယ်တော်၏ အပါးတွင် အလုပ်အကျွေးဖြင့် နေရသော မယားကို ဆိုလိုသည်။ ၎င်းအောက် မယားကို "မောင်းမ"ခေါ်ဝေါ်သည်။

ထို့ကြောင့် သက္ကရာဇ် ၆၁၂-ခုနှစ် နန်းတက်တော်မူသော ဥဇနာမင်းလက်ထက် တရံရောအခါ မင်းကြီး ကျောက်တော်ဝယ် ယားသည်ကို မည်သည်တွင်ဟု မိန့်တော်မမူ ဖျောက်ဘိဟူ၍သာ မိန့်တော်မူ၏။ သူငယ်မလည်း မင်းကြီး ယားသည်ကို စိုက်ချည်း ဖျောက်ပေး၏။ ဤသို့နှင့်နှင့် ဖျောက်ဖန်များလေသော် ဟဲ့ မောင်းမငယ် ငါမည်သည်တွင်ဟု မိန့်တော်မမူပဲ ဖျောက်ဘိဆိုကာမျှကို စိုက်ချည်းဖျောက်သည်ကား ငါယားရာကို အဘယ်ကြောင့် သိသနည်းဟု မိန့်တော်မူ၏။

မောင်းမငယ်လည်း အလောင်းမင်း မြတ်သောသူတို့၏ ကိုယ်တော်သည် နူးညံ့စွာသော ကိုယ်တော်ဖြစ်သည်၊ ယားရာအရေတော်တင်း၍ ဖျောက်သည်ဟု နားတော်လျှောက်ပေ၏။ မိန်းမငယ် လျှောက်သောစကားကို မင်းကြီးကြား တော်မူသော် ဤ မိန်းမငယ်ကား ဉာဏ်ပဋိဘာန်နှင့် ပြည့်စုံသူဖြစ်သည်ဟူ၍ မိဖုရားသို့လည်း မရောက်၊ မောင်းမလည်းမက သူကောင်းပြုတော်မူ၍ မင်းကြီး သွားတော်မူလေရာ အမြဲလုပ်ကျွေးရ၏ဟူ၍ မဟာရာဇဝင်တော်ကြီး ပဌမတွဲ စာမျက်နှာ ၃၅၃-တွင် ဆိုသည်။ ၎င်းမိန်းမငယ်သည် ကိုယ်လုပ်တော်မယား ဖြစ်၍ မောင်းမများထက် တန်းမြင့်သည်။

ယခုခေတ်မှာ မည်သည့်မင်းသား ကြင်ရာတော်ဟူ၍၎င်း၊ ကြင်ဘက်တော် ဟူ၍၎င်း ရေးသားကြခြင်းသည် ထီးနန်းစကားမဟုတ်၊ ဇာတ်သဘင်သည်တို့ စကားမျှဖြစ်သောကြောင့် ပညာရှိတို့ရယ်ဖွယ်ရာ ဖြစ်လေသည်။

## ၃ဂ၇–မြောက်သားတော်

သုနာပရန် တမ္ဗဒီပ ဘူမျာဓိကရဏ ဘူမိဥက္ကဌ် မြင့်မြတ်ဌာနေ လက်ယာ ဗွေ၌ ကျက်သရေထူးခြား မြန်တိုင်းဖွားတို့ စကားသုံးနှုန်း ရှေးထုံးစဉ်စီ ပဝေဏီကာလ အစပကတူး ဝေးကြူးခုတိုင် ကြံ့ခိုင်မြဲမြံ ခံသာနာပျော် အခေါ် သညာ ဝစနာလင်္ကာရ ကဏ္ဏသုခ အနိဋ္ဌ ဣဋ္ဌ သုဘာသုဘ လောကဖွယ်ရာ ကထာအမျိုးမျိုးရှိလေသည်တွင် လင်နှင့်မယား စကားဝေါဟာ ခေါ်ဝေါ် ရာတွင် “လင်မှိုး”ဟူ၍၎င်း၊ မယားကို “ဇနီး”ဟူ၍၎င်း၊ “သမီးခင်ပွန်း” ဟူ၍၎င်း၊

"သားလင်ခင်ပွန်း" ဟူ၍၎င်း၊ "အိမ်သူ" ဟူ၍၎င်း၊ "အိမ်သား" ဟူ၍၎င်း ရပ်ရွာဓလေ့ထုံးစံကို လိုက်၍ အမျိုးမျိုး ပြောဆို ခေါ်ဝေါ်ကြသည်။

ကောရာဇ်မင်းမြတ်တို့မှ ဆင်းသက်ခဲ့သည့် သားတော် သမီးတော် မြေးတော် ညီတော် တူတော် တူမတော်တို့မှာ ခင်ပွန်းကို "မြောက်သားတော်"ဟူ၍ ခေါ်ဝေါ်သုံးနှုန်း စာပေစီကုံး ရေးသားခြင်းကား ထီးသုံး နန်းသုံး ရှေးထုံးအစဉ် အလွန်ပင် ယဉ်ကျေး၍ ကြီးကျယ်ခမ်းနားသော စကားရင်းဖြစ်သည်။

သက္ကရာဇ် ၉၁၁-ခုနှစ်တွင် ရွှေနန်းတက်တော်မူသော ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး၏ သားတော်ကို၎င်း၊ သမီးတော်ကို၎င်း လက်ထပ်ပြီးနောက် ရွှေနန်းတော်၏ မြောက်ဘက်တွင် ဝင်းအိမ် ဆောက်လုပ် နေရာချထားတော် မူသည်။ သည်ကိုရည်၍ သားတော် ချွေးမတော် သမီးတော် သမက်တော် များကို မြောက်သားတော်ချည်း တွင်ခြင်းဖြစ်သည်။

ထို့ကြောင့် သားတော် ဇင်းမယ်ဘုရင့်, မြောက်သားတော်ကား ဆင်ဖြူရှင် မယ်တော်တည်းဟူ၍၎င်း၊ သားတော် ညောင်ရမ်းစား ရှင်ဉီးဘုတ်, မြောက် သားတော်ကား နဲ့သီလတည်းဟူ၍၎င်း၊ သားတော် ရှင်နန်းမြင့် တောင်တွင်း ကြီးစား, မြောက်သားတော်ကား သီလဝတီတည်းဟူ၍၎င်း၊ တကြောင်းမှာ သမီးတော် ခင်ဘုန်းရှိ, မြောက်သားတော်ကား ကောလာယမင်းဟူ၍၎င်း၊ သမီးတော် ခင်ကောင်း, မြောက်သားတော်ကား ဧယျဝတီမင်းဟူ၍၎င်း၊ သမီးတော် မဏိသာလာ, မြောက်သားတော်ကား ကျော်ထင်နော်ရထာဟူ၍ ၎င်း၊ ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး သားတော်, သမီးတော်ပေါင်း ကိုးကျိပ်ခုနစ်ပါး ရှိသည့်အနက်က ထုတ်နုတ်၍ မြောက်သားတော် ခေါ်ဝေါ် ခြင်း၏ ဝေါဟာရ ဖြစ်လာပုံကို သိသာရန် ဤမျှလောက်သော သားတော်, သမီးတော်များကို ပြဆိုလိုက်ခြင်း ဖြစ်ပါသည်။ ရွှေနန်းတော် မြောက်က နေသည့် သားတော်, သမီးတော်များဖြစ်၍ ဌာနူပစာ သဒ္ဒါနည်းအားဖြင့် မြောက်သားတော် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ထီးနန်းအဆက်ဆက်က အိမ်ရှေ့အိမ်တော်မှာ ရွှေနန်းတော် မြောက်ဘက်မှာ ရှိမြဲဖြစ်၍ ဌာနူပစာ သဒ္ဒါနည်းအားဖြင့် ယင်းသည့် အိမ်ရှေ့ အိမ်တော်ကို

မြောက်အိမ်တော်ဟူ၍လည်း ခေါ်ဝေါ်သည်၊ ထို့ကြောင့် အိမ်ရှေ့ထိပ်ထား ရေးသော စိန်ခြူးကြာညောင် အစချီသည့် ဘောလည်သီချင်းတွင် "မြောက် အိမ်တော်စံရိပ်က လွမ်းစိတ်နှင့်ဆွေး"ဟူ၍ ဖွဲ့ဆိုခြင်း ဖြစ်သည်။

## ၃၈၈-နတ်ပြည်စံသည်

နန်းပေါ်တွင် စိုးစံလျက်ဖြစ်သော ကေရာဇ်မင်းမြတ်တို့ ဘဝပြောင်းသည်ကို "နတ်ပြည်စံသည်"ဟူ၍၎င်း၊ "နတ်ပြည်ပြောင်းစံသည်"ဟူ၍၎င်း ပြောဆို ရေးသားမြဲ ဖြစ်သည်။

## ၃၈၉-နတ်ရွာစံသည်

နန်းကျဘုရင်ဖြစ်စေ၊ ဘုရင်၏မယ်တော်ဖြစ်စေ၊ တောင်နန်းမဒေဝီ မဟေသီ မိဖုရားခေါင်ကြီးဖြစ်စေ ဘဝပြောင်းသည်ကို "နတ်ရွာစံသည်"ဟူ၍ ပြောဆို ရေးသားမြဲ ဖြစ်သည်။ အချို့သော အပ္ပဿုတ ပုဂ္ဂိုလ်တို့က တွေ့ကရာသူ ဘဝ ပြောင်းတိုင်း "နတ်ရွာစံသည်" ဟု ရေးသားကြခြင်းကား ပညာရှိတို့ ရယ်ဖွယ်ပင် ဖြစ်လေသည်။

## ၃၉၀-ကံတော်ကုန်သည်

ကေရာဇ်မင်းမြတ်၏ သားတော်, သမီးတော်၊ မင်းမိဖုရား၊ မင်းသား, မင်းသမီးတို့ ဘဝပြောင်းသည်ကို "ကံတော်ကုန်သည်"ဟူသော ဝေါဟာရကို သုံးနှုန်းရေးသား ပြောဆိုရမြဲ ဖြစ်သည်။

## ၃၉၁-ကံကုန်သည်

ကေရာဇ်မင်းမြတ်၏ မြေးတော်, မြစ်တော်၊ ဆွေတော်, မျိုးတော်၊ စော်ဘွားတို့ ဘဝပြောင်းသည်ကို "ကံကုန်သည်"ဟူသော ဝေါဟာရကို သုံးနှုန်း ရေးသား ပြောဆိုရမြဲ ဖြစ်သည်။

## ၃၉၂-အိမ်တော် ခေါ်ဝေါ်ခြင်း

အိမ်ရှေ့မင်း မင်းသား, မင်းသမီးတို့ စံနေတော်မူသည့် အိမ်ကိုသာ "အိမ်တော်" ဟူ၍ ခေါ်ဝေါ်ရေးသားမြဲ ဖြစ်သည်။

## ၃၉၃-အိမ်ကို ဟောင်ခေါ်ခြင်း

စော်ဘွားတို့နေသည့်အိမ်ကို "ဟော်"ဟူ၍ ခေါ်ဝေါ်ရေးသားမြဲ ဖြစ်သည်၊ မန္တလေးမြို့ တောင်ပြင် စော်ဘွားများ နေထိုင်သည့်အရပ်ကို ဟော်ကုန်းဟူ၍ ယခုတိုင် တွင်လေသည်။

## ၃၉၄-မှူးတော်, မတ်တော်အိမ်

မှူးတော်,မတ်တော်တို့ နေထိုင်သည့်အိမ်ကို မည်သည့်ဝန်ကြီးအိမ်၊ မည်သည့် အတွင်းဝန်အိမ်၊ မည်သည့်ဝန်ထောက်အိမ်ဟူ၍ ခေါ်ဝေါ်ရေးသားမြဲ ဖြစ်သည်။

## ၃၉၅-ရွှေကိုယ်တော်ကြီးဘုရား

ကေရာဇ်မင်းမြတ်၏ တောင်နန်းမဒေဝီ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးက မြင်တော်မူသည့် သားတော်ကို "ရွှေကိုယ်တော်ကြီးဘုရား" ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၃၉၆-ကိုယ်တော်မြတ်ဘုရား

မြောက်နန်းတော်စသော နန်းရမိဖုရား ဆောင်ရ မိဖုရားတို့က မြင်သည့် သားတော်များကို "ကိုယ်တော်မြတ်ဘုရား" ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၃၉၇-ထိပ်တင်ခေါ်ရခြင်း

ကေရာဇ်မင်းမြတ်၏ မြေးတော်, မြစ်တော်, တူတော်များကို "ထိပ်တင်" ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၃၉၈-မောင်မောင်ခေါ်ရခြင်း

မှူးတော်, မတ်တော်တို့၏ သားမြေးများကို "မောင်မောင်"ဟု ခေါ်ဝေါ် ရမြဲ ဖြစ်သည်။ ။ဥပမာ—မောင်မောင်ညို။

## ၃၉၉-ထိပ်စုမြတ်ဘုရားကြီး

ကေရာဇ်မင်းမြတ်၏ တောင်နန်းမဒေဝီ မဟေသီမိဖုရားခေါင်ကြီးက မြင်တော် မူသည့် သမီးတော်ကို "ထိပ်စုမြတ်ဘုရား"ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၄၀၀-စုဘုရားခေါ်ဝေါ်ခြင်း

မင်းသမီးကို ရွှေနန်းတင်၍ မြင်တော်မူသည့် သမီးတော်ကို "စုဘုရား"ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။ တကြောင်းလည်း မယ်တော်က မင်းမျိုးမဟုတ်စေကာမူ ကေရာဇ်မင်းမြတ်က "စုဘုရား"ခေါ်စေရမည် အမိန့်တော်ရှိသည့် သမီးတော်များကိုလည်း စုဘုရားဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။ ထို့ပြင် မင်းမျိုးဖြစ်သော နန်းရမိဖုရားက မြင်သည့် သမီးတော်ကို "ထိပ်စုဘုရား"ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၄၀၁-ထိပ်ခေါင်တင်ခေါ်ဝေါ်ရခြင်း

အထက် ပြဆိုခဲ့သည်မှတပါး ကေရာဇ်မင်းမြတ် သမီးတော်များကို "ထိပ်ခေါင်တင်"ချည်း ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၄၀၂-ထိပ်တင်ထည့်၍ ခေါ်ဝေါ်ရခြင်း

အိမ်ရှေ့မင်းသမီးတော်များရှိသည့်အနက် ထိပ်ခေါင်တင်ခေါ်စေ ကေရာဇ်မင်းမြတ်က အမိန့်တော်ရှိသော မင်းသမီးကိုသာလျှင် ခေါ်ရသည်။ ကျန်သမီးတော်တို့ကို "ထိပ်တင်"ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။ ကေရာဇ်မင်းမြတ်၏ မြေးတော် မိန်းမ, မြစ်တော် မိန်းမများနှင့် မင်းညီ မင်းသား၏ သမီးတော်များကို "ထိပ်တင်"ဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၄၀၃-ခင်ခင်ထည့်၍ ခေါ်ဝေါ်ရခြင်း

မှူးတော်, မတ်တော်တို့၏ သမီးများကို "ခင်ခင်"ဟူ၍၎င်း၊ "ခင်မြ၊ ခင်စိန်"ဟူ၍၎င်း၊ အာလုပ်ပုဒ်တွင် "ခင်"ထည့်၍ ခေါ်ဝေါ်ရမြဲ ဖြစ်သည်။

## ၄၀၄-ရတနာပူရ–မြို့အင်းဝ မြို့တော်အကွာရာ

သတိုးမင်းဖျားသည် ရောဝတွင် နဝရတ် ရွှေဖောင်တော်နှင့်နေ၍ ကျေည်းအင်း၊ ကျောက်မော်အင်း၊ အင်းဘူးအင်း၊ ညနဲအင်းများကို ဖို့ရ၏။ သက္ကရာဇ် ၇၂၆-ခု၊ တပေါင်းလဆန်း ၆-ရက် အင်္ဂါနေ့၊ နက္ခတ် ၂၆-လုံး၊ တနင်္ဂနွေ သောကြာ ဗုဒ္ဓဟူး၊ ကုံတွင် ကြာသပတေး စနေ၊ တူဝယ် ရာဟု၊ ကရကဋ်တွင်

အင်္ဂါ၊ တနင်းလာတွင် မိန်၊ မကာရ ဥစ်ပြုလျက် ညဥ့်သုံးပဟိုရ်လွန်၊ တူလဂ်တွင် ရတနာပူရ ရွှေဝမြို့နှင့် နန်းတော်ကို တည်စပြု၏ ဟူ၍ မှန်နန်းရာဇဝင်တော်က ဆိုသည်။

ယင်းသည့် ရတနာပူရမြို့တည် စာတမ်းတွင် မဟာဝိဇိတာဝမ္မဂုရုဆရာတော် ရေးသား၍ သတိုးမင်းဖျားထံ သွင်းသော ဂါထာ ၁၆-ပုဒ်အနက် ပဥ္စမပုဒ်၌—

ဇိနစက္ကာဘိသာသနံ၊ ဗသျှု သုည နဝ ဂေကာ။
ရတနာပူရအာဝမှိ၊ ဇယံ တိဋ္ဌတု နဂရေ။

ဇိနစက္ကာဘိသာသနံ၊ ဘုရားမိန့်ချက် သာသနာစက် အာဏာတော်သည်။ ဗသျှုသုညနဝဂေကာ၊၁၈၀၀-ခုသို့ ရောက်လတ်သော်။ရတနာပူရအာဝမှိ၊လောကုတ် လောကီ နှစ်လီသော ရတနာဖြင့် ပြည့်ခြင်းကြောင့် ရတနာပူရ နာမသညီ အဝမည်သော။ နဂရေ၊ ကြက်ပုံ့မကျ ပြည့်နှက်လှသော အိမ်ရှိသော မင်းနေ ရွှေမြို့တော်ကြီး၌။ ဇယံ၊ အောင်ရာအောင်မှု အောင်ဆုမင်္ဂလာ အဖြာဖြာသည်။ တိဋ္ဌတု၊ ယခုနေ့က စ၍မသွေ တည်ပါစေသတည်း ဟု ပါရှိသည်။

အချို့သော စာပြင်ဆရာများက "ရတနာပူရ"ဟူ၍ ရှေးပညာရှိ ကဝိသူမွန် တို့သည် မှန်ကန်စွာ ဦဒီဃနှင့် ရေးသည့် ပုရပိုက်စာ ပေစာမူများကို ပုရ-မှ မြို့ ဟောဟု မဟုတ်မဟတ် ယူဆပြီးလျှင် ဥ-ရဿနှင့် "ရတနာပုရ"ဟူ၍ ပြင်ကြလေ သည်ကို တွေ့ရသည်။ သို့ဖြစ်၍ နောင်ကို မမှားကြစေရန် ပူရ-သဒ္ဒါကို ပြဆို ပါသည်။

## ၄၀၅-ရတနာသိင်္ဃ မြို့တော်အကြောင်းရာ

မုဆိုးပိုမြို့၊ ကုန်းဘောင်မြို့၊ ရန်ကြီးအောင်မြို့၊ ရွှေဘိုမြို့၊ ရတနာသိင်္ဃမြို့ဟူ၍ အမည်ငါးပါး ထင်ရှားရှိရာ (က) သက္ကရာဇ် ၄၅၄-ခုနှစ် ရွှေနန်းတက်တော်မူ သော ပုဂံ နရပတိစည်သူမင်းကြီး တိုင်းခွင်လှည့်တော်မူသောအခါ ဤအရပ်သို့ ရောက်တော်မူလျှင် ငပိုအမည်ရှိသော မုဆိုးအား ပိုမြေနယ်နိမိတ်အပိုင်းအခြား ပေးအပ်၍ ဗောင်းဝန်းတိုက်အရပ်တွင် ဗောင်းဝန်းတော်ကို ထားသည်။ စကား ကိုးဆူအဝင်ဖြစ်သော ရွှေတန်းဆာဘုရားရှင်လည်း ဤအရပ်တွင် ခြသေ့မင်းစစ်

ဖြစ်တော်မူရာ သာသနာငါးထောင်ကုန်အောင် ထွန်းပပွင့်လင်းရာအရပ် ဖြစ်မည်ကို မြင်တော်မူ၍ ကိန်းဝပ်တော်မူလိုသော ပြာဋိဟာကို ပြတော်မူသောကြောင့် ရွှေတန်းဆာဘုရား တည်တော်မူခဲ့သည်။ ဤအခါမှစ၍ မုဆိုးငပိုက မြို့ရွာ တည်ထောင်သောကြောင့် "မုဆိုးပို့မြို့"ဟူ၍ ထင်ရှားစွာ ဖြစ်ခဲ့လေသည်။

သို့ပါလျက် အပွဲသူတပုဂ္ဂိုလ်တို့က "ပို"ကို ပဋ္ဌမက္ခရာ ပစောက် ဣတင် ဥတဲ့၍ မှန်ကန်စွာ မရေးသားပဲ ပဝဂ် တတိယက္ခရာ ဗထက်ခြိုက်ကို ဣတင် ဥတဲ့၍ လ-သတ်လျက် "ဗိုလ်"ဟူ၍ မှားယွင်းစွာ ရေးခြင်းတရပ်၊ ဘကုန်း ဣတင် ဥတဲ့၍ "မုဆိုးဘို"ဟု မှားယွင်းစွာ ရေးသည်တရပ်များကို တွေ့ရသောကြောင့် နောင်ကို သတိပြုကြရန် ရှင်းလင်း ဖော်ပြလိုက်ပါသည်။

(ခ) ကုန်းဘောင်မြို့ ခေါ်ဝေါ်ခြင်း အကြောင်းကား မုဆိုးပို့မြို့အရှေ့ အလောင်းစည်သူ ဆည်ထားခဲ့သော ကုန်းဘောင်ရိုး တောင်မြောက် ရှိသည်ကို စွဲ၍ "ကုန်းဘောင်မြို့၊ ကုန်းဘောင်ပြည်ကြီး"ဟူ၍လည်း ကျော်စော ထင်ရှားသည့်အတိုင်း နေပြည်တော် ကုန်းဘောင်ပြည်ကြီး ဆိုလိုသည်။ ထို့ကြောင့် အလောင်းမင်းတရားကြီးဘုရားမှ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော်တိုင် ထီးဖြူရိပ်ဆောင်း မင်းကေရာဇ်ပေါင်း ၁၁-ပါးတို့ကို "ကုန်းဘောင် ဆဲ့တဆက်"ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်သည်။

(ဂ) ရန်ကြီးအောင်မြို့ခေါ်ဝေါ်ခြင်းအကြောင်းကား သက္ကရာဇ် ၁၁၁၄-ခုကဆုန်လက အစပြုပြီးလျှင် အလောင်းမင်းတရားကြီးဘုရား မင်းကေရာဇ် အဖြစ်သို့ ယူတော်မူ၍ တလိုင်းမင်း၊ ကွေ့မင်း နှစ်ဦးတို့၏ စစ်သည် ရဲမက် ဗိုလ်ခြေ လာသမျှ တွေ့သမျှတို့ကို တိုက်ခိုက် ချေဖျက် သိမ်းယူအောင်မြင်တော်မူရာ မြို့တော်ဖြစ်၍ "ရန်ကြီးအောင်မြို့"ဟူ၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။

(ဃ) ရွှေဘိုမြို့ ခေါ်ဝေါ်ခြင်းအကြောင်းကား မုဆိုးပို့မြို့ကို သုတိသာ၍ ကဏ္ဏသုခဖြစ်စေရန် ရွှေမြို့တော်၊ ရွှေပြည်တော် ခေါ်ဝေါ်သကဲ့သို့"ရွှေပို့မြို့"ဟု ခေါ်ဝေါ်ကြလေသည်။

ထို့ကြောင့် အဂ္ဂမဟာ သေနာပတိ ဝန့်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် မင်းကြီး မင်းသတိုးသုဓမ္မမဟာ သက်တော်ရှည်ရေးသား ဆက်သွင်းသည့်

ထိပ်စုမြတ်ဘုရားလတ် မြပုခက်တော်တင် မင်္ဂလာဧချင်းတွင် ရှေးယဉ်ဘောင် အစချီသည့်ပိုဒ်၌“ပုဂံ, မြင်စိုင်း၊ စစ်ကိုင်း, ပန်းရ၊ အဝ ရွှေပို၊ ပြည်ထိုထိုဝယ်”ဟူ၍ ၎င်း၊ ဝန်ထောက်တော် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင်မဟာစည်သူ ရေးသား ဆက်သွင်းသည့် ထိပ်စုမြတ်ဘုရားကလေး မြပုခက်တော်တင် မင်္ဂလာဧချင်းတွင် ဤသို့ပြည့်န် အစချီသည့်ပိုဒ်၌ “သိဃ်ရတနာ၊ မင်္ဂလာရွှေပို၊ ရန်မာန်ဖြိုကို”ဟူ၍၎င်း၊ ယင်းသည့် ဝန်ထောက်တော်မင်း ရေးသား ဆက်သွင်းသည့် ထိပ်စုမြတ်ဘုရားထွေး မြပုခက်တော်တင် မင်္ဂလာဧချင်းတွင် ဤမျှထင်စွာ အစချီသည့်ပိုဒ်၌ “အလင်္ကာဖြင့်၊ မင်္ဂလာရွှေပို၊ ရန်ဖြိုမာန်ဖြတ်”ဟူ၍၎င်း စပ်ဆို ရေးသားခဲ့သည်များကို ထောက်ထားလျှင် မုဆိုးပိုမှ ရွှေပို၊ ၎င်းမှ ရွှေဘိုဟူ၍ စတုတ္ထကခရာ ဘကုန်းနှင့် နောက်ဆုံး၌ ရေးသားခေါ်ဝေါ်နေကြခြင်းဖြစ်ကြောင်း ထင်ရှားခဲ့လေသည်။

(င) ရတနာသိဃ်သမိုက်တော်မူ၍ မေ်ကွန်းစိုက်တော်မူခြင်း အကြောင်းကား အလောင်းမင်းတရားကြီးဘုရားဟု တံဆိပ် နာမံတော်နှင့် မင်းကောရာဇ် အဖြစ်ကို ယူတော်မူသော မုဆိုးပိုအစီရင် ဦးအောင်ဇေယျသည် အဝပျက်လျှင် ငါတို့ နေနိုင်အောင်နေမှ သင့်မည် အကြံတော်ရှိ၍ မုဆိုးပိုမြို့ကို ပတ်ဝိုက်ပြီးလျှင် တာ လေးရာ့ခုနစ်ဆယ် (၄၇၀) ရှိသော ထန်းလုံးတပ်ကို တည်လုပ်တော်မူ၍ အနီးအစပ် ၄၆-ရပ် ကျေးရွာတို့ကို တပ်တွင်းချည်း သွင်းပြီးလျှင်—

၁—မြို့တော် အရှေ့ရပ် တခေါင်း၊

၂—မြို့တော် တောင်ရပ် တခေါင်း၊

၃—မြို့တော် ဗောင်းဝန်းတိုက်အရပ် တခေါင်း၊

၄—မြို့တော် ကျီရပ် တခေါင်း၊

၅—မြို့တော် အလယ်ကျီရပ် တခေါင်း၊

၆—မြို့တော် အလယ်ကုန်းရပ် တခေါင်း၊

၇—ချောင်းဦးရပ် တခေါင်း၊

၈—မြို့တော် အနောက်ရပ် တခေါင်း၊

၉–ဟန်လင်းမြို့ရပ် တခေါင်း၊
၁၀–မုဆိုးချုံရွာရပ် တခေါင်း၊
၁၁–ရင်းမာကန်ရွာရပ် တခေါင်း၊
၁၂–ရင်းတော်ရွာရပ် တခေါင်း၊
၁၃–နောက်အုန်တကွင်းရွာရပ် တခေါင်း၊
၁၄–မင်းရွာရပ် တခေါင်း၊
၁၅–ရွာသာရပ် တခေါင်း၊
၁၆–သပြေတ်တောရွာရပ် တခေါင်း၊
၁၇–ပိတ်တောရွာရပ် တခေါင်း၊
၁၈–မြောင်းဝန်းရွာရပ် တခေါင်း၊
၁၉–မြွေသမားရွာရပ် တခေါင်း၊
၂၀–မန်ကျည်းတုံရွာရပ် တခေါင်း၊
၂၁–သစ်ခေါင်းခွရွာရပ် တခေါင်း၊
၂၂–ရှားတောရွာရပ် တခေါင်း၊
၂၃–ယင်ဘာရွာရပ် တခေါင်း၊
၂၄–ဥန္နဲပုတ်ရွာရပ် တခေါင်း၊
၂၅–သမန်သာရွာရပ် တခေါင်း၊
၂၆–ချည်ပါတောင်ရွာရပ် တခေါင်း၊
၂၇–ချည်ပါမြောက်ရွာရပ် တခေါင်း၊
၂၈–ပန်းရန်ရွာရပ် တခေါင်း၊
၂၉–လိပ်ချင်းရွာရပ် တခေါင်း၊
၃၀–မင်းကျောင်းရွာရပ် တခေါင်း၊
၃၁–ဘွတ်လိုင်ရွာရပ် တခေါင်း၊
၃၂–ကန်တူရွာရပ် တခေါင်း၊
၃၃–ပလိုင်းရွာရပ် တခေါင်း၊

၃၄–အုန်းပေါက်ရွာရပ် တခေါင်း၊
၃၅–ပေါက်တုန့်ရွာရပ် တခေါင်း၊
၃၆–တောင်မြင့်ရွာရပ် တခေါင်း၊
၃၇–စိုင်နံ့ရွာရပ် တခေါင်း၊
၃၈–ထောင်တင်းရွာရပ် တခေါင်း၊
၃၉–ပန်းတောင်းရွာရပ် တခေါင်း၊
၄၀–ကာမဝတီရွာရပ် တခေါင်း၊
၄၁–ထနောင်းဝန်းရွာရပ် တခေါင်း၊
၄၂–သစ်ဆိမ့်ရွာရပ် တခေါင်း၊
၄၃–ဆိပ်ခွန့်ရွာရပ် တခေါင်း၊
၄၄–ဟန်လင်းမြို့အနောက်ရပ် တခေါင်း၊
၄၅–မင်းကြီးရွာရပ် တခေါင်း၊
၄၆–ရွာသစ်ရွာရပ် တခေါင်း၊

ယင်းသို့ ရပ်ကွက်ခေါင်းအကြီးနှင့်တကွ လူ ၂၀၀၀-ကျော် ၃၀၀၀-ခန့်တို့ကို လက်နက်ကိုရိယာ ဆင်မြင်း မျိုးရိက္ခာများနှင့်တကွ တပ်တွင်းချည်း သွင်းတော်မူသည်။

အမှုထမ်း သူရဲသူခက်တို့ကိုလည်း ပြောင်းလက်နက် အပစ်အခတ်, ဓားခုတ် လှံထိုး ဒိုင်းရေး လွှားရေးများကို လေ့လာစေသည်။ မြင်းစီးမြင်းရေး၌ ကျွမ်းကျင်သူတို့ကို လှံရှည် အဲမောင်း မြင်းစီးမြင်းရေးတို့ကို လေ့လာစေသည်။ ယင်းသို့ လုပ်ရေးကြံရေးတို့ကို ပြီးစီးပြည့်စုံအောင် စီရင်စည်းကြပ်တော်မူပြီးလျှင် အရေးကို မြော်တင်း၍ အခိုင်နေတော်မူ၏။

ယင်းသည့်အခါ စစ်ကိုင်းက ချီလာသော တလိုင်းတပ်သည် လေးစခန်းနှင့် မုဆိုးပို့မြို့သို့ရောက်လျှင် မြို့အရှေ့မျက်နှာက တပ်မ စွဲရပ်၍ ပတ်ပတ်ဝန်းကျင် မြေပြင်မလပ် အကပ်ထပ်ရံ၍ နေ့ညဥ့်မဆိုင်း အမြောက်စိန်ပြောင်း ပစ်လွှတ်၍

လေးရက် ငါးရက် ချဉ်းကပ်သော်လည်း မချဉ်းကပ်နိုင်၊ တလိုင်းစစ်သည် အရှုအန အသေအပျောက်များလှသောကြောင့် ရံ၍သာ နေကြ၏။

ထိုအခါ အလောင်းမင်းတရားကြီးဘုရားသည် ငါကိုယ်တော်တိုင်ထွက်၍ တိုက်မည် အမိန့်တော်ရှိပြီးလျှင် သက္ကရာဇ် ၁၁၁၄-ခု၊ ကဆုန်လပြည့်ကျော် ၈-ရက် သောကြာနေ့ မွန်းယိမ်းနှစ်ချက်တီးကျော် နှစ်မောင်းတွင် အရွှေမျက်နှာ လက်ယာတံခါးမှ ရွှေထီးဖြန့်လျက် ထွက်တော်မူပြီးလျှင် တပ်တော်များ အနေအထားကျသည့်အခါ သစ္စာတော်မူ၍ အောင်ခါရောက်ပြီ၊ အောင်ချိန်သင့်ပြီ၊ အောင်ခါတန်ပြီဟု ညွှန်းသောစကားဖြင့် အောင်သံပေးတော်မူသည်။

ယင်းသို့စဉ်တွင် မြင်းစီးသူရဲ သေနတ်စွဲသူရဲ လေးစွဲသူရဲ ဓားစွဲသူရဲ တင်ကျည်းစွဲသူရဲတို့လည်း တပြိုင်နက် ကြော်ငြာလျက် အဆုတ်အဆိုင်းမရှိ ချွံချွံရွပ်ရွပ် ထိုးခုတ်ပစ်ခတ်ကြသည်။

အလောင်းမင်းတရားကြီးဘုရား ကိုယ်တော်တိုင်ကွပ်သည်ကို ရဲမက်တော်တို့ မြင်လျှင် အသက်ကို ပန်းတပွင့် အနိုင်းမမှတ် စွန့်စားထိုးခုတ် ပစ်ခတ်ကြသောကြောင့် တလိုင်းတို့ မခံနိုင်၍ ငါးသောင်းတပ်ကြီး အဆီးအတားမရှိ ပျက်လေ၏။

ယင်းသို့နောက်ကိုလည်း သက္ကရာဇ် ၁၁၁၄-ခု၊ ကဆုန်လမှ နတ်တော်လတိုင် ရှစ်လအတွင်း တလိုင်းတို့ချီတက်လာသည့် လေးသောင်းတပ်၊ ငါးသောင်းတပ် ဆိုသမျှကို ဆယ်ပွဲတိုင် အောင်မြင်တော်မူသည်။ ထို့နောက် တည်တောတပ်၊ ကျောက်တပ်၊ ကျွန်းတောကြီးတပ်၊ မင်းကင်းတပ်များကိုလည်း တပွဲပြီးတပွဲ အောင်မြင်တော်မူလေ၏။

ဤအခါ တာဝန်းနှစ်ထောင် ၂၀၀၀-ရှိ မြို့တော်နှင့်တကွ ထီးနန်းစိုက်တော်မူပြီးကာလ "ရတနာသိင်္ဃရွှေမြို့ဝ့်တော်" ဟူ၍ မော်ကွန်းတိုင် စာရွက်တွင် ကမ္ပည်း ထိုးမှတ်တော်မူလေသည်။ သို့ဖြစ်၍ အလောင်းမင်းတရားကြီး လက်ထက်မှ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီး လက်ထက်တော်တိုင် ကုန်းဘောင် ၁၁-ဆက်သော မင်းတို့ လက်ထက်တော်များမှာ က–ဝဂ် စတုတ္ထက္ခရာ "ဃ"ကြီးနှင့် "ရတနာသိင်္ဃ"ဟု ရေးသားခြင်း ပြုရလေသည်။

သို့ပါလျက် အင်္ဂလိပ်မင်းလက်ထက် ရောက်ခါမှ အချို့သော အယ်ဒီတာ စာပြင်ဆရာတို့သည် မူရင်း၌ရှိသည့် ရတနာသိင်္ဃကို "ရတနာသိခ၊ ရတနာသိဂ၊ ရတနာသိဟ၊ ရတနာသိင်္ဂ၊ ရတနာသိခ်" ဟူ၍ အမှားမှား အယွင်းယွင်းဖြင့် မင်းမပြဋ္ဌာန်းသည့်အရာကို ပြဋ္ဌာန်းလေဟန် မမှန်မကန် ပြောင်းလဲပြင်ဆင်၍ စက်တင်ပုံနှိပ်သည့် စာအုပ်အများ ထွက်ပေါ်လျက်ရှိချေသည်။

**ရတနာသိင်္ဃ မှန်ကြောင်း ပြဆိုဦးအံ့။** ။သိင်္ဃဆိုသည် ဆုံသည်ရပ်ဟု ဆိုသည် ကား— သက္ကရာဇ် ၁၁၁၃-ခုနှစ်၊

ရတနာပူရ အင်းဝပြည်ကြီး ပျက်၍ ဟံသာဝတီပြည်၊ တောင်ငူ၊ အင်းဝ၊ ရှမ်းပြည်၊ ယွန်းပြည် အရပ်ရပ်ရှိကြလေသည့် ရွှေ ငွေ ပတ္တမြား စသော ရတနာအပေါင်းတို့သည် မုဆိုးပိုအရပ်၌ စုလာရသည်လည်း တချက်၊ စာပေ ပိဋကတ်၊ ဓာတ်တော်၊ မွေတော် တည်းဟူသော ရတနာအပေါင်းတို့ စုဝေး တည်လာသည်လည်း တချက်၊ အရပ်ရပ် ပြည်ထောင်မြို့တို့မှ လူပညာရှိ၊ ရှင် ရဟန်းပညာရှိတည်းဟူသော ရတနာအပေါင်းတို့သည် ၎င်း မုဆိုးပိုအရပ်သို့ ချည်းသာ စုဝေးရောက်လာသည်လည်း တချက်၊ ဤသုံးချက်သော ရတနာ အပေါင်းတို့ စုလာ ဆုံလာသည်ကို ရည်၍ ထိုမြို့ကို "ရတနာသိင်္ဃမြို့" ဟု ဆိုသည်။ တနည်းကား ခရီးလမ်းကြောင်းအပေါင်းတို့၏ ဆုံရာစုရာအရပ်ကို "မဂ္ဂသိင်္ဃာဋက" ခရီးလမ်းဆုံ ဆိုလေသကဲ့သို့ ရတနာအပေါင်းတို့၏ စုဝေးရာ ဆုံရာဖြစ်၍ "ရတနာသိင်္ဃမြို့" ဟု ဆိုသည်။ "ရတနာနံ သိင်္ဃာဋံ ရတနာသိင်္ဃာဋံ" ဟု ဝိဂ္ဂြိုဟ်ဝစနတ္ထပြုလေ။

ရတိံ အဘိရတိံ ပေမံ ဇနေတီတိ ရတနံ။

ရတိံ အဘိရတိံ ပေမံ၊ အလွန်မွေ့လျော်ခြင်း-ချစ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ရတနံ၊ ရတနမည်၏။ ။ရတိဇန-ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် ဣ အက္ခရာကို အပြု၊ ဇ–အက္ခရာကို ချေ၍ ရတနမည်၏ဟု မဏိသာရမဉ္ဇူကျမ်း ပဌမတွဲ စာမျက်နှာ ၃၀-၌ ဆိုသည်။ လောကုတ်, လောကီ ဖြစ်သော အလွန်မွေ့လျော်ခြင်း, ချစ်ခြင်းကို ဖြစ်စေတတ် သော ဝတ္ထုရ၏။

သိဿံတိ ကောဘာဝံ ယာတီတိ သိဿာဝှကာံ၊ ဏွာဒိမောဂ္ဂလ္လာန်။

သိဿံတိ ကောဘာဝံ ယာတိ၊ တပေါင်းတည်း၏ အဖြစ်သို့ ရောက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သိဿာဝှကာံ၊ သိဿာဝှကမည်၏။

သိဿာဝှကမေဝ က–ကာရ လောပံ ကတွာ သိဿာဝှံ။

သိဿာဝှကမေဝ၊ သိဿာဝှကသည်သာလျှင်။ က-ကာရလောပံ၊ က-အက္ခရာ၏ ကြေခြင်းကို။ ကတွာ၊ ပြု၍။ သိဿာဝှံ၊ သိဿာဝှ မည်၏။

သိဿာဘိကာဝှကာဟူသော ဏွာဒိမောဂ္ဂလ္လာန်သုတ်စဉ် ၁၇-ဖြင့် သိဿ-ခါတ်နောင် အာဝှကပစ္စည်းသက်၍ ကွစိ ခါတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရီတာ-ဒေသလောပါဂမာစ ဟူသော ကစ္စည်းသုတ်ဖြင့် က-အက္ခရာကိုချေ၍ သိဿာဝှ ဖြစ်၏၊ ပြီးမှ။

ရတနာနံ သိဿာဝှံ ရတနာသိဿာဝှံ ဟု ဆဋ္ဌီ တပ္ပုရိသ် ပြုပြီးလျှင် ကွစာဒိ-မဇ္ဈေတ္တရာနံ ဒီဃရဿာ ပစ္စယေသု စ ဟူသော သုတ်ဖြင့် အလယ်၌တည်သော န ၏ အစိတ်ဖြစ်သော အ-ကို အာဒီဃ ပြု၍ "ရတနာသိဿာဝှံ" ဟုမဟာအတုလ-ယသဓမ္မရာဇဂုရုဆရာတော်ဘုရားကြီး ဝိဂြိုဟ်လုစ်တော်မူခြင်း ဖြစ်သည်။

စတုက္ကံ၊ စတုက္ကသဒ္ဒါသည်။ မဂ္ဂသန္ဓိ၊ မဂ္ဂသန္ဓိသဒ္ဒါသည်။ သိဿာဝှကာံ၊ သိဿာဝှကသဒ္ဒါသည်။ စစ္စရေ၊ ခရီးလမ်းဆုံ၌။ ဘဝေ၊ ဖြစ်၏ ဟူ၍ ခရီး လမ်းဆုံ ပရိယာယ် သုံးပုဒ် အဘိဓာန်ကျမ်း ပုရဝဂ် ဂါထာ နံပါတ် ၂၀၃-၌ ဟောသည်။

## ၄၀၆-အမရပူရ–မြို့တော်အက္ခရာ

အလောင်းမင်းတရားကြီး ဘုရား၏ တတိယသားတော် ဗဒုံမင်းသည် ကုန်းဘောင် ၁၁-ဆက်တွင် ခြောက်ဆက်မြောက်၌ ရွှေနန်းတက်၍ မင်းဖြစ်တော်မူပြီးနောက် သက္ကရာဇ် ၁၁၄၄-ခု တပို့တွဲလဆန်း ၇-ရက် အင်္ဂါနေ့ ထီးပေါင်ကားအရပ်တွင် မြို့ပြထီးနန်း တည်တော်မူ၍ ရွှေမြို့တော်ကို "အမရပူရ"၊ နန်းမြို့တော်ကို "မြနန်းဘုံစံ"၊ ရွှေနန်းတော်ကို "အောင်နန်းစံရာ" သမိုက်တော်မူ၍ မော်ကွန်းစိုက်တော်မူ၏။

မြို့တော်၏အမရပူရ "ပါဠိ–အမရ=မသေ မြဲသော။ ပူရ=အလုံးစုံသော လူတို့၏ စိတ်နှလုံးကို ပြည့်စေခြင်း ဖြစ်သော"။ ဝါ၊ ရွှေ ငွေစသော လောကီ ရတနာမျိုး၊ ဘုရား၊ တရား၊ သံဃာ၊ သဒ္ဓါ၊ သီလစသော လောကုတ္တရာ ရတနာ မျိုးတို့တည်ရာ အလုံးစုံသော လူတို့၏ စိတ်နှလုံးကို ပြည့်စေရာဖြစ်သော "ရွှေမြို့တော်ကြီး"ဟူလို။

ယင်းသို့ မြို့တော်အထွက် လက်ယာဘက်တွင် "အမရပူရရွှေမြို့တော်ကြီး" ဟူ၍ ကမ္ပည်းစာရွက်ရှိ ရွှေစာလုံးအက္ခရာကား အ-ရဿနှင့် အမရ တပုဒ်၊ ဦ ဒီဃနှင့် ပူရ-တပုဒ်ဖြစ်သဖြင့် ၎င်းနှစ်ပုဒ်သည် ဝိသေသနပုဒ်၊ ရွှေမြို့တော်ကြီး ကား ဝိသေသျပုဒ်ဖြစ်သည်။ သို့ပါလျက် အချို့သော စာပြင်ဆရာတို့က ပုရ-မှ မြို့ဟောအနက်ဖြစ်သည်ဟု ယူဆ၍ ဥ-ရဿနှင့် အမရပုရအက္ခရာဖြင့် မှားယွင်း စွာ ပြင်ဆင်ပြီးမှ စက်တင်ပုံနှိပ်သည်များကို တွေ့ရလေသည်။ သို့ဖြစ်၍ နောင် မမှားမယွင်းရအောင် ရှင်းလင်းဖော်ပြလိုက်ပါသည်။

## ၄၀၇–ရတနာပုံ မြို့တော်အက္ခရာ

အလောင်းမင်းတရားကြီးဘုရား၏ မြစ်တော် အမရပူရ ဒုတိယ မြို့တည် နန်းတည် ရွှေဘိုမင်းတရားကြီးဘုရား သားတော် မင်းတုန်းမင်းသားသည် ကုန်းဘောင် ၁၁-ဆက်တွင် ဆယ်ဆက်မြောက်၌ ရွှေနန်းတက်၍ မင်းဖြစ်တော် မူပြီးနောက် သာသနာ နှစ်ထောင့်လေးရာ စေ့ရောက်သောအခါ မန္တလေး အရပ်ဝယ် ရတနာပုံ မြို့ကြီး ဖြစ်လတ္တံ့၊ အနှစ် ခုနစ်ရာတိုင်တိုင် သာသနာတော် စည်ပင်ပြန့်ပွါး လတ္တံ့ဟူသော သိုက်ဓာတ်နိမိတ် ဗျာဒိတ်စံနည်း တဘောင် စာတမ်းထွက်ရှိသည်နှင့်အညီ သက္ကရာဇ် ၁၂၂၁-ခု၊ ကဆုန်လပြည့်ကျော် ၆-ရက် ညည့်သုံးချက်တီးကျော်၊ ခုနစ်ရက် တနင်းလာနေ့သို့အဝင်၌ မန္တလေးအရပ်တွင် မြို့ပြထီးနန်း တည်တော်မူ၍ ရွှေမြို့တော်ကို ရတနာပုံမ်"၊ နန်းမြို့တော်ကို "လေး ကျွန်းအောင်မြေ"၊ ရွှေနန်းတော်ကို "မြနန်းစံကျော်"သမိုက်တော်မူ၍ မော် ကွန်းစိုက်တော်မူသည်။

ယင်းသည့် ရတနာပုံမ် ရွှေမြို့တော်ကြီး၏ ကမ္ပည်းစာရွက်ပေါ်၌ ရှိသော ရွှေစာလုံးအက္ခရာကား ပြည့်စုံခြင်းအနက်ဟော ပုဏ္ဏသဒ္ဒါက လာသည့် ပုံမ်-

အက္ခရာဖြစ်လေသည်။ သို့ပါလျက် အင်္ဂလိပ်မင်း လက်ထက်ရောက်ခါမှ ပုံမ်-အက္ခရာပျောက်၍ အပုံ၊ အစု၊ အပေါင်းဟော "ပုဥ္စ" သဒ္ဒါနှင့် အချို့အချို့သော ဆရာတို့က ဂါထာစုဏ္ဏိယ သီကုံးကြလေသည်။ ထိုကဲ့သို့ သီကုံးခြင်းကား မဟာ အမှားတော်ကြီးဟူ၍ ဆိုရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ရတနာပုံ မြို့တည် နန်းတည် မင်းတရားကြီးဘုရား၏ သမ္မာဆန္ဒတော်က ဤ ရတနာပုံမ် ရာဇဌာနီ မြို့တော်ကြီးတွင် ရွှေ ငွေစသော လောကီရတနာမျိုး၊ ဘုရား, တရား, သံဃာ၊ သဒ္ဓါ, သီလစသော လောကုတ္တရာ ရတနာမျိုးတို့ ပြည့်စုံခြင်းအနက်ကို ရည်စူးတော်မူခြင်းပေတည်း။

ထို့ကြောင့် ရတနာပုံမ် မြို့တည် နန်းတည် မင်းတရားကြီးဘုရား လက်ထက် တော်ကစ၍ သားတော် ဒုတိယနန်းစံ မင်းတရားလက်ထက်တော်တိုင်အောင် ရတနာပုဥ္စသဒ္ဒါနှင့် ရေးသားရခြင်း အလျဉ်းမရှိပဲ ရတနာပုဏ္ဏသဒ္ဒါနှင့် ဂါထာ စုဏ္ဏိယ သီကုံးရေးသားကြသည်များကို ပြဆိုဦးအံ့။

ဝန်ရှင်တော် ဝက်မစွတ်မြို့စား ရွှေပြည်ဝန်ကြီး သတိုးမင်းကြီး မင်းလှမဟာ မင်းခေါင်သီဟသူ ရေးသားစီရင်အပ်သော အလင်္ကာနိဿယနိဂုံးတွင် "ရတနာ ပုဏ္ဏံ ပထမံ"ဟူ၍၎င်း၊ "ရတနာပုဏ္ဏကော ရာဇာ"ဟူ၍၎င်း၊ ဝန်ထောက်တော် မင်းကြီး သီရိမဟာဇေယျသူ ရေးသားစီရင်အပ်သော ကဝိလက္ခဏာဒီပနီ ကျမ်း အာသီသပုဗ္ဗက ဂန္ထာရမ္ဘဖြစ်သော ပထျာဝတ္တဂါထာတို့တွင် "ရတနာပုဏ္ဏ မာမကံ"ဟူ၍၎င်း၊ ဇာဂရာဘိဓေ သီရိပဝရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဘုရားကြီးဆရာတော်ဘုရား ရေးသားစီရင်အပ်သော သံဝေဂ ဝတ္ထုဒီပနီကျမ်း နိဂုံးဂါထာတွင် "ရတနာပုဏ္ဏလဍ္ဍတေ"ဟူ၍၎င်း၊ နရိန္ဒာဘိ-ဓေ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆီးဘန်နှိ ဆရာတော်ဘုရားကြီးရေး မိုးထိတိုက် အာဘယာရာမ မာရဇေယျော် သိမ်တော် ကျောက်စာ ဒုတိယဂါထာတွင် "ရတနာပုဏ္ဏနာမိကံ"ဟူ၍၎င်း၊ ကေတုဇာဘိ-ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ စလင်းဆရာတော်ဘုရား ရေးသား စီရင်အပ်သော ဝိသုဒ္ဓိဒီပနီကျမ်းဦးအစ စတုတ္ထဂါထာတွင်–

"ပဌမံ မာပိတံ ပုရံ၊ ရတနာပုဏ္ဏ နာမကံ။
ရမ္မံ သဗ္ဗင်္ဂသမ္ပန္နံ၊ အယုဇ္ဈပုရ သောဘိတံ။

ရမ္မံ၊ သူခပ်သိမ်းတို့၏ နှလုံးမွေ့လျော်ရာ ဖြစ်ထသော။ သဗ္ဗင်္ဂသမ္ပန္နံ၊ အလုံးစုံသော မြို့၏အင်္ဂါနှင့် ပြည့်စုံထသော။ အယုဇ္ဈပုရသောဘိတံ၊ ရန်သူတပါးတို့သည် စစ်ထိုးခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အယုဇ္ဈမည်သော သိကြားမင်း၏ စံနေရာ တာဝတိံသာနတ်မြို့ နတ်နန်းကဲ့သို့ တင့်တယ်ခြင်းရှိထသော။ ရတနာပုဏ္ဏနာမကံ၊ ရွှေငွေ ပုလဲ ပတ္တမြား အစရှိသော ရတနာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ရတနာပုံဟူသော ထူးမြတ်သော အမည်လည်းရှိထသော။ ပုရံ၊ မြို့တော်ကြီးကို။ ပဌမံ၊ ရှေးဦးမဆွ။ မာပိတံ၊ ဖန်ဆင်းတည်ထောင်အပ်ပြီ" –

ဟူ၍ငင်း၊ ကျမ်းအစောင်စောင်တို့၌ လာရှိသည့်ပြင် ၁၀-ကြောင်းရေး ပေက-အစ ပေ-အဆုံးရှိသော ရတနာပုံမြို့တည် စာတမ်း ဆု ချုပ်ရှိ ၁၅ ဂါထာအနက် ပဌမဂါထာတွင်––

ရတနာနဉ္စ ပုဏ္ဏတ္တာ၊ မဟာဘူပတိဌာနတ္တာ။
ရတနာပုံ မဟာ ရာဇ-ဌာနီတိ ဝုစ္စတိ စေတံ။

ရတနာနံ၊ လောကီ,လောကုတ္တရာ ရတနာအပေါင်းတို့၏။ ပုဏ္ဏတ္တာ စ၊ ပြည့်ဖြိုးလျှမ်းတက်ရာ ဖြစ်သောကြောင့်ရင်း။ မဟာဘူပတိဌာနတ္တာ စ၊ ပါရမီ-သမ္ဘာရ တေဇ တောက်ထိန် ရဝိန္ဒုလား လူမျိုးသော်နှင်း အမင်းမင်းတို့ ဦးညွှတ်ပန်ဆင်အပ်သော မင်းမြတ် မင်းကောင်း လောင်းလျာသခင် အရှင်ကေရာဇ် မင်းမြတ်တို့၏ စံပျော်ရာဖြစ်သောကြောင့်ရင်း။ စေတံ ပုရံ၊ ထိုပြည်ကို။ မဟာရတနာပုံ ရာဇဌာနီတိ၊ မဟာရတနာပုံ မင်းနေပြည်ကြီးဟူ၍။ ဝုစ္စတိ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်၏–

ဟူ၍ငင်း ရတနာပုံ မြို့တည် စာတမ်းတွင်လည်း ပြဆိုလျက် ရှိသည်။

## ၄၀၈–မြန်မာဟု ခေါ်ဝေါ်ခြင်း

မြန်သည်၊ မာသည်ဟူသော အကြောင်းကိုစွဲ၍ "မြန်မာ"ခေါ်ဝေါ်၏ဟု ရတနာပူရ အဝပြည်ကြီးရှင် ဟံသာဝတီရောက် မင်းတရားကြီးဘုရား လက်ထက် ထိုမင်းတရား ကိုးကွယ်တော်မူသော ဒုတိယ ကျော်အောင်စံထား ဆရာတော် ပြုသည့် ဝေါဟာရတ္ထပကာသနီကျမ်းတွင် လာသည်။

မြန်–သဒ္ဒါမှာ–စစ်ချီစစ်တက်ခြင်းမှစ၍ ခက်ခဲသော အရေးအကြောင်းနှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်, တခဏုပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်း တရပ်, မာ-သဒ္ဒါမှာ မည်သည့်အရာကိစ္စမဆို လိုရာဆန္ဒ အာသီသ နှလုံးသွင်း အတိုင်း ပေါက်မြောက်အောင် မလျှော့သော လုံ့လဝီရိယတို့ဖြင့် ဇာတိသွေး ဇာတိမာန် ခက်ထန်တင်းမာသော စိတ်ရင်းသတ္တိဂုဏ် ပြည့်စုံခြင်းတရပ်၊ ဤ နှစ်ရပ်သော မြန်-သဒ္ဒါ မာ-သဒ္ဒါတို့ကို တပ္ပုရိသ်သမာသ်တွဲ၍ "မြန်မာ"ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးပဝေဏီ တကောင်းပြည် အဘိရာဇာ မင်းကြီးလက်ထက်တော်ကစ၍ မြန်မာဦးစွန်း ထွန်းခဲ့သောကြောင့် မြန်မာပြည် မြန်မာဘုရင် မြန်မာအမျိုးသားဟု ထင်ရှားပေါ်လွင်၍ ကမ္ဘာတွင် ကျော်ကြားခြင်းရှိခဲ့လေသည်။

ယခုခေတ်တွင် အချို့သော အပရေဝါဒပုဂ္ဂိုလ်တို့က ဗဟာခေတ် ဗြဟ္မာက ဖြစ်သောကြောင့် ဗထက်ခြိုက်နှင့် ဗမာလူမျိုးဟု ရေးသားသင့်ကြောင်း ပြောဆို ကြသဖြင့် ကမ္ဘာပေါ်ရှိသမျှ ဟိန္ဒူ ပသီ တရုပ် ယိုးဒယား အင်္ဂလိပ် ဂျပန် ဂျာမဏီ အမေရိကံ စသော များစွာသော လူမျိုးများက ဗဟာခေတ်ဖြစ်သော ဗြဟ္မာကြီး ၄-ဦးက ပကတူးအစ မူလဖြစ်ရင်းချည်း မဟုတ်ပါလောဟု မေးမြန်း သောအခါ ဗမာပြည်တွင်သာ ဗုဒ္ဓသာသနာတော် ထွန်းကြောင်းနှင့် ဖြေဆို သွားသည်ကို နားမလည်နိုင်အောင်ပင် ဖြစ်သည်။

မြန်မာပြည်တွင် နှစ်ပရိစ္ဆေဒအားဖြင့် နှစ်ပေါင်း နှစ်လေးင့်ရှစ်ရာခန့်ကြာရှိ သည့်အတွင်း မြန်မာမင်းပေါင်း ၁၇၅-ပါးတို့ မြို့ပြထီးနန်းစိုက်၍ စိုးစံတော်မူသည့် အခါကာလက ဗထက်ခြိုက် အက္ခရာနှင့် "ဗမာ"ဟူ၍ တခါတရံမှ ရေးသားခဲ့ ဘူးခြင်း မရှိခဲ့ပဲလျက် ယခုခေတ်သို့ ရောက်ခါမှ အချို့သောပုဂ္ဂိုလ်များက မြန် အက္ခရာကို ဖျောက်၍ ဗထက်ခြိုက် အက္ခရာနှင့် ဗမာဟူသော ဝေါဟာရဖြင့် ရေးသားကြခြင်းဖြစ်လေသည်။ ၎င်း ဗမာဟူသော ဝေါဟာရခိုင်မြဲ၍ ရှေ့အနာ ဂတ်ကာလ နှစ်ပေါင်း သုံးရာ, လေးရာ ရောက်သည့်အခါမှာ မင်းတို့ ဗမာလူမျိုး

သည် တိုင်းပြည်မရှိ ဘုရင်မရှိဘူးသော လူမျိုးဖြစ်သည်ဟု နိုင်ငံခြားသားတို့က ဆိုခဲ့မည်ဖြစ်ရကား ဗမာက ငါတို့၌ ဘုရင်ရှိသည်ဟု ချေဆို၍ မန္တလေးမြို့တော်ကြီးနှင့် နန်းတော်ကြီးကို ပြပြီးလျှင် သည်တိုင်းပြည်သည် ငါတို့ပြည်, ငါတို့မြေဖြစ်ကြောင်းနှင့် ပြောဆိုရှာကြမည်ဖြစ်သည်။

ထိုအခါ တနိုင်ငံသား လူမျိုးခြားတို့က မန္တလေးမြို့တော်နှင့် နန်းတော်ကား မြန်မာဘုရင် စံတော်မူသည့် မြို့တော် နန်းတော်ဖြစ်သည်။ သက္ကရာဇ် ၁၂၄၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့ မြန်မာရှင်ဘုရင်ကို အင်္ဂလိပ်မင်းက မဒရပ်မြို့၊ ထို့နောက် ရတနာဂီရိမြို့ရောက် ယူဆောင်ပြီးနောက် နှစ်ပေါင်း ငါးဆယ်ကျော်လောက်ကစ၍ မင်းတို့ဗမာတွေ တစတစပေါ်လာသောကြောင့် တိုင်းရင်းသား မြန်မာလူမျိုးတွေ ပျောက်ကွယ်ကြလေပြီ။ ဗမာလူမျိုးဟူ၍ မည်သည့် စာဟောင်း ပေဟောင်းနှင့် ထောင်သောင်းမကသော ကျောက်စာဟောင်းများတို့တွင် မပါမရှိ၊ မြန်မာလူမျိုးဟူ၍သာလျှင် ယင်းသည့် စာဟောင်း ပေဟောင်းနှင့် ကျောက်စာအရပ်ရပ်များတွင် ပါရှိသည်။ သို့ဖြစ်၍ မင်းတို့ ဗမာလူမျိုးကား တိုင်းပြည်မရှိ၊ ရှင်ဘုရင် မရှိဘူးသော လူမျိုးဖြစ်သည်ဟူ၍ တနိုင်ငံသား လူမျိုးခြားတို့က ပြောဆိုခဲ့ပါလျှင် နောင်လာ နောက်သားဖြစ်သော ဗမာလူမျိုးဟု အခေါ်ခံရသူတို့က ထင်ရှားချေမြစ်အောင် ပြောဆိုချေပရန် အမှန်ခဲခက် ရှာကြလိမ့်မည်ဟု စိုးရိမ်ဖွယ် ရှိလေသည်။

သို့ဖြစ်သောကြောင့် "ပဝဂ် ပဉ္စမက္ခရာ မ-ရရစ် န-ငယ်သတ်နှင့်" အစဉ်အလာ ရေးထုံးဖြစ်သော အလွန်မှန်မြတ်သော **မြန်သဒ္ဒါ** အက္ခရာကို ကမ္ဘာတွင် မတိမ်မမြုပ် မငုပ်မကွယ်စေရန် မြန်မာအမျိုးသား မှန်ကြကုန်သော ပညာရှိအပေါင်းတို့က ကောင်းစွာ စောင့်ရှောက်တော်မူကြရန်၊ မြန်မာခေါ်ဝေါ်ခြင်း၏ အဓိပ္ပါယ်ကို ဝိတ္ထာရအကျယ်နှင့်တကွ ဖော်ပြပါသည်။

## ၄၀၉-ရာဇသတ်ဥပဒေဟူ၍ မရှိခြင်းအကြောင်း

မြန်မာနိုင်ငံတော်ကြီးကို မြန်မာမင်းမြတ်တို့ သိမ်းအုပ် စိုးစံတော်မူစဉ် အခါသမယက မည်သည့် ပြစ်မှုကြူးလွန်လျှင် ထောင်ဒဏ် မည်မျှခံစေ၊ ထောင်ဒဏ်, ငွေဒဏ် နှစ်ရပ်လုံးခံစေ၊ ငွေဒဏ်ကို မဆောင်နိုင်လျှင် ထောင်ဒဏ်

မည်မျှခံစေ စသော ရာဇဝတ်ပြစ်ဒဏ် စီရင်ရန်၊ ယခု အင်္ဂလိပ်မင်းတို့၏ အိန္ဒိယ ရာဇသတ်ဥပဒေကဲ့သို့ ပြဋ္ဌာန်းထားခြင်းမရှိ ဖြစ်သည်။

သို့သော် မန္တလေး ရတနာပုံ ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော် ဒါယကာမင်းတရားလက်ထက်တော် သက္ကရာဇ် ၁၂၄၆-ခု၊ ဝါဆိုလကစ၍ အတည် ပြုလုပ် ထုတ်ဆင့်ပြဋ္ဌာန်းသည့် မြဲတိုက်တော် အဆင့် အခေါ် ဥပဒေ ၁၇-မှတ်တွင် အလှည့်အလည်နှင့် ထမ်းရွက်စေရန် ဆင့်ဆိုပညတ်သည်များကို သွေးသောက် ကြီးခေါင်း အမှုထမ်းတို့က မတည်ချတ်ယွင်း လစ်လပ်လျှင် အမှုအင်ကိုထောက်၍ ၁၀-ရက်ထက် မများသော အချုပ်ဒဏ်၊ ၁၀-ချက်ထက် မများသော ကြိမ်ဒဏ် စီရင်မည်ဟူ၍၎င်း၊ ၁၈ မှတ်တွင် အကျဉ်းအချုပ်ခံရသူတို့ကို လုံခြုံအောင် မစောင့်မထိန်းနိုင်၊ တိမ်းရှောင် ထွက်လွတ်ရှိလျှင် ထွက်ရှောင်သူ ခံသင့်သည့် ပြစ်ဒဏ်တဝက်ကိုဖြစ်စေ၊ ၎င်းထွက်ရှောင်သူ ခံသင့်သည့် ပြစ်ဒဏ်ကို ဖြစ်စေ တန်းထိန်း, တန်းခေါင်းတို့ကို စီရင်မည်။ ၁၉-မှတ်တွင် ဖွားဘက်ကျော်, ဒိုင်းတော် တို့သာ ဝတ်ဆင်ရမည့် အင်္ကျီကို အတုချုပ်လုပ်၍ ဖြစ်စေ၊ အင်္ကျီရှိသူထံက ယူ၍ ဖြစ်စေ ဝတ်ဆင်လျှပ်ဖြတ် ပြုလုပ်လျှင် ထောင်မှာ ၆-လထားမည်၊ တနှစ် ထားမည် ဟူသော ဖွားဘက်ကျော်, ဒိုင်းတော်တို့၏ အလုပ်ဝတ္တရားနှင့်ဆိုင်သည့် ဥပဒေတရပ်ကိုသာလျှင် ထုတ်ပြန်၍ တနှစ်နှင့် ခြောက်လခန့် အကြာတွင် မြန်မာမင်းကို အင်္ဂလိပ်မင်းက ယူဆောင်လေတော့သည်။

မြန်မာမင်းတို့လက်ထက်တော်က တိုင်းပြည်နိုင်ငံကို ရာဇဝတ်ရေး ခိုသေး မီးပွါးမရှိ၊ ကင်းလွတ်လုံခြုံအောင် ရာဇဒဏ် ရှစ်ရပ်ထား၍ အုပ်ချုပ်လေသည်။

**ရာဇဒဏ် ၈-ပါး။** ။ရာဇဒဏ် ရှစ်ရပ်ဟူသည်ကား—

> **"သတ်၊ ဖြတ်၊ ကွက်၊ မှတ်၊ ဖြည့်၊ ထည့်၊ ပို့၊ အပ်၊ ဤရှစ်ရပ်၊ မှတ်လေ ရာဇဒဏ်"**

ဟူ၍ လင်္ကာစကား ရှိသည်နှင့်အညီ ဖြစ်သည်။

၎င်းကို ဝိတ္ထာရအကျယ်ဖွင့်သော်—

**၁—သတ်** ဟူသည် ခန္ဓာစဲအောင် အဆုံးစီရင်ခြင်းဖြစ်သည်။

၂–**ဖြတ်** ဟူသည် လက်ကို ဖြတ်ခြင်းဖြစ်သည်။

၃–**ကွက်** ဟူသည် ပါးပေါ်တွင် ဆေးနက်ဖြင့် အကွက်အဝိုင်း ထိုးမှတ်၍ သူသတ်အဖြစ်နှင့် အမှုထမ်းစေခြင်း ဖြစ်သည်။

၄–**မှတ်** ဟူသည် နဖူးပေါ်တွင်ဖြစ်စေ၊ ရင်ဘတ်ပေါ်တွင်ဖြစ်စေ၊ လက်မောင်းပေါ်တွင်ဖြစ်စေ မည်သည့်ပြစ်မှု ကျူးလွန်သူဟူ၍ငင်း၊ "နောင်မဆိုးနှင့်-သတိထား"ဟူ၍ငင်း ဆေးနက်နှင့် စာတမ်း ထိုးထားခြင်း ဖြစ်သည်။

၅–**ဖြည့်** ဟူသည် ထောင်းခြင့်အမှုထမ်း၊ ဝင့်သီးအမှုထမ်း၊ ဗိုင်းတာအမှုထမ်း၊ လမိုင်းအမှုထမ်း စသည်တို့တွင် ဖြည့်ခြင်းဖြစ်သည်။

၆–**ထည့်** ဟူသည် အဝေးအလံသို့ တိုက်ခိုက်ရန် ချီထွက်ရသော တပ်တော်များတွင် မည်သည့် တပ်တော်မှာ လိုက်ပါ ထမ်းရွက်စေဟူ၍ ထည့်ခြင်းဖြင့် ခံရသူကို ဆိုသည်။

၇–**ပို့** ဟူသည် မိုးကောင်း ဗန်းမော် မဲဇာ ရွှေလီဟုဆိုအပ်သော သစ်တော ၄-ရပ်ကို အပို့ခံရသူကို ဆိုသည်။

၈–**အပ်** ဟူသည် ပုဂံပြည်တွင် သက္ကရာဇ် ၃၀၆-ခုနှစ် မင်းဖြစ်တော်မူသော နရပတိစည်သူမင်းကြီးသည် နောင်တော် မင်းယဉ် နရသိခ်မင်းကို အလွယ်တကူ လုပ်ကြံနိုင်သည်ကို အကြောင်းပြု၍ မင်းတို့မည်သည်မှာ အခြေအရံနည်းလျှင် မသင့်မလျော်ဟု အကြံတော်ဖြစ်ပြီးလျှင် အစောင့် ကိုယ်ရံတော်ကား များစွာထားတော်မူ၏။

အတွင်းကိုယ်ရံတော်, ပြင်ကိုယ်ရံတော်ဟူ၍ အသီးအသီး သင်းဖွဲ့တော်မူပြီးသော် နန်းတော်ပတ်သည် အထပ်ထပ် စောင့်နေရ၏။ နန်းတော်တွင်းသို့ ကြက်မျှ မဝင်သာ ဟူ၏။ ၎င်းပြင် မြို့တော် အရှေ့မျက်နှာက လူတထောင်၊ တောင်မျက်နှာက လူတထောင်၊ အနောက်မျက်နှာက လူတထောင်၊ မြောက်မျက်နှာက လူတထောင်စီထား၍ ယင်းသည့် လူတထောင်လျှင် တယောက်ကျ မှူးကဲရန် မင်းသားလေးယောက်ကို ထောင်မှူး ခန့်ထားတော်မူသည်။ နိုင်ငံတော်အတွင်း ခိုးဆိုး တိုက်ခိုက် လုယူ သတ်ဖြတ် ဆိုးသွမ်းသောသူတို့အား

ဖမ်းဆီးသည့်အခါတိုင်း ဆိုင်ရာ ထောင်မှူးတို့ထံ အပ်ရသည်။ ထောင်မှူးတို့က လက်ခံပြီးလျှင် သံခြေကျင်း စွဲရိုက်၍ အကျဉ်း ချုပ်ထားရသည်။ ဤကဲ့သို့ လူတထောင်စီ မှူးကဲရသည်ကို အစွဲပြု၍ "ထောင်မှူး"ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

သက္ကရာဇ် ၉၉၇-ခုနှစ်တွင် အထွတ်အမြတ်ရောက်တော်မူသော သာလွန် မင်းတရားကြီးလက်ထက် သားတော် ရှင်တလုပ် ပုန်စားပုန်ကန်ပြု၍ နန်းတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရာ ရှင်တလုပ်နှင့် သဘောတူ ကြံရာပါသော ထောင်မှူး မင်းသား လေးယောက်တို့သည် နန်းထက်တွင် ဓား လှံ သေနတ်ထိ၍ ဦးလည် ပြတ်နှင့် ခန္ဓာစဲလေသည်။ ထိုအခါမှစ၍ မင်းသားတို့ကို ထောင်မှူး မခန့်ပြီဟူ၍ မှန်နန်းရာဇဝင်တော် တတိယထုပ်တွင် လာသည်။

ထို့ပြင်တရပ်မှာ ညီတော်, သားတော်, တူတော်စသော မင်းညီ မင်းသား တို့ကိုဖြစ်စေ၊ မှူးတော်, မတ်တော်ကြီးတို့ကိုဖြစ်စေ အယုံအကြည်မရှိတော်မူ၍ ၎င်း၊ စိတ်တော်နှင့် အခန့်မသင့်၍သော်၎င်း အရာအထူးကိုနုတ်ပယ်၍ ဝန်ကြီး အတွင်းဝန် ဝန်ထောက် မြို့ဝန်တို့ထံတွင် ထိန်းသိမ်း စောင့်ရှောက်ရန် အပ်တော်မူသည့်အခါလည်း ရှိသည်။ ထိုကဲ့သို့ အပ်တော်မူလျှင် ထိန်းသိမ်းရသူတို့က မိမိ နေသည့်ဝင်း၏အတွင်း သံခြေကျင်း စွဲထားသည်။ တခါတရံလည်း ခြေကျဉ်း မစွဲဘဲ ထားသည်။ ဤကဲ့သို့ ထောင်မှူးတို့ထံ အပ်ခြင်း၊ မှူးတော် မတ်တော် များထံ အပ်ခြင်းတို့ကို အစွဲပြု၍ ရာဇဒဏ်ရှစ်ရပ်လက်ာ၌ **အပ်**ဟူသော စကားကို ဆိုခြင်းဖြစ်သည်။ အထက်ပြဆိုခဲ့သော ထောင်မှူးတို့ထံ အပ်သည်ကို ကာလ ရှည်လျားခဲ့ခြင်းကြောင့် **အပ်**သဒ္ဒါပျောက်၍ "ထောင်ဒဏ် အပြစ်ပေးသည်၊ ထောင်ကို ချသည်"ဟူသော ဝေါဟာရကို ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

## ၄၁၀–တဆဲ့နှစ်မှုမင်းတိုင်း

ရှေးမြန်မာမင်းအဆက်ဆက်က မြန်မာနိုင်ငံတော်အတွင်း မြေခွန်တော် လူခွန်တော် သဿမေအခွန်တော်မှစ၍ ခွဲတောင်း ကောက်ခံခြင်းမရှိဘဲ နိုင်ငံ တော်အဘွင်း ဓာတ်သတ္တုတွင်းများမှ ထွက်သော ရွှေခွန် ငွေခွန် ပတ္တမြားခွန် ပယင်းခွန် ကြေးနီခွန် သလွဲခွန် သံခွန်၊ ထို့ပြင် ဖဲခွန် မိုင်းလုံခွန် မော်ယော်ခွန်

ကတိုးခွန် ဆင်ခွန် မြင်းခွန် စျေးခွန် ကူးတို့ခွန်များကိုသာလျှင် ကောက်ခံ၍ ကိုယ်ရံတော်မှစ၍ ဆင်သည် မြင်းသည်တို့ကို ရိက္ခာပေးတော်မူသည်။

သက္ကရာဇ် ၃၇၉-ခု နန်းတက်တော်မူသော နော်ရထာမင်းစော နန်းစံ ၁၆-နှစ်မြောက် သက္ကရာဇ် ၃၉၅-ခု၊ တပေါင်းလဆန်း ၂-ရက် သောကြာနေ့တွင် ရှမ်းပြည် မောမင်းနိုင်ငံဖြစ်သော ကမ္ဘောဇတိုင်းနှင့် မြန်မာပြည် တမ္ပဒီပတိုင်း နှစ်ဘက်ကြား ရှမ်းယွန်းတို့ မရောမစပ်စိမ့်သော်ငှါ မြို့တည်သည်ကား–ကောင်စင်၊ကောင်းတုံ ငရုန်း ငရင်း ရွှေဂူ ယင်းခဲ မိုးထား ကသာ ထီးကျိုး မြတောင် တကောင်း ဟင်းမမော် ကြံညှပ် စမ္ဗာယ်နဂိုရ် ငစဥ့်ကူး ကုန်း သာယာ မကွေးတရာအောင် အုတ် ရေနံ့သာ နဂါးမောက် ယင်းမာတဲ စုန်းမြို့ တုံပုံ မတ္တရာ သက်ကယ်ကျင်း ဝါးရင်းတုတ် တောင်ပြုံးကြီး မြို့တင် လဖေား ရှဥ့်မတက် မက္ခရာ တအုံ မြင်စိုင်းမြစ်သား ဟိုင်းတက် သာဂရ ညောင်ရမ်း ရွှေမြို့ပက်ပါ မြို့လှ ကဲလင်း ဆွာ ဗာရာဏသီ ဟူ၍ မြို့ပေါင်း ၄၃-မြို့ကို တပြိုင်နက် တချက်တည်း စ၍တည်စေသည်။

သည်မှတပါး နိုင်ငံတော်အတွင်း မြန်မာပြည် သုံးသိန်းက ခေါ်ရင်းတည်၍ ထောင်ပြူ၊ ဂဝဝ ပြူ၊ ၄ဝဝ ပြူ၊ ၃ဝဝ ပြူ၊ ၂ဝဝ ပြူ၊ ၁ဝဝ ပြူ၊ ဂဝ ပြူ၊ ၅ဝ ပြူ၊ ၃ဝ ပြူ၊ ၂ဝ ပြူ-အထိ အသီးအသီး မြို့ပြုတည်ရသည်။

မင်းတရားကြီး တိုင်း နိုင်ငံတော် လှည့်လည်တော်မူလျှင် ၄ဝဝ-ပြူ မြို့က စစ်သည်ဒိုင်းကိုင် ၅ဝ၊ လေးသား ဂဝ၊ လှံခမောကိုင် ၅ဝ၊ သေနတ်ကိုင် ဂဝ၊ ဝန်ထမ်း ၅ဝ၊ အမြောက်တွင် မီးစာကိုင် ၉ဝ၊ ပေါင်း စစ်သည် ၄ဝဝ-လိုက်ရ၍ ၎င်းမြို့နယ်အတွင်း ကျန်လူတို့က တအိမ်လျှင် ငွေတမူး ပေးရိုးရှိသည်။

စစ်သည် လက်နက်ကိုင် ဖွဲ့စည်းသည်မှာ တဆဲ့ငါးအိမ်ကို လက်နက်ကိုင် တယောက်ကျ ထားသဖြင့် သူရင်းအိမ် ၁၅ဝဝ-ရှိသော မြို့က လက်နက်ကိုင် လူ ၁ဝဝ၊ သူရင်းအိမ် ၆ဝဝဝ ရှိသော မြို့က လက်နက်ကိုင်လူ ၄ဝဝ-ဖွဲ့စည်း ရသည်။ အရေးအကြောင်းရှိ၍ ၎င်းလူ ၄ဝဝ-လိုက်ပါ ထမ်းရွက်ရသည့်အခါ ကျန် သူရင်းအိမ် ၅၆ဝဝ-တို့က တအိမ်လျှင် ငွေတမူးစီ ပေးရသည်။

၎င်းသူရင်းဒိုင် ဖွဲ့စည်းရာ စာရင်းမပါသော အသည်၊ အလာ၊ ကပ္ပါးတို့မှာ လက်နက်ကိုင်၍ ထမ်းရွက်ရခြင်း၊ စစ်ကြေးစစ်ငွေ ပေးဆုံရခြင်း မရှိကြပဲ ချေမ်းစွာ နေထိုင်ကြရလေသည်။

သက္ကရာဇ် ၉၆၁-ခုနှစ် နန်းတက်တော်မူသော ရတနာပူရ ဒုတိယမြို့တည် နန်းတည် ညောင်ရမ်းမင်းတရား လက်ထက်တော်တိုင် ရောက်သည့်ကာလ လက်နက်ကိုင်အစု အမှုထမ်းတို့က အသည်၊အလာ၊ကပ္ပါးတို့မှာ ထီးဘုရားအဆက်ဆက် မင်းတိုင်း မင်းမှု တစုံတခုမျှ ထမ်းရွက်ရခြင်း မရှိပါ၊ သူရင်းဒိုင် သူရင်းပါ ကျွန်တော်မျိုးများသာလျှင် အစုအငန်း ဖွဲ့စည်းရာပါသည့်အတိုင်း ကျရောက်သော အမှုတော်ရပ်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်း ထမ်းရွက်ရပါကြောင်း၊ နိုင်ငံဘောဇဉ်တွင်း မှီတင်းနေထိုင်ကုန်သော ကျွန်တော်မျိုးချည်း ဖြစ်ကြပါ၍ ချင်းတို့လည်း သင့်ရာ အမှုတော်ရပ်များကို ထမ်းရွက်ထိုက်ပါကြောင်းနှင့် ရွှေနားတော်ကြား လျှောက်ထားသည်တွင် အစုအမှုထမ်းများက လျှောက်ထားသည့်အတိုင်း မှန်ပေသည် အမိန့်တော်ရှိ၍ ရွှေသို့ အသည်၊အလာ၊ ကပ္ပါးတို့က တဆဲ့နှစ်ရပ်သော အမှုတော်ကို ထမ်းရွက်စေဟု ညောင်ရမ်းမင်းတရားကြီးဘုရား အမိန့်တော် ထုတ်ပြန်တော်မူလေသည်။

ဤအခါမှ အစပြု၍ တဆဲ့နှစ်မှုမင်းတိုင်း ပေါ်လာသဖြင့် အသည်၊ အလာ၊ ကပ္ပါးတို့က ထမ်းရွက်ကြရသည်။ ၎င်း တဆဲ့နှစ်မှုမင်းတိုင်း ပေါ်လာသည့် အခြင်းအရာကို အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စား မင်း သတိုး သုဓမ္မမဟာသက်တော်ရှည် ဖွဲ့ဆိုသည့် ဧကပိုဒ် ရတုမှာ –

"စုလွှတ်နယ်တွင်း၊ မှီတင်းထာဝရ၊ နေလကာမူ၊ အသည်ဟူ၏၊ မဘူနယ်လာ၊ စုံလွှတ်မှာကို၊ ကပ္ပါးဆို၏၊ ထိုကပ္ပါးက၊ အသည်မ-နှင့်၊ ကျလျှင်အလာ၊ မှတ်ပြီးခါမှ၊ တမာစေးလျှော်၊ ကော်အုံတုံလဲ၊ တင်လဲ ဥသျှစ်၊ မရိုးစစ်မီးသွေး၊ ရေးရန် ထန်းဖူးစည်း၊မန်ကျည်းမှည့် တထွေ၊ ရေနံပွက်လျက်၊ ဆဲ့နှစ်ချက်ကို၊ သန်လျက်ခုံကမ်း၊ ညောင်ရမ်းမင်းတရား၊ ပြဋ္ဌာန်းထား၏၊ တခြားထို့မှ၊ နောင္ဌယုယု၊ သုံးခုတွင်ဘက်၊ တမြက်လွန် ဆန်၊ ဖန်းခါး မွန်ဟု၊ ကုံပြန်သော်လည်း၊ ရှေးနည်းသာခိုင်၊ အသည်

ဆိုင်ရှင့်၊လုပ်ကိုင်ချောဝန်၊မှန်သမျှမှာ၊ သည်လာကပွါး၊ စုခြားလေးဖြာ၊ ကြေးသုံးရာက၊ တဝက်ကျစီ၊ ကမယထာ၊ ဆုံစေရာသည် သေချာမှတ်ရန် ထုံးတမ်းတည်း”။

**အဝယဝတ္ထ။** ။**စုလွတ်နယ်တွင်း မှီတင်းထာဝရ နေလကမူ အသည်ဟူ၏–** ဟူသည် မြို့နယ်မြေအတွင်း အမြဲထာဝရနေထိုင်သူဖြစ်လျက် မည်သည့် အစု အမှုထမ်း အဖွဲ့စာရင်း၌မပါပဲ လွတ်လပ်စွာနေရသူကို“အသည်” ဆို၏။

**မတူနယ်လာ စုလွတ်မှာကို ကပွါးဆို၏**ဟူသည်–တခြားမြို့နယ်က ပြောင်းရွှေ့ လာရောက် နေထိုင်သော မည်သည့်အစုအမှုထမ်း အဖွဲ့စာရင်း၌မပါဘဲ လွတ် လပ်စွာ နေရသူကို“ကပွါး”ဆို၏။

**ထိုကပွါးက အသည်မနှင့်ကျလျှင် အလာ**–ဟူသည် ကပွါးနှင့် အသည်မ-တို့ အိမ်ထောင်ကျ၍ ပေါက်ပွါးသူကို “အလာ”ဆို၏။

**တမာစေး လျှော်၊ ကော် အုံတုံ လဲ၊ တင်းလဲ ဥသျှစ်၊ မရိုးစစ်မီးသွေး၊ ရေးရန် ထန်းဖူးစည်း၊ မန်ကျည်းမှည့်တထွေ၊ ရေနံ ပွက်လျက်၊ ဆဲ့နှစ်ချက်ကို**ဟူသည်–

**၁–တမာစေး**ဆိုသည်မှာ ကပ်ရန်ကော်အဖြစ် ရွှေနန်းတော်က အလိုရှိသည့် အခါ ဆက်သရသည်။

**၂–လျှော်** ဆိုသည်မှာ လှေတော် ဖောင်တော်ငင်ရန်ကြိုးနှင့်တကွ ဧကရာဇ် မင်းမြတ် အသုံးတော်ရှိရာ ကြိုးအမျိုးမျိုးကျစ်ရန် အုန်းဆံ ချဉ်ပေါင် ဖလံ စသည်များကို ဆက်သရသည်။

**၃–ကော်** ဆိုသည်မှာ နန်းတော် အိမ်တော်များတွင် အုတ်အက်တေနှင့် စပ်လျဉ်းသော အလုပ်အဆောင်တော် ရှိသည့်အခါ ကျွဲရေ,နွားရေတို့ကို ပြုတ်ယူ ရရှိသည့် ကော်ရည်ကို ဆက်သွင်းရခြင်း ဖြစ်သည်။ အက်တေ စပ်သည့်အခါ “အုံတုံပဥ္စ၊ ကျွဲကော်ဆ၊ ဥသျှစ်ဓက၊တင်းလဲဒွ” ဆိုသည်နှင့်အညီ အုံတုံရည် ငါးပိဿာ၊ကျွဲကော်ရည် ခြောက်ပိဿာ၊ ဥသျှစ်သီး တပိဿာ၊ တင်းလဲ နှစ်ပိဿာ များ၏ အရည်များနှင့် ထုံးသဲတို့ကို စပ်နှော၍ ကျည်ပွေ့နှစ်ချောင်းတပ်သော မောင်းနှင့် အစေးအပေါက်အောင် ထောင်းပြီးမှ ၎င်း အက်တေကို သုံးရသည်။

၄–**အုံတုံ** ဆိုသည်မှာ ၃-အမှတ်တွင် ပြဆိုခဲ့သော အလုပ် အဆောင်တော် ရှိသည့်အခါ အင်္ဂတေစပ်ရန် အုံတုံခေါက်ကို ဆက်သွင်းရခြင်းဖြစ်သည်။

၅–**လဲ** ဆိုသည်မှာ ကေရာဇ်မင်းမြတ်နှင့်တကွ မင်း မိဖုရားတို့ အသုံးဆောင်တော် ဖြစ်သော နေရာပါးတော် မွေ့ရာတော် လက်ထောက်တော် အုံးတော်များ ချုပ်လုပ်ရန် အလိုတော်ရှိသည့်အခါ လက်ပံသီးမှထွက်သော လဲမှို့ကို ဆက်သွင်း ရခြင်း ဖြစ်သည်။

၆–**တင်းလဲ** ဆိုသည်မှာ ၃-အမှတ်တွင် ပြဆိုခဲ့သော အလုပ် အဆောင်တော် ရှိသည့်အခါ အင်္ဂတေစပ်ရန် တင်းလဲကို ဆက်သွင်းရခြင်းဖြစ်သည်။

၇–**ဥသျှစ်**ဆိုသည်မှာ ၃-အမှတ်တွင် ပြဆိုခဲ့သော အလုပ်အဆောင်တော် ရှိသည့်အခါ အင်္ဂတေစပ်ရန် ဥသျှစ်သီးမှည့်များကို ဆက်သွင်းရခြင်း ဖြစ်သည်။

၈–**မရိုးစစ်မီးသွေး** ဆိုသည်မှာ လက်နက်တိုက်တော်ရှိ ဗုံး အမြောက် မြတပူ သေနတ်များနှင့်တကွ နန်းစဉ်အမြောက် စကြာတင် ဆင်တင် လှေတင်အမြောက် မြောက်မြီး အမြောက်တော်များအတွက် ယမ်းပြုန် ယမ်းထောင်းအမှုထမ်းတို့က ယမ်းတော် ဖော်စပ်လုပ်ဆောင်ရ တွင် အသုံးပြုရန် လစဉ်မပြတ် မရိုးသားကို မီးသွေးဖြစ်အောင်ဖုတ်၍ ဆက်သွင်းရခြင်း ဖြစ်သည်။

၉–**ရေးရန် ထန်းဖူးစည်း** ဆိုသည်မှာ အတွင်းပြဲတိုက်တော်မှစ၍ လွှတ်ရုံး ငါးရပ်တွင် နေ့စဉ် ရေးသားသုံးစွဲရန် ထန်းဖူးညှန့်ရှည်များကို အမြဲဆက်သွင်း ရသည်။

၁၀–**မန်ကျည်းမှည့်တထွေ** ဆိုသည်မှာ စီးတော်ဆင် ရွှေးတော်ဆင် ဝင်းဆင် တိုက်ဆင် စိန်တင်ဆင် စက်ကိုရိယာအစုံတင် ဆင်တော်ပေါက်မ များကိုဎင်း၊ ရွှေနန်းတော်အတွင်း ဇောင်းတော်၌ ထားရှိသည့် စီးတော်မြင်းများ၊ ထိုမှတပါး မြို့တွင်းမြို့ပြင်တို့၌ အသီးအသီး ဇောင်းတော်နှင့် ထားရှိသည့် ကသည်းမြင်း အက္ကပတ်မြင်း ရဲဘက်မြင်း ရွှေပြည်ရန်အောင်မြင်း မြင်းစုကြီးမြန်မာမြင်း မြင်းစုကြီးရှမ်းမြင်း ဇင်းမယ်ပါမြင်း နောက်တော်ပါမြင်း လမိုင်းမြင်း နန်းဦး မင်္ဂလာမြင်း စသည်တို့နှင့် စစ်မက်အရေးတစုံကြုံရှိသည့်အခါ ချီတက်တိုက်ခိုက်ရန် ဖွဲ့စည်းသည့် မြင်းတပ်တော်အများကိုဎင်း၊ မြင်းဆေးသမား ဆင်ဆေးသမား

တို့က အခါခပ်သိမ်း ကြည့်ရှုကြပ်မ၍ သင့်လျော်သော ဆေးဝါးကို ဖော်နှော ကျွေးမွေးရသဖြင့် ၎င်းဆင်ဆေး၊မြင်းဆေး ဖော်နှောရာ၌ အသုံးပြုရန် အတွက် ဆက်သွင်းရခြင်း ဖြစ်သည်။

**၁၁–ရေနံ** ဆိုသည်မှာ ဖောင်တော် သမ္ဗန်တော် လှေတော်များကို ပွက်လျက် နှင့် ချက်ကျို၍ ထေးဖာရန်အတွက် ဆက်သွင်းရခြင်းဖြစ်သည်။

**၁၂–ပွက်လျက်** ဆိုသည်မှာ ၁၁-အမှတ်တွင် ပြခဲ့သော အလုပ်အဆောင်တော် ရှိသည့်အခါ **ရေနံနှင့်** ချက်ကျိုရန်အတွက် ဆက်သွင်းရခြင်း ဖြစ်သည်။

**တခြားထိုမှ၊ နောဋ္ဌယုယု၊ သုံးခုတွင်ဘက်၊ တံမြက်လွန်ဆန်၊ ဖန်းခါးမှန်ဟု၊ တွဲပြန်သော်လည်း၊ ရှေးနည်းသာခိုင်၊ အသည်ဆိုင်ရှင့်**-ဟူသည် နောဋ္ဌယုယုကို ဋ္ဌနောယုယုပြု၍ ဂဏန်းချလျှင် ဂ–၉–၁၁–နံပါတ်စဉ် ဖြစ်လာ၏။ ဆဲ့နှစ်မူ မင်းတိုင်းနံပါတ်စဉ်နှင့် တိုက်ဆိုင်ကြည့်ရှုသော် ရှစ်ကား မရိုးစစ် မီးသွေး၊ ကိုး ကား ထန်းဖူးစည်း၊ ဆဲ့တစ်ကား ရေနံ ဖြစ်သည်။ ၎င်းသုံးမျိုးကိုနုတ်၍ တမြက်၊ လွန်ဆန်၊ ဖန်းခါးသီးများကို ထမ်းဆောင် ဆက်သွင်းရန် နောက်မင်းများ လက်ထက် ပြင်ဆင်သော်လည်း အတည်မဖြစ်ဘဲ ရှေးနည်း အတိုင်းသာလျှင် ထမ်းဆောင်ရကြောင်းကို ဆိုခြင်းဖြစ်သည်။

**လုပ်ကိုင်ချောဝန်၊ မှန်သမျှမှာ၊ သည်လာ ကပ္ပါး၊ စုခြားလေးဖြာ၊ ကြေး သုံးရာက၊ တဝက်ကျစီ၊ ကမယထာ၊ ဆုံစေရာသည်**-ဟူသည် စစ်မက်ကိစ္စ ပေါ် ပေါက်၍ ချီထွက်ရသောအခါ ချောပို့ဝန်ထမ်းလုပ်ကိုင်ရန် တာဝန်ကို အသည်က ကြေးသုံးရာကျလျှင် အလာက ကြေး ၁၅ဝ၊ ကပ္ပါးက ၇၅၊ စုခြားက ၃၇-၅ုး ကျဆုံ၍ ထမ်းရွက်ရန် ကြေးတိုင်စိုက်ထားသော **ဥပဒေ**စည်းကမ်း ဖြစ်သည်။

စုလွတ်နယ်တွင်း-အစချီသော ကေပိုဒ်လင်္ကာမှာ အချို့သော ဝါကျများတွင် သဒ္ဒါရေးအားဖြင့် အနက်ကို အသိခက်ခြင်းကြောင့် ကိလိဋ္ဌဒေါသ မလွတ်ဟု ဆိုနိုင်သော်လည်း ရှေးပညာရှိကြီးတို့သည် အနက်ကို အသိခက်အောင် ရေးမှ သာလျှင် သိလိုသူတို့အား စိန္တာမယဉာဏ် ဖြစ်ရာသည်။ ဤကဲ့သို့ စိန္တာမယဉာဏ် ဖြစ်မှသာလျှင် ပညာဉာဏ် တိုးတက်ရာသည် အကျိုးကို မြော်ထောက်၍ ရေး သားခြင်း ဖြစ်သည်။

## ၄၁၁–အကြီးတော်

အဂ္ဂမဟေသီ တောင်မိဖုရားခေါင်ကြီးဘုရား တပါးသာလျှင် ခင်မမင်းဝန်၊ ထိုနောက် နန်းမတော်ဘုရားစာရေးကြီးဟူ၍ ဘွဲ့အမည်အရည် အစီးအနင်း အဆောင်အရွက် မောင်း, နားဒေါင်း, ဝတ်လုံ, စလွယ် သနားတော်မူ၍ ခန့်ထားတော်မူသည်။ ကျန်သော နန်းရ, ဆောင်ရမိဖုရားများ၊ မင်းသား မင်းသမီးများတွင် အကြီးတော်, အကြီးစာရေး, ဘဏ္ဍာစာရေးဟူ၍ အသီးအသီး ဘွဲ့အမည်နှင့်တကွ ပေးသနားတော်မူ၍ ခန့်တော်မူမြဲ ဖြစ်သည်။

၎င်းတို့မှာ ရေမြင့်လျှင် ကြာမြင့်သည်ဆိုသောပုံကဲ့သို့ မင်းသား ရှင်ဘုရင်ဖြစ်လျှင် အကြီးတော်, အကြီးစာရေး, ဘဏ္ဍာစာရေးတို့လည်း မှူးတော်, မတ်တော်ကြီးများ ဖြစ်ကြလေ၏။ မင်းတုန်းမင်းသား အတွတ်အမြတ်ရောက်၍ ဘုရင်မင်းမြတ်ဖြစ်သည့်အခါ အကြီးတော် ဦးရန်ဝေးမှာ ပခန်းမြို့စား ဝန်ကြီးဖြစ်၍ အကြီးစာရေး ဦးဘိုးမှာ ဗန်းမော်မြို့စား အတွင်းဝန် ဖြစ်သည်။ ဘဏ္ဍာစာရေး ဦးကောင်းလည်း ကင်းဝန်, သေနတ်ဝန်, လယ်ကိုင်းမြို့စား မင်းကြီးဖြစ်သည်။ ကုန်းဘောင် ဆင်ဖြူ့ရှင်ဘုရား လက်ထက်တော်မှာ လက်ဝဲသုန္ဒရကို ညီတော် အမြင့်မင်း၏ အကြီးတော် ခန့်တော်မူသည်။

ရတနာပူရ စတုတ္ထနန်းစံ ပုဂံ ရွှေနန်းရှင်ဘုရားလက်ထက်တော်မှာ မြောက်ရွှေရေးဆောင်မိဖုရားကို အစဉ်သဖြင့် စောင့်ရှောက်ရက်ဆောင်စေရန် ရည်သန်တော်မူလျက် ဦးမှုံကို နေမျိုးမင်းလှစည်သူဘွဲ့နှင့်တကွ အကြီးတော်၊ ၎င်း ညီအရင်း ဦးဘိုးကို အကြီးစာရေး ခန့်တော်မူသည်။ အကြီးတော် ဦးမှုံကား ဦးလတ်၏ အဘဖြစ်သည်။ ၎င်းဦးလတ်သည် မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်၌ မင်းကြီး မင်းထင် မဟာစည်သူဘွဲ့နှင့် ဝက်မစွတ်မြို့စား ဝန်ထောက်ဖြစ်သည်။

အကြီးတော် ထမ်းရွက်ရသည့် ဝတ္တရားမှာ ယင်းသည့် အိမ်တော်ရှိသမျှ အကြီးစာရေး, ဘဏ္ဍာစာရေး, အဆောင်ကိုင်, ထီးမိုး, ယာဉ်ခံ, ပွဲတော်ချက်, မောင်းထောင်, ဆန်ဖွပ်မှစ၍ ကျေးတော်မျိုး ကျွန်တော်မျိုးတို့အပေါ် အကြီးအကဲပြုလုပ် ချုပ်ချယ် စီမံရသည်။ ထို့ပြင် လွှတ်တော်, အတွင်းတော်တို့က

ဆင့်ဆိုရန် တောင်းခံရန်ရှိသမျှကိုလည်း အကြီးတော်ကိုသာလျှင် ဆင့်ဆို တောင်းခံမြဲ ရှိသည်။ ထိုသို့ ဆင့်ဆို တောင်းခံသည့်အခါတိုင်း အကြီးတော်က အမှုတော်ကို ပြေကုန်အောင် ထမ်းရွက်ရသည်။

ကုန်းဘောင် ဆင်ဖြူ့ရှင်ဘုရား လက်ထက်တော်တွင် မှန်နန်းအပျိုတော် မရွှေမိတ်နှင့် အမြင့်မင်း အနောက်အိမ်တော်၏ လူပျိုတော် မောင်အောင်တင် တို့သည် နန်းတော်သစ်တပ်အတွင်း ဝင်းကျင်တွင် စကားပြောဆိုနေသည်ကို တွေ့သဖြင့် အနောက်ဝန်က ဖမ်းဆီးသည့်အခါ မောင်အောင်တင် လက်လွတ် ထွက်ပြေးသောကြောင့်၊ ၎င်း မောင်အောင်တင် ပေးအပ်ရန် အကြီးတော် လက်ဝဲသုန္ဒရအား လွှတ်တော်က တောင်းခံရာ မပေးမအပ်နိုင်ခြင်းကြောင့် မဲဇာသို့ အပို့ခံရလေသည်။

## ၄၁၂–အကြီးစာရေး

အကြီးတော် ဆင့်ဆိုရာနှာခံ၍ အိမ်တော်မှာ ပေါ်ပေါက်လာသမျှ ကိစ္စ အရပ်ရပ်ကို စာချင်းအင်းနှင့်တကွ ရေးမှတ်ထမ်းရွက်ရသည်။

## ၄၁၃–ဘဏ္ဍာစာရေး

မိဖုရားတွင်သော်၎င်း မင်းသားတွင်သော်၎င်း မင်းသမီးတွင်သော်၎င်း ပိုင်ဆိုင်တော်မူသည့် လယ်တော် ယာတော် ဥယျာဉ်တော်များက ထွက်သည့် အစုအဆတော်များနှင့် စားကျေးမြို့ရွာက ထွက်သမျှ ကူးတို့ခွန်၊ ဈေးခွန်၊ အစွတ်ခွန်၊ အခြောက်ခွန် စသဖြင့် ရှေးထုံးစံအတိုင်း ကောက်ခံ၍ မြို့ဝန်, မြို့ စာရေးတို့က ဆက်သ,ရောက်လာသည့် ဘဏ္ဍာတော်ငွေများကို စာရင်းကျယ် စာရင်းချုပ်နှင့်တကွ အတိမ်းအမှား မရှိရအောင် ရေးသားထမ်းရွက်ရသည်။

## ၄၁၄–မှူးတော် မတ်တော်များကို ဘွဲ့ပေးပုံ အတန်းအဆင့်

ကေရာဇ်မင်းမြတ် ညီတော်, သားတော် ဖြစ်သော အိမ်ရှေ့မင်း မင်းသား ကြီး- မင်းသားလတ် မြင်းမှူးမင်းသားတို့မှ တပါး အဂ္ဂမဟာသေနာပတိဝန် ရှင်တော်မင်းကြီးကစ၍ မှူးတော်, မတ်တော်တို့အား ပေးတော်မူသော ဘွဲ့ အမည်၊ အနိမ့်, အမြင့် အဆင့်ဆင့် ရှိသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁-အမြင့်ဆုံး သတိုးဘွဲ့။
၂-၎င်းအောက် မင်းကြီးတပ်ဘွဲ့။
၃-၎င်းအောက် မဟာဘွဲ့။
၄-၎င်းအောက် မင်းသုံးဆင့်တပ်သော ဘွဲ့။
၅-၎င်းအောက် မင်းနှစ်ဆင့်တပ်သော ဘွဲ့။
၆-၎င်းအောက် မင်းတပ်ဘွဲ့။
၇-၎င်းအောက် နေမျိုးမင်းတပ် ဘွဲ့။
၈-၎င်းအောက် နေမျိုး ဘွဲ့။
၉-၎င်းအောက် နော်ရထာ ဘွဲ့။
၁၀-၎င်းအောက် ရွှေတောင်ဘွဲ့။
၁၁-၎င်းအောက် အနိမ့်ဆုံး အမည်ပျောက်ဘွဲ့။

## ၄၁၅–သားတော်,သမီးတော်များကို မြို့စား ရွာစားပေးခြင်း

ကောရာဇ် မင်းမြတ်တွင် သားတော်, သမီးတော် မြေးတော် ယောကျ်ား, မြေးတော်မိန်းမများ ဖွားမြင်၍ ပခက်တင် အခမ်းအနား ကျင်းပသည့်အခါ သဒ္ဓါတော်မူသည့်အလိုက် မြို့စားဖြစ်စေ၊ ရွာစားဖြစ်စေ ပေးသည်၊ ထို့နောက် တိုး၍ သဒ္ဓါတော်မူပြန်လျှင်လည်း မူလပေးရင်းမြို့ထက် ကြီးသော မြို့ကိုလဲ၍ ပေးခြင်း၊ ရွာစားမှ မြို့စားအဖြစ်သို့ လဲ၍ ပေးခြင်း ထုံးစံရှိသည်။

ဤသို့ မြို့စား ရွာစားပေးလျှင် ထန်းဖူးညှန့်ရှည်ပေါ်တွင် တံဆိပ်တော် ခတ်နှိပ်ပြီးမှ သားတော်မည်သူကို မည်သည့်မြို့စား ပေးတော်မူသည်ဟူ၍ တကြောင်း စာချွန်အမိန့်တော် ရေးသားပေးအပ်သည်။

## ၄၁၆–သားတော် သမီးတော်များကို ဘွဲ့ပေးခြင်း

ယင်းသည့် မြို့စား, ရွာစား သားတော် သမီးတော် မြေးတော်များကို ဆံထုံးထုံး သျှောင်ထုံး တဘက်ဝတ် ဒက်ဆင် နားထွင်းမင်္ဂလာဆောင်သည့် အခါ ရွှေပြားပေါ်တွင် ပတ္တမြားစီ၍ ဖြစ်စေ၊ မစီဘဲဖြစ်စေ တံဆိပ်တော်နှင့်

တကွ ဘွဲ့အမည် ရေးသားပေးသနားတော်မူသည်။ ၎င်းကား ရွှေနန်းစဉ်ဆက် ရှေးထုံးရှေးစံဖြစ်သည်။

သို့ရာတွင် ၎င်းမင်္ဂလာပြုရာ၌ ပါရသည့် သားတော်, မြေးတော်တိုင်း ဘွဲ့ပေးသည်ဟု မမှတ်ရ၊ သဒ္ဒါတော်မူသည့်သူကိုသာလျှင် ဘွဲ့ပေးခြင်းဖြစ်သည်၊ မန္တလေး ရတနာပုံ ပဌမမြို့တည်နန်းတည် မင်းတရားကြီး ဘုရားလက်ထက်တော် သက္ကရာဇ် ၁၂၃၇-ခု၊ နတ်တော်လ သားတော်များကို သျှောင်ထုံးမင်္ဂလာ ဆောင်တော်မူရာ သားတော် ပင်းယမင်းသားကို သတိုးမင်းရဲကျော်ထင်၊ တောင်ညိုမင်းသားကို သတိုးမင်းရဲကျော်၊ ကောလင်းမင်းသားကို သတိုးမင်းရဲ ကျော်ခေါင်၊ မြင်းစိုင်းမင်းသားကို သတိုးမင်းရဲနိုင်၊ ပျဉ်းမနားမင်းသားကို သတိုးမင်းရဲမင်းခေါင်ဘွဲ့များကို ပေးတော်မူသည်။ မိုင်းရင်းမင်းသားကို ဘွဲ့ ပေးတော် မမူဖြစ်သည်။

## ၄၁၇-မြို့စား ရွာစားပေးပုံ

မြို့စား ရွာစားမှ အဆင့်အတန်းတိုး၍ ပေးပုံများကို ကုန်းဘောင်ရာဇဝင် ချုပ်မှ ထုတ်နုတ်ချက်။ သားတော် သီပေါမင်း၊ ထိုမင်းသားကား ၁၁၄၇-ခု ဖွား၊ သပြေ ၅-ရွာ၊ နောက် အမြင့်မြို့၊ နောက် သီပေါမြို့များကို ကံကျေး ခံရသည်။

၁၁၅၁-ခု၊ သတိုးမင်းရဲစည်သူ၊ ၁၁၆၈-ခု၊ မဟာသီရိသုဓမ္မရာဇာ အမည် ခံ၍ ၁၁၇၄-ခု နယုန်လဆန်း ၄-ရက်နေ့ ဧရွှံ့မြို့စား သီရိသုဇာမဟေတွင် မြင်သည့် ခမည်းတော်ဘုရား သမီးတော် သီရိသုသာမာဝတီနှင့် စုံဘက်တော် မူသည်။ ၁၁၈၁-ခု သုံးပါးဝန်ကြီးဝင်းအတွင်း ကံကုန်သည်။ ဤကား ပဌမ ရွာစားရသော်လည်း နောက် မြို့စားမင်းသားကြီး ဖြစ်သည်များကို ပြသော သာဓကတည်း။

## ၄၁၈-ဘိသိက် ၁၃-ပါးအကြောင်း

၁-ခတ္တိယဘိသိက်၊ မင်းမြှောက်သော ဘိသိက်။

၂-ရာဇဘိသိက် ၎င်း။

၃-သကလာဘိသိက်၊ တိုင်းပြည်သာယာစေရန် ခံသော ဘိသိက်။

၄-ဝိဇယာဘိသိက်၊ စစ်အောင်ရန် ခံသောဘိသိက်။

၅-ဇေယျာဘိသိက် ၎င်း။

၆-သီရိပဝေသနဘိသိက်၊ ကျက်သရေတိုးရန် ခံသောဘိသိက်။

၇-မဟာဘိသိက်၊ စီးပွါးချမ်းသာ တိုးတက်စေရန် ခံသောဘိသိက်။

၈-မင်္ဂလာဘိသိက်၊ ဆင်ရတနာသိမ်းသည့်အခါ ခံသောဘိသိက်။

၉-ဝိဝါဟဘိသိက်၊ ထိမ်းမြားလက်ထပ်သောအခါ ခံသောဘိသိက်။

၁၀-ဒွါရာဘိသိက်၊ နန်းသိမ်းသည့်အခါ ခံသောဘိသိက်။

၁၁-အာယုဒီဃဘိသိက်၊ အသက်ရှည်ရန် ခံသောဘိသိက်။

၁၂-ဥပရာဇာဘိသိက်၊ အိမ်ရှေ့မင်းဖြစ်သည့်အခါ ခံသောဘိသိက်။

၁၃-မဟေသီဘိသိက်၊ မိဖုရားမြှောက်သည့်အခါ ခံသောဘိသိက်။

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန် ပြီးပြီ။

## နိဂုံး

သုနာပရန်၊ တမ္ဗဒီပ၊ တိုင်းမ နှစ်ရပ်၊ ယှဉ်တွဲစပ်လျက်၊ မြင့်မြတ်နဂိုရ်၊ ဗဟိုမဏ္ဍိုင်၊ ယိမ်းယိုင် မရှိ၊ မျိုဘုမ္မိမြေ၊ နက်သန်ဗွေထက်၊ ကျက်သရေလျှံလန်း၊ မြန်ထီးနန်း၌၊ စည်းကမ်း ရှေးထုံး၊ မင်းသုံးထင်လျှား၊ မင်းစကားကို၊ နားလည်ကျွမ်းကျင်၊ ဖြင်ဖြင်အများ၊ နောက်သား နောင်လာ၊ အကျိုးငှါနှင့်၊ သာကီနွယ်ရင်း၊ အမင်းမင်းတို့၊ ရှစ်စင်းထီးဖြူ၊ စိုက်ထူတည်ထောင်၊ ဘုန်းရောင်လျှမ်းဖြာ၊ ပြည်မြန်မာကို၊ ကမ္ဘာပတ်လုံး၊ မဆုံးမခြင်း၊ မှန်ကင်း စိုက်ထောင်၊ ရွှေတန်ဆောင်နွယ်၊ ဂုဏ်ရောင်မညှိုး၊ တန်းခိုးထင်ပေါ်၊ လွှံ့ကျော်နိဒါန်း၊ ပြည့်ဖြိုးလျှမ်းအောင်၊ ရွှေနန်း ရွှေဘုံ၊ သုံးပုံဝစန၊ ဓိပ္ပါယ၏၊ အဘိဓာနမှန်၊ အနက္ခံကို၊ လျင်မြန်စိစစ်၊ နည်းမသစ်ပဲ၊ ရှေးခေတ်မူဟောင်း၊ စကားကောင်းတို့၊ စုပေါင်းပြီးခါ၊ ရေးသားရာကား၊ ကောဇာတွက်စစ်၊ သက္ကရာဇ်မှာ၊ ထောင့်သုံးရာတွင်၊ နှစ်ဖြာစွန်းမူ၊ ရတု သရဒ၊ ကြတ္တိက, နက္ခတ်၊ နတ်ကြီး ဆဲ့ငါး၊ တင်ငြားဗလိ၊ ပွဲတော်ချိလျက်၊ ရဝိနေနတ်၊ မင်းမင်းမြတ်တို့၊ ခင်းလတ်ကထိန်၊ ခါချိန်မလွဲ၊ ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းလ၊ ဒိနဆန်းတက်၊ ဆယ်ရက်ရောက်စေ့၊ ကျားမင်းနေ့၌၊ သိုက်မြိုက်လှစွာ၊ သခေ်ပါ သရုပ်၊ နိဋ္ဌိတံ ချုပ်လျက်၊ နိဂုံးအုပ်အပြီးသတ်ပါသတည်း။

---

စာမျက်နှာ ၄၃၊ ဦးရေနံပါတ် ၄၈-တွင်၊ မင်းမိဖုရားများကို ဘွဲ့ပေးပုံ အတန်းအဆင့် အကြောင်းအရာတွင် ထပ်ဖြည့် ထပ်သွင်းချက်။

အမြင့်ဆုံး ဒေဝီအမည်ရ ၁၃၊ ၎င်းအောက် ဝတီအမည်ရ ၁၂၊ ၎င်းအောက် ရဇာအမည်ရ ၅၊ ၎င်းအောက် ပဘာအမည်ရ ၁၊ ၎င်းအောက် ကေသာ အမည်ရ ၁၊ ၎င်းအောက် စန္ဒာအမည်ရ ၁၊ ၎င်းအောက် မာလာအမည်ရ ၁၊ ၎င်းအောက် မုတ္တာအမည်ရ ၁။

---

ပ-မ-သ-စ—၅၀၁—၂၁-၈-၇၅—၂၀၀၀။

# ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်

## စကားလုံးများနှင့် မှတ်သားဖွယ် အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အက္ကပတ် စာထိုးမြင်းအစု စသည်တို့ အမှတ်အသား | ၁၉၈ |
| အက္ကပတ်မြင်း | ၁၁၊၁၉၈ |
| အက္ကပတ်မြင်း အမှုထမ်းတို့ လစာ | ၁၉၈ |
| အကောက်စာရေး | ၆၀ |
| အကောက်စားရေးနှင့် အခွန် စာရေးတို့ အထူး | ၆၀ |
| အကြီးစာရေး | ၁၂၊၂၆၈ |
| အကြီးတော် | ၁၂၊၂၆၇ |
| အကြီးတော်ဝတ္တရား | ၂၆၇-၈ |
| အခမ်းအနားရုပ်သိမ်းပုံ | ၂၀ |
| အချီတော် | ၂၃၁၊၂၃၉ |
| အချုပ်အမှုထမ်းတို့လစာ | ၁၅၆ |
| အချုပ်စာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၅ |
| အချုပ်စာရေးသုံးမျိုး | ၂၂၅ |
| အချုပ်တိုက် | ၁၅၆ |
| အချုပ်သုံးမျိုး | ၁၅၆ |
| အခွန်စာရေး | ၆၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အခွန်စာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၄ |
| အငြိမ့်အပျိုတော် | ၄၂ |
| အစုအမျိုးအမည်များ | ၂၂၃ |
| အဆောင်နှိမ့်မှုး | ၁၄၃ |
| အဆောင်မြဲ | ၁၄ |
| အဆုံးစီရင်မိန့် ကျင့်ထုံး | ၅၂ |
| အဇ္ဈာသယ ပါမောက္ခကျမ်း | ၃၄ |
| အတွင်းခိုင်း ပန်းထိမ် အမှုထမ်း | ၁၆၉ |
| အတွင်းခြောက်စုကိုယ်ရံတော် တို့၏ရှာစဉ်ကျယ် | ၂၀၉၊၂၁၂ |
| အတွင်းခြောက်စုကိုယ်ရံတော် အမှုထမ်းများ | ၂၀၉ |
| အတွင်းဆိုင်း | ၁၅၀ |
| အတွင်းဆိုင်းတော်အမှုထမ်းတို့ ခံစားခွင့် | ၁၅၀ |
| အတွင်းဘဝေါ | ၁၆ |
| အတွင်းဘဝေါနေရာ-၂၄ | ၂၀ |
| အတွင်းဘိနပ်တော် | ၃၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အတွင်းဝန် | ၁၃၊၆၁ |
| အတွင်းဝန်ခန့်အမိန့်တော် ပြန်တမ်း | ၆၁ |
| အတွင်းသင်းမှူး | ၆၁ |
| အထက်အမေးတော်ခံ ကတော်ကြီး ၄-တို့ဆိုင်ရာ ပြန်တမ်း | ၂၅ |
| အထိန်းတော် | ၂၃၁၊၂၃၈ |
| အနောက်စမုတ်လက်စွဲ | ၃၇ |
| အနောက်စမုတ်လက်စွဲတို့လစာ | ၃၇ |
| အနောက်ထောင် | ၁၅၄ |
| အနောက်ထောင်အမှုထမ်းတို့ လစာ | ၁၅၄ |
| အနောက်ပွဲတက် ကန်တော့ခံ | ၂၄ |
| အနောက်ပွဲတက် ကန်တော့ခံ တော်မူခြင်းအကြောင်း | ၂၁ |
| အနောက်ပွဲတက် နေရာတော်နေ တို့ ဆိုင်ရာဆုလာဘ် တော်များ | ၃၀ |
| အနောက်ပွဲတက်နေရာတော်နေ တို့ကို သနားတော် မူသည့်အမိန့်တော် | ၃၀ |
| အနောက်ပွဲတက် နောက်သွယ် နေရာတော် နေတို့ကို သနားတော်မူသည့် အမိန့်တော် | ၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အနောက်ရုံး အရာရှိများ | ၆၅ |
| အနောက် ရုံးစေတို့လစာ | ၁၅၄ |
| အနောက်ရွှေပန်းချီ | ၁၇၂ |
| အနောက်ရွှေပန်းချီ အမှုထမ်းတို့လစာ | ၁၇၂ |
| အနောက်ဝင်းအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၂၁ |
| အနောက်ဝန် | ၆၅ |
| အနောက်ဝန်ခန့် အမိန့်တော် ပြန်တမ်း | ၆၇ |
| အနောက်ဝန်စာရေး | ၆၈ |
| အနောက်ဝန်စုပါအစုအမျိုးမျိုး | ၆၇ |
| အနှိပ်တော် | ၃၉၊၂၃၁ |
| အနှိပ်တော်တို့လစာ | ၃၉ |
| အပြင်ဘဝေါ် | ၁၆ |
| အပျိုတော် | ၄၁ |
| အမရပူရ-၌ မှတ်သားဖွယ် | ၂၇၃-၄ |
| အမရပူရရွှေမြို့တော်ကြီး | ၂၅၄ |
| အမိဘုရားနှင့် အမိဖုရား အသုံးအဖြုတ် | ၆ |
| အမေးအဖြေသုံးရပ် | ၂၄၀ |
| အမေးတော်ခံ ကတော်ကြီး | ၂၂ |
| အမေးတော်သုံးရပ် | ၂၂ |
| အမည်ပျောက်ဘွဲ့ | ၂၆၉ |
| အမိန့်တော်ရ | ၇၃ |
| အမိန့်တော်ရေး | ၅၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အမြောက်အမျိုးအမည်များ | ၁၁၃ |
| အမြောက်အမှုထမ်းနှင့် လစာ, အမှတ်အသား | ၂၀၇ |
| အမြောက်စာရေး အခန့်ခံ လူနှင့် အချိန်ကာလ | ၂၂၆ |
| အမြောက်စက်ရုံ | ၁၇၈ |
| အမြောက်စက်ရုံအမှုထမ်းတို့ လစာ | ၁၇၉ |
| အမြောက်စက်ရုံဆိုင်ရာ မှတ်သားဖွယ်များ | ၁၇၈-၉ |
| အမြောက်တပ်အရေအတွက် | ၂၀၇ |
| အမြောက်တပ်များအမည် | ၂၀၇ |
| အမြောက်ဝန် | ၁၁၃ |
| အမှာတော်ရေး | ၅၆ |
| အမှုထမ်း အတန်းအဆင့် | ၂၂၃ |
| အမှုသည်တို့ အဆင့်ဆင့် အယူခံဝင်နိုင်ပုံ | ၇၁ |
| အမွေမှုဆိုင်ရာ အရပ်အပြား | ၆၉ |
| အမွေမှုတရားစကား | ၆၉ |
| အမွေဝန် | ၁၁၇ |
| အမွေဝန်၏ တာဝန်များ | ၁၁၇-၈ |
| အမွေဝန်ခန့် အမိန့်တော် ပြန်တမ်း | ၁၁၇-၈ |
| အယတော် | ၂၃၁၊၂၃၈-၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အရာတော် လယ်လုပ်သားတို့ ပေးဆောင်ရသော စပါး အသေးစိတ် | ၁၂၅ |
| အရာရှို | ၁၃ |
| အရှေ့အနောက် နေရာကွဲပြားပုံ | ၂၄ |
| အရှေ့ပွဲတက်ကန်တော့ခံ | ၂၄ |
| အရှေ့ရွှေပန်းချီ | ၁၇၂ |
| အရှေ့ရွှေပန်းချီအမှုထမ်းတို့ လစာ | ၁၇၂ |
| အရွတ်ဝန် | ၁၂၄ |
| အလာ အဓိပ္ပါယ် | ၂၆၄ |
| အလံနီစိုက်လူတော် | ၃၈ |
| အလုံမြို့ | ၂၀၉ |
| အဝေးကျီဝန် | ၁၂၈ |
| အဝေးရောက် စာရေး | ၁၇၊၅၇ |
| အသင်္ချာ စောယွမ်းမင်းဖွဲ့ မြင်းအမှုထမ်း အဖွဲ့များ | ၁၉၈ |
| အသည်,အလာ,ကပ္ပါး,စုခြားတို့ ထမ်းရွက်ရန် တာဝန် အသီးသီး | ၂၆၆ |
| အသည်,အလာ,ကပ္ပါးတို့ အဓိပ္ပါယ်နှင့် အခွင့် အရေး | ၂၆၃-၄ |
| အသည်စာရေး | ၅၈ |
| အသည်ဝန်၏နေရာနှင့်အာဏာ | ၅၁ |

အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အသည်ဝန်ခန့် အမိန့်တော် ပြန်တမ်း ၅၀
အသည်ဝန်ခန့်ထားခြင်း အကြောင်း ၄၉
အသည်ဝန် ပြန်တမ်းကြီးခံ ၄၉
အသုံးစာရေး ၅၆
အသုံးစာရေးကြီး ၅၆
အိမ်တော် ၂၄၃
အိမ်ထောင်မှုဆိုင်ရာ မှတ်သားဖွယ် ၇၀
အိမ်ရှေ့ အိမ်တော် ၂၄၂
အိမ်ရှေ့မင်း ၈
အိမ်ရှေ့မင်း အင်္ဂါ ၅-ပါး ၈
အိမ့်ရှင်စည်ကြီး ၆၅
အောက်မား အမှုထမ်း ၁၉၄
အောက်မား အမှုထမ်းတို့လစာ ၁၉၄
အောက်မားစာရေး ၁၉၄
အောက်မားစာရေး အခန့်ခံ လူနှင့် အချိန်ကာလ ၂၂၄
အောက်စား စာရေးတို့လစာ ၁၉၄
အောက်မား ဆင်တော်များ တောသို့ဝင်သည့်အခါ ရှောင် ကြဉ်ရန်နှင့် မှတ်သား ဖွယ်များ ၁၀၆-၈
အောက်မားတော် ၁၀၃

အက္ခရာစဉ် — စာမျက်နှာ

[ အ-အာ ]

အောက်မားတော်ဆိုင်ရာ အသင်းအပြား ၁၀၅
အောက်မားတော်များကို တောသို့စေလွှတ်ပုံ အခြင်း အရာများ ၁၀၅
အောက်မားနှင့်ဆိုင်သည့် ဆင် အစီရင် ၁၉၄
အောက်မားနှင့်ဆိုင်သည့် ဆင်မှူး ၁၉၄
အောက်မားဝန် ၁၀၃
အောက်ရောက် လက်သမား ၁၄၄
အောက်ရောက် လက်သမားတို့ လစာ ၁၄၄
အောင်နန်းစံရာ ၂၅၃
အောင်ပင်လယ် လမိုင်းစာရေး အခန့်ခံလူနှင့်အချိန်ကာလ ၂၂၅
အောင်မြေနန်းပုံ အကြောင်း ၁၄၁-၂
အုတ်ဝန် ၁၂၀
အုတ်ဝန်၏ တာဝန်များ ၁၂၀
အိုးပစ်တော် ၁၆
အိုးတို ၂၆၅
အာယုဒီဃဘိသိက် ၂၇၁

[ ဥ ]

ဥပရာဇာ ၈
ဥပရာဇာဘိသိက် ၂၇၁

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဥ-ဧ ] | |
| ဥယျာဉ် စာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၅ |
| ဥသျှစ် | ၂၆၅ |
| ဧကရာဇ်မင်းမြတ် | ၁ |
| ဧကရာဇ်မင်းမြတ်ကို တင်ပုံ လျှောက်ပုံ | ၂၃၉ |
| [ က ] | |
| ကင်းတား ကုလားပျို့သေနတ်စွဲ အမှုထမ်းနှင့် အမှတ်အသား လစာ | ၂၁၃ |
| ကင်းဝန် | ၃၀ |
| ကညာဖျက်ဆီးမှုဆိုင်ရာ မှတ်သားဖွယ် | ၃၀ |
| ကညာဖျက်ဆီးမှု တရားစကား | ၃၀ |
| ကဏှဒီပိသတ္တဝါ မှတ်သားဖွယ် | ၂၂၉ |
| ကဏှာဇိန်မည်ခြင်းအကြောင်း | ၂၃၀ |
| ကတော်ကြီး ၄-ဦးဆိုင်ရာ ဆုလာဘ်တော် အမျိုးအမည်များ | ၂၅-၈ |
| ကတော်စာရေး | ၆၉ |
| ကတော်စာရေးတို့လစာ | ၆၉ |
| ကတော်မယား | ၁၈ |
| ကတော်မယားအကြောင်း | ၂၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကနက္ကဒန် | ၁၆ |
| ကသည်းမြင်း | ၁၁ |
| ကန်တော့ခံထွက်ရာ၌ မင်းခတို့ နေရာအမျိုးမျိုး | ၅၉ |
| ကန်တော့ဆက်သပုံ | ၁၉ |
| ကန်သာယာစည် | ၁၆ |
| ကပ္ပါး အဓိပ္ပါယ် | ၂၆၄ |
| ကမ္ဘူ | ၁၆ |
| ကလံ | ၇၉ |
| ကဝါအမှုထမ်း | ၁၃၄ |
| ကဝါအမှုထမ်းတို့လစာ | ၁၃၄ |
| ကသည်းမြင်းအမှုထမ်းတို့ လစာ | ၁၉၈ |
| ကသည်းမြင်းအမှုထမ်းနှင့် ၎င်းတို့ဆိုင်ရာ အမှတ်အသား | ၁၉၃ |
| ကသောင်းမြောင်တိုက်စိုး | ၆၀ |
| ကသောင်းမြောင်တိုက်- သမုတ်ရာဌာန | ၆၀ |
| ကုက္ကား | ၈၈ |
| ကုလားပန်းရန်အမှုထမ်း | ၁၈၃ |
| ကုလားပန်းရန်အမှုထမ်းတို့ လစာ | ၁၈၃ |
| ကုလားဝန် | ၁၂၂ |
| ကေသဆွေဒနမင်္ဂလာ | ၂၃၅ |
| ကောခါရန္တသူ သွေးသောက် | ၃၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကောင်ဟန်အမှုထမ်းနှင့် | |
| အမှတ်အသား,လစာ | ၂၁၉ |
| ကောင်ဟန်တန်း | ၁၄၉ |
| ကောင်ဟန်ဝန် | ၁၁၃ |
| ကော် | ၁၆၄ |
| ကော်ဇော | ၈၈ |
| ကံကုန်သည် | ၂၄၃ |
| ကံတော်ကုန်သည် | ၂၄၃ |
| ကံ့ကူဆံတုံး | ၁၈၇ |
| ကိုယ်တော်ကြီးဘုရား | ၂၄၄ |
| ကိုယ်တော်မြတ်ဘုရား | ၂၄၄ |
| ကိုယ်လုပ်တော် | ၂၄၀ |
| ကိုယ်သယ် | ၁၈၉ |
| ကိုးသားပေါက် | ၁၅၉ |
| ကိုးသားပေါက်အမှုထမ်းတို့ | |
| စတင်ဖြစ်ပေါ်ရာ | ၁၆၀-၁ |
| ကုန်းဘောင်ဆယ့်တဆက် | ၂၄၇ |
| ကုန်းဘောင်မြို့ | ၂၄၇ |
| ကျင်းဆင် | ၁၉၃ |
| ကျင်းဆင် ၂-စီး | ၁၉၃ |
| ကျပ်လျှားတော် | ၁၆ |
| ကျီစောင့်အမှုထမ်းတို့လစာ | ၁၆၁ |
| ကျီစိုးအခန့်ခံလူနှင့်အချိန်ကာလ | ၂၂၄ |
| ကျီတော် | ၁၆၁ |
| ကျီတော်ကြီး ၄-လုံး | ၈၁၊၁၆၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကျီတော်ဆိုင်ရာ | |
| မှတ်သားဖွယ်များ | ၁၂၅-၆ |
| ကျီဝန် | ၁၂၅ |
| ကျီဝန်ခန့်အမိန့်တော် | ၁၂၆ |
| ကျီဝန်ခန့်အမိန့်တော်ပြန်တမ်း | ၁၂၇-၈ |
| ကျီဝန်စာရေးအခန့်ခံလူနှင့် | |
| အချိန်ကာလ | ၂၂၄ |
| ကျီးခြေတော် | ၁၆· |
| ကျောက်သွေး | ၁၇၃ |
| ကျောက်သွေးအမှုထမ်းတို့လစာ | ၁၇၃ |
| ကျောင်းအရံစောင့် | ၁၆၅ |
| ကျောင်းအရံစောင့်တို့ | |
| တာဝန်များ | ၁၆၄ |
| ကျောင်းအရံစောင့်အမှုထမ်းတို့ | |
| လစာ | ၁၆၇ |
| ကျိုင်း | ၁၈ |
| ကျုံးမှူး | ၁၈၇-၈ |
| ကျုံးဝန် | ၁၁၈ |
| ကြင်ဘက်တော် | ၂၄၁ |
| ကြင်ရာတော် | ၂၄၁ |
| ကြယ်ခတ် | ၂၂၂၊၂၅၃ |
| ကြယ်ခတ်အမှုထမ်းတို့လစာ | ၁၅၅ |
| ကြီးစု, မှူးစု, တိုင်, သူရင်း | |
| စသည်ခေါ်ဝေါ်ပုံ | ၂၂၁ |
| ကြီးမှူး | ၁၄၄ |
| ကြေးတဝန်း | ၁၉၃ |

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကြေးပန်းထိမ်းအမှုထမ်း ၁၇၀
ကြေးပန်းထိမ်အမှုထမ်းတို့ လစာ ၁၇၀
ကွမ်းဦးခွံ့မင်္ဂလာ ၂၃၄-၅
ကွမ်းဦးခွံ့မင်္ဂလာ ပြုလုပ်ချိန် ၂၃၂
ကွမ်းကျပ် ၂၃၀
ကွမ်းခန်းကျွန်တော်မျိုး ၄၀
ကွမ်းခန်းကျွန်တော်မျိုးတို့လစာ ၄၀
ကွမ်းခန်းစာရေး ၄၀
ကွမ်းခန်းစာရေးတို့လစာ ၄၀
ကွမ်းချပ်တော် ၁၆
ကွမ်းခွက် ၁၈
ကွမ်းထောက်နန်းတော် ၁၀
ကွမ်းရေတော် ၁၄
ကွမ်းလောင်း ၂၃၀
ကွမ်းလောင်းတော်ကြီး ၁၆
ကွမ်းလောင်းတော်ငယ် ၁၆
ကွမ်းသီးတိုက်စောင့် ၁၆၄
ကွမ်းသီးတိုက်စောင့် အမှုထမ်းတို့ လစာ ၁၆၄
ကျွန်မှုဆိုင်ရာ မှတ်သားဖွယ် ၇၀

[ ခ ]

ခင်ခင် ၂၄၅
ခင်မင်းဝန် ၇၈
ခင်မမင်းဝန်ခန့် အမိန့်တော် ပြန်တမ်း ၇၈-၉
ခတ် ၂၂၂
ခတ္တိယဘိသိက် ၂၇၀
ခိုင်ကွမ်းဖိုးတော်ငွေ တောင်းခံရာ၌ မှတ်သားဖွယ် ၇၁
ချပ်ယက် ၁၆၃
ချပ်ယက်အမှုထမ်းတို့ လစာ ၁၆၃
ခြသေ့်ခံ ကရားတော် ၁၆
ခြသေ့်ခံ ကွမ်းခွက်တော် ၁၆
ခြသေ့်စိမ်း ၁၇
ခြေနင်းတော် ၁၆
ခြေနင်းဘိနပ်တော်ဆိုင်ရာ ရတနာများ ၃၄
ခြေလျင်အမှုထမ်းတို့ လစာ ၁၄၇
ခြေလျင်တော် ၁၄၇
ခြေသည်သူရဲတပ် ၁၆
ချွန်းစွဲ ၁၈၉

[ ဂ ]

ဂရုဓမ္မစည် ၆၅
ဂရုဓမ္မငါးပါးစည် ၇၃
ဂရုဓမ္မစည်တော် ၆၃
ဂဠုန်ဖြူ ၁၇
ဂုန္ထန်ထိုး ၁၅၅၊၂၂၂
ဂုန္ထန်ထိုးအမှုထမ်းတို့ လစာ ၁၅၅

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ဂ-ဃ-င ]** | |
| ဂုန္တန်ရွှေလုပ် | ၂၂၂ |
| ဂွမ်းကြိုတ်ရုံအမှုထမ်း | ၁၇၆ |
| ဂွမ်းကြိုတ်ရုံစောင့် အမှုထမ်းတို့ လစာ | ၁၇၆ |
| ဂွမ်းရုံဈေး တွင်ခြင်းအကြောင်း | ၁၇၆ |
| ဂျွန်း,ခရာ,ပုံတောင် အမှုထမ်းနှင့် ခံစားခွင့် | ၁၅၀ |
| ဃနမတ္တက (အဆင်တန်းဆာတော်) | ၁၀ |
| ငဘုန်းတိုက်လက်စွဲ | ၃၅ |
| ငဘုန်းတိုက်လက်စွဲတို့ လစာ | ၃၆ |
| ငါးဆယ်တော် | ၃၃ |
| ငှက်တော် | ၁၅၃ |
| ငှက်တော်အမှုထမ်းတို့ လစာ | ၁၅၃ |
| ငွေခွန်ဝန် | ၈၀ |
| ငွေတော်ဝယ်အမှုထမ်း | ၂၁၀ |
| ငွေတော်ဝယ်အမှုထမ်းတို့လစာ | ၂၁၀ |
| **[ စ ]** | |
| စက္ကူဖက်ခွက် | ၁၀ |
| စက်ရုံအမျိုးမျိုး အမှုထမ်းများနှင့် လစာ | ၁၀၂ |
| စချီ | ၀၉ |
| စမာ | ၈၀ |
| စက်ဝန် | ၁၁၄ |
| စစ်အင်္ဂါလေးပါး | ၁၆ |
| **[ စ ]** | |
| စစ်ကဲ | ၁၃၊၁၃၇ |
| စစ်ကိုင်းသံဖိုစက်ရုံ | ၁၇၆ |
| စစ်ကိုင်းသံဖိုစက်ရုံ စက်ကိရိယာ အကြွင်း အကျန် စာရင်း ဇယား အသေးစိတ် | ၁၇၇-၀ |
| စည်တော် အမှုထမ်းတို့လစာ | ၁၄၉ |
| စည်တော်အမှုထမ်း ၃-ရပ် | ၁၅၁ |
| စည်တော်ကြီး အဖွဲ့ဝင် အရေ အတွက် | ၁၅၁ |
| စည်တော်ကြီး အမျိုး အမည်များ | ၁၅၁ |
| စည်တော်ကြီး အမှုထမ်းတို့ လစာ | ၁၅၁ |
| စနည်း | ၁၆ |
| စနည်း နေရာ-၂၄ | ၂၀ |
| စန္ဒ | ၁၆ |
| စနုဆောင်တော် | ၁၄ |
| စမြောင် | ၁၄၀ |
| စမြောင် အမှုထမ်းတို့ ခံစားခွင့် | ၁၄၉၊၂၂၂ |
| စမြောင် အမှုထမ်းတို့ တာဝန် | ၁၄၀-၉ |
| စလင်းကြာကြီး | ၁၆ |
| စလင်းကြာငယ် | ၁၆ |
| စလင်းမြောင်တော် | ၁၆ |
| စလွယ် | ၁၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စာတော်ဘတ် | ၃၃ |
| စာတော်ဘတ် အင်္ဂါများ | ၃၃ |
| စာတော်ဘတ်တို့လစာ | ၃၄ |
| စာတော်ဘတ် ဘတ်ရသည့် ကျမ်းစာများ | ၃၄ |
| စာပုံနှိပ် | ၁၆၂ |
| စာပုံနှိပ် အမှုထမ်းတို့လစာ | ၁၆၂ |
| စာပုံနှိပ်စက်တွင် မြန်မာပြည်၌ စတင်ရိုက်နှိပ်သောကျမ်း | ၁၆၂ |
| စာပုံနှိပ်စက် မြန်မာပြည်၌ စတင်ပေါ်ချိန် | ၁၆၂ |
| စာမရီဆင် | ၁၆ |
| စာရုံအကြောင်း | ၂၂၁ |
| စာရင်းတိုက်စောင့် အမှုထမ်းတို့ လစာ | ၁၅၀ |
| စာရေး အမျိုးမျိုး | ၅၄ |
| စာရေးကြီး | ၅၄ |
| စာရေးကြီး စာဆိုတော် | ၅၀ |
| စာရေးကြီး မယား | ၂၅ |
| စားတော် ကွမ်းရေ | ၁၇ |
| စားတော် ကွမ်းရေကိုင် | ၃၁ |
| စားတော်ဝန် | ၇၀ |
| စိန်ဆိုင်း | ၁၆ |
| စိန္တာမဏိ မကိုဋ်ဒုရင် | ၁၀ |
| စီးစုဆင်မတော် | ၁၉၁ |
| စီးတော်ကြီး | ၁၉၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စီးတော်မြင်းမှုထမ်းနှင့်လစာ | ၂၀၂ |
| စီးတော်မြင်းဝန် | ၈၀ |
| စုကိုင် | ၁၃ |
| စုကြမ်း | ၂၂၃ |
| စုကြီး | ၂၂၂ |
| စုကြီးခြောက်ကြောင်း | ၂၀၂ |
| စုခြား | ၂၂၂ |
| စုငန်း | ၈၉ |
| စုနု | ၂၂၂ |
| စုဘုရား | ၂၄၅ |
| စုရင်း | ၂၂၂ |
| စုရေး | ၁၃ |
| စုသေး | ၂၂၂ |
| စောပွတ်အိုးမြင်း | ၁၁ |
| စော်ဘွား | ၁၃ |
| စိုက်ချည်း | ၂၄၁ |
| စိုလေးဆယ် ဒိုင်းအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၀၉ |
| [ ဆ ] | |
| ဆင်အစီရင် | ၁၈၉ |
| ဆင်အစီရင်အမှုထမ်းတို့ လစာ | ၁၈၉၊ ၁၉၄ |
| ဆင်အမှုထမ်း | ၁၉၃ |
| ဆင်အမှုထမ်းအမျိုးမျိုး | ၁၈၅၊ ၁၉၇ |
| ဆင်အမှုထမ်းတို့ ခံစားခွင့် | ၁၉၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆင်ကာ | ၁၅၇ |
| ဆင်ကာအမှုထမ်းတို့လစာ | ၁၅၇ |
| ဆင်ကဲ | ၁၈၉ |
| ဆင်ကဲတို့လစာ | ၁၈၉ |
| ဆင်ကျားရှင် | ၂၀၃ |
| ဆင်ကျုံးတော်အလုပ်အဆောင် မှတ်ဖွယ် | ၁၀၄ |
| ဆင်စာချီ | ၁၈၈ |
| ဆင်စာချီတို့ လစာ | ၁၈၈ |
| ဆင်စွယ်ပွတ် | ၁၄၈ |
| ဆင်စွယ်ပွတ်အမှုထမ်းတို့လစာ | ၁၄၈ |
| ဆင်ဆေးသမား | ၁၈၉ |
| ဆင်ဆေးသမားတို့လစာ | ၁၈၉ |
| ဆင်ဆော် | ၁၉၀ |
| ဆင်ဆော်အမှုထမ်းတို့လစာ | ၁၉၀ |
| ဆင်ဆော်၏ လုပ်ဆောင်ဖွယ်များ | ၁၉၀ |
| ဆင်တော်ဦးစီး, ကုန်းလယ်, နောက်ပဲ့ ၃-ယောက်ကျ အမှုထမ်းနှင့် လစာ | ၁၉၇ |
| ဆင်တော်ပျော်ဘွယ် | ၁၉၆ |
| ဆင်တော်ပျော်ဘွယ် အမှုထမ်းတို့လစာ | ၁၉၆ |
| ဆင်တော်လက်ရှိဦးစီး, နောက်ပဲ့ အမှုထမ်းနှင့် လစာ | ၁၉၇ |
| ဆင်တိုင် | ၁၈၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆင်တိုင်အမှုထမ်းတို့လစာ | ၁၈၆ |
| ဆင်နီ | ၁၇ |
| ဆင်ဖြူတော်အကြောင်း | ၈၂၊၁၀၁ |
| ဆင်ဖြူတော်အတွက် လက်ဖွဲ့တော်ပစ္စည်းအမျိုးမျိုး | ၉၇၊၁၀၁ |
| ဆင်ဖြူ ရှင်မင်း သိမ်းစုပါ ယိုးဒယားလူမျိုး အရေအတွက် | ၁၅၀ |
| ဆင်ဖမ်းရာ၌ မှတ်သားဖွယ်များ | ၁၁၀-၁၁၁ |
| ဆင်ဖမ်းရာ၌ မှတ်သားဖွယ် ရာဇဝင်ကြောင်း | ၁၁၁-၂ |
| ဆင်ဖမ်းသဘင် | ၁၀၃ |
| ဆင်မင်းစာရေးကြီး | ၁၉၅ |
| ဆင်မင်းစာရေးကြီးတို့လစာ | ၁၉၅ |
| ဆင်မင်းနားခံ | ၁၉၅ |
| ဆင်မင်းနားခံတို့လစာ | ၁၉၅ |
| ဆင်မင်းနန်း အစီအရင် | ၈၂-၃ |
| ဆင်မင်းနောက်တော်ထိုင် | ၁၉၆ |
| ဆင်မင်းနောက်တော်ထိုင်တို့ လစာ | ၁၉၆ |
| ဆင်မင်းပျော်ဘွယ် | ၁၄၉ |
| ဆင်မင်းပျော်ဘွယ် အမှုထမ်းတို့ လစာ | ၁၄၉ |
| ဆင်မြက်ပို့ | ၁၈၆ |
| ဆင်မင်းဝန်ထောက် | ၁၉၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆင်မင်းဝန်ထောက်တို့လစာ | ၁၉၅ |
| ဆင်မျိုး ခွဲခြားပုံ | ၁၉၃ |
| ဆင်မှူး | ၁၀၉ |
| ဆင်မှူးတို့လစာ | ၁၀၉၊၁၉၄ |
| ဆင်ယာဉ်တော် | ၁၆ |
| ဆင်ဝန် | ၁၀၀ |
| ဆင်ဝန်ခန့် ပြန်တမ်း | ၁၀၀ |
| ဆင်ဝန်တို့၏ တာဝန် ဝတ္တရားများ | ၁၀၉ |
| ဆင်ဝန်လစာ | ၁၀၉ |
| ဆတ္တာ အမှုထမ်း | ၁၇၃ |
| ဆတ္တာ အမှုထမ်းတို့လစာ | ၁၇၃ |
| ဆတ္တာခေါင်း မှားလိုက်တို့နှင့် စပ်၍ မှတ်သားဖွယ် အဖြစ်တခု | ၁၇၄ |
| ဆတ္တာဝန် | ၃၃၊၁၂၄ |
| ဆဒ္ဒန်ဆင်ဖြူတော် အဆင် တန်းဆာများ | ၈၇ |
| ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူ အခမ်းအနား အစီအစဉ် | ၈၀၊၉၃ |
| ဆဒ္ဒန်ဆင်ဖြူတော် ခေါင်းဆေး သကြန်ခေါ် အခမ်းအနား အစီအစဉ် | ၈၅-၆ |
| ဆဒ္ဒန်ဆင်ဖြူတော် ဆောင်ယူပုံ အစီအစဉ် | ၈၃-၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆဒ္ဒန်ဆင်ဖြူတော်ဆိုင်ရာ အစီအစဉ် ဆယ်မျိုး | ၈၄-၅ |
| ဆဒ္ဒန်ဆင်ဖြူတော်ဆိုင်ရာ အမှုထမ်းများ | ၁၀၁ |
| ဆဒ္ဒန်ဆင်ဖြူတော်ဆိုင်ရာ ပညာရှိတို့ လျှောက်တင်ချက် | ၈၄-၅ |
| ဆဒ္ဒန်ဆင်ဖြူတော် တွေ့မြင်ရင်းသူနှင့် ဘွဲ့ ဆုများ | ၁၀၁ |
| ဆဒ္ဒန်ဆင်ဖြူတော် သကြန်တန်ဆောင်းသို့ ဆောင်ယူပုံ အစီအစဉ် | ၈၆-၇ |
| ဆဒ္ဒန်ဆင်ဖြူ လက်ဖွဲ့တော်စာ | ၉၄၊၁၀၁ |
| ဆဒ္ဒန်ဆင်မင်းဝန် | ၁၀၁ |
| ဆဒ္ဒန်ဆင်မင်းဝန်ခန့် အမိန့်တော် ပြန်တမ်း | ၁၀၁-၂ |
| ဆဒ္ဒန်ဆင်မင်းဝန် လုပ်ဆောင်ရမည့် အစီအစဉ် | ၁၀၂-၃ |
| ဆန်ကြိတ်စက်ရုံ | ၁၀၁ |
| ဆန်ကြိတ်စက်ရုံဆိုင်ရာ မှတ်သားဖွယ်များ | ၁၀၁ |
| ဆန်ကြိတ်စက်ရုံတော်စောင့် အမှုထမ်းတို့ လစာ | ၁၀၁ |
| ဆာပါအုပ် | ၁၀ |
| ဆီမီးထွန်း | ၁၅၂ |
| ဆီမီးထွန်း အမှုထမ်းတို့လစာ | ၁၅၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ-ဇ ]** | |
| ဆီမီးထွန်းမှူး | ၁၄၂ |
| ဆုတော် လာဘ်တော်ပေးပုံ | ၄၁ |
| ဆေးကျမ်း အမည်အမြွက် | ၂၃၀ |
| ဆေးရေးပန်းချီ | ၁၇၁ |
| ဆေးရေးပန်းချီ အမှုထမ်းတို့ လစာ | ၁၇၁ |
| ဆေးသုတ်ကုလား အမှုထမ်း | ၁၆၃ |
| ဆေးသုတ်ကုလား အမှုထမ်းတို့ လစာ | ၁၆၃ |
| ဆံတော်ပြင် မင်္ဂလာပြုလုပ်ချိန် | ၂၃၂ |
| ဆံထုံးပုံတော် ခုနစ်မျိုး | ၁၇၀ |
| ဆိုင်းတော် ၃-ရပ် | ၁၅၀ |
| ဇေတရာဇ် | ၆၅ |
| ဇေယျာဘိသိက် | ၂၇၁ |
| ဇင်းမယ်ပါမြင်းမှုထမ်းနှင့် လစာ, အမှတ်အသား | ၂၀၁ |
| **[ ည ]** | |
| ည-ညီလာခံ | ၁၄ |
| ညီတော် | ၁၁ |
| ညီတော်အိမ်ရှေ့မင်း လုပ်ကြံခံရခြင်း၌ မှတ်ဖွယ် | ၁၇၆ |
| **[ တ ]** | |
| တကောင်းတော် | ၁၆ |
| တကောင်းပိတ် | ၁၈ |
| တကြောင်းစာချွန် | ၅၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ တ ]** | |
| တင်လဲ | ၂၆၅ |
| တင်းထိမ်ရုံမှူး | ၁၄၂ |
| တဆဲ့နှစ်မှုမင်းတိုင်း | ၂၆၁-၆ |
| တဆဲ့နှစ်မှု မင်းတိုင်းပါ အရာဝတ္ထုပစ္စည်း | ၅၈ |
| တဆဲ့နှစ်မှု မင်းတိုင်းပေါ်ချိန် | ၂၆၃ |
| တဆဲ့နှစ်မှု မင်းတိုင်းယူနည်း တမျိုး | ၂၆၆ |
| တဆဲ့နှစ်မှုမင်းတိုင်းသရုပ် | ၂၆၃ |
| တည် | ၁၉၃ |
| တန်းဆာဆင်ယင် ဝင်ထွက်ရပုံ | ၂၂ |
| တန်း ၄-တန်း | ၁၇၃ |
| တန်းသုံးရပ် | ၁၄၉ |
| တပ်ကောင်ဟန် | ၁၁၃ |
| တပ်ဒိုင်းအစု အမှုထမ်းနှင့် အမှတ်အသားလစာ | ၂၁၉ |
| တမ္ဗူလကရဏ္ဍမင်္ဂလာ | ၂၃၄ |
| တမာစေး | ၂၆၄ |
| တရားစကား အမျိုးမျိုး | ၆၉၊၇၀ |
| တရားစာရေး | ၇၃ |
| တရားရုံး အရာရှိများ | ၆၉ |
| တရားရုံးတော်ဆိုင်ရာ မှတ်သားဖွယ် | ၆၉ |
| တရားသူကြီး | ၆၉ |
| တရားသူကြီးခန့် အမိန့်တော် ပြန်တမ်း | ၇၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ တ ]** | |
| တရားသူကြီးများ လိုက်နာရမည့် အစီအရင် | ၇၂ |
| တာပနာ | ၁၇၃ |
| တာဝါး | ၁၇၄ |
| တုရင် | ၂၂၂ |
| တော် | ၁၆ |
| တော်နေရာ ၂၄ | ၂၀ |
| တံ | ၁၉၃ |
| တံခါးနီ | ၁၅ |
| တံခါးနီအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၁၈ |
| တံဆိပ်အမျိုးမျိုး | ၁၁၇ |
| တံဆိပ်စက်ရုံ | ၁၈၈ |
| တံဆိပ်စက်ရုံအမှုထမ်းတို့ လစာ | ၁၈၈ |
| တံဆိပ်စက်ရုံဆိုင်ရာ မှတ်သားဖွယ်များ | ၁၈၀ |
| တံဆိပ်ဒေးဝန်းတိုက် | ၁၃၅ |
| တံဆိပ်ဝန် | ၁၁၇ |
| တံဆိပ်ဝန်၏ တာဝန်များ | ၁၁၇ |
| တောင်ငူမြို့ စစ်ကဲ၏ တာဝန်များ | ၁၃၇-၈ |
| တောင်ငူမြို့ စစ်ကဲခန့် အမိန့်တော်မှတ်စာ | ၁၃၇-၈ |
| တောင်စမုတ်လက်စွဲ | ၃၆ |
| တောင်စမုတ်လက်စွဲတို့လစာ | ၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ တ ]** | |
| တောင် ၁၅၀-အစုအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၁၁ |
| တောင်ဒဝယ်အစုအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၁၀ |
| တောင်ဒဝယ်ဆောင် | ၂၀၈ |
| တောင်ဘိကျပ် | ၃၅ |
| တောင်မာရဘင်အစု သေနတ်စွဲ သူရဲအမှုထမ်းနှင့် လစာ | ၂၁၅ |
| တောင်မိဖုရားခေါင်ကြီး | ၇ |
| တောင်ဝင်း | ၆၇ |
| တောင်ဝေးတော် | ၁၆ |
| တိုင်နှင့် ကျေး ပိုင်းခြားပုံ | ၂၂၁ |
| **[ ထ ]** | |
| ထန္နုလက္ခဏာ | ၂၃၁ |
| ထန်းဖူးစည်း | ၂၆၅ |
| ထန်းဖူးစာ ခွေပုံနည်း | ၃၅ |
| ထမင်းဦးခွံ့မင်္ဂလာ ပြုလုပ်ချိန် | ၂၃၂ |
| ထမ်းဆင်တော် | ၁၉၂ |
| ထိပ်ခေါင်တင် | ၂၄၀၊ ၂၄၅ |
| ထိပ်စုဘုရား | ၂၄၅ |
| ထိပ်စုမြတ်ဘုရားကြီး | ၂၄၄ |
| ထိပ်တင် | ၂၄၄-၅ |
| ထိပ်ထားခေါ်ဝေါ်ရခြင်း | ၂၄၀ |
| ထီးခားလက်စွဲ | ၁၄ |
| ထီးဖြူတော်စောင့် | ၁၅၅ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ထ ]** | |
| ထီးဖြူတော်စောင့်အမှုထမ်းတို့ လစာ | ၁၅၅ |
| ထီးဖြူတော်မိုး | ၃၂ |
| ထီးဖြူတော်မိုးတို့ လစာ | ၃၂ |
| ထူးဆင် | ၁၉၀ |
| ထူးဆင်တော် | ၁၈၆ |
| ထူးဆင်မတော် | ၁၉၁ |
| ထောင်မှူး | ၆၄၊၂၆၁ |
| ထောင်လက်မထောက် | ၁၆၄ |
| ထောင်လက်မထောက် အမှုထမ်းတို့လစာ | ၁၆၄ |
| ထောင်းခြင့် | ၁၄၆ |
| ထောင်းခြင့်အမှုထမ်းတို့ လစာ | ၁၄၆ |
| ထုံးဖုတ်အမှုထမ်း | ၁၄၄ |
| ထွက်မောင်း | ၁၈၇ |
| **[ ဒ ]** | |
| ဒင်္ဂါးစက်ရုံ | ၁၈၁ |
| ဒင်္ဂါးစက်ရုံဆိုင်ရာ မှတ်သားဖွယ်များ | ၁၈၁ |
| ဒဝယ်အကြောင်း | ၂၀၈ |
| ဒဝယ်ဆောင် | ၂၀၈ |
| ဒဝယ်တံခါး | ၂၀၈ |
| ဒွါရာဘိသိက် | ၂၇၁ |
| ဒူး | ၁၆ |
| ဒူးနေရာ ၂၄ | ၂၀ |
| ဒူးရင်းဥယျာဉ်တော်စောင့် | ၁၄၈ |
| ဒူးရင်းဥယျာဉ်တော်စောင့် အမှုထမ်းတို့ လစာ | ၁၄၈ |
| ဒေးဝန်းအကောက်စာရေး အခန့်ခံလူနှင့် အချိန်ကာလ | ၂၂၅ |
| ဒေါဇ္ဇယ်ယ | ၂၀၄ |
| ဒေါနပန်းတော်စိုက် | ၁၇၃ |
| ဒေါနပန်းတော်စိုက် အမှုထမ်းတို့ လစာ | ၁၇၃ |
| ဒေါလကရဏမင်္ဂလာ | ၂၃၅ |
| ဒေါင်းတောင်ဆက် | ၃၅ |
| ဒေါင်းနက် | ၁၇ |
| ဒိုင်းတော် | ၁၄၅ |
| ဒိုင်းတော်၏ တာဝန်များ | ၁၄၅-၆ |
| ဒိုင်းတော် ၄၀ | ၁၄၆ |
| ဒိုင်းတော်လူ ၄၀-တို့ လစာ | ၁၄၆ |
| ဒိုင်းမှူး | ၈၉ |
| **[ ဓ ]** | |
| ဓနုက်ပလာဆင် အမှုထမ်းနှင့် ၎င်းတို့ လစာ | ၁၉၆ |
| ဓနုက်ပလာဆင်ဝန် | ၁၀၉ |
| ဓနုက်ပလာဆင်ဝန်စာရေးနှင့် ရရှိသည့် လစာ | ၁၉၆ |
| ဓနုက်ပလာဆင်ဝန်လစာ | ၁၁၂ |

အက္ခရာစဉ် စာမျက်နှာ

[ ဓ ]

ဓနက်ပလာဆင်ဝန်
လက်အောက်အမှုထမ်းတို့
လုပ်ဆောင်ဖွယ်များ ၁၁၀

ဓမ္မရာဇာဘွဲ့ ၄၄

ဓားလိုက် ၃၃

ဓားလိုက်ဓား ၃၃

[ န ]

နဂါးခံကွမ်းခွက် ၁၆

နဂါးပျော့ ၁၇

နတ်ကြီး ၁၅-ပါး ၁၄၇

နတ်ကြီး ၁၅-ပါး တန်ဆောင်း
စောင့် အမှုထမ်းတို့ လစာ ၁၄၇

နတ်စုလက်ယာအမှုထမ်းနှင့်
အမှတ်အသား, လစာ ၂၁၃

နတ်စုလက်ဝဲအမှုထမ်းနှင့်
အမှတ်အသား, လစာ ၂၁၂-၃

နတ်ပြည်စံသည် ၂၄၃

နတ်ပြည်ပြောင်းစံသည် ၂၄၃

နတ်ရှင့်ရန်နိုင် ၃၇

နတ်ရှင့်ရန်နိုင်လူတော်တို့လစာ ၃၈

နတ်ရှင့်ရွေးသေနတ်စွဲအမှုထမ်း
နှင့် အမှတ်အသား, လစာ ၂၁၆

နတ်ရွာစံသည် ၂၄၃

နန်းဦးမင်္ဂလာမြင်း ၅၁

အက္ခရာစဉ် စာမျက်နှာ

[ န ]

နန်းဦးမင်္ဂလာမြင်း အမှုထမ်းနှင့်
လစာ, အမှတ်အသား ၂၀၂

နန်းကံကျွေးအမှုထမ်း ၁၁၉

နန်းကံကျွေးဝန် ၁၁၉

နန်းကံကျွေးဝန်၏ တာဝန်များ ၁၂၀

နန်းကံကျွေးဝန်ခန့် အမိန့်တော်
ပြန်တမ်း ၁၁၉

နန်းပေါင်းတင် ၁၆

နန်းပြောက် ၁၆၈

နန်းပြောက်မျိုး ၃၀ ၁၆၈-၉

နန်းဘွဲ့အုပ်တော် ၁၆

နန်းမတော်ဝန် ၈၀

နရပတိစည်သူမင်း၏ သား
၅-ယောက် ၄၅

နာရီတော်အစီအရင် ၁၅၁

နာရီတော်စောင့်ပုဏ္ဏားး ၁၅၁

နာရီတော်စောင့်ပုဏ္ဏားတို့လစာ ၁၅၁

နာရီတော်မှူး ၁၇

နားခံကြားလျှာရေးနည်း ၅၁

နားခံခန့် အမိန့်တော်မှတ်စာ ၁၃၆

နားခံတော် ၁၃၊၁၇၊၅၁

နားခံတော်ပြော့ကြီးမှူး ၅၃

နားညောင်း ၁၇

နိဗ္ဗာနပစ္စယနာဂရာဇာဆင်မင်း
အကြောင်း ၈၂၊၁၀၁

နေ့ညီလာခံ ၁၃

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ န ] | |
| နေကဲ့သို့ ကျင့်ခြင်း | ၃ |
| နေမျိုးဘွဲ့ | ၂၆၉ |
| နေမျိုးမင်းတပ်ဘွဲ့ | ၂၆၉ |
| နေရာချ | ၅၉၊၂၂၂ |
| နေရာချ အမှုထမ်းတို့လစာ | ၁၅၃ |
| နေရာချ အမှုထမ်းတို့ လုပ်ဆောင် ရသည့်နေ့ရက် အပိုင်းအခြား | ၁၅၃ |
| နေရာချထား ထိုင်ရပုံ | ၂၂ |
| နေရာငါးသွယ် | ၁၆၊၂၀၊၂၁ |
| နေရာတော်-၄၅၁ | ၂၁ |
| နေရာတော်ကွက်-၁၁၂ | ၂၃ |
| နေရာတော် နေ့,မနေအကြောင်း | ၂၄ |
| နေရာနေ အမိန့်တော် | ၂၅ |
| နေရာနေ့,မနေ မင်းညီ-မင်းသား | ၂၅ |
| နေ , လ ရှုမြော် မင်္ဂလာ ပြုလုပ်ချိန် | ၂၃၂ |
| နော်ရထာဘွဲ့ | ၂၆၂ |
| နော်ရထာမင်း တပြိုင်နက်တည် မြို့ပေါင်း-၄၃ | ၂၆၂ |
| နော်ရထာမင်း ထောင်ပြု မြို့ပြတည်ပုံ | ၂၆၂ |
| နော်ရထာမင်းလက်ထက် လက်နက်ကိုင်ဖွဲ့ပုံ | ၂၆၂ |
| နော်ရထာမင်း လှည့်လည်ရာ၌ ၄၀၀-ပြု မြို့သားတို့ တာဝန် အသီးသီး | ၂၆၂ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ န ] | |
| နံ့စထိုး အမှတ်အသားပုံစံ | ၂၂၁ |
| နံနက်ညီလာခံကြီး | ၁၃ |
| နံ့သာ နန်းတော် | ၁၀ |
| နောက်ကတော်ကြီးတို့ကို သနား တော်မူသည့် အမိန့်တော် | ၂၆ |
| နောက်တော်ပါမြင်း | ၁၁ |
| နောက်တော်ပါ မြင်းမှုထမ်းနှင့် လစာ အမှတ်အသား | ၂၀၁ |
| နောက်ရိုးစေ | ၁၅၄ |
| နောက်ဝန်းကျင် သေနတ်စု အမှုထမ်းနှင့် အမှတ်အသား လစာ | ၂၁၆ |
| နောက်သွယ် | ၂၃ |
| နောက်သွယ်နေရာတော်နေတို့ ဆိုင်ရာ ဆုတော်လာဘ်တော် အမျိုးအမည်များ | ၂၉-၃၀ |
| နို့ထိန်း | ၂၁၁ |
| နှစ်ကြောင်းစာချွန် | ၁၂-၁၅ |
| နှစ်သစ်ကန်တော့ခံ | ၁၅ |
| နွားနို့တော်ဆက် | ၁၄၈ |
| နွားနို့တော်ဆက် အမှုထမ်းတို့ ခံစားခွင့် | ၁၄၈ |
| [ ပ ] | |
| ပကတိကုန်းတင် | ၁၆ |
| ပင်ဆင့်ပန်း | ၁၃၈ |
| ပစ္စူ | ၈၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပညာရှိ အခန့်ခံ လူများနှင့် အချိန်ကာလ | ၂၂၇-၈ |
| ပညာရှိတို့ ကတ်အပ်သော အတတ်များ | ၂၂၇-၈ |
| ပညာသည်စာရေး အခန့်ခံ လူများနှင့် အချိန်ကာလ | ၂၂၆ |
| ပညာသည် စာရေး၏ အလုပ်တာဝန် | ၂၂၆ |
| ပဋိသန္ဓေ ၄-မျိုး | ၂၂၉ |
| ပဋ္ဌမဘတ္တမင်္ဂလာ | ၂၃၅ |
| ပတ်တဝန်း | ၁၉၃ |
| ပဒုမ | ၁၆ |
| ပဒုံမင်း | ၂၀၉ |
| ပန်းတည်းအမှုထမ်း | ၁၆၉ |
| ပန်းတည်းအမှုထမ်းတို့လစာ | ၁၆၉ |
| ပန်းတည်းစာရေး အခန့်ခံလူနှင့် အချိန်ကာလ | ၂၂၅ |
| ပန်းတောင်းကြီး | ၁၆ |
| ပန်းထိမ်တော်အမှုထမ်းတို့ လစာ | ၁၆၉ |
| ပန်းပု အမှုထမ်း | ၁၆၈ |
| ပန်းပု အမှုထမ်းတို့လစာ | ၁၆၈ |
| ပန်းဘဲအမှုထမ်း | ၁၈၃ |
| ပန်းဘဲ အမှုထမ်းတို့လစာ | ၁၈၃ |
| ပန်းဘဲစာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပန်းဘဲဝန် | ၁၃၃ |
| ပနိပ်အိပ်ဓား | ၂၃၀ |
| ပရဒါရမှုဆိုင်ရာ မှတ်သားဖွယ် | ၇၀ |
| ပလိုင်းလက်စွဲ | ၃၆ |
| ပလိုင်းလက်စွဲတို့လစာ | ၃၆ |
| ပဟိုရ်စည်တီး | ၁၄၄ |
| ပဟိုရ်စည်တီး အမှုထမ်းတို့လစာ | ၁၄၄ |
| ပဟိုရ်စည်းတီးအမှုထမ်းတို့ လုပ်ဆောင်ပုံ အစီအစဉ် | ၁၄၄ |
| ပိဋကတ်ပေလုပ်မျဉ်းကိုင် | ၁၄၇ |
| ပိဋကတ်ပေလုပ်မျဉ်းကိုင်တို့ လစာ | ၁၄၇ |
| ပုဏ္ဏားအမှုထမ်း အမျိုးမျိုး | ၁၁၈ |
| ပုဏ္ဏားဝန် | ၁၁၈ |
| ပုရပိုက်ဖြူလုပ် | ၁၆၄ |
| ပုရပိုက်ဖြူလုပ်အမှုထမ်းတို့ လစာ | ၁၆၄ |
| ပုရိသမေခ | ၂ |
| ပုသိမ်မြို့ဝန် | ၁၃၀ |
| ပုသိမ်မြို့ဝန်၏ တာဝန်များ | ၁၃၁-၂ |
| ပုသိမ်မြို့ဝန်ခန့်မှတ်စာ | ၁၃၀-၁၃၂ |
| ပေါက်ချိုက် | ၂၂ |
| ပေါက်တိုး | ၁၀၈ |
| ပေါင်းဝန်တင် | ၁၆ |
| ပြင်အိမ်တော်စံ မင်းသမီး | ၂၂ |
| ပြင်ဘဝေါ်နေရာ ၂၄ | ၂၀-၁ |

ရွှေနန်းသုံး ၁၉—ပ-မ-သ-၈

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ-ဖ ]** | |
| ပြည်သူ့မိမြတ် | ၆ |
| ပြော့ | ၂၂၂ |
| ပြော့အမှုထမ်း | ၁၆၇ |
| ပြော့အမှုထမ်းတို့လစာ | ၁၆၇ |
| ပြော့ကြီးမှူး | ၅၃ |
| ပြော့ကြီးမှူး ဦးထုပ်ကွင်း တပ်ရခြင်းအကြောင်း | ၅၃ |
| ပွက် (ပွဲ) လျက် | ၂၆၆ |
| ပွဲတက် | ၂၃ |
| ပွဲတက်ကန်တော့ခံ သုံးကြိမ် | ၁၅ |
| ပွဲတက်နေရာတော် ချထားပုံ | ၂၀ |
| ပွဲတော်အမှုထမ်းအပြား | ၇၈ |
| ပွဲတော်အုပ် အရေအတွက် | ၇၈ |
| ပွဲတော်ကြီး | ၁၄၆ |
| ပွဲတော်ကြီး၏ လစာ | ၁၄၆ |
| ဖတ်ရွတ်မှုအင်္ဂါ ၁၀-ပါး | ၂၃၇ |
| ဖန်ချက်ဝန် | ၁၂၅ |
| ဖောင်စာရေး အခန့်ခံလူနှင့် အချိန်ကာလ | ၂၂၃ |
| ဖောင်တော်အမှုထမ်း | ၁၈၅ |
| ဖောင်တော်အမှုထမ်းတို့လစာ | ၁၈၅ |
| ဖောင်ဝန် | ၁၂၃ |
| ဖောင်ဝန်ခန့်အမိန့်တော် ပြန်တမ်း | ၁၂၃-၄ |
| ဖြတ်လှ | ၁၅၇ |
| ဖြတ်လှအမှုထမ်းတို့လစာ | ၁၅၇ |
| **[ ဗ ]** | |
| ဗန့်ဘိုးတော် | ၁၇၄ |
| ဗလိနတ်စာကျွေးအခါ | ၁၄၇ |
| ဗောင်း | ၁၇ |
| ဗိုင်းတာ | ၁၆၁ |
| ဗိုင်းတာမသား | ၁၆၂ |
| ဗိုလ်စု | ၁၃ |
| ဗိုလ်ရှုညီလာခံ | ၁၃ |
| ဗျဉ်းညာအစုအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၁၇ |
| ဗြဲတိုက်အရာရှိများ | ၆၁ |
| ဗြဲတိုက်သံဆင့် | ၆၂ |
| **[ ဘ ]** | |
| ဘက်ဝန်းတင် | ၁၆ |
| ဘဏ္ဍာစာရေး | ၂၆၈ |
| ဘဏ္ဍာတော်လက်သမား | ၁၄၅ |
| ဘဏ္ဍာတော်လက်သမားလစာ | ၁၄၅ |
| ဘသူကြွယ် | ၂၀၉ |
| ဘိကျပ်လက်စွဲ | ၃၆ |
| ဘိတ်တံ | ၁၇၁ |
| ဘိနပ်တော် | ၁၄၊၁၆၊၃၄ |
| ဘိသိက် ၁၃-ပါးအကြောင်း | ၂၇၀ |
| ဘိသိက်တော်ဆက်သပုံ | ၁၉ |
| ဘီလူးဝါ | ၁၇ |
| ဘီးတော်လုပ် | ၁၆၄၊၂၂၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဘ ]** | |
| ဘိုးတော်အလုပ် အမှုထမ်းတို့ လစာ | ၁၉၄ |
| ဘုန်းတော်တိုး အမှုထမ်းနှင့် လစာ | ၂၁၀ |
| ဘုန်းတော်ဖြစ် အမှုထမ်းနှင့် အမှတ်အသား လစာ | ၂၁၀ |
| ဘုန်းတော်ဖြစ်ကျွန်း | ၂၀၅ |
| ဘုမ္မဇေယျ | ၁၁၈ |
| ဘုရားအရံအစောင့် | ၁၉၄ |
| ဘုရားအရံအစောင့် အမှုထမ်းတို့လစာ | ၁၉၄ |
| ဘောဂိနီ | ၉ |
| ဘွားဘက်ကျော် | ၁၄၅ |
| ဘွားဘက်ကျော်၏တာဝန်များ | ၁၄၅ |
| ဘွားဘက်ကျော်လစာ | ၁၄၅ |
| ဘွားဘက်ကျော်-၄၀ | ၁၄၅ |
| ဘွားမြင်သည် | ၂၃၈ |
| **[ မ ]** | |
| မကရ်းကရားတော် | ၁၉ |
| မကား | ၂၀၃ |
| မင်္ဂလာအမျိုးမျိုး | ၂၃၂ |
| မင်္ဂလာအိမ်တော်ပါ အမှုထမ်းနှင့်လစာ | ၁၈၇ |
| မင်္ဂလာဘိသိက် | ၂၇၁ |
| မင်္ဂလာရထား | ၁၉၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မင်္ဂလာရထားအမှုထမ်းတို့လစာ | ၁၉၃ |
| မင်္ဂလာရဲညွန့် မြင်းမှုထမ်းနှင့် လစာ,အမှတ်အသား | ၂၀၂-၃ |
| မင်္ဂလာရွှေမောင်း | ၁၅၂ |
| မင်္ဂလာရွှေမောင်းအမှုထမ်းတို့ လစာ | ၁၅၂ |
| မင်္ဂလာလက်စွဲ | ၃၇ |
| မင်္ဂလာလက်စွဲတို့လစာ | ၃၇ |
| မင်္ဂလာလှေကားတော် | ၄၅ |
| မင်္ဂလာလွှဲချင်း | ၂၃၇ |
| မင်္ဂလာသုံးမျိုး | ၂၃၅ |
| မင်းအလှူတော်ငွေ | ၄၁ |
| မင်းကေရာဇ် | ၁ |
| မင်းကတော် | ၂၅ |
| မင်းကေသာ (မင်းတပ်ဘွဲ့) | ၄၃ |
| မင်းကြီးတပ်ဘွဲ့ | ၂၆၈ |
| မင်းခစား | ၁၃ |
| မင်းခမ်းအလံတော်စုံ (သရုပ်) | ၁၇ |
| မင်းခမ်းတော်စုံ (သရုပ်) | ၁၉-၇ |
| မင်းခမ်းတိုက် | ၁၅၉ |
| မင်းခမ်းတိုက်စောင့် အမှုထမ်းတို့ လစာ | ၁၅၉ |
| မင်းခမ်း ထီးဖြူတော်ကြီး | ၁၉ |
| မင်းချက် | ၁၃ |
| မင်းညီမင်းသား | ၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မင်းညီမင်းသားကို ဘွဲ့ပေးပုံ အတန်းအဆင့် | ၄၄ |
| မင်းတပ်ဘွဲ့ | ၂၆၉ |
| မင်းနှင့် မိဖုရား ဝတ်ဆင်စံနေပုံ | ၁၈ |
| မင်းနှစ်ဆင့်တပ်ဘွဲ့ | ၂၆၉ |
| မင်းမတ် | ၁၃ |
| မင်းမိဖုရားများကို ဘွဲ့ပေးပုံ အတန်းအဆင့် | ၄၃ |
| မင်းမိဖုရား | ၇ |
| မင်းမှူး | ၁၂ |
| မင်းရဲဘွဲ့ | ၄၄ |
| မင်းရဲမင်းလှရာဇာ | ၄၄ |
| မင်းရဲရာဇာ | ၄၄ |
| မင်းရဲသီရိရာဇကျော် | ၄၄ |
| မင်းရဲသီဟကျော် | ၄၄ |
| မင်းသား | ၁၁ |
| မင်းသားကြီးနေရာ-၁၈ | ၁၈ |
| မင်းသားလတ်နေရာ-၁၈ | ၁၈ |
| မင်းသုံးဆင့်တပ်ဘွဲ့ | ၂၆၉ |
| မတိုး | ၁၀၈ |
| မန်ကျည်းမှည့် | ၂၆၅-၆ |
| မန္တလေးမြို့တည် အုတ်ဖုတ် အမှုထမ်းအသေးစိတ် | ၁၂၁-၂ |
| မန္တလေးမြို့တည်ရာ၌ ကုန်ကျသည့် အုတ်အရေအတွက် အသေးစိတ် | ၁၂၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မနောလင်ပန်း | ၁၈ |
| မနောဟာရထီးဖြူတော် | ၂၃၀ |
| မယား | ၂၄၁ |
| မရမ်းအမှုထမ်း | ၁၆၇ |
| မရမ်းအမှုထမ်းတို့လစာ | ၁၆၇ |
| မရိုးစစ် မီးသွေး | ၂၆၅ |
| မဟာဒါန်စာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၆ |
| မဟာဒါန်ဝန် | ၁၁၄ |
| မဟာဒါန်ဝန်၏ တာဝန်များ | ၁၁၄-၆ |
| မဟာဒါန်ဝန်ခန့် အမိန့်တော် ပြန်တမ်း | ၁၁၅ |
| မဟာဓမ္မရာဇာ | ၄၄ |
| မဟာဘိသိက် | ၂၇၁ |
| မဟာဘွဲ့ | ၂၆၉ |
| မဟာမင်းထင်ပညာသီရိ သခ်ယာ | ၃၁ |
| မဟာမင်းလှ မင်းထင်စည်သူ | ၃၁ |
| မဟာသီရိဓမ္မရာဇာ | ၄၄ |
| မဟေသီဘိသိက် | ၂၇၁ |
| မိဖုရားအနိမ့်အမြင့် အဆင့် အတန်း | ၂၂၈-၉ |
| မိဖုရားခေါင်ကြီး | ၆ |
| မိဘုရား | ၆ |
| မိဘုရားကြီး | ၅ |

အက္ခရာစဉ် — စာမျက်နှာ

[ မ ]


မိဘုရားစော ၇
မိဘုရားနှင့် မိဖုရားအဆိုးအဖြတ် ၆
မိဘုရားမြတ် ၇
မီးစက်ကိုင် အမှုထမ်း ၁၈၂
မီးစက်ကိုင် အမှုထမ်းတို့လစာ ၁၈၂
မီးရှူးမြင် အခမ်းအနား ၂၂၉-၂၃၈
မီးရှူးမြင်တော်မူသည်ဆိုရာ၌ မှတ်သားဖွယ် ၂၂၈-၉
မီးရှူးမြင်နောက် ခု-နစ်ရက် မြောက်၌ မင်းပွဲသဘင် ဆင်ယင်ပုံ ၂၃၃
မီးသွေးတိုက် ၁၅၇
မုဆိုးပို့, မုဆိုးဗိုလ်, မုဆိုးဘို အက္ခရာမှန်, မှား စိစစ်ချက် ၂၄၆-၇
မုတ္တမမြို့ဝန် ၁၃၂
မုတ္တမမြို့ဝန်၏ တာဝန်များ ၁၃၃-၄
မုတ္တမမြို့ဝန်ခန့် အမိန့်တော် ပြန်တမ်း ၁၃၂
မုတ်လှ ၂၂
မေးထောက်တော် ၁၆
မောင်ကျော်လှနှင့် မောင်ဉာဏ်ကျယ် ၁၅၈
မောင်မောင် ၂၄၄
မောင်းခတ် ၁၅၈
မောင်းခတ်အမှုထမ်းတို့လစာ ၁၅၈


အက္ခရာစဉ် — စာမျက်နှာ

[ မ ]


မောင်းမ ၂၄၀
မိုးကဲ့သို့ ကျင့်ခြင်း ၅
မိုးနဲ့ဗိုလ်မှူးဝန်ကြီး ၁၃၈
မိုးနဲ့ဗိုလ်မှူးဝန်ကြီး၏ တာဝန်များ ၁၃၉-၁၄၀
မိုးနဲ့ဗိုလ်မှူးဝန်ကြီးခန့် အမိန့်တော်ပြန်တမ်း ၁၃၈-၁၄၀
မျက်နှာတော်ပြ မင်္ဂလာပြု လုပ်ချိန် ၂၃၂
မျောက်ရွှေ ၁၇
မြယောဉ်မင်္ဂလာ ၂၃၅
မြက်ပို့အမှုထမ်းတို့လစာ ၁၈၆
မြင်းအမှုထမ်းအမျိုးမျိုး ၁၉၇၊၂၀၃
မြင်းစာရေးအခန့်ခံ လူများနှင့် အချိန်ကာလ ၂၂၆-၇
မြင်းစီးနည်း မြင်းရေး ၃၇ ၁၂၉
မြင်းစီးလွှတ် ကျားကြီးတို့ အမှတ်အသား ၁၉၈
မြင်းစီးလွှတ် ကျားငယ်တို့ အမှတ်အသား ၁၉၈
မြင်းစုကြီးမြင်း ၁၁
မြင်းစုကြီး မြန်မာမြင်းမှုထမ်းနှင့် လစာ ၂၀၀
မြင်းစုကြီး ရှမ်းမြင်းအမှုထမ်းနှင့် လစာ, အမှတ်အသား ၂၀၀-၁
မြင်းစုကြီးဝန် ၁၂၉

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မြင်းစုကြီးဝန်၏ တာဝန်များ | ၁၃၀ |
| မြင်းစုကြီးဝန်ခန့် အမိန့်တော် ပြန်တမ်း | ၁၂၉ |
| မြင်းတိုင်အမှုထမ်း | ၂၀၃ |
| မြင်းမှူးမင်းသားနေရာ-၁၈ | ၁၁ |
| မြင်းမွေးအမှုထမ်း | ၂၀၃ |
| မြင်းယာဉ်တော် | ၁၆ |
| မြဆိုင်း | ၁၆ |
| မြနန်းစံကျော် | ၂၅၄ |
| မြနန်းဘုံစံ | ၂၅၃ |
| မြန်မာခေါ်ဝေါ်ခြင်း မှတ်သားဖွယ် | ၂၅၆-၈ |
| မြန်မာဇာတ်ကြီး | ၁၄၉ |
| မြန်မာဇာတ်ကြီးအမှုထမ်းတို့ ခံစားခွင့် | ၁၅၀ |
| မြန်မာဘုရင်မင်းအရေအတွက် | ၂၂၇ |
| မြန်မာဘုရင်မင်းဆက်ပြတ်ရာ အချိန်ကာလ | ၂၂၇ |
| မြန်မာမင်းတို့လက်ထက် တံဆိပ်ရ တိုက်အုပ်, တိုက်ကြပ် ဆရာ တော်တို့ကို ရှင် လူ ရဟန်းတို့ ကြောက်ရွံ့ရပုံ အဖြစ်တခု | ၁၆၅-၇ |
| မြန်မာသံတော်ခံ | ၁၇၊၅၇ |
| မြပုခက် ယောဉ်တင်မင်္ဂလာ ပြုလုပ်ချိန် | ၂၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မြိတ်ရစ်,မြိတ်ခံ (အဆင်တန်းဆာ) | ၁၈ |
| မြို့မှူတရားစကား | ၆၉ |
| မြို့မှူများဆိုင်ရာ မှတ်သားဖွယ် | ၆၉ |
| မြို့သရိ | ၅၃ |
| မြူတာတော် | ၁၆ |
| မြေကွဲ့သို့ ကျင့်ခြင်း | ၄ |
| မြေစိုက်ထိုးအမှတ်အသားပုံစံ | ၂၂၁ |
| မြေတိုင် | ၈၉ |
| မြေတိုင်းစာရေး | ၆၀ |
| မြေစွန်းဝန် | ၁၂၈ |
| မြေခွန်ဝန် မခန့်တော့သော အချိန် | ၁၂၈ ၉ |
| မြေနန်းဝန် | ၁၂၅ |
| မြေမှုဆိုင်ရာ မှတ်သားဖွယ် | ၇၀ |
| မြေလပ်ဝန် | ၁၂၃ |
| မြောက်အိမ်တော် | ၂၄၃ |
| မြောက်စမုတ်လက်စွဲ | ၃၆ |
| မြောက်စမုတ်လက်စွဲတို့လစာ | ၃၆ |
| မြောက် ၁၅၀-အစုအမှုထမ်းနှင့် အမှတ် အသား,လစာ | ၂၁၀ |
| မြောက်ဒဝယ် | ၂၀၈ |
| မြောက်ဒဝယ်အစု အမှုထမ်းနှင့် အမှတ်အသား,လစာ | ၂၀၉-၂၁၀ |
| မြောက်ဒဝယ် အမှုထမ်း ငရွှဲအကြောင်း | ၆၈ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ မ ]** | |
| မြောက်နန်းတော်မိဘုရား | ၇ |
| မြောက်ဘိကျပ် | ၃၅ |
| မြောက်မာရဘင် အစု အမှုထမ်းနှင့်အမှတ် အသား,လစာ | ၂၁၁ |
| မြောက်မြို့, တောင်မြို့ဆိုင်ရာ မှတ်စု | ၁၉၉ |
| မြောက်သားတော် | ၂၄၁ |
| မြို့ကွပ် | ၆၄ |
| မြို့စာရေး | ၆၅ |
| မြို့စား | ၁၃ |
| မြို့စား,ရွာစားပေးပုံ | ၂၇၀ |
| မြို့ဝန် | ၁၃၊၆၂ |
| မြို့ဝန်ခန့် အမိန့်တော်ပြန်တမ်း | ၆၃ |
| မှန်နန်းအချိုတော် | ၄၁ |
| မှန်းဆင်မ | ၁၀၇ |
| မှိန်းသစ်ဆင်တော် | ၁၉၂ |
| မှူးစု | ၁၃ |
| မှူးတော်, မတ်တော်တို့ အိမ် အခေါ်အဝေါ် | ၂၄၄ |
| မှူးတော်,မတ်တော်များကို ဘွဲ့ပေးပုံအတန်းအဆင့် | ၂၆၈ ၉ |
| မြွေသမားတော် | ၃၉ |
| မြွေသမားတော်တို့လစာ | ၄၀ |
| **[ ယ ]** | |
| ယက်ကန်းစက်ရုံ | ၁၇၈ |
| ယက်ကန်းစက်ရုံဆိုင်ရာ မှတ်သားဖွယ် | ၁၇၈ |
| ယက်ကန်းစက်ရုံတော်စောင့် အမှုထမ်းတို့လစာ | ၁၇၈ |
| ယပ်မား | ၁၅၅ |
| ယပ်မားတော် | ၁၇ |
| ယပ်မားတော် အမှုထမ်းတို့ လစာ | ၁၅၅ |
| ယမ်းပြန် ယမ်းထောင်း | ၁၅၈ |
| ယမ်းပြန်ယမ်းထောင်း အမှုထမ်းတို့လစာ | ၁၅၈ |
| ယမမင်းကဲ့သို့ကျင့်ခြင်း | ၄ |
| ယမြား | ၈၈ |
| ယရည်း | ၁၈၈ |
| ယရည်းမှူး | ၁၈၈ |
| ယရည်းမှူး ကျုံးစောင့် အမှုထမ်းတို့လစာ | ၁၈၈ |
| ယာဘက်နေရာ-၂၂၅ | ၂၁ |
| ယာဘက်နေရာတော်-၅၆ | ၂၃ |
| ယာလှည့်ခေါင်း | ၃၁ |
| ယိုးဒယားဇာတ်ကြီး | ၁၅၀ |
| ယိုးဒယားဇာတ်တော်ကြီး အမှုထမ်းတို့ ခံစားခွင့် | ၁၅၀ |
| ယွန်းစုအမှုထမ်းနှင့် အမှတ် အသား, လစာ | ၂၁၉ |

အက္ခရာစဉ် — စာမျက်နှာ

[ ယ-ရ ]


ယွန်းစုဝန် ၁၁၄
ရတနာ ကတင် ၁၆
ရတနာထမ်းစင်မှူး ၁၄၃
ရတနာပုံ ဒုတိယနန်းစံမင်း လက်ထက် မြင်းတပ်, မြင်းစီးရေ အရေအတွက် ၁၂၉
ရတနာပုံမြို့တော်ဆိုင်ရာ မှတ်သားဖွယ် ၂၅၄-၆
ရတနာပူရနှင့် ရတနာပုရ အက္ခရာမှန်,မှားစိစစ်ချက် ၂၄၅-၆
ရတနာလှေကားတော်မှူး ၁၄၃
ရတနာသိဿ(မြို့) ၂၄၀-၂၅၂
ရဘနာသိဿ မှန်ကြောင်း ပြဆိုချက် ၂၅၂-၃
ရန်ကြီးအောင်မြို့ ၂၄၇
ရန်ပုံခွင်းအမြောက်ဆိုင်ရာ မှတ်သားဖွယ် ၂၀၃-၆
ရဝိန္ဒုဒဿနမင်္ဂလာ ၂၃၅
ရသာဟင်းမျိုး ၁၀-ပါး ၂၃၃
ရာဇဂုဏ်ရှစ်ပါး ၃
ရာဇဒဏ်ရှစ်ပါး သရုပ်နှင့် အကျယ် ၂၅၉၊၂၆၁
ရာဇပလ္လင်တော်ရှိ တဆယ့်နှစ် နေရာ အမျိုးအမည် ၁၆၀
ရာဇဘိသိက် ၂၅၀
ရာဇမတ် ၈၈


အက္ခရာစဉ် — စာမျက်နှာ

[ ရ ]


ရာဇသတ်ဥပဒေ မရှိခြင်း အကြောင်း ၂၅၀
ရာထူးအလိုက် နေရာခင်းပုံ ၂၁၊၂၄
ရေကင်း,ကြည့်ကင်းများ ၇၀
ရေကြည်တော် ၁၄၇
ရေကြည်တော် အမှုထမ်းတို့ လစာ ၁၄၇
ရေကြည်ဝန် ၁၂၂
ရေနံ ၂၆၆
ရဲညွန့်လူတော် ၃၀
ရဲညွန့်လူတော်တို့လစာ ၃၀
ရဲဘက်မြင်း ၁၁၊၁၉၀
ရဲဘက်မြင်းအမှုထမ်းတို့ လစာနှင့်အမှတ်အသား ၂၀၀
ရဲဘက်မြင်းဆိုင်ရာ ရွှေဘိုမင်းဖွဲ့ မှတ်သားဖွယ်ရာများ ၁၉၀-၉
ရုပ်ကြီး,ရုပ်သေး ၁၄၉
ရုပ်စုံမဟာစင်တော်ကြီး ၁၅၇
ရုပ်စုံမဟာစင်တော်ကြီး အမှုထမ်းတို့လစာ ၁၅၇
ရိုး ၄၅-၆
ရိုးဆော် ၅၉
ရှစ်ထောင့်ကွမ်းခွက် ၁၆
ရှမ်းမြင်း ၁၁
ရှမ်းသံတော်ခံ ၁၇၊၅၇
ရှူဘွယ် ၃၇-ကျမ်း ၃၄

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရွှေတော်ပြေး | ၂၂၂ |
| ရွှေတော်ပြေးအမှုထမ်း | ၁၄၀ |
| ရွှေတော်ပြေးအမှုထမ်းတို့ ခံစားခွင့် | ၁၄၀ |
| ရွှေတော်ပြေးမှူး | ၁၉၊၁၄၂ |
| ရွှေနေ့,ရွှေရပ် | ၇၃ |
| ရွှေရုံးအရာရှိများ | ၆၂ |
| ရွှေဝင်းအမှုထမ်းနှင့် အမှတ်အသား, လစာ | ၂၂၀ |
| ရွှေဝင်းမှူး | ၇၆ |
| ရွှေသွယ် | ၂၃ |
| ရွှေသွယ်နေရာတော်နေတို့ကို သနားတော်မူသည့် အမိန့်တော် | ၂၀ |
| ရွှေသွယ်နေရာတော်နေတို့ဆိုင်ရာ ဆုလာဘ်တော် အမျိုးအမည်များ | ၂၀-၉ |
| ရွှေးမြန်မာမင်းတို့ ကောက်ခံသော အခွန်အမျိုးမျိုး | ၂၆၁-၂ |
| ရွှေးဆက် | ၁၉၁ |
| ရွှေးဆင်တော် | ၁၀၆ |
| ရွှေးတော်ယူတံခါး | ၁၀၊၁၉၁ |
| ရွှေးလက်ယာသေနတ်အစု အမှုထမ်းနှင့်အမှတ်အသား, လစာ | ၂၁၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရွှေးလက်ဝဲသေနတ်အစုအမှုထမ်း နှင့်အမှတ်အသား,လစာ | ၂၁၃-၄ |
| ရွှေကိုယ်တော်ကြီးဘုရား | ၂၄၄ |
| ရွှေကွန်ခြာအုပ် | ၁၆ |
| ရွှေချည်ထိုး | ၁၅၄၊၂၂၂ |
| ရွှေချည်ထိုးအမှုထမ်းတို့လစာ | ၁၅၅ |
| ရွှေဇာယက် | ၁၆၂ |
| ရွှေဇာယက်အမှုထမ်းတို့လစာ | ၁၆၂ |
| ရွှေတောင်ဘွဲ့ | ၂၆၉ |
| ရွှေတောင်လက်ယာ ဧယျကျော် | ၁၇၊၁၉ |
| ရွှေတိုက် | ၁၅၆ |
| ရွှေတိုက်အရေးရှိများ | ၇၃ |
| ရွှေတိုက်ကြပ် | ၇၅ |
| ရွှေတိုက်စာရေး အခန့်ခံလူနှင့် အချိန်ကာလ | ၂၂၄ |
| ရွှေတိုက်ဆောင် အမှုထမ်းတို့ လစာ | ၁၅၆ |
| ရွှေတိုက်စိုး | ၇၅ |
| ရွှေတိုက်ဆောင်တော် | ၁၄ |
| ရွှေတိုက်ဆိုင်ရာ အမှုထမ်းများ | ၇၃ |
| ရွှေတိုက်ဆိုင်ရာ မှတ်သားဖွယ် | ၇၅ |
| ရွှေတိုက်လက်သမား | ၁၄၅ |
| ရွှေတိုက်လက်သမားလစာ | ၁၄၅ |
| ရွှေတိုက်ပန် | ၁၉၊၇၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရွှေတိုက်ဝန်ခန့် အမိန့်တော် ပြန်တမ်း | ၇၄ |
| ရွှေတိုက်ဝန်လုပ်ဆောင်ဖွယ် တာဝန်များ | ၇၄၊၅ |
| ရွှေထားစည် | ၁၆ |
| ရွှေနန်းရိုး လမိုင်းဝန် | ၈၀ |
| ရွှေနားခံတော်ကြီး ခေါ်ခြင်း အကြောင်း | ၅၃ |
| ရွှေပန်းထိမ်အမှုထမ်း | ၁၆၉ |
| ရွှေပန်းထိမ်အမှုထမ်းတို့လစာ | ၁၇၀ |
| ရွှေပန်းထိမ်အမှုထမ်းတို့ လုပ်ဆောင်ဖွယ် အမျိုးမျိုး | ၁၆၉၊၁၇၀ |
| ရွှေပန်းပန် အစုအမှုထမ်းနှင့် အမှတ်အသား,လစာ | ၂၁၇ |
| ရွှေပိုမြို့, ရွှေဘိုမြို့ | ၂၄၇-၈ |
| ရွှေပြည်စိုး | ၆၅ |
| ရွှေပြည်မှန်ကင်းအစု အမှုးထမ်းနှင့် အမှတ် အသား, လစာ | ၂၁၁-၂ |
| ရွှေပြည်ရန်အောင်မြင်း အမှုထမ်းနှင့် အမှတ် အသား,လစာ | ၂၀၀ |
| ရွှေပြည်သေနတ်စုံအမှုထမ်းနှင့် အမှတ်အသား,လစာ | ၂၁၆ |
| ရွှေဖလား | ၁၈ |
| ရွှေဘိုမြို့တည်ပုံ မှတ်သားဖွယ် | ၂၄၈-၂၅၀ |
| ရွှေမျက်ပါး | ၂၂၂ |
| ရွှေလှံသေနတ်အစုအမှုထမ်းနှင့် အမှတ်အသား လစာ | ၂၁၅ |
| ရွှေလွန်အမှုထမ်း | ၁၈၆ |
| ရွှေလွန်အမှုထမ်းတို့လစာ | ၁၈၆ |
| ရွှေလွန်ကျစ် သားရေ ခုနစ်မျိုး | ၁၈၆ |
| **[ လ ]** | |
| လကဲ့သို့ကျင့်ခြင်း | ၃ |
| လက်စွဲကလေး | ၃၅ |
| လက်စွဲကလေးတို့လစာ | ၃၅ |
| လက်စွဲကြီး | ၃၅ |
| လက်စွဲကြီးတို့လစာ | ၃၅ |
| လက်ဆောင်စာရေး | ၁၇၊၅၈ |
| လက်ဆောင်တော်ဆက်သပုံ | ၁၉ |
| လက်ဆောင်တော်သိမ်း | ၂၃ |
| လက်ဆောင်ယူ | ၁၅၃ |
| လက်ဆောင်ယူ အမှုထမ်းတို့ လစာ | ၁၅၃ |
| လက်ဆောင်ယူတိုက်စိုး | ၆၀ |
| လက်ဆောင်ယူတိုက် သမုတ် ရာဌာန | ၆၀ |
| လက်ဆောင်ယူမှူး | ၁၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ လ ]

လက်တင်ကြာကွမ်းခွက်တော် ၁၆
လက်နက်အမျိုးအမည်များ ၁၁၂
လက်နက်စကြာသခင် တွင်ရာအစ ၂၀၆
လက်နက်တိုက်အမှုထမ်း ၁၇၁
လက်နက်တိုက် အမှုထမ်းတို့ လစာ ၁၇၁
လက်နက်တိုက်ဝန် ၁၁၂
လက်ယာကြောင်းသေနတ် နှစ်ဆယ့်သုံး သွေးသောက် တပ် အမှုထမ်းနှင့် အမှတ် အသား,လစာ ၂၁၅
လက်ယာနေရာကွက်·၉ ၁၁
လက်ယာမင်းခမ်းတော် ၁၆
လက်ယာလှေကားတော် ၄၅
လက်ယာဝင်း အမှုထမ်းနှင့် အမှတ်အသား,လစာ ၂၂၀
လက်ရအမှုထမ်း ၁၇၄
လက်ရအမှုထမ်းတို့လစာ ၁၇၄
လက်ဝဲကြောင်းသေနတ် သုံးဆယ့်သုံး သွေးသောက် တပ် အမှုထမ်းနှင့် အမှတ် အသား, လစာ ၂၁၄-၅
လက်ဝဲနေရာကွက်·၉ ၁၁
လက်ဝဲမင်းခမ်းတော် ၁၆
လက်ဝဲလှေကားတော် ၄၅

[ လ ]

လက်ဝဲဝင်းအမှုထမ်းနှင့် အမှတ်အသား,လစာ ၂၂၀
လက်ဝဲသုန္ဒရ မဲဇာအပို့ခံရခြင်း အကြောင်း ၂၉၈
လက်သုံးတော် ၅၄
လက်သုံးတော်ကလေး ၃၁
လက်သုံးတော်ကြီးကိုင် ၃၀
လင်မယားကွာမှုတရားစကား ၇၀
လင်းဇင်းသေနတ်စုံအမှုထမ်း နှင့် အမှတ်အသား,လစာ ၂၁၇
လဘက်ဘိုး ၁၈
လဘက်ရည်တော် ၁၄၊၃၂
လမိုင်းအစုသားတို့ ပေးဆောင် ဖွယ် ၈၁
လမိုင်းအမည်အမျိုးမျိုး ၈၁
လမိုင်းအမှုထမ်း အိမ်ထောင်ရေး စည်းကမ်း ၈၁
လမိုင်းမြင်းမှုထမ်းနှင့် လစာ, အမှတ်အသား ၂၀၂
လမိုင်းလယ် ၂ ရပ် ၈၀
လမိုင်းဝန် ၈၁
လယ်ဝန်စာရေးအခန့်ခံလူနှင့် အချိန်ကာလ ၂၂၅
လေကွဲသို့ ကျင့်ခြင်း ၃
လေးကျွန်းအောင်မြေ ၂၅၄
လေးဆယ်တော် ၃၂

အက္ခရာစဉ် စာမျက်နှာ

[ လ ]

လေးဆယ်တော်,
ငါးဆယ်တော်တို့ လစာ ၃၃
လဲ ၂၆၅
လှေအစု အမှုထမ်း ၁၀၄
လှေအစု အမှုထမ်းတို့လစာ ၁၀၅
လှေကားတော် ၁၅၃
လှေကားတော်အမှုထမ်းတို့
လစာ ၁၅၃
လှေခုတ်လက်သမား ၁၀၄
လှေခုတ်လက်သမားတို့လစာ ၁၀၄
လှေသင်းစာရေးအခန့်ခံလူနှင့်
အချိန်ကာလ ၂၂၃
လှော်လှေ, လှော်ကား ၁၀၄
လုံကိုင် ၁၀၉
လှိုင်းတက်မြို့ ၁၉၃
လျှပ်စစ်မီးစက်ရုံအမှုထမ်း ၁၀၁
လျှပ်စစ်မီးစက်ရုံအမှုထမ်းတို့
လစာ ၁၀၁
လျှော် ၂၆၄
လွှစက်ရုံ ၁၇၅
လွှစက်ရုံအမှုထမ်းတို့လစာ ၁၇၅
လွှတ် ၄၅-၆
လွှတ်စီရင်ချက်၌ မှတ်သားဖွယ် ၇၁
လွှတ်စေအမှုထမ်းတို့လစာ ၁၅၂
လွှတ်စေ ၄-တန်း ၁၅၂
လွှတ်စောင့် ၁၅၂

အက္ခရာစဉ် စာမျက်နှာ

[ လ ]

လွှတ်စောင့်အမှုထမ်းတို့လစာ ၁၅၂
လွှတ်တော် ၄၄
လွှတ်တော်ခေါ် ဝေါ် ခြင်း
အကြောင်း ၄၅
လွှတ်တော်တည်ရှိရာဌာန ၄၄
လွှတ်တော်ဝန်ကြီးများတာဝန် ၄၆-၇

[ ဝ ]

ဝင့်သီး ၁၆၁
ဝင်စည်စုအမှုထမ်းနှင့်
အမှတ်အသား, လစာ ၂၁၇
ဝင်စည်တော် ၁၄၉
ဝင်မောင်း ၁၀၇
ဝင်းကောင်ဟန် ၁၁၃
ဝင်းဆင် ၁၉၂
ဝင်းဆင်တော် ၁၀၆
ဝင်းတော်သစ်တပ် ၁၁၃
ဝင်းမှူးအပြား ၇၆
ဝင်းမှူးခန့်အမိန့်တော်ပြန်တမ်း ၇၆-၇
ဝင်းမှူးတို့ လုပ်ဆောင်ဖွယ် ၇၆-၇
ဝတ်မိုးဝတ်မြေ လှူတော်မူရာ
ပါ ကျောင်းဘုရား-၂၄ ၁၁၆
ဝတ်မြေဝန် ၁၁၆
ဝတ်လုံ ၁၇
ဝန်ကြီးခန့်အမိန့်တော်ပြန်တမ်း ၄၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝန်ကြီးမင်းခေါင် ခေါ်ခြင်း အကြောင်း | ၄၆-၇ |
| ဝန်ကြီးမင်း ပြန်တမ်းကြီးခံ | ၄၆ |
| ဝန်စု | ၁၃ |
| ဝန်စုမှူးစုများ | ၇၆ |
| ဝန်ထောက်ခန့် အမိန့်တော် ပြန်တမ်း | ၄၈ |
| ဝန်ထောက်ပြန်တမ်းကြီးခံ | ၄၈ |
| ဝန်ထောက်မယား | ၂၅ |
| ဝန်ထောက်မင်းခေါ်ဝေါ်ခြင်း အကြောင်း | ၄၈ |
| ဝန်ရည်ဆင်တော် | ၁၉၂ |
| ဝါကျွတ်ကန်တော့ခံ | ၁၅ |
| ဝါစာပေယျ | ၃ |
| ဝါဝင်ကန်တော့ခံ | ၁၅ |
| ဝါးပန်းသုံး | ၂၀၅ |
| ဝိဇယာဘိသိက် | ၂၇၁ |
| ဝိဝါဟာဘိသိက် | ၂၇၁ |
| ဝိသကြုံ | ၁၆ |
| ဝဲဘက်နေရာ ၂၂၆ | ၂၀ |
| ဝဲဘက်နေရာတော်-၅၆ | ၂၃ |
| ဝဲလှည့်ခေါင်း | ၃၁ |
| ဝေါ၏ အမည်ထူးများ | ၅၃ |
| ဝေါ်ကြီးမှူး | ၅၃ |
| ဝေါစာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ-သ ]** | |
| ဝေါစီးရသူနှင့် ထမ်းစင်စီးရသူ | ၅၄ |
| ဝေါနှင့် ထမ်းစင်အထူး | ၅၃-၄ |
| သကလာဘိသိက် | ၂၇၁ |
| သက်တော်စောင့် | ၁၄ |
| သက္ကဒါန်တင် | ၁၆ |
| သက္ကဒါန်လှေကားတော် | ၁၇ |
| သကြားစက်ရုံ | ၁၇၅ |
| သကြားစက်ရုံစောင့် အမှုထမ်းတို့ လစာ | ၁၇၅ |
| သင်္ဂဟတရား လေးပါး | ၁ |
| သင်္ဘောအမည် အမျိုးမျိုး | ၁၈၃ |
| သင်္ဘောစက်ရုံ | ၁၇၅ |
| သင်္ဘောစက်ရုံအမှုထမ်းတို့ လစာ | ၁၇၅ |
| သင်္ဘောစာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၃ |
| သင်္ဘောစုအမှုထမ်း | ၁၈၃ |
| သင်္ဘောစုအမှုထမ်းတို့လစာ | ၁၈၄ |
| သင်္ဘောတော်စီး | ၁၈၄ |
| သင်းမှူး | ၈၉ |
| သင်္ဘောစာရေးအခန့်ခံလူနှင့် အချိန်ကာလ | ၂၂၄ |
| သစ်တောထွက်ပစ္စည်းအမျိုး အမည်များ | ၁၁၉ |
| သစ်တောဝန် | ၁၁၉ |
| သစ်ပွတ် | ၁၅၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သစ်ပွတ်အမှုထမ်းတို့လစာ | ၁၅၉ |
| သစ်သားအပြစ်ကိုးမျိုး | ၁၆၃ |
| သဇိဝ | ၁၄ |
| သတ်စုံရေးပုံ | ၅၅ |
| သတိုးကျော် | ၄၄ |
| သတိုးဘွဲ့ | ၄၄၊ ၂၆၉ |
| သတိုးမင်းရဲကျော်စွာ | ၄၄ |
| သတိုးမင်းရဲနရာ | ၄၄ |
| သတိုးမင်းရဲမင်းလှ | ၄၄ |
| သတိုးမင်းရဲမင်းလှစည်သူ | ၄၄ |
| သတိုးမင်းရဲသီဟ | ၄၄ |
| သတိုးမင်းလှငယ် | ၄၄ |
| သန့်စင်တော်ဆက် | ၁၆၃ |
| သန္ဒွေး | ၂၃၀ |
| သန်လျက်တော် | ၁၆ |
| သမ္ဗန်အစုအမှုထမ်း | ၁၇၄ |
| သမ္ဗန်အစုအမှုထမ်းတို့လစာ | ၁၇၄ |
| သမန္တပါမောဇ္ဇကျမ်း | ၃၄ |
| သမ္မာပါသ | ၂ |
| သမားတော် | ၃၇ |
| သမားတော်တို့လစာ | ၃၉ |
| သမုဒ္ဒဇာ | ၁၆ |
| သမုဒ္ဒရာကဲ့သို့ကျင့်ခြင်း | ၄ |
| သမ္မုတိ | ၁၆ |
| သရပတ်အမှုထမ်း | ၁၇၄ |
| သရပတ်အမှုထမ်းတို့လစာ | ၁၇၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သဿမေဓ | ၂ |
| သားတော် | ၁၁ |
| သားတော်,သမီးတော်များကို ဘွဲ့ပေးခြင်း | ၂၆၉၊ ၂၇၀ |
| သားတော်,သမီးတော်များကို မြို့စားရွာစားပေးခြင်း | ၂၆၉ |
| သားပေါက်ကိုးမျိုးသရုပ် | ၁၅၉ |
| သားပေါက်နှင့်သပေါက် | ၁၅၉ |
| သားပေါက်မသား | ၁၆၂ |
| သားမြီးယပ်တော် | ၁၆ |
| သိကြားမင်းကဲ့သို့ကျင့်ခြင်း | ၃ |
| သီရိဒေဝဗလသွေးသောက် | ၃၂ |
| သီရိပဝရမဟာရာဇိန္ဒာ မင်္ဂလာ ရတနာဒေဝီ | ၄၃ |
| သီရိပဝေသနဘိသိက် | ၂၇၁ |
| သီရိမြတ်စွာမဟေ | ၄၃ |
| သီရိဝတီ | ၄၃ |
| သီရိသုမြတ်စွာ | ၄၃ |
| သီဟသူရ မဟာဓမ္မရာဇာ | ၄၃ |
| သုကေသာ | ၄၃ |
| သုဇာတ | ၉-၁၀ |
| သုရာဇမဂ္ဂဒီပနီကျမ်း | ၃၄ |
| သုသီရိမဟာဓမ္မရာဇာ | ၄၄ |
| သူငယ်တော် | ၁၅၄ |
| သူငယ်တော် အမှုထမ်းတို့လစာ | ၁၅၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သူငယ်တော် အမှုထမ်း ပေါ်လာချိန် | ၁၅၄ |
| သူရင်း | ၂၂၂ |
| သူရိယ | ၁၆ |
| သူရဲအစု သေနတ်စု အမှုထမ်းနှင့် အမှတ်အသား လစာ | ၂၁၇ |
| သူရဲကြီးတပ် | ၁၆ |
| သူရဲကြီးမှူး | ၁၄၃ |
| သူရဲတုတ်ရဲ အစု အမှုထမ်းနှင့် အမှတ်အသား လစာ | ၂၁၇ |
| သေနတ်လုပ်စက်ရုံ | ၁၇၉ |
| သေနတ်လုပ်စက်ရုံတော်စောင့် အမှုထမ်းတို့လစာ | ၁၈၀ |
| သေနတ်လုပ်ဆိုင်ရာ မှတ်သားဖွယ်များ | ၁၇၉ |
| သံချက်ဝန် | ၁၁၄ |
| သံစက်ရုံ | ၁၇၅ |
| သံတော်ဆင့် | ၁၃-၆၂ |
| သံပျင် | ၈၉ |
| သံလျင်မြို့ နားခံ၏ တာဝန်များ | ၁၃၆-၇ |
| သံလျင်မြို့ နားခံခန့်အမိန့်တော် ပြန်တမ်း | ၁၃၆-၇ |
| သံလျင်မြို့ ရေဝန် | ၁၃၄ |
| သံလျင်မြို့ ရေဝန်၏ တာဝန်များ | ၁၃၄-၆ |
| သံလျင်မြို့ ရေဝန်ခန့် အမိန့်တော် ပြန်တမ်း | ၁၃၄-၆ |
| သံဝေဂဝတ္ထုဒီပနီကျမ်း | ၃၄ |
| သောက်ရေတပ်တော် | ၁၆ |
| သိုရင်းအင်္ကျီ | ၂၂ |
| သွေးသောက်စု ဖွဲ့တော်မူခြင်း | ၂၂၈ |
| သွေးသောက်လတ် မြင်းမှုထမ်းနှင့် လစာ အမှတ်အသား | ၂၀၁ |
| သျှန္တိဂါထာ | ၁၉ |
| **[ ဟ ]** | |
| ဟင်းခါးရေလုံပွဲ | ၂၃၃ |
| ဟန် | ၁၉၃ |
| ဟန်လင်းစည် | ၁၆ |
| ဟော် | ၂၄၄ |
| ဟိုင်း | ၁၉၃ |
| ဟိုင်းတက်မြို့ | ၁၉၃ |
| ဟိုင်း, ဟန်, တည်ဆင်များ အထူး | ၁၁၂ |


မှတ်သားဖွယ် အက္ခရာစဉ်အညွှန်း ပြီးပြီ။

# ရွှေနန်းသုံး ဝေါဟာရအဘိဓာန်
## အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၉ | ၁၇ | တခါးနီ | တံခါးနီ |
| ၂၃ | ၁၇ | ရင်းသမီး | မင်းသမီး |
| ၂၆ | ၁၁ | ကုလားပန်ထုပြောက် | ကုလားပန်းထုပြောက် |
| ၂၇ | ၁၇ | ပိန်းနဲဆူးထပ် | ပိန်းနဲဆူးတပ် |
| ၂၇ | ၂၀ | ထဘီးဖဲစပ် | ထဘီဖဲစပ် |
| ၄၉ | ၁၂ | အချက်ချက်များကိုလည်း | အချက်များကိုလည်း |
| ၅၀ | ၁၅ | အသည်းဝန်က | အသည်ဝန်က |
| ၁၁၀ | ၇ | ဓနက်ပလာဆင်ဝင်၏ | ဓနက်ပလာဆင်ဝန်၏ |
| ၁၂၇ | ၂၁၊၂၂ | သော့ကိုင်း | သော့ကိုင် |
| ၁၄၁ | ၂၀ | နည်းကပ်လျှင် | နီးကပ်လျှင် |
| ၁၄၅ | ၁၃ | အိမ်ဖန် | အိပ်ဖန် |
| ၂၀၁ | ၂၂ | သွေးသောက်လပ်မြင်း | သွေးသောက်လတ်မြင်း |

ပ-ပ-သ-ရ—၅၀၁—၁၂-၁၂-၇၅—၂၀၀၀။

# အလိမ္မာ စာမှာရှိသည်

## လူတော်လူကောင်းဖြစ်အောင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

## ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
## ရိုက်နှိပ်ပြီး ပျို့ လင်္ကာကျမ်းများ

၁။ ဆုတောင်းခန်းပျို့
၂။ ပါရမီတော်ခန်းပျို့
၃။ နေမိငရဲခန်းပျို့
၄။ နေမိဘုံခန်းပျို့
၅။ စတုဓမ္မသာရကိုးခန်းပျို့
၆။ ဘူရိဒတ်ပျို့
၇။ ပါရမီတော်ခန်းပျို့အဖြေ
ပါရမီဋီကာ (ရိုက်ဆဲ)

---

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကြီး**

အတွဲ ၁-၂-၃-၅-၆-၇-၈-၉-၁၀ ထွက်ပြီ
ကျန်အတွဲများ ဆက်ထွက်မည်

---

## မဟာဗုဒ္ဓဝင် ၆ တွဲ ၈-အုပ် အပြည့်အစုံထွက်ပြီ